# In the Miso soup

Ryu Murakami

# မစ်ဆိုဟင်းချို

သင့်လို

# About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန်ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

**မူပိုင်ခွင့်ချိုးဖောက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။**

**အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။**

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

**ကံ့ကော်ဝတ်ရည်စာပေ**

အမှတ်-၂၂၊ မဟာဇေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈၊ ၀၉- ၇၃၀၄၁၁၃၇၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

www.facebook.com/KantKawWutYeePublishing

တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| **ထုတ်ဝေသူ** | ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄) ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| **ပထမအကြိမ်** | ဇွန်လ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| **အုပ်ရေ** | ၁၀၀၀ |
| **မျက်နှာဖုံးပုံနှိပ်နှင့်အတွင်းပုံနှိပ်** | အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅၅) အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)။ အမှတ်-၁၁၊ ၅ဖ-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ |
| **မျက်နှာဖုံး** | ဇော်မောင် |
| **တန်ဖိုး** | ၃၂၀၀ |

# In the Miso soup

**Ryu Murakami**

# မီဆိုဟင်းချို

သင့်လူ

# (၁)

ကျွန်တော့်နာမည် ခန်းဂျီး...

အင်္ဂလိပ်လို မိုင် နမ်း အစ်စ် ခန်းဂျီး လို့ တစ်ခွန်းတည်းပြောတဲ့ ဒီစကားကိုပဲ ဂျပန်လို ပြောတော့ ဘာဖြစ်လို့များ အမျိုးမျိုး ပြောလို့ရနေပါလိမ့်လို့ ကျွန်တော် တွေးနေမိတယ်။ ခပ်ကြမ်းကြမ်းပြောရင် အိုရီ နိုနာ ဝါ ခန်းဂျီး ဒါ၊ ယဉ်ယဉ်ကျေးကျေး ပြောရင် ဝါတာရှိဝါ ခန်းဂျီးတို မိုရှိမတ်စု၊ ရိုးရိုးတမ်းတမ်း ပြောရင် ဘိုကူ ဝါ ခန်းဂျီး၊ ခြောက်တောက်တောက် ကောင်တွေ ပြောရင် အတာရှိ ခန်းဂျီး တဲ့ အူ နို ယို တဲ့လေ။

“အိုး... ခင်ဗျားက ခန်းဂျီးကိုး”

အဝလွန်နေတဲ့ အမေရိကန် တိုးရစ်ဟာ ကျွန်တော့်ကို မြင်ရတာ အင်မတန် နှစ်ထောင်းအားရ ဖြစ်သလိုမျိုး လှိုက်လှိုက်လဲလဲကြီး ပြောတယ်။

“တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ”

ကျွန်တော် သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်တယ်။ တွေ့ကြတဲ့နေရာက ရှီဘူး ရှင်ဂျုကု ဘူတာနားက ဟိုတယ်လေး တစ်ခုမှာပါ။ နိုင်ငံခြားမှာဆိုရင်တော့ ကြယ်နှစ်ပွင့်ခွဲလောက် သတ်မှတ်မဲ့ အဆင့်အတန်းမျိုးပေါ့။ ဒါဟာ ဖရန့်ခ်နဲ့ ကျွန်တော် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းပေါ့။ တစ်သက်မမေ့မယ့် အချိန်အခိုက်အတန့်လေးပါပဲ။

ကျွန်တော်က အသက်နှစ်ဆယ် ပြည့်ခါစ။ ကျွန်တော့် အင်္ဂလိပ်စာက ပြီးပြည့်စုံတယ် ဆိုတဲ့ အဆင့်နဲ့ အလှမ်းဝေးလှပေမယ့်လို့ ကျွန်တော့် အလုပ်ကတော့ နိုင်ငံခြားသား တိုးရစ်တွေကို ဂိုက်လုပ်တာ။ ညပျော်များရဲ့ ဂိုက် ဆိုပါတော့။ လိင်ခရီးသွားခြင်းလို့ ခေါ်ချင်ခေါ်၊ အဲဒီကိစ္စအတွက် ကျွန်တော်က ဧည့်လမ်းညွှန် လုပ်ရတာ။ ဒါကြောင့် အင်္ဂလိပ်စကားကို ရေပက်မဝင် ပြောနိုင်ဖို့ မလို။ “အဓိက က အဓိက” ပဲ မဟုတ်လား။ အေအိုင်ဒီအက်စ် ရောဂါ ခေတ်စားပျံ့နှံ့လာပြီးတဲ့ နောက်ပိုင်းမှာ ဂျပန်က မီးနီလမ်းကြား လုပ်ငန်းများဟာ နိုင်ငံခြားသားတွေကို ဖက်လဲတကင်း လက်ကမ်းကြုံဆိုဖို့ လက်တွန့်နေကြတယ်။ ကလပ်တော်တော်များများက ဂိုင်ဂျင် နိုင်ငံခြားသားတွေကို

ဝန်ဆောင်မှုပေးဖို့ ငြင်းပယ်ကြတယ်။ ဒါပေမဲ့လည်း နိုင်ငံခြားသား ဧည့်သည်တွေကတော့ အဲဒီဝန်ဆောင်မှုကို မရရအောင်ယူဖို့ စိတ်အားထက်သန် ကြတယ်လေ။ အဲဒီတော့ ကျွန်တော့်လို ညဧည့်လမ်းညွှန်တွေ လိုတာပေါ့။ အဆန်းအပြား ဖျော်ဖြေမှုတွေ၊ အနှိပ်ခန်းတွေ၊ လိင်ဖျော်ဖြေရေး သီးသန့်ဘားခန်းတွေ၊ ဆပ်ပြာကမ္ဘာ ဝန်ဆောင်မှုတွေဆီကို ဒုတ်ဒုတ်ထိရောက်အောင် သူတို့ကို လမ်းပြပို့ဆောင် ပေးစေချင်ကြတယ်လေ။ ကျွန်တော်က ကုမ္ပဏီဝန်ထမ်း မဟုတ်ပါဘူး။ ကိုယ်ပိုင်ရုံးခန်းနဲ့ အလုပ်လုပ်ဖို့ ရုံးခန်းလည်း မရှိဘူး။ အင်္ဂလိပ်ဘာသာနဲ့ ထုတ်တဲ့ တိုးရစ်မဂ္ဂဇင်းမှာ ကြော်ငြာလေး သေးသေး ထည့်တယ်။ ငှားချင်တဲ့ ဧည့်သည်နဲ့ တိုက်ရိုက် ဖုန်းနဲ့ ချိတ်ဆက်တယ်။ ဒါပေမဲ့ ဒီဝင်ငွေနဲ့ပဲ မီဂူရှိမှာ စတူဒီယို အပတ်မန့် တိုက်ခန်း ငှားနိုင်တယ်။ ရည်းစားကို ကိုရီးယားဘာဘီကြူး အသားကင် ကျွေးနိုင်တယ်။ နားထောင်ချင်တဲ့ ဂီတ၊ ဖက်ချင်တဲ့ စာအုပ် စိတ်တိုင်းကျ ဝယ်နိုင်တယ်။ အဲ... ရှီဇူအိုကာ စီရင်စုမှာ အထည်ဆိုင်လေး ဖွင့်ထားတဲ့ ကျွန်တော့် မားသားကြီးကတော့ ကျွန်တော့်ကို တိုက္ကျိမှာ ကောလိပ်တက်ဖို့ ပြင်ဆင်နေတယ်လို့ ထင်နေရှာတယ် ဆိုတာ ထည့်ပြောထားဖို့ လိုမယ်ထင်တယ်။ ကျွန်တော် ၁၄ နှစ်သားမှာ အဖေဆုံးပြီးကည်းက အမေဟာ ကျွန်တော့်ကို သူ့တစ်ယောက်တည်း အင်အားနဲ့ ပြုစုပျိုးထောင် လာခဲ့တာ။ အထက်တန်းကျောင်းတုန်းက ကျွန်တော့် အပေါင်းအသင်းတွေဟာ အမေကို ပါးပိတ်ရိုက်ပစ်ဖို့ ဝန်မလေးဘူး၊ သူတို့တွေလိုမျိုး အမေ့ကို စိတ်ညစ်အောင် ကျွန်တော် မလုပ်ချင်ပေမယ့် ကောလိပ်သွားဖို့တော့ ကျွန်တော့်မှာ အစီအစဉ်မရှိ။ သိပ္ပံဘွဲ့အတွက် ကျွန်တော့်မှာ သိပ္ပံနဲ့ သခ်ၤာအခြေခံ အင်မတန် ချူချာသလို ဝိဇ္ဇာဘွဲ့အတွက် ကျပြန်တော့လည်း ရုံးခန်းကျယ်ကြီးထဲ အခန်းကျဉ်းလေး ကန့်ပေးထားသလိုပဲ။ ကျွန်တော့်အတွက် အဆင်မပြေဘူး။ ကျနော့်အိပ်မက်ကို ပြောပါဆိုရင်တော့ ငွေလေး အတော်အသင့် စုမိရင် အမေရိကား သွားဖို့ပဲဗျ။

※

“ခန်းဂျီး ခရီးသွား လုပ်ငန်းကလား၊ ကျုပ်နာမည်က ဖရန့်ခ်၊ အမေရိကန် ပြည်ထောင်စုက လာတဲ့ တိုးရစ်ပါ”

မနှစ်က ဒီဇင်ဘာ ၂၉ ရက်နေ့ မနက်၊ သတင်းစာထဲပါတဲ့ အထက်တန်းကျောင်းသူလေး အသတ်ခံရခြင်း သတင်းကို ကျွန်တော် ဖတ်နေတုန်း ဖုန်းဝင်လာတာ။ သတင်းဆောင်းပါး အရတော့ အလောင်းကို ရှင်ဂျကု

ကာဘူကီ-ချို ရပ်ကွက် လူရှင်းတဲ့ လမ်းကြားတစ်ခုထဲက အမှိုက်ပုံးထဲမှာ လက်တွေ ခြေတွေ ခေါင်းတွေ တစ်စစီ ခုတ်ဖြတ်ပြီး ပစ်ထားသတဲ့။ အသတ်ခံရတဲ့ စော်က အဲဒီဒေသတစ်ဝိုက်မှာရှိတဲ့ အချစ်ဟိုတယ်တွေမှာ လူသိများတဲ့ အထက်တန်းကျောင်းသူ ဖာပေါက်စ အုပ်စုထဲက တစ်ယောက်ဆိုပဲ။ မျက်မြင်သက်သေဆိုလို့ တစ်ယောက်မှ ပေါ်မလာသေးတဲ့အတွက် စုံစမ်းစစ်ဆေးမှုတွေ ကလည်း တယ်ခရီးရောက်ပုံတော့ မရဘူး။ သတင်းဆောင်းပါးကတော့ သားကောင်ဖြစ်ရရှာတဲ့ ကလေးမကို သနားစဖွယ်ဖြစ်အောင် တင်ဆက်ထားတာပါပဲ။ ဒါပေမဲ့ ဒီအမှုဟာ ခုခေတ် လူငယ် ကောင်မလေးတွေကြားမှာ ရေပန်းစားတဲ့ အလျော်အစားပေးပြီး ဒိတ်လုပ်ခြင်း အမည်ရှိသော စကားလုံးနောက်ကွယ်က ဖြစ်နိုင်ဖွယ်ရှိတဲ့ ကြောက်ဖွယ် ကိစ္စတွေကို လူငယ်တွေ နားလည်အောင် မီးမောင်းထိုးပြလိုက် သလိုမျိုးပဲလို့ ရေးထားတယ်။ ခုဆို အဲဒီ ကလေးမ အုပ်စုတွေ ကြောက်ချေးပန်း နေလောက်ပြီ ထင်ပါရဲ့။

“ဟိုင်း ဖရန့်ခ်”

သတင်းစာကို စားပွဲပေါ် ပစ်တင်ရင်း ဖုန်း ပြန်ဖြေလိုက်တယ်။

“ကျွန်တော် ဘာများ ဆောင်ရွက်ပေးရမလဲ ခင်ဗျ”

“ဒီမဂ္ဂဇင်းထဲမှာ ကျုပ် ခင်ဗျားရဲ့ ကြော်ငြာကို တွေ့လို့ ခင်ဗျားကို ငှားချင်လို့ပါ”

“တိုကျို ပန်းနုရောင် လမ်းညွှန်လား”

“အင်း... ဘယ်လိုသိတာလဲ”

“ကျွန်တော် အဲဒီ မဂ္ဂဇင်း တစ်မျိုးတည်းမှာပဲ ကြော်ငြာထည့်တာ”

“အဟား ဟုတ်ပြီလေ၊ ဒီညကစပြီး သုံးည ငှားချင်တယ်”

“ဒါနဲ့ ခင်ဗျားက တစ်ယောက်တည်းလား၊ အုပ်စုနဲ့လား ဖရန့်ခ်”

“တစ်ယောက်တည်းပါ၊ ဘာပြဿနာရှိလို့လဲ”

“မရှိပါဘူး၊ တစ်ယောက်တည်းဆိုရင် နည်းနည်း ဈေးမြင့်လို့ပါ၊ ညနေခြောက်နာရီကနေ ကိုးနာရီထိဆို ယန်းတစ်သောင်း၊ ကိုးနာရီကနေ သန်းခေါင်ထိဆို ယန်းနှစ်သောင်း၊ သန်းခေါင်ကျော်လို့ တစ်နာရီ ပိုတိုင်း ယန်းတစ်သောင်း

ကျပါမယ်။ အခွန် မပါပါဘူး၊ ကျွန်တော်တို့ သွားလို့ စားတာသောက်တာနဲ့ တခြား ကုန်ကျစရိတ်တွေအတွက် လူကြီးမင်းက ရှင်းရပါမယ်”

“ရတယ်လေ၊ ကိုးနာရီကနေ သန်းခေါင်ထိ လိုချင်တယ်။ ဒီည စချင်တာ နော်။ သုံးညအတွက်”

သုံးညဆိုတော့ နှစ်သစ်ကူးညပါ ပါသွားမှာပေါ့။ ပြဿနာလေး တစ်ခု တော့ ရှိနေတယ်။ ကျွန်တော့်စော်လေး ဇွန်ကို ဘယ်လိုလုပ်မလဲ။ ဇွန်က အထက်တန်းကျောင်းသူ။ အဲ... ဖာပေါက်စ မဟုတ်ဘူးနော်။ မဟုတ်ဘူး။ ခရစ္စမတ်ညကို သူနဲ့တူတူ ဖြတ်သန်းပါ့မယ်ဆိုတဲ့ ကတိကို ကျွန်တော် ပျက်ခဲ့ပြီးပြီ။ အဲဒီကိစ္စကို သူ တင်းနေတယ်။ ဒါကြောင့် ကျွန်တော် သူ့ကို အသေအချာ ပြောထားတယ်။ နှစ်သစ်ကူးညမှာတော့ နှစ်ယောက်တည်းကမ္ဘာ ဖြစ်အောင် လုပ်မယ်လို့ပေါ့။ ဇွန်ဟာ တကယ်တင်းပြီဆိုရင် ချော့ရ အင်မတန် ခက်တဲ့ ဟာမလေး။ ဒါပေမဲ့ ကျွန်တော် ခုအလုပ်ကို လိုချင်နေပြီ။ ဒီအလုပ်ကို နှစ်နှစ်လောက် လုပ်ခဲ့ပြီးပေမယ့် မှန်းထားသလောက်လည်း လုံးလုံးခဲခဲက မစုမိသေးဘူး။ ဒါနဲ့ ဖရန့်ခ်ကို အိုကေလို့ ပြောလိုက်တယ်။ နှစ်သစ်ကူးညမှာတော့ အကြောင်းတခုခုပြပြီး စောစောလစ်ထွက်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြောလိုက်မိတယ်။

“ကျွန်တော် ဟိုတယ်ကို ကိုးနာရီထိုးဖို့ ဆယ်မိနစ်အလိုမှာ အရောက် လာခဲ့ပါ့မယ်”

ဖရန့်ခ်က ဟိုတယ်လော်ဘီက ကဖေးဆိုင်ထဲမှာ ကျွန်တော့်ကို ဘီယာ တစ်လုံး သောက်ရင်း စောင့်နေတယ်။ သူ့ကိုယ်သူ ညွှန်းဆိုထားတာတော့ တုတ်တုတ်ခိုင်ခိုင်၊ အက်ဒ်ဟဲရစ်နဲ့ ခပ်ဆင်ဆင် လူဖြူတဲ့။ ငွေငန်းလေးတွေပုံနဲ့ လည်စည်းကို စည်းထားမတဲ့။ သူက အဲဒီလို ကြိုတင်မှာလိုက်ပေမယ့် ကဖေးဆိုင်ထဲမှာ လူဖြူ ဆိုလို့ သူ့တစ်ယောက်တည်း ရှိတာကို။ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်၊ လက်ဆွဲနှုတ်ဆက်ပြီး သူ့ကို မသိမသာ အကဲခတ်ကြည့်မိတယ်။ ဘယ်ထောင့်က ကြည့်ကြည့် ဘယ်နေရာမှ အက်ဒ်ဟဲရစ်နဲ့ တူတာ မတွေ့ပေါင်။

“ကဲ... ခုပဲ စကြတော့မလား”

ဖရန့်ခ်က ခရီးရောက်မဆိုက် မေးတယ်။

“ခင်ဗျား သဘောပါ၊ ဒါပေမဲ့ မေးစရာရှိရင် ခုမေးဖို့ အချိန်ကောင်းပဲ ခင်ဗျ၊ မဂ္ဂဇင်းထဲမှာ တိုက်ဖျို ညမင်းသားဘဝနဲ့ ပတ်သက်လို့ ခင်ဗျား သိသင့်တာ အားလုံး ပြောထားမှာ မဟုတ်ဘူး”

“အိုး... ဒီစကားကို သဘောကျသကွာ”

“ဟင်... ဘာလဲ”

“တိုက်ဖျို ညမင်းသားဘဝ- အဲဒီစကားလုံးကိုက စိတ်လှုပ်ရှားစရာ ကောင်းတာ၊ မဟုတ်ဘူးလား”

ဖရန့်ခ်ကို ကြည့်ရတာ အက်ဒ်ဟဲရစ် သရုပ်ဆောင်တတ်တဲ့ စစ်သားတို့၊ အာကာသယာဉ်မှူးတို့ ပုံသဏ္ဌာန်မျိုး မမြင်ဘူးဗျ။ စတေဉ ပွဲစားလိုလို ပုံမျိုးပဲ မြင်တယ်။ တကယ့် စတေဉပွဲစားက ဘယ်လိုပုံမျိုး ဆိုတာတေဉ ကျွန်တော် မသိပါဘူး။ ဆိုလိုတာက ဖရန့်ခ်ဟာ သရုပ်ဖော်ကြည့်လို့ မရတဲ့ ပုံသဏ္ဌာန်မျိုး ဆိုတာကိုပါ။

“မင်း အသက်ဘယ်လောက်လဲ ခန်းဂျီး”

ဖရန့်ခ်က ကျွန်တော် သူ့ထက် အများကြီး ငယ်တာကို သိပုံပဲ။ လေသံက တရင်းတနှီး ဖြစ်လာတယ်။

“နှစ်ဆယ်ပါ”

“အိုး... အင်းလေ၊ ဂျပန်တွေဟာ ရှိရင်း အသက်ထက် အများကြီး နုတယ်လို့ ပြောကြတယ်။ ခု မင်းကတေဉ ငါမှန်းတဲ့အတိုင်း ကွက်တိပါပဲ”

လျှော့စျေးနဲ့ရောင်းတဲ့ ဆင်ခြေဖုံး ဆိုင်တစ်ဆိုင်ကနေ အနောက်တိုင်း ဝတ်စုံ နှစ်စုံဝယ်ထားပြီး နောက်ပိုင်း အလုပ်လုပ်တိုင်း တစ်စုံ မဟုတ် တစ်စုံ ဝတ်လေ့ ရှိတယ်။ ဆောင်းတွင်းဆိုရင်တေဉ အပေါ် ကုတ်အင်္ကျီကြီးနဲ့ မာဖလာလည်း ပါတာပေါ့။ ကျွန်တော့်ဆံပင်က သူလိုကိုယ်လိုပါပဲ။ ချွတ်ဆေးနဲ့ ချွတ်ထားတာ၊ အပေါက်အပြောက်တွေ ဆိုးထားတာမျိုး ဘာမှ မလုပ်ထားဘူး။ လိင်ဖျော်ဖြေရေး ကလပ်တွေဟာ သိပ်အမြင်ဆန်းတဲ့ လူတွေနဲ့ ပတ်သက်လို့ စိုးရိမ်စိတ် ကြီးတတ်ကြတယ်။

“ခင်ဗျား အသက်ကော ဖရန့်ခ်”

“သုံးဆယ့်ငါးနှစ်ပါ”

သူက ပြောပြီး ပြုံးလိုက်တယ်။ ကျွန်တော် သူ့မျက်နှာကို ပထမဆုံး အကြိမ်အဖြစ် စေ့စေ့စပ်စပ် ကြည့်မိတယ်။ အင်မတန် ထူးဆန်းတဲ့ မျက်နှာမျိုး ပါပဲ။ မျက်နှာကြည့်ပြီး အသက်ခန့်မှန်းဖို့ မလွယ်တဲ့ မျက်နှာမျိုး။ ဘယ်ထောင့်က ကြည့်လဲ ဆိုတာပေါ် မူတည်ပြီး တစ်ခါတလေ အသက်နှစ်ဆယ်လောက်၊ နောက်တစ်ခါကျတော့ လေးဆယ်ကျော် ငါးဆယ်လောက်လို့ ထင်မိစေတဲ့ မျက်နှာ။ ခုဆို ကျွန်တော် ဧည့်သည် နှစ်ရာကျော်လောက်နဲ့ ထိတွေ့ဆက်ဆံ အလုပ်လုပ်ခဲ့ပြီးပြီ။ အများစုက အမေရိကန်တွေပါ။ ခုလို မျက်နှာမျိုးတော့ တစ်ခါမှ မမြင်ဖူးဘူး။ ဘယ်နေရာက ဒီလောက် ထူးဆန်းနေတာလဲ ဆိုတာကို ဆက်ကြည့်မိတယ်။ အရေပြားဗျ။ သူ့အရေပြားက မီး အကြီးအကျယ် လောင်ထားလို့ ဆရာဝန်တွေက အရေပြားအစားထိုး ခွဲစိတ်ကုသမှု လုပ်ပေးထားတဲ့ ပုံမျိုးဖြစ်နေတာ။ ဘာဖြစ်လို့မှန်း မသိပေမယ့် ဒီအတွေးကြောင့် မနက်က သတင်းစာထဲ ဖတ်လိုက်ရတဲ့ လူသတ်မှုအကြောင်းကို သတိရလာမိတယ်။ ကျွန်တော် ကော်ဖီကို မွှေလိုက်တယ်။

“ဘယ်တုန်းက ဂျပန်ကို ရောက်တာလဲ ဖရန့်ခ်”

လွန်ခဲ့တဲ့ နှစ်ရက်ကလို့ ဖရန့်ခ်က ဖြေတယ်။ ဖရန့်ခ်ဟာ ဘီယာကို အလွန်အင်မတန် နှေးကွေးလေးလံတဲ့ နှုန်းနဲ့ သောက်နေတယ်။ ဖန်ခွက်ကို နှုတ်ခမ်းနဲ့တော့၊ အမြှုပ်တွေကို ချောင်းကြည့်နေသလို ခဏဆိုင်းပြီး ဘီယာ နည်းနည်းစုပ်၊ ဆေးခါးကြီးလို အတင်းမျိုချနေတယ်။ ကြည့်ရတာ ကပ်စေးကုပ်ကြီးလား မသိ။ ကျွန်တော့်ရဲ့ အမေရိကန် ဖောက်သည်တွေ လက်စွဲထားတဲ့ တိုကျိုလမ်းညွှန်ထဲက စာပိုဒ်တစ်ပိုဒ်တောင် သတိရမိသေးတယ်။

*ဟိုတယ် စားသောက်ဆိုင်များတွင် မည်သည့်အခါမှ မစားပါနှင့်။ လမ်းမှာ အသင့်စား အစားအသောက်ဆိုင်များ နေရာတိုင်း ရှိ၏။ ဘာဂါ တစ်လုံးလောက်ကို သင် ဘယ်နေရာကမဆို သက်သာချောင်ချိစွာ ဝယ်၍ ရနိုင်သည်။ ဟိုတယ် စားသောက်ဆိုင်တွင် တစ်စုံတစ်ယောက်နှင့် မတွေ့မဖြစ် တွေ့ရတော့မည်ဆိုလျှင် ဘီယာတစ်လုံးကို တစ်နာရီ နှစ်နာရီကြာ ဇိမ်ဆွဲသောက်ပါ။ ကော်ဖီသည် ဆံပင်မွေးထောင်ထစေမတတ် စျေးကြီးသဖြင့် ကော်ဖီမှာခြင်းကို ရှောင်ပါ။ သို့သော်လည်း တိုကျို့ ထိပ်တန်း ဟိုတယ်များ၏ နှာခေါင်းသွေးယိုစေလောက်သည့် စျေးနှုန်းများကို*

*လက်တွေ့ခံစားလိုသူများ အတွက် လတ်လတ်ဆတ်ဆတ် လိမ္မော်ရည်ကို မှာရန် အကြံပေးလိုသည်။ အအေးခန်းထဲ သိမ်းဆည်းထားသော ရက်လွန် လိမ္မော်သီးတစ်လုံးမှ ထွက်ပေါ် လာသော ထိုအရည်အတွက် အနည်းဆုံး ရှစ်ဒေါ်လာမှ ဆယ့်ငါးဒေါ်လာထိ ကျသင့်ပေလိမ့်မည်။ ထို လိမ္မော်ရည်ကို သောက်ရင်း ဂျပန်အစိုးရ၏ ကုန်ဈေးနှုန်း အခွန်အရသာ ကို ပျော်ပျော်ကြီး ခံစားလိုက်ပါ။*

"ဒါနဲ့ ဂျပန်ကို လာတာ အလုပ်ကိစ္စပဲလား"

"မှန်တယ်"

"ကိစ္စတွေ အဆင်ပြေရဲ့လား"

"ပြေတယ် ပြောရမှာပေါ့၊ ငါက အရှေ့တောင်အာရှကို တိုယိုတာ ရေဒီယေတာတွေ သွင်းတဲ့အလုပ်ကို လုပ်တာ၊ ဒီကိုလာပြီး သွင်းကုန်လိုင်စင် ဘာညာအတွက် အပြီးသတ် အလုပ်လေးတွေ လုပ်ရတယ်၊ အစကတည်းက အီးမေးလ်နဲ့ အသွားအပြန် အကြိမ်ကြိမ် ညှိထားလို့ တစ်ရက်တည်းနဲ့ ပြီးပါတယ်၊ သိပ်ကောင်းတယ် ပြောရမှာပေါ့"

သူပြောတာ မှန်တယ်လို့ မထင်ဘူး။ ဒီနေ့ ဒီဇင်ဘာ ၂၉ ဟာ ဂျပန်မှာ နှစ်တစ်နှစ်ရဲ့ နောက်ဆုံး အလုပ်ရက်ပဲ။ အမေရိကန်တွေကတော့ ခရစ္စမတ် မတိုင်ခင်ကတည်းက ဟောလီးဒေး သွားကြပြီလေ။ ဒီဟိုတယ်နဲ့ ဖရန့်ခ်ရဲ့ အဝတ်အစားတွေဟာ သူပြောသလို တိုယိုတာနဲ့ စာချုပ်ချုပ်မယ့် အဆင့်အတန်းနဲ့ တခြားစီပဲ။ ကျွန်တော့် အတွေ့အကြုံအရ ရှင်ဂျူကုကို လာကြတဲ့ တကယ့် စီးပွားရေးသမားတွေဟာ ပတ်ခ်ဟေးရက်၊ စင်ကြူရီ ဟေးရက်၊ ဟေလ်တန်နဲ့ ကိုင်အို ပလာဇာဆိုတဲ့ ထိပ်တန်း ဟိုတယ်လေးခုထဲက တစ်ခုခုမှာ နေတတ်တယ်။ သဘောတူ စာချုပ်ချုပ်ဆိုဖို့ဆိုရင် အဝတ်အစားကို အင်မတန် ဂရုစိုက်တတ်ကြတယ်။ ခု ဖရန့်ခ် ဝတ်ထားတဲ့ ဝတ်စုံကတော့ လျှော့ဈေးနဲ့ရလာတဲ့ ယန်း ၂၉၈၀၀ တန်၊ ကျွန်တော့် ဝတ်စုံထက်တောင် ဈေးပေါတဲ့ပုံပဲ။ အဝါနုနု အသားရောင် ဝတ်စုံဟာ သူနဲ့ ကျပ်လွန်းလို့ ဘောင်းဘီခွကြားက ဖြူန်းခနဲ ကွဲထွက်တော့မလို။

"သြော... ကောင်းပါတယ်၊ ဒါနဲ့ ဒီညာ ခင်ဗျား ဘာအလိုရှိတာလဲ"

“လိင်ကိစ္စပေါ့ကွ”

ဖရန့်ခ်က ပြောပြီး ရှက်ပြုံးပြုံးလိုက်တယ်။ ဒါပေမဲ့ အရင် အမေရိကန်ဖောက်သည်တွေ ရှက်ပြုံးပြုံးပုံနဲ့လည်း မတူပြန်ဘူး။ တစ်မျိုးပဲ။ ဘယ်လို အပြုံးကြီးမှန်း မသိဘူး။

အေးလေ။ ဘယ်တိုင်းပြည်က လာတဲ့ ဘယ်သူပဲဖြစ်ဖြစ်၊ ပြီးပြည့်စုံတဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ လူ ဆိုတာ ရှိလို့လား၊ လူတိုင်းမှာ ကောင်းတဲ့ဘက်နဲ့ မကောင်းတဲ့ဘက် ဆိုတာ ရှိစမြဲပဲ။ ဒါကို ဒီအလုပ် လုပ်ရင်း ပိုသိလာတယ်။ အမေရိကန်တွေနဲ့ ပတ်သက်လို့ ကောင်းတာ ပြောစမ်းပါဆိုရင် သူတို့ အားလုံးနီးပါး ပွင့်လင်းကြတယ်။ လိုချင်တာကို ရိုးရိုးသားသား ဖြောင်ပဲ ပြောတယ်။ မကောင်းတာကတော့ အမေရိကန်ပြည်ထောင်စုရဲ့ အပြင်ဘက်မှာ ကမ္ဘာလောကကြီး ဘယ်လို တည်ဆောက်ထားတယ်၊ အမေရိကန်တန်ဖိုး စံစနစ်နဲ့ မတူတဲ့ စံတန်ဖိုး စနစ်တွေ ရှိသေးတယ် ဆိုတာကို သူတို့ သိလည်း မသိဘူး၊ ဂရုလည်း မစိုက်ဘူး။ ဂျပန်တွေလည်း ဒီလို အကျင့်မျိုးရှိပေမယ့် အမေရိကန်ကတော့ အဆိုးဆုံး။ သူတို့ မှန်တယ်လို့ ထင်တာကို တခြားလူတွေကိုလည်း မှန်တယ် ထင်စေချင်တဲ့ ဟာမျိုးတွေ။ အမေရိကန် ဖောက်သည်တွေဟာ ကျွန်တော့်ကို ဆေးလိပ်ဖြတ်ဖို့၊ သူတို့နဲ့အတူတူ အပြေးလေ့ကျင့်ဖို့ ဇွတ်အတင်းပြောတာမျိုး တွေ့ဖူးတယ်။ တစ်နည်းအားဖြင့်တော့ ကလေးဆန်တယ်ပေါ့။ ဒါပေမဲ့ ကိုယ်ယုံကြည်တာကို ရိုးရိုးသားသားကြီးတဲ့ ပြောတာကို သူတို့ အပြုံးမှာ ပေါ်လွင်ထင်ရှားစွာ တွေ့ရတယ်။ မထီတရီ ပြုံးတတ်တဲ့ ရောဘတ် ဒီ နီရိုး၊ ကီဗင် ကောစနား၊ ဘရက်ပစ် တို့ဟာ အမေရိကန် ကိုယ်စားပြု အပြုံးလို့ တောင် ပြောလို့ရတယ်။ ခု ဖရန့်ခ် ပြုံးလိုက်ပုံကတော့ သူတို့နဲ့ တခြားစီ။ သူ ပြုံးလိုက်တဲ့အခါ အရေပြား အစားထိုးထားတယ် ထင်ရတဲ့ သူ့မျက်နှာဟာ တစ်မျက်နှာလုံး တွန့်တက် လိပ်တက်သွားပြီး ရုပ်ပျက်ဆင်းပျက်ကို ဖြစ်သွားတော့တာပဲ။

“တိုက္ကို ပန်းနုရောင် လမ်းညွှန်ကတော့ ယောကျ်ားတစ်ယောက်ဟာ သူလိုချင်တာ မှန်သမျှကို ဒီမှာ ရှာလို့ရတယ်လို့ ဆိုတယ်” ဖရန့်ခ်က ပြောလိုက်တယ်။

“မဂ္ဂဇင်းကို ပြောတာလား”

“စာအုပ်လည်း အတူတူပဲ”

တိုကျို ပန်းနုရောင် လမ်းညွှန်က မဂ္ဂဇင်းနဲ့ စာအုပ် နှစ်မျိုးရှိတယ်။ တိုကျိုပန်းနုရောင်လမ်းညွှန် စာအုပ်က စတီဖင် လန်း ဟော်နီ ကလီးမန်းစ် လို့ သူ့ကိုယ်သူခေါ်တဲ့ လူတစ်ယောက် ထုတ်တာ။ တိုကျို လိင်ဖျော်ဖြေရေး လုပ်ငန်းပေါင်းစုံအကြောင်းကို ဆွဲဆောင်မှုရှိရှိ ဖော်ပြထားတယ်။ စားပွဲထိုး မယ်လေးတွေနဲ့ ဘား၊ စားပွဲထိုးကောင်လေးတွေနဲ့ ဘား၊ ချောင်းကြည့်ရှိုး၊ ဖော်ချွတ်ကလပ်၊ အနှိပ်ခန်း၊ ဖုန်းဆက်ခေါ်လို့ရတဲ့ အပျော်မယ်၊ ဆန်းဆန်းပြားပြား လိင်ကလပ်၊ ဂေးနဲ့ လက်စဘီယန်ကလပ် အားလုံး အစုံပဲ။ တစ်ခုပဲ ရှိတယ်။ အဲဒီထဲက သတင်းအချက်အလက်တွေက ဒိတ်အောက်နေတာပဲ။ လိင်စီးပွားရေးလုပ်ငန်းဟာ အတက်အကျ သံသရာ သုံးလတစ်ခါလောက် ဖြစ်နေတဲ့ လုပ်ငန်းမျိုး။ လမ်းညွှန်စာအုပ်က တစ်နှစ် နှစ်ခါ ထုတ်တာဆိုတော့ စာအုပ်ထွက်တဲ့ အချိန် အထဲက သတင်းအချက်အလက်တွေက ဒိတ်အောက်ပြီးသား ဖြစ်နေပြီ။ တကယ်လို့သာ ဒီလမ်းညွှန်စာအုပ်တွေ၊ လမ်းညွှန်မဂ္ဂဇင်းတွေသာ လိင်စီးပွားရေးလုပ်ငန်း အားလုံးကို ပြည့်ပြည့်စုံစုံ အချိန်နဲ့တစ်ပြေးညီ ဖော်ပြနိုင်မယ်ဆိုရင် ကျွန်တော် အလုပ်လက်မဲ့ဖြစ်နေတာ ကြာလှပြီပေါ့။ ပီယာတို့၊ တိုကျို လမ်းလျှောက်သူတို့လို တစ်ပတ်တစ်ခါထုတ်တဲ့ ဂျပန် လိင်လမ်းညွှန်တွေဟာ ဂျပန်တွေအတွက်ပဲ။ ဘယ်တော့မှ အင်္ဂလိပ်လို မထုတ်ဘူး။ တခြားနိုင်ငံမှာတော့ မပြောတတ်ဘူး။ ဂျပန်မှာတော့ နိုင်ငံခြားသားအတွက် ပြီးပြည့်စုံတဲ့ လိင်လမ်းညွှန် စာအုပ်ဆိုတာ မရှိဘူး။ အခြေခံအားဖြင့် ဂျပန်ဟာ နိုင်ငံခြားသားတွေကို စိတ်မဝင်စားဘူး။ ဒါကြောင့်မို့ တစ်ခုခု ပြဿနာ ဖြစ်လာရင် တုံ့ပြန်မှုကတော့ နိုင်ငံခြားသား မဝင်ရရယ်လို့ပဲ အမြဲတမ်း လုပ်ပစ်တတ်တာပေါ့။ ဒါကို ကျွန်တော့်အနေနဲ့ စောဒက မတက်ပေါင်။ အဲဒီလိုမို့လို့ ကျွန်တော် အလုပ်လုပ်နေရတာလေ။ အိတ်ချ်အိုင်ဗွီ ပြဿနာ ပေါ်ပြီးနောက်ပိုင်း ဂျပန် လိင်ကလပ် အတော်များများက ဂိုင်ဂျင်ဆို ဆောရီးပဲလေ။

“ငါ အများကြီး ပျော်ချင်တယ်၊ နေရာစုံ သွားချင်တယ်၊ အကုန် လုပ်ချင်တယ်ကွ”

ဖရန့်ခ်က မကြည့်ဘဲ မနေနိုင်လောက်အောင် ထူးဆန်းတဲ့ အရေပြားတွန့်လိပ် ရုက်ပြုံးကြီး ပြုံးရင်း ပြောပြန်တယ်။

“ငါ ဖတ်ထားတဲ့ အတိုင်းဆို တိုကျိုက လိင်မှုကိစ္စပေါင်းစုံ ရောင်းတဲ့ အမည်စုံ ကုန်တိုက်ကြီးလို့ ဆိုပါလားကွ”

ဖရန့်ခ်ဟာ ကုလားထိုင်ဘေးမှာ ချထားတဲ့ သူ့ရဲ့ အညိုရင့်ရောင် ပခုံး လွယ်အိတ်ထဲက တိုကျို ပန်းနုရောင်လမ်းညွှန်ကို ထုတ်လိုက်တယ်။ စာမျက်နှာ နည်းနည်းပဲပါတဲ့ မဂ္ဂဇင်းပါ၊ အထူစား လမ်းညွှန်စာအုပ် မဟုတ်ဘူး။ ကြွေရောင်စက္ကူနဲ့ မျက်နှာဖုံးဓာတ်ပုံကတော့ အထဲမှာ သိချင်သမျှ အားလုံး ပါစေရမယ်လို့ အာမခံနေသလိုမျိုး။ ကျွန်တော့်ကြော်ငြာကို အဲဒီမဂ္ဂဇင်းမှာ ထည့်တာလေ။ ထုတ်ဝေသူက ယိုကိုယာမ တဲ့။ အရင် ရုပ်သံဌာနတစ်ခုက သတင်းဌာနမှာ လုပ်ခဲ့တဲ့လူ။ ကျွန်တော့်အပေါ် အတော်ကောင်းတဲ့ လူပါ။ သူ့မဂ္ဂဇင်းက အလုပ်သိပ်ဖြစ်ပုံ မရလှပေမယ့် ကျွန်တော့်ကြော်ငြာအတွက် ကြော်ငြာခကို သူ မယူဘူးတဲ့လေ။ ဂျပန်တွေအနေနဲ့ တခြားတိုင်းပြည်က လူတွေကို ဂျပန့် အကြောင်း သိသည်ထက်သိအောင် သတင်းအချက်အလက်တွေ မျှဝေဖို့လိုတယ်။ အဲဒီထဲကမှ နိုင်ငံတကာက တကယ်သိချင်တဲ့ သတင်းအချက်အလက်ဟာ အားကစားရယ်၊ ဂီတရယ်၊ လိင်ဖျော်ဖြေမှုရယ်ပဲတဲ့။ အဲဒီထဲကမှ လူတွေရဲ့ စိတ်နှလုံးထဲ ဒုတ်ဒုတ်ထိ ဝင်ရောက်နိုင်တဲ့ တစ်ခုတည်းသော ကိစ္စဟာ လိင်ကိစ္စပဲတဲ့။ ဒါကြောင့် သူ ကျားကုတ်ကျားခဲနဲ့ ဒီလမ်းညွှန် မဂ္ဂဇင်းကို ထုတ်နေတာတဲ့။ ပြောမယ့်သာ ပြောရတယ်။ သူကိုယ်တိုင်ကတော့ ညစ်တီးညစ်ပတ် လိင်ဆက်ဆံမှုမျိုးကို သဘောခွေ့တဲ့ ဘဲကြီးဗျ။

ဖရန့်ခ်က ဆက်ပြောတယ်။

“ဒီတိုင်းပြည်မှာက ဘယ်လို လိင်စိတ်ဆာလောင်မှုမျိုးကိုမဆို ဖြေဖျောက်ပေးဖို့ နည်းလမ်းတွေရှိတယ် မဟုတ်လား၊ ငါ ကာဘူကီ-ချို ကို သွားချင်တယ်ကွာ၊ မင်းမလာခင် ငါ တဏှာမြေပုံဆိုတာကို ကြည့်နေတာ။ အဲဒါ ဒီနားမှာပဲ မဟုတ်လား။ ကာဘူကီ-ချိုက လိင်ကလပ် အမှတ်အသားတွေကို ဒီမှာ ကြည့်စမ်းပါဦး၊ အန်ဒရိုမီဒါ ဂယ်လက်စီ ကြယ်စင်စုကြီး ကျနေတာပဲကွာ”

ပန်းနုရောင်လမ်းညွှန် မဂ္ဂဇင်းထဲမှာ ရှင်ဂျကုတင် မကဘူး- ရော့ပုန်းဂီရှီဘူယာ- ကင်ရှီချို- ယိုရှိဝါယာ- ယိုကိုယာမာ- ချီဘနဲ့ ကာဝါဆာကီက မြေပုံတွေ အထိပါတယ်။ ဒါပေမဲ့ ဖရန့်ခ် မှန်တယ်။ အားလုံးရဲ့ ထိပ်ခေါင်တင်ဟာ ကာဘူကီ-ချို ပဲ။ လိင်ဖျော်ဖြေရေး လုပ်ငန်းတွေကို နို့နှစ်လုံးပုံ သင်္ကေတနဲ့ မြေပုံပေါ်

ပြထားတာ ကိုမာ ကဇာတ်ရုံကနေ ကူယာကူရှိ လမ်းထိ နို့နှစ်လုံးပုံ သင်္ကေတတွေဟာ စပျစ်ပင်က စပျစ်သီးတွေ သီးနေသလိုပဲ။ ပြွတ်ခဲလို့။

“ငါတို့ ဘယ်ကို အရင်ဆုံးသွားသင့်လဲ ခန်းကျီး”

“ခင်ဗျားက အမျိုးစုံ စမ်းချင်တာလား”

“ဟုတ်တယ်”

“တကယ်လို့ ခင်ဗျား လိင်ဆက်ဆံချင်တာဆိုရင် ဒီမှာတင်ရတယ်”

ကျွန်တော် အသံကို နှိမ့်ပြီးပြောလိုက်တယ်။

“ဒီဟိုတယ်ကို စော်တွေ ခေါ်လို့ရတာပဲ။ ကာဘူကီ-ချိုက ကလပ်တွေ သွားရတာ ပျော်စရာကောင်းပေမယ့် စျေးအတော်ကြီးလိမ့်မယ်နော်”

ဟိုတယ် ကဖေးဆိုင်က အကြီးကြီးမဟုတ်ဘူး။ ပြီးတော့ ဖရန့်ခ် အသံက သိပ်ကျယ်တယ်။ ကျွန်တော်တို့ စကားပြောနေတုန်း စားပွဲထိုးတွေနဲ့ တခြားလူတွေက ငြူစူကြည့် ကြည့်ကြတာ သတိထားမိတယ်။ အင်္ဂလိပ်လို နားမလည်လည်း ကျွန်တော်တို့ ဘာအကြောင်း ပြောနေတယ်ဆိုတာ မှန်းဆကြည့်ရင် သိနိုင်တာပါပဲ။ ဒီကိစ္စကလွဲလို့ ဘာအကြောင်း ဖြစ်ရဦးမှာလဲ။

“အိုကေပါကွာ၊ ငွေက ပြဿနာ မဟုတ်ပါဘူး”

ဖရန့်ခ်က ခပ်ပေါ့ပေါ့ပဲ ပြန်ပြောတယ်လေ။

※

နှစ်သစ်ကူး ပိတ်ရက်က ကပ်နေပြီမို့ ကာဘူကီ-ချို တစ်ခွင် ပျားပန်းခပ်အောင် စည်ကားလွန်းနေတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေတုန်းကတော့ လိင်ဖျော်ဖြေမှု လုပ်ငန်းတွေဟာ သက်လတ်ပိုင်းအရွယ် လုပ်ငန်းရှင်တွေကို ပစ်မှတ်ထားပေမယ့် ခုတော့ ငယ်ငယ်ရွယ်ရွယ် ဖောက်သည်တွေလည်း အများကြီး ရှိလာပါပြီ။ ကောင်လေးတွေဟာ ဒါလေး လုပ်ရဖို့အရေး ရည်းစားသနံရှာရ၊ အတွဲ ရှာရနဲ့ ဒုက္ခမများချင်ပုံပဲ။ နိုင်ငံခြားမှာတော့ ဒီလိုကောင်မျိုးတွေဟာ ခြောက်သွားမလား မသိပေမယ့် ဂျပန်မှာတော့ လိင်ဖျော်ဖြေမှု လုပ်ငန်းကြီး ကျေးဇူးကြောင့် မခြောက်ကြဘူးဗျား။ စိုစိုပဲ။

ကာဘူကီ-ချိုရဲ့ နီယွန်မီး အလင်းရောင်တွေအောက်မှာ ဟိုနားတစ်ယောက်၊ ဒီနားတစ်ယောက် လမ်းပေါ် မတ်တတ်ရပ်နေကြတဲ့ စော်တွေဟာ ဖရန့်ခ် သတိထားမိအောင် ကြိုးစားနေကြရှာတယ်။ ဖရန့်ခ်က မိုက်တယ်ကွာ၊ မိုက်တယ်ကွာ ကျွန်တော့် ပခုံးကို ဘတ်ခနဲ ပုတ်လိုက်ပြီး ဟာ... နဲ့ လုပ်နေတယ်။ ရာသီဥတုက သေလောက်အောင် အေးပေမယ့် ဖရန့်ခ်က အပေါ်ကုတ်အင်္ကျီကြီးတောင် မပါဘူး။ ဝတ်စုံကျပ်ကျပ်လေးထဲက သူ့ ပုတုတ်တုတ် တောင့်တောင့် ခန္ဓာကိုယ်က အေးပုံမရဘူး ထင်တယ်။ ကာဘူကီချို့ လမ်းမထက်က လူအုပ်ထဲမှာ ဟန်မပျက် လမ်းသလားနေတယ်။

ကာဘူကီ-ချိုမှာ နိုင်ငံခြားသား လူမည်းအုပ်စုတစ်ခုဟာ နိုင်ငံခြားသူကချေသည်တွေနဲ့ ကလပ်အသစ်တစ်ခု ဖွင့်ထားတယ်။ လမ်းသွားလမ်းလာတွေကို သူတို့ ကြော်ငြာစာရွက်တွေ ဝေနေကြတယ်။

“ကမ္ဘာ့အဆင့် ဝတ်လစ်စလစ် အကအနုပညာကို တစ်ခါမှ မကြားဖူးတဲ့ စျေး၊ တစ်နာရီ ယန်း ၇၀၀၀ နဲ့ ကြည့်ခွင့်ရမယ့် အခွင့်အရေးကို လူကြီးမင်းတို့ ခုပဲ ရယူလိုက်ကြပါခင်ဗျာ” တဲ့။ ဂျပန်လို ပြောလိုက်တာများ မွှတ်နေတာပဲ။

ဖရန့်ခ်က လူမည်းတွေဆီက ကြော်ငြာစာရွက်ကို ယူဖို့ ကြိုးစားတယ်။ လူမည်းက သူ့ကို ဂရုမစိုက်ဘဲ ဖြတ်သွားတဲ့ ဂျပန်တစ်ယောက်ကို လက်ကမ်းကြော်ငြာ ဝေလိုက်တယ်။ တမင်လုပ်တာတော့ ဟုတ်ပုံ မရပါဘူး။ ဖရန့်ခ်က လူဖြူဖြစ်နေပြီး သူတို့လုပ်ငန်းက တိုးရစ်ငမွဲ့ လူဖြူတွေထက် ချမ်းသာတဲ့ ဂျပန်တွေကို ပစ်မှတ်ထားလို့ နေမှာပေါ့။ အဲဒီအချိန်မှာ ဖရန့်ခ်ရဲ့ အမူအရာဟာ ပြောင်းလဲသွားတယ်။ အဲဒီပြောင်းလဲမှုဟာ ခဏလေးပေမယ့် ကျွန်တော် မြင်ဖြစ်အောင် မြင်လိုက်တယ်။ အရေပြား အစားထိုးထားတဲ့ ပုံစံ ဖြစ်နေတဲ့ သူ့ပါးပြင်ပေါ်က အရေပြားဟာ အရစ်လိုက် အရစ်လိုက် တွန့်သွားတယ်။ မျက်လုံးတွေဟာ ပုံစံပြောင်းလာတယ်။ တစ်ယောက်ယောက်က မျက်လုံးနောက်က မီးလုံးတွေကို ဖွင့်လိုက်သလိုမျိုး လင်းခနဲ။ ဒါပေမဲ့ အခိုးအငွေ့ တစ်ခုခု ယှက်သန်းနေသလိုမျိုး၊ လူမည်းကတော့ မသိလိုက်ပါဘူး။ ဖရန့်ခ်ကို သူ လက်ကမ်းကြော်ငြာ ကမ်းပေးရင်း အင်္ဂလိပ်လို တစ်ခုခု ပြောလိုက်တယ်။ ကျွန်တော် သေချာမကြားလိုက်ဘူး။ ကချေသည်တွေဟာ အမေရိကန်က မဟုတ်ဘူး ဩစတြေးလီးယားနဲ့ တောင်အမေရိက,ကလို့ ပြောလိုက်တာ ထင်တယ်။ ဟာ... ဖ

ရန့်ခ်ရဲ့ မျက်နှာနဲ့ မျက်လုံးတွေ ပုံမှန်ပြန်ဖြစ်သွားပြီ။ ခဏလေးဆို တကယ့်ကို ခဏလေးပဲ။ ဒါပေမဲ့ အဲဒီ ခဏလေးကပဲ။

ဖရန့်ခ်က ကြော်ငြာစာရွက်ကို ကြည့်ရင်း လူမည်းကို ပြောနေတယ်။

“မင့် ဂျပန်စကားက မွှတ်နေတာပဲ၊ မင်း ဘယ်က လာတာလဲ”

နယူးယောက်က လာတာလို့ ဟိုလူမည်းက ပြောလိုက်တဲ့အခါ ဖရန့်ခ်ဟာ သူ့ကို တရင်းတနှီး ဖြစ်သွားတယ်။ ဟိုလူမည်းက လက်ကမ်းကြော်ငြာဆက်ဝေရင်း သူ့ကို စကားပြောနေတယ်။

“ဒီမှာလည်း အန်ဘီအေ လိုဟာမျိုး အမြဲကြည့်နေရပါတယ်။ မိုက်ကယ် ဂျော်ဒန်ဟာ နားရက် ဘယ်နားသွား ဂေါက်ရိုက်တယ်၊ အမှတ် ဘယ်လောက်ရတယ်ကအစ တီဗွီမှာ ပြတယ်လေ”

“ဟား... မင်းကတော့ကွာ”

ဖရန့်ခ်က လူမည်းကို ကျောပုတ်ရင်း ပြောလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် ထွက်လာတဲ့အခါ ဖရန့်ခ်က ကျွန်တော့်ကို ပခုံးဖက်ရင်း ခုနကကောင် မိုက်တယ်နော် ခန်းဂျီး၊ တစ်သန်းမှာ တစ်ယောက် တွေ့ရခဲတဲ့ လူမျိုးပဲ” လို့ ပြောလိုက်တယ်။ သူ့ကို နှစ်ချီပြီး သိလာသလိုလို လေသံက။

မျက်လုံးပုံကြီး တစ်ပုံ ဆွဲထားတဲ့ ဆိုင်းဘုတ်ရှေ့ ရောက်လာကြတယ်။

“ဟား... ဒါဘာလဲဆိုတာ ငါတောင် သိတယ်၊ ချောင်းကြည့်ရှိုး မဟုတ်လား”

ဒီဆိုင်တွေ ဘယ်လို အလုပ်လုပ်တယ် ဆိုတာ ကျွန်တော် သူ့ကို ရှင်းပြရတယ်။

“ခင်ဗျား တစ်ဖက်ပဲ မြင်ရတဲ့ မှန်ပါတဲ့ အခန်းလေး တစ်ခန်း ရမယ်။ အဲဒီထဲကနေ စော်တွေ အဝတ်ချွတ်နေတာကို ကြည့်ရမယ်။ အခန်းထဲမှာ အပေါက်လေးတစ်ပေါက် ပါတယ်။ သဘောတူညီချက်ရရင် ခင်ဗျား ပစ္စည်းကို အဲဒီအပေါက်လေးထဲ ထည့်လိုက်၊ ဟိုဘက်ကနေ သူတို့ ကိစ္စပြီးအောင် လုပ်ပေးလိမ့်မယ်။ ဒီဆိုင်တွေက ဟိုးအရင်ထဲက သိပ်ခေတ်စားတာ၊ မကြာသေးခင် အထိပေါ့”

“အော ခုခေတ်မစားတော့ဘူးလား၊ ဘာဖြစ်လို့လဲ”

“ဒီ ချောင်းကြည့်ရှူးတွေက ဖောက်သည် များများရအောင် စျေးပေါပေါနဲ့ လုပ်ကြတဲ့ အခါကျတော့ ကောင်မလေးတွေကို သိပ်မပေးနိုင်ဘူးလေ။ ပိုက်ဆံ သိပ်မရတော့ ငယ်ငယ်လှလှ ကောင်မလေးတွေက ထွက်ကုန်ရော၊ ငယ်ငယ် လှလှ ဖော်ချွတ်မယ်တွေ မရှိတော့ ဖောက်သည်က မလာတော့ဘူး၊ အဲဒီလို သံသရာလည်တာပေါ့”

“အဲဒါက ဘယ်လောက်တဲ့တုံး၊ ဆိုင်းဘုတ်မှာတော့ ယန်း ၃၀၀၀ တဲ့၊ ၂၅ ဒေါ်လာပေါ့နော၊ ၂၅ ဒေါ်လာနဲ့ ကြည့်လည်းကြည့်ရမယ်၊ လက်နဲ့ လုပ်ပေးတာ လည်း ရမယ်ဆိုတော့ တကယ် စျေးသက်သာတာပေါ့ ခန်းဂျီးရ”

“အဲဒီလိုတော့ မဟုတ်ဘူး၊ အဲဒါက ဝင်ကြေးသက်သက်ပဲ၊ လက်နဲ့ လုပ် ပေးစေချင်ရင် နောက်ထပ် ဒေါ်လာ ၂၀-၃၀ လောက် မုန့်ဖိုးထပ်ပေးရမှာ”

“ဒါလည်း မဆိုးပါဘူး၊ အဲဒီ ချွတ်ပြတဲ့ ကောင်မလေးပဲ လုပ်ပေးမှာ မဟုတ်လား”

“အဲဒါကို ခင်ဗျား မမြင်ရဘူးလေ၊ ကောလာဟလတွေ အရတော့ အဘွား ကြီးတွေ၊ အခြောက်ကောင်တွေကလည်း လုပ်ပေးသတဲ့၊ ဒါကြောင့်လည်း သိပ် ခေတ်မစားတော့တာပေါ့”

“ဒါဆို အထဲဝင်ကြည့်ဖို့ မကောင်းဘူးပေါ့”

“စျေးပေါတယ်၊ ပြီးတော့ ခင်ဗျားအဖို့ ဘာသာပြန်ပေးစရာလည်း မလိုတဲ့ အတွက် ခင်ဗျား ဝင်သွားမယ်ဆိုရင် ကျွန်တော် အပြင်က စောင့်ပြီး ကော်ဖီ သောက်နေခဲ့မယ်လေ”

ကျွန်တော်တို့ စကားပြောနေတုန်း အသစ်ဖွင့်ထားတဲ့ မလုံတလုံ ဆိုင် တွေက ရွှေကြိုတွေ ကျွန်တော်တို့နားမှာ ဝိုင်းလာကြတယ်။ ရွှေကြိုဆိုတာ လမ်းပေါ်က ဧည့်ကြို၊ ဖာဆွယ်တွေပေါ့ဗျ။ အများစုက အသစ်ဖွင့်တဲ့ ဆိုင်တွေ က ဆိုတော့ ကျွန်တော့်ကို မသိကြဘူး။ ရွှေကြို၀ါရင့်တွေကတော့ ကျွန်တော့် ကို မြင်တာနဲ့ သိကြပါတယ်။ ဒါပေမဲ့ လမ်းပေါ်မှာက ရွှေကြိုနှစ်ရာလောက် ရှိ တယ်။ ၈၀ ရာခိုင်နှုန်းလောက်က အသစ်တွေ။ ရွှေကြိုရဲ့ အလုပ်သဘောက လည်း ရေရှည်မြဲမြဲမြံမြံလုပ်ဖို့ ခက်တယ်။ ငွေလိုတဲ့ကောင်တွေလည်း ရွှေကြို

ဝင်လုပ်လို့ ရတာကိုး။ အဲလိုကောင်မျိုးတွေက ယုံလို့မရဘူး။ ရေရှည်လုပ်နေတဲ့ ဝါရင့်ရွှေကြိုတွေကိုတော့ ယုံလို့ရတယ်။

“ဟေ့... ခန်းဂျီး သူတို့ ဘာပြောနေကြတာလဲ”

မလုံ့တလုံ့ဆိုင်ရဲ့ အဓိပ္ပာယ်ကို သူ့ကို ရှင်းပြဖို့လိုတာ အမှန်ပဲ။ ဒါပေမဲ့ ရွှေကြိုတွေဟာ စက်သေနတ်ပစ်သလို တရစပ် ပြောနေတဲ့အတွက် သူ့ကို ဘာသာပြန်ပေးဖို့ အချိန်မရှိဘူး ဖြစ်နေတယ်။

“နောက်ထပ် ဘာမှ ထပ်မတောင်းဘူး၊ ပုံမှန် ယန်းကိုးထောင်တန်ကို ခုနှစ်ကုန်ချိန်မို့ ယန်းငါးထောင်ပဲ ယူတယ်။ ကျွန်တော် လိမ်မပြောပါဘူး၊ ကောင်မလေးတွေ ငယ်တယ်နော်၊ ဒါပေမဲ့ အသက်ပြည့်ပြီးသားတွေချည်းပဲ၊ နိုင်ငံခြားသား မိတ်ဆွေကိုလည်း ကြုံဆိုတယ်နော။ ဟောဟိုနားက ဆိုင်လေးထဲ ဝင်လိုက်ရုံပဲ၊ လာပါ၊ ဒီလမ်းပါ၊ အင်္ဂလိပ်သီချင်း ကာရာအိုကေလည်း ရှိတယ်၊ လာပါခင်ဗျ လူကြီးမင်းတို့၊ ကောင်မလေးတွေကို မကြိုက်ရင် အချိန်မရွေး ပြန်လှည့်ထွက်- တစ်ပြားမှ ပေးစရာ မလိုဘူး၊ ဒီအခွင့်အရေးမျိုး ခုတစ်ခါပဲ ရမယ် ခင်ဗျ၊ နှစ်သစ်ကူးပြီးရင် ပုံမှန်စျေးပြန်ဖြစ်မှာ၊ စောင့်မနေကြပါနဲ့ ခင်ဗျ။ ဝင်လိုက်ပါ ခင်ဗျာ”

ရွှေကြိုတွေကြားကနေ အသာလေး လစ်ထွက်လာချိန်မှာ ဖရန့်ခ်က ပြောတယ်။

“ဂျပန်တွေဟာ နှစ်လိုဖွယ်ကောင်းတယ်လို့ ကြားခဲ့တာ ခုတော့ တကယ်ပဲကွ၊ အံ့သြစရာ ကောင်းလောက်အောင် နှစ်လိုဖွယ် ကောင်းတယ်”

ပြောရုံတင်မက ဖရန့်ခ်ဟာ ရွှေကြိုတွေကို သံယောဇဉ်မကုန်တဲ့ ပုံမျိုးနဲ့ လှည့်ကြည့် လှည့်ကြည့် လုပ်နေတယ်။ ရွှေကြိုတွေဟာ ချောင်းကြည့်ရှုံးပွဲ ရှေ့မှာ ရုံးစုရုံးစု လုပ်လို့ ကောင်းတုန်း။ အများစုက ကျွန်တော် ဝတ်ထားတဲ့ စျေးပေါပေါ ဝတ်စုံမျိုးနဲ့ပေါ့။ ဒါက ကာဘူကီ-ချိုလေ၊ ရော့ပုန်းဂီ မဟုတ်ဘူး။ ဒီဇိုင်နာ သေချာဖန်တီးထားတဲ့ အဝတ်အစားတွေ ဝတ်ပြီး လမ်းသလားနေတဲ့ လူတွေ များများစားစား တွေ့ရမှာ မဟုတ်ဘူး။ လမ်းပေါ်မှာ ရွှေကြိုလား၊ ဖောက်သည်လား ခွဲလို့ရပါ့မလား ဆိုတော့ ရတယ်ဗျ။ ရွှေကြိုတွေဟာ အဝေးက မြင်ရုံနဲ့ သိတယ်။ ကျွန်တော်နဲ့ အလုပ်သဘော ဆက်ဆံနေတဲ့ ဝါရင့် ရွှေကြိုတွေဆိုရင် အပြင်ပုံပန်းသဏ္ဌာန်အရ သူလိုကိုယ်လိုပေမယ့် တစ်စုံတစ်ရာက သူ

တို့ကို အတွင်းကလှိုက်ပြီး စားထားသလိုပဲ။ ပရုတ်လုံးလို ကြာလေ လုံးပါးပါးလေ ပုံမျိုးပဲ။ ရွှေကြိုတွေဟာ မလိုအပ်တဲ့ အချိန်မှာ ကိုယ်ပျောက်နေတဲ့ လူတွေလိုပါပဲ။ သူတို့ ဒီလိုဘဝမျိုးကို ဘာလို့ ရွေးချယ်ခဲ့သလဲ ဆိုတာ ကျွန်တော် ဘယ်တုန်းကမှ သေချာနားမလည်ခဲ့ပါဘူး။

“ဒီကောင်တွေဟာ အမေရိကန် လိင်ဖျော်ဖြေရေး ကလပ်တွေက ဆောင့်ကြွားကြွား စောက်ကောင်တွေနဲ့ တခြားစီပဲ၊ ကင်းထောက် လူငယ်လေးတွေ ကျနေတာပဲ၊ သူတို့ တစ်ညလုံး ဒီလိုပဲ လူတိုင်းကို ဖော်ရွေနိုင်ဖို့ ဘယ်ကများ အားအင်တွေ ရကြပါလိမ့်”

“ဖောက်သည် တစ်ယောက်ရတိုင်း သူတို့အတွက် ကော်မရှင်ရတယ်ဗျ”

“အေးလေ၊ ဒီလိုမှပဲ သင့်တော်မှာပေါ့၊ ဒါပေမဲ့ ဒီကောင်တွေ ပြောသမျှ ယုံလို့ရပါ့မလား ခန်းကျီး”

“စျေးက သိပ်သက်သာလွန်းနေရင်တော့ သံသယ ဖြစ်သင့်တာပေါ့ဗျာ”

မလုံမလဲဆိုင်၊ ဘီကီနီကလပ် ဆိုတဲ့ ပုံရိပ်ကို ဖရန့်ခ် သဘောကျနေပုံပဲ။

“စစချင်းအနေနဲ့ ဘီကီနီနဲ့ ဂျပန်မလေးတွေ ရှိတဲ့ အဲဒီဆိုင်ကို သွားကြမလား ခန်းကျီး”

“သွားလေ၊ ဒါပေမဲ့ အဲဒီမှာ တန်းဝုန်းလို့တော့ မရဘူးနော်”

“ငါ သိပါတယ်၊ ဖြည်းဖြည်းချင်း ပျိုးမယ်လေ၊ ဘီကီနီနဲ့ စော်လေးတွေဆိုတာ အစပျိုးဖို့ အကောင်းဆုံးပဲကွ”

“ခုလိုအချိန်ဆို တစ်နာရီကို လူတစ်ယောက်အတွက် ယန်း ၇၀၀၀ ကနေ ၉၀၀၀ အထိကျမယ်၊ ကောင်မလေးတွေက အင်္ဂလိပ်လို မပြောတတ်ဘူး၊ ဘာသာပြန်ပေးဖို့ ကျွန်တော့်ကို အထဲခေါ်မယ်ဆိုရင် ကျွန်တော့်အတွက်ပါ ပေးရမယ်၊ ကောင်မလေးတွေကို ထိလို့ ကိုင်လို့ရတဲ့ ဆိုင်ရှိသလို လုံးဝ ထိမရတဲ့ ဆိုင်လည်း ရှိတယ်၊ ရှိးပွဲတင်ဆက်ပြီး ကောင်မလေးတွေ ခင်ဗျား စားပွဲနား လာကပြီး ကလူတတ်တဲ့ နေရာလည်း ရှိတယ်၊ စျေးကတော့ သိပ်မကွာလှပါဘူး”

“ပုံမှန်ဆိုရပါပြီ၊ ကောင်မလေးတွေ အနားလာထိုင်ပြီး စကားလေး ဘာလေးပြော ဆိုတဲ့ ဆိုင်မျိုးပေါ့၊ စျေးသိပ်မကွာဘူးဆိုရင် ဘာမှ မဘာရတဲ့ ဆိုင်

မျိုးမှာ အလှဆုံး ကောင်မလေးတွေရှိမှာပဲကွ၊ မဟုတ်ဘူးလား ခန်းဂျီး”

※

ကျွန်တော်နဲ့သိတဲ့ ရွှေကြိုတစ်ယောက်ကို ရှာတယ်၊ တွေ့တယ်၊ သူ့ဆိုင်ကို လမ်းပြခိုင်းပြီး သူ့နောက်က လိုက်ကြတယ်။ သူ့နာမည်က ဆာတိုရှီတဲ့၊ အသက်က ကျွန်တော်နဲ့ အတူတူလောက်ပဲ။ အသက် ၁၈ နှစ်မှာ သူ တိုကျိုကို တက်လာတယ်။ ယာမာနာရှီကလား၊ နာဂါနိုကလား မသိဘူး။ ကောလိပ်ဝင်ခွင့် အတွက် ပြင်ဆင်ရင်း ခဏနေတော့ ဂေါက်သွားရောတဲ့။ သူ့ကို အဲ့ဒီအချိန် ကတည်းက သိတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ အဲဒီအချိန်တုန်းက ကိစ္စတွေကို ကျွန်တော့်ကို တစ်ခါ ပြဖူးတယ်။ သူ ကျွန်တော့်ကို သန်းခေါင်သန်းလွဲအချိန် ကြီး သူ့အခန်းကို တစ်ခါ ဖိတ်ဖူးတယ်။ အခန်းထဲရောက်တော့ ကလေးတွေ ကစားတဲ့ အရုပ်ဆက်ဂိမ်းကြီး မချလာပါလေရော။ ယာမာနိုတီ ရထားလိုင်း စီးရင်း ရထားပေါ်မှာ ရဲတိုက်အရုပ်ဆက်တမ်း ကစားသတဲ့။ ဒီအရွယ်ကြီးကျမှ ဘာလို့ ဒီလိုကစားနေတာလဲ မေးတော့ သူ ပခုံးတွန့်ပြတယ်။ မသိဘူးလေတဲ့။ ကစ်ဒီလန်းမှာတွေ့တော့ လိုချင်စိတ် ပေါ်လာတာနဲ့ ဝယ်ပြီး ကစားနေတာတဲ့။ ရထားပေါ် ရဲတိုက်ဆောက်တမ်း ကစားရတာ မိုက်တယ်လေကွာ တဲ့။ ပြီးတော့ သူ ဆက်ပြောတယ်။

ရထားပေါ်မှာ ရဲတိုက်ကြီး တည်ဆောက်ပြီး ရထားရွှေ့တိုင်း ရဲတိုက်ကြီး ရွှေ့နေတာကို ကြည့်ရတာ ပျော်စရာပါကွာ၊ ဘာဖြစ်လို့လဲ သိလား၊ အဲဒီအချိန် တုန်းက ငါ ကောင်မလေးတွေရဲ့ မျက်လုံးထဲကို ပင်အပ်နဲ့၊ သွားကြားထိုးတံနဲ့ ဆေးထိုးအပ်နဲ့ ထိုးကြည့်ချင်စိတ်တွေ ပေါ်နေတာကွ၊ ပြီးတော့ တကယ်လုပ်မိ ရင် ဆိုတဲ့ စိတ်က ငါ့ကို ခြောက်လှန့် ဖိစီးပြန်ရော။ ရထားပေါ် ရဲတိုက်တွေ ဆောက်တမ်းကစားနေရရင် ခုနက ပြောတဲ့စိတ်မျိုး မပေါ်ဘူးကွ၊ စိတ္တဇလို့ ခေါ်ချင် ခေါ်ပေါ့ကွာ၊ ဘာလို့ မပေါ်တုံးဆိုတော့ ရွှေ့နေတဲ့ ရထားပေါ် ရဲတိုက် တွေ တည်ရတာ မလွယ်ဘူးကွ၊ အာရုံစိုက်ဖို့ လိုတယ်။ ယာမာနိုတီ လိုင်းမှာ သံလမ်းအကွေ့ကြီးတွေ ရှိတယ်။ ဟာရာဂျူကူတို့၊ ယိုးယိုးဂီးတို့မှာဆို အရှည် ကြီး ကွေ့တာ။ ငါဆောက်ထားတဲ့ ရဲတိုက်ကြီး ပြိုကျမသွားအောင် လက်နဲ့ ထိန်းထားရတယ်။ ရထားကြမ်းပြင်ပေါ် အရုပ်ရဲတိုက် ဆက်တမ်း ကစားနေတဲ့ ငါ့ကို လက်မှတ်စစ်တွေ၊ ဘူတာဝန်ထမ်းတွေက အော်ကြ ငေါက်ကြတာပေါ့၊ ရထားရဲက ဆွဲခေါ်သွားတာလည်း ခံရဖူးတယ်။ အဲဒီလို လုပ်နေလိုက်တာ

ခြောက်လလောက် ကြာတယ်။ နောက်ဆုံး ကာဘူကီ-ချိုကို ရောက်မှပဲ အကစားရပ်သွားတာ။ အဲဒီလိုပြောလို့ ကာဘူကီ-ချို ကို ငါကြိုက်တယ်လို့ မဆိုလိုဘူးနော်။ မြို့သေးလေးမှာနေပြီး ကောင်မလေးတွေ မျက်လုံးထဲ အပ်နဲ့ ထိုးကြည့်ချင်စိတ် ပေါ်နေတဲ့ ကောင်လေးတစ်ယောက် မိန်းမပင်လယ်ထဲ ကျသွားတော့ ခုနက စိတ်တွေ ငုပ်သွားတဲ့အတွက် ဒီမှာ ခုလို လုပ်နေဖြစ်တာပဲကွာ။

“ဟော့... ခန်းကျီး၊ ကောင်မလေး တစ်ယောက်က အင်္ဂလိပ်လို နည်းနည်းပြောတတ်တယ်ကွ၊ သူ အားရင် ငါလွှတ်လိုက်မယ်၊ အပိုကြေး ပေးစရာ မလိုဘူးနော်”

ဆာတိုရှိ ဟာ ကျွန်တော်နဲ့ ဖရန့်ခ်ကို အနီးနားက အဆောက်အအုံကနေ ကလပ်ရှိရာ မြေအောက်ထပ်ကို ဆင်းရမယ့် တံခါးစိမ်းလေးဆီ ဦးဆောင် ခေါ်သွားတယ်။ ဒီဆိုင်ကို ကျွန်တော် အကြိမ်အတော်များများ ရောက်ဖူးပေမယ့် ဆိုင်နာမည်ကို မသိဘူး။ ဒီလိုနေရာတွေဟာ နာမည်ခပ်ဆင်ဆင်တွေချည်း ပေးထားကြတာလေ။ ကာဘူကီ-ချိုကို ရောက်လာကြတဲ့ လူတွေထဲ ဆိုင်နာမည် ကြည့်ပြီး ဆိုင်ရွေးတဲ့လူများ တွေ့ဖူးလို့လား။

မလုံမလဲဆိုင်၊ သို့မဟုတ် ဘီကီနီကလပ်တွေရဲ့ အတွင်းပိုင်း အပြင်အဆင် တွေဟာ တစ်ဆိုင်နဲ့ တစ်ဆိုင် အတူတူလိုပါပဲ။ ဒီဇိုင်းတူ၊ ပုံစံတူ လုပ်မယ်လို့ ညှိထားကြတာ မဟုတ်ပေမဲ့ အကြံတူနေတာ ဖြစ်မပေါ့။ ဖရန့်ခ်ကတော့ သူ့ရဲ့ စိတ်ညစ်စရာ ရှက်ပြုံးကြီးနဲ့ ဆိုဖာပေါ်ထိုင်နေတဲ့ ဘီကီနီမယ်လေးတွေကို ကြည့်နေတယ်။

အင်္ဂလိပ်လို နည်းနည်းပါးပါး ပြောတတ်တဲ့ ကောင်မလေး နာမည်က ရေခါ တဲ့။ ဆံပင်ကို စုစည်းထားပြီး ဈေးကြီးပုံပေါ်တဲ့ ခရမ်းရောင် ဘီကီနီလေးနဲ့၊ နှာခေါင်းလေး နည်းနည်းပြားပြီး အသားအရေ နည်းနည်းကြမ်းတာက လွဲရင် ချစ်စရာကောင်မလေးပါ။ ရေခါနဲ့ အတူတူ ပါလာတဲ့ ကောင်မလေးကတော့ ရီးတဲ့။ အကောင်အတော်ကြီးတယ်၊ ဘော်လီဘောမယ် ဒီဇိုင်းမျိုး၊ ဘီကီနီအဖြူနဲ့၊ အရယ်တော့ အတော်သန်တယ်။ ရယ်ရယ်မောမောနေတဲ့အတွက် လိင်ကိစ္စမှာ သိပ်သဘောကောင်းလိမ့်မယ်လို့တော့ သတ်မှတ်လို့ မရဘူးပေါ့လေ။ အားလုံး ထိုင်ပြီးတဲ့အခါ စားပွဲပေါ်ကို ဝီစကီ လင်ဗန်း ရောက်လာတယ်။ ဆာတိုရှိက ကျွန်တော့်ကို ကျေးဇူးတင်တယ် ကိုယ့်လူလို့ ပြောပြီး လမ်းပေါ် ပြန်ထွက်သွား

တယ်။ ဆိုင်ထဲမှာတော့ တခြားဧည့်သည် နှစ်ယောက်ပဲ တွေ့တယ်။ ကျွန်တော်တို့ကို ဒီခေါ်လာပေးတဲ့အတွက် ဆာတိုရှီ ဘယ်လောက်ရမလဲ ဆိုတာ တွေးနေမိတယ်။ ကျွန်တော်နဲ့ ဆာတိုရှီဟာ ခင်တယ် ဆိုပေမယ့် ဒီလိုကိစ္စတွေကို မဆွေးနွေးဖြစ်ကြဘူး။ သူတစ်ပါးရဲ့ လုပ်ငန်း၊ ငွေရေးကြေးရေး အခြေအနေကို မစပ်စုခြင်းသည် ကာဘူကီ-ချို လောကမှာ ကြာရှည် ရှင်သန်နိုင်ဖို့ အရေးအပါဆုံး စည်းမျဉ်းတွေထဲက တစ်ခုပဲ။

ဖရန့်ခ်ဟာ သူ့ဘေးတစ်ဖက်တစ်ချက်စီက ကောင်မလေးနှစ်ယောက်ကို ခေါင်းညိတ်ပြတယ်။ ထူးဆန်းတဲ့ ရှက်ပြုံးကြီးက ရှိနေတုန်းပဲ။ သူ့ပါးတွေ နီလာတယ်။ အခန်းက ပူလွန်းလို့တော့ မဖြစ်နိုင်ဘူး။ တကယ်တော့ ဒီလို နေရာမျိုး အမြဲတမ်း ရောက်နေကျ လူတွေအတွက်တောင် ဘေးမှာ ဘီကီနီနဲ့ ကောင်မလေးတွေ ထိုင်နေတဲ့အခါ စိတ်အေးလက်အေး သက်သက်သာသာ နေနိုင်ဖို့ဆိုတာ သိပ်ခက်တယ်လေ။ သူတို့ဝတ်ထားတဲ့ ဘီကီနီက ကမ်းခြေမှာ ကောင်မလေးတွေ ဝတ်တဲ့ ဘီကီနီမျိုး မဟုတ်ဘူး။ ဇာပါးပါးလေးတွေ၊ ရင်တွေ တင်တွေကို မမြင်ဝံ့ မြင်ဝံ့ ဖြစ်အောင် တမင်တကာ လုပ်ထားတဲ့ဟာတွေ။ အသိမရှိတော့လောက်အောင် မူးရူးမနေခဲ့ရင် အဲဒါတွေကို အနီးကပ် မြင်သာမြင်ရပြီး မကြင်ရတဲ့ အခြေအနေဟာ ရက်စက်ရာ ရောက်တယ် မဟုတ်လား။ ဒါကြောင့် ကောင်မလေးတွေကိုရော၊ ဖရန့်ခ်ရဲ့ ရှက်ပြုံးကြီးကိုရော ကြည့်မနေတော့ဘဲ နံရံပေါ်မှာ ကွန်ပျူတာ အထူးပြုလုပ်ချက်နဲ့ လုပ်ထားတဲ့ ငါးကန်ထဲက အပူပိုင်းဒေသ ငါးတွေကို ငေးကြည့်နေလိုက်တယ်။ ကာလာစုံနဲ့ အိန်ဂျယ်ငါးတွေဟာ မသိရင် တကယ့်အစစ်အတိုင်းပဲ။ ပါးစပ်တွေ လှုပ်နေတာက အစပေါ့။ ဒါပေမဲ့ ဘယ်လောက် အစစ်နဲ့တူတူ၊ ဒါ ကွန်ပျူတာနဲ့ လုပ်ထားတာ ဆိုတာကို ဘာကြောင့်မှန်းမသိ သိနေပြန်တယ်။ ဖရန့်ခ်ရဲ့ အပြုံးလိုပေါ့။ ဒါ တကယ် ရင်ထဲကလာတဲ့ အပြုံး မဟုတ်ဘူး ဆိုတာ သိနေသလိုမျိုး။

“ဝီစကီနဲ့ ရေ အိုကေလား”

ရေခါ က မေးလိုက်တယ်။ အင်္ဂလိပ်လို မေးတာ။ ဖရန့်ခ်နဲ့ ကျွန်တော် နှစ်ယောက်လုံး ခေါင်းညိတ်ပြလိုက်တော့ ရေခါ က ဝီစကီ စပ်ပေးတယ်။

ရီးက ဖရန့်ခ် နားကို တိုးကပ်ပြီး-

“ကိုချီရာ အမေရိကာ နို့ ကာတာ” လို့ မေးလိုက်တယ်။ ဒီဆိုင်မှာ ကောင်မလေးတွေကို ထိလို့ကိုင်လို့ မရဘူး။ အဲဒီလို ကိုင်လို့ မရမှန်းသိလို့ မကိုင်ရင် ကောင်မလေးတွေက စပြီး ထိတွေ့မှု ပြုလာတာမျိုးလည်း ရှိတယ်။ ခုလိုမျိုးပေါ့။ ဖရန့်ခ်ဟာ အမေရိကာ ဆိုတဲ့ အသံကို ဖမ်းမိသွားတယ်။ သူ ရီးဘက်လှည့်ပြီး ခပ်တိုးတိုး ယက်စ် လို့ ပြောလိုက်တယ်။ အင်း... ဖရန့်ခ်ဟာ ဟိုတယ်လော်ဘီ ကဖေးဆိုင်မှာတုန်းကလို ဘီယာကို လိပ်နှူန်းနဲ့ သောက်သလို လုပ်မှာစိုးရတယ်။ ဒီဆိုင်တွေမှာက အချိန်စနစ်ကို ကျင့်သုံးတာ။ ယူထားတဲ့ အချိန်အတွင်း ဝီစကီကို ကြိုက်သလောက်သောက် တစ်ခွက်သောက်သောက် ဆယ်ခွက်သောက်သောက် ဈေးက အတူတူပဲ။ ဒါပေမဲ့ သူ ထုံးစံအတိုင်းပဲ လုပ်တာပါပဲ။ သောက်တာလား၊ ခွက်ထဲက ဝီစကီနဲ့ နှူတ်ခမ်းကို ဆွတ်တာလား တောင် ဝေခွဲမရဘူး။ ကြည့်ရတာ စိတ်ပျက်စရာပဲ။ ရေခါက ဖရန့်ခ်ဘက်မှာ ထိုင်တယ်။ ရီးက ဖရန့်ခ်နဲ့ ကျွန်တော့်ကြားမှာ ထိုင်တယ်။ ရေခါဟာ ဖရန့်ခ်ရဲ့ ပေါင်ပေါ်ကို လက်တင်ပြီး ပြုံးနေတယ်။

“နာမည်ဘယ်လိုခေါ်လဲ

ဖရန့်ခ်က မေးတော့ ရေခါ က ဖြေတယ်။

“ရေခါ တဲ့လား”

“ဟုတ်ပါတယ်”

“နာမည်က လှတယ်”

“တကယ်လား”

“အင်း... အရမ်းလှတယ်”

“ကျေးဇူးတင်ပါတယ်”

ရေခါရဲ့ အင်္ဂလိပ်စကားက အလယ်တန်းကျောင်းသူ အဆင့်လောက်ပေါ့။ ကျွန်တော်လည်း သူနဲ့ သိပ်မကွာပါဘူး။ ပြောစဆိုစ ရှိတာလေး တစ်ခုပဲ ပိုတာ။

“ဒီကို အမေရိကန်တွေ အတော်များများ လာတတ်လား”

“တစ်ခါတလေပေါ့”

“မင့် အင်္ကီလိပ်စကားက ကောင်းသားပဲ”

“မကောင်းပါဘူး၊ ကျွန်မက ပိုကောင်းအောင် ပြောချင်ပေမယ့် အင်္ကီလိပ်စကားက ခက်တယ်၊ ပိုက်ဆံများများ စုမိရင် အမေရိကား သွားမလို့”

“သြော... အဲဒီမှာ ကျောင်းဆက်တက်ချင်တာလား”

“တက်ချင်ပါဘူး၊ ကျွန်မက စာညံ့တယ်၊ တကယ်က နီကီမြို့တော်ကို သွားချင်တာ”

“ဟင်... နီကီ မြို့တော် ဟုတ်လား”

“ရှင် နီကီ မကြိုက်ဘူးလား”

“နီကီ ဆိုတာ အားကစားပစ္စည်းတွေ ထုတ်လုပ်တဲ့ နီကီလား”

“ဟုတ်တယ်လေ၊ ရှင်မကြိုက်ဘူးလား”

“အင်း... ငါ့မှာ နီကီ ဖိနပ်တွေတော့ ရှိတယ်၊ နေဦး... အဲဒါတွေက ကွန်ဗတ်စ်တွေပဲ မှားလို့၊ ဒါနဲ့ မင်းက နီကီကို ဘာလို့ ဒီလောက် ကြိုက်နေတာလဲ”

“ဒီလိုပဲ ကြိုက်တာပေါ့၊ ရှင် နီကီမြို့တော်ကို မသွားဘူးလား”

“နီကီမြို့တော်ဆိုတာ ဘာမှန်းတောင် မသိဘူး၊ မင်းကော သိလား ခန်းဂျီး”

“ကြားဖူးပါတယ်” လို့ ကျွန်တော် ဝင်ဖြေလိုက်တယ်။

ရေခါ က ဘယာစီယာကြိုးကို ဆွဲဆန့်ရင်း ဖြေတယ်။

“နီကီမြို့တော်ဆိုတာ နီကီဆိုင်တွေချည်း ရှိတဲ့ အဆောက်အအုံ အကြီးကြီး၊ ဗွီဒီယိုစခရင်ကြီးနဲ့ နီကီပစ္စည်းတွေ အများကြီး ပြထားတယ်။ ကျွန်မ သူငယ်ချင်းက ပြောတယ်။ သူ နီကီမြို့တော် ရောက်တော့ ဖိနပ်ငါးရန် အဲဆယ်ရန်တောင် ဝယ်ခဲ့သတဲ့၊ အိုး... နီကီမြို့တော်မှာ ဈေးဝယ်ဖို့က ကျွန်မ အိပ်မက်ပဲ”

ဖရန့်ခ်ဟာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားတယ်။

“ဟင်... နီကီစတိုးမှာ ဈေးဝယ်ဖို့က မင်း အိပ်မက် ဟုတ်လား”

“ဟုတ်တယ်လေ၊ ဒါနဲ့ ရှင်ဘယ်က လာတာလဲ”

ဖရန့်ခ်က နယူးယောက်က လာတယ်လို့ ပြောလိုက်တဲ့အခါ ရေခါက သူ့ကို ရယ်ချင်ပက်ကျိ မျက်နှာပေးနဲ့ ကြည့်တယ်။

“မဖြစ်နိုင်တာ၊ နီကီမြို့တော်က နယူးယောက်မှာ ရှိတာကို”

ရေခါ ဆိုလိုတာကို ကျွန်တော် သိပါတယ်။ နယူးယောက်မှာ နေတယ်လည်း ဆိုသေး၊ သူ့အိပ်မက် နီကီမြို့တော်တောင် မသိရဘူးလား ဆိုတဲ့ သဘောပါ၊ ဖရန့်ခ်ကို စော်ကားတာမျိုး မပါပါဘူး။ ဒါပေမဲ့ ဖရန့်ခ်ရဲ့ အမူအရာက အစောပိုင်းတုန်းက လူမည်း ရွှေကြို့ သူ့ကို ကြော်ငြာစာရွက်မပေးဘဲ လျစ်လျူရှုလိုက်တုန်းကလိုမျိုး ဖြစ်သွားပြန်တယ်။ ဗီနိုင်းစာရွက်နဲ့ တူတဲ့ သူ့ပါးအရေပြားတွေ လှုပ်လာတယ်။ သွေးကြောမျှင်လေးတွေ ပေါ်လာတယ်။ သူ့မျက်နှာဟာ ပန်းရောင်ကနေ အနီရောင်ကို ပြောင်းလာတယ်။ ပြဿနာ အနံ့ကို ကျွန်တော် ရနေပြီ။ ဒါကြောင့် ရေခါ့ဘက် လှည့်ပြီး ခပ်မြန်မြန်ပြောလိုက်တယ်။

“နီကီမြို့တော်ဆိုတာ ဂျပန်တွေသာ အကြီးအကျယ် ဇမ်းတင်နေကြတာ၊ ဒါကို လုံးဝ မသိတဲ့ အမေရိကန်တွေ ဘယ်လောက်များတယ် ဆိုတာ မင်းသိရင် အံ့သြသွားလိမ့်မယ်၊ နီကီမှာ ဝယ်ကြတဲ့ လူတွေထဲမှာ တစ်ဝက်လောက်က ဂျပန်တွေတဲ့လေ၊ နယူးယောက်က အကျယ်ကြီး၊ မန်ဟက်တန် တစ်ခုတည်းရှိတာ မဟုတ်ဘူးလေ”

ဒါကိုပဲ ဖရန့်ခ် နားလည်အောင် ကျွန်တော် အင်္ဂလိပ်လိုထပ်ပြောတယ်။ ရေခါက ခေါင်းလေး တညိတ်ညိတ် လုပ်တယ်။ ဖရန့်ခ်မျက်နှာဟာ တဖြည်းဖြည်း လူမျက်နှာ အသွင်သဏ္ဌာန် ပုံမှန် ပြန်ဖြစ်လာတယ်။ ဒါပေမဲ့ သူ နယူးယောက်မှာ နေတယ် ဆိုတာလည်း ကျွန်တော့်စိတ်ထင်တော့ ဖြီးတာပါပဲ။ ဟုတ်မယ် မထင်ဘူး။ ဒါပေမဲ့ ဒါကို ထပ်မပြောဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ဖောက်သည် ဒေါသထွက်လို့ ကျွန်တော့်အတွက် ဘာအကျိုးမှ မရှိဘူးလေ။

“ကာရာအိုကေ ဆိုချင်လားဟင်”

ရေခါက ဖရန့်ခ်ကို မေးလိုက်တယ်။ တခြားဧည့်သည် နှစ်ယောက်ထဲက သက်လတ်ပိုင်း လခစားဝန်ထမ်း ဒီဇိုင်းနဲ့ လူက မိုက်ခဲပဲ။ မိုက်ကို လက်က မလွတ်ဘူး။ သူ့အဖော်က သူ့ထက် နည်းနည်းငယ်မယ်။ မျက်နှာနီကြီးနဲ့ အတော်မူးနေပြီ။ မူးမူးနဲ့ ဟိုလူ သံသေးသံကြောင်နဲ့ သီချင်းဆိုတာကို လက်ခုပ်လိုက်တီးဖို့ ကြိုးစားနေတယ်။ ကိုမိုက်ခဲက လက်တစ်ဖက်က မိုက်ကို ကိုင်၊ တခြားတစ်ဖက်က ပန်းရောင်ဘီကီနီနဲ့ ကောင်မလေးရဲ့ လက်ကို ကိုင်ထားတယ်။ ကိုင်ထားတာမှ ရှေးဟောင်း ဂရိဘုရားကျောင်းက မြင့်မြတ်တဲ့ မီးတိုင်ကြီး ကိုင်ထားသလိုကို ကိုင်ထားတာ။ ဒီလူတွေဟာ ဒီအတိုင်းပဲ။ တောကနေ တိုကျိုကို တက်လာတိုင်း ဒီ လခစားဝန်ထမ်းတွေဟာ ကာဘူကီ-ချိုကို မလာရရင် မနေနိုင်ဘူး။ အရက်မူးရင် မျက်ခွက်ကြီးတွေ နီရဲပြီး အသံပြဲကြီးနဲ့ သီချင်းတွန်းဆိုနေရင် အဲဒါ တောက လူတွေလို့သာ မှတ်။ သူတို့လို လူမျိုးတွေစုပြီး ဧည့်လမ်းညွှန် လုပ်ပေးရရင် အတော်ကြီးပွားမယ့် သဘောရှိတယ်။ ဒါပေမဲ့လို့ သူတို့ ဒေသလေသံကို သေချာ နားလည်အောင် လေ့လာ မနေချင်ပါဘူး။ သူတို့က လည်း ကျွန်တော့်ကို ငှားမယ် မထင်ပါဘူး။ ထားလိုက်ပါတော့။

“ကာရာအိုကေ မလိုပါဘူး၊ ဂျပန်လိုတော့ နည်းနည်း သင်ချင်တယ်၊ ဘီကီနီမယ်လေးတွေနဲ့ ဂျပန်စကားပြော လေ့ကျင့်မယ်ဟေ့”

ဖရန့်ခ်ဟာ သူ့ ပခုံးလွယ်အိတ်ထဲက တိုကျို ပန်းနုရောင်လမ်းညွှန်ကို ထုတ်ပြန်တယ်။ ဒီတစ်ခါတော့ အပါးစား မဂ္ဂဇင်း မဟုတ်ဘူး။ အထူစား စာအုပ်။

“လိင်စိတ်ကို ဖွင့်ချဖော်ပြနိုင်သော နည်းလမ်း”

စာအုပ်အဖုံးက ခေါင်းစဉ်ပေါ်မှာ အဲဒီလို ရေးထားတယ်။ အောက်က ခေါင်းစဉ်က ခုလို ရေးထားတယ်။

‘ဤစာအုပ်သည် သင်၏ လိင်စိတ်ကို တက်ကြွနိုးကြားလာစေပြီး မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ပြသနိုင်မည် ဖြစ်ပေသည်။ ဘယ်လို၊ ဘယ်နေရာ၊ ဘယ်လောက် ကျသင့်သည်ဆိုသော တိုကျို၏ အဟော့ဆုံး နေရာများကို သတင်းအချက်အလက် ပြည့်စုံစွာဖြင့် လမ်းညွှန်ပေးမည် ဖြစ်သည်’ တဲ့။

ကျွန်တော့်လုပ်ငန်းနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ အတွက် ကျွန်တော့်မှာ အဲဒီစာအုပ် ရှိပါတယ်။ အင်္ဂလိပ်စာ တိုးတက်ဖို့အတွက်လည်း ဒါကို ဖတ်တယ်

ဆိုပေမယ့် ဒီစာအုပ်ဟာ အတော်ဆွဲဆောင်မှု ရှိတယ်၊ စိတ်ဝင်စားဖို့ကောင်းတယ် ဆိုတာတော့ ဝန်ခံရမှာပဲ။ ဥပမာအားဖြင့် အခန်း (၉)ဆို ဂေးအကြောင်းသီးသန့် ရေးထားတာ။ ဂေးသမိုင်းနဲ့ စဖွင့်တယ်။ ဂျပန်မှာ ဗုဒ္ဓအဆုံးအမအရ အမျိုးသမီးတွေနဲ့ ပတ်သက်လို့ ဝေရာမဏီရမယ့် ပညတ်ချက်တွေ ထုတ်ပြန်ခဲ့တဲ့ ခေတ်မှာ ဆာမူရိုင်းလောကထဲ ကောင်လေးတွေအပေါ် တိမ်းညွတ်မှုဘယ်လို စတင်လာတယ် ဆိုတာကို ဖော်ပြတယ်။ ခုခေတ် ဂျပန် လိင်လုပ်ငန်းတွေဟာ အေအိုင်ဒီအက်စ်ကြောင့် နိုင်ငံခြားသားကြောက်ရောဂါ တစ်ဖန် ပြန်ထလာတယ် ဆိုပေမယ့် ရှင်ဂျူကု-နီ ခရမ်းမှာတော့ တခြားပွင့်လင်းတဲ့ တိုင်းပြည်က ဂေးပေါင်းစုံကို ဖက်လဲ့တကင်း လက်ကမ်းကြိုဆဲမို့ ဘယ်ကလပ်ကတော့ ဘာအကောင်းဆုံး ဆိုတာကို ကလပ်နာမည်နဲ့တကွ ဖော်ပြထားတယ်။ အတော်တော့ စုံတယ် ပြောရမယ်။

ဖရန့်ခ်က ရေခါနဲ့ ရီး ကို ကြည့်ရင်း ပန်းရောင်စာအုပ်ကို ဖွင့်လိုက်တယ်။ အိုကေ၊ လာပြီနော်။ စာအုပ်နောက်ကျောဖုံးမှာ ဂျပန်-အင်္ဂလိပ် လိင်အဘိဓာန် ဆိုတာကို စာလုံး အက္ခရာစဉ်ပြီး ဖော်ပြထားတာကိုး။ သူ စဖတ်ပြီ။ ဗုံးပေါက်သလို အသံကျယ်ကြီးနဲ့ အော်ဖတ်တာ။

အာဟို... ပြီးတော့ အင်္ဂလိပ်ဘာသာပြန်ကိုပါ တစ်ခါတည်း ဖတ်တယ်-ချီးဘရိန်း။

သူ့အသံထွက်ကို နားမလည်တဲ့ ရီးက ကျွန်တော့်ကို မေးတယ်။ အဲဒီ စကားလုံးကို ပြောပြလိုက်တော့ သူ ဒူးခေါင်းကို ပုတ်ပုတ်ပြီး အားရပါးရ ရယ်တယ်။ အာယာဒါ၊ ကာဝါအီ (အမယ်လေး အမယ်လေး ချစ်စရာ ကောင်းလိုက်တာ၊ ဘယ်လိုမှကို မအောင့်နိုင်ဘူး တဲ့) ဖရန့်ခ်က စာလုံးတွေ ဆက်အော်တယ်။

အိုင်းဂျင်- မယားငယ်၊

အိုင်းရှီထရု- ငါ မင်းကိုချစ်တယ်၊

သူက အင်္ဂလိပ် ဘာသာပြန်ကို လေသံလေးနဲ့ပြောပြီး ဂျပန်စာလုံးကိုတော့ အကျယ်ကြီးပြောတယ်။ ကျယ်လွန်းလို့ လိုဏ်သံတောင် ပါနေတာ။ အသံထွက်ကလည်း ကိုးရိုးကားရား မထော်မနမ်းဆိုတော့ ဂျပန်တွေအဖို့ ရယ်ချင်စရာကြီး။

အိုင်းထိုင်- ငါ မင်းကို တွေ့ချင်တယ်။

အာ့ကဂိုင် - ယောနို၊

အေနာ- အပေါက်၊

အေနာ ဒီ ယာရီထိုင်- ငါ အပေါက်ထဲ သွင်းလိုက်ချင်တယ်။

အေနာရု ဆက်ခူဆူ- စအိုလိင်ဆက်ဆံခြင်း၊

အဆိုကို- အောက်နားနည်းနည်းဆင်း၊

အဆိုကို... အဆိုကို... အဆိုကို။

ဂျပန်စကား မီးကျိုးမောင်းပျက်ပြောပြီး ဂျပန်တွေနဲ့ စကားပြောဖို့ ကြိုးစားတဲ့ နိုင်ငံခြားသားတွေကို တွေ့ရတိုင်း ဂျပန်တွေ အူမြူးလေ့ရှိတယ်။ ဂျပန်စကားကို ခက်ခက်ခဲခဲ ကြိုးစားပြောနေရင် ဆုချတဲ့အနေနဲ့ နားထောင်အားပေးလေ့ ရှိကြတယ်။ ကျွန်တော့် အင်္ဂလိပ်စကားက အထက်တန်းကျောင်းသားအဆင့်ပဲ။ နိုင်ငံခြားသား ဧည့်သည်တွေနဲ့ အလုပ်လုပ်တဲ့အခါ ဂျပန် ဒီဂျေ စောက်ရူးတချို့ လုပ်သလို နေတစ်စပီကာ အသံမျိုး လုပ်ပြောစရာ မလိုဘူး။ မှန်ကန်တဲ့ စကားလုံးကို ရွေးချယ်တတ်ဖို့ပဲ လိုတယ်ဆိုတာ အတွေ့အကြုံအရ သိခဲ့ရတယ်။ အဆိုကို... အဆိုကို... အဆိုကို နဲ့ ဖရန့်ခ်က မပီကလာ ထပ်ကာ ထပ်ကာ ပြောနေတဲ့အခါ ရေခါ နဲ့ ရီးစံ ဟာ မချုပ်တည်း နိုင်လောက်အောင် တဟီဟီ ဖြစ်လာကြတယ်။ တခြား ကောင်မလေးတွေတောင် ဒီဟာတွေ ဘာသဘောကျနေပါလိမ့် ဆိုပြီး ကျွန်တော်တို့ဝိုင်းကို အာရုံစိုက်လာကြတယ်။ ဖရန့်ခ်ကတော့ အင်မတန် အပြစ်ကင်းတဲ့ မျက်နှာပေးနဲ့ စင်ပေါ်က ဖျော်ဖြေနေသလို အဆိုကို ဆိုတဲ့ စကားလုံးကို တစ်လုံးချင်း ရွတ်နေတယ်။

ဒိုင် ဆူကီ- ချစ်တယ်၊

ဒါမီ - ဟင့်အင်း၊

ဒန်ကွန်- ယောကျ်ားတန်ဆာ၊

ဒါနာစံ- မစ္စတာ၊

ဒါရီဒီမိုအီဒဲစု - ဘယ်သူမဆို လုပ်ကြမှာပဲ။

ဒီချက်တာ- အား... ငါပြီးပြီ။

ဒဲဘု- ဝတုတ်၊

ဒန်ဒို ကိုကဲရှီ- တုန်စက် (လိင်ဖျော်ဖြေရေး ကစားစရာ)၊

ဒဲဆိုဥ ဒဲဆု- ငါ ပြီးတော့မယ်။

ဒိုကို ဒဲမို ဒိုတဲအိ- အပျိုစင်စစ်စစ် တစ်ယောက်၊

ဒိုကို ဒဲမို ဒိုတဲအိ ဒါကာရာ ဒဲဆိုဥ ဒဲဆု- ငါဟာ အပျိုစစ်စစ် တစ်ယောက်၊ ဒါကြောင့် ငါ ပြီးတော့မယ်။

ဒိုကို ဒဲမို ဒိုတဲအိ ဒါကာရာ ဒဲဆိုဥ ဒဲဆု၊

ဒိုကို ဒဲမို ဒိုတဲအိ ဒါကာရာ ဒဲဆိုဥ ဒဲဆု၊

ဒိုကို ဒဲမို ဒိုတဲအိ ဒါကာရာ ဒဲဆိုဥ ဒဲဆု၊

ဖရန့်ခ်က ဘယ်လို အသံထွက်မျိုးမှာ ရေခါ နဲ့ ရီး အကြီးအကျယ် တုံ့ပြန်သလဲ ဆိုတာကို အကဲခတ်နေတယ်။ ပြီးတော့ အဲဒါကို ထပ်ခါ ထပ်ခါ ပြောတယ်။ သူ သိထားတဲ့ ဂျပန်စကား အတိုအစတွေလည်း ထည့်ပြော တယ်။ ဧည့်သည်မရှိလို့ ဝင်ပေါက်နားက ဆိုဖာတွေမှာ ထိုင်နေတဲ့ တခြားဘီကီနီမတွေပါ ဖရန့်ခ် ဘာတွေပြောလို့ ကျွန်တော်တို့ ဒီလောက် ပွဲကျနေတာလဲဆိုတာ သိချင်လို့ ထလာကြပြီ။ ကာရာအိုကေသမားတွေလည်း မိုက်ချပြီး ဖရန့်ခ်ပြောတာကို ဝင်ဟားနေပြီ။ မိုက်တိမိုက်ကန်းပုံနဲ့ စားပွဲထိုး နှစ်ယောက်တောင် ကျွန်တော်တို့ကို သဘောကျပြီး ကြည့်နေကြတယ် ဒါမတိုင်ခင် ဘယ်တုန်းက ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်ခဲ့မှန်း မမှတ်မိတော့ဘူး။ ခုတော့ ရယ်လိုက်ရတာ မျက်ရည်များတောင် ထွက်ယူရတယ်။

ဆာဝါရာနာအိ- ငါ မထိပါဘူး။

ဆာဝါရိတာအိ- ငါ ထိကြည့်ချင်တယ်။

ဆေးဗျို- ကာလသားရောဂါ၊

စေးကို- လိင်ဆက်ဆံခြင်း၊

စေးယိုကု- လိင်စိတ်ဆန္ဒ၊

ဆန်ဇူရီ- တကိုယ်ရေအာသာဖြေခြင်း၊

ရှာကူဟာချီ- ပလွေမှုတ်ခြင်း၊

ရှာစေ - ပန်းထွက်ခြင်း၊

ရှီဂိုကူ- ပွတ်ပေးခြင်း၊

ရှီဂိုတဲ ကူဒါဆာအိ- ကျေးဇူးပြုပြီး ပွတ်ပေးပါ၊

ရှီဂိုတဲ ကူဒါဆာအိ... ရှိဂိုတဲ ကူဒါဆာအိ... စုကဲဘိ... ကျေးဇူးပြုပြီး ပွတ်ပေးနေစမ်းပါ ထနေတဲ့ ကောင်မရယ်

စုကဲဘိ ဂျီဂျီ- သိပ်ထနေတဲ့ ကောင်မကြီး၊

စုကီ ဒဲဆုကာ- မင်း ကြိုက်သလား

စုကီ ဒဲဆု- ကြိုက်တယ်၊

စုကဲဘိ ဂျီဂျီ စုကီ ဒဲဆုကာ- သိပ်ထန်တဲ့ ကောင်မကြီးတွေ မင်း ကြိုက်သလား

စုကဲဘိ ဂျီဂျီ စုကီ ဒဲဆု- သိပ်ထန်တဲ့ ကောင်မကြီးတွေကို ငါ ကြိုက်တယ်။

စုကဲဘိ ဂျီဂျီ စုကီ ဒဲဆု၊

စုကဲဘိ ဂျီဂျီ စုကီ ဒဲဆု၊

စုကဲဘိ ဂျီဂျီ စုကီ ဒဲဆု၊

ကျွန်တော်တို့က ရယ်လေလေ၊ ဖရန့်ခ်က အလေးအနက်ဖြစ်လေပဲ။ နဂို ကတည်းက ကျယ်တဲ့အသံကို ခု ဂိတ်ဆုံးတင်ပြီး အော်နေပြီလေ။ ရေခါ နဲ့ ရီးဟာ နဖူးတွေ၊ နှာခေါင်းတွေ၊ ရင်အုံတွေမှာ ချွေးတွေ သီးလာတယ်။ မျက်ရည်တွေလည်းကျ၊ အသံတွေလည်း အက်၊ ရယ်ရလွန်းလို့ သီး၊ ကြို့တွေလည်း ထိုး။ ဟိုတောက ဘဲတွေလည်း သီချင်းဆိုဖို့ မေ့သွားပြီ။ တစ်ဆိုင်လုံး ကျွန်တော်တို့ တအုန်းအုန်း ရယ်သံတွေချည်းပဲ။ ဖရန့်ကတော့ လူရွှင်တော်များရဲ့ သံလက်သီး

ဥပဒေသဖြစ်တဲ့ ကိုယ်ပြောတာ ကိုယ် ပြန်မရယ်ရ ဆိုတာကို တင်းတင်း ကျပ်ကျပ် လိုက်နာတယ်။ သူဟာ တစ်နာရီလုံးလုံး အဲဒီ လိင်အဘိဓာန်ကို ရွေ့ ပြန် နောက်ပြန် ရွတ်နေတယ်။

ခဏနေတော့ နောက်ထပ် ဧည့်သည်နှစ်ယောက် ထပ်ရောက်လာတယ်။ ကာရာအိုကေသမား နှစ်ယောက်လည်း သီချင်းပြန်ဆိုကြတယ်။ ဧည့်သည် အသစ်နှစ်ယောက်က ရီး ကို ခေါ်ကြတယ်။ ကျွန်တော်တို့ အချိန်လည်း ပြည့်ပြီ ဆိုတော့ ရီး က ဖရန့်ခ်ကို လက်ဆွဲနှုတ်ဆက်ပြီး သူ ဒီလို မရယ်ရတာ နှစ်ချီ ကြာနေပြီလို့ ကျွန်တော့်ကို ပြောသွားတယ်။ ရေခါ ကတော့ ဖရန့်ခ် ကို အင်္ဂလိပ်လို ပြောတယ်။

“ရှင် သိပ်တော်တဲ့ လူရွှင်တော်၊ ကျွန်မ သိပ်သဘောကျ” တဲ့။ ပြီးတော့ သန့်စင်ခန်းထဲ ဝင်သွားတယ်။ ကျွန်တော်လည်း တစ်ကိုယ်လုံး ချွေးတွေချည်း ပဲ။ ချွေးထွက်လွန်းလို့ ရုပ်အင်္ကျီဟာ အရေပြားမှာ မသတီစရာ ကပ်နေတယ်။ အပူတွေ စုနေရတဲ့အထဲ ဘီကီနီမယ်လေးတွေက ပိုပူအောင် လုပ်ထားတဲ့ နေရာမှာ ဖင်ဆောင့် ရယ်မိရင် အဲဒီလို ဖြစ်မှာပဲလေ။ ကျွန်တော်နဲ့ သိတဲ့ စားပွဲ ထိုး တစ်ယောက်ကို ဘယ်လိုလဲလို့ မေးကြည့်တော့ သူက ပြုံးပြီး တကယ်ရယ် ရတဲ့ ဂိုင်ဂျင်ပဲလို့ ပြောတယ်။ ကာဘူကီ-ချိုမှာ အလုပ်လုပ်နေသူတိုင်းဟာ စိတ်ကျရောဂါသည်နဲ့ စိတ်ဓာတ်ကျနေတဲ့ လူတွေချည်း စုထားတာ မဟုတ်ပေ မယ့် အနည်းနဲ့ အများကတော့ စိတ်ညစ်စရာ အတိတ်ရှိခဲ့ကြသူတွေပဲ။ ခုလို ဟက်ဟက်ပက်ပက် ရယ်ရတဲ့ အခွင့်အရေးမျိုးဟာ အင်မတန် နည်းကြရှာ တယ်။ သူတို့ ပျော်ကြတယ် ပြောလို့ ကျွန်တော်လည်း ကျေနပ်မိတယ်။

ဖရန့်ခ်က ပိုက်ဆံရှင်းဖို့ ပိုက်ဆံအိတ်ကို ထုတ်ရင်း-

“ခန်းဂျီးရေ၊ နီကီမြို့တော်က ဘာတုံးကွ၊ ဘာလို့ ဂျပန်တွေကြား ဒီ လောက် ခေတ်စားရတာလဲ”

လို့ မေးနေတယ်။

သူက အေးအေးဆေးဆေးပဲ။ ချွေးတောင် မထွက်ဘူး။ ရယ်စရာ ဂျပန် အသံထွက် သင်ခန်းစာရှည်ကြီး ပို့ချပြီးမှ ဘာလို့ ဒီမေးခွန်းကို ကောက်ကာ ငင် ကာ ထမေးရသလဲတော့ မသိဘူး။ ဂျပန်ဟာ အမေရိကန်မှာ ပေါ်ပြူလာဖြစ် သမျှ ကိစ္စအားလုံးကို ကြိုက်တဲ့ သဘောပဲလို့ ကျွန်တော် ဖြေလိုက်တယ်။

“တကယ်တော့ နီကီမြို့တော်ဆိုတာ ငါ တစ်ခါမှ မကြားဖူးဘူးကွ၊ အဲဒီလိုနေရာမျိုး ရှိမှန်းတောင် မသိဘူး”

“ခင်ဗျားပြောတာကို ယုံပါတယ်၊ ဒီတိုင်းပြည်မှာပဲ အဲဒီလို အရူးထကြတာကိုးဗျ”

ဘေလ်ရောက်လာတဲ့အခါ ဖရန့်ခ်က ပိုက်ဆံအိတ်ထဲက ယန်း တစ်သောင်းတန် နှစ်ရွက်ထုတ်လိုက်တယ်။ တစ်ရွက်က အကြွေစေ့ကြီးကြီး အရွယ်လောက် အမည်းစက်ကြီး စွန်းနေတယ်။ အဲဒါကြီးကြည့်ပြီး ရုတ်တရက် စိတ်မသက်မသာ ဖြစ်လာတယ်။ သွေးစွန်းပြီး ခြောက်သွားသလို ပုံမျိုးနဲ့ တူနေတာကိုး။

※

“ဖရန့်ခ်ရာ၊ ကျွန်တော် ဒီလောက် ရယ်ရတာမျိုး ဘယ်တုန်းက ကြုံခဲ့ဖူးလဲ ဆိုတာတောင် မမှတ်မိတော့ဘူး”

“တကယ်လား၊ ဟိုကောင်မလေးတွေလည်း အတော် သဘောကျသွားကြတယ် ထင်တယ်၊ ဟုတ်ရဲ့လား”

“အင်းလေ၊ ခင်ဗျား ဒီလိုမျိုး အမြဲတမ်း လုပ်တတ်သလား”

“ဘယ်လိုမျိုးလဲ”

“လူတွေ ရယ်အောင်လို့လေ၊ ခုလို ဟာသလုပ်တာမျိုးပေါ့”

“အာ... ငါက ရယ်အောင် လုပ်တာ မဟုတ်ဘူး၊ ငါက ဂျပန်စကားပြောလေ့ကျင့်ချင်တာပါ၊ ငါ သေချာမသိလိုက်ခင် ဒီလို ဖြစ်ကုန်တာပဲ၊ ဘာလို့ ဒီလောက်ရယ်ကြတာလဲ ဆိုတာ ခုထိ နားမလည်သေးဘူး”

ဘီကီနီကလပ်ကနေ ကျွန်တော်တို့ ထွက်လာခဲ့ကြတယ်။ ကိုမာ ပြဇာတ်ရုံနောက်က လမ်းတစ်လျှောက် လျှောက်ခဲ့ကြတယ်။ ညဆယ်နာရီခွဲကျော်ပြီ။ ခုထိ ဘယ်သွားကြမယ်ဆိုတာ မဆွေးနွေးရသေးဘူး။ အရမ်း ရယ်ခဲ့တာရော၊ ကလပ်ထဲက ပူလွန်းတာရောကြောင့် ခြေကုန်လက်ပန်း ကျသလို ဖြစ်နေတာ၊ ရာသီဥတု အေးအေးထဲ လမ်းလျှောက်လိုက်မှ သက်သာသွားတော့တယ်။ လမ်းလျှောက်ရင်း သွေးကွက်စွန်းနေသလို ဖြစ်နေတဲ့ ဖရန့်ခ် ထုတ်ပေး

လိုက်တဲ့ ယန်းတစ်သောင်းတန်ကို မြင်ယောင်နေတယ်။ ဘာလို့များ ဒီငွေတစ်ရွက်ကြောင့် ဒီလောက် စိတ်ဒုက္ခရောက်နေသလဲ ဆိုတာတော့ မပြောတတ်ဘူး။

“ဘာပဲပြောပြော အတော်ပြောင်မြောက်တဲ့ သရုပ်ဆောင်မှုလိုပဲ ဖရန့်ခ်ရဲ့၊ ခင်ဗျား သရုပ်ဆောင်ပညာတွေ ဘာတွေများ လေ့လာဖူးသလား”

“ဟင့်အင်း၊ ဒါပေမဲ့ ငါငယ်ငယ်တုန်းက ငါ့အစ်မ နှစ်ယောက်က ဒါမျိုးတွေ သဘောကျတယ်ကွ၊ ငါတို့ တီဗွီကလာတဲ့ လူရွှင်တော်တွေပုံမျိုး ကစားတတ်ကြတယ်၊ အဲဒီလောက်ပါပဲ”

လမ်းကြားကျဉ်းကျဉ်းလေး တစ်ခုထဲ ရောက်လာကြတယ်။ ဒီနေရာရောက်တိုင်း အမြဲတမ်း ကျွန်တော် ကြက်သီးထတယ်။ စိတ်မသက်မသာ ဖြစ်တယ်။ ကြောက်စရာကြီးလို့ ခံစားရတယ်။ ၁၉၅၀ ကျော်လောက်က ရိုက်တဲ့ ရုပ်ရှင်ရိုက်ကွင်း ဆက်တင်တစ်ခုထဲ ရောက်နေသလိုပဲ။ ဘား သေးသေးလေးတွေ၊ မာဂျောင် ကစားရုံလေးတွေ၊ အိုင်ဗွီ နွယ်ပန်းရုံ အဝင်ဝနဲ့ အထဲမှာ ဂန္ဓဝင် ဂီတ ဖျော်ဖြေတဲ့ လက်ဖက်ရည်ခန်းလေးတွေ၊ ဆိုင်းဘုတ်အားလုံးကလည်း ရှေးခေတ် ဒီဇိုင်းတွေချည်းပဲ။ ဘားတစ်ခုဆို တံခါးဘေးမှာ တာရာကော်တာပန်းအိုးလေးတွေတောင် ချိတ်ဆွဲထားသေးတယ်။ ပန်းအိုးထဲက ပန်းဖြူလေးတွေဟာ ကာဘူကီ-ချို ရဲ့ ဒီဇင်ဘာ လေအေးကြောင့် တဆတ်ဆတ် တုန်နေရှာတယ်။ ကိုမာ ပြဇာတ်ရုံဘက်က အရက်နံ့ ချွေးနံ့တွေ၊ အဝါနဲ့ ပန်းရောင် အလင်းတန်းတွေ ပျော်ဝင်ရင့်မှည့်နေတဲ့ ကာဘူကီ-ချို ရဲ့ လေအေး။ ဖရန့်ခ်ဟာလည်း ဒီလိုထူးခြားတဲ့ အဆင်အပြင်နဲ့ အတိတ်က လမ်းကြားလေးကို ကြည့်ရင်း တစ်ခုခု ခံစားရပုံပဲ။ အော်ဂေး လို့ နီယွန် ဆိုင်းဘုတ်လေး တပ်ထားတဲ့ ဘားတစ်ခုရှိတဲ့ လမ်းထောင့်မှာ ရပ်ရင်း လမ်းကြားလေးကို ချောင်းကြည့်နေတယ်။

“ခန်းဂျီးရေ၊ ဒီမှာတော့ ရွှေကြိုတွေ မရှိဘူးကွနော်”

ကျွန်တော် သူ့ကို ရှင်းပြရပြီ။ ဒီလမ်းကြားလေးထဲ လျှောက်တဲ့ လူတွေဟာ ဘယ်သွားမယ်၊ ဘာလုပ်မယ် ဆိုတာကို ဆုံးဖြတ်ပြီးတဲ့ လူတွေချည်းပဲ။ ဒီလမ်းကြားထဲမှာ ကလပ်တကာ လျှောက်ကြည့်ပြီး စျေးအပေါဆုံး ကလပ်ထဲဝင်မယ့် ငမူးများ လျှောက်လေ့ မရှိ။ လာလေ့ မရှိ။

“ဒါ ကာဘူကီ-ချို ရဲ့ မူလလက်ဟောင်း နေရာကလေးပေါ့ဗျာ”

“အဲဒီလိုလား၊ ဒီလိုနေရာမျိုးတွေ မြို့ကြီးတိုင်းမှာ ရှိပါတယ် ခန်းဂျီးရယ်၊ နယူးယောက်က တိုင်းစကွဲယားဟာလည်း အရင်က နှစ်သက်စရာ ဘားဆိုင်လေးတွေနဲ့ နေရာပေါ့၊ လိင်အရောင်းဆိုင်တွေ ဝင်မလာခင်အထိ ပေါ့လေ”

ဖရန့်ခ်က လွမ်းလွမ်းဆွေးဆွေးကြီး ပြောလိုက်ချိန်မှာတော့ ကျွန်တော် သူ့ကို တကယ်ပဲ နယူးယောက်သား အစစ်ဖြစ်မယ်လို့ ဆုံးဖြတ်လိုက်မိပြန်တယ်။ နီကီမြို့တော် မသိလို့ နယူးယောက်သား မဟုတ်ဘူးလို့ ပြောလို့ရပါ့မလား၊ နယူးယောက်သားတိုင်း နီကီမြို့တော်ကို ဖက်မွေးလာတာမှ မဟုတ်တာကို။

“ဒါနဲ့ ရှင်ဂျူကု ဘူတာရုံနားက အဆောက်အအုံကြီးမှာ တိုင်းစကွဲယား လို့ ဆိုင်းဘုတ်ကြီး တပ်ထားတာ တွေ့တယ်၊ အဲဒါ နောက်ထားတာလား”

“မနောက်ဘူးဗျ၊ အဲဒါ ကုန်တိုက်ကြီးပဲ”

“ဟာ... တိုင်းစကွဲယားဆိုတာ တိုင်းမ် တာဝါကြီး ကို အမှီသဟဲပြုပြီး ပေးထားတဲ့ နာမည်ကွ၊ နယူးယောက်တိုင်းမ်က ရှင်ဂျူကုမှာ အဆောက်အအုံများ ပိုင်လို့လား၊ မပိုင်လောက်ဘူး ထင်တယ်နော်”

“ဂျပန်တွေကတော့ အဲဒီလို နာမည်မျိုးပေးရင် မိုက်တယ်လို့ ထင်ကြတာပဲဗျ”

“မမိုက်ဘူးကွ၊ စိတ်အနှောင့်အယှက် ဖြစ်စရာ ကောင်းတယ်၊ ဂျပန်ဟာ အမေရိကန်ကို ဘာဖြစ်လို့ နေရာတကာ လိုက်တုနေရတာလဲ”

ဒီအတွက် ကျွန်တော့်မှာ အဖြေမရှိပါဘူး။ ဒါကြောင့် ဖရန့်ခ်ကို ဘယ် ဆက်သွားဦးမလဲ လို့ပဲ မေးလိုက်တယ်။ ချောင်းကြည့်ရှုံးပွဲ သွားချင်တယ်တဲ့၊ အကုန်ချွတ်ပြတဲ့ ဟာမျိုးကို ကြည့်ချင်တယ်တဲ့။ ဆိုတော့ ကျွန်တော်တို့ နောက်ကြောင်းပြန် လျှောက်ကြရတယ်။ ကူယာကူရှိ လမ်းပေါ်မှာ ချောင်းကြည့်ရှုံး မရှိဘူး၊ တရုတ် ကလပ်တွေရယ်၊ ကောင်မလေးတွေ အပြွတ်လိုက်ရှိတဲ့ ဂဲလ်လီဘားတွေရယ်၊ စားသောက်ဆိုင်တွေရယ်၊ အချစ်ဟိုတယ်တွေရယ်ပဲ ရှိတယ်။ အချစ်ဟိုတယ်တစ်ခု ရှိတဲ့ လမ်းထောင့်ကနေ ဆီဘူး ရှင်ဂျူကု ဘူတာဘက် ဦးတည်လျှောက်တဲ့အခါ ကိုယ်တိုင်မောင်း ကားအငှား နေရာတစ်

ခုကို ဖြတ်လာရတယ်။ ဒီနေရာမျိုးမှာ ဘယ်သူကများ ကားလာငှားမတဲ့တုံး။ လမ်းပေါ်မှာ ကားပါကင်ထိုးဖို့ နေရာတောင်မရှိတဲ့ နေရာမှာ ကားအငှားစင်တာ လာဖွင့်ထားသတဲ့လား။ တိုယိုတာကားငှားသည် ဆိုတဲ့ ဆိုင်းဘုတ် တံခွန်က တလွင့်လွင့်၊ နေရာသေးသေးလေးမှာ ဖုန်တသောသော တက်နေတဲ့ စတေရှင် ဝက်ဂွန်နဲ့ ဆီဒင်ကားတွေ ကျပ်ညပ်နေအောင် ထိုးထားတယ်။ ဒါတွေ ငှားမောင်းမယ့်အစားတော့ နေ့တိုင်း လမ်းပဲ လျှောက်မယ်ဆိုတဲ့ စိတ်ဖြစ်လာတယ်။ ဖရန့်ခ်ဟာ အက်ဂျီကော်လာကို ထောင်၊ လက်တွေကို အိတ်ထဲ ထိုးထည့်ရင်း လျှောက်နေတယ်။ သူ့နှာခေါင်းထိပ်က နီရဲနေတယ်။ အပေါ်ကုတ်အင်္ကျီ ရှည်လည်း မပါ၊ မာဖလာလည်း မပါ။ ဘီကီနီကလပ်ထဲက အနွေးဓာတ်ကလည်း ကုန်ပြီ။ ဒါပေမဲ့ သူကြည့်ရတာ ထင်သလောက် အေးပုံတော့ မပေါ်ပါဘူး။ ကျွန်တော်သာ အအေးဓာတ်က ကျောရိုးတလျှောက် စိမ့်တက်လာတာကို မချိမဆန့် ခံနေရပြီ။ ဖရန့်ခ်ရဲ့ အရိပ်က လမ်းပေါ်မှာ ထင်နေတယ်။ သူ့အရိပ်ကို ကြည့်ရတာ အတော် အထီးကျန်နေပုံပါပဲ။

အမေရိကန်တွေအားလုံး တစ်နည်းမဟုတ် တစ်နည်းတော့ အထီးကျန်ကြတယ်။ အကြောင်းရင်းကိုတော့ ကျွန်တော်မသိပါဘူး။ ကြည့်ရတာ အမေရိကန် အားလုံး နယ်မြေပြောင်းရွှေ့ အခြေချသူတွေမို့လို့လား မသိပါဘူး။ ဖရန့်ခ်ကတော့ တခြား အမေရိကန်တွေထက်ကို ပိုထူးခြားတယ်။ အဆင့်အသစ် တစ်ခုကို ပေါက်မြောက် ရောက်ရှိနေသလိုပဲ။ ပေါပေါပဲပဲ အဝတ်အစားတွေနဲ့ ဖြုတ်စဗျင်းတောင်း ညစ်တီးညစ်ပတ် ပုံစံကြောင့်လား မသိ။ သူ့အရပ်က ၁၇၂ စင်တီမီတာ ရှိတဲ့ ကျွန်တော့်ထက် ပုတယ်။ သိသိသာသာ ဝတယ်။ ရှေ့ကို ချဖြီးထားတဲ့ ဆံပင်က ပါးပါးနဲ့ဆိုတော့ ခုချိန်မှာ သူပြောတဲ့ ၃၅ နှစ် ဆိုတာထက် အများကြီး ပိုကြီးတဲ့ပုံ ပေါက်နေတယ်။ ဒါပေမဲ့ ဒါကြောင့်တော့ မဟုတ်ဘူး။ သူနဲ့ ပတ်သက်ရင် တစ်ခုခုတော့ မှားနေတာ သေချာတယ်။ သူပြောတာ အားလုံးက လုပ်ကြံဖန်တီးထားတာလို့ ကျွန်တော် ထင်နေတယ်။ စဉ်းစားနေတုန်း ရုတ်တရက် ဦးရေ အရေပြားတွေ တင်းလာတယ်။ ရှေ့မှာ အဝါရောင် ရဲသုံးတိပ်နဲ့ ကာထားတဲ့ အမှိုက်ပုံးတစ်ခု၊ ရဲတစ်ယောက် စောင့်နေတယ်။ အဲဒါ ကျောင်းသူလေး အလောင်းကို အပိုင်းပိုင်းခုတ်ပြီး ထည့်ထားတဲ့ အမှိုက်ပုံးပဲ။ ဦးနှောက်ထဲမှာ ကိစ္စတွေအားလုံး အရောရော အထွေးထွေး ဖြစ်ပြီး ကျောရိုးတစ်လျှောက် စိမ့်တက်လာတယ်။ သတင်းဆောင်းပါးထဲမှာ ကောင်မလေး ပိုက်ဆံအိတ်မှာ ပိုက်ဆံတစ်ပြားမှ မတွေ့ရဘူးလို့ ရေးထားတယ်။ ဘီကီနီ

ကလပ်ထဲမှာ ဖရန့်ခ်ထုတ်ပေးလိုက်တဲ့ ယန်းတစ်သောင်းတန်က သွေးလိုလို အကွက်။ ပြောတော့ တိုယိုတာ အစိတ်အပိုင်းတွေ တင်သွင်းသတဲ့။ ခု တိုယို တာကားတွေ တန်းစီထားတဲ့ ကားဌားလုပ်ငန်းနေရာကို ဖြတ်လာတော့ သူ သတိပြုမိပုံတောင် မပေါ်ဘူး။

ဒါတွေဟာ ကြံုရာကျပန်း ပေါ်လာတဲ့ အတွေးစတွေပါကွာလို့ ကိုယ့် ကိုယ်ကိုယ် ပြန်ပြောမိပေမယ့် သံသယကို ခါချလို့ မရဘူး ဖြစ်နေတယ်။ ကဲ... အေးအေးဆေးဆေး ယထာဘူတကျကျ စဉ်းစားစမ်းပါကွာ။ သူ့ အလုပ်အကိုင် အကြောင်း မုသားပြောလို့၊ ငွေစက္ကူမှာ စွန်းနေလို့၊ ဒါနဲ့ပဲ လူတစ်ယောက်ကို လူသတ်သမားလို့ သံသယ ဝင်ရရောလား။ သူက ကားရေဒီယေတာ တင်ပို့သူ ပဲ၊ ကားတစ်စီးလုံး စိတ်ဝင်စားပါ့မလား၊ သူ တင်ပို့တဲ့ အပိုင်းပဲ စိတ်ဝင်စားမှာ ပေါ့။ ဒါက ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်ပြောမိနေတာပါ။ ဒါပေမဲ့ တခြား တစ်စုံတစ်ယောက်ကို ပြောပြချင်တယ်။ ထင်မြင်ချက်ကို ပြောပြချင်တယ်။ ဘယ်သူ့ကို ပြောပြရပါ့မလဲ။ စဉ်းစားမိတာကတော့ ကျွန်တော့်ကောင်မလေး ဇွန်ပဲ။

“ဆယ့်တစ်နာရီ ထိုးခါနီးပြီ၊ ကျွန်တော်တို့ သဘောတူထားတာ သုံးနာရီ စာနော်၊ သန်းခေါင်အထိနော်”

နာရီကို ကြည့်ရင်း ကျွန်တော် ဖရန့်ခ်ကို ပြောလိုက်တယ်။

“အိုး... ဟုတ်တယ်လေ၊ ဒါပေမဲ့ ခုမှ သွေးပူခါစ ရှိသေးတယ်၊ နောက်ထပ် နှစ်နာရီလောက် ဆက်ယူမယ်ကွာ၊ ကျသလောက်ပေါ့”

“အင်း... တကယ်တော့ ကျွန်တော့် ကောင်မလေးကို ကတိပေး ထား...”

ဖရန့်ခ်ဟာ မျက်မှောင်ကြီး ကြုတ်လိုက်တယ်။ သူ့မျက်လုံးတွေ၊ အရောင် တွေ။ ချီးတဲ့မှပဲ၊ ဟို နွားမျက်နှာပေးကြီး ပြန်ဖြစ်လာပြန်ပြီ။ ဒါနဲ့ပဲ ကမန်းကတန်း ပြောရတယ်။

“ဒါပေမဲ့ အလုပ်ကို ဦးစားပေးရမှာပေါ့၊ ကျွန်တော် သူ့ဆီ ဖုန်းဆက် ပြော လိုက်ပါ့မယ်”

ကိုမာ ပြဇာတ်ရုံရှေ့က အများသုံး ဖုန်းရုံဆီ ကျွန်တော် ဦးတည်လိုက် တယ်။ မိုဘိုင်းဖုန်းကို မသုံးချင်ဘူး။ ဖရန့်ခ်က ဂျပန်စကားကို နားမလည်တာ

သေချာပေမယ့် သူ ကျွန်တော့်နား ကပ်ရပ်ပြီး ကျွန်တော် ဇွန်နဲ့ စကားပြောတာကို နားထောင်နေမှာ မလိုလားဘူး။ သူနဲ့ ကျွန်တော့်ကြား ဖုန်းရုံက မှန်ချပ်တွေကာထားတာကို ကြည့်ပြီး စိတ်သက်သာရာ ရမိတယ်။ ဒီအချိန်လောက်ဆို ဇွန်ဟာ ကျွန်တော့်အခန်းမှာ များသောအားဖြင့် ရှိနေတတ်တယ်။ ကျွန်တော် ပြန်လာတာကို စောင့်နေတာမျိုး မဟုတ်ဘူး။ အဲဒီမှာ စာဖတ်ချင်ဖတ်၊ သီချင်းနားထောင်ချင်ထောင်၊ သူလုပ်ချင်တာ လွတ်လွတ်လပ်လပ် လုပ်လို့ရတယ်။ သူ့အိမ်မှာဆို အဲဒီလို နေလို့မရဘူးလေ။ သူငယ်ငယ်ကတည်းက သူ့မိဘတွေကွာရှင်းထားကြတာ။ ခု သူက သူ့အမေရယ်၊ သူ့မောင်လေးရယ်နဲ့ အတူနေတာ။ သူ့အမေကို သူငယ်ချင်းအိမ်မှာ စာကျက်နေတယ်လို့ ပြောထားတဲ့အတွက် ညသန်းခေါင်မှ ပြန်လာလည်း ဘာမှ သိပ်မမေးဘူးတဲ့လေ။

“ဟယ်လို-အိုး-ဟိုင်း... ခန်းကျိုး”

သူ့အသံလေး ကြားလိုက်ရတဲ့အခါ စိတ်သက်သာရာ ရသွားတယ်။ ၁၆ နှစ်သမီးလေးရဲ့ အသံဟာ ခပ်တိုးတိုး ခပ်အက်အက်ကလေး။

“ဟိုင်း... ဘာလုပ်နေလဲ ဇွန်”

“ရေဒီယို နားထောင်နေတယ်”

ဇွန်ရဲ့အမေဟာ အာမခံကုမ္ပဏီ တစ်ခုရဲ့ အရောင်းဌာနမှာ အလုပ်လုပ်တယ်။ ဇွန်က သူ့အမေကို သိပ်ချစ်တယ်။ သူ့အမေ သူ့ကို လုပ်ပေးတာ မှန်သမျှကို တန်ဖိုးထားတယ်။ တာကိုင်းဒိုးက သူတို့ တိုက်ခန်းဟာ အခန်းနှစ်ခန်းနဲ့ မီးဖိုချောင်ပဲပါတာ။ သူ့အမေက နေ့တိုင်း ညနက်တဲ့ထိ တပင်တပန်း အလုပ်လုပ်ရတဲ့အတွက် ဇွန့်အနေနဲ့ ပိုကြီးတဲ့ တိုက်ခန်းကို ပြောင်းကြပါစို့လို့ မပြောသာဘူးလေ။ တကယ်တော့ ကျွန်တော် ဇွန့်ကို ကာဘူကီ-ချို မှာပဲ ဆုံခဲ့တာပါ။ ဇွန်ဟာ ခန္ဓာကိုယ် ရောင်းစားတဲ့ ဖာစစ်စစ်တော့ မဖြစ်သေးဘူး။ ဒါပေမဲ့ အဲဒီအချိန်မှာ အလျော်အစားပေးပြီး ဒိတ်လုပ်တဲ့ အဆင့် ရောက်နေပြီ။ ဖာပေါက်စဖြစ်ဖို့ လက်နှစ်လုံးအလို ဆိုပါတော့။ ဘိုးတော်ကြီးတွေနဲ့ ဒင်နာစား ကာရာအိုကေ လိုက်သွား၊ ဒါဆို ယန်းငါးထောင်ကနေ နှစ်သောင်းအထိ ရသတဲ့။ ကျွန်တော်တို့ အဲဒီအကြောင်းကို အစလုပ်ပြီး မပြောမိဖို့ သတိထား ကြတယ်။

“ကိုယ် ခုထိ အလုပ်လုပ်နေရတုန်းပဲ”

“အို... သနားစရာ၊ အပြင်မှာ အရမ်းအေးနေပြီ။ သူများ ရိုင်ဆိုတို (မြောက်ပိုင်း အီတလီထမင်းပေါင်း) လုပ်ထားတယ်၊ အိုးထဲမှာ ရှိတယ်”

“အေးပါ၊ ကျေးဇူးပါ ဇွန်ရယ်၊ ခု ဧည့်သည်က ငကြောင်ကွ”

“ဟင်... ဘယ်လိုကြောင်တာလဲ”

“သေချာတော့ မသိဘူး၊ ဒါပေမဲ့ သူဟာ လူလိမ်ဆိုတာ သေချာတယ်”

“ဘာဖြစ်လို့လဲ၊ ပြောထားတဲ့အတိုင်း ငွေမရှင်းဘူးလား”

“အဲဒီလို မဟုတ်ဘူး၊ ဒါပေမဲ့ သံသယဖြစ်စရာ ကောင်းတယ်”

ကျွန်တော် သူ့ကို သွေးစွန်းနေတဲ့ ငွေစက္ကူကိစ္စနဲ့ တိုယိုတာကားကိစ္စ အကြမ်းဖျင်း ပြောပြလိုက်တယ်။

“အဲဒါကြောင့်မို့ သူ့ကို လူသတ်သမားလို့ ထင်တာလား”

“အင်း ကိုယ်ရူးမိတာ နေမယ်နော်”

“မသိဘူးလေ၊ သူများမှ အဲဒီလူကို မမြင်ဖူးတာ၊ ဒါပေမဲ့...”

“ဘာလဲ”

“သူ ဘာကို ဆိုလိုတယ်ဆိုတာ သူများ သိတယ်ထင်တယ်”

“ဘာအကြောင်းကိုလဲ”

“ဟိုကောင်မလေး အသတ်ခံရတဲ့ ကိစ္စလေ၊ အဲဒါကို သူ စိတ်စွဲနေတာ မဟုတ်လား၊ အဲဒီလို သတ်တာမျိုးကို ဂျပန်တွေ လုပ်လေ့ မရှိဘူးလေ၊ အဲဒီလို တွေးမိတယ်၊ ဒါနဲ့ ခု အဲဒီလူ ဘာလုပ်နေလဲ”

ဖုန်းပြောနေတုန်း ကျွန်တော် ဖရန့်ခ်ကို တောက်လျှောက်ကြည့်နေတာ။ သူ ကျွန်တော့်ကို ခဏတစ်ဖြုတ်တော့ ကြည့်နေတယ်။ နောက်တော့ ပျင်းသွားတယ် ထင်တယ်။ လမ်းတစ်ဖက်က ဆိုင်တွေကို လျှောက်ကြည့်နေတယ်။

“သူ ဓာတ်ပုံထုတ်စက်ကို ကြည့်နေတယ်”

“ဘာရယ်”

“စက်က ဓာတ်ပုံရိုက်ပေးပြီး စတစ်ကာ လှလှလေးတွေနဲ့ ပရင့်အောက် ထုတ်ပေးတဲ့ စက်လေ၊ အဲဒါ ဘယ်လို အလုပ်လုပ်တယ် ဆိုတာကို သူ သိပုံမရဘူး၊ ကောင်မလေးတွေ ဓာတ်ပုံရိုက်ဖို့ ပို့စ်ပေးနေတာကို သူ ကြည့်နေတယ်”

“အဲဒါဆို အဆင်ပြေမှာပါ ခန်းကျီးရယ်၊ လူသတ်သမားက ဓာတ်ပုံထုတ် စက်ကို စိတ်ဝင်စားပါ့မလားဟယ်”

အင်း... ဒါလည်း ဟုတ်သားပဲ။ ဇွန်က ဆက်ပြောတယ်။

“ခန်းကျီး အဲဒီ ဘဲနဲ့ ဓာတ်ပုံတွဲရိုက်ခဲ့ကွာ၊ သူ ဘယ်လိုရုပ်လဲဆိုတာ သူများ ကြည့်ချင်တယ်”။

ကျွန်တော် အာမဘန္တေခံပြီး ဖုန်းချလိုက်တယ်

“အဲဒါ ဘာလဲ ခန်းကျီး၊ ကောင်မလေးတွေကတော့ ပျော်နေပုံပဲ၊ ကြည့်ရတာ ဓာတ်ပုံရိုက်တာ ထင်တယ်၊ ပတ်စ်ပို့ဓာတ်ပုံ ရိုက်တဲ့ဟာမျိုးလား”

ကျွန်တော်သူ့ကို အချိန်ပေး ရှင်းပြမလို့ပဲ။ ဒါပေမဲ့ ကျွန်တော်တို့ နောက်မှာ မူးနေတဲ့ ရုံးဝန်ထမ်း တစ်ယောက်နဲ့ သူ့ကောင်မလေးက ရပ်စောင့်နေတယ်။ အဲဒီလူ မျက်နှာမာချက်ကတော့ ပက်စက်တယ်။ ကျည်ဆန်ရထားတောင် သူ့မျက်နှာပြလိုက်ရင် ရပ်ပေးရမယ့် ရုပ်မျိုး။ သူက ကျွန်တော်တို့ကို

မျက်နှာဆိုးကြီးနဲ့ ကြည့်ပြီး မြန်မြန်လုပ်တဲ့။ ဒါကြောင့် ဖရန့်ခ်နဲ့ ကျွန်တော် ဓာတ်ပုံရိုက်ဖို့ စိုင်းပြင်းတယ်။ ဟိုမျက်နှာဆိုးကို တစ်မိနစ်လောက်ပဲလို့ ကမန်းကတန်း ပြောရတယ်။ ဖရန့်ခ်က အကြွေမပါဘူးဆိုလို့ ဓာတ်ပုံစက်ထဲ ကျွန်တော်ပဲ ပိုက်ဆံထည့်ရတယ်။ ဓာတ်ပုံရိုက်ဖို့ နောက်ခံ ဘက်ဂရောင်းကို ရွေးတယ်။ ဂျပန်စတိုင် ယာကီတိုရီ ဘက်ဂရောင်းနဲ့ ရိုက်မယ်လည်း လုပ်ရော ဖရန့်ခ်က ထဖောက်ပါလေရော။ နှစ်ယောက်တွဲ ရိုက်မယ်တဲ့။

“ဟိုကောင်မလေးတွေဆို အားလုံးစုရိုက်တာ မင်းနဲ့ငါနဲ့လည်း အတူတူ ရိုက်မယ် လာ”

အတူတူရိုက်ချင်ရင် သူနဲ့ ကျွန်တော် ပါးချင်းကပ်ထားရမှာ။ မကပ်ချင်ပါဘူး။ ယောကျ်ားအချင်းချင်း ပါးချင်းကပ် ရိုက်စရာလား။ ပြီးတော့ သူ့ အရေပြားကြီးကလည်း တစ်မျိုးကြီး။ အရောင်တောက်တောက်၊ ဖောသွပ်သွပ်၊ ပွစိစိနဲ့ လူ့အရေပြား မဟုတ်သလိုကြီး၊ မျက်နှာအမူအရာ တစ်ခုခု လုပ်လိုက်ရင် တွန့်တက်သွားသေးတာ။ ဒါပေမဲ့ ရရိုးလား။ ဖရန့်ခ်ဟာ ကျွန်တော့်မျက်နှာနဲ့ သူ့ မျက်နှာ အတင်း ကပ်ပစ်လိုက်ပြီး “အိုကေ… ခန်းဂျီး ရိုက်တော့ကွ” တဲ့။

သူ့ပါးကြီးက အေးလိုက်တာ။ ရေငုပ်ဝတ်စုံက စီလီကွန်တွေနဲ့ ထိရတဲ့ အတိုင်းပဲ။

※

“ဟော့… ခန်းဂျီး၊ မင့် ဂိုင်ဂျင်က တကယ့်လူပျော်ဆို”

ဘီကီနီကလပ်နားက ပြန်ဖြတ်တော့ ဆာတိုရှိနဲ့ ပြန်ဆုံရတယ်။ ခုဆို ယန်း ၇၀၀၀ ပဲနော်၊ အပိုကြေး လုံးဝမပါဘူးလို့ သူ တကြော်ကြော် အော်နေတယ်လေ။ သူ့ကို ကြည့်ရင်း ကာဘူကီ-ချို ရဲ့ ဘဝတွေကို ပိုနားလည်လာတယ်။ သူပြောသလို ကာဘူကီ-ချို ဟာ လွယ်လွယ်လေးပါ၊ ဂုဏ်သိက္ခာတို့ အရှက်တို့ မရှိဖို့ပဲ လိုတာလေ၊ ငွေအတွက်ပဲ ကြည့်၊ မဟုတ်ရင် လစ်ပေတော့ပဲ။ ဖရန့်ခ်ကတော့ ခုနက ရိုက်လာတဲ့ ဓာတ်ပုံတွေကို ကြည့်ရင်း ဖြည်းဖြည်း လျှောက်လာတယ်။ ကျွန်တော် ဆာတိုရှိကို ကသောကမျော မေးလိုက်တယ်။

“သူ့အကြောင်း စားပွဲထိုးတွေ ဘာပြောသေးလဲ၊ သူပေးတဲ့ ပိုက်ဆံ အကြောင်းကော”

“ဘာမှမပြောပါဘူး၊ ဘာဖြစ်လို့လဲ”

အင်း... ဒီ ငွေစက္ကူကိစ္စကို ဖိစီးမှုဖြစ်နေတာ ကျွန်တော် တစ်ယောက်ပဲ ရှိတယ်ထင်တယ်။ ကဲ... မေ့ပစ်လိုက်မှပဲလေ။ ကျွန်တော် စိတ္တဇ အစွဲအလမ်း ဖြစ်နေတယ်လို့ ဇွန့်ကို မပြောချင်ပါဘူး။ မနက်က ကျောင်းသူကောင်မလေး အလောင်း အကြောင်းရယ်၊ လူမရှိတဲ့ ကားဌားဌာန မြင်ကွင်းရယ်ကို ဆက်စပ်ပြီး ခပ်ကြောင်ကြောင် အတွေးတွေ တွေးမိနေတာ နေမယ်။ ကဲပါလေ ထားလိုက်ပါတော့။

“ခု သူ ချောင်းကြည့်ရှုံး သွားချင်သတဲ့၊ ဒီအချိန် ကောင်းတာလေးများ ရှိလား”

ကျွန်တော် ဆာတိုရှီကို မေးလိုက်တယ်။

“ဟာ... သားရီးရ၊ မင်း သိရဲ့သားနဲ့၊ အဲဒါတွေ အားလုံး အတူတူချည်းပဲလေကွာ”

သူ ဖရန့်ခ်ဘက် လှည့်ကြည့်ပြီး ပြောလိုက်တယ်။ ဒီနားကဟာတွေ ကြိုက်တာသာ ဝင်ပါကွာ တဲ့။ အနီးဆုံး ချောင်းကြည့်ရှုံးက ကျွန်တော်တို့ ရှေ့တည့်တည့်က အဆောက်အအုံကြီးရဲ့ ခြောက်ထပ် မြောက်မှာလေ။

※

“မရဘူးကွ ခန်းဂျီးရ”

ဖရန့်ခ်က ခေါင်းကို တွင်တွင်ခါတယ်။

“မင်းပါ အထဲလိုက်ခဲ့ရမှာကွ အပေါက်ဝမှာ ကျွန်တော် အပြင်က စောင့်မယ်လို့ ပြောလိုက်တဲ့အခါ ဖရန့်ခ်က မရဘူးတဲ့။ ယန်းငါးထောင်နဲ့ နှစ်ယောက်စာ ဝင်ကြေးပေးလိုက်တယ်။ ရှုံးက စနေပြီမို့ ဧည့်ကြိုကောင်တာနားက ဆိုဖာသေးသေးလေးမှာ ထိုင်စောင့်ရတယ်။ ရှုံးပွဲစပြီးမှ ရောက်လာတဲ့ လူတွေကို ပေးမဝင်သေးဘူးကိုး။ ဒါပေမဲ့ ရှုံးပွဲက ဆယ်မိနစ်လောက်ပဲ ကြာတာပါလေ။

နံရံမှာတော့ ဒီကလပ်ဟာ အရင် ညဘက် တီဗွီအစီအစဉ်မှာ ပါခဲ့ဖူးတဲ့ ဓာတ်ပုံတွေကို ချိတ်ထားတယ်။ အတော် ဟောင်းနေပါပြီ။ ကာလာတွေတောင်

မှိန်နေပြီ။ ဆယ်လီဘရစ်တီ သတင်းထောက်ရဲ့ အမှတ်တရ ထိုးထားတဲ့ လက်မှတ်တောင် ပျောက်ကွယ်လုနီးနီး ဖြစ်နေပြီ။

“ညဉ့်နက်တဲ့ထိ အလုပ်လုပ်တာကို မင်း ကောင်မလေးက နားလည်မှု ရှိရဲ့လား”

ဖရန့်ခ်က ကျွန်တော့်ကို မေးလာတယ်။

နံရံပေါ်က ဂျပန်လို၊ အင်္ဂလိပ်လို ရေးထားတဲ့ စာတန်းတစ်ခုကို သူ ဖတ်ရင်း မေးတာ။

ဤကလပ်သည် ရုပ်မြင်သံကြားတွင် ဖော်ပြခြင်းခံရသော ထိပ်တန်း ချောင်းကြည့်ရှူးပွဲကို တင်ဆက်သည်တဲ့။

“ရပါတယ်၊ ပြဿနာ မရှိပါဘူး”

“ကောင်းတာပေါ့၊ ဒါနဲ့ ဒီနေရာက ဘယ်လိုစနစ်နဲ့ အလုပ်လုပ်တာလဲ”

ရှူးပွဲမှာ ဖွင့်ထားတဲ့ ဂီတသံက ဒီနားအထိ လျှံကျလာတယ်။ သီချင်း ခေါင်းစဉ်တော့ မသိပါဘူး။ ဒိုင်ယာနာရော့စ် ရဲ့ သီချင်းပဲ။ ကျွန်တော် သူ့ကို ရှင်းပြတယ်။ ရှူးပွဲတွေဟာ သီချင်း သုံးလေးပုဒ်စာ ကြာတယ်။ ကောင်မလေး တစ်ယောက် ထွက်လာ၊ စည်းချက်ညီကပြီး အဝတ်တွေ ချွတ်၊ အဲဒီအချိန်မှာ ခင်ဗျား ရထားတဲ့ အခန်းကျဉ်းလေးထဲ မိန်းမတစ်ယောက် ရောက်လာပြီး အထူးဝန်ဆောင်မှု အလိုရှိသလား မေးလိမ့်မယ်။

“အထူးဝန်ဆောင်မှု ဟုတ်လား”

“လက်နဲ့ လုပ်ပေးတာပါ၊ အပိုကြေး ယန်း သုံးထောင် ထပ်ပေးရမယ်”

ဖရန့်ခ်ဟာ ဒီစကားကြားလိုက်ရတဲ့အခါ ဆတ်ခနဲ ခေါင်းထောင် ထလာတယ်။

“လက်နဲ့ လုပ်ပေးတာ၊ လက်နဲ့”

သူဟာ ဒီစကားကို ဆီမန်းမန်းသလို ရေရွတ်နေတယ်။ ဒီစကားလုံးတွေကို ခုလို ခံစားချက်နဲ့ တတွတ်တွတ် ရွတ်နေတဲ့လူမျိုး မမြင်ဖူးပါဘူး။ မကြုံက်ရင် ယူစရာမလိုပါဘူးလို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။

“ခင်ဗျားက အစုံလျှောက်ကြည့်ချင်တာ ဆိုတော့ လက်နဲ့ လုပ်ပေးတာကို မလိုချင်ဘူး ထင်တယ်”

“အို... အိုကေပါ၊ ငါ့ လိင်ဆန္ဒက ပြင်းထန်တယ်ကွ၊ ငါက ငထန်ကွ၊ ဏာစူပါမန်းကွ”

ဖရန့်ခ်က ကျွန်တော့်ကို ကြည့်ပြီး ပြောတယ်။

ဏာစူပါမန်း၊ ဒါ သူ့စကားလုံးအတိုင်း အတိအကျပဲ။

“ဒါဆိုလည်း အဲဒီမိန်းမ ရောက်လာပြီး လာမေးရင် ယက်စ်လို့သာ ပြော ဗျာ”

“ဟုတ်ပြီလေ၊ ပြောမယ်၊ ငါ မစောင့်နိုင်တော့ဘူးကွ”

မစောင့်နိုင်တော့ဘူးသာ ပြောတယ် သူ့ကြည့်ရတာ ဟန်မဆောင်နိုင် လောက်အောင် ငြီးငွေ့နေပုံပဲ။ သူက သက်ပြင်းကြီးချလိုက်ပြီး အပတ်စဉ်ထုတ် မဂ္ဂဇင်းတစ်စောင်ကို ကောက်ကိုင်တယ်။ ကာလာဓာတ်ပုံတွေထဲက ပထမဆုံး ပုံက ဟီဒီရိုနိုမိုရဲ့ လော့စ်အိန်ဂျယ်လီးစ် ဒေါ့ဂျာ ယူနီဖောင်းနဲ့ပုံ။ နိုမိုဟာ ဒုတိယ ရာသီအတွက် စာချုပ်ကို လက်မှတ် မထိုးရသေးဘူးလို့ ရေးထားတယ်။ ဖရန့်ခ် က အဲဒီပုံကို လက်ညှိုးနဲ့ထောက်ရင်း -

“ဘော့စ်ဘောဟာ ဂျပန်မှာလည်း အတော် ခေတ်စားပုံရတယ်နော”

လို့ ပြောလိုက်တယ်။

ပထမတော့ သူ ဟာသလုပ်နေတာလို့ ကျွန်တော် ထင်မိတယ်။ ဂျပန်ကို စီးပွားရေးလုပ်ငန်းကိစ္စနဲ့ လာတဲ့ အမေရိကန် တစ်ယောက် နိုမိုကို မသိဘူးဆို တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလေ။ တစ်ထောင်မှာ တစ်ယောက်တောင် ရှိမှာ မဟုတ်ဘူး။ နိုမိုဟာ အမေရိကန်တွေကြားမှာ လူသိအများဆုံး သက်ရှိထင်ရှား ဂျပန်တစ်ယောက်။ အင်းလေ၊ နိုမို အကြောင်း ဆွေးနွေးရတာလည်း တစ်မျိုး တော့ ကောင်းပါတယ်။ ဖရန့်ခ်ဟာ ပုံကြီး ပြူးနေအောင် မြင်တာတောင် နိုမိုကို ဂျပန်မှာ ကစားနေတာလို့ ထင်နေတယ်။ ဂျပန်က တိုယိုတာကား အစိတ်အပိုင်းတွေ နိုင်ငံတကာကို တင်သွင်းနေတယ် ဆိုတဲ့ စီးပွားရေးသမား တစ်ယောက်ဟာ နိုမို ဘယ်သူလဲဆိုတာ မသိဘူးတဲ့။

“နိုမိုက လော့အိန်ဂျလီးစ် ဒေါ့ဂျာမှာ ကစားနေတာပါ”

ဖရန့်ခ်က ပုံကို ဇဝေဇဝါနဲ့ ပြန်ကြည့်တယ်။

“အေးဟ... ဟုတ်သားပဲ၊ ဒေါ့ဂျာဝတ်စုံနဲ့ပဲ”

“အဲဒါ နိုမိုပါ၊ အင်မတန် ထင်ရှားကျော်ကြားတဲ့ ဘော့စ်ဘော ကစားသမား၊ ပြီးခဲ့တဲ့ ရာသီက နိုးဟစ်-နိုးရန်း ပွဲ စွမ်းဆောင်ထားတာလေ”

ကြည့်ရတာ ဖရန့်ခ်ဟာ ဘော့စ်ဘောအကြောင်း ဘာမှသိပုံမရဘူး။ အဲဒီလို ဘာမှမသိဘူးဆိုရင် သူပြောနေတာတွေက ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိမှာ။ ခုတော့ မဟုတ်ဘူး၊ သူက အစဆွဲထုတ်လိုက်ပြန်တယ်။

“နိုးဟစ်-နိုးရန်း တဲ့လား၊ အား... ငါ စောက်ရမ်းလွမ်းသွားပြီ ငါ့မိသားစုမှာက ယောကျ်ားလေးတွေချည်းပဲ၊ ညီအစ်ကို တစ်သင်းပေါ့၊ ငါက အငယ်ဆုံး၊ ငါတို့အားလုံး ဘော့စ်ဘော ကစားကြတယ်၊ ငါတို့က ပြောင်းခင်းကြီးတွေ မျက်စိတစ်ဆုံး မြင်ရတဲ့ တောပိုင်းမှာနေတာ၊ နွေရာသီဆို ဘော့စ်ဘောချည်း ကစားနေကြတာ၊ တခြားလုပ်စရာလည်း ဘာမှ သိပ်မရှိဘဲကိုး၊ ငါ့အဖေကလည်း ဘော့စ်ဘော ပရိသတ်ပဲလေ၊ ငါ ရှစ်နှစ်သားတုန်းက ဒုတိယအကြီးဆုံးအစ်ကိုဟာ နိုးဟစ်-နိုးရန်းပွဲ ရခဲ့တာပေါ့”

လွန်ခဲ့တဲ့ တစ်နာရီလောက်တုန်းကတော့ သူ့မှာ အစ်မနှစ်ယောက် ရှိသတဲ့၊ အဲဒီ အစ်မနှစ်ယောက်နဲ့ သူနဲ့ တီဗွီကနေလာတဲ့ လူရွှင်တော်လုပ်တမ်းကစားကြတာတဲ့။ ခုတော့ ယောကျ်ားလေးတွေချည်း မွေးထားတဲ့ မိသားစုမှာ ဘော့စ်ဘောမှတစ်ပါး အခြားမရှိ ဖြစ်ပြန်ပြီ။ ပြဿနာက သူ လိမ်နေစရာ မလိုတာကို လိမ်ပြောနေတာပဲ။ နိုမို ဘယ်သူမှန်းမသိတာ စိတ်အနှောင့်အယှက် ဖြစ်စရာပေမယ့် ဒီအတွက် လုပ်ဇာတ်တစ်ခု ဖန်တီးနေစရာ မလိုဘူးလေ။ ဒါ အရေးကြီးတဲ့ စီးပွားရေးလုပ်ငန်း ကိစ္စတွေ ပြောနေတဲ့ ကွန်ဖရန့်စ်ကြီးမှ မဟုတ်တာ။ ဒါက ချောင်းကြည့်ရှုံးပွဲ စောင့်တဲ့နေရာလေ။ ကျွန်တော်ကလည်း သူ့စီးပွားဖက် ပါတနာ မဟုတ်ဘူး။ လိင်လမ်းညွှန် ကောင်လေးပဲကိုး။ ဩော်... နိုမိုတဲ့လား၊ ငါ မကြားဖူးဘူးကွာလို့ ပြောလိုက်လည်း ပြီးနေတာပဲ။ ကဲလေ... အဲဒါကို နှစ်ခါပြန် စဉ်းစားမနေတာ ကောင်းပါတယ်။

“ငါတို့နေတဲ့နေရာက လွင်တီးခေါင်ပြင်ကြီးကွ၊ ဒါပေမဲ့ အဲဒီကလူတွေက ဘီယာချက်တာ သိပ်ကောင်းတယ်၊ ဘွဲ့စ်ဘော ကစားလိုက်၊ ဘီယာသောက်လိုက်နဲ့ နေကြတာပေါ့ကွာ၊ ငါငယ်ငယ်ကတည်းက သူတို့ အတင်းတိုက်ကြတာပဲ၊ ဘီယာတစ်လုံးမှ ကုန်အောင် မချနိုင်ရင် ယောကျ်ားမဟုတ်ဘူးတဲ့လကွာ၊ အမေရိကန် ကျေးလက်ဒေသလေ၊ ပြောင်းခင်းတွေက မျက်စိတစ်ဆုံး၊ ကောင်းကင်က ပြာလဲ့ပြီး နွေဆို မီးဟုန်းဟုန်း တောက်မတတ် ပူတာကွာ၊ နေလုံးကြီးက မင်းကို တူနဲ့ ထုထုချနေသလိုပဲ၊ တော်ရုံတန်ရုံ လူလောက်ကတော့ အဲဒီမှာ ရပ်နေရင်းနဲ့ကို မေ့လဲသွားလောက်တယ်၊ ဒါပေမဲ့ ငါတို့ဟာ ဘွဲ့စ်ဘော ကစားနေရရင် ပူတာကို မေ့နေကြတာပဲ၊ ပူတယ်လို့တောင် မခံစားရဘူး၊ နေပူကျဲတဲထဲ ကွင်းပြောင်ကြီးမှာ အကြာကြီး ကစားနေတာကို အေးအေးဆေးဆေးပဲကွ၊ ဘောလုံးပစ်တဲ့ ကောင်ကပစ်၊ ရိုက်တဲ့ကောင်က ရိုက်၊ လောကကြီးကို မေ့လို့ပေါ့”

ဖရန့်ခ်ဟာ အတိတ်က ကိစ္စတွေကို ပြန်ပြောင်းပြောရင်း စိတ်လှုပ်ရှားတယ် ထင်ပါရဲ့။ ပြောတာ မြန်လာတယ်။ သေချာမကြားလိုက်မှာစိုးလို့ ကျွန်တော် အတော်အာရုံစိုက်ပြီး နားထောင်ရတယ်။ ဒါပေမဲ့ သူပြောတာ နားထောင်ရင်း ကျွန်တော် ငယ်ငယ်က အကြောင်းတွေကို ပြန်သတိရလာတာကိုး။ အလယ်တန်းကျောင်းသား ဘဝကတည်းက ကျွန်တော် ဘွဲ့စ်ဘော ကစားခဲ့တာလေ။ ကျွန်တော်တို့အသင်းက အကောင်းကြီးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နွေရာသီ လေ့ကျင့်ခန်းတွေ ကစားခဲ့ရတဲ့ ပွဲတွေကို ဘယ်တော့မှ မမေ့ဘူး။ ခုနက ဖရန့်ခ် ပြောလိုက်တာ တစ်ခုတော့ မှန်တယ်။ ဘယ်လောက်ပူပူ ကစားမိပြီဆိုရင် ပူတာကို မေ့သွားတာပဲ။ ဒီအတွေ့အကြုံရှိတဲ့ လူတိုင်း နွေ ဆိုတဲ့ စကားလုံးနဲ့ ဘွဲ့စ်ဘောဆိုတဲ့ စကားလုံးနှစ်လုံးကို ကြားလိုက်ရရင် မြက်ခင်းရနံ့၊ မြေကြီးရနံ့နဲ့ ဆီသုတ်ထားတဲ့ သားရေနံ့တွေ အာရုံထဲမှာ ကြိုင်လာ လှိုင်လာမှာပဲလေ။ ကျွန်တော့် အတိတ်လွမ်းဝေဒနာက သိပ်ပြင်းထန်လာတဲ့အတွက် ဖရန့်ခ်ဟာ လုပ်ဇာတ်ခင်းနေတယ် ဆိုတာ သေချာသလောက် ရှိနေတာကိုတောင် မေ့သွားခဲ့တယ်။

“သိပါတယ်ဗျာ၊ အသင်းက နေရာယူပြီးလို့ နှစ်ခါလောက် ရန်းပြီးပြီ၊ ဘွဲ့စ်တွေ ဖြည့်ပြီးပြီဆိုရင် ပူတာကို မေ့သွားပြီလေ၊ ဒါပေမဲ့ တစ်စက္ကန့်လောက် မျက်စိပိတ်လိုက်တာနဲ့ မီးဖိုကြီးထဲ ရောက်နေသလိုပဲလေ၊ နွေရာသီ ဘွဲ့စ်

ဘော ကစားတာထက် ပူတဲ့ အပူမျိုး လောကမှာ မရှိဘူး၊ ဒီလောက် လွမ်းစရာ ကောင်းတဲ့ ကိစ္စမျိုးလည်း မရှိနိုင်ဘူးလေ”

ကျွန်တော် ဒီစကားလုံးတွေကို ဘာမှ သိပ်မစဉ်းစားပဲ ပြောလိုက်တယ်။ ပါးစပ်က အလိုလို ထွက်ကြလာတာ ဆိုပါတော့၊ သဒ္ဒါ မှန်မမှန်လည်း သတိ မ ထားမိတော့ပါဘူး။

“ဒါဆို မင်းလည်း ဘော့စ်ဘောကစားတယ်ပေါ့”

ဖရန့်ခ်က လေအေးကြီးနဲ့ မေးလိုက်တယ်။ သိပ်စိတ်လှုပ်ရှားပုံ မပေါ်ဘူး။

“အင်း-အင်းလေ ကစားတာပေါ့”

ကျွန်တော် ဂုဏ်ယူစွာနဲ့ ဖြေလိုက်တယ်။ အင်း... ခု ကျွန်တော် စဉ်းစားမိ နေတာက ဖရန့်ခ်ဟာ ကျွန်တော့်လို ဂျပန်တစ်ယောက် နားလည်ရ ခက်နိုင်တဲ့ ရှုပ်ရှုပ်ထွေးထွေး မိသားစု အခြေအနေမျိုးမှာ ကြီးပြင်းလာခဲ့တာ ထင်တယ်။ မဂ္ဂဇင်းတွေထဲ ကျွန်တော်တို့ တစ်ခါတစ်ရံ တွေ့နေရတဲ့ အမေရိကန်မှာ လင်မယား ကွာရှင်းတာ ငါးဆယ်ရာခိုင်နှုန်း ကျော်တယ် ဘာညာဆိုတာ တက ယ့် အမေရိကန် မိသားစုတွေရဲ့ အခြေအနေကို ကျွန်တော်တို့ သိအောင် မလုပ် ပေးနိုင်ဘူး။ အဲဒီလိုသတင်းမျိုး ဖတ်ရရင် ညော်... ဒီလိုလားလို့ တွေးပြီး နောက်တစ်မျက်နှာ လှန်လိုက်တာပဲ မဟုတ်လား။ ဒါပေမဲ့ အမေရိကန် အ ယောက် နှစ်ရာကျော်လောက်ကို ညဉ့်လမ်းညွှန် လုပ်ပေးရင်း နှုတ်ဆက်ခွဲခွာ ရမယ့် ညမျိုးမှာ တချို့ဟာ သောက်ရင်းနဲ့ သူတို့ ငယ်ဘဝအကြောင်း ကျွန် တော့်ကို ရင်ဖွင့်ခဲ့ကြတာ ကြုံဖူးတယ်။ သူတို့နှစ်ခြိုက်တဲ့ မိန်းမအမျိုးအစားနဲ့ နှစ်သက်တဲ့ လိင်ဆက်ဆံခြင်း အမျိုးအစားကို စိတ်ကျနပ်လောက်အောင် လုပ်ခွင့်မရတဲ့ လူတွေအတွက် ဒီလိုဖြစ်တာပေါ့။ ဒါကလည်း လူတိုင်းလိုလိုပဲ လေ။ နိုင်ငံခြားတိုင်းပြည် တစ်ပြည်မှာ နှစ်ရက်သုံးရက်လောက် နေပြီး အိပ်မက်ထဲက မဒီနဲ့ စိတ်တိုင်းကျ နှစ်ပါးသွားခွင့် ရဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား စဉ်းစားကြည့်လေ။ ဒါကြောင့် တစ်ညလုံး ခြေတိုအောင် လျှောက်ပြီးရင် ခြေကုန်လက်ပန်းကျ၊ ပြဲကွဲအောင် သောက်ပြီးရင် သူတို့ရဲ့ အထီးကျန်မှုကို အနီးကပ်ရှိနေတဲ့ ကျွန်တော့်ကိုပဲ ပြောဖြစ်ကြတာ နေမှာပေါ့လေ။ ကျွန်တော် ကလေးဘဝကတည်းက အဖေဆုံးသွားတဲ့အတွက် သူတို့ ပြောပြတဲ့ ဆုံးရှုံးမှုဆို တာကို ကျွန်တော် အတိုင်းအတာတစ်ခုအထိ နားလည်နိုင်ပါတယ်။ ဒါပေမဲ့

လည်း... အင်း... ကျွန်တော် ကြားခဲ့ရတဲ့ ဇာတ်လမ်းတွေက ဒီလိုမျိုးတွေ။ နားထောင်ကြည့်။

*အဖေက အိမ်ကို မလာတော့ဘူး။ နောက်နှစ် ခရစ္စမတ်ကျတော့ ငါမသိတဲ့ လူတစ်ယောက် အိမ်ကို ရောက်လာတယ်။ အမေက ပြောတယ်။ ခုချိန်ကစပြီး ဒီလူဟာ နင့်အဖေပဲတဲ့။ အဲဒီတုန်းက ငါ့အသက် ခြောက်နှစ်ပဲ ရှိသေးတော့ ရွေးချယ်ခွင့် ဘယ်ရှိပါ့မလဲ။ သူ့ကို အဖေလို့ သဘောထားနိုင်ဖို့ နှစ်နှစ် သုံးနှစ်လောက် အချိန် ယူနေတုန်းမှာပဲ ဒီလူက ငါ့ကို စပြီး ရိုက်လာ နှက်လာတယ်လေ။ ငါတို့က မြောက်ကယ်ရိုလိုင်းနား ဇာတိကွ၊ အဲဒီမှာရှိတဲ့ ဓလေ့တစ်ခုက မြက်ခင်းကို မေလမတိုင်ခင်ထိ ရိတ်လည်း မရိတ်ဘူး၊ မြက်ခင်းပေါ် လမ်းတက် လျှောက်တာမျိုးလည်း မလုပ်ကြဘဲ ဒီအတိုင်း ကြီးထွားအောင် မွေးမြူထားတတ်ကြတယ်။ အဲဒီလူက အနောက်ဘက် ကမ်းခြေက အရောင်းသမားကိုး။ ဒါကို မသိဘူး။ နွေဦးမှာ ငါ့အဖေ တယုတယ မွေးထားတဲ့ အိမ်ရှေ့က မြက်ခင်းပေါ်တက် လျှောက်နေတယ်။ ငါ သူ့ကို တားတယ်။ ထပ်ကာထပ်ကာ တားတယ်။ ပြောမရဘူး။ ဒါကြောင့် ဘာအဓိပ္ပာယ် ဆိုလိုမှန်း ကောင်းကောင်း နားမလည်တဲ့ စကားလုံးတွေနဲ့ သူ့ကို ဆဲလိုက်တယ်။ အဲဒီမှာ သူ ငါ့ကို စ ဆော်တော့တာပဲ။ နောက်ဆုံး ငါ လက်ခံလိုက်ရတဲ့ အထိပေါ့။*

ကျွန်တော် ကောင်းကောင်း မှတ်မိသေးတယ်။ နောက်ဆုံး ငါ လက်ခံလိုက်ရတဲ့ အထိလို့ ပြောတဲ့နေရာမှာ သူ့အသံဟာ အက်ကွဲဆို့နင့် နေတာကို။ လျှောင်ပြုံးလေးပြုံးပြီး ခပ်ပေါ့ပေါ့ ပြောတာမျိုးကို ဂျပန်တွေ သိပ်လုပ်တတ်ပေမယ့် အမေရိကန်တွေ ဒါမျိုး မလုပ်ကြဘူး။ အဲဒီလို ဇာတ်လမ်းမျိုးတွေ အကြိမ်ပေါင်းများစွာ နားထောင်ဖူးလာတဲ့အခါ အမေရိကန် အထီးကျန်မှုဆိုတာ ကျွန်တော်တို့ တိုင်းပြည်မှာ ကြုံတွေ့ရတာမျိုးနဲ့ အင်မတန် ကွဲပြားခြားနားတယ် ဆိုတာကို ကျွန်တော် စဉ်းစားလာမိတယ်။ ဂျပန်ပြည်မှာ ဂျပန်တစ်ယောက်အဖြစ် မွေးဖွားလာခဲ့တဲ့အတွက် ဝမ်းသာမိတယ်လို့တောင် ပြောချင်တယ်။ အထီးကျန်မှုကို လက်ခံလိုက်ဖို့ စဉ်ဆက်မပြတ် ကြိုးစားရင်း နေရတာဟာ အထီးကျန်မှုကို ခံစားရုံ ခံစားရတာနဲ့ သိပ်ကွာတယ်။ အမေရိကန် အထီးကျန်မှုမျိုးကို ကျွန်တော်ဆို မခံစားနိုင်တာ သေချာတယ်ဗျာ။

ဖရန့်ခ်မှာလည်း ဒီလို ဝမ်းနည်းစရာ အတိတ်ရှိခဲ့မယ် ဆိုတာ ကျွန်တော် သေချာပြောရဲတယ်။ သူဟာ တစ်အိမ်ကနေ နောက်တစ်အိမ် အိမ်မျိုးစုံ ပြောင်းရွှေ့နေထိုင်ခဲ့ရတဲ့ မိဘမဲ့ကလေးလား။ တစ်အိမ်မှာတော့ အစ်မတွေ ချည်းရှိပြီး နောက်တစ်အိမ်ကျတော့ အစ်ကိုတွေချည်း ရှိတာမျိုးပေါ့။

“ကျွန်တော် အလယ်တန်းတုန်းက စက္ကန်းဘော့စ်မှာ ကစားတာပေါ့၊ ရှော့ စတော့ပ်နဲ့ ကျွန်တော်က အချစ်ဆုံးသူငယ်ချင်းတွေ၊ စက္ကန်းဘော့စ်သမား တစ် ယောက်အနေနဲ့ ကျွန်တော်ဟာ လက်မောင်းအားသန်တယ်။ သူလည်း လက်မောင်းအားသန်တာပဲ။ ကျွန်တော်တို့ ဒက်ဘယ်ပလေးကို အများကြီး လေ့ကျင့်ခဲ့ကြတယ်။ ဒက်ဘယ်ပလေးဟာ ကျွန်တော်တို့အတွက် အရာရာပဲလို့ တောင် ပြောနိုင်တယ်။ ကစားပွဲမှာ ရှုံးစေဦးတော့ ကျွန်တော်တို့ ဒက်ဘယ် ပ လေး ရတယ်ဆိုရင် ဘယ်သူမှ ကြည့်မနေလည်း ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် လက်မထောင်ပြလေ့ ရှိတယ်”

ကျွန်တော့် ဘော့စ်ဘော ရာဇဝင်ကို နည်းနည်း ပြောပြပြီးတဲ့အခါ သူ ဘယ်နေရာက ကစားတာလဲလို့ ဖရန့်ခ်ကို ကျွန်တော် မေးလိုက်တယ်။ အဲဒီ အချိန်မှာပဲ စပီကာတွေကနေ အသံထွက်လာတယ်။

***စောင့်ဆိုင်းနေရတဲ့အတွက် အားနာမိပါတယ် ခင်ဗျာ၊ ကိုယ်ရထားတဲ့ အခန်းကို ကြွမြန်းနိုင်ပါပြီ ခင်ဗျာ၊ ကိုယ်ရထားတဲ့ အခန်းကို ကြွကြပါ ခင်ဗျာ။***

“အား... ငါတို့ အလှည့်ထင်တယ်၊ သွားကြစို့ ခန်းဂျီး”

ဖရန့်ခ်က ပြောရင်း ထရပ်လိုက်တယ်။ ကျွန်တော်လည်း ထရပ်ပြီး ရှိုး ပွဲကြည့်တဲ့ အခန်းကျဉ်းလေးထဲ ဝင်ဖို့ တံခါးဆီ ဦးတည်လိုက်ပေမယ့် စိတ်ထဲ က အတော်တင်းနေတယ်။ ဒီ မအေပေးဟာ ဘော့စ်ဘောအကြောင်း အစဖော် ပြီး ကျွန်တော်လည်း ပါလာရော သူက စိတ်မဝင်စားတော့ဘူး။ အထဲဝင်ဖို့ စိုင်းပြင်းနေပြီ။

ကျွန်တော်တို့ ရထားတဲ့ အခန်းလေးတွေက ကပ်ရက် မဟုတ်ဘူး။ နည်း နည်းလှမ်းတယ်။ အင်မတန် ထန်တယ်လို့ ကြွေးကြော်ထားတဲ့ လူတစ်ယောက် အနေနဲ့ ဖရန့်ခ်ဟာ အခန်းထဲဝင်ဖို့ စိတ်အားထက်သန် မနေဘူး။ ကြောက်သလို လို၊ စိတ်မသက်သာ သလိုလို၊ ငြီးငွေ့နေသလိုလိုနဲ့ ရွံ့တွန့်တွန့် ဖြစ်နေတယ်။

ဘယ်လိုလူမှန်းကို မသိပါဘူး။ ကျွန်တော့် အခန်းကျဉ်းလေးထဲ ဝင်လိုက်တယ်။ အထဲမှာ ထိုင်ခုံဝိုင်းလေး တစ်ခုံရယ်၊ တစ်ရှူးဘူးတစ်ဘူးရယ်ပဲ ရှိတယ်။ အခန်းက ကျဉ်းလွန်းလို့ လှောင်ပိတ်တာ ကြောက်တဲ့ရောဂါ ကျွန်တော့်မှာ မရှိတာဘဲ ကျေးဇူးတင်ရမလို ဖြစ်နေတယ်။

ခရီးရောက်မဆိုက်ပဲ ရှူးပွဲက စပါလေရော၊ ချောင်းကြည့်ရှူး အားလုံး အတိုင်းပဲ စတော့ချ်စင်က နှစ်မီတာလောက်ပဲ ကျယ်တဲ့ စက်ဝိုင်းခြမ်းပုံလေး။ အခန်းတွေနဲ့ စတော့ချ်စင်ကြားမှာ အခန်းထဲကနေပဲ စင်ဘက်ကို မြင်နိုင်တဲ့ တစ်ဖက်မြင်မှန်တွေ တပ်ထားတယ်။ ကချေသည်က အခန်းထဲကို မမြင်ရဘူး။ ဒါပေမဲ့ ဘယ်အခန်းမှာ လူရှိပြီး ဘယ်အခန်းမှာ လူမရှိဘူးလဲ ဆိုတာကို ကချေသည် သိနိုင်အောင် မှန်အပေါ်နံရံမှာ မီးလေးတွေ ထွန်းပေးထားတယ်။ ဂီတသံ ထွက်လာပြီ။ စင်နောက်က တံခါးပွင့်သွားပြီး ပိန်ပိန်သေးသေး ကောင်မလေးတစ်ယောက် ထွက်လာတယ်။ မိုက်ကယ်ဂျက်ဆင် သီချင်း ထင်ပါရဲ့။ ကောင်မလေးက မပေါ်တပေါ်လေး ဝတ်စားလာတယ်။

တံခါးခေါက်သံ ထွက်လာတယ်။ တစ်ယောက်ယောက် ကျွန်တော့် အခန်းတံခါးကို လာခေါက်နေတယ်။ ဟော... တံခါးဝမှာ ခေါင်းလေး ပြူလာပြီ။

“ကျေးဇူးပြုပြီး ခဏလောက်ရှင်၊ အထူးဝန်ဆောင်မှုများ လိုချင်သေးလား”

သူက ကျွန်တော့်မျက်နှာကို မြင်သွားတယ်။

“အလို... ရှင်က ခန်းဂျီး မဟုတ်လား”

ဩော်... ရော့ပုန်းဂီး က ရှူးပွဲမှာ လွန်ခဲ့တဲ့ ခြောက်လလောက်က အလုပ်လုပ်ရင်း တွေ့ခဲ့ ခင်ခဲ့တဲ့ အမျိုးသမီးပဲ၊ အမှတ်မမှားဘူးဆိုရင် သူ့ကို အဆာမီလို့ ခေါ်ကြတာ ထင်တယ်။

“အဆာမီလား”

ကျွန်တော် မေးလိုက်တော့ သူက ရယ်တယ်။ ဒီမှာ သူ့ကို မီဒိုကာ လို့ ခေါ်ကြသတဲ့။

“အင်းပါ၊ ဒီမယ် တစ်ခုလောက် ကူညီစမ်းပါ၊ ဒီကနေ အောက်ဘက် သုံးခန်းမြောက်မှာ အထူးဝန်ဆောင်မှု လိုအပ်နေတဲ့ ဂိုင်ဂျင် တစ်ယောက် ရှိတယ်

သူ့ကို သွားပြီး ဝန်ဆောင်မှု ပေးလိုက်”

မီဒိုကာ တစ်ဖြစ်လဲ အဆာမီ ဟာ ဂိုင်ဂျင်ဆိုတဲ့အသံ ကြားလိုက်တော့ မျက်နှာရှုံ့မဲ့သွားတယ်။ ဂျပန် လိင်စီးပွားရေး လောကမှာ နိုင်ငံခြားသား ကြောက် ရောဂါဟာ တကယ်ပဲ အမြစ်တွယ်နေတာကိုး။

“တလွဲမတွေးနဲ့ဟဲ့၊ နင့်ကို တခြား အထူးစပယ်ရှယ် စူပါစူပါ ဝန်ဆောင်မှု တွေ ပေးခိုင်းနေတာ မဟုတ်ဘူး၊ ပုံမှန် လုပ်နေကျ ဝန်ဆောင်မှုပဲပေး၊ ငါသိချင် တာက သူ ပြီးသွားရင်- ဟိုဟာလေ- အများကြီး ထွက်သလား ဘာညာပေါ့ဟာ၊ အဲဒါလေး ကြည့်ခဲ့စမ်းပါ”

“အမယ်... ဘာတုံး ရှင်တို့ဟာက ပြိုင်ပွဲများလား”

“ဟုတ်ဘူး၊ ဒီအတိုင်း သိချင်တာ၊ လုပ်ပါကွာ၊ နောက်တွေ့ရင် ညစာ ကျွေးမယ်နော်”

“ပြီးရော”

မီဒိုကာက ကျွန်တော့် အခန်းတံခါးကို ပြန်ပိတ်သွားတယ်။ ရော့ပုန်းဂီး မှာတုန်းကလည်း ဧည့်သည်အတွက် ကျွန်တော် သူ့ကို တောင်းဆိုဖူးတော့ သူက ကျွန်တော့်ကို မှတ်မိနေတယ်။ ခု သူ့ကို လုပ်ခိုင်းတာကတော့ ရူးရာကျ မှန်း သိပါတယ်။ ဒါပေမဲ့ အပိုင်းပိုင်း ခုတ်ထစ်သတ်ခံရတဲ့ ဟိုအထက်တန်း ကျောင်းသူလေးဟာ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်တာ ခံထားရတဲ့ လက္ခဏာရှိ တယ်လို့ သတင်းစာထဲ ရေးထားတာ ဖတ်ရတယ်။ လွန်ခဲ့တဲ့ နှစ်ရက် မပြည့်ခင် က အသတ်ခံရတာဆိုတော့ တကယ်လို့သာ ဖရန့်ခ်ဟာ အဲဒီကောင်မလေးကို မုဒိမ်းကျင့်ပြီး သတ်ပစ်တာဆိုရင် ခု သူ့မှာ သုတ်ရည် အလုံအလောက် ဘယ်ရှိ နိုင်ဦးမလဲလို့ တွေးမိလို့ပါ။ အသတ်ခံရတဲ့ ကျောင်းသူကြောင့် ကျွန်တော် ဧည့်သည် ဖရန့်ခ်ကို သံသယဖြစ်နေတယ် ဆိုတာ အတော်အဓိပ္ပာယ်မဲ့မှန်း သိ ပါတယ်။ ဇွန်သာဆို သူ သိပ်အတွေးလွန်နေပြီ လို့ ပြောမလားပဲ။ ဒါပေမဲ့ တိုက္ယို လိင်လောကမှာ နှစ်နှစ်ကျော် ကျင်လည်ခဲ့ပြီးတဲ့နောက် အန္တရာယ်ကို ကြိုမြင် ကြိုသိတဲ့ ဆဋ္ဌမအာရုံတစ်ခု ကျွန်တော့်မှာ ရှိနေတယ်လို့ ခံစားရတယ်။ ဖရန့်ခ် ဟာ လူသတ်သမား မဟုတ်ခဲ့ဘူး ဆိုရင်တောင် သူ့ကိုယုံစားလို့ မရဘူး ဆိုတာ တော့ ကျွန်တော့် အာရုံသိက ကောင်းကောင်းသိတယ်။ လူတိုင်း တစ်ကြိမ် မဟုတ် တစ်ကြိမ်တော့ လိမ်ဖူး ညာဖူးကြတာချည်းပါပဲ။ ဒါပေမဲ့

တစ်စုံတစ်ယောက်ဟာ လိမ်တာ ညာတာကို အကျင့်ပါနေမယ်ဆိုရင် ဒါဟာ သူတို့ နိစ္စဓူဝ နေ့စဉ်ဘဝရဲ့ အစိတ်အပိုင်း ဖြစ်လာပြီး ကိုယ့်ကိုယ်ကိုယ် လိမ်နေတယ် ဆိုတာကိုပါ မေ့၊ တကယ်လို့ ထင်လာတတ်ကြတယ်။ အဲဒီလို လူတွေဟာ ကမ္ဘာပေါ်မှာ စိတ်ညစ်စရာ အကောင်းဆုံး လူတွေပဲ။ အန္တရာယ် ရှိတယ် ဆိုတာတော့ ပြောနေစရာတောင် မလိုဘူး။

စင်မြင့်ပေါ်မှာတော့ ကချေသည် ပိန်သေးမဟာ ရင်ဘတ်ကို ဖွင့်ပြီး တင်ပါးတွေကို လှုပ်ခါပြနေတယ်။ သူက တကယ့် ပရိုဖက်ရှင်နယ် ကချေသည်မှ မဟုတ်တာ။ လိင်လုပ်ငန်းကြီးထဲက ဖျော်ဖြေသူတစ်ယောက်ပဲ ဆိုတော့ သူ့လှုပ်ရှားမှုတွေဟာ ကာတွန်းဆန်နေတယ်။ အေးလေ၊ ဒီရှိုးပွဲလာ ပရိသတ်ကလည်း အနုပညာမြောက်စွာ ကပြဖျော်ဖြေခြင်းကို လာကြည့်တာမှ မဟုတ်ဘဲ။ ကဲ... ခုတော့ ရွှေပွဲလာ ဧည့်ပရိသတ်များအတွက် ကချေသည် ကောင်မလေးဟာ မှန်ချပ်တစ်ခုချင်းစီ ရှေ့မှာ ကပ်ပြီး ကော့ကော်ကန်ကား လုပ်ပြနေပြီ။ ဘယာစီယာကို အောက်ဆွဲချွတ်၊ လက်ချောင်းတွေက အတွင်းခံ ဘောင်းဘီအောက်ထဲဝင် စသည်ဖြင့်ပေါ့။ သူက မိတ်ကပ် သိပ်မလိမ်းထားဘူး။ အရေပြားက ပါးလွန်းတော့ သူ့မျက်နှာ၊ လက်နဲ့ ခြေထောက်က သွေးပြန်ကြော ပြာပြာလေးတွေကို ထင်းနေအောင် မြင်နေရတယ်။ စလိုက်မီးအလင်းရောင်က အဲဒီသွေးကြောတွေကို ပိုပြီး ထင်ရှားစေတော့ ရက်စက်ရာတောင် ကျနေတယ်လို့ စဉ်းစားနေတုန်း တံခါးဝမှာ မီဒိုကာရဲ့ ခေါင်းလေး ပေါ်လာပြန်တယ်။

“ဘယ်လိုတုံး”

ကျွန်တော်က သူ့ကို ခပ်တိုးတိုး ကျိတ်မေးလိုက်တယ်။ မီဒိုကာရဲ့ စူးရှတဲ့ ရေမွှေးနံ့တွေ အခန်းထဲမှာ ထောင်းထောင်းထသွားတယ်။ သူကလည်း မလုံတလုံ ဝတ်ထားတယ်။ လက်ထဲမှာတော့ ကွန်ဒုံးနဲ့ တစ်ရှူးတွေထည့်ထား တဲ့ အိတ်ကလေး တစ်အိတ် ကိုင်ထားတယ်။

“အခန်း ၅ က ဂိုင်ဂျင် မဟုတ်လား”

“အခန်းနံပါတ်တော့ သေချာမသိဘူး၊ ဒါပေမဲ့ ဂိုင်ဂျင်ဆိုလို့ သူပဲ ရှိတာ မဟုတ်လား”

အခန်းက မှောင်နေတယ်။ အလင်းရောင်က မီဒိုကာ ရှိတဲ့ အပြင်ဘက်က လာတာဆိုတော့ မီဒိုကာ့ မျက်နှာကို ကျွန်တော် မမြင်ရဘူး။ ဒါပေမဲ့ သူ့အသံ

ကြားရတာတော့ စိတ်အနှောင့်အယှက် ဖြစ်နေပုံပဲ။ ဘာပြောရမှန်း မသိ ဖြစ်နေပုံပဲ။

“သူက အထူးဝန်ဆောင်မှ မယူဘူးတဲ့လား”

မီဒိုကာက ခေါင်းယမ်းတယ်။

“မဟုတ်ဘူး ယူပါတယ်၊ ဒါပေမဲ့...”

“တစ်ခုခုဖြစ်လို့လား”

“သူက ခဏနေတော့ ကျမကို တားတယ်၊ တော်ပြီတဲ့...”

“သူ မပြီးဘူးလား”

“အဲဒီလိုလည်း မဟုတ်ဘူး”

“သူက ကြီးလား၊ သေးလား”

“အရွယ်အစားအရတော့ ပုံမှန်ပဲ၊ ဒါပေမဲ့လို့... ဘယ်လိုပြောရမလဲ၊ တစ်ခုခုတော့ မှားနေတာ သေချာတယ်၊ ပထမဆုံးအနေနဲ့ ပြောရရင် ပြီးသွားတဲ့ အချိန် သူဖြစ်သွားတဲ့ မျက်နှာမျိုး ဘယ်သူ့ဆီမှာမှ ကျွန်မ မမြင်ဖူးဘူး၊ ပြီးတော့ ဟို... သူ့ပစ္စည်းက တစ်မျိုးကြီးပဲ၊ ကြောက်စရာကြီး”

“ကြောက်စရာကြီး ဟုတ်လား”

“ဟုတ်တယ်၊ မာတဲ့နေရာက မာပြီး ပျော့တဲ့နေရာက ပျော့နေတယ်၊ ဘယ်လိုကြီးလည်း မသိဘူး”

“ဆီလီကွန် ထိုးထားလို့လား”

“အဲဒီလို မဟုတ်ဘူး၊ ဆီလီကွန်တို့ ဂေါ်လီတို့ကို ကျွန်မ သိတာပေါ့၊ အဲဒီလိုမျိုး မဟုတ်ဘူး။ ပြီးတော့ သူ့မျက်နှာ၊ စစချင်းတော့ မှောင်နေလို့ သူ့မျက်နှာကို သေချာမမြင်ရဘူး၊ အလင်းရောင် တစ်ချက်သန်းလို့ သူ့မျက်နှာကို အမြင်မှာ၊ အင်း... သူ ကျွန်မကို ကြည့်နေတာ၊ အမယ်လေး... တော်ပြီ၊ မပြောပါရစေနဲ့တော့၊ သွားပါရစေတော့၊ ဧည့်သည်နဲ့ စကားပြောရင် အအော်ခံရလိမ့်မယ်”

“အင်းပါ၊ အဲဒီလို လုပ်ခိုင်းမိလို့ ဆောရီးပါကွာ”

မီဒိုကာက ပြဿနာမရှိပါဘူးလို့ ပြောပြီး အခန်းတံခါး ပိတ်ပေးသွားတယ်။ သူ ဖရန့်ခ်အကြောင်းကို မပြောချင်တာ ကျိန်းသေတယ်။ စင်ပေါ်က ကောင်မလေးကတော့ ခု ဘယာစီယာ မရှိတော့ဘူး၊ အတွင်းခံကို ခြေချင်းဝတ်ထိ ဆွဲချပြီး တစ်ကိုယ်ရေ အာသာဖြေပြနေတယ်။ ခြေထောက်တွေကို ကား၊ မျက်စိကို စုံမှိတ်ပြီး ခပ်တိုးတိုး ညည်းနေတယ်။ ဟန်လုပ်နေတာလား၊ တကယ် ခံစားရတာလား ဆိုတာ သူပဲ သိမှာပေါ့။ ဟန်ပန်နဲ့ အသံကတော့ တကယ်ဖီးလ်လာတဲ့ ပုံမျိုးပဲ။ အင်း... ယောကျ်ားတွေအတွက်လည်း ဒါမျိုးက အတူတူပဲ မဟုတ်လား။ မီဒိုကာဆို အဲဒီလို အခြေအနေနဲ့ ယောကျ်ားမျိုး ရာချီ ထောင်ချီ တွေ့ခဲ့ပြီးဖြစ်မှာပဲ။ ခုနက ဖရန့်ခ် မျက်နှာပေးဟာ အဲဒီလို အခြေအနေမှာ ဘယ်လိုများ ဖြစ်နေလို့ မီဒိုကာ တစ်ယောက် ပြောရမှာတောင် ကြောက်နေတာလဲ ဆိုတာတော့ မတွေးတတ်ဘူး။

ချောင်းကြည့်ရှုံးက ထွက်လာတော့ ဖရန့်ခ်ရော ကျွန်တော်ပါ စကား မပြောဖြစ်ကြဘူး။ နီယွန်မီးတွေ၊ ရွှေကြိုတို့ အော်သံဟစ်သံတွေနဲ့ ဝေးရာကို လျှောက်လာမိကြတယ်။ သတိရလို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အချစ်ဟိုတယ် ရပ်ကွက် အပြင်ဘက်က ဘော့စ်ဘော လော့ကျင့်ရေးစင်တာ ရှေ့ကို ရောက်နေတာ တွေ့ရတယ်။ အချိန်က မနက်တစ်နာရီ ကျော်ပြီ။ ဒါပေမဲ့ ဘော့စ်ဘောလော့ကျင့်ရေး စင်တာမှာ စက်ထဲက ဘော့စ်ဘောတွေ ဖောင်းခနဲ ထွက်လာတဲ့ အသံတွေနဲ့ အစိမ်းရောင် ပိုက်ကွန်ကို ဘောလုံးတွေ ဖတ်ခနဲ ထိတဲ့ အသံတွေကို ကာထားတဲ့ ခြံစည်းရိုး ဒီဘက်ကနေတောင် ကြားနေရတုန်းပဲ။ ဖရန့်ခ်ဟာ တုံ့ခနဲ ရပ်သွားတယ်။ စည်းရိုးအတွင်းဘက်က လော့ကျင့်ရေး စင်တာကို ငေးနေတယ်။ အမေရိကန်မှာ ဒီလို ခြံစည်းရိုးခတ်ထားတဲ့ ဘော့စ်ဘော ပစ်စက်နဲ့ လော့ကျင့်ရေး စင်တာတွေ ရှားသတဲ့။ ဟုတ်ပါ့မလား၊ ကျွန်တော်ဖြင့် ဒါမျိုးကို ကမ္ဘာအနှံ့ ရှိမယ် ထင်နေတာ။ စီးကရက်စက်တို့၊ အအေးဘူးစက်တို့၊ မဂ္ဂဇင်းစက်တို့လည်း နေရာတိုင်း ရှိတယ် မှတ်နေတာ။ ဘီယာစက်တော့ နေရာတိုင်း မရှိတာ သိတယ်။ ဧည့်သည်တွေက ကျွန်တော့်ကို မေးကြတယ်။ ခန်းဂျီးရေ၊ ဘာဖြစ်လို့ မင်းတို့ဂျပန်မှာ အအေးဘူးစက်တွေ၊ စီးကရက်စက်တွေ နေရာတိုင်း ရှိနေတာလဲတဲ့။ စတိုးဆိုင်လေးတွေလည်း နေရာတကာ ရှိရဲ့သားနဲ့ ဘာလို့ ဒီစက်တွေ အများကြီး ထားထားတာလဲတဲ့။ အဲဒါတွေ ထားတော့ ရောင်းရသလား၊ မြတ်ကောမြတ်လို့လား တဲ့။ ကျွန်တော် အဲဒီမေးခွန်းတွေကို မဖြေနိုင်ပါဘူး။ သူတို့ ဘာလို့ ဒါကို အရေးအရာလုပ်ပြီး မေးနေတာလဲ ဆိုတာတောင်

သဘောမပေါက်ဘူးရယ်။ နိုင်ငံခြားသားတွေ အမြင်မှာတော့ ဂျပန်မှာ တွေ့ရတဲ့ ကိစ္စအတော်များများဟာ ပုံမှန်မဟုတ်ဘူးလို့ ပြောကြတယ်။ သူတို့မေးတာတွေကို ကျွန်တော် မဖြေရှင်းတတ်တာလည်း အမှန်ပဲဗျ။ ကြည့်လေ။ မေးခွန်းတွေကို။

ဂျပန်ဟာ ကမ္ဘာ့အချမ်းသာဆုံး တိုင်းပြည်ဆိုရင် မင်းတို့ဆီမှာ ဘာဖြစ်လို့ ကာရိုရှိ လို့ ခေါ်တဲ့ အလုပ်လုပ်လွန်ကဲပြီး သေဆုံးခြင်း ဆိုတဲ့ ပြဿနာ အကြီးအကျယ် ရှိနေရတာလဲ။

ဆင်းရဲတဲ့ အာရှနိုင်ငံတွေက ကောင်မလေးတွေ ကိစ္စ ငါတို့ နားလည်တယ်၊ ဒါပေမဲ့ ဂျပန်လို ချမ်းသာတဲ့နိုင်ငံက အထက်တန်းကျောင်းသူတွေဟာ ဘာဖြစ်လို့ သူတို့ကိုယ်သူတို့ ဖာအဖြစ် ခံခဲ့ရတာလဲ။

ကမ္ဘာပေါ်မှာ ဘယ်နေရာသွားသွား လူတွေဟာ မိသားစုကို ကျွေးဖို့ မွေးဖို့ ပျော်ပျော်ရွှင်ရွှင် ထားနိုင်ဖို့ အလုပ်လုပ်ကြတယ်။ ဂျပန်မှာတော့ တန်ရှင်ဖြူနှင်လို့ ခေါ်တဲ့ အလုပ်သာ ပဓာန၊ မိသားစုက သာမည စနစ်အရ အလုပ်လုပ်တဲ့ အိမ်ထောင်ဦးစီးတွေဟာ မိသားစုကို ပစ်ပြီး တစ်နယ်တစ်ကျေးမှာ တစ်ကိုယ်တည်းနေလို့ နှစ်ရှည်လများ အလုပ်လုပ်ကြတာကို ဘယ်သူကမှ မကန့်ကွက်ကြဘူး။ ပုံမှန်ပဲလို့ သဘောထားကြတယ်။ အဲဒါ ဘာဖြစ်လို့လဲ။

ဒီမေးခွန်းတွေကို မဖြေနိုင်ဘူးဆိုတာ ကျွန်တော် ညံ့လို့၊ တုံးလို့ မဟုတ်ပါဘူး။ ဒီအကြောင်းတွေကို ဘယ်သူမှ သတင်းစာတွေ၊ မဂ္ဂဇင်းတွေ၊ တီဗွီတွေမှာ ရေးကြ၊ ပြောကြ၊ ဖော်ပြကြတာမျိုးမှ မရှိတာ။ ကျောင်းမှာ ဘယ်ဆရာကမှ ဂျပန်မှာ ကာရိုရှိ ဘာလို့ ရှိနေတာလဲ၊ တန်ရှင်ဖြူနှင် စနစ်ကို တစ်ကမ္ဘာလုံးက ဘာလို့ အင်မတန် ကျက်သရေတုံးတဲ့ စနစ်အဖြစ် သဘောထားကြတာလဲလို့ ကျွန်တော်တို့ကို သင်မှမပေးဘဲ။

ဖရန့်ခ်ဟာ စင်တာထဲကို ငေးနေတဲ့အခါကျတော့ သူ ဘေ့စ်ဘောများ ရိုက်ချင်သလား လို့ ကျွန်တော် ထင်မိတယ်။

“စမ်းကြည့်ချင်လို့လား” လို့ မေးလိုက်တော့ ကျွန်တော့်ကို ကြောင်ကြောင်ကြီး ကြည့်ပြီး ခေါင်းကို သွက်သွက်ကြီး ညိတ်ပြနေတော့တယ်။

မြေညီထပ်က ဂိမ်းစင်တာ သတ္တုလှေကားထစ်တွေက တစ်ဆင့် ဘော့စ်ဘော လေ့ကျင့်ရေးစင်တာကို ကျွန်တော်တို့ တက်ကြတယ်။ ဂျပန်မှာ တွေ့ရခဲတဲ့ နေရာကျယ်ကြီးဟာ မီးချောင်းတွေ အလင်းရောင်အောက်မှာ ဆာရီယယ် ဆန်လှတယ်။ သံဆန်ခါ ခြံစည်းရိုး အလယ်လောက်မှာတော့ ဆိုင်းဘုတ်တစ်ခု ကပ်ထားတယ်။

အသက်အန္တရာယ် လုံခြုံရေးအတွက် ဘော့စ်ဘောရိုက် လေ့ကျင့်မည့် သူများသာ အတွင်းသို့ ဝင်ခွင့်ရှိသည်။

အထဲမှာတော့ ပြောင်းထဲက ဘောလုံးထွက် အရှိန် ခုနစ်မျိုးအတွက် ပိုက်တွေနဲ့ ကန့်ထားတဲ့ အကန့် ခုနစ်ကန့် ရှိတယ်။ စက်က ထွက်တဲ့ ဘောလုံး အရှိန် အမြန်ဆုံးက တစ်နာရီ ထွက်နှုန်း ၁၃၅ မိုင်နှုန်း၊ အဲဒါက ညာဘက်အစွန်းမှာ၊ တဖြည်းဖြည်း အရှိန်လျော့လာလိုက်တာ ဘယ်ဘက်အစွန်းက ဘောလုံး ထွက်နှုန်း တစ်နာရီ ၈၀ မိုင်နှုန်းနဲ့ အနှေးဆုံး၊ အကန့်နှစ်ကန့်မှာ လူရှိတယ်။ ဘော့စ်ဘောရိုက် ဝတ်စုံပြည့်နဲ့ ခပ်ငယ်ငယ် လူတစ်ယောက်ရယ်၊ မူးနေတဲ့ စုံတွဲက ယောကျ်ားဖြစ်သူရယ်။ မိန်းမက ယောကျ်ားကို အပြင်ကနေ အော်ပြီး အားပေးနေတယ်။ ဟုမ်းရန်းရအောင် လုပ်လိုက်စမ်းတဲ့။ ဟိုလူက တည်မရအောင် မူးနေတာဆိုတော့ ဖောင်းခနဲ ဘောလုံးထွက်လာတာက တခြား၊ တုတ်နဲ့ ဝှီးခနဲ ရိုက်တာက တခြား၊ ဒါပေမဲ့ မိန်းမကတော့ သူတို့ဘဝတွေဟာ ဒီအပေါ်။တည်မှိနေသလိုပဲ။

“သူတို့ မောင့်ကို အနိုင်မယူစေနဲ့၊ သူတို့ မောင့်ကို အနိုင်မယူစေနဲ့တဲ့”

ဘယ်က သူတို့တုံး ဆိုတာတော့ ကျွန်တော့် လာမမေးနဲ့၊ ဘယ်သိပါ့မလဲဗျ။

ခြံစည်းရိုး အပြင်ဘက်မှာတော့ ရထားပလက်ဖောင်းလို ကွန်ကရစ် လျှောက်လမ်းလေးတွေ လုပ်ထားတယ်။ သူက အဲဒီမှာ ပြေးလွှားပြီး အားပေးနေတာ။

ဘော့စ်ဘော လေ့ကျင့်ရေးကွင်း အစောင့်ကတော့ အပြင်မှာ ကုလားထိုင်လေးပေါ် အိပ်ငိုက်နေတယ်။ သူ့နားမှာတော့ ရေနံဆီ မီးဖိုလေးနဲ့ ရေနွေးအိုးလေး တည်ထားတယ်။ ကြည့်ရတာ မီးတောက်လေးတွေနဲ့ နွေးမယ့်ပုံပဲ။ ဘာလို့လဲ ဆိုတော့ သူက တီရှပ်လေးနဲ့ နေနေတာကိုး။ အပြင်ဘက် နံရံကို ကျော

ပေးပြီး လှဲနေတဲ့ အိမ်ခြေရာခြေမဲ့ တစ်ယောက်ကိုလည်း တွေ့ရတယ်။ စက္ကူဖာတွေ ဖြန့်ခင်းပြီး အရောင်မပါတဲ့ အရက်ကို ခေါက်ဆွဲခွက်နဲ့ ထည့်သောက်ပြီး မဂ္ဂဇင်းတစ်စောင် ဖတ်နေတဲ့ လူ။

ဖရန့်ခ်က နေရာအခင်းအကျင်းကို ကြည့်ပြီး

“ဒါမျိုးနေရာ အမေရိကန်မှာ မရှိဘူး” တဲ့။

ဂျပန်မှာလည်း ဒီလိုနေရာမျိုး များများစားစား မရှိပါဘူး။ ဘောလုံး ထွက်တဲ့ ပြောင်းတွေကို စက်လက်တံ နှစ်ခုနဲ့ ထိန်းချုပ်ထားပြီး ဘောလုံးတွေကို ပြောင်းထဲ ခါးပတ်ကြိုးနဲ့ ထိန်းသွင်းတာလေ။ လော်စပီကာအိုကြီးတွေနဲ့ ယူကီအူချီဒါ သီချင်းကို ဖွင့်ထားတယ်။ ဘေ့စ်ဘောလေ့ကျင့်ရေး ယူနီဖောင်းနဲ့ ငနဲဟာ ချွေးပြိုက်ပြိုက်ကျလို့ပဲ။ လာသမျှ ဘောလုံးကို ဖြောင်းခနဲ ဖြောင်းခနဲ ကောင်းကောင်းကြီး ရိုက်ထုတ်နိုင်တယ်။ ဒါပေမဲ့ သူ ဘယ်လောက်ရိုက်ရိုက် မီတာနှစ်ဆယ် အဝေးက ပိုက်ပျော့ကိုပဲ ဘောလုံးကို ထိအောင် ရိုက်နိုင်တယ်။ ပိုက်ပျော့ရဲ့ အထက်အမြင့်ပိုင်းမှာ ချိတ်ဆွဲထားတဲ့ ဟုမ်းရန်း (HomeRun) ဆိုတဲ့ ဘဲဥပုံ တံခွန်ကိုတော့ မထိဘူး။ တံခွန်ကလည်း ဟောင်းလှပါပြီ။ အမ်စာလုံးတောင် ပြုတ်နေပြီ။

“ခင်ဗျား ရိုက်ချင်လား”

ကျွန်တော် ဖရန့်ခ်ကို မေးလိုက်တယ်။

“ငါ နည်းနည်းပင်ပန်းနေတယ်၊ ခဏလောက် အနားယူချင်တယ်၊ မင်း ရိုက်လေ ခန်းကျီး၊ ငါ ကြည့်နေမယ်”

ဖရန့်ခ်က သတ္တုခေါက်ကုလားထိုင် တစ်လုံးကို ယူပြီး ထိုင်ချ လိုက်တယ်။ သူ ကုလားထိုင်ယူထိုင်တော့ အိမ်ခြေရာခြေမဲ့က သူ့ကို လှည့်ကြည့်တယ်။ ဒီမှာထိုင်နေတဲ့လူ ရှိလားလို့ ဖရန့်ခ်က မေးပေမယ့် ဘာမှ ပြန်မဖြေဘဲ ခေါက်ဆွဲခွက်နဲ့ ထည့်ထားတဲ့ သူ့ ဗော်ဒကာလား ရှိချူလား မသိတဲ့ အရက်ဖြူကို မဲသောက်နေတယ်။ သူ့နားက အရက်နံ့နဲ့ လူလေလူလွင့်နံ့တွေ ဒီဘက်ထိ လျှံလာတယ်။ အင်မတန်ဆိုးတဲ့ အော်ဂလီဆန်စရာ အနံ့တွေ။

“သူက ဒီမှာ နေတာလား”

ဖရန့်ခ်က အိမ်ခြေရာခြေမဲ့ကို ကြည့်ပြီး မေးလိုက်တယ်။

“ဒီမှာ သူနေလို့ မရတာတော့ သေချာတယ်”

ကျွန်တော် ခဲမတတ် ချမ်းနေတာမို့ နွေးသွားအောင် ဘောလုံးလေးတော့ ရိုက်ချင်တာ အမှန်ပဲ။ ဒီအတွက် ဖရန့်ခ်ကို ကုန်ကျစရိတ် ပေးခိုင်းဖို့ကို တွန့်နေမိတယ်။ တစ်ခါရိုက်မှ ယန်း ၃၀၀ ပါ။ ကျွန်တော် အသာလေး ပေးနိုင်ပါတယ်။ ဒါပေမဲ့ ဒီရောက်လာတာကိုက ဖရန့်ခ် ဇာတ်လမ်းစလို့ မဟုတ်လား။ သူပဲ ငယ်ငယ်တုန်းက ဘော့စ်ဘောဟာ ဘာဘာညာညာနဲ့ မစားရ ဝခမန်း ပြောတာလေ။ သူကျေနပ်ဖို့ ဆိုတာက ကျွန်တော့်အလုပ်ရဲ့ တစ်စိတ်တစ်ပိုင်းပဲ။ ပြီးတော့ သူနဲ့ ကျွန်တော် ရိုက်ထားတဲ့ ဓာတ်ပုံဖိုးလည်း သူ မပေးရသေးဘူး။ ဒါ ဘာမှမများပေမယ့်လို့ ဒီညရဲ့ ကုန်ကျစရိတ်ကို ဇည့်သည်က အားလုံးကျခံရမယ် ဆိုတဲ့ မူကို ထိခိုက်တယ်။ သူက ကျွန်တော့်ကို မိတ်ဆွေလို၊ သူငယ်ချင်းလို ဆက်ဆံတာမျိုးလည်း ကျွန်တော် မလိုလားဘူး။ ဒါပေမဲ့လို့ အကြွေပေးဖို့ သူ့ကို မပြောနိုင်လောက်အောင်ပဲ ကျွန်တော်ဟာ ထူးထူးဆန်းဆန်း ခြေကုန်လက်ပန်း ကျနေတယ်။ အင်း... ခြေကုန်လက်ပန်း ကျတာ ဟုတ်တယ်။

“သူ အိမ်ခြေရာခြေမဲ့ မဟုတ်လား”

“ဟုတ်တယ်လေ”

အေးလှပြီ၊ သူနဲ့ ရပ်ပြီး စကားမပြောချင်ပါဘူး။ ဖရန့်ခ်ကတော့ နှာခေါင်းနီနေတာကလွဲလို့ အေးတာကို ခံစားမိရဲ့လား မသိ။ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ပြီး ဟိုလူ အရက်သောက်နေတာကို ငေးကြည့်နေတယ်။ ဘာလို့ သူဒီလောက် စိတ်ဝင်စားနေပါလိမ့်။

“သူ့ကို တစ်ယောက်ယောက်က ဒီနေရာကနေ မောင်းမထုတ်ဘူးလား”

“အလုပ်ရှုပ်ပြီး ပြဿနာများလို့ နေမှာပေါ့”

“ပန်းခြံထဲမှာရော၊ ဘူတာရုံမှာပါ ငါ အဲဒီလိုကောင်တွေ အများကြီး တွေ့ခဲ့တယ်၊ အိမ်ခြေရာခြေမဲ့တွေ ဂျပန်မှာ ဒီလောက်များမှန်း ငါ သတိမထားမိဘူး၊ သူတို့ကို ဆော်ပလော်တီးပြီး သင်ခန်းစာပေးမယ့် ချာတိတ်တွေ ဒီမှာ မရှိဘူးလား”

“ရှိပါတယ်”

စောက်ရူးကွာ၊ ဒီလောက် အေးနေတာကို ဘာမဟုတ်တာ လာ စိတ်ဝင်စားနေတယ်။

“အေးလေ... ရှိရမှာပေါ့၊ အဲလိုကောင်တွေကို ဆော်ပလော်တီးတတ်တဲ့ အုပ်စုတွေကို မင်း ဘယ်လိုထင်လဲ ခန်းဂျီး”

“ဒီကောင်တွေက မတရား နံတယ်ဗျ၊ အနားကပ်ဖို့တောင် ခပ်ခက်ခက် ရယ်”

“နံတယ် ဟုတ်လား၊ အင်းလေ... ဟုတ်တာပဲ၊ လူတစ်ယောက်ကို သဘောကျခြင်း၊ မကျခြင်းကို ဆုံးဖြတ်တဲ့နေရာမှာ အနံ့ကလည်း အချက် တစ်ချက် ပါတာကိုး၊ နယူးယောက်မှာတော့ ဒီအိမ်ခြေရာခြေမဲ့တွေကို နှိပ်စက်တဲ့ လမ်းသရဲဂိုဏ်း သတ်သတ်ရှိတယ်။ သွားတွေကို တစ်ချောင်းချင်း ပလာယာနဲ့ နုတ်ပစ်တာ၊ မုဒိမ်းကျင့်ပစ်တာ ဒီကောင်တွေကို”

လဖွတ်တဲ့မှပဲ၊ ဘာလို့များ ဖရန့်ခ်ဟာ ဒီနေရာကြီး ဒီအချိန်ကြီးမှာ ဒီ အကြောင်း အားရပါးရ လာပြောနေတာလဲ။ သူတို့ မောင့်ကို အနိုင်မယူစေနဲ့ ဘွားတော်ကတော့ ရိုက်တိုင်းလွဲတဲ့ သူ့ဘိုးတော်ကို တွဲပြီး လှေကားထစ်တွေဆီ ဦးတည်နေကြပြီ။ လေ့ကျင့်ရေးဝတ်စုံနဲ့ ကောင်ကတော့ အားကြိုးမာန်တက် ရိုက်နေတုန်းပဲ။ ဒီပလက်ဖောင်းပေါ် ရပ်နေရတာ သောက်ကျိုးနည်း အေးလိုက် တာဗျာ။ ခါးအောက်ပိုင်း တုံးလုံးခွာတ်ပြီး ရေခဲတုံးပေါ် တက်ရပ်နေရသလိုပဲ။ အချစ်ဟိုတယ်က ပြတင်းပေါက် တော်တော်များများမှာ မီးလင်းနေတယ်။ အဲဒီ မီးရောင်မှိန်မှိန်လေးတွေကို ဘာရယ်မဟုတ် ငေးကြည့်နေရင်း ခုနက ချောင်းကြည့်ရှိုး အခန်းလေးထဲမှာ မီဒိုကာ ကျွန်တော့်ကို ပြောသွားတဲ့ စကား တွေကို သတိရနေမိတယ်။

***“ပြီးသွားတဲ့အချိန် သူဖြစ်သွားတဲ့ မျက်နှာမျိုး ဘယ်သူ့ဆီမှာမှ ကျွန်မ မမြင်ဖူးဘူး”***

ဖရန့်ခ် တကယ် ပြီး၊ မပြီးကို သူ ပြောမသွားဘူးပဲ၊ ကဲလေ ... ခုအချိန်မှာ ဒါဟာ အရေးလား၊ ဒါနဲ့ ဖရန့်ခ်ဟာ ဘယ်လို မျက်နှာပေးမျိုး လုပ်ပြလိုက်ပါ လိမ့်။

ဖရန့်ခ် ဆိုတဲ့လူကတော့ အိမ်ခြေရာမဲ့ကို ငေးနေတုန်းပဲ။ ပါးစပ်ကတော့-

“ဒါမျိုးပြောရတာ မင်း မကြိုက်ဘူး မဟုတ်လား” တဲ့။ ပြောဖော်ရလို့ တော်သေးတယ် ပြောရမယ်။

ကျွန်တော် ခေါင်းယမ်းလိုက်တယ်။ သိရင်လည်း ဘာဖြစ်လို့ ပြောနေသေးတုံးကွာ လို့ စိတ်ထဲက ပြောမိတယ်။

“ငါ စဉ်းစားနေတာကွ၊ နံစော်နေတဲ့ အိမ်ရာမဲ့ အလေအလွင့်ကို ကောင်လေးတွေ ချေးထွက်အောင် ဆော်နေတဲ့ပုံရိပ်ကို စိတ်ကူးပုံဖော်ချင်တာမျိုး မလုပ်ချင်ကြဘူး၊ ရွံစရာမို့တဲ့၊ ဒါပေမဲ့ နို့နံ့လေး သင်းနေတဲ့ ကလေးလေး တစ်ယောက်ကို စိတ်ကူး ပုံဖော်ကြည့်ရင်တော့ ပြုံးယောင်သန်းလာမယ် မဟုတ်လား၊ ဘယ်ဟာက အနံ့ဆိုး၊ ဘယ်ဟာက အနံ့ကောင်း ဆိုတာကို ကမ္ဘာပေါ်မှာ ဘယ်သူက ဆုံးဖြတ်သလဲ၊ အိမ်ရာမဲ့ တစ်ယောက်နား ထိုင်နေရင် နံလွန်းလို့ သတ်ချင်စိတ်တွေ ပေါ်လာတယ်ဆိုတဲ့ လူတွေဟာ နို့နံ့နံတဲ့ ကလေးတစ်ယောက်နား ထိုင်နေရင်ကော အနံ့ကြောင့် သတ်ပစ်ချင်စိတ် ပေါ်တတ်လား၊ အဲဒီလို စဉ်းစားတဲ့ လူတွေလည်း ရှိလိမ့်မယ်လို့ ငါတွေးမိတယ် ခန်းကျီး”

သူပြောတာ နားထောင်ရတာကိုက အော်ဂလီဆန်စရာပဲ။ ဒါကြောင့် ကျွန်တော် ဘောလုံးရိုက်တော့မယ်လို့ ပြောပြီး သံဆန်ခါကွက်ရဲ့ အတွင်းဘက်ထဲ ဝင်လိုက်တယ်။ တစ်နာရီ မိုင်တစ်ရာနှုန်း ဘောလုံးထွက်တဲ့ နေရာကို ရွေးတယ်။ ကြမ်းပြင်က ကွန်ကရစ်ပဲ၊ ဘောလုံးထွက်တဲ့ဘက်ကို နည်းနည်း စောင်းထားတယ်။ ဒါမှ ဘောလုံးတွေဟာ စက်ဘက်ကို ပြန်ရောက်မယ်၊ ကွန်ကရစ်က အဖြူရောင်ပေမယ့် မီးချောင်းအလင်းရောင် အောက်မှာ အပြာရောင် သန်းနေတယ်။ ဘော့စ်ဘောရိုက်တံထဲက အပေါ့ဆုံးဟာကို ရွေးပြီး စက်ထဲကို ယန်းတစ်ရာ အကြွေစေ့ သုံးစေ့ ထည့်လိုက်တယ်။ ဘောလုံးပစ်စက်က မီးစိမ်းလေး လင်းလာတယ်။ မော်တာန္တီးသံကို ကြားလိုက်ရပြီး သေချာ မပြင်ဆင်ရသေးခင်မှာ ဘောလုံးဖြူဖြူကြီးဟာ အမှောင်ထဲကနေ ဝှီးခနဲ ထွက်လာတယ်။ တစ်နာရီ မိုင်တစ်ရာနှုန်းဆိုတာ အင်မတန် မြန်တာကိုး၊ အဆင်သင့်လည်း မဖြစ်သေးတော့ ပထမဆုံးဘောလုံးဟာ အလွဲကြီး လွဲသွားတယ်။

နောက်ရိုက်ချက်တွေကလည်း ထူးပြီး မကောင်းလှပါဘူး။ မိမိရရကို မရိုက်မိဘူး၊ ထိရုံထိတာနဲ့၊ လွဲသွားတာနဲ့၊ ဖရန့်က နောက်ကထိုင်ပြီး ကျွန်တော့်ကို ငေးနေတယ်။ ခဏနေတော့ သံဆန်ခါနားကို ကပ်လာပြီး ပြောတယ်။

“ဘယ့်နယ့်လဲ ခန်းဂျီး၊ တစ်ချက်မှလည်း မိမိရရ မထိပါလား”

ကျွန်တော် စောက်ရမ်း တင်းသွားတယ်။ ခုလိုအချိန်မှာ ဒီလို စောက်သံမျိုး မကြားချင်ဘူးလေ။

ဖရန့်ခ်က လေ့ကျင့်ရေးဝတ်စုံနဲ့ ကောင်ကို မျက်စိဝေ့ကြည့်ပြီး ပြောတယ်။

“ဟိုကောင့်ကို ကြည့်စမ်း၊ ရိုက်လိုက်တာများ ဖြောင်းခနဲ ဖြောင်းခနဲပဲ”

သူပြောတာ ဟုတ်တယ်၊ အဲဒီကောင်ဟာ တစ်နာရီ မိုင် ၁၂၀ နှုန်း နဲ့ ဝင်လာတဲ့ ဘောလုံးတွေကို တစ်လုံးမှ မလွတ်ဘူး၊ အားလုံးကို ရိုက်ပစ်နိုင်တယ်။ ကြည့်ရတာ သူဟာ ပရိုအဆင့် များလားပဲ၊ မနက်ပိုင်း ဘော့စ်ဘောလိုဂ် အသင်း တစ်ခုခုကနေ လွင့်ထွက်လာတဲ့ ကစားသမား ထင်တယ်။ ကာဘူကီ-ချို မှာ အဲဒီလို လူစားမျိုးတွေ တွေ့တတ်တယ်လို့ ကျွန်တော် ကြားဖူးတယ်။ မိန်းမကိစ္စ၊ ဆေးကိစ္စငြိပြီး အသင်းက ထွက်လိုက်ရတော့ အပျော်တမ်း ဘော့စ်ဘော ရိုက်သမား အဖြစ် အသက်မွေးရသတဲ့။ ဟုမ်းရန်းရရင် ယန်းနှစ်ထောင်၊ ဘောလုံးကို ရိုက်နိုင်ရင် ယန်း ငါးရာ စသည်ဖြင့်တဲ့။ ဒါကြောင့် သူတို့ဟာ မပြတ်တမ်း လေ့ကျင့်နေဖို့ လိုတယ်ပေါ့။

“ငါ မင်းရိုက်တာကို တစ်ချိန်လုံး ထိုင်ကြည့်နေတာ၊ မင်း တစ်လုံးမှကို ကောင်းကောင်းမွန်မွန် မရိုက်နိုင်ဘူး၊ မင်း ဘောလုံးတွေက ထွက်တာ သူ့ဘောလုံးတွေထက် အရှိန်အများကြီး နှေးတာကို”

“သိပါတယ်”

တင်းနေတော့ ကျွန်တော် ခပ်ကျယ်ကျယ် ပြတ်ပြတ် ပြောလိုက်ပြီး နောက်ထွက်လာတဲ့ ဘောလုံးကို အားရပါးရ ရိုက်ချလိုက်တယ်။ လွဲသွားတယ်။ ဖရန့်ခ်က သွားဖြဲပြီး ခေါင်းယမ်းနေတယ်။

“ဘုရားရေ၊ ဘယ်လိုဖြစ်တာတုံးကွာ၊ ဒီလောက် လွယ်တာကို”

ကျွန်တော် နောက် နည်းနည်းဆုတ်လိုက်ပြီး ဘော့စ်ဘောရိုက်တံကို အလွဲကျင့်နေမိတယ်။ အာရုံစိုက်နိုင်အောင် ကြိုးစားတယ်။ ဖရန့်ခ်ကတော့ နောက်ကနေပြီး ဒါကျိန်စာဖြစ်ကြောင်း၊ ဘုရားသခင်တောင် ကျွန်တော့်ဘက်မှာ မရှိကြောင်း ပွစိပွစိ လုပ်နေတယ်။ စောက်ကျိုးနည်း စောက်ရမ်း တင်းလာပြီနော်။

“ခင်ဗျား ငြိမ်ငြိမ်နေစမ်းဗျာ၊ ခင်ဗျား ဒီလိုပြောနေရင် ကျုပ်ဘယ်လိုလုပ် အာရုံစိုက်လို့ရမလဲ”

ဖရန့်ခ်က ဟင်းခနဲ သက်ပြင်းချပြီး ခေါင်းယမ်းလိုက်တယ်။

“ခန်းဂျီး၊ မင်း ဂျက်နစ်ကလတ်စ် အကြောင်း ကြားဖူးလား၊ သိပ် ကျော်ကြားတဲ့ ဇာတ်လမ်းပေါ့၊ ဂျက်ဟာ ပြိုင်ပွဲကြီးတစ်ခုမှာ ဘောလုံးကို အာရုံစိုက်ထားလိုက်တာ လေတိုက်လို့ ဦးထုပ်ကျတ်ကျသွားတာတောင် မသိဘူးတဲ့၊ အာရုံစိုက်တယ်ဆိုတာ ဒါမျိုးဗျ”

“ဂျက် ဘယ်သူ၊ တစ်ခါမှ မကြားဖူးဘူး၊ ငြိမ်ငြိမ်နေစမ်းပါဗျာ၊ ဟုတ်ပြီ လား၊ ခင်ဗျား ငြိမ်ငြိမ်နေရင် ကျွန်တော် ခင်ဗျားအတွက် ဟုမ်းရန်း တံခွန်ကို ထိ အောင် ရိုက်ပေးမယ်”

“ဟမ့်” ဖရန့်ခ်ဆီက ငေါ့သံ ထွက်လာတယ်။ ပြီးတော့ ခေါင်းကို ဖြည်းဖြည်းညှိမ့်တယ်။ မျက်နှာက မျက်နှာဖုံး စွပ်ချလိုက်သလို ဖြစ်သွားတယ်။ ပြီးတော့ ပြောတယ်။

“လောင်းမလား” တဲ့။

တကယ်လို့ ဒါဟာ ဖရန့်ခ် ကျွန်တော့်ကို ဆင်ထားတဲ့ ထောင်ချောက်ဆို ရင် ကျွန်တော် တည့်တည့်ကြီး တိုးဝင်လိုက်တာပဲလို့ ပြောရမယ်။ ရုပ်တည် ကြီးနဲ့ ဟမ့်... လောင်းမလား ဆိုတဲ့ အသံဟာ သည်းမခံနိုင်လောက်အောင် မထိတရီ ရှိလွန်းတဲ့အတွက် ရတယ်လေလို့ လွတ်ခနဲ ပြောလိုက်မိတယ်၊ သိတဲ့ အချိန်မှာ နောက်ကျသွားပြီ။ ဖရန့်ခ်ရဲ့ မျက်နှာသေကြီးက ကျွန်တော့်ကို ဒီ ဆုံးဖြတ်ချက် ချစေဖို့ တွန်းအားပေးတာကတော့ သေချာတယ်။

“အင်း... ဒီလိုလုပ်မယ်လေ ခန်းဂျီး၊ မင်း ဘောလုံးနှစ်ဆယ် ရမယ်၊ နှစ် ဆယ်မှာ တစ်လုံး ဟုမ်းရန်းတံခွန်ကို ထိရင် ဒီညအတွက် မင်းရမယ့် ညကြေးရဲ့ နှစ်ဆ ငါ ပေးမယ်၊ မထိရင် မင်း တစ်ပြားမှ မရဘူး”

ချမယ်လို့ ပြောလိုက်မိတော့မလို့ပဲ မနည်းပါးစပ်ကို ထိန်းရတယ်။

“ဖရန့်ခ် ဒါတော့ မတရားဘူးဗျ”

“ဘာဖြစ်လို့လဲ”

“ခင်ဗျားနိုင်ရင် ကျုပ်က ဒီည လုပ်အားခ သုညပဲ ရမှာ၊ ခင်ဗျားအတွက် သုည ဆိုတာ မရှိဘူးလေ၊ ဒါကြောင့် ကျုပ်က ခင်ဗျားထက် ပိုအန္တရာယ်များနေတာပေါ့”

“ဒါဆို မင်းက ဘယ်လိုလောင်းချင်လဲ”

“ခင်ဗျားနိုင်ရင် ကျုပ် လုပ်အားခကို တစ်ဝက်ပဲပေး၊ ကျုပ်နိုင်ရင် နှစ်ဆပေး၊ ဒါက ကြောင်းကျိုးသင့်တယ် မဟုတ်လား”

“ဆိုတော့ မင်းနိုင်ရင် အခြေခံကြေး ယန်းနှစ်သောင်း၊ အပို နှစ်နာရီစာ ယန်းနှစ်သောင်း၊ ပေါင်း ယန်းလေးသောင်း၊ နှစ်ဆ ယန်း ရှစ်သောင်း ငါက ပေးရမှာပေါ့”

ဟုတ်ပ၊ ဒီလိုတော့လည်း သူ သေချာမှတ်မိသားပဲ။ အင်းလေ၊ သူက အမေရိကန်ကိုး၊ အမေရိကန်တွေဟာ မူလ သဘောတူညီချက်ကို ဘယ်တော့မှ မမေ့ဘူး၊ ဘယ်လောက်မူးမူး၊ ဘယ်လောက်ထန်ထန် ဒါကိုတော့ သူတို့ အမြဲတမ်း အတိအကျ မှတ်မိတယ်။

“ဆိုတော့ မင်းနိုင်ရင် ယန်းလေးသောင်း ပိုရမယ်၊ ငါနိုင်ရင် ယန်းနှစ်သောင်း သက်သာမယ် အဲဒီလိုလား၊ မင်းက ခွက်ကျတဲ့ကောင်ပဲ ခန်းကျိုး”

ခွက်ကျတယ် ဆိုတာ ဘာမှန်း ကျွန်တော်မသိပါဘူး ဒါပေမဲ့ သူ့စကားက အတော်အလုပ်ဖြစ်တယ်။ ကျွန်တော် ထောင်းခနဲ ဖြစ်သွားတယ်။

“ပြီးရောဗျာ၊ မူလအတိုင်းပဲ ချမယ်”

လို့ ကျွန်တော် ပြောလိုက်မိတယ်။

ဖရန့်ခ်က နှူတ်ခမ်းတွေတွန့်ပြီး ပြုံးနေတယ်။

“ဒီတစ်ခါအတွက်တော့ ငါပေးမယ် ခန်းကျိုး” လို့ ပြောပြီး ဂျာကင် အတွင်းအိတ်ထဲက အကြွေအိတ်ကို ထုတ်ပြီး ယန်းတစ်ရာစေ့ သုံးစေ့ကို စက်ထဲထည့်ဖို့ ကျွန်တော့်လက်ထဲ ထည့်လိုက်တယ်။ သူ့လက်သည်းတွေက ခပ်ရှည်ရှည်၊ သေချာလည်း သန့်ရှင်းရေးလုပ်ထားပုံ မရဘူး၊ အကြွေစေ့တွေကို ယူရင်း ခုနက ဓာတ်ပုံဆိုင်မှာ သင်း အကြွေမရှိဘူးလို့ ပြောခဲ့တာကို အမှတ်ရမိတယ်။

“ယန်းသုံးရာဆို ဘောလုံး ဘယ်နှလုံးရလဲ”

“အလုံး သုံးဆယ်”

“ဟုတ်ပြီလေ၊ ပထမဆယ်လုံးနဲ့ မင်းလေ့ကျင့်၊ ဆယ့်တစ်လုံးမြောက်မှာ ငါတို့ အလောင်းအစား စကြတာပေါ့”

အင်း... ကြည့်ရတာ ဖရန့်ခ်ဟာ ဒီလိုဖြစ်အောင် ကြိုတင်ကြံစည်ထားပုံပဲ၊ ဘယ်လောက် ကောက်ကျစ်တဲ့ မအေပေးလဲကွာ ဒီကောင်ဟာ။ ခုနက ပရိုကောင် ရိုက်နေတာကို သူ ကြည့်နေမှာပေါ့၊ ဟိုအကောင်တောင် ဟုမ်းရန်း တံခွန်ကို တစ်လုံးမှ ထိအောင် မရိုက်နိုင်ဘူးဆိုတော့ ကျွန်တော့်ကို သူ အပိုင် ကိုင်လိုက်တာ နေမယ်။ ရှီဇူအိုကာကနေ တိုကျိုကို စတက်လာတုန်းက ကောလိပ်အတွက် ပြင်ဆင်မှုသင်တန်း လေးလတက်နေတုန်း ပစ္စည်းပို့တဲ့ အချိန်ပိုင်း အလုပ်လည်း ကျွန်တော် လုပ်ခဲ့ဖူးတယ်။ ရာသီဥတု သာယာပြီး အချိန်အား ရတိုင်းမှာ တာမာမြစ်ကမ်းဘေးက ဘော့စ်ဘောလေ့ကျင့်ရေး စင်တာကို ကျွန်တော် သွားခဲ့ဖူးတယ်။ ကျွန်တော်နေတဲ့ တိုက်ခန်းနဲ့ ရထား နှစ်ဘူတာစာ လောက်ပဲ ဝေးတာ။ အဲဒီမှာလည်း ဟုမ်းရန်း တံခွန်ရှိတာပဲ၊ အဲဒါကိုထိရင် တက်ဒီဝက်ဝံရုပ်တို့၊ ဘီယာသောက်ခွင့် ဘောက်ချာတို့ ဆုချတာ ကျွန်တော် မှတ်မိတယ်။ တစ်နေ့တော့ ဘောလုံး အလုံးတစ်ရာလောက် ကျွန်တော် ပြန် ရိုက်နိုင်ပေမယ့် တစ်လုံးမှ ဟုမ်းရန်းတံခွန်ကို မထိဘူး။ တံခွန်က ရေထဲစကိတ် စီးတဲ့ ဘုတ်ပြားအသေးစားလောက်ပဲ ရှိတယ်။ ဘောလုံးရိုက်တဲ့ နေရာနဲ့ မီတာ နှစ်ဆယ် ဝေးတယ်။ ဆယ့်ငါးမီတာ မြင့်တယ်။ မှန်တမ်းရိုက်နိုင်ရုံနဲ့တော့ မထိ ရေးချ မထိဘဲ။ တံခွန်ကို ထိအောင်ရိုက်ပြီး တက်ဒီဝက်ဝံရုပ်ဆု ရသွားတာ တစ်ခါပဲ မြင်ဖူးတယ်။ အိမ်ရှင်မ တစ်ယောက်ဗျ။

ဘောလုံးပစ်စက်ဟာ အသက်ဝင်လာပြီ။ ပထမဆယ်လုံးဟာ ဘာမှ မကြာလိုက်သလိုပဲ။ ပခုံးနဲ့ လက်မောင်း ကြွက်သားတွေကို ဖြေလျော့ပြီး ဘောလုံးကို ဖြောင်းခနဲ ပစ်ရိုက်နိုင်ဖို့ အာရုံပြုထားလိုက်တယ်။ ကျွန်တော့် အသက် ခုနစ်နှစ် ရှစ်နှစ်လောက်မှာ ဘော့စ်ဘောကို အဖေက ကျွန်တော့်ကို ပထမဆုံး စသင်ပေးခဲ့တာ။ အဖေက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံချက် ကြီးတွေမှာ စက်ကိရိယာဒီဇိုင်း စပယ်ရှယ်လစ်၊ အရှေ့တောင်အာရှမှာပဲ သူ့ အလုပ်က အခြေစိုက်ထားတာ။ သူ့ကျန်းမာရေးက မကောင်းလှဘူး၊ ဒါပေမဲ့ အားကစားကို သူ အင်မတန် ဝါသနာပါတယ်။ ဘောလုံးကို ကြည့်ထားဖို့ သူ အ မြဲပြောတယ်။ ကြည့်ထား၊ အာရုံစိုက်ပြီး ကြည့်ထား။

အလောင်းအစား အသက်ဝင်တဲ့ ပထမဆုံးရိုက်ချက်ဟာ တန်းခနဲ ဖြောင်းခနဲ ဘောလုံးကို ဖြောင့်ဖြောင့်ကြီး ရိုက်မိပြီး လာရာလမ်းအတိုင်း ပြန် ထွက်သွားတယ်။ နောက်က ကြည့်နေတဲ့ ဖရန့်ခ်ဟာ ဝါးခနဲ ထအော်တယ်။ ဒါပေမဲ့ ဘောလုံးက ဟုမ်းရန်းတံခွန်အောက် နှစ်မီတာလောက် နိမ့်သွားပြီး ပိုက်ကိုပဲ တိုးမိတယ်။ နောက်တစ်လုံးမှာလည်း ရိုက်ပစ်လိုက်နိုင်တယ်။ ဒါပေမဲ့ ပထမတစ်လုံးထက် နိမ့်တယ်။ ဘောလုံးထွက်စက်တွေကို ကာထားတဲ့ စတီး လက်ရန်းကို အုန်းခနဲ မှန်တယ်။ ဘောလုံးကို အာရုံစိုက်ဖို့ ကိုယ့်ကိုယ်ကိုယ် ပြောလိုက်တိုင်း အဖေ့ပုံရိပ်ကို မြင်ယောင်နေတယ်။ သူနဲ့ကျွန်တော် အတူ ကစားခွင့် သိပ်မရပါဘူး။ သူက မလေးရှားမှာပဲ အနေများတာကိုး၊ အဲဒီမှာ ဧရာမတံတားကြီးတစ်ခု တည်ဆောက်ရေး စီမံကိန်းမှာ ပါနေတာလေ။ ဒါပေမဲ့ ခုထိ သူနဲ့ ကျွန်တော် ဘော့စ်ဘော အတူကစားတယ်လို့ ကျွန်တော် အိပ်မက်မက်တုန်းပဲ။

တတိယ ဘောလုံးဟာ မြေပေါ်လိမ့်သွားပြီး သတ်ဒ်ဘော့စ်လိုင်းနား သွားကျတယ်။ လေးလုံးမြောက်နဲ့ ငါးလုံးမြောက်လည်း မြေလိမ့်ဘောတွေပဲ ဖြစ် သွားတယ်။ ဆယ်လုံးမြောက်လည်း ရိုက်ပြီးရော ကျွန်တော့်အာရုံဟာ ဘောလုံး ပေါ် လုံးလုံးလျားလျား ရောက်သွားခဲ့ပြီ။ ဖရန့်ခ်ကို လုံးလုံးမေ့သွားပြီ။ အာရုံထဲ မှာ အဖေပဲ ကြီးစိုးနေတယ်။ အမေကတော့ အဖေ့ကို ပလေးဘွိုင်လို့ ထင်နေ တယ်။ မိန်းမရှုပ်တဲ့ လူပေါ့လေ။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ ဒါဟာ အရေး မပါပါဘူး။ ကျွန်တော်က ကလေးပဲ ရှိသေးတာကိုး၊ အဆုတ်ရောဂါ နဲ့ ဆုံးခါနီး တော့ အဖေပြောခဲ့တာကို သတိရတယ်။

“ငါ့ဘဝမှာ နောင်တနှစ်ခု ရှိတယ်၊ ငါဆောက်နေတဲ့ တံတားကြီး ပြီးမှာ ကို ကြည့်ခွင့်မရတော့တာရယ်၊ ခန်းဂျီးကို ရေကူး မသင်ပေးလိုက်ရတာ ရယ်ကို ပေါ့”

ကျွန်တော် မွေးချိန်မှာ အဖေဟာ သူ့ကိုယ်သူ ပြောသတဲ့၊ အလုပ်သိပ်များ လို့ သားနဲ့အတူ ကစားဖို့ အချိန်သိပ်မပေးနိုင်ပေမယ့် အနည်းဆုံးတော့ သားကို ဘော့စ်ဘောအခြေခံရယ်၊ ရေကူးတာရယ်တော့ သင်ပေးမယ်ရယ်လို့ပေါ့။ အမေ ရိကန်ကို သွားချင်တဲ့ စိတ်ဆန္ဒကလည်း သူ့ကြောင့်ဖြစ်တာ တစ်စိတ်တစ်ဒေသ ပါတယ်။ အဖေဟာ ဂျပန်ကို ပြန်လာ၊ အိမ်မှာ ခဏနေပြီးလို့ မလေးရှား ပြန်ရ တော့မယ်ဆိုရင် ပြုံးပျော်ရွှင်လန်းလို့ပဲ။ အမေကတော့ အဲဒါ သူ ဟိုမှာ စမော

ဆွဲထားလို့ ဆိုပြီး ပြောတယ်။ ကျွန်တော်တော့ ဒါကြောင့်သက်သက်လို့ မထင်ပါဘူး။ စမော ရှိချင်ရှိမှာပါ၊ ဒါပေမဲ့ အဖေဟာ သူ့အလုပ်ကို သူ အင်မတန်မြတ်နိုးတယ်၊ မလေးရှားက သူ့အလုပ်က သူ့ကို စိတ်လှုပ်ရှားစေတယ်လို့ ကျွန်တော် ထင်တယ်လေ။ အဖေ ထွက်သွားလို့ ဝမ်းနည်းပေမယ့် လက်ဆွဲအိတ်လေးဆွဲပြီး နောက်ပြန်တွေ့မယ်နော်လို့ နှုတ်ဆက်သွားတဲ့ အဖေ့ပုံရိပ်လွှာဟာ ကျွန်တော့်အတွက် ပိုပြီး စွဲစွဲလမ်းလမ်း ဖြစ်စေတာပဲ။ တစ်နေ့တော့ ကျွန်တော်လည်း တစ်နေရာရာကို ထွက်သွားပြီး တစ်ယောက်ယောက်ကို နောက်ပြန်တွေ့မယ်နော်လို့ နှုတ်ဆက်တတ်ဖို့ကို အမြဲတွေးနေမိတယ်။

၁၄ လုံးမြောက် ဘောလုံးကို ဖနောင့်ကြွေတဲ့အထိ ရိုက်ထည့်လိုက်တာလွှင့်ခနဲ ပျံတက်သွားတယ်။ ဖရန့်ခ်က နိုး၊ ကျွန်တော်က ယက်စ် လို့ ပြုံင်တူအော်လိုက်မိတယ်။ ဒါပေမဲ့ ဘောလုံးဟာ တံခွန်အောက် တစ်မီတာအကွာမှာ နောက်ကပိုက်ကို ဖျတ်ခနဲ တိုးသွားတယ်။ တစ်ညလုံးလုပ်ခ ဆုံးရှုံးရတော့မယ် ဆိုတဲ့ အတွေးက ရုတ်တရက်ဝင်လာတယ်။ နောက်ဘောလုံးတွေ မြေလိမ့်ဘော ဖြစ်ကုန်တယ်။ ၁၇ လုံးမြောက်မှာ လွဲသွားတော့ ဖရန့်ခ်ဆီက ဟက်ခနဲ ရယ်သံ ကြားလိုက်တယ်။ တည်ငြိမ်မှုတွေ အလုံးစုံပျက်ပြားသွားပြီး နောက်ဆုံးသုံးလုံးက အဟောသိကံဖြစ်ပြီး ပြီးသွားခဲ့တယ်။

“ကောင်လေးရေ အတော်နီးစပ်တယ်ကွ၊ ငါတော့ သွားပြီလို့ ထင်မိတာခဏာခဏာပဲ”

ဖရန့်ခ်က ကျွန်တော့်ကို ဂရုဏာထားတဲ့ လေသံနဲ့ ပြောနေတယ်။ တစ်ခုခုတော့ လုပ်ဖို့လိုပြီလို့ ခံစားမိတယ်။ ဒီ စောက်ရူးအတွက် တစ်ညလုံး အလကားလုပ်ပေးရတာမျိုး အဖြစ်မခံချင်ဘူး။ ကျွန်တော် အထဲက ထွက်လိုက်တယ်။ ဂျာကင်ပြန် မဝတ်ခင်မှာ ရိုက်တံကို သူ့လက်ထဲ ထည့်ပေးလိုက်တယ်။ ကဲ... ခင်ဗျားအလှည့် ဖရန့်ခ်။

ဖရန့်ခ်က မယူဘူးဗျ၊ ရူးချင်ယောင်ဆောင်ပြီး ဒါက ဘာလဲ၊ ဘာလဲဟင် လို့ မေးနေတယ်။

“ခင်ဗျား အလှည့်လေ၊ ဆက်လောင်းမယ်”

“နေစမ်းပါဦး၊ အဲလိုပြောထားတာမှ မဟုတ်တာ”

“ခင်ဗျားပဲ ငယ်ငယ်က ဘော့စ်ဘောဆို အရူးအမူးပဲဆို၊ ခု ကျွန်တော် ရိုက်ပြီးပြီ၊ ခင်ဗျားအလှည့်”

“ငါ ပင်ပန်းနေတယ်လို့ ပြောထားတယ်လေ၊ ရိုက်တံကို ကိုင်ဖို့တောင် အတော်ပင်ပန်းနေတာ”

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက်တယ်။ ချပြီကွာ။

“ခင်ဗျားက လူလိမ်ပဲဗျ”

အဲဒီအသံ ကြားလိုက်ရတဲ့အခါ သူ့မျက်နှာဟာ အသေအချာကို ပြောင်းလဲသွားခဲ့တယ်။ ပါးပြင်ပေါ်မှာ နီနီပြာပြာ သွေးကြောမျှင်လေးတွေ ပေါ်လာတယ်။ မျက်ဆန်တွေဟာ ရုတ်တရက် နောက်ခန်းထဲက မီးပိတ်လိုက်သလို ပြူးကြောင်ကြောင်ကြီး ဖြစ်ပြီး အသက်မဲ့သွားတယ်။ မျက်လုံးထောင့်စွန်းတွေ၊ နှာခေါင်းနဲ့ နှူတ်ခမ်းတွေဟာ ဓာတ်လိုက်သလို တဆတ်ဆတ် တုန်လာတယ်။ သူ့မျက်နှာကို အနီးကပ်မြင်ဖူးတာ ခု ပထမဆုံးအကြိမ်ပဲ။ အနီးကပ်လွန်းလို့ သူအသက်ရှူတာတောင် ကျွန်တော့်မျက်နှာမှာ လေလာထိနေတယ်။ သူ့မျက်နှာဟာ အလွန့်အလွန် စိတ်ဆိုးတာလား၊ အလွန့်အလွန် ကြောက်ရွံ့ထိတ်လန့် သွားတာလား တစ်ခုခုပဲ။

“မင်း ဘာပြောတာလဲ”

ဖရန့်ခ်ဟာ သူ့ မျက်လုံးသေကြီးတွေနဲ့ ကျွန်တော့်ကို ကြည့်ရင်းမေးတယ်။

“မင်း ဘာပြောမှန်း ငါမသိဘူး၊ ငါ့ကို ဘာလို့ လူလိမ်လို့ ခေါ်တာလဲ၊ ငါ မင်းကို ဘာများ လိမ်ဖူးလို့လဲ”

သူ့မျက်ခွက်ကြီးကို ကျွန်တော်မကြည့်ချင်ဘူး။ ဒါကြောင့် ဖိနပ်တွေကို ငုံ့ကြည့်နေလိုက်တယ်။ ဖရန့်ခ်ရဲ့ မျက်နှာဟာ တဖြည်းဖြည်း နာကျင်ကြေကွဲတဲ့အသွင် ပြောင်းလာတယ်။ သူ့မျက်နှာကို ကြည့်ရင်း ကျွန်တော် ကြောက်လာမိတယ်။

“ခင်ဗျားပဲ ငယ်ငယ်တုန်းက ဘော့စ်ဘောကို အရူးအမူးပဲဆို၊ ချောင်းကြည့်ရှူး မစခင် ပြောတာလေ၊ ခင်ဗျားနဲ့ ခင်ဗျားအစ်ကိုတွေ တစ်ချိန်လုံး ဘော့စ်ဘောချည်း ကစားနေတာဆို”

“ဒါနဲ့ပဲ လူလိမ်ဖြစ်ရောလား”

“ငယ်ငယ်ကတည်းက ကစားလာတဲ့လူအဖို့ ဘေ့စ်ဘောဆိုတာ ကိုးကွယ်ရာပဲဗျ၊ ဟုတ်ရဲ့လား”

“ငါ နားမလည်ဘူး”

“ဘေ့စ်ဘောဟာ အခြားအရာ အားလုံးထက် ပိုအရေးကြီးတယ်လို့ ခံစားရမှာလေ”

“အိုကေ… ခန်းဂျီးရေ ခဏလေး၊ ငါ မင်းပြောတာ မြင်လာပြီ။ မင်း ပြောတာက တကယ်လို့ ရှိုးပွဲမစခင် ငါပြောတဲ့ စကားတွေသာ မှန်ခဲ့ရင် ငါဟာ ဟုမ်းရန်းတံခွန်ကို ထိအောင် ရိုက်နိုင်သင့်တယ်၊ အဲဒီလိုလား”

“ဟုတ်တယ်လေ၊ ကလေးတုန်းကလိုပေါ့၊ အပြန်အလှန် ရိုက်ကြတာပဲ မဟုတ်လား”

“ကောင်းပြီ”

ဖရန့်ခ်ဟာ အထဲကို ဝင်လိုက်တယ်။

“နှစ်ဆနဲ့ သုညပဲ မဟုတ်လား”

လေ့ကျင့်ရေးဝတ်စုံနဲ့လူဟာ ပစ္စည်းတွေသိမ်းပြီး ပြန်ထွက်သွားပြီ။ အိမ်ငိုက်နေတဲ့ အစောင့်နဲ့ အိမ်ခြေမဲ့လူကလွဲရင် စင်တာထဲမှာ ကျွန်တော်တို့ နှစ်ယောက်ပဲ ကျန်တော့တယ်။

“မှန်တယ်၊ ခင်ဗျား တံခွန်ကို ထိရင် နက်ဖြန် ကျွန်တော့်ညကြေး တစ်ပြားမှ မပေးနဲ့၊ မထိရင် ဒီနေ့အတွက်ရော နက်ဖြန်အတွက်ပါ ပုံမှန်ဈေးအတိုင်း ရှင်းရမယ်”

ဖရန့်ခ်က ခေါင်းညိတ်လိုက်တယ်။ အင်္ကျီစေ့ကို စက်ထဲမထည့်ခင် သူ ချီတုံချတုံ ဖြစ်နေပြီး ပြောတယ်။

“ခန်းဂျီးရေ၊ ခုလိုထိ ဖြစ်သွားတာကို ငါ တကယ် နားမလည်နိုင်ပါဘူးကွာ၊ ငါ ဘာလို့ရိုက်လဲဆိုရင် မင်း တင်းနေလို့ ရိုက်တာပါ၊ ငါက ပြေပြေလည်လည်ပဲ ဖြစ်စေချင်တာပါ၊ မင်း ငါပြောတာ နားလည်ရဲ့လား”

“နားလည်ပါဟယ်”

“ငါက ခုည မင်းကို ပေးရမယ့် ပိုက်ဆံတွေ မပေးချင်လို့ တမင်ကလိမ်ကျတာ မဟုတ်ပါဘူး၊ ငါ အဲဒီလိုလူမျိုး မဟုတ်ဘူးကွာ၊ ငါ့မှာ ပိုက်ဆံ အများကြီး ရှိပါတယ်၊ ချမ်းသာတဲ့လူ ပုံမျိုး မပေါက်ပေမယ့် ငါ့မှာ ပိုက်ဆံရှိတယ် ငါ့ပိုက်ဆံအိတ်ကို ကြည့်ကွာ”

ဖရန့်ခ်က သူ့အိတ်ထောင်ထဲက ပိုက်ဆံအိတ်ကို ကျွန်တော့်ဆီ ကမ်းပေးတယ်။ ဘီကီနီကလပ်မှာတုန်းက ပိုက်ဆံရှင်းတဲ့ မြွေရေခွံအိတ်တု မဟုတ်ဘူး။ လယ်သာအနက်ရောင်အိတ်၊ အထဲမှာ ယန်းတစ်သောင်းတန်တွေနဲ့ ဒေါ်လာတစ်ရာတန်တွေ အထပ်လိုက်ပဲ၊ အတော်ထူတယ်။

“တွေ့ပြီလား”

ဖရန့်ခ်က ပြောရင်း ပြုံးနေတယ်။

ဒါဟာ သူ လူချမ်းသာ ဆိုတာကို သက်သေပြတာ ဆိုရင်တော့ မဟုတ်သေးဘူးလို့ပဲ ပြောချင်တယ်။ လူချမ်းသာတွေဟာ ပိုက်ဆံအထပ်လိုက် အိတ်ထဲထည့်ပြီး လျှောက်သွားလေ့ မရှိဘူး၊ ပြီးတော့ သူ့အိတ်ထဲမှာ ဘာခရက်ဒစ်ကတ်မှ မတွေ့ဘူးရယ်။

“ဒေါ်လာ လေးထောင်နဲ့ ယန်း နှစ်သိန်းရှစ်သောင်း ရှိတယ်၊ ငါ့မှာ ပိုက်ဆံရှိတယ်၊ တွေ့ပြီလား”

“ဟုတ်ပါ့ဗျာ၊ တွေ့ပါပြီဗျာ”

ဒီလိုပြောလိုက်တော့ ဖရန့်ခ်ဟာ တစ်လောကလုံးမှာ အပျော်ဆုံး မျက်နှာလို့ ထင်ရလောက်အောင် အတင်းကြီးကို သူ့မျက်နှာ အရေပြားတွေ တွန့်တက်ပြီး ကြည့်ရဆိုးတဲ့ထိ ပြုံးပြနေလိုက်တာ ကျွန်တော် ပြန်သွားဖြဲပြရတဲ့ အထိပဲ။ ကြက်သီးတွေဟာ ဂုတ်ပိုးတစ်လျှောက် ဖြန်းခနဲ ထသွားတယ်။

“ဟုတ်ပြီ၊ လာပြီဟော့”

ဖရန့်က အင်္ကြေအိတ်ထဲက ယန်းသုံးရာကို စက်ထဲ ထည့်လိုက်တယ်။ အလို... ရိုက်ရမယ့် နေရာမှာမနေဘဲ ရှေ့တိုးပြီး ဘောလုံးလမ်းကြောင်း တည့်တည့်ကြီးမှာ နေရာယူနေပါ့လား။ ဘယ့်နယ်ဟာတုံး။ သူ ဘာလို့ အဲဒီလို လုပ်

နေမှန်း မသိပါဘူး။ အဲဒီလိုနေရင် ဘောလုံးမှန်မှာပေါ့။ မီးစိမ်းပြီ။ ဘောလုံးပစ်စက်ထဲက မော်တာသံ ထွက်လာပြီ။ ဖရန့်ခ်က စက်ကို မျက်နှာမူပြီး ရိုက်တံကို ရင်ဘတ်မှာ ကန့်လန့်ဖြတ် တင်ထားတယ်။ ကိုင်ပုံကိုင်နည်းကလည်း မဟုတ်သေးပါဘူး။ ညာလက်က ဘယ်လက်အောက်မှာ။ ဟာသလုပ်နေတာလို့ ထင်မိတယ်။ ဘောလုံး ထွက်လာပြီ။ ဖရန့်ခ်က ကျောက်ရုပ်လို ငြိမ်နေတယ်။ ဘောလုံးဟာ သူ့နားရွက်နားကနေ တစ်နာရီ မိုင်တစ်ရာနှုန်းနဲ့ ဝှီးခနဲ ဖြတ်သွားတယ်။ ဘောလုံး ဖြတ်သွားပြီးမှ သူဟာ ရိုက်တံကို အားရှိပါးရှိ လွှဲရိုက်နေတယ်။ ရိုက်တံဟာ အောက်ခြေ ကွန်ကရစ်ခင်းကို ရိုက်မိတော့ သူ့လက်ကလွတ်ပြီး အောက်ပြုတ်ကျသွားတယ်။ နောက်ထပ် ဘောလုံးတစ်လုံး ဝှီးခနဲ ထွက်လာတဲ့အခါ ဖရန့်ခ်ဟာ မတ်တတ်ကြီး ကြောင်စီစီ ရပ်နေတယ်။ စောက်ကျိုးနည်းပြီ။ အရှိန်နဲ့ထွက်လာတဲ့ ဘောလုံးလမ်းကြောင်းမှာ လက်ထဲ ဘာမှမရှိဘဲ ရပ်နေတဲ့ အရွယ်ရောက်ပြီးသား အမေရိကန်ယောကျ်ား တစ်ယောက်ကို ကျွန်တော် ရပ်ကြည့်နေရပြီ။ ဖရန့်ခ်ဟာ ဘေ့စ်ဘောမှ မဟုတ်ဘူး၊ ဘယ် အားကစားမှ ကစားဖူးပုံ မရဘူး။ သူ အဲဒီမှာ ဘောလုံးထွက်ရာကို ကျောပေးပြီး ငုတ်တုတ်ကြီး ထိုင်ချလိုက်တယ်။ ခေါင်းကို ငုံ့ထားတယ်။ လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ ကြည့်ရတာ အကြောက်လွန်ပြီး နေရာမှာတင် ခဲသွားသလိုပဲ။ ဒုတိယဘောလုံးဟာ သူ့ကျောကုန်းကို ဖုတ်ခနဲ မှန်တယ်။ ကျွန်တော် သူ့ကို အော်ခေါ်တယ်။ ဟေး... ဖရန့်ခ် ဖရန့်ခ်။ သူ မတုံ့ပြန်ဘူး၊ ပြာနှမ်းနှမ်း ကွန်ကရစ်အခင်းကို စိုက်ကြည့်နေတယ်။ လေအဝှေ့မှာ စာရွက်လေးတစ်ရွက်ဟာ သံဆန်ခါမှာ လာကပ်နေတယ်။ ရှေးခေတ်က ပေါ့ပ်သီချင်းဟာ လော်စပီကာတွေကနေ ထွက်နေဆဲပဲ။ ဖရန့်ခ်က မျက်တောင်တောင် မခတ်တော့ဘူး။ နေရာမှာတင် သေသွားပြီး တောင့်တင်းလိုက်လာသလိုပဲ။ ကျွန်တော် ခြောက်အိပ်မက်ဆိုးထဲ ရောက်နေသလို ဖြစ်နေတယ်။ ဘောလုံးတွေက တဖောင်ဖောင် ထွက်လာပြီး နောက်က ကာထားတဲ့ ဖျာကို ဖုတ်ခနဲ ဖုတ်ခနဲ ထိတယ်။ ခြောက်လုံးမြောက် ဘောလုံးက သူ့ဖင်ကို တည့်တည့်မှန်တယ်။ ဖရန့်ခ်ဟာ မျက်နှာကို လက်နဲ့ကာရင်း လက်ကြားထဲကနေ ဘောလုံးတွေကို ချောင်းကြည့်နေရှာတယ်။ မြင်ရတဲ့ မြင်ကွင်းက ဝမ်းနည်း စိတ်မကောင်းစရာပါ ရာဇဝတ်မှု ကျူးလွန်ကြောင်း ဝန်ခံလိုက်လို့ အပြစ်ခံယူဖို့ စောင့်နေတဲ့ ရာဇဝတ်သားလို သူ ဖြစ်နေရှာပြီ။ ကျွန်တော် သူ့အပေါ် လွန်သွားခဲ့ပြီလို့ ခံစားလာရတယ်။ အတွင်းကို ဝင်ပြီး ဘောလုံးထွက်တာကို ရပ်ပစ်လိုက်တယ်။ ဖရန့်ခ်ရေ၊ ဒါ အန္တရာယ်ကြီးတယ် ဖရန့်ခ်ရဲ့၊ ကျွန်တော့်လက်တွေ သူ့ပခုံးပေါ်

တင်လိုက်တဲ့အခါ သူ့ပခုံးဟာ အေးစက်မာတောင့်ပြီး ခုနက သတ္တုရိုက်တံကို ကိုင်ရတဲ့ အတိုင်းပဲ။ “ဖရန့်ခ်... လာတော့၊ အန္တရာယ်များတယ်။” ကျွန်တော်သူ့ကို ဆွဲထူလိုက်တယ်။ သူ ကျွန်တော့်ကို မျက်လုံးသေကြီးတွေနဲ့ မော့ကြည့်ရှာတယ်။ အပြင်ရောက်တော့ သူ ဟပ်ထိုးလဲသွားတယ်။ ကျွန်တော် သူ့ကို တောင်းပန်လို့ မဆုံးတော့ဘူး။ ကျွန်တော် လွန်သွားပြီ။ ကျွန်တော် စည်းကျော်သွားမိပြီ။

“ရတယ် ခန်းကျီး ရတယ်၊ ငါ အခု အိုကေပါပြီ”

ကုလားထိုင်မှာ ထိုင်မိတဲ့အခါ ဖရန့်ခ်က ကျွန်တော့်ကို ပြောတယ်။

“ကော်ဖီဖြစ်ဖြစ် တစ်ခုခုသောက်လိုက်မလား ဖရန့်ခ်”

သူ ခေါင်းယမ်းတယ်၊ ပြုံးဖို့ ကြိုးစားရင်း သူ ပြောရှာတယ်။

“ငါဒီမှာပဲ ခဏလောက် ထိုင်ပါရစေ”

အိမ်ခြေရာခြေမဲ့ လူကတော့ ကျွန်တော်တို့နှစ်ယောက် ဖြစ်နေပုံကို ငေးပြီး ကြည့်နေလေရဲ့။

❑

# (၂)

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့။

မွန်းတည့်ချိန်လောက်မှ ကျွန်တော် နိုးတယ်။ နိုးနိုးချင်း ပထမဆုံး အလုပ် အနေနဲ့ သတင်းစာဖတ်တယ်။ ကျောင်းသူကောင်မလေး အသတ်ခံရတဲ့ အကြောင်းတွေ အသေးစိတ် ပါလာပြီ။

‘ဒီဇင်ဘာ ၂၈ ရက်နေ့ မနက်အစောပိုင်းတွင် တိုကျို၊ ရှင်ဂျုကု၊ ကာဘူကီ-ချို ရပ်ကွက်ရှိ စားသောက်ဆိုင် ဝန်ထမ်းတစ်ဦးသည် အလုပ်မှ အပြန်တွင် အမှိုက်ပုံးတစ်ခုအတွင်း အပိုင်းပိုင်း ခုတ်ထစ်ထားသော အမျိုးသမီးငယ် တစ်ဦး၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ ထည့်ထားသည့် အမှိုက်ပစ် ပလတ်စတစ်အိတ်ကြီး နှစ်အိတ်ကို တွေ့ရှိခဲ့ရသည်ဟု ရဲဌာနကို သတင်းပို့ခဲ့သည်။ ကနဦး စစ်ဆေးမှုများအရ အဆိုပါ အမျိုးသမီးငယ်သည် တာအီတိုရပ်ကွက်နေ နိုဘူယူကီ တာကာဟာရှိ (၄၈ နှစ်) ၏ သမီး၊ တာအီတို အမှတ် ၂ အထက်တန်းကျောင်းတွင် အထက်တန်း ဒုတိယနှစ် တက်ရောက်နေသော အကီကို ကာကာဟာရှိ (၁၇ နှစ်)ဖြစ်ကြောင်း သိရှိရသည်။ အကီကိုသည် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုကို ခံထားရကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် တိုကျို မက်ထရိုပိုလစ်တန် ရဲဌာနမှ အဆိုပါ မုဒိမ်းကျင့် သတ်ဖြတ်မှုကို စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

စုံစမ်းစစ်ဆေးသူများ၏ တွေ့ရှိချက်များအရ အကီကို၏ ဝမ်းဗိုက်နှင့် တင်ပါးဆုံပိုင်းသည် အိတ်တစ်အိတ်၊ ခေါင်း-လက်နှင့် ခြေထောက်တို့ကို အိတ်တစ်အိတ်ဖြင့် ပိုင်းဖြတ်ထည့်ထားခဲ့သည်။ မျက်နှာတွင် အညိုအမည်း ဒဏ်ရာများစွာ ရှိနေပြီး ပြတ်ရှဒဏ်ရာနှင့် ထိုးသွင်းဒဏ်ရာများကိုလည်း တစ်ကိုယ်လုံးတွင် တွေ့ရှိရသည်။ အလောင်းတွေ့ရှိရချိန်တွင် သေဆုံးသည်မှာ ၁၂ နာရီခန့် ရှိပြီဟု ခန့်မှန်းရကြောင်း သိရှိရသည်။ သူ၏ အဝတ်အစားများ၊ မှတ်တမ်းစာအုပ်နှင့် အခြားပစ္စည်းအားလုံးကို ပလတ်စတစ်အိတ်များ အတွင်း တွေ့ရှိရသည်။ ထိုပလတ်စတစ်အိတ်များကို လူသူကင်းမဲ့သည့် လမ်းကြား အတွင်းရှိ အမှိုက်ပုံးအတွင်း ထည့်

ထားခြင်း ဖြစ်သည်။ တွေ့ရှိရသည့် နေရာတွင် သွေးအနည်းငယ်သာ ထွက်ခြင်းကြောင့် အကီကိုကို မုဒိမ်းကျင့်၊ သတ်ဖြတ်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ဖြတ်တောက်ခြင်းကို အခြားနေရာတွင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု စုံစမ်းရေးအဖွဲ့က သုံးသပ်ထားသည်။

အကီကိုသည် ကာဘူကီ-ချို နှင့် အိုင်ကီဘူကူရိတွင် ကျက်စားသော ဆိုးသွမ်းလူငယ်အုပ်စုနှင့် ဆက်စပ်မှု ရှိကြောင်းကိုလည်း ဖော်ထုတ် သိရှိရသည်။ အဆိုပါ လူငယ်အုပ်စုကို နီရှီ ရှင်ဂျုကု ရဲဌာနမှ စစ်ဆေးမှုအရ အကီကိုအား ဒီဇင်ဘာ ၂၇ ရက် နေ့ ညနေတွင် အိုင်ကီဘူကူရိမှ ဂိမ်းစင်တာ တစ်ခုတွင် နောက်ဆုံး တွေ့ရှိခဲ့ရကြောင်း...။'

သတင်းစာ ဖတ်လို့ပြီးပြီ။

တီဗွီဖွင့်လိုက်တုန်းမှာ တံခါးဘဲလ်က မြည်လာတယ်။ ဖွင့်လိုက်တော့ ဇွန်ဟာ ဈေးဝယ်အိတ်ကလေး ကိုင်ပြီး ရပ်နေတယ်။

“အသင့်စားပဲ၊ ဒါပေမဲ့ ဟော့ပေါ့ ခေါက်ဆွဲများ သူ စားချင်မလား လို့” တဲ့။

※

“အဲဒီတော့ သူ တကယ်ပဲ အဲဒီလူကို၊ အဲဒီ ဂိုင်ဂျင် နာမည်က ဘယ်သူ...”

“ဖရန့်ခ်”

“အွန်း - အဲဒီ ဖရန့်ခ်ကို လူသတ်သမားလို့ သူ တကယ်ထင်တာလား”

“အဲဒီလို မပြောပါဘူး၊ ဒါပေမဲ့- အင်း... မသိပါဘူးကွာ”

တီဗွီမှာ စိတ်ပညာရှင်တစ်ယောက်၊ မှုခင်းပညာရှင်တစ်ယောက်၊ ကောင်မလေး အသတ်ခံရမှု ပါရဂူလို့ သူ့ကိုယ်သူပြောတဲ့ လူမှုဗေဒပညာရှင် ဆိုသူ တစ်ယောက်ဟာ အမှုအကြောင်းကို သူ့ထက်ငါ အလုအယက် ငါ့စကား နွားရ ဆွေးနွေးနေကြတယ်။

“သူ တကယ်သတ်ခဲ့တယ် ဆိုတဲ့ သက်သေတော့ ကိုယ့်မှာ မရှိဘူး၊ ဒါပေမဲ့ သူလုပ်ခဲ့တာဆိုတဲ့ ခံစားချက်ကို ကိုယ် ဖယ်ထုတ်လို့ မရဘူး ဖြစ်နေတာကတော့ အံ့သြစရာပဲ ဇွန်”

ခေါက်ဆွဲသားထူထူဟာ အရသာ ရှိတယ်။ ခေါက်ဆွဲထဲကို ဇွန်က သီးခြားဝယ်လာတဲ့ အသားတွေ ထည့်ထားတော့ ပိုကောင်းတာပေါ့။ သူက အဲဒီလို ထောင့်စေ့အောင် စဉ်းစားတတ်တာ။ ဇွန်ဟာ ဆံပင်ကို ဟိုင်းလိုက်ဖောက်ထားတယ်၊ နားနှစ်ဖက်လုံး အပေါက်တွေ အများကြီးဖောက်၊ နားဆွဲမျိုးစုံတပ်၊ ဒီနေ့တော့ လယ်သာအမည်း မီနီစကတ်လေးရယ်၊ ဘွတ်ရှူးတွေရယ်ကို မိုဟဲ-ဘလန်းဆွယ်တာနဲ့ တွဲဝတ်ထားတယ်။ တီဗွီက ဆွေးနွေးခန်းမှာတော့ လူမှုဗေဒပညာရှင်က ခုလို ဆွေးနွေးနေတယ်။

“မလုံတလုံဝတ်တာ၊ ဆံပင်ကို အရောင်စုံဆိုးတာ၊ ဒါတွေဟာ ခုခေတ် အထက်တန်းကျောင်းသူတွေရဲ့ လူမှုစိတ်ဓာပေါ့၊ အရွယ်ရောက်ပြီးသူတွေရဲ့ နေသားကျ လူ့အဖွဲ့အစည်း ပေတံတွေကို သူတို့ ဆန့်ကျင်တယ် ဆိုတာကို ပြတဲ့သဘောပါပဲ”

ဇွန်က ခေါက်ဆွဲထဲက အသားဖတ်ကို တူလေးနဲ့ ညှပ်စားရင်း အဲ့ဒီကောင်ဟာ သောက်ရူးပဲလို့ ပြောလိုက်တယ်။ ကျွန်တော်လည်း သဘောတူတယ်။ ကျွန်တော် မိန်းကလေး မဟုတ်ဘူး၊ ကျွန်တော် အထက်တန်းကျောင်းက ထွက်လာတာ နှစ်နှစ်ကျော်ကျော်ပဲ ရှိသေးပေမယ့်လို့ ဇွန်တို့လို အထက်တန်းကျောင်းသူတွေ အကြောင်းကို အပြည့်အဝ နားလည်တယ်လို့ ဘယ်တုန်းကမှ မကြွေးကြော်ဖူးဘူး။ ခု ဒီသေခါနီးကြီးက အထက်တန်းကျောင်းသူ ပါရဂူလို့ ပြောပြီး သူ စိတ်ထင်တာတွေ လျှောက်ပြောနေတာကိုး။ ဒီလိုကောင်စားမျိုးတွေကို ယုံစားလို့ မရပါဘူး။

“အလောင်းကို အပိုင်းပိုင်း ခုတ်ပစ်တာတော့ လွန်လွန်းပါတယ်အေ၊ ဟို သိုးငယ်ကလေးများရဲ့ တိတ်ဆိတ်မှု (The Silence of the Lambs) ဇာတ်ကားထဲကလို နေမှာပေါ့၊ သူ ဘယ်လိုထင်လဲ”

“အင်း... ဟုတ်တယ်၊ အဲဒီလို ရုပ်ရှင်မျိုးရဲ့ လွှမ်းမိုးမှုကြောင့် နေမှာပေါ့၊ ဇွန် မနေ့က ပြောသလိုပဲ ဒါ ဂျပန်သတ်နည်း မဟုတ်ဘူး ဆိုတာလေ”

“ဆိုတော့ အဲဒီဘဲရဲ့ ဓာတ်ပုံပါလား သူများကို ပြ”

“ဘာဓာတ်ပုံလဲ”

“ဟွန့်၊ ခန်းဂျီးနော်၊ မနေ့က ဓာတ်ပုံရိုက်စက်နဲ့ သူ့ပုံ ရိုက်ယူလာမယ်လို့ သူပဲ ပြောပြီးတော့”

“အင်း... မနေ့က အခန်းပြန်ရောက်တော့ မနက်သုံးနာရီ ထိုးတော့မယ်၊ သူ့ကို ဟိုတယ် ပြန်ပို့ပြီးမှ ကိုယ်ပြန်လာရတာလေ၊ မနေ့က ဘော့စ်ဘော လေ့ကျင့်ရေးစင်တာမှာ သူပြောတဲ့ စကားတွေ ကြားရင် ဇွန် ယုံနိုင်မယ် မထင် ဘူး ဆိုတော့ ဓာတ်ပုံကို သတိကို မရတာကွာ၊ အဲဒီ ဘော့စ်ဘော လေကျင့်ရေး စင်တာမှာ ဒီဘဲ လုံးဝ ပြိုင်းသွားတာကွာ”

“ဟင်... ပြိုင်းသွားတယ်လား၊ အဲဒါ ဘာကို ဆိုလိုတာတုံး”

“ဘော့စ်ဘောရိုက်တံကြီး ကိုင်ပြီး ဖွတ်မေ့ ပုတတ်မေ့ ဖြစ်သွားတာကွ၊ တစ်ကိုယ်လုံး ခဲသွားသလို တောင့်တင်းပြီး လှုပ်လည်း မလှုပ်တော့ဘူး၊ စက်ထဲက ဘောလုံးတွေက တဖောင်ဖောင်နဲ့ထွက်၊ သူက ဘောလုံးလာရာကို ဖင်ပေး ပြီး ရုပ်တုတစ်ခုလို ဆောင့်ကြောင့်ကြီး ထိုင်နေတယ်၊ ဘော့စ်ဘောကို သူ တစ်ခါ မှ မကစားဖူးမှန်း အရမ်းသိသာတာပဲ၊ အဲဒီထက် ပိုတယ်၊ သူ အခြေအနေ ပြန် ကောင်းလာပြီး အပြန်လမ်းမှာ မေးကြည့်တော့ သူက အဲဒါ သူ့ဦးနှောက်ထဲက ပျောက်ဆုံးနေတဲ့ အရာကြောင့်လို့ ကိုယ့်ကို ဖြေတယ်”

“ဘာလဲ ကျပ်မပြည့်တာမျိုးလား”

“မဟုတ်ဘူး သူ့ ဦးနှောက် အစိတ်အပိုင်းတစ်ခုကို ဖြတ်ထုတ်ထားတာ ခံ ရတာတဲ့”

ဇွန်ဟာ ပါးစပ်ထဲထည့်ဖို့ ခေါက်ဆွဲတွေ တူနဲ့ဆယ်ရင်း လမ်းတစ်ဝက် တင် ရပ်သွားတယ်။

“ဟင်... ဦးနှောက်အစိတ်အပိုင်းကို ဖြတ်ထုတ်လိုက်ရင် သေမှာ မဟုတ် လား”

“ဦးနှောက်ရဲ့ ဟိုဟာတဲ့ကွာ၊ နာမည် ဘာပါလိမ့်၊ ဖရန့်ခ်ကို သေချာ စာလုံးပေါင်းခိုင်းပြီး ကြည့်လာတာ၊ သိပ်မကြားဖူးတဲ့ စကားလုံးပဲ၊ ဘာပါလိမ့် ဦးနှောက်အစိတ်အပိုင်းတွေ ဇွန် မှတ်မိသေးလား”

“ခေါင်းခွံလား”

“ခေါင်းခွံက အရိုးကြီးကို၊ မဟုတ်ဘူး၊ အထဲက ဟာ၊ ခေါ်ရခက်တယ်”

“မဒါလာ အော့ပ်လောင်ဂေတာ”

“အဲဒီလောက်လည်း မခက်ဘူး၊ ရှေ့မှာ ရှိတာကွာ”

တီဗွီမှာ လူမှုဗေဒပညာရှင်က ပြောနေပြန်ပြီ။ “တစ်နည်းအားဖြင့် ပြောရရင်တော့ ဒီဖြစ်ရပ်က ဖာဥပဒေ ကို ကျွန်တော်တို့ အမြန်ဆုံး အသက်သွင်းဖို့ လိုနေပြီ ဆိုတာရယ်၊ ယာယီ အစီအစဉ်အနေနဲ့ တစ်ခုခုလုပ်ဖို့ လိုအပ်နေပြီ ဆိုတာရယ်ကို ပြသနေတာပေါ့”

“ဖရွန်တယ်လုပ်ဘ် လား”

ဇွန်က မေးလိုက်တယ်။

ကျွန်တော် သူ့ခေါင်းလေးကို ချစ်စနိုးနဲ့ အသာပုတ်လိုက်တယ်။ ဇွန်က သာမန်ကျောင်းသူလေး ဆိုပေမယ့် ကျွန်တော့်စိတ်ထင် သူက သာမန်ထက် အများကြီး ပိုထူးချွန်တယ်။ ခု သူ့အမေက ထီပေါက်လို့ ဆိုလားပဲ၊ ဆိုင်ပန်ကို သွားနေတယ်၊ ဒါကြောင့် မနေ့ညက သူ့အိမ်မှာ မအိပ်လည်း ပြဿနာ မရှိဘူး။ ဒါပေမဲ့ သူ့မှာ အလယ်တန်းကျောင်းသား မောင်လေးရှိတဲ့အတွက် ဇွန်ဟာ အမြဲတမ်းပဲ သန်းခေါင်လောက်ဆို သူ့အိမ်သူ အမြဲ ပြန်လေ့ရှိတယ်။ သူက အိမ်ကို စိုးရိမ်လွန်းလို့၊ စိတ်ပူလွန်းလို့၊ မောင်လေးအတွက် တာဝန်ရှိတယ်လို့ ခံယူလွန်းလို့ မဟုတ်ပါဘူး။ ဇွန့် ရည်မှန်းချက်က အလွန်အကျွံတွေကို ရှောင်ပြီး သာမန်ဘဝအတိုင်း အေးအေးချမ်းချမ်း နေဖို့ပဲ။ သာမန်အတိုင်း အေးအေးချမ်းချမ်း နေဖို့ ဆိုတာ တကယ်တော့ မလွယ်ဘူး။ မိဘတွေ၊ ဆရာတွေ အစိုးရကိုယ်တိုင်က အပြင်းအထန် ကြိုးစားလေ့လာ ရုန်းကန်လှုပ်ရှားပြီး ဘဝကျွန် အဖြစ် နေဖို့ တွန်းအားပေးကြတာကိုး၊ သာမန်အတိုင်း အေးအေးဆေးဆေး နေဖို့ ဘယ်သူမှ မသင်ပေးဘူးလေ။

“ဟုတ်တယ် ဟုတ်တယ်၊ ဖရွန်တယ်လုပ်ဘ် တဲ့၊ နောက် စကားလုံး တစ်လုံးတော့ ရှိသေးတယ်၊ ပိုခက်တယ်၊ အဘိဓာန်ထဲလည်း မပါဘူး၊ ထားပါတော့၊ သူ့ရဲ့ ဖရွန်တယ်လုပ်ဘ်ကို ဆရာဝန်တွေက ဖြတ်ပစ်ထားတာတဲ့”

“ဘာဖြစ်လို့လဲ”

“ဘာကို ဘာဖြစ်လို့လဲတုံး”

“ဟုတ်ဘူးလေကွာ၊ ဖြတ်ပစ်တာ အကြောင်းတော့ ရှိရမယ် မဟုတ်လား”

“သူပြောတာတော့ ကားအက်ဆီးဒန့် ဖြစ်တာတဲ့၊ သူ့ခေါင်းခွံရိုး အက်ပြီး မှန်ကွဲစတွေ အထဲထိ စိုက်ဝင်သွားတာတဲ့၊ မှန်ကွဲစတွေကို ဖယ်ရှားရင်း ဖရွန် တယ်လုပ်ဘ်ကိုပါ နည်းနည်း ဖြတ်လိုက်ရတယ်တဲ့၊ ကြားရတာ အဓိပ္ပာယ် မရှိဘူး မဟုတ်လား၊ ဒါပေမဲ့ မနေ့ညက သူ့ပုံကို မြင်ရင်”

ဖရန့်ခ် ပြောခဲ့တာတွေကို ကျွန်တော် ပြန်လည်ကြားယောင် လာခဲ့တယ်။

“ခန်းဂျီး၊ ငါ မင်းကို လျှို့ဝှက်ချက်တစ်ခု ပြောပြလို့ ရမလား” တဲ့။ ဘာမှ ပြန်မပြောရသေးခင် သူ စလွှတ်တော့တာပဲ။

“ငါ့ကို ပုံမှန်မဟုတ်ဘူးလို့ မင်း ထင်ချင်ထင်နေမှာ ငါသိပါတယ်။ အင်း... ငါ ဆယ့်တစ်နှစ်သားတုန်းက မော်တော်ကား အက်စီးဒန့်တစ်ခု ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့တယ်ကွ၊ ငါ့ ဦးနှောက်ကို ထိခိုက်သွားခဲ့တယ်။ အဲဒါကြောင့်မို့လို့ တစ်ခါတလေမှာ ငါ တစ်ကိုယ်လုံး လှုပ်လို့မရဘူး၊ တစ်ခါတလေလည်း ငါ့ စကားတွေကို ဘယ်သူမှ နားမလည်ဘူး၊ အဲဒီလို ဖြစ်ဖြစ်နေတတ်တယ်ကွ”

ဖရန့်ခ်ဟာ ကျွန်တော့်လက်ကို ယူပြီး သူ့ လက်ကောက်ဝတ်ပေါ် တင် ခိုင်းတယ်၊ ကြည့်စမ်း... ဘယ်လောက် အေးစက်ပြီး တောင့်တင်းနေသလဲ ဆိုတာ ကြည့်စမ်းတဲ့။ ဟုတ်တယ်ဗျာ။ သူ နောက်နေတာ မဟုတ်ဘူးပဲ။ အပြင်မှာ ရာသီဥတုက တကယ်အေးပါတယ်။ လေအေးတွေကလည်း ဟူးဟူးရားရား တိုက်နေတော့ နှာရည်တွေယိုပြီး လက်တွေလည်း ထုံကျဉ်နေပြီ။ ဒါပေမဲ့ ဖရန့်ခ်ရဲ့ လက်ကောက်ဝတ် အေးပုံက တစ်မျိုးဗျ။ လက်ဖဝါးချင်းပွတ်ပြီး နွေးလာအောင် လုပ်ယူလို့ရတဲ့ အေးပုံမျိုး မဟုတ်ဘူး။ သူ့လက်ကောက်ဝတ်တွေ၊ လက်ဖျံတွေဟာ သူ့ပခုံးလိုပဲ၊ သတ္တုတစ်မျိုးကို ကိုင်ရသလို အေးစက် မာတောင့်နေတာ။ ကျွန်တော် ငယ်ငယ်လေးတုန်းက အဖေ ဒီဇိုင်းထုတ်ထားတဲ့ စက်တွေ ထားတဲ့ ဂိုဒေါင်ကို သားအဖ နှစ်ယောက် သွားလေ့ရှိတယ်။ အဖေ ဘာကြောင့် ကျွန်တော့်ကို ခေါ်သွားသလဲ ဆိုတာတော့ မမှတ်မိဘူး၊ နာဂိုယာမြို့ပြင်က တောင်ကုန်းလေးတွေပေါ်မှာဗျ၊ ပြီးတော့ ဆောင်းလယ်ကောင်ကြီးဗျ။ ဧရာမစက်ကြီးတွေကို တန်းစီထားတာ ကိုင်ကြည့်လိုက်ရင် အေးစက်မာကျောပြီး စတီးလ်နံ့တွေ နှာဝမှာ လှိုင်လာတယ်။ ခုလည်း ဖရန့်ခ် လက်ကောက်ဝတ်ကို ကိုင်လိုက်တဲ့အခါ အဲဒီခံစားချက်မျိုး ပြန်ဝင်လာတယ်။

“ခုဆို ငါ့ခန္ဓာကိုယ် ဘယ်လောက် အေးစက်နေတယ် ဆိုတာ ကိုယ့်ကိုယ် ကိုယ်တောင် ပြန်ခံစားလို့ မရဘူးကွ၊ ငါ့ အာရုံခံစားမှုတွေလည်း တချို့ဟာတွေက ပျောက်ဆုံးနေတယ်၊ ဒါ ငါ့ခန္ဓာကိုယ် ဟုတ်ရဲ့လား ဆိုတာတောင် မသေချာဘူး ဖြစ်နေတယ်။ စကားပြောနေတာကော ငါ ဟုတ်ရဲ့လားပေါ့၊ အဲဒီလိုဖြစ်ရင် ငါ့မှတ်ဉာဏ်တွေလည်း ဝေဝါးသွားတယ်။ တကယ်လား၊ အိပ်မက်လား ဆိုတာ ဝေခွဲလို့မရသလို ဖြစ်နေတာကွာ”

ဖရန့်ခ်ဟာ ဒီအကြောင်းတွေကို ဟိုတယ်ပြန်တဲ့ လမ်းတစ်လျှောက်လုံး ကျွန်တော့်ကို ပြောပြနေခဲ့တယ်။ ကြားရတာ စိတ်ကူးယဉ် သိပ္ပံရုပ်ရှင် ဆန်နေပေမယ့် ကျွန်တော် သေချာနားထောင်ပါတယ်။ ဒါက သူ့လုပ်ရပ်၊ သူ့စကား၊ သူ့ဟန်ပန်တွေကို ရှင်းပြနိုင်သလို ခုနက ရေခဲတုံးလို တောင့်တင်း အေးစက်နေတဲ့ သူ့ခန္ဓာကိုယ်ကိုလည်း ကျွန်တော် လက်တွေ့စမ်းခဲ့ရတာကိုး။

“သူများတော့ နားမလည်ပေါင်”

ဇွန်က သူ့ခေါက်ဆွဲကို လက်စသတ်လိုက်တယ်။ ကျွန်တော်ကတော့ တစ်ဝက်တောင် မကျိုးသေးဘူး။ ကျွန်တော့်လျှာက ပါးသဗျ၊ အူဒွန် ခေါက်ဆွဲပူပူစပ်စပ်ကို စားရင် အချိန်အတော် ယူရတယ်။

“အဲဒီဘဲက စက်ရုပ်လို့ ပြောနေတာတော့ မဟုတ်ဘူး မဟုတ်လား”

“အာ... စက်ရုပ်ဆိုတာ တို့ ကာတွန်းတို့ ရုပ်ရှင်တို့ထဲမှာပဲ တွေ့ဖူးတာလေ၊ ဒါက... အင်း... ဘယ်လိုပြောရမလဲ... တစ်ယောက်ယောက်ရဲ့ အရေပြားကို ကိုင်ကြည့် ထိကြည့်လို့ ရလာတဲ့ ခံစားမှုမျိုး”

ဇွန်ရဲ့ ကျောပြင်လေးပေါ် ကျွန်တော့် လက်ဖဝါးကို ကပ်ထားလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် အတူမနေဖြစ်တာ ကြာပြီ။ သုံးပတ်လောက် ရှိရောပေါ့။ စတွဲတုန်းကတော့ ဘာပြောကောင်းမလဲ။ ဘယ်နေရာ ဘယ်အချိန် ဖြစ်ဖြစ် တွေ့ရာသချိုင်း ဓားမဆိုင်းပဲ။ နောက်ပိုင်းတော့ တွေ့ရင် ဝုန်းဖို့ထက် စကားပြောဖြစ်တာ၊ အစားအသောက်အတူတူ လုပ်စားဖြစ်တာက ပိုများလာတယ်။

“ခု ဇွန့်ကျောမှာ လက်တင်လိုက်တော့ နူးညံ့တဲ့၊ နွေးထွေးတဲ့ ခံစားမှုကို ချက်ချင်း ရတယ်လေ၊ ဖရန့်ခ်ကို ထိလိုက် ကိုင်လိုက်ရင် ပကတိ လူ့

အသားအရေရဲ့ ထိတွေ့ခံစားမှုကို မရတာ အမှန်ပဲ”

ဇွန်က တီဗွီကြည့်နေရင်း ကျွန်တော့်လက်ကို အသာဖျစ်ညှစ်လိုက်တယ်။ မြန်မြန်စားတဲ့၊ စားတာ လက်စသတ်တော့တဲ့။

“ခဏနေရင် ခံတွင်းပျက်စေတဲ့ ဟာတွေ ပြတော့မှာ၊ သူ မြန်မြန်စား”

လူသတ်မှုအကြောင်း သူတို့ ဆက်ဆွေးနွေးနေကြတယ်။ ပညာရှင် ပါရဂူ ဆိုတာတွေ ပြောချင်တာ ပြောပြီးတဲ့နောက် အစီအစဉ် တင်ဆက်သူဟာ အသတ်ခံရသူရဲ့ ဇရာမ ပုံကြမ်းကြီး ရှေ့မှာ စိတ်လှုပ်ရှားစွာ ပြောနေတယ်။

“အကီကိုဟာ အရမ်းကို နှိပ်စက်ခံခဲ့ရရှာတာပါ၊ ဒါပေမဲ့ ခုပုံကို ကြည့်ပါ၊ သူ့ဒဏ်ရာတွေရဲ့ သဘောသဘာဝကို ကျွန်တော် ရှင်းပြချင်ပါတယ် ခင်ဗျ”

ဇွန်က ကြည့်ရင်း ပြောတယ်။

“ဒီပုံကို ကြည့်ရရင် သူ့မိဘတွေ ဘယ်လို ခံစားရမယ် ဆိုတာကို သူတို့ တွေးမိရဲ့လား မသိပါဘူး၊ ဒီကောင်မလေးဟာ ကိုယ့်ခန္ဓာကိုယ် ရောင်းစားနေတဲ့ ကောင်မလေးမို့ လူမဟုတ်ဘူးလို့များ ထင်နေကြသလားဟင်”

ကြည့်ရတာ စိတ်မကောင်းဘူးလို့ ပြောရင်း ဇွန်က တီဗွီကနေ မျက်လုံးကို လွှဲလိုက်တယ်။ ဟုတ်လည်း ဟုတ်ပါရဲ့။ ပုံကြမ်းက သိပ်ဆိုးတာပဲ။ ကောင်မလေး ခန္ဓာကိုယ်က သွေးခြည်ဥဒဏ်ရာ၊ ထိုးသွင်းဒဏ်ရာ၊ ပြတ်ရှဒဏ်ရာတွေ အားလုံးကို ကာလာခြယ်ထားတယ်။ ခေါင်းရယ်၊ လက်ရယ်၊ ခြေထောက်ရယ်၊ ကိုယ်ပိုင်းရယ်ကို ဖြတ်တဲ့နေရာမှာ မျဉ်းပြတ်ကလေးတွေ ဆွဲပြထားတယ်။

“လူကြီးမင်းတို့ ရှုမြင်ရတဲ့အတိုင်း အကီကိုရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဒဏ်ရာဒဏ်ချက်မျိုးစုံ ရှိတာ တွေ့ရပါတယ်။ သူ့ဘယ်ဘက် ရင်သားပေါ်က အရေပြားကို လှီးထုတ်ခံထားရတယ်၊ အထူးခြားဆုံးကတော့ မျက်လုံးတွေကို ရေခဲခွဲ စူးနဲ့ ထိုးဖောက်ထားတာပဲ ခင်ဗျာ။ ရာဇဝတ်မှုဆိုင်ရာ စိတ်ပညာရှင်ရဲ့ အလိုအရတော့ လူသတ်သမားဟာ သူလုပ်နေတာကို အကီကို မြင်စေချင်ပုံ မရဘူး၊ ဒါကြောင့် မျက်လုံးတွေကို အရင် ဖောက်ပစ်လိုက်တာလို့ ခန့်မှန်းပါတယ်၊ ဒါကို ကြည့်ခြင်းအားဖြင့် လူသတ်သမားဟာ ဒီဟာတွေကို ချောက်ချောက်ချားချား ကြောက်ကြောက်လန့်လန့်နဲ့ လုပ်ခဲ့တာလို့ သုံးသပ်ကြပါတယ်”

“အလကားး နှိပ်စက်ရတာ ကြိုက်လို့ကို မျက်လုံးတွေကို စိမ်ပြေနပြေ ဖောက်ပစ်တာ နေမယ်”

ဇွန်က မှတ်ချက်ဝင်ပေးတယ်။

ကျွန်တော်လည်း ဇွန့်လိုပဲ ထင်တယ်။ တီဗွီမှာတော့ ပရိသတ်ထဲက အိမ်ရှင်မတွေကို အနီးကပ် ရိုက်ပြနေတယ်။ သူတို့ဟာ မယုံနိုင်ခြင်း၊ အော့နှလုံးနာခြင်း၊ အော်ဂလီဆန်ခြင်း စတဲ့ ခံစားချက် ကိုယ်စီနဲ့ပေါ့။ အစီအစဉ် တင်ဆက်သူက ဆက်ပြောတယ်။

“ခု ရှင်းလာတဲ့ အချက်ကတော့ အကီကိုဟာ သက်ငယ်ဖာ အုပ်စုထဲက ဖြစ်တယ် ဆိုတာပါပဲ၊ ရဲတွေကတော့ ခု သူ့ လတ်တလော ဖောက်သည်တွေကို စုံစမ်းနေကြပါတယ်၊ ဒါပေမဲ့ သေသူဟာ တစ်ကိုယ်တော် လှုပ်ရှားတာ ဆိုခဲ့ရင်တော့ ဒီလို ကွင်းဆက်လိုက်ဖို့ ဆိုတာ မဖြစ်နိုင်သလောက်ပါပဲ ခင်ဗျ”

ဇွန်က ဝင်ပြောပြန်တယ်။

“ပေဂျာကို စစ်ဆေးကြလေဟယ်၊ သူ့မှာ ပေဂျာရှိတာ သေချာတယ်၊ ပေဂျာထဲက နောက်ဆုံး မက်ဆေ့ချ် ဆယ်ခုကိုသာ စစ်၊ မရရင် အခုနှစ်ဆယ် စစ်၊ ဖုန်းကုမ္ပဏီကနေ တစ်ဆင့် စစ်၊ ဘာလို့ မရရမှာလဲ”

“သတင်းထဲမှာတော့ ပေဂျာတွေ့တယ်လို့ မပါဘူး ဇွန်ရဲ့”

“သတင်းက သူများတို့ကို အကုန် ဘယ်ပြောပါ့မလဲ၊ တကယ်လို့ လူသတ်သမားက ထိုင်ကြည့်နေရင် တစ်ခုခု မသင်္ာစရာ ပေါ်တာနဲ့ သူ လစ်သွားမှာပေါ့၊ ဟုတ်ဘူးလား”

အစီအစဉ်တင်ဆက်သူ ကဏ္ဍ အပြီးမှာ ဟိုပါရဂူတွေဆီ ပြန်ရောက်လာတယ်။ အဲဒီထဲက တစ်ယောက် ပြောတဲ့ စကားတွေကတော့ သေသူအပေါ် လွန်လွန်ကဲကဲကို အပြစ်ဖို့တာကလား။ နားထောင်ကြည့်လေ။

“သေသူအပေါ် လေးစားသမှုနဲ့ ပြောချင်တာကတော့ အထက်တန်းကျောင်းသူတွေကြားမှာ အလျော်အစားနဲ့ ဒိတ်လုပ်တယ်ဆိုတဲ့ ကိစ္စကြီး ရှိနေသမျှ ကာလပတ်လုံး ခုလို ကိစ္စမျိုးတွေ ထပ်ကြုံရဦးမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားရပါလိမ့်မယ် ခင်ဗျ၊ ဒီကလေးမတွေဟာ တစ်ကိုယ်ကောင်းဆန်တယ်၊ လူ့အဖွဲ့အစည်းကို ဖြောင်းဆန်စေတယ်၊ ခန္ဓာအရဆို သူတို့ဟာ

အရွယ်ရောက်ပြီးသားတွေပဲ၊ သူတို့ကို အုပ်ထိန်းတဲ့ လူတွေရော သူတို့ကိုပါ ကျွန်တော်တို့ဟာ ထိုက်သင့်တဲ့ အပြစ် မပေးဘူးဆိုရင်ဖြင့် ကျွန်တော်တို့ လူ့အဖွဲ့အစည်းဟာ အမေရိကန်က ကစဉ့်ကလျား လူ့အဖွဲ့အစည်းလို ဖြစ်သွား လိမ့်မယ်”

အောက်က အိမ်ရှင်မ ပရိသတ်က သောင်းသောင်းဖြဖြ သြဘာပေးကြသ ဗျ။ ဇွန်က မဲ့ရွဲ့ပြီး-

“တော်လိုက်တာဟယ်၊ ဉာဏ်ကြီးရှင်ပဲ အေ့၊ အမေရိကန်မှာ အလျော်အစားနဲ့ ဒိတ်လုပ်တယ် ဆိုတာမှ မရှိတာ၊ ကဲ... အမေရိကန် ကစဉ့်ကလျား လူ့အဖွဲ့အစည်းက သတင်းစာတွေက မေးပြီဆိုပါစို့၊ ဂျပန် အထက်တန်းကျောင်းသူတွေက ဒိတ်လုပ်ပြီး ခန္ဓာကိုယ် ရောင်းစားရတဲ့ အကြောင်းရင်းက ဘာကြောင့်လဲဆိုရင် အဲဒီဟာကြီးတွေ ဘယ်လိုများ ဖြေကြ မလဲ သိချင်လိုက်တာ”

အမေရိကန် ဆိုတဲ့ အသံကြားတော့ ဖရန့်ခ်ကို သတိရမိတယ်။ သူ့ ဟိုတယ်နား ရောက်ခါနီး သူ ကျွန်တော့်ကို နောက်ဆုံး ပြောခဲ့တာ တစ်ခုရှိ တယ်။

“ဆရာဝန်တွေက ငါ့ကို သူများနဲ့မတူ တစ်မူထူးခြားတယ်လို့ ပြောခဲ့ကြ တယ်၊ ဦးနှောက်ဆိုတာ အသည်းတို့ အရေပြားတို့လို ဆဲလ်အသစ်တွေ သန်းနဲ့ ချီ နေ့တိုင်း ထပ်ပွားနေတဲ့အမျိုး မဟုတ်ဘူးတဲ့၊ အရွယ်ရောက်တာနဲ့ ဦးနှောက် ဆဲလ်တွေဟာ တစ်နေ့တခြား သေဆုံး လျော့နည်းသွားကြသတဲ့၊ ဒါပေမဲ့ ငါ့ ဦးနှောက်ကတော့ ဖြတ်ထုတ်လိုက်တဲ့ နေရာကို အစားထိုးဖို့ ဆဲလ်အသစ်တွေ ပွားနေပုံပဲတဲ့၊ ငါ့ဦးနှောက်ထဲမှာ ဆဲလ်အသစ်တွေနဲ့ ဆဲလ်အဟောင်းတွေ ရောယှက်နေတယ်တဲ့၊ ဒါကြောင့် ငါ့မှတ်ဉာဏ်တွေဟာ တစ်ခါတလေ တစ်မျိုး ဖြစ်ပြီး လှုပ်ရှားမှုတွေလည်း ရပ်ရပ်သွားတာလား မသိဘူး၊ မင်းကော ဘယ်လို ထင်သလဲ ခန်းဂျီး”

ကျောင်းသူကောင်မလေး အသတ်ခံရမှု တင်ဆက်တာကို ခဏနားပြီး တခြားသတင်းတွေ တီဗွီမှာ ပြနေတယ်။ ပထမဆုံး သတင်းခေါင်းစဉ်ဟာ ပါးစပ်ထဲက ခေါက်ဆွဲတွေ ထွက်ကျမတတ် ဖြစ်သွားစေတယ်။

အိမ်ခြေရာခြေမဲ့ လူတစ်ယောက် မီးရှို့သတ်ခံရခြင်း တဲ့။

“တခြားသတင်းတွေကို တင်ဆက်ပါ့မယ်၊ ဒီနေ့မနက် ရှင်ဂျူကု ပန်းခြံ အခပေး အများသုံး သန့်စင်ခန်းထဲမှာ အမည်မသိ လူတစ်ဦး မှတ်မိနိုင်လောက်အောင် မီးရှို့သတ်ဖြတ်ခြင်း ခံထားရတာကို တွေ့ခဲ့ရပါတယ်၊ မြို့တော်သန့်ရှင်းရေး အလုပ်သမားများက စတင်တွေ့ရှိခဲ့တဲ့ ဒီအလောင်းဟာ မီးလောင်စေတဲ့ အရာတွေနဲ့ ပက်ဖျန်းပြီး မီးရှို့သတ်ခံရပုံပေါ်နေပါတယ်။ မီးရှို့ပြင်းလွန်းတဲ့အတွက် အိမ်သာရဲ့ ကွန်ကရစ် အတွင်းနံရံတွေကိုပါ မီးဟပ်ပြီး မည်းနက်နေတယ်လို့ ရဲအရာရှိများက ပြောကြပါတယ်၊ ဒါကို လူသတ်မှု ဖြစ်နိုင်တယ်လို့ ယူဆပြီး စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်လျက် ရှိကြပါတယ်၊ သေဆုံးသူရဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို စျေးဝယ်အိတ်ဟောင်းတွေနဲ့ ထည့်ပြီး အိမ်သာအပြင်မှာ ထားထားတယ်လို့ ဆိုပါတယ်၊ သေဆုံးသူဟာ ပန်းခြံထဲမှာ စခန်းချတဲ့ အိမ်ခြေရာခြေမဲ့ တစ်ယောက် ဖြစ်မယ်လို့ ယူဆရပါတယ်၊ နောက်သတင်း တစ်ပုဒ်အနေနဲ့တော့ ပီဂူးနိုင်ငံ၊ လီမာမြို့တော် ဂျပန်သံရုံးရှေ့မှာ ဓားစားခံပြဿနာဟာ ဆက်လက်ဖြစ်ပွားလျက်ရှိ...”

ပါးစပ်ထဲက ခေါက်ဆွဲတွေဟာ ကြိုးတွေ ဝါးရသလို အရသာ မဲ့သွားတယ်။ ဖရန့်ခ်ရဲ့ မျက်နှာကြီး ကျွန်တော့် မျက်လုံးထဲမှာ ပေါ်လာတယ်။

“သူ ဘာဖြစ်နေတာလဲ”

ဇွန်က ရှေ့ကို ခါးလေးကိုင်း၊ ကျွန်တော့်မျက်နှာကို ချောင်းကြည့်ရင်း မေးတယ်။

ကျွန်တော် ခေါက်ဆွဲကို ဇွတ်မှိတ်မျိုချပြီး ရေခဲသေတ္တာထဲက ရေပုလင်းကို ယူသောက်လိုက်တယ်။ ရုတ်တရက် အစာအိမ်က နာလာသလိုပဲ။

“ခန်းကျီး ဘာလဲလို့၊ တစ်ကိုယ်လုံးလည်း ဖြူဖျော့နေတာပဲ”

ဇွန်က အနားရောက်လာပြီး ကျွန်တော့် ကျောကို ပွတ်ပေးနေတယ်။ သူ့ရဲ့ နူးညံ့တဲ့ မိန်းကလေးလက် အထိအတွေ့ကို ဆွယ်တာပေါ်ကတစ်ဆင့် ခံစားရတယ်။ ဒီလိုခံစားမှုမျိုး... အင်း။

“ဟို... ဂိုင်ဂျင်ပဲလား”

“ဖရန့်ခ်ကွ၊ ဖရန့်ခ်”

“အင်း... ဖရန့်ခ်၊ နာမည်က ရိုးလွန်းတော့ မှတ်မိဖို့ ခက်နေတာ”

“အင်း... ဒါ သူ့နာမည်အစစ်လည်း ဟုတ်ချင်မှ ဟုတ်လိမ့်မယ်”

“ဒီလိုပဲ ပါးစပ်ထဲ တွေ့ရာပေးလိုက်တဲ့ နာမည်လို့ ထင်တာလား”

မနေ့ညက အိမ်ခြေရာခြေမဲ့တွေကို ဖရန့်ခ် ဘယ်လိုပြောတယ် ဆိုတာကို ကျွန်တော် သူ့ကို ပြောပြတယ်။

“ခဏလေး၊ အဲဒီ ဂိုင်ဂျင်- ဟိ- ဆောရီး- ဖရန့်ခ်က နံတဲ့ အိမ်ခြေရာခြေမဲ့တွေကို ထွေးပွေ့ချင်ပြီး နို့နံ့သင်းတဲ့ ကလေးတွေကိုကျ သတ်ချင်တယ်လို့ ပြောတာလား၊ အဲဒီလိုလား”

“သူ့စကားကို အတည်ယူလို့ မရဘူး၊ ကိုယ့်ခံစားချက်က သူ့ကို ယုံလို့မရဘူး ဆိုတာကို ပြောတာပါ”

“ဆိုတော့ အိမ်ခြေရာခြေမဲ့ကို သူ မီးရှို့သတ်တာလား”

ပြောဖို့ခက်တယ်။ သက်သေလည်း မရှိဘူး၊ ဇွန်ကလည်း ဖရန့်ခ်ကို မမြင်ဖူးဘူး။ သူနဲ့ မဆုံဖူးဘဲနဲ့ သူဟာ ဘာလို့ စိတ်အနှောင့်အယှက် ဖြစ်စရာ ဒီလောက်ကောင်းတာလဲ ဆိုတာကို နားလည်မယ် မထင်ဘူး။

“ဒါဆိုလည်း သူ့ဆီ မသွားနဲ့တော့ပေါ့၊ သူနဲ့ အလုပ်ဆက်မလုပ်နဲ့ပေါ့ ခန်းဂျီးရဲ့”

အမယ်လေး... သူ့ဆီ မသွားဘဲနေရမယ်၊ တွေးတာနဲ့တင် ကြယ်သီးတွေ ထလာတယ်။ သူ စိတ်ဆိုးလာမယ် ဆိုရင်။

“အဲဒီလိုလုပ်လို့ မဖြစ်ဘူး”

“ဘာလို့လဲ၊ သူက ရှင့်ကို ရှာပြီး သတ်ပစ်မှာ စိုးလို့လား”

ဇွန်ဟာ ခုတော့ တကယ် စိတ်ပူလာပုံ ပေါ်လာတယ်။ ကျွန်တော် သေမတတ် ကြောက်နေတယ် ဆိုတာကို သူ ခံစားမိလာတယ်။ သူ့စိတ်ကူးထဲမှာ ဖရန့်ခ်ကို ရုပ်ရှင်တွေထဲ မြင်ဖူးတဲ့ မာဖီးယား လူသတ်သမားလို စိတ်ကူးပုံဖော်ထားမှာပေါ့။ ဒါပေမဲ့ ဖရန့်ခ်ဟာ လက်မရွံ့လူသတ်သမား မဟုတ်ဘူး။ လက်မရွံ့

ဆိုတာ အခကြေးငွေနဲ့ လူသတ်တာ။ တကယ်လို့ ဖရန့်ခ် လူသတ်ခဲ့ရင်လည်း ငွေကြောင့် မဟုတ်မှာ သေချာတယ်။

“ဒါကို ကိုယ်ရှင်းပြဖို့ ခက်တယ် ဇွန်၊ သူ ဒါတွေ လုပ်ခဲ့ပါတယ်ဆိုတဲ့ သက်သေလည်း မရှိပါဘူး၊ ခု အသတ်ခံရတဲ့ လူဟာလည်း ဘေစ်ဘော လေ့ကျင့်ရေးစင်တာမှာ တွေ့ခဲ့တဲ့ အိမ်ရာမဲ့ ဟုတ်ချင်မှ ဟုတ်မယ်၊ အဲဒီ သွားကြည့်လို့လည်း ဘာမှ အကျိုးထူးမှာ မဟုတ်ဘူး၊ ဖရန့်ခ်ဟာ သူသတ်ချင်ရင် အိမ်ရာမဲ့ မှန်သမျှ အတူတူပဲလို့ သဘောထားပြီး သတ်မှာကို ကိုယ် ခံစားမိနေတယ်”

“သူပြောတာ တကယ် နားမလည်တော့ဘူး”

“သိပါတယ်၊ ကိုယ်လည်း ရူးချင်ချင် ဖြစ်လာပြီလား မသိ”

“အဲဒီ လေ့ကျင့်ရေးစင်တာက အိမ်ရာမဲ့က ဖရန့်ခ်ကို တစ်ခုခု လုပ်လို့လား”

“မလုပ်ဘူး၊ ဘာမှမလုပ်ပါဘူး”

“ဒါဆို ဖရန့်ခ်က အဲဒီလူကို သတ်လိုက်တာလို့ ဘာလို့ ထင်နေတာလဲ”

“အင်းလေ၊ ရူးတာနေမယ်လို့ ပြောသားပဲ၊ စိတ္တဇ အစွဲအလမ်းပေါ့၊ ဒါပေမဲ့ သူ့ကိုသာ တွေ့ရင်၊ မနေ့က သူ့ဓာတ်ပုံ ကြည့်ချင်တယ်လို့ ပြောတယ်နော်၊ အင်း... ဓာတ်ပုံကတော့ ဘာမှ သိပ်ပြောနိုင်မှာ မဟုတ်ဘူး၊ ဘယ်လိုပြောရမလဲ ကိုယ် အထက်တန်းကျောင်းမှာတုန်းက အော့ကြောလန်ကောင်တွေ ရှိခဲ့ဖူးတယ်၊ ဇွန်တို့ကျောင်းမှာလည်း ရှိမှာပေါ့၊ အမြဲ ပြဿနာရှာပြီး အားလုံး ဝိုင်းမုန်းတာခံရတဲ့ ကောင်တွေလေ”

“မပြောတတ်ဘူး၊ အဲဒီလောက် ဆိုးတဲ့လူ ရှိလို့လားဟယ်”

အေးလေ၊ ဇွန်က အဆင့်မြင့်တဲ့ မိန်းကလေးသီးသန့် ပုဂ္ဂလိက အထက်တန်းကျောင်းမှာ တက်ခဲ့တာကိုး။ အဲဒီလိုဟာမျိုး ဘယ်သိပ်ကြုံဖူးမလဲ။ ဒါမှမဟုတ် အဲဒီလို လူတကာ အော့ကြောလန်တဲ့ ကောင်စားမျိုးတွေဟာ ရှားပါးမျိုးစိတ်လို တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ် သွားတာများလား။

“ဖရန့်ခ်မှာက အဲဒီ အော့ကြောလန် စွမ်းအင်အားလုံးကို တစ်ဖက်စောင်းနင်း စုစည်းထားသလိုမျိုး ရှိနေတာကွ၊ အမှောင်စွမ်းအင် မိစ္ဆာသခင် ဆိုသလိုပေါ့”

“ဟင်... ဘယ့်နယ် မိစ္ဆာသခင်က ပါလာပြန်တာတုံး”

“ဟုတ်တယ်၊ အမှောင်စိတ်ဟာ လူတိုင်းဆီမှာ အနည်းနဲ့ အများတော့ ရှိတာချည်းပဲ။ ကိုယ့်မှာလည်း ရှိတယ်။ မင်းမှာတော့ မရှိဘူး ထင်ပါရဲ့ ဇွန်ရယ်၊ မင်းက ချိုသာလွန်းတယ်”

“အမယ်မယ်... သူများကို ဆွဲထည့်မနေပါနဲ့နော်၊ သူပြောနေတာကိုသာ ရှင်းအောင် ပြောစမ်းပါ၊ သူက ရှင်းပြတဲ့နေရာမှာ တော်တယ် မဟုတ်လား

“အိုကေ... ဒီလိုလေ၊ ကိုယ့်မှာ ခုနက ပြောသလို လူတကာ အော့ကြောလန်တဲ့ သူငယ်ချင်း တစ်ယောက် ရှိခဲ့ဖူးတယ်၊ ဆရာတွေက သူ့ကို လက်လျှော့တာ ကြာပြီ။ နောက်ဆုံး သူ ကျောင်းအုပ်ကြီးကို အင်မတန်ထက်တဲ့ အိတ်စ်-အက်တို မားချွန်နဲ့ ထိုးထည့်လိုက်လို့ ကျောင်းထုတ်ခံရတယ်။ သူ့မှာ အင်မတန်ကြီးတဲ့ အိမ်တွင်းရေး ပြဿနာရှိတယ်၊ ဒါပေမဲ့ ဒါကို သူ တခြားလူတွေကို ပြောလေ့မရှိဘူး၊ တစ်ခါက ကိုယ် သူ့အိမ် ရောက်သွားဖူးတယ်။ သူ့အမေက ကိုယ့်ကို ဦးညွတ်ပြီး အလွန်အင်မတန် ယဉ်ယဉ်ကျေးကျေး ခရီးဦးကြိုတယ်။ သူ့မှာ ကိုယ်ပိုင်အိပ်ခန်း ရှိတယ်၊ ဧရာမအကြီးကြီး၊ နောက်ဆုံးပေါ် ကွန်ပျူတာ အစုံလိုက် ရှိတယ်၊ စဉ်းစားလို့ရသမျှ ခေတ်ပေါ်ပစ္စည်း အားလုံးရှိတယ်။ မနာလိုချင်စရာ ကောင်းလောက်အောင် ပြည့်စုံတယ်။ ဒါပေမဲ့ သူ့အိမ်ဟာ တစ်မျိုးပဲ။ တစ်ခုခု မှားနေသလိုကြီး။ ဘာမှန်းသေချာမသိပေမယ့် သရိုးသရီကြီး၊ သူ့အမေက လက်ဖက်ရည်၊ ကွတ်ကီးတွေ ယူလာပြီး ငါတို့ သားလေးက မင်းအကြောင်း အများကြီး ပြောပြထားပါတယ် ဘာညာနဲ့ ပြောတယ်။ ကိုယ့်သူငယ်ချင်းက သွားစမ်းပါဗျာ၊ အပိုတွေ ပြောမနေစမ်းပါနဲ့လို့ သူ့အမေကို ငေါက်ထုတ်တယ်၊ သူ့အမေက ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး အေးအေးဆေးဆေး နေနော်လို့ ပြောပြီး အခန်းထဲကနေ ထွက်သွားတယ်။ ဦးညွတ်သွားသေးတာဗျနော်၊ ကိုယ်လည်း ကျေးဇူးတင်ပါတယ် ခင်ဗျာလို့ ပြောပြီး သူ အခန်းတံခါးပိတ်ပြီး ထွက်သွားတာကို ငေးကြည့်နေတာပေါ့၊ ကိုယ့်ဘော်ဒါက ကိုယ့်ကိုကြည့်ပြီး မင်းသိရဲ့လားကွ၊ ဒီဟာမကြီးဟာ ငါ့ကို ပိုက်နဲ့ အသားကုန် ဆော်တာတဲ့။ သူ့မျက်နှာပေါ်မှာတော့ ဘယ်လိုခံစားချက်မျိုးမှ မ

တွေ့ရဘူး၊ သူက ဆက်ပြောတယ်၊ ဖုန်စုပ်စက်က ပိုက်အရှည်ကြီးကို မင်းတွေ့လား၊ အဲဒါနဲ့ ငါ့ကို ဘေတာ၊ ငါ့ကို မီးခြစ်နဲ့လည်း မီးမြှိုက်တယ်ကွတဲ့။ သူ့လက်မောင်းက မီးလောင် အမာရွတ်တွေကို ပြတယ်။ ပြီးတော့ ကိုယ်တို့ကွန်ပျူတာဂိမ်း ကစားကြတယ်။ ခဏနေတော့ ကိုယ် အိမ်သာသွားချင်လာတယ်။ ဒါနဲ့ ဂိမ်းကို ခဏနားထားပြီး အပြင်ထွက်လာတော့ သူ့အမေဟာ အမှောင်ရိပ်ထဲမှာ မတ်တတ်ကြီး ရပ်နေတယ်။ ကိုယ့်ကို ပြူးကြောင်ကြောင်ကြီး ကြည့်ရင်း အိမ်သာသွားမလို့လား၊ ဒီဘက်မှာပါ၊ အဆုံးထိ သွားလိုက်တဲ့၊ သူ့အသံဟာ ခုနကလို မဟုတ်တော့ဘူး၊ စူးနေတာပဲ။ နှာဗ်ကြောကို အပ်နဲ့ထိုးနေတဲ့ အသံမျိုး၊ အဲဒီဘော်ဒါဟာ ထားပါတော့ ကိုယ်တို့ ဂိမ်းစင်တာ တစ်ခုခု သွားလို့ တခြားကျောင်းက ကောင်တွေနဲ့ ငြိကြပြီ ထားပါတော့၊ ဟိုက ဟော့ကောင်မင်း စက်သုံးနေတာကြာပြီ၊ ငါတို့ကို အလှည့်ပေးဦးကွလို့ ပြောတယ် ဆိုပါတော့၊ အဲဒီလိုဆိုရင် ကိုယ့်ဘော်ဒါရဲ့ မျက်နှာပုံသဏ္ဌာန်ဟာ ပြောင်းလဲသွားတယ်။ သူ ဘာလုပ်မယ်ဆိုတာ မှန်းလို့မရတော့ဘဲ၊ သူ့ကိုယ်သူလည်း ထိန်းချုပ်မရတော့ဘဲ အသိစိတ်လွတ်သွားတဲ့ မျက်နှာမျိုး၊ ဖရန့်ခ်က အဲဒီထက် ဆယ်ဆဆိုးတယ်။ သူ့ကိုယ်သူ ဘာမှန်းမသိတော့တဲ့ ပုံမျိုး”

“ကြောက်စရာ မျက်နှာပေါ့နော်”

“ဟုတ်တယ်၊ ဒါပေမဲ့ ယာကူဇာတစ်ယောက် ခြိမ်းခြောက်နေသလို မဲ့ရွဲ့ပြီး တမင်လုပ်ထားတဲ့ ကြောက်စရာမျက်နှာ မဟုတ်ဘူး၊ ကြည့်ရင်းနဲ့ အလိုလို စိမ့်ကြောက်လာရတဲ့ မျက်နှာမျိုး”

ဘယ်လိုပြောပြော ပါးစပ်နဲ့ ရှင်းပြဖို့ အတော်ခက်တဲ့ ကိစ္စ။ ဖရန့်ခ်နဲ့ ဒီအတိုင်း ခဏတစ်ဖြုတ်တွေ့ရုံနဲ့ ဒီလိုခံစားချက်မျိုး ပေါ်လာမှာ မဟုတ်ဘူး။ လမ်းမှာတွေ့လို့ ကင်မရာလေး ပေးပြီး သူ့ကို ဓာတ်ပုံလေး ရိုက်ပေးစမ်းပါလို့ ပြောရင် သဘောကောင်းတဲ့၊ ခင်စရာကောင်းတဲ့၊ ပွင့်လင်းရိုးသားတဲ့ ဂိုင်ဂျင်လို့ တောင် ထင်လိမ့်ဦးမယ်။

“ကဲ... ထားပါတော့၊ မရှင်းပြတတ်တော့ဘူး၊ သူက တကယ် တစ်မျိုးကြီးပဲ၊ အဲဒီ တကယ်တစ်မျိုးကြီးပဲ ဆိုတာကလည်း ဘာမှ သေချာ ရှင်းမပြနိုင်ဘူး မဟုတ်လား”

“အင်း ဒီလိုဖြစ်လိမ့်မယ် ခန်းဂျီးရဲ့၊ သူများက နိုင်ငံခြားသားတွေနဲ့မှ မဆုံဖူးတာ။ သူက အများကြီးနဲ့ ဆုံဖူးတော့ တစ်မျိုးကြီးဆိုတာကို ချက်ချင်း သိတာ နေမှာပေါ့”

ဟုတ်တယ်၊ ဇွန်ပြောတာ အဓိပ္ပာယ်ရှိတယ်။ ဂျပန်တွေဟာ တခြားတိုင်းပြည်က လူတွေနဲ့ လွယ်လင့်တကူ သဟဇာတ မဖြစ်နိုင်ပါဘူး။ ကျွန်တော့် နောက်ဆုံး- အဲလေ... နောက်ဆုံးရဲ့ ရှေ့က ဧည့်သည်က တက်ဆက်ပြည်နယ်က။ သူ ရှီဘူယာကို ရောက်ခဲ့တဲ့ အတွေ့အကြုံကို သူက ခုလို ဖောက်သည်ချတယ်။

“ကျုပ်ကိုယ်ကျုပ် ဟာလမ် ရောက်သွားတယ် အောက်မေ့ရတယ်၊ တွေ့သမျှ ချာတိတ်တွေ အားလုံးဟာ လူမည်း ဟစ်ပ်ဟော့သမားတွေလို ဝတ်စားထားကြတယ်။ ဝေါခ်မန်း နားကြပ်ကက်ဆက်တွေနဲ့၊ တချို့လည်း စကိတ်ဘုတ်တွေနဲ့၊ အာဖရိကန်-အမေရိကန် ချာတိတ်တွေ လုပ်သမျှ သူတို့ အကုန် လိုက်လုပ်ထားတာပဲ။ အသားညိုအောင် လိမ်းဆေးတွေ သုံး၊ လူမည်းတွေလို ကျစ်ဆံမြီးတွေ ကျစ်ပြီး အင်္ကီလိပ်စကားကျ တစ်လုံးမှ မပြောတတ်ဘူးလေ၊ ဒါပေမဲ့ လူမည်း ချာတိတ်တွေနဲ့တော့ တူနေတာပဲလေ ဟုတ်ဘူးလား”

မသိဘူးလေ၊ အဲဒါ မေးခွန်းလား၊ ဘယ်လိုဖြေမလဲ ဒါကို။ တက်ဆက်သားကို ပြန်ပြောစရာက အဲဒီလို လူမည်းဖက်ရှင် လုပ်ရတာ မိုက်တယ်လို့ ထင်ကြလို့ နေမှာပေါ့လို့ပဲ ပြောစရာရှိတယ်။ ဒါ အဖြေ ဟုတ်၊ မဟုတ်တော့ မသိဘူး။ ဒီတိုင်းပြည်မှာက နိုင်ငံခြားသားတွေအဖို့ ဘယ်လောက်ပဲ နားလည်အောင် ကြိုးစား ကြိုးစား၊ နားမလည်နိုင်တဲ့ ကိစ္စမျိုးတွေကို လူတွေဟာ အလိုအလျောက်ပဲ လုပ်လေ့ရှိတယ်ကိုး။

“ကဲပါ၊ လမ်းသွားလျှောက်ကြစို့နော်”

အင်း... ဇွန်ပြောတာ ဟုတ်တယ်၊ အကြံကောင်းပဲ။

※

ကျွန်တော့်အခန်းထဲကနေ ထွက်လာတဲ့အခါ အခန်းတံခါး အပြင်ဘက်မှာ တစ်ခုခု ကပ်နေတာကို ဇွန်က တွေ့လိုက်တယ်။ ဒါက ဘာလဲတဲ့။ ခပ်သေးသေးမည်းမည်း တံဆိပ်ခေါင်းလောက်ရှိတဲ့ ဟာလေး၊ စာရွက်ပိုင်းလေးလား။

ဟာ။

ဒါဟာ... လူ့အရေပြားစလေးလား။

“ခန်းကျီး၊ ဒါဘာလဲလို့”

“မသိဘူးလေ”

ကျွန်တော် အဲဒါလေးကို လက်ညှိုး၊ လက်မနဲ့ ညှပ်ပြီး ဆွဲခွာလိုက်တယ်။

“လေတိုက်လို့ လာကပ်နေတာ နေမှာပေါ့”

လို့ ဇွန့်ကို ဖြေလိုက်တယ်။

ဆွဲခွာလိုက်တဲ့အခါ သတ္တုတံခါးမှာ အဲဒါဟာ ကော်နဲ့ကပ်ထားသလိုမို့ အတော်ခက်တယ်။ လက်သည်းလေးနဲ့ခြစ်ပြီး ခွာတော့ တံခါးမှာ မည်းမည်းကြီး ကွက်နေတာ တွေ့လိုက်တယ်။ ကျွန်တော် လှေကားအောက်က ခဲျပုတ်ထဲအဲဒါကို လွှင့်ပစ်လိုက်တယ်။ ရင်တွေလည်း တဒိန်းဒိန်း ခုန်လို့။ ရင်ထဲမှာ နေလို့ မကောင်းဘူး။ ဒါပေမဲ့ ဇွန့်ကို မသိစေချင်ဘူး။

ဒါ လူ့အရေပြားပဲလို့ စိတ်ထဲမှာ သိနေတယ်။ ဖရန့်ခ် လာကပ်သွားတာပဲ။ ဘယ်သူ့အရေပြားလဲ။ ကျောင်းသူလေးရဲ့ အရေပြားလား။ အိမ်ရာမဲ့ရဲ့ အရေပြားလား။ တခြား ရှာမတွေ့သေးတဲ့ အလောင်းတွေက အရေပြားလား။ ကျွန်တော့်ခေါင်းတွေ ချာချာလည်ပြီး ဗိုက်ထဲက ထိုးနာလာတယ်။

လှေကားထစ် အောက်ဆုံးအဆင့်မှာ ဇွန်က ရပ်လိုက်တယ်။

“ခန်းကျီး၊ သူ တစ်ကိုယ်လုံး ဖြူဖျော့လာပြန်ပြီ”

တစ်ခုခု ပြောရမယ်ဆိုတာ သိပေမယ့် ပါးစပ်က ဘာသံမှ ထွက်မလာဘူး။

“အခန်း ပြန်ကြစို့၊ အပြင်မှာ သိပ်အေးတယ်”

တကယ်လို့သာ အဲဒါ လူ့အရေပြားဖြစ်ပြီး ဖရန့်ခ်သာ ကျွန်တော့်အိမ်တံခါးဝမှာ လာကပ်ထားတာ ဖြစ်ခဲ့ရင် ကျွန်တော် ဒါကို ဘာလို့ လွှင့်ပစ်လိုက်မိတာလဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် ဒါကို တစ်စက္ကန့်လောက်တောင် မခံစားနိုင်လို့ပဲ။

“ခန်းဂျီး လာပါ၊ အထဲပြန်ဝင်ကြစို့နော်”

ဇွန်က ကျွန်တော့်လက်မောင်းကို အတင်းဆွဲနေတယ်။

“ဟင့်အင်း၊ လမ်းလျှောက်ကြရအောင်ပါ၊ လာ လာ”

ကျွန်တော် ဇွန့်ကို ပြောလိုက်တယ်။

အတွေးအာရုံထဲမှာတော့ ဖရန့်ခ်ဟာ တစ်နေရာရာကနေပြီး ကျွန်တော်နဲ့ ဇွန် လက်ချင်းချိတ်ပြီး လမ်းလျှောက်နေတာကို စောင့်ကြည့်နေမယ်လို့ ထင်နေတယ်။ ဇွန်က ကျွန်တော့် မျက်နှာကို ကွက်ကြည့် ကွက်ကြည့် ခဏခဏ လုပ်နေပေမဲ့ ဘာမှတော့ မမေးရှာပါဘူး။ စိတ်ထဲမှာ ခုနက အဖတ်ကလေးကိုပဲ စွဲနေတယ်။ ဒါ စက္ကူမဟုတ်တာ သေချာတယ်။ ဒါဆို လက်သည်းခွံလောက် အမျိုးအမည်မသိ အဖတ်လေးတစ်ခုဟာ လေနှင်ရာ လွင့်လာပြီး ကျွန်တော့် အခန်း တံခါးဝမှာမှ ဆိုက်ဆိုက်မြိုက်မြိုက် ဖတ်ခနဲ လာကပ်နေတာလား ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။ တစ်ယောက်ယောက်က သေသေချာချာကို ဖိပြီး ကပ်သွားတာ။

ဒါ သတိပေးတာပဲ ဖြစ်ရမယ်။ ဒီလို ကျွန်တော့်ကို သတိပေးဖို့ဆိုတာ ဖရန့်ခ်ကလွဲလို့ ဘယ်သူမှ မရှိဘူး။ ဖရန့်ခ်ဟာ ဒီအရေပြားစလေးကို ကျွန်တော့် တံခါးဝမှာ ဖိကပ်ရင်း ဒါ ဘာအဓိပ္ပာယ်လဲဆိုတာ မင်း နားလည်တယ် မဟုတ်လား ခန်းဂျီးလို့ တီးတိုးရေရွတ်နေတာကို ကျွန်တော် အာရုံထဲမှာ မြင်ယောင်နေမိတယ်။ ဒါ သူနဲ့ အလွန်စပ်ဟပ်တဲ့ သဘောသဘာဝပဲလေ။

ကျွန်တော့်ဘော်ဒါတွေက ကျွန်တော့်ကို အဆိုးမြင်သမားတဲ့။ ကိစ္စတိုင်းရဲ့ အမှောင်ခြမ်းကိုပဲ အမြဲမြင်တတ်တဲ့ ကောင်တဲ့။ ဒါဟာ ကျွန်တော် ငယ်ငယ်လေးမှာပဲ အဖေ ဆုံးသွားတာနဲ့လည်း ဆိုင်လိမ့်မယ် ထင်တယ်။ သူ ဆုံးပါးသွားတာဟာ ကျွန်တော့်အတွက် တကယ် ရှော့ခ်ရစေတယ်။ အဲဒီမှာပဲ ကျွန်တော် ဘာသိလိုက်လဲ ဆိုတော့ အဆိုးဆုံးသော ကိစ္စတွေဟာ အစပျိုး လာတာကို လည်း မသိ၊ အရှိန်ရလာတာကိုလည်း မမြင်ဘဲ ဝုန်းခနဲ ထဖြစ်မှသာ တုန်လှုပ်စွာ သိရတာကိုး။ သိလိုက်တဲ့ အချိန်မှာ ဘာမှလုပ်လို့ မရတော့ဘူး။ နောက်ကျသွားပြီ။ ဒါကို အဖေ့အသုဘမှာ ကျွန်တော် သင်ယူခဲ့ရတယ် ဆိုပါတော့။

ဇွန်နဲ့ ကျွန်တော်ဟာ မီဂူရို ဘူတာနား နီးလာခဲ့ပြီ။ လူအုပ်ကြားထဲမှာ လျှောက်နေကြတယ်။ ကျွန်တော် စိတ်နဲ့ ကိုယ်နဲ့ မကပ်မှန်းသိလို့ ဇွန်ဟာ ကျွန်တော့်ကို ဇွတ် အတင်းအဓမ္မ စကားတွေ ပြောနေတာမျိုး မလုပ်ပါဘူး။ သူ့မိဘတွေဟာ သူ ငယ်ငယ်လေးကတည်းက ကွာရှင်းခဲ့ကြလို့ သူဟာ စိတ်အားငယ်နေချိန် တစ်ယောက်ယောက်နဲ့ အတူရှိနေရခြင်းရဲ့ တန်ဖိုးကို ကောင်းကောင်း သိတယ်။ စကားမပြောဘဲ နှုတ်ဆိတ်ပေးနေခြင်းရဲ့ တန်ဖိုးကိုလည်း သိတယ် ပေါ့လေ။ ဇွန်နဲ့ ကျွန်တော့်လို လူမျိုးတွေဟာ ဒီတိုင်းပြည်မှာ အများစု ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်မိတယ်။ ကျွန်တော်တို့ မျိုးဆက်နဲ့ ကပ်ရက် နောက်မျိုးဆက်ထဲမှာ ကိုယ်တိုင် လုပ်လို့မဟုတ်ဘဲ ကြုံတွေ့ရတဲ့ စိတ်မချမ်းမြေ့မှုမျိုး ကင်းစင်ပြီး လူကြီးဖြစ်လာတဲ့လူ အတော်ရှားလိမ့်မယ် ထင်ပါတယ်။ ဒါကြောင့်လည်း အလွန့်အလွန် အကဲဆတ်သော မျိုးဆက်သစ် လူငယ်များရယ်လို့ မီဒီယာတွေက ကင်ပွန်းတပ်ကြတာ ဖြစ်မယ်။

ကျွန်တော် ကြော်ငြာထည့်နေတဲ့ မဂ္ဂဇင်းရုံးခန်းကို ဖုန်းခေါ်ဖို့ ကြိုးစားတယ်။ ဖရန့်ခ်က အဲဒီကို ဖုန်းဆက်ပြီး ကျွန်တော့် လိပ်စာများ တောင်းသလားလို့ သိချင်လို့ပါ။

“ယိုကိုယာမစံလား ခင်ဗျ”

“အိုး... ခန်းဂျီး၊ မင်း အလုပ်လုပ်နေတုံးလား”

ယိုကိုယာမစံဟာ မဂ္ဂဇင်းကို သူ့ခြေသူ့လက် ထုတ်ဝေသူဆိုတော့ နယူးရီးယားပွဲ မတိုင်ခင် တစ်ရက်ထိ သူ အလုပ်လုပ်တယ်။ တကယ်တော့ သူ ရုံးမှာ ပဲအိပ်ပြီး တနင်္ဂနွေရော အမျိုးသားရုံးပိတ်ရက်တွေမှာပါ အလုပ်လုပ် နေတတ်တာပါ။ ခေတ်ဟောင်း ဂျက်ဇ်ဂီတကို နားထောင်ပြီး အက်ပဲလ်မက် ကွန်ပျူတာလေးမှာ မဂ္ဂဇင်းလေးအောက် စီနေရတာကို သူ အပျော်ရွှင်ဆုံးပဲလို့ သူ ပြောဖူးတယ်။

“ဟုတ်ကဲ့၊ လုပ်ရတုံးပဲ၊ ဂိုင်ဂျင်တွေက နယူးရီးယားကို ကျွန်တော်တို့ နည်းလမ်းမျိုး စဉ်းစားတာ မဟုတ်ဘူးကိုး”

“အင်းလေ၊ ဒါကတော့ သူတို့သဘောပ၊ ဒါနဲ့ ရဲတွေ မင်းကို ဆက်သွယ်သေးလား”

နှလုံးခုန် ခဏရပ်သလို ဖြစ်သွားတယ်။ ဖရန့်ခ်နဲ့များး ပတ်သက်နေသလား။

“တစ်ခုခု ဖြစ်လို့လားဗျ”

“အင်း... မင်းသိတဲ့အတိုင်း အင်တာနက်ပေါ်မှာ ငါ့မဂ္ဂဇင်းဟုမ်းပေ့ချ် ရှိတယ်လေ”

“ဟုတ်တယ်လေ၊ အဲဒါကို အမြဲမွမ်းမံနေတာ မဟုတ်လား”

“အင်း... ထားပါတော့၊ အဲဒါနဲ့ ပတ်သက်လို့ ရဲက ငါ့ကို သတိပေးတာ ခံရတယ်”

“သတိပေးတယ်၊ ဘာအတွက်လဲ”

“အဲဒီ ပေ့ချ်မှာ ပုံတချို့ တင်တယ်လေ၊ ဆိုးဆိုးဝါးဝါး မဟုတ်ပါဘူး၊ ဝတ်လစ်စားလစ်တော့ ဟုတ်တာပေါ့၊ ဒါက နိုင်ငံခြားသားတွေအတွက် ဂျပန်လိင်လုပ်ငန်းအကြောင်း သိစေမယ့် မဂ္ဂဇင်းပဲကို ဒါပေမဲ့ ရဲက ငါ့ကို သေချာစိစစ်ဖို့ ခေါ်ပြောတယ်။ ဆိုလိုတာကတော့ အဲဒီပေ့ချ်ကို ဖျက်ရင်ဖျက် မဖျက်ရင် တွေ့မယ်ပေါ့ကွာ၊ မဂ္ဂဇင်းလည်း ထိုနည်းလည်းကောင်းပေါ့၊ ဒီလောက် မဂ္ဂဇင်းပေါင်းစုံ ထွက်နေတာကို ငါ့ကျမှ ဘာလို့လဲဆိုတော့ ငါက အင်္ဂလိပ်လို ထုတ်တာကိုးကွ၊ ငါ့ကို စံပြအနေနဲ့ ပညာပေးမယ်လို့ စိတ်ကူးကြတယ် ထင်တယ်။ မင်းကြော်ငြာလည်း ငါ့မဂ္ဂဇင်းထဲ ပါတော့ သူတို့ မင်းကိုလည်း ဆက်သွယ်လိမ့်မယ် ထင်တယ်”

“မဆက်သွယ်ဘူးဗျ”

“ကောင်းတယ်၊ ဆက်သွယ်ရင်လည်း ကျွန်တော် ဘာမှ မသိဘူးလို့သာပြောကွာ”

“အင်းပါ၊ ဒါနဲ့ ကျွန်တော့်ဖောက်သည်ဆီက ဖုန်းလာသေးလား”

တကယ်လို့ ဖရန့်ခ် ဖုန်းခေါ်ရင်တောင် ယိုကိုယာမက ကျွန်တော့် အိမ်လိပ်စာတော့ သူ့ကိုပေးလိုက်မှာ မဟုတ်ဘူး ဆိုတာ ကျွန်တော် သေချာသိတယ်။

“အေး... လာတယ် လာတယ်”

ကျွန်တော့်နှလုံးဟာ အပြင်ကို ခုန်ထွက်တော့မတတ် ဖြစ်လာတယ်။ မီဂူရိုဘူတာနားက ကိတ်ဆိုင် ဆိုင်းဘုတ်တစ်ခုအောက်မှာ လေလာရာကို ကျောပေးပြီး ကျွန်တော် မိုဘိုင်းဖုန်းနဲ့ သူ့ဆီ ဆက်နေတာ။ ဇွန်က ကျွန်တော့်လက်ကို ဆွဲထားပြီး ဆိုင်ထဲက တီဗွီမှာ နယူးရီးယား- ဂျပန်စတိုင် ကိတ်မုန့် ပြင်ဆင်တာကို ငေးနေတယ်။ ကျွန်တော့်ဘက်ကိုတော့ တစ်ချက်တစ်ချက် စိတ်ပူတဲ့ မျက်နှာလေးနဲ့ လှည့်လှည့်ကြည့်တယ်။

“ဘယ်သူတဲ့လဲ ခင်ဗျ”

“ဂျွန် ဆိုလား၊ ဂျိမ်း ဆိုလား၊ မင်းတို့ ကြားဖူးနေကျ နာမည်ပါပဲ၊ မင်း ဘဏ်အကောင့်နံပါတ် သိချင်လို့တဲ့၊ ငါ မပေးလိုက်ပါဘူး၊ ဒါပေမဲ့ ခု မင်းပြောမှ စဉ်းစားမိတယ်၊ ထူးထူးဆန်းဆန်းပဲ”

“ဘယ်လို ထူးဆန်းတာလဲ၊ သူက တိုက်ျိုက ခေါ်တာလား”

“သူ ပြောတာတော့ မစ်ဆူရီလား၊ ကန်းဆတ်လား အမေရိကားက နေရာတစ်ခုပဲကွ၊ မနေ့ညက သန်းခေါင်ယံလောက်ကြီး ငါ့ဆီ ဖုန်းဆက်တာ၊ အချိန်မတူတာကို မသိတာလား၊ သဘောမပေါက်တာလား၊ သူက အနောက်ပိုင်းပြည်နယ်ကတဲ့။ အဲဒီမှာ ဒီဇင်ဘာ ၂၉ တနင်္ဂနွေနေ့ နေ့လယ်ပဲ ရှိသေးသတဲ့။ တနင်္ဂနွေနေ့ နေ့လယ်ကြီးမှာ ဂျပန်ကို ဖုန်းဆက်ပြီး မင်းရဲ့ ဘဏ်အကောင့်နံပါတ်ကို ငါ့ဆီ တောင်းတယ်ဆိုတာ မထူးဆန်းဘူးလား။ ချွဲချွဲသွား၊ ရုပ်ရှင်သွား၊ သွားချင်ရာသွား၊ ဘယ်သူကများ အင်တာနေရှင်နယ်ကောလ် ခေါ်ပြီး ကျွန်တော့် ဂျပန်ဧည့်လမ်းညွှန်လေးကို ပိုက်ဆံရှင်းဖို့ မေ့သွားလို့ သူ့ ဘဏ်အကောင့်လေး ပေးပါလို့ ပြောမှာလဲ၊ ဒါပေမဲ့ မင်းက သူ့ကို ပေးစရာ ရှိတာလား၊ သူက မင်းကို ပေးစရာရှိတာလား မသေချာဘူးကွ၊ ဒါကြောင့် မင်းဆီ ဆက်ပေါ့လို့ ပြောလိုက်တယ်”

“အဲဒီတော့ ဘာပြောလဲ”

“ဆက်တယ် မကိုင်ဘူးတဲ့၊ အဲဒါ ဘယ်သူလို့ ထင်လဲ”

“ကျွန်တော်က အလုပ်လုပ်ပြီဆိုရင် ငွေသား၊ ဒါမှမဟုတ် ခရီးသွား ချက်နဲ့ပဲ လက်ခံတယ်၊ နိုင်ငံခြားကနေ ငွေလွှဲတာမျိုးကို အယုံအကြည် မရှိပါဘူး”

“အေးလေ၊ ကိုယ့်စည်းကမ်းနဲ့ ကိုယ်ပေါ့၊ နေဦးကွ၊ မဟုတ်သေးဘူး သူ့အသံက...”

“သူ့အသံက ဘာဖြစ်လဲခင်ဗျ”

“သူ့အသံက၊ အင်း... သူ့အသံက ပီသ ကြည်မြလွန်းနေတယ်ကွ၊ အင် တာနေရှင်နယ် ဖုန်းလိုင်းတွေ ခုခေတ်မှာ ကောင်းလာပြီဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ နည်းနည်းလေး နောက်ကျတာ၊ တုံ့ဆိုင်းတာ ရှိနေသေးတာပဲ၊ သူပြော နေတဲ့ အသံကတော့ ငါ့နားနားကို ကပ်ပြောနေသလိုကို ကြည်တာ၊ သူ့ အသံ က ကြားနေကျ အသံမျိုးပါပဲ၊ အက်ကွဲတာ ရှတတာ နက်ကျောတာ စူးရှတာမျိုး မရှိပါဘူး၊ စကားပြောတာလည်း ပုံမှန်ပါပဲ၊ ယဉ်ယဉ်ကျေးကျေးပါပဲ၊ ပြဿနာ တစ်ခုခု ရှိနိုင်လား”

“မရှိနိုင်ပါဘူး”

“ဒါပေမဲ့ သူ နောက်ဆုံး ပြောတာကတော့ အတော် ထူးဆန်းသကွာ”

“ဘာပြောလို့လဲ”

“ငါ သံသယဖြစ်လာတာကို သူ သိပုံရတယ်ကွ၊ ညကြီးသန်းခေါင်လေ၊ ပုံ မှန်အားဖြင့်ဆို ငါက နိုင်ငံခြားသားတွေကို သဘောကျတဲ့သူပါ၊ ကူညီဖို့လည်း အမြဲ အဆင်သင့်ပဲ၊ ဒါပေမဲ့ ဒီလူကတော့ ငါ့ကို အိပ်ရာက နှိုးပြီး ဗရုတ်သုတ်ခ တွေ လာပြောနေတာကိုး၊ ခန်းဂျီးဆီ ဖုန်းခေါ်ပြီး ခင်ဗျား သူနဲ့ တိုက်ရိုက်သာ ပြောလို့ ငါပြောတဲ့အခါ သူက မင်းဟာ အင်မတန် နှစ်လိုဖွယ်ကောင်းကြောင်း၊ အလုပ်လုပ်တာ အံ့သြဖို့ကောင်းလောက်အောင် ထူးချွန်ကြောင်း၊ သူနဲ့ မင်းနဲ့ ဟာ အတူသွားလာ စကားပြောရင်း မိတ်ဆွေသူငယ်ချင်းများသဖွယ် ဖြစ်လာ ကြောင်း အားရပါးရ ပြောတော့တယ်။ သူက အဲဒီလို ပြောလေ၊ ငါက သံသယပို ကြီးလေပဲ၊ ဘယ့်နယ် တနင်္ဂနွေနေ့လယ်ကြီးကို အမေရိကန် ကန်းဆတ်၊ မစ်ဆူ ရီမှာရှိတဲ့ သူ့အိပ်ခန်းထဲကနေ တကူးတက ဖုန်းဆက်ပြီး တိုက်ျို နိုက်ကလပ် တွေသွားဖို့ လိုင်လမ်းညွှန်ကလေးဟာ ကြီးမြတ်တဲ့ အလုပ်ကို လုပ်နေသူ မိတ်ဆွေစစ်လို့ ပြောတဲ့ကောင် ဘယ်နယောက်များ ရှိမလဲကွာ စဉ်းစားကြည့် စမ်းပါ”

အင်း- ဖရန့်ခ်ပါပဲ။ သူ့ ဟိုတယ်ခန်းထဲကနေ ယိုကိုယာမာစံကို ဖုန်းခေါ်နေတဲ့ မြင်ကွင်းကို ကျွန်တော် မြင်ယောင်မိပြီ။ ခန်းဂျီးဟာ သိပ်တော်တဲ့ကောင်၊ သူ့ဘဏ်အကောင့်လေး ပေးစမ်းပါ၊ ကျုပ် သူ့ကို ငွေလွှဲမလို့ ဆိုပြီး တော့ပေါ့။ ဒါ သူမသူအစစ်၊ သူလုပ်နေကျ ပုံစံ။ သူ့ကြောင်ကွက်တွေ၊ တစ်ကိုယ်လုံး တုံးလုံးခွေတ်၊ ဆေးခြယ်ပြီး လမ်းပေါ်လျှောက်ပြေးတဲ့ ကြောင်ပုံကြောင်နည်းတော့ မဟုတ်ဘူး။ ကြက်သီးထလောက်စရာ ကြောင်နည်းတွေ။

“အဲဒါ ဖရန့်ခ်ဆိုတာ သူ ဘယ်လိုသိလဲ”

ကိတ်ဆိုင်လေးရဲ့ ကဖေးကော်နာ ထောင့်လေးက စားပွဲမှာထိုင်ရင်း ဇွန်က ကျွန်တော့်ကို မေးတယ်။ ဖုန်းပြောပြီးတဲ့အခါ ကျွန်တော်ဟာ အဲဒီနားမှာပဲ ကြောင်ပြီး ရပ်နေမိတယ်။ ဇွန်က ကျွန်တော့်ကို ဆိုင်ထဲ အတင်းဆွဲခေါ်လာတယ်။ ကျွန်တော့် တစ်ကိုယ်လုံး ဆုတ်ဆုတ်ဖြူနေပြီတဲ့။ ကော်ဖီပူပူလေး သောက်ရအောင်တဲ့။ ကပူချီနို နှစ်ခွက် မှာလိုက်တယ်။ ကော်ဖီက ဘာအရသာမှ မရှိဘူး။ ကျွန်တော့်လျှာတွေ၊ သွားဖုံးတွေ၊ လည်ချောင်းတွေကို ပလတ်စတစ်ဖလင်ပြားနဲ့ ကာထားသလိုပဲ။ နှလုံးက တဒိတ်ဒိတ် ခုန်နေတယ်။ စိတ်တွေက ရှုပ်ထွေးနောက်ကျိနေတယ်။ ယိုကိုယာမစံ ပြောတာတွေကို ကျွန်တော် ဇွန့်ကို ပြောပြလိုက်တယ်။

“ဒါပေမဲ့လည်း ဒါဟာ ဖရန့်ခ်လက်ချက်ပဲ ဆိုတဲ့ သက်သေက မရှိပြန်ဘူး”

ကျွန်တော် စိတ်ညစ်ညစ်နဲ့ ပြောလိုက်တယ်။

“သူ့တံခါးမှာ ဟိုဟာလေး လာကပ်ထားတာလဲ အဲဒီ ဖရန့်ခ်ပဲလို့ သူ ထင်နေတာ မဟုတ်လား”

ဟုတ်တယ်လို့ ဖြေလိုက်တယ်။ ဟိုဟာလေးကို ကျွန်တော် ဘာထင်နေတယ် ဆိုတာတော့ ဇွန့်ကို မပြောလိုက်ဘူး။ ဇွန်က ကျွန်တော့်အတွက် အရေးကြီးတယ်။ သိပ်ကြောက်ဖို့ကောင်းတဲ့ ကိစ္စကို ကျွန်တော် သူနဲ့ မဆွေးနွေးချင်ဘူး။ ကျွန်တော်ပဲ ရင်ဆိုင်မယ်၊ ဖြစ်နိုင်ရင်ပေါ့။ သူ့ကို ပြောလိုက်လို့ သူ့မှာ ဘာကောင်းကျိုးမှ ရှိမလာနိုင်ဘူးလေ။ ဒါပေမဲ့ ၁၆ နှစ်သမီးလေးကို လိမ်လို့ ရရိုးလား။ ဒီတိုင်းပြည်မှာ ၁၆ နှစ်သမီး ဆိုတာ အလွန်ပါးနပ်ပြီး သိလွယ်တတ်လွယ်တဲ့ အုပ်စုပဲ။

“အဲဒီဟာလေးက ဘာမှန်းမသိပေမယ့် ရယ်စရာလေး”

ဇွန်က ခပ်ညစ်ညစ်ကလေး လေသံနဲ့ ပြောနေတယ်။ မူကြိုကလေးဟာ လှေကားထစ်တွေပေါ် သေနေတဲ့ အလောင်းတစ်ခု တွေ့တော့ သူ့ဆရာမကို သွားပြီး ဆရာမ ဆရာမ၊ အပြင်ဘက် လှေကားပေါ်မှာ လူကြီးတစ်ယောက် အိပ်နေတယ်လို့ ပြောနေသလိုမျိုးပါပဲ။

“ပါပိုင်းရပ်စ် (အီဂျစ်ပေစာရေးတဲ့ ကျူရွက်)လေးနဲ့ တူတယ်နော်”

“အင်... ပထမဆုံးအချစ်လို အရသာရှိတဲ့ သစ်သီးလို့ ကြော်ငြာတွေထဲ ပါတဲ့ဟာလား”

“ခန်းဂျီး”

“ဟင်”

“ဟာသလုပ်နေရမယ့် အချိန်လားလို့”

ဟာသလုပ်တာ မဟုတ်ဘူး၊ ပါပိုင်းရပ်စ် ဆိုတာကို ပါပါရာ (သင်္ဘောသီး)လို့ နားထဲ ကြားမိနေတာ။ ဒါ ကျွန်တော် စိတ်နဲ့ကိုယ်နဲ့ မကပ်ဘူး ဆိုတာကို ပြနေတာပေါ့။

“ပြီးတော့ အဲဒီပေါ်မှာ သွေးစွန်းနေသလိုပဲ ညိုတိုတိုအကွက်က သွေးလား”

“ထင်တာပဲ”

ကဲပါကွာ၊ လိမ်ပြောနေဖို့လည်း အားမရှိတော့ပါဘူး။

“အဲဒါ လူ့အရေပြားစလေးလို့ ကိုယ် ထင်နေတယ်”

“ဟင်... သူ ဘာလို့ အဲဒီလို လုပ်ရတာလဲ”

“သတိပေးတာ ဖြစ်မယ်၊ ရဲကို မတိုင်ဖို့၊ သူ့အကြောင်းတွေ လျှောက် မပြောမိစေဖို့...”

ဂျာကင် အိတ်ကပ်ထဲက မိုဘိုင်းဖုန်းက အသံမြည်လာတယ်။ မကောင်းတဲ့ နိမိတ်ဆိုတာ မှန်တတ်တယ် ထင်တယ်။ ဖရန့်ခ် ဆက်နေတာပဲ။

“ဟိုင်း... ခန်းကျီး ဘယ့်နယ်တုံးကွ”

ဖရန့်ခ်ဟာ အင်မတန် ဖော်ရွေတဲ့ စူပါ နှစ်လိုဖွယ် အသံကြီးနဲ့ အားပါးတရ ပြောနေတယ်။

လမ်းဘေးဖုန်းရုံထဲကနေ ပြောနေပုံပဲ။ သူ့စကားသံတွေဟာ သူ့ပါးစပ်က ထွက်လာတာ မဟုတ်ဘဲ သူ့ ခေါင်းခွံထဲက တိုက်ရိုက် ထွက်လာတာလို့ ကျွန်တော် ထင်မိတယ်။ ကျွန်တော်တို့ ထိုင်နေတဲ့ စားပွဲမှာ စာရေးကပ်ထားတယ်၊ မိုဘိုင်းဖုန်း မသုံးပါနှင့်တဲ့။ ဇွန်က ဒါကို လက်ညှိုးထိုးပြပြီး အပြင် ထွက်ပြောဖို့ ခြေဟန်လက်ဟန် ပြတယ်။ ဒါပေမဲ့ ကိတ်တွေကို စီနေတဲ့ ချစ်စရာ စားပွဲထိုးမလေးက တခြားဧည့်သည် မရှိတဲ့အတွက် ရပါတယ်လို့ ပြောတယ်။ ဒီ ကိတ်ဆိုင်လေးက ဇွန်ရဲ့အကြိုက်မို့ သူ ခဏခဏ လာတယ်။ စားပွဲထိုး ကောင်မလေးနဲ့ သူနဲ့ မျက်မှန်းတန်းမိကြတယ်။ ဖရန့်ခ် ဖုန်းခေါ်တာကို နားထောင်နေရင်း ဇွန်နဲ့ စားပွဲထိုးမလေးကို မြင်ရတာ ကျွန်တော့်တစ်ကိုယ်လုံးက သတ္တိသွေးတွေ ဆုတ်ယုတ်လာသလိုပဲ။ သူ့အသံက နိစ္စဓူဝ မြင်ကွင်းတွေကို ကြောက်စရာအသွင် ပြောင်းစေနိုင်တယ် ထင်တယ်။ ဖရန့်ခ်အသံနဲ့ ဇွန်နဲ့ ဟိုကောင်မလေး ပုံရိပ်တွေကြား ကွက်လပ်ထဲက ကျွန်တော့်ကို မကောင်းဆိုးဝါးကြီး တစ်ကောင်က သူ့ဗိုက်ထဲ စုပ်ယူမျိုချပစ်နေတယ်လို့ ကျွန်တော် ခံစားနေရတယ်။

အသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားပြီး-

“ကောင်းပါတယ်”

လို့ ဖြေလိုက်တယ်။ သူ့ကို သံသယ မဖြစ်စေနဲ့၊ ဘာမှမသိသလိုနေ၊ သူ့ အလုပ် သူလုပ်တဲ့ ညဧည့်လမ်းညွှန်ကောင်လေးလို့ပဲ ထင်နေပါစေ။

“ကောင်းတယ်၊ ဒီည တွေ့မယ်နော်”

“ကိုးနာရီပဲလား”

“အေးကွ၊ ဒီည ပိုပျော်ရမယ် ထင်တယ်၊ ငါဖြင့် စောင့်တောင် မစောင့်နိုင်တော့ဘူး၊ မနေ့ညကလည်း ပျော်ရပါတယ်”

“ခင်ဗျား ပျော်တယ်ကြားလို့ ဝမ်းသာပါတယ်ဗျာ”

“အိုး... ဒါနဲ့ ငါ ဟိုတယ်ပြောင်းထားတယ်ကွ”

နှလုံးတွေ တဒိတ်ဒိတ် ခုန်သွားတယ်။ လည်ချောင်းတွေ ကန္တာရလို ခြောက်ကပ်လာတယ်။

“ဟုတ်လား၊ ဘယ်ဟိုတယ်လဲ”

“ဟေလ်တန်”

“အခန်းနံပါတ်ကကော”

“ငါ ဒီမှာ နောက်ထပ် နှစ်ညပဲ နေရတော့မှာ ဆိုတော့ ဟိုတယ် ကောင်းကောင်းမှာ နေချင်တယ်လေ၊ ဒါပေမဲ့ အခန်းရှာရ သိပ်ခက်တယ်၊ နယူး ရိုးယား နီးလာလို့တဲ့၊ ဂျပန် နယူးရိုးယားက ငါတို့ဆီက ခရစ်စမတ်လိုပဲတဲ့”

သူ ကျွန်တော့်ကို အခန်းနံပါတ် မပေးဘူး။ သူ တကယ် ဟေလ်တန်မှာ နေတယ်လို့လည်း ကျွန်တော် မထင်ဘူး။ သူပြောနေတဲ့ အဓိပ္ပာယ်ကတော့ ကျွန်တော် ဘယ်လိုပဲ ကြိုးစား ကြိုးစား၊ ကျွန်တော် သူ့ကို ရှာလို့ မတွေ့စေရ ဘူး။ သူကပဲ ကျွန်တော့်ကို ရှာလို့တွေ့မယ် ဆိုတဲ့ သဘောပဲ။

“မင်း ကောင်မလေးကော ဘယ်လိုလဲ”

သူ ကျွန်တော်တို့ကို စောင့်ကြည့်နေတာလား ဆိုတဲ့ အတွေး ဝင်လာ တယ်။ အပြင်ဘက်ကို ကျွန်တော် ကျီးကန်းတောင်းမှောက် ကြည့်မိတယ်။

“သူ နေလို့ကောင်းပါတယ်၊ ကျွန်တော့် ကောင်မလေး ရှိတယ် ပြောထား တာ ခင်ဗျား မှတ်မိသားပဲ”

“မနေ့ညက  ငါ မင်းကို အချိန်ပိုယူမိလို့ သူ စိတ်များဆိုးနေသလား၊ ကောင်မလေးတွေက ဒီလိုပဲကွ၊ တစ်ကိုယ်ကောင်းဆန်တယ်”

အာ... ဒီလူ ကျွန်တော်တို့ကို ကြည့်နေတယ် ထင်တယ်၊ ကျွန်တော် ဇွန်နဲ့ အတူ ရှိတာကို သူ သိနေသလိုပဲ။

“မဆိုးပါဘူး၊ ခုတောင် ကျွန်တော် သူနဲ့အတူ ရှိနေတာ၊ အားလုံး အိုကေ ပါတယ်”

“ဩော်... မင်းက ဒိတ်လုပ်နေတာကိုး၊ ဆောရီး ဆောရီး”

“ရပါတယ်၊ ခင်ဗျားဖုန်းခေါ်လို့ ဝမ်းသာနေတာ၊ မနေ့ညက ခင်ဗျား နေမကောင်းသလို ဖြစ်နေလို့ စိုးရိမ်နေတာ”

“ခု အိုကေပဲကွ၊ မနေ့ညက ငါလုပ်ခဲ့တာတွေအတွက် ဆောရီးပါကွာ၊ ဒီနေ့တော့ ငါ့ ဦးနှောက်ဆဲလ်တွေ အများကြီး ပွားလာသလိုပဲကွ၊ အားပြည့် အင်ပြည့်ပဲ၊ ညထိတောင် မစောင့်ချင်တော့ဘူး၊ ဒီညတော့ အပြတ်ကဲမယ်”

“ခင်ဗျား အခန်း နံပါတ်ပေးထား ဖရန့်ခ်၊ အရေးအကြောင်းဆို ဆက်သွယ်ရအောင်လို့”

“ဘာအရေးအကြောင်းလဲ၊ ဘယ်လိုမျိုးလဲ”

“ဘာရယ်တော့ မဟုတ်ဘူးပေါ့၊ ချိန်းထားပြီး လွဲနေတာ၊ ကျွန်တော် နည်းနည်း နောက်ကျတာမျိုးမှာ ဆက်သွယ်လို့ ရအောင်ပါ...”

“အေးပေါ့ အေးပေါ့၊ ဒါပေမဲ့ ငါက ချက်အင် မလုပ်ရသေးဘူးကွ၊ အခန်းမှာထားပြီး ပစ္စည်းတွေ ထားခဲ့တာ၊ အခန်းက အဆင်သင့် မဖြစ်သေးဘူးတဲ့လေ”

“ဒါဆို အခန်းနံပါတ်သိရရင် ဖုန်းပြန်ဆက်ပေးမလား”

“အေးပါ၊ နေဦးကွ၊ ငါ ဒီနေ့ တစ်နေ့လုံး အပြင်မှာ၊ ဖုန်းဆက်ချိန် ရမှာ မဟုတ်ဘူး၊ ငါ့ကိုလည်း မင်း ဆက်သွယ်လို့ရမယ် မထင်ဘူး”

“ဟေလ်တန် ဧည့်ကြိုဌာနကို မေးလိုက်မယ်လေ”

ဟာ... ဟော့ကောင် မလုပ်နဲ့ကွ၊ ငါက တခြားနာမည်နဲ့ ပေးထားတာ၊ ဖရန့်ခ် မဟုတ်ဘူးရယ်၊ ငါ လက်ကျန်နှစ်ညမှာ အသားကုန်ကဲမှာ၊ ငါ ပြောတာ မင်းသိတယ် မဟုတ်လား၊ ငါ့ နာမည်အရင်းနဲ့ စာရင်းသွင်းထားတာ မဟုတ်ဘူး၊ ဒီညတွေ့ဖို့ကတော့ မနေ့ညက ဘော့စ်ဘောလော့ကျင့်ရေး စင်တာ ရှေ့ဆို ဘယ်လိုလဲ”

“ဘာရယ်”

“ဘော့စ်ဘော လော့ကျင့်ရေးစင်တာလေ၊ ပထမထပ်က ဂိမ်းစင်တာ ရှေ့လေ၊ အဲဒီနေရာကို ငါကြိုက်တယ်ကွ”

“ဖရန့်ခ်ရေ၊ ကျွန်တော် ဧည့်သည်ကို အဲဒီလို အပြင်မှာ တစ်ခါမှ မတွေ့ဖူးဘူး၊ ဟိုတယ်မှာပဲ တွေ့တယ်၊ ဟေလ်တန် လော်ဘီမှာ တွေ့မယ်လေ”

“အင်း... ငါ အစောပိုင်းက ဟေလ်တန်ကို ရောက်ခဲ့ပါတယ်၊ ဒါပေမဲ့ ဟေလ်တန်က ငါနဲ့ မကိုက်ဘူးကွ၊ အဲဒီမှာဆို အေးအေးဆေးဆေး မရှိဘူး၊ ဆူညံပွက်လောရိုက်နေတာပဲ၊ ငါ မကြိုက်ဘူးကွ၊ ငါက တောပိုင်းက လူ၊ အဲဒီလို နေရာမျိုးမှာ စိတ်အေးလက်အေးနဲ့ မနေနိုင်ဘူး”

ဒါဆိုလည်း ဘာလို့ ဟိုတယ်ပြောင်းလိုက်ပြီလို့ ပြောနေသေးတုံး မအေပေးရဲ့။ ပြီးခဲ့တဲ့ တစ်မိနစ်လောက်တုန်းက နှစ်ညပဲ ထပ်နေရမှာမို့ ဟိုတယ်ကောင်းကောင်းကို ပြောင်းတာဆို၊ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့၊ စောက်ပါးစပ်က။

“ဖရန့်ခ်ရေ၊ ညက ကျွန်တော် အအေးမိသွားတယ်။ အပြင်မှာ ကြာကြာမနေနိုင်ဘူး၊ အဆောက်အအုံ တစ်ခုခုထဲမှာပဲ တွေ့နိုင်မလား၊ ဒါမှမဟုတ်...”

အဲဒီနားက နေရာတွေကို ရွှတ်ပြမလို့ ကြံစည်နေတဲ့ ကျွန်တော့်ကို သူက ကြားဖြတ်ပြောတယ်။

“အေးလေ... ဟုတ်ပါတယ်၊ အပြင်မှာ တွေ့ဖို့ဆိုတာ မိုက်မဲရာ ရောက်တယ်၊ ငါလည်း ဘာတွေ စဉ်းစားနေမိမှန်း မသိဘူး၊ ဆောရီးပါ ခန်းဂျီးရယ်၊ မနေ့က တကယ်ပျော်ရပါတယ်၊ အဲဒီမှာ ညက ကိုးရိုးကားရား ဖြစ်ခဲ့ပေမဲ့ မင်း ငါ့အပေါ် သိပ်ကောင်းတာကို ဘယ်တော့မှ မမေ့ဘူး။ အဲဒီ ဘော့စ်ဘောလေ့ကျင့်ရေး စင်တာကို ငါ အမြဲမှတ်မိနေမှာပါ၊ ငါ မင်းကို အဲဒါ သိစေချင်တယ်၊ အေးပါ ဘယ်နားမှာ တွေ့တွေ့ကွာ၊ ဟေလ်တန်မှာတော့ မဖြစ်ဘူး”

“မနေ့ညက ခင်ဗျား ဟိုတယ်ကော၊ ရှင်ဂျူကု မင်းသား ဟိုတယ်လေ၊ ကာဘူကီ-ချို နားမှာပဲ၊ ဒါမှမဟုတ်...”

“ပြဿနာ မရှိပါဘူး၊ ငါလည်း အဲဒီနေရာကို ကြိုက်ပါတယ်”

“ဟုတ်ပြီလေ၊ အဲဒီက ကဖေးဆိုင်မှာ ညကိုးနာရီ တွေ့မယ်”

ဖုန်းချမလို့ အလုပ်မှာ ဖရန့်ခ်က ပြောချလိုက်တယ်။

“ခန်းဂျီးရေ၊ မင်း ကောင်မလေးကိုပါ ခေါ်ခဲ့ပါလား”

“ဘာ”

ကျွန်တော့်အသံ အတော်ကျယ်သွားတယ်။ ဇွန့်ကိုလည်း ဖျတ်ခနဲ လှည့်ကြည့်ဖြစ်တယ်။ ဇွန်ဟာ ကပူချီနိုကို တစ်စက်တောင် မသောက်ရသေးဘူး။ မွေရင်း ကျွန်တော့်ကို စိတ်ပူတဲ့ မျက်နှာလေးနဲ့ ကြည့်နေရှာတယ်။

“ဖရန့်ခ်၊ ခင်ဗျားပြောတာ ကျွန်တော် နားကြားလွဲသလားလို့ ကျွန်တော့် ကောင်မလေးကို ခေါ်ခဲ့ပါလားလို့ ခင်ဗျား ပြောတာလား”

“အေးလေ၊ ငါတို့ စကားလေး ဘာလေး ပြောရင်း အတူ ပျော်ကြတာပေါ့၊ မကောင်းဘူးလား”

ညဘက် တဏှာခရီးကို ကောင်မလေး ခေါ်ခဲ့ရမတဲ့လား၊ သောက်ရူးရဲ့။ အင်း... ကြည့်ရတာ ကျွန်တော် ဇွန့်ကို သူ့အကြောင်းတွေ အတော် ပြောပြပြီးပြီ။ ဒါကြောင့် ဇွန့်ကိုပါ အပြတ်ရှင်းရတော့မယ်လို့ သူ တွေးများနေရော့သလား။

“ဒါ မေးစရာတောင် မလိုဘူး ဖရန့်ခ်”

“အင်းပါကွာ၊ အိုကေပါ”

ဖရန့်ခ်က ခပ်ပြတ်ပြတ်ပြောရင်း ဂွပ်ခနဲ ဖုန်းချသွားတော့တယ်။

※

ကပူချီနိုကို တစ်ကျိုက်သောက်ပြီး ဖရန့်ခ် ပြောတာတွေကို ဇွန့်ဆီ ခပ်တိုတို ဖောက်သည်ချလိုက်တယ်။ ဖုန်းထဲက စကားတွေကို သေချာ စီကာစဉ်ကာ ပြန်လုပ်ပြီး ဟိုတယ်ပြောင်းတဲ့ အကြောင်း၊ ရှေ့စကား နောက်စကား မညီတဲ့ အကြောင်း၊ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောတဲ့အကြောင်းတွေကို ပြောပြတယ်။ ဒါကြောင့် ဖရန့်ခ်ဟာ ဘယ်လောက် ရူးတယ် ဆိုတာကို ဇွန် သေချာသိပြီ။ ကျွန်တော် ပြောပြီးသွားတော့ ဇွန်က ပြောတယ်။

“ဒီလောက် ဖြစ်နေရင်လည်း ရဲကို တိုင်ပါတော့လား”

“အင်း... တိုင်ပြီး ဘာပြောရမလဲ”

ဇွန်က သက်ပြင်းကြီး ချလိုက်တယ်။ ကပူချီနိုဟာ အေးစက်လို့၊ အမြုပ်လည်း မရှိတော့ဘူး။ ရွှံ့ရောင်ကော်ဖီရည် ညိုတိုတိုတွေပဲ ကျန်တယ်။

“အင်း... ဟုတ်ပါတယ်လေ၊ ကျောင်းသူလေးနဲ့ အိမ်ရာမဲ့ကို ဘယ်သူသတ်တယ်လို့ သူ သေချာသိတာလည်း မဟုတ်၊ သက်သေလည်း မရှိ၊ ရဲတွေကို ဖရန့်ခ်ဟာ လူလိမ်လူညာ သောက်ရူးပါလို့ သွားပြောလို့မှ မရဘဲ။ လူကိုယ်တိုင် သွားမပြောဘဲ တယ်လီဖုန်းဆက်မယ် ဆိုရင်ကော...”

“ပထမတစ်ခုက ဒီမအေပေးဟာ ဘယ်မှာလဲ ဆိုတာ မသိဘူး၊ ပြီးတော့ သူနာမည်ရင်းက ဖရန့်ခ် မဟုတ်တာလည်း သေချာတယ်၊ အကုန် လိမ်ထားတာချည်းပဲ၊ ဒါကြောင့် ရဲက အရေးတယူလုပ်ပြီး ရှာမယ်ဆိုရင်တောင် တွေ့မှာ မဟုတ်ဘူး။ မနေ့ညက သူ့ကို ပို့ခဲ့တဲ့ ဟိုတယ်မှာတောင် သူ နေပုံမရဘူး။ သူ့အခန်းထဲထိ လိုက်ပို့ရတာ မဟုတ်ဘူးလေ၊ ဧည့်ကြို ကောင်တာကနေ သူအခန်းသော့ယူတာတောင် မတွေ့ဘူး။ ဟိုတယ်ကို ဖုန်းဆက်တာလည်း မဟုတ်ဘူး။ သူကချည်း ဆက်တာ”

“ဒါနဲ့ သူက သူများကို ဘာလို့ တွေ့ချင်တာလဲ”

“မပြောတတ်ဘူးလေ”

“ခန်းကျီးရယ်၊ ဒီည မသွားပါနဲ့တော့လား”

“အဲဒီလိုလည်း တွေးပါတယ်၊ ဒါပေမဲ့ သူ ကိုယ့်ကို ငွေမပေးရသေးဘူး၊ ပြီးတော့...”

“ငွေကို ပူမနေစမ်းပါနဲ့ဟာ”

“အင်း... ငွေကြောင့် မဟုတ်ဘူး ဇွန်၊ ကိုယ် ဘယ်မှာနေလဲဆိုတာ သူ သိနေပြီ။ သူ ဘာလုပ်မယ်ဆိုတာ မပြောနိုင်ဘူး။ ကိုယ် သူ့ကို ကြောက်တယ် ဇွန်။ ဒါ ရိုးရိုးသားသား အမှန်အတိုင်းပြောတာ၊ ချေးထွက်မတတ်ကို ကြောက်တယ်။ မင်းကို သူ့အကြောင်းတွေ ဘယ်လောက်ထိ ပြောထားသလဲ ဆိုတာ သိချင်တာနေမယ်၊ မင်းကို သတ်ပစ်မယ်လို့ ဆိုလိုတာတော့ ဟုတ်ပုံ မရဘူး”

မိန်းမတစ်ယောက်နဲ့ ကလေးနှစ်ယောက် ဆိုင်ထဲ ဝင်လာကြတယ်။ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက်၊ မိန်းမက အသက် သုံးဆယ်လောက် ရှိမယ်။ ကလေးတွေကတော့ မူလတန်းကျောင်းသား အရွယ်

လေးတွေ၊ ဘယ်ကိတ်ဝယ်မယ် ဆိုတာကို အေးအေးဆေးဆေး ရွေးချယ်ဆုံးဖြတ်နေကြတယ်။ ကလေးတွေကလည်း ပျော်ပျော်ရွှင်ရွှင်ပါပဲ။ အမေက ဝတ်ကောင်းစားလှနဲ့၊ ဆိုင်က စားပွဲထိုးမလေးကိုလည်း ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောပဲ ဆက်ဆံ ပြောဆိုလို့။ မျက်လုံး အကြည့်တွေကလည်း ကြည်ရွှင်ပျော်မြူးလို့။ ဇွန်က ငေးကြည့်နေတော့ ကလေးမလေးက ဇွန့်ကို လှည့်ကြည့်တယ်။ အကြည့်ကလေးက ရိုးသားကြည်လင်လိုက်တာ။ အင်း... သိပ်မကြာသေးခင်အထိ ငါလည်း ဒီလို ပျော်ရွှင်ခဲ့တာပဲ။ ငါကိုယ်တိုင် ခြောက်ပစ်ကင်းသဲလဲစင်တော့ မဟုတ်ဘူး။ ဒါပေမဲ့ လူ့မိစ္ဆာ အန္တရာယ်ကောင် ဆိုတာကိုတော့ ကြည့်လိုက်တာနဲ့ သိတယ်။ ဒါကြောင့် ဖရန့်ခ်ဟာ အဲဒီလို ကောင်မျိုးဆိုတာ ငါသိနေတာ၊ အန္တရာယ်ကောင်တွေဟာ အထီးကျန်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ဒေါသဖြစ်ခြင်း စတဲ့ လောဘ၊ ဒေါသ၊ မောဟ ဟိတ်တွေ အပြည့်နဲ့ မွေးဖွားလာကြတာ။ သူတို့ ခန္ဓာကိုယ်ထဲက အင်မတန် အရေးကြီးတဲ့ မရှိမဖြစ် အရာတစ်ခုကို ဓားနဲ့ လွှာထုတ်ခံလိုက်ရတဲ့အတွက် ခန္ဓာကိုယ်ထဲမှာ တွင်းနက်ကြီးလို ဖြစ်နေပြီး ဒါကို ပြန်ဖြည့်ဆည်းဖို့ တစိုက်မတ်မတ် ကြိုးပမ်းနေကြတဲ့ လူမျိုးတွေ၊ ဖရန့်ခ်ဟာ ကျွန်တော့်အတွေး စိတ်ကူးထဲက လူသတ်သမား ပုံရိပ်လွှာနဲ့ ဟပ်မိပေမယ့်လို့ သူ့မှာ ရက်စက်တတ်တဲ့ သဘောကိုတော့ မတွေ့ရဘူး။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ထဲက လစ်ဟာပျက်သုဉ်းနေတဲ့ အရာကတော့ ဘလက်ဟိုး တွင်းနက်လို အရာရာကို ဆွဲစုပ်ယူနိုင်စွမ်းရှိတယ် ထင်ရတယ်။ ကျွန်တော်တို့ အားလုံးတစ်သက်မှာ တစ်ခါလောက်တော့ စိတ်ရိုင်း စိတ်ယုတ်ဝင်ပြီး သူများကို သတ်ချင် ဖြတ်ချင်စိတ်ပေါ်ဖူးတဲ့ လူတွေချည်းပါပဲ။ ဒါပေမဲ့ ဒါကို တားနိုင်တဲ့ နည်းလမ်းတစ်ခုက အမြဲရှိနေတယ်။ အမြဲတမ်း စိတ်မိုက်ကို ဟန့်တတ်တယ်။ အဲဒီလိုနဲ့ စိတ်မိုက်ဟာ သူ စတင်ဖြစ်ပေါ်လာရာ တွင်းနက်ကြီးထဲ ပြန်ငုပ်လျှိုးသွားပြီး အလုပ်အပေါ် အာရုံစိုက်တာလိုမျိုး တခြား လမ်းလွဲတစ်ခုကနေ ယိုစိမ့်ထွက်သွားတတ်တယ်။ ဖရန့်ခ်ကတော့ ဒီလိုမဟုတ်ဘူး။ သူ လူသတ်သမား ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သူ့ခန္ဓာကိုယ်ထဲက တွင်းနက်ကတော့ အဆုံးအစမဲ့ နက်လွန်းတယ် ဆိုတာကို ကျွန်တော် ကျိန်းသေသိတယ်။ အဲဒီအရာကပဲ သူ့ရဲ့ ဇာတိမှန်ကို သိစေမယ့် အရာအားလုံးကို လိမ်ညာဖုံးကွယ်စေခဲ့တယ်။ ဒါပေမဲ့လို့ သူ့ရဲ့ ဆုံးစမဲ့ တွင်းနက်ကြီးနဲ့ နှိုင်းယှဉ်ရင် မနေ့ညက သူ့အပြုအမူတွေဟာ ဟယ်လိုကစ်တီ ဗားရှင်းလောက်ပဲ ရှိသေးတယ်ဆိုတာ ကျွန်တော် စိတ်ထဲက သိနေတယ်။

“သူများကို နာရီဝက်တစ်ကြိမ် ဖုန်းခေါ်နော်”

ဇွန်က ပြောတယ်။ ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

“ခန်းကျိုးရေ၊ ဘာလုပ်လုပ် အဲဒီ ဖရန့်ခ်က သူ့ကို လုပ်ချင်ရာ လုပ်ခွင့် မပေးနဲ့နော်၊ ဂိုင်ဂျင် စိတ်ကြိုက် ဖြစ်မသွားစေနဲ့၊ သူနဲ့ နှစ်ယောက်တည်း မရှိစေနဲ့နော်“

※

ရှင်ဂျူကုမင်းသားဟိုတယ် လော်ဘီက တိုင်တစ်ခုရဲ့ အရိပ်ကို ကွယ်ပြီး ဖရန့်ခ်ဟာ ရပ်နေခဲ့တယ်။ ကဖေးဆိုင်ကို သွားနေတဲ့ ကျွန်တော့်ကို တိုင်အကွယ်ကနေ သူ လှမ်းခေါ်တယ်။

“ဟေး... ခန်းကျိုး”

ကျွန်တော် တကယ်ပဲ အသက်ရှူရပ်သလို ဖြစ်သွားတယ်။

“ဖရန့်ခ်၊ ကဖေးဆိုင်မှာ တွေ့ဖို့ ချိန်းထားတာ မဟုတ်လား”

“ကဖေးဆိုင်က လူသိပ်များတယ်၊ လူကျပ်တယ်” လို့ ပြောပြီး မျက်စပစ်ပြတယ်။ ကမ္ဘာ့အတုံးဆုံးနဲ့ ကျက်သရေ အယုတ်ဆုံး မျက်စပစ်နည်းပဲ။ မျက်စပစ်လိုက်တဲ့အခါ မျက်လုံးက နောက်လန်သွားပြီး သူ့မျက်သားဖြူဖြူကြီးကိုပဲ ကြောက်စရာကောင်းအောင် မြင်နေရတယ်။ ကဖေးဆိုင်က လူမရှိတာ ဒီကနေ လှမ်းမြင်နေတာပဲ။ ဒါကို ခုနက လူသိပ်များတာ၊ သိပ် လူကျပ်တာလို့ ဖရန့်ခ်က ဇွတ်ပြောနေတယ်။ သူ ဒီည ဝတ်ပုံစားပုံက တစ်မျိုး။ ဆွယ်တာအနက်နဲ့၊ ကော်ဗျူရိုင်းဂျက်ကက်နဲ့၊ ဂျင်းနဲ့ စနီကာ ဖိနပ်နဲ့ ၊ ဆံပင်ကိုလည်း ဂျယ်နဲ့ ထောင်ထားသေးတယ်။ မနေ့ကလို လယ်သာ ပခုံးလွယ်အိတ် မဟုတ်ဘူး၊ ကျောပိုးအိတ်နဲ့၊ ဒီည လုံးဝ ကွဲပြားခြားနားတဲ့ ဒီဇိုင်း၊ ကာလာ၊ အနေအထားမျိုးပေါ့။

“ငါ သိပ်ကောင်းတဲ့ ဘားတစ်ခု တွေ့ထားတယ်။ ဒီတိုင်းပြည်မှာ များများစားစား ရှိမှာ မဟုတ်ဘူး၊ အဲဒီကို အရင်သွားရအောင်”

ကူယာရှိ လမ်းက ဘားဟာ ကော့တေးလည်း ကောင်း၊ အစားအသောက်လည်း ကောင်းတဲ့အတွက် နိုင်ငံခြားသား တိုးရစ်တွေကြားမှာ နာမည်ကြီးပေါ့၊

ကျွန်တော် ဧည့်သည်တွေကို ခဏခဏ လိုက်ပို့ဖူးပါတယ်။ ဘားက ကုလားထိုင်တစ်လုံးမှ မရှိဘူး၊ ကောင်တာဘားကြီးရယ် တံတောင်ဆစ်အမြင့် စားပွဲရှစ်လုံးရယ်ပဲ ရှိတယ်။ ဟိုတယ်က ထွက်လာတဲ့အခါ ဘီကီနီကလပ်တွေ၊ ချောင်းကြည့်ရှိုးတွေ၊ ရွှေကြိုတွေ ကျပ်ခဲနေတဲ့ လမ်းတစ်လျှောက် ဖြတ်လာခဲ့ကြတယ်။ အပြတ်ကဲမယ် ဆိုတဲ့ ဖရန့်ခ်က နည်းနည်းမှ စိတ်မဝင်စားဘူး။

“ဒီညတော့ ဘီယာလေးနဲ့ပဲ စဖွင့်ချင်တယ်ဟေ့”

ဘားမှာ ဘီယာနှစ်ခွက် ရောက်လာတော့ ခွက်ချင်းတွေ့လိုက်ကြတယ်။ ဘီယာလောက်ကတော့ ဟိုတယ် ကဖေးဆိုင်မှာ သောက်လည်း ရတာပဲ။ ဘာလို့များ ဖရန့်ခ်ဟာ ဟိုတယ်လော်ဘီထဲ ဝင်ဖို့ ဒီလောက် ခါးခါးသီးသီး ဖြစ်နေရတာလဲ။ စုံထောက် ဝတ္ထုတွေထဲကလို တစ်နေရာတည်းကို နှစ်ညဆက်တိုက် လာလိုက်ရင် စားပွဲထိုးတွေက မျက်နှာကို မှတ်မိသွားမှာ စိုးလို့လား။ သူက ရာဇဝတ်ကောင်မို့လား။ လူသတ်သမားမို့လား။ အင်း...။

ကျွန်တော် မျက်မှန်းတန်းမိနိုင်မယ့် လူတွေများ ရှိသလားဆိုပြီး ကျီးကန်းတောင်းမှောက် ရှာတယ်။ ဇွန်က ဖရန့်ခ်နဲ့ ကျွန်တော် နှစ်ယောက်တည်း ရှိမနေစေနဲ့လို့ မှာလိုက်တာကိုး။ ကျွန်တော်တို့ နှစ်ယောက် အတူရှိနေတာကို မြင်တဲ့လူ များလေကောင်းလေလို့ ကျွန်တော် တွေးမိတယ်။ ဖရန့်ခ်က ဘီယာသောက်နေရင်း ကျွန်တော့်မျက်နှာကို တစိမ့်စိမ့် ကြည့်နေတယ်။ မျက်နှာက တစ်ဆင့် ကျွန်တော့်စိတ်ကို ဖတ်နိုင်တယ်များ ထင်နေလား မသိပါဘူး။ ကဲ... အသိလည်း တစ်ယောက်မှ မတွေ့ဘူး။ လူပေါင်းစုံ ပခုံးချင်းယှဉ်ပြီး သောက်နေကြတာပဲ၊ ချမ်းသာတဲ့ ကောလိပ်ကျောင်းသားတွေ၊ ကော်လာဖြူ အလုပ်သမားတွေ၊ ရုံးသမတွေ၊ ရော့ပုန်းဂီးမှာ အခြေတည်ပေမယ့် ကာဘူကီ-ချို ကို အပြောင်းအလဲအနေနဲ့ လာသောက်ကြတဲ့ လူတွေ၊ လိင်ကလပ်က မိန်းကလေးတွေ အစုံပါပဲ။

“ဒီညတော့ မင်းကြည့်ရတာ တစ်မျိုးပဲ၊ ရယ်ချင်စရာကြီး”

ဖရန့်ခ်က မနေ့ကထက်စာရင် ဘီယာကို နည်းနည်း မြန်မြန်လေး သောက်နေတယ်။

“ပင်ပန်းနေတယ်ဗျ၊ မနေ့က အအေးမိသွားတယ်၊ ဖုန်းထဲမှာ ပြောတယ်လေ”

ဒါပေမဲ့ သူပြောတာ ဟုတ်တယ်။

ကျွန်တော့်ကို သိတဲ့လူတိုင်းက ကျွန်တော့်ပုံစံဟာ ရယ်စရာကြီးလို့ ပြောမှာပဲ။ ကျွန်တော်ကိုယ်တိုင်တောင် အဲဒီလို ဖြစ်နေတယ်လို့ ကိုယ့်ကိုယ်ကိုယ် သံသယ ရှိနေတယ်။ ရူးတယ်ဆိုတာ အဲဒီက စတာပဲလို့ ကျွန်တော် ထင်တယ်။ သံသယစိတ်ဟာ မိစ္ဆာနတ်ဆိုးကို ပေါက်ဖွားစေတယ် ဆိုတဲ့ ဆိုရိုးစကားကို ခုတော့ ကျွန်တော် သိပါပြီ။ ဖရန့်ခ်က ကျွန်တော့်ကို အကဲခတ်နေတုန်းပဲ။ ကျွန်တော် တစ်ခုခုပြောမှ ဖြစ်မယ်။ ကျွန်တော် သူ့ကို သံသယရှိနေတယ် ဆိုတာကို သူ့ကို အသိခံမလား၊ ဘယ်အတိုင်းအတာအထိ အသိခံမလဲ ဆိုတာကို ကျွန်တော် ဆုံးဖြတ်ရလိမ့်မယ်။ သူ့မှာ ဒို့ ကိုယ်ရည်ကိုယ်သွေး ရှိတယ်၊ ဒါပေမဲ့ လူသတ်သမားတော့ မဟုတ်ဘူးလို့ ကျွန်တော် ထင်နေတယ် ဆိုတာလောက်ကို အသိခံထားရင် ကောင်းမယ် ထင်တယ်။ တကယ်လို့ သူ လူသတ်သမားရယ်လို့ ကျွန်တော် ထင်နေမှန်းသာ သူ သိသွားပြီဆိုရင် ကျွန်တော့်ကို သူ ကျိန်းသေပေါက် သတ်တော့မှာ။ တကယ်လို့ ကျွန်တော် ဘာမှမသိဘူးရယ်လို့ သူ ဆုံးဖြတ်ပြီးသွားရင်တော့ ကျွန်တော် မေ့သွားအောင် ခပ်ပြင်းပြင်းလေး ထိုးပြီး ထားခဲ့မယ် ထင်ပါရဲ့လေ။

“ကဲ ခုည ဘာလုပ်မတုံး ဖရန့်ခ်”

“မင်းမှာ ဘာအကြံရှိလဲ ခန်းဂျီး”

အသံကို အတတ်နိုင်ဆုံး ပေါ့ပေါ့ပါးပါး ဖြစ်အောင် ထားပြီး ကျွန်တော် သူ့ကို တစ်ချက် သွေးတိုးစမ်းလိုက်တယ်။

“ကြည့်ရအောင်... ဘော့စ်ဘော လေ့ကျင့်ရေးစင်တာကို သွားပြီး မနက် ငါးနာရီ ထိုးတဲ့အထိ ဘောလုံးရိုက်ကြမလား”

“မနက် ငါးနာရီထိလား”

သူက ပြုံးပြုံးကြီး မေးတယ်။

ကျွန်တော်က ခေါင်းသွက်သွက်ညိတ်ပြီး ယက်စ် ယက်စ် ယက်စ် လို့ ဖြေလိုက်တော့ သူက ဘီယာခွက်တစ်ဖက်က ကိုင်၊ ကျန်လက်တစ်ဖက်က ကျွန်တော့်ပခုံးကို ပုတ်ပုတ်ပြီး တဟားဟား ရယ်နေလိုက်တာများ တကယ့် နှစ်လိုဖွယ် အမေရိကန် တိုးရစ်တစ်ယောက် အတိုင်းပဲ။ ဘီယာခွက်ကိုင်ပြီး တဟီးဟီး

တဟားဟား လုပ်နေတဲ့ အမေရိကန် တစ်ယောက်ဟာ ကင်မရာ တလွယ် လွယ်၊ ခါးလေးတညွတ်ညွတ် လုပ်နေတဲ့ ဂျပန်တစ်ယောက်လိုပဲ သဘာဝကျလှ တယ်။ ဘားထဲက လူတချို့က ပြုံးကြတယ်။ ဂျပန်တွေဟာ သူတို့တိုင်းပြည်မှာ နေသားကျပြီး ပျော်နေတဲ့ နိုင်ငံခြားသားဆို အထင်ကြီးတယ်။ သူတို့စဉ်းစားပုံ က ဒီလို။ ဟော... ဟိုမှာ နိုင်ငံခြားသား ပျော်နေတယ်။ ဒီလိုဆိုတော့လည်း အဖနီပွန်ဟာ ထင်သလောက် မဆိုးသေးပါဘူး။ ခုဘားက ကမ္ဘာ့အဆင့်ဘား တဲ့။ ငါတို့ ဒီနေရာမှာ အမြဲသောက်နိုင်သားပဲ။ ဒါဆို ငါတို့ဟာ ငါတို့ထင်တာ ထက် ပျော်ရွှင်နေကြတာပေါ့။ အဲဒီလို စဉ်းစားပုံမျိုး။ ဘားထဲမှာ အင်မတန် ကောင်းတဲ့ ဂျက်ဇ်ဂီတကို သိပ်ကောင်းတဲ့ အသံစနစ်နဲ့ ဖွင့်ထားတယ်။ ကာဘူ ကီ-ချိုမှာ ဒါမျိုး ရှားသားပဲ။ အလင်းရောင်ကိုလည်း မှိန်မှိန်လေး ထားတဲ့ အတွက် ကျွန်တော်တို့အနား ကပ်လျက်က လူတောင် ဖရန့်ခ်မျက်နှာကို သေချာမမြင်ရဘူး။ ကျွန်တော့်ပခုံးကို ပုတ်ပုတ်ပြီးသာ တဟားဟား ရယ်နေ တာ၊ ဖရန့်ခ်ရဲ့ မျက်လုံးတွေကတော့ စကျင်ကျောက်နက်လို အေးစက်လို့ပဲ။ အဲဒီ ကြက်သီးထစရာ မျက်လုံးအစုံကို ရှောင်လွှဲပြီး ပျော်နေသလိုလို လုပ်ပြနေ ရတာ ပင်ပန်းလိုက်တာဗျာ။ ဒါမျိုး ကျွန်တော် အတွေ့အကြုံ မရှိခဲ့ဖူးဘူး။ ဘယ်လောက်ကြာကြာ ဟန်ဆောင်နိုင်မလဲတော့ မသိပါဘူးဗျာ။

“ငါ ထန်နေပြီ ခန်းဂျီး၊ ငါ လိုချင်နေပြီ။ ဘီယာသောက်ပြီးရင် သဘောရှိ လုပ်လို့ရတဲ့ ကလပ်တစ်ခုကို သွားကြမယ်”

ဘော့စ်ဘော လေ့ကျင့်ရေးစင်တာအကြောင်း သွေးတိုးစမ်းလိုက်တာ ဘယ်အခြေအနေ ရောက်သွားသလဲ ဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော့် ဂျာကင်အိတ်ကပ်ထဲမှာတော့ မေ့ဇ်တံဆိပ် မျက်ရည်ယိုဖျန်းဆေးဘူး သေးသေး လေးတစ်ဘူး ပါတယ်။ ဇွန်နဲ့ လမ်းခွဲပြီး ပြန်လာတုန်း စိတ်ကူးပေါက်လို့ ရှီဘူ ယာမှာ ဝင်ဝယ်လာတာ။ ဇွန်ကတော့ ကျဉ်စက်ဝယ်ဖို့ အကြံပေးတယ်။ ကျဉ် စက်က အဆင်မပြေလောက်ဘူး။ ကျဉ်စက်ကို မဖွင့်ခင် ကျွန်တော် အသက်ထွက်သွားနိုင်တယ်။ အမြဲဖွင့်ထားရင်လည်း ဘက်ထရီ ကုန်သွားမှာ။ ကျဉ်စက်ဟာ တစ်ယောက်ယောက်ကို တိုက်ခိုက်ဖို့အတွက် လက်နက်ကောင်း ဆိုပေမယ့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့အတွက်ကတော့ သိပ်မဟုတ်လှဘူး။ တကယ်တမ်း စိတ်အချရဆုံးကတော့ ဖရန့်ခ်နဲ့ ဝေးနိုင်သမျှ ဝေးဝေးနေဖို့ပဲ။ လက်တင်အမေရိကန် လမ်းပျော်မယ် တစ်ယောက်၊ ဒါမှမဟုတ် တရုတ်ကလပ် က ကောင်မတစ်ကောင် ရှာပြီး အချစ်ဟိုတယ်ထဲ ထည့်ပေးထားလိုက်မှပါ။

“ခင်ဗျား မိန်းကလေး ခေါ်ချင်တာလား”

“နိပ်ဟာ၊ ဒါပေမဲ့ အဲဒါအတွက် သိပ်စောလွန်းနေသေးတယ် ခန်းဂျီးရ”

“ဒီည မိန်းကလေးတွေ သိပ်ရှိမှာမဟုတ်ဘူး ဖရန့်ခ်၊ နယူးရီးယား မတိုင်ခင် နှစ်ရက်အလို ဆိုတော့ ဂျပန်ကုမ္ပဏီ အများစုက ပိတ်ပြီ။ စီးပွားရေးသမားတွေ ဇာတိမွေးရပ်မြေ ပြန်ကြပြီ၊ ဒီ မိန်းကလေးတွေလည်း တူတူပေါ့၊ အနားယူကြတယ် ဖရန့်ခ်ရ”

“မပူပါနဲ့ကွ၊ ငါ သုတေသန လုပ်ထားပါတယ်”

“ခင်ဗျား ဘာလုပ်ထားတယ်””

“သုတေသနလေ၊ ညစာစားပြီးတော့ ငါ လမ်းနည်းနည်း လျှောက်တယ်၊ ဟိုနေ့က ကြော်ငြာဝေနေတဲ့ ငမည်းတွေနဲ့ တွေ့တယ်။ သူတို့ဆီက အကြံကောင်းတွေ အများကြီး ရတယ်။ လမ်းထောင့်က အင်္ဂလိပ်လို သိပ်မပြောတတ်တဲ့ မိန်းမကို မေးကြည့်တော့ ဒီည စော်တွေအားလုံး အလုပ်လုပ်ကြမှာတဲ့။ ဂျပန်မဟုတ်တဲ့ စော်တွေပေါ့။ သူတို့ ဂျပန်ကို ရောက်လာတာဟာ အလုပ်လုပ်ဖို့၊ နယူးရီးယားပွဲတော် ဆင်နွှဲဖို့ မဟုတ်ဘူးတဲ့”

“ခင်ဗျား အကုန် လေ့လာထားပြီးသားပဲ ဖရန့်ခ်၊ ဒါဆို ကျွန်တော် မလိုတော့ဘူးပေါ့”

အမယ်လေးဗျာ၊ တကယ်လို့သာ သူ ကျွန်တော့်ကို မလိုတော့ဘူး၊ သူ့ဘာသာသူ ရှာတော့မယ်လို့များ ပြောရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်။

“မရူးစမ်းပါနဲ့ ခန်းဂျီးရာ၊ မင်းက ငါ့ လမ်းညွှန် မဟုတ်တော့ဘူး၊ ငါ့မိတ်ဆွေကွ၊ သူငယ်ချင်းကွ၊ ခု ငါ့ဘာသာငါ စုံစမ်းထားလို့ မင်း ငါ့ကို တင်းနေတာလား”

“မဆိုးဘူး၊ မဆိုးဘူး၊ မဆိုးပါဘူး”။

အတင်းဖျစ်ညှစ်ပြုံးပြီး တရစပ် ပြောရတယ်။ ဖရန့်ခ်ဟာ ဒီညမှာ မနေ့ကနဲ့ မတူဘူး။ အသံကလည်း ကျယ်လောင်ပြီး ကိုယ့်ကိုယ်ကိုယ် သိပ်ယုံကြည်မှုရှိနေသလိုပဲ။ အားတွေလည်း သိပ်ရှိနေပုံပဲ။ မတရားကို ကဲချင်နေပုံပဲ။

“ဒီည သိပ်မြူးနေပါ့လား ဖရန့်ခ်၊ ညက အိပ်ရေးဝပုံပဲ”

ကျွန်တော် သွေးတိုးစမ်းလိုက်မိပြန်တယ်။

ဖရန့်ခ်က ခေါင်းကို သွက်သွက်ခါတယ်။

“တစ်နာရီလောက်ပဲ အိပ်ရတာကွ”

“ဟင်... ဟုတ်လား”

“အင်း... ဒါပေမဲ့ ငါ့ကို ဒုက္ခမပေးနိုင်ပါဘူး။ ငါ့ ဦးနှောက်ဆဲလ် အသစ်တွေ ပွားနေပြီဆိုရင် ငါ သိပ်အိပ်ဖို့ မလိုဘူး။ အိပ်တယ်ဆိုတာ ဖိစီးမှုတွေကို ပြေလျော့စေဖို့ ဦးနှောက်ကို အနားပေးတာကွ၊ ခန္ဓာကိုယ်ကို မဟုတ်ဘူး၊ ခန္ဓာကိုယ်က ပင်ပန်းနေပြီဆိုရင် လှဲနေပြီး အနားယူလိုက်ရင် ရတယ် အိပ်ဖို့မလိုဘူး။ ဒါပေမဲ့ လူတစ်ယောက်ဟာ စိတ်ဖိစီးလာပြီး မအိပ်ရဘူး ဆိုရင်တော့ ထိန်းမနိုင် သိမ်းမရလောက်အောင် ဖြစ်လာပြီး ပုံမှန်အားဖြင့် စိတ်တောင် မကူးဝံ့တာတွေကို လုပ်တတ်ကြတယ်”

အဲဒီအချိန်မှာ ကျွန်တော်သိတဲ့ ကောင်မလေးတစ်ယောက် ဘားထဲ ဝင်လာတယ်။ သူ တစ်ယောက်တည်းပဲ။ ကျွန်တော် သူ့ကို လက်လှမ်းပြလိုက်မိတယ်။

နိုရီကိုဟာ အိုမီအိုင်လို့ ခေါ်ကြတဲ့ ကလပ်တစ်မျိုးရဲ့ ရွှေကြိုမယ်ပဲ။ အိုမီအိုင် ဆိုတာက မြားနတ်မောင်လို့ အဓိပ္ပာယ်ရတယ်။ လမ်းပေါ်မှာ တွေ့ရတဲ့ အမျိုးသမီးတွေ၊ ဒါမှမဟုတ် ကလပ်ထဲမှာ ရောက်နှင့်ပြီးသား အမျိုးသမီးတွေကို ချဉ်းကပ်၊ တူတူထိုင်၊ ဝယ်တိုက်၊ ကာရာအိုကေ အတူတူဆို၊ ကုန်ကျသမျှ ယောကျ်ားလေးက ပေးပြီး နောက်ဆုံး အိပ်ရာထက်မှာ စခန်းသိမ်းနိုင်အောင် ကြိုးစားတာပေါ့။

“အမယ်... ဒါ ခန်းကျီး မဟုတ်လား”

နိုရီကိုဟာ ကျွန်တော်တို့နားကို ယိုင်တိုင်တိုင်နဲ့ လျှောက်လာတယ်။ ကျွန်တော် သူ့ကို ဖရန့်ခ်နဲ့ မိတ်ဆက်ပေးလိုက်တယ်။

“နိုရီကိုက ဒီနားအနီးတစ်ဝိုက် ကလပ်တွေနဲ့ ပတ်သက်ရင် ကျွမ်းကျင်သူဗျ၊ ဘယ်သွားရမယ်ဆိုတာ သူ ကျွန်တော်တို့ကို ပြောလိမ့်မယ်”

ဖရန့်ခ်က ကျွန်တော့် ဧည့်သည်ဆိုတာကို နိုရီကို ကို ကျွန်တော် ဂျပန်လို ပြောလိုက်တယ်။ နိုရီကိုက အင်္ဂလိပ်လို လုံးဝမရဘူး။ အသက် နှစ်ဆယ်၊ ဖြစ်ချင်ရာဖြစ် ဘဝကို ရေစုန်မျှော လိုက်နေတဲ့ ဆိုးသွမ်းလူငယ် မိန်းကလေး၊ ငယ် ဘဝကို လူငယ်သင်တန်းကျောင်းတွေမှာပဲ အချိန်ကုန်ခဲ့ရသူပေါ့။ ကာဘူကီ-ချို မှာ အတွေ့ရများတဲ့ အမျိုးအစားပေါ့။ တခြား ကောင်မဆိုးလေးတွေလိုမျိုးပဲ နိုရီကိုဟာ သူ့အတိတ်အကြောင်း ဘယ်တော့မှ ပြောလေ့ မရှိဘူး။ ဘယ်လောက် မူးမူး၊ ဘယ်လိုပဲ အသိစိတ်လွတ်နေလွတ်နေ ပေါ့။ ဒါပေမဲ့ သူနဲ့ စကားစမြည် ပြောကြည့်မယ်ဆိုရင် ဆိုးသွမ်းလူငယ် ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို သဘောပေါက်လာလိမ့်မယ် ဆိုတာ သေချာတယ်။

နိုရီကို ကျွန်တော်တို့ နှစ်ယောက်ကြားကို ရောက်လာချိန်မှာ ဖရန့်ခ်ရဲ့ မျက်နှာမှာ အဓိပ္ပာယ်ဖော်ဖို့ ခက်ခဲတဲ့ အမူအရာတစ်ခု ပေါ်လာတယ်။ သူ့ မျက်လုံးတွေဟာ ဒေါသထွက်နေ သလိုလို၊ စိတ်မသက်မသာ ဖြစ်နေသလိုလို၊ ကူကယ်ရာမဲ့ နေသလိုလို၊ နိုရီကိုက သူ့ကို တစ်ချက်ကြည့်ပြီး ဖျတ်ခနဲ

အကြည့်လွဲသွားတယ်။ သူ့လို မိန်းမတွေမှာ အန္တရာယ်ကို မြင်နိုင်တဲ့ ဇီဇစ်တ် ရှိနေနိုင်တာပေါ့။

နိုရီကိုဟာ ဝိုင်းလ်တာကီကို ဆိုဒါနဲ့ မှာတယ်။ သူ့အရက်ဖိုးကို ကျွန်တော် ရှင်းလိုက်ပြီး ဖရန့်ခ်ကို ပြောလိုက်တယ်။

“ဘယ်သွားချင်တယ် ဆိုတာ စဉ်းစားထားဗျ၊ ဒါနဲ့ ခင်ဗျား မျိုးရိုးနာမည်ကို ကျွန်တော် မသိဘူးနော် ဖရန့်ခ်”

ဖရန့်ခ်ဟာ ပိုပိုပြီး စိတ်တိုလာတဲ့ ပုံပဲ။

“မျိုးရိုးနာမည်တဲ့လား”

လို့ ခပ်တိုးတိုးပြောရင်း ခေါင်းယမ်းနေတယ်။

“ခန်းဂျီးရေ၊ နင်တို့ကြားမှာ ငါ ဝင်ရှုပ်သလို ဖြစ်နေလားဟယ်”

နိုရီကိုက အရိပ်အခြည် ကြည့်ပြီး ခုလိုပြောတယ်။ ကျွန်တော် သူ့ကို အသာနေဖို့ မျက်ရိပ်ပြလိုက်တယ်။

“မာဆိုရီဒါ”

ဖရန့်ခ်က ပြောလိုက်တယ်။ ပထမတော့ ကြားကြားချင်း သူ ဂျပန်လို တစ်ခုခု ပြောလိုက်တယ် မှတ်နေတာ။ ဖရန့်ခ်က တစ်လုံးချင်း ရွတ်ပြတယ်။

“မာ ဆို ရူး အီ ဒါ”

ဒါ သူ့ မျိုးရိုးနာမည်ပေါ့ ။ နိုင်ငံခြားသား ဧည့်သည် နှစ်ရာကျော် ဝန်ဆောင်မှုပေးခဲ့ပြီးတဲ့ ကျွန်တော့်အဖို့ မာဆိုရူးအီဒါ စံ ဆိုတဲ့ မျိုးရိုးနာမည်မျိုး တစ်ခါမှ မကြားဖူးဘူးလို့ ကျွန်တော် နိုရီကို ကို ပြောမိတယ်။

“သူ့နာမည်က ဖရန့်ခ် ဆို”

နိုရီကိုက ခေါင်းဆောင်းပါတဲ့ သူ့ ဒက်ဖ်ဖယ်ကုတ် အိတ်ကပ်ထဲက မာလ်ဘိုရိုအနီဘူးကို ထုတ်လိုက်တယ်။ ဝိုင်းလ်တာကီကို တစ်ဒုံသောက်ပြီး စီးကရက်ကို မီးညှိတယ်။

“ဖရန့်ခ်ဆိုတာက ခန်းဂျီး၊ နိုရီကို လိုမျိုး သူ့ ပထမနာမည်လေ”

“အာ... ငါ ဒီလောက်တော့ သိပါတယ်ဟဲ့။ ဝိတနီ ဆိုတာ ပထမ နာမည်၊ ဟူစတန် ဆိုတာ မျိုးရိုးနာမည်၊ အဲဒီလို မဟုတ်လား”

“အေးပါ၊ နင်တို့ အလုပ် ဘယ့်နှယ်တုံး”

“မကောင်းဘူးဟဲ့၊ ဧည့်ပါးနေတယ်၊ ငါတို့ ကလပ်ကို နင်တို့ လိုက်မှာ လား”

“သူ ဆန္ဒရှိရင် လိုက်မှာလေ”

ကျွန်တော်တို့ ဂျပန်လို ပြောနေကြတာကို ဖရန့်ခ်က သူ့ရဲ့ ခံစားချက် မရှိ တဲ့ ငါးသေမျက်လုံးနဲ့ စင်းစင်းကြီး ကြည့်နေတယ်။

“အာ... သူက ဂိုင်ဂျင်ပဲကို၊ သူ့ ဆန္ဒတွေဘာတွေ လုပ်မနေနဲ့၊ အတင်း သာ ဆွဲခေါ်၊ နင် အဲဒီလို မလုပ်ဖူးဘူးလား”

“အင်း... အဲဒီလို လုပ်လေ့ မရှိဘူး”

“ပိုလိုက်တာ အေ”

“အေးပါ၊ နင် ဘာလို့ စောစောစီးစီး လာသောက်နေတာလဲ၊ အလုပ် ပြီး သွားပြီလား”

“ခုမှ စမှာဟဲ့ စောက်ပိန်းရဲ့၊ ငါ ဒေါသထွက်လာလို့၊ တစ်ခွက် ထပ် သောက်ဦးမယ် ဟာ”

သောက်ပါ သောက်ပါ၊ ထပ်မှာပေးလိုက်တယ်။ ဘားထဲမှာ လူအပြည့်ပဲ။ ဟော... ဂျက်ဇ်ဂီတသံ ထွက်လာပြီ။ နိုရီကိုဟာ ဂျက်ဇ်ဂီတကို ကောင်းကောင်း နားလည်ခံစားတတ်တယ်။ ဂီတသံနဲ့ စည်းချက်ညီ သူ့ခေါင်းကို တညိတ်ညိတ် လုပ်နေတယ်။ သံချေးရောင် နီကြောင်ကြောင် သူ့ဆံပင်ရှည်တွေ ကြားကနေ သူ့ စီးကရက်မီးခိုးငွေ့တွေ တလူလူ ထွက်နေတယ်။ သူက စူးစူးရဲရဲ လှပေမယ့် ခုတော့ နွမ်းလျ လက်ပန်းကျ နေသလိုပဲ။ ဖရန့်ခ်က မေးတယ်။ နိုရီကိုက ကလပ်မယ်လား တဲ့။ ကျွန်တော်က ရွှေကြိုမယ် လို့ ပြောပြတယ်။ ဟိုင်မည်း ကောင်တွေနဲ့ အတူတူပဲလို့ ပြောပြတယ်။ ဖရန့်ခ်က ဒီကောင်မလေး သိပ်လှ တယ်လို့ တိုးတိုးပြောတယ်။ ဒါကို နိုရီကို့ကို ကျွန်တော် ပြောပြလိုက်တော့ သူက လှည့်ကြည့်ပြီး ကျေးဇူးတဲ့။ ပြန်ပြောတယ်။

ဖရန့်ခ်က နိုရီကို့ ကို ဦးတည်ပြီး ပြောနေတယ်။

“ခု ဂီတသံကို ကြားလား၊ ဂစ်တာတီးတာက ကန်နီဘာရဲလ် လေ၊ စန္ဒရား ကတော့ ကန်နီဘာရဲလ် ရဲ့ တွဲဖက်ဖြစ်တဲ့ ဒါနာမို မာဆိုရူးအီဒါ တီးတာ။ ဒါနာမို က ထင်ရှားကျော်ကြားတဲ့ စန္ဒရားသမားတော့ မဟုတ်ဘူး။ သိပ်ကြီးလည်း မ ကောင်းလှဘူး။ ဒါပေမဲ့ သူက ဘူဂေးလ်ရီးယား ဇာတိ။ သူ့အဘိုးက ဘိုဂိုမီးစ်လို့ ခေါ်တဲ့ ဘာသာရေးဂိုဏ်း တစ်ခုက မှော်ဆရာကြီးပေါ့”

ဒီဂိုင်ဂျင် ဘာတွေ။ပြောနေတာလဲ။ ကျွန်တော် အကြမ်းဖျင်း ဘာသာပြန် ပေးလိုက်တယ်။ ဒါဆို စန္ဒရားဆရာက သူနဲ့ မျိုးရိုးတူပေါ့လို့ နိုရီကိုက သတိထားမိပြီး ပြောလိုက်တယ်။ ပြီးတော့ ဒုတိယမြောက် စီးကရက်ကို ထုတ် တယ်။ ဖရန့်ခ်က သူ့ကို မီးညှိပေးတယ်။ ကျေးဇူးလို့ သူ ဂျပန်လို ပြောပြီးမှ သတိရပြီး ကျေးဇူးတင်ပါတယ်လို့ အင်္ဂလိပ်လို ဖျစ်ညှစ်ပြောလိုက်တယ်။ ဖရန့် ခ်က မီးခြစ်ဆံကို မီးငြိမ်းအောင် မှုတ်လိုက်တယ်။

မှော်ဆရာကြီးဆိုတာ ဘယ်လိုမျိုးလဲ၊ မျက်လှည့်ဆရာလိုမျိုးလားလို့ နိုရီ ကိုက ကျွန်တော်က တစ်ဆင့် မေးတယ်။ ဖရန့်ခ်က လက်တွေကို ခါယမ်းရင်း အဲဒီလို မဟုတ်ဘူးတဲ့။

“မှော်ပညာဟာ အလယ်ခေတ် ဥရောပမှာ အင်မတန် အင်အားကြီးခဲ့ တယ်။ ဘူဂေးလ်ရီးယားကတော့ မှော်ပညာရဲ့ ဗဟိုချက်မပေါ့။ သေတ္တာထဲက လူကို ဓားနဲ့ ဖြတ်ပြတာတို့၊ လက်လှည့်ပညာတို့လို ဟာမျိုးကို ပြောနေတာ မဟုတ်ဘူးနော်။ စေတန်နစ်ဇင် လို့ ခေါ်တဲ့ မှော်နက်ပညာအကြောင်းကို ပြော နေတာ။ ဒီပညာမှာ စေတန်နတ်ဆိုးနဲ့ မဟာမိတ် ပြုရတယ်၊ သူ့စွမ်းအားတွေကို ယူသုံးရတယ်။ ကဲ... ငါပြောတာကို ဘာသာပြန်ပြလိုက် ခန်းဂျီးရေ၊ သူ့လို ကောင်မလေးဟာ ဒါတွေကို စိတ်ဝင်စားလိမ့်မယ် ထင်ပါတယ်”

ဒီစကားတွေ ပြောနေခိုက်မှာတော့ ဖရန့်ခ်ရဲ့ မျက်လုံးတွေဟာ အရောင် တဖျပ်ဖျပ် လက်လာခဲ့တယ်။ သူ့မျက်လုံးတွေဟာ အရည်လဲ့ပြီး တဖြည်းဖြည်း နီရဲလာတယ်။ မျက်သားတွေရောပေါ့။ ကျွန်တော် ငယ်ငယ်က တွေ့ဖူးတဲ့ ကြောင်သေတစ်ကောင်ရဲ့ မျက်လုံးလိုမျိုးပဲ။ ငယ်ငယ်တုန်းက လမ်းလျှောက် လာရင်း အမှတ်တမဲ့ ကြောင်သေတစ်ကောင်ကို တက်နင်းမိတယ်။ ကြောင်က သေတာကြာလို့ ပုပ်တောင်နေပြီ။ ဗိုက်က ဖောင်းနေပြီ။ ကျွန်တော် နင်းလိုက်

တော့ ပေါက်ထွက်သွားပြီး မျက်လုံးကြီး တစ်လုံးက ကျွတ်ထွက်လာတယ်။ ကျွန်တော့် ဖိနပ်ပေါ် ဖုတ်ခနဲ ကျလာခဲ့တယ်။

“မှော်နက်ပညာမှာ နောက်ဆုံး အဓိက သူတို့ လိုက်စားကြတာကတော့ လိင်မှုကိစ္စပဲ၊ ပုံမှန်မဟုတ်တဲ့ လိင်ကိစ္စတွေဖြစ်တဲ့ စအိုတွင်း ဆက်ဆံခြင်း မစင်နဲ့ပတ်သက်လို့ လိင်စိတ်နှိုးကြွခြင်း၊ လူသေအလောင်းနဲ့ လိင်ဆက်ဆံခြင်း ဒါတွေအားလုံးကို လုပ်ကြတယ်။ ၁၄ ရာစုလောက်မှာ ဂျေရုစလင်ကို အာရပ်တွေ လက်ကနေ ကာကွယ်ဖို့ ခရစ်ယာန် စစ်သည်တော် အသစ်တွေ စုဆောင်းတဲ့ အခါ ခရစ်ယာန် စစ်သည်တော်အဖြစ် ဝင်ရောက်လိုသူတွေဟာ စပွန်ဆာ ပေးတဲ့လူရဲ့ စအိုကို နမ်းရတဲ့ ထုံးစံ ရှိတယ်ဆိုတာ မင်းတို့ သိကြလား၊ ဒီကောင်မလေး ခုလို ဇာတ်လမ်းတွေ ကြားရတာ စိတ်လှုပ်ရှားမှာဆိုတာ ငါသိတယ်၊ ရိုးလင်းစတုန်းတောင် စေတန်နစ်ဇင်ကို လိုက်စားဖူးသေးတယ်။ သူ့ကြည့်ရတာ ရိုးလင်းစတုန်း ကြိုက်မယ့်ပုံပဲကွ”

ဒုက္ခပါပဲ၊ ဘာတွေမှန်းလည်း မသိ၊ ဘာသာပြန်ပြဖို့ အတော် ကြိုးစားရတယ်။ နိုရီကိုက ကျွန်တော် ဘာသာပြန်ပြတာကို နားထောင်ပြီး-

“စေတန်တွေ မိစ္ဆာတွေ ငါ စိတ်မဝင်စားဘူး၊ ဒါပေမဲ့ ခု ဂီတာသံဟာ ကင်နီဘာရဲလ် လက်သံ မဟုတ်ဘူးဆိုတာ ငါ သေချာသိတယ်။ ကင်နီဘာရဲလ် ဆိုတဲ့ ဂီတာသမားလည်း ငါ တစ်ခါမှ မကြားဖူးဘူး။ ဂစ်တာသံကို ကြားတာနဲ့ ဒါဝက်စ် လက်သံဆိုတာ လူတိုင်း သိတယ်။ နင့် ဂိုင်ဂျင်က သောက်ရူးပဲ ခန်းဂျီးရဲ့၊ လူတိုင်း သိတာကို သူမသိဘူး။ သိသလိုလို ဘာလိုလို နဲ့ လျှောက်ပြောနေတာ။ ဝက်စ် မောင်ဂိုမာရီ ဆိုတာ သူ ကြားတောင် မကြားဖူးဘူး”

နိုရီကိုဟာ ဖရန့်ခ်ကို ပခုံးပုတ်လိုက်ပြီး-

“ရှင်က စောက်ရူးပဲ၊ စောက်ရူးစံရေ” လို့ ပြောထည့်လိုက်တယ်။

ကျွန်တော် ဖရန့်ခ်ကို ဘာသာပြန်ပြတာကို သူ နားထောင်နေတယ်။ ပြီးတော့ ကျွန်တော့်ကို သူ အော်တော့တာပဲ။

“ဟေ့... စောက်ရူးလို့ ပြောတယ်လေ၊ စောက်ရူးကို အင်္ဂလိပ်လို ဘယ်လို ခေါ်လဲ ဆိုတာ ငါသိတယ်၊ နင်။ဘာသာပြန်ပြတာ အဲဒါ မပါဘူး ခန်းဂျီး”

ဘာကာ (စောက်ရူး) ဆိုတဲ့ ဂျပန်စကားကို ဖူးလ်လို့ မသုံးဘဲ တခြား အင်္ဂလိပ်အသုံးတွေ ရှိသေးတယ်လို့ ကျွန်တော် ပြောပြပေမယ့် သူ လက်မခံဘူး လေ။

နိုရီကို လို လူမျိုးတွေဟာ တစ်ခါတလေ ယာကူဇာတွေလို လုပ်တတ် တယ်။ မူးလာပြီဆိုရင် ရန်စစရာ လူရှာတတ်တယ်ပေါ့။ ရုတ်တရက် ချက်ချင်း တစ်ယောက်ယောက်ကို မိုက်ရိုင်းစော်ကား ပစ်လိုက်ဖို့ ဝန်မလေးကြဘူး။ ဖရန့် ခ်ရဲ့ မျက်နှာဟာ ကျွန်တော် အင်မတန်ကြောက်တဲ့ မျက်နှာသွင်ပြင်မျိုး ပြန် ဖြစ်လာခဲ့ပြီ။ မျက်နှာဖုံးစွပ်ထားတဲ့ မျက်နှာမျိုး၊ နိုရီကိုလည်း ဖရန့်ခ် မျက်နှာကို ဖျတ်ခနဲကြည့်တယ်။ သူလည်း လန့်သွားပုံပဲ။ ယာကူဇာ အထာတွေ ပျောက် သွားပြီး ပါးစပ်ပိတ်သွားတယ်။ ဒီ ဂိုင်ဂျင် ဘာဖြစ်နေတာလဲ။

“ခန်းဂျီးရေ၊ ဒီကောင်မက ဖာလားကွ”

ဖရန့်ခ်က ခပ်လေးလေး ပြောတယ်။

ကျွန်တော်လည်း နိုရီကို့ကို ဘာသာပြန်ပြလိုက်တယ်။ ဂိုင်ဂျင်က နင့် ခန္ဓာကိုယ်ကို ရောင်းမလား မေးနေတယ်လို့ပေါ့။ နိုရီကိုက ဖရန့်ကို ချောင်းကြည့်ပြီး-

“ခု မလုပ်တော့ဘူး၊ ဒါပေမဲ့ ကျွန်မ ကလပ်မှာတော့ ကောင်မလေးတွေ အများကြီးပဲ”

ဘာသာပြန်ပြနေတုန်း ဖရန့်ခ်ရဲ့ မျက်နှာသေကြီး ကျွန်တော့်ဘက် လှည့် လာတယ်။

“ဟုတ်လား ဒါဆိုလည်း သူ့ကလပ်ကို သွားကြစို့လေ”

※

ကောင်မလေး တစ်ယောက်ချင်းစီ ရှေ့က စားပွဲတွေပေါ်မှာ နံပါတ်တွေ ရေး တားတဲ့ ကတ်လေးတွေ တင်ထားတယ်။ အားလုံးပေါင်း ကောင်မလေး ငါး ယောက်။ သစ်သီးဖျော်ရည်၊ ဝီစကီတွေ သောက်ပြီး ကာရာအိုကေကို အလှည့်ကျ ဆိုနေကြတယ်။ နိုရီကိုက ဖရန့်ခ်နဲ့ ကျွန်တော့်အတွက် ဘီယာငှဲ့ ပေးတယ်။ ပို့စကတ် အရွယ် စာရွက်လေး တစ်ရွက်စီ ပေးပြီး ဒီကလပ်ရဲ့ ပုံစံ စနစ်ကို ရှင်းပြနေတယ်။ ကိုယ်ကြိုက်တဲ့ ကောင်မလေးရဲ့ နံပါတ်ကို ရေးရမယ်

တဲ့။ စာရွက်တစ်ရွက် အတွက် ယန်းနှစ်ထောင် ကျမယ်။ အဲဒီ ကောင်မလေးနဲ့ အတူ ဘာတွေ လုပ်ဖို့ မျှော်လင့်တယ် ဆိုတာပါ ရေးရမတဲ့။

“ဒီလိုလေ၊ ကိုယ် မင်းကို တစ်နေရာရာ ခေါ်သွားချင်တယ်တို့၊ ဒီမှာ အတူ သောက်ပြီး တစ်ယောက်အကြောင်း တစ်ယောက် သိအောင် အရင်ဆုံး လုပ်ကြ စို့တို့ အဲဒီလိုမျိုး ရေးရမှာပြောတာ၊ စစချင်း တဲ့မပြောရဘူး၊ သူတို့က ကြေး တန်းစား ဖာတွေ မဟုတ်ဘူးရယ်”

“သူ ဘာပြောတာလဲ”

ဖရန့်ခ်က ကျွန်တော့်ကို ကျိတ်မေးနေတယ်။ ဒီကောင်မလေးတွေဟာ ဖာမဟုတ်ဘူး၊ အပျော်တမ်းသမားလေးတွေလို့ ကျွန်တော် ရှင်းပြလိုက်တယ်။

ကောင်မလေးတွေဟာ အပြင်အဆင်၊ ဖက်ရှင်တွေ တစ်ယောက် တစ်မျိုး စီပါပဲ။ နံပါတ်တစ် ကောင်မလေးဟာ အဖြူရောင် မီနီစကတ်လေးနဲ့၊ မိတ်ကပ် တွေကလည်း ထူပိန်းလို့၊ ကျွန်တော့်အမြင်တော့ ဘယ်နည်းနဲ့မှ အပျော်တမ်း သမား မဟုတ်ဘူး။ ဒီလို ဝတ်စားဆင်ယင်ပုံမျိုးနဲ့ အပျော်တမ်းသမား တစ် ယောက်ဟာ ဒီဇင်ဘာ ၃၀ ရက်နေ့ည ကာဘူကီ-ချိုက မြားနတ်မောင် ကလပ် ထဲ ရောက်လာမတဲ့လား။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က ရောက်လာတာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ အဲဒီတုန်းကတော့ အပျော်တမ်း ဟုတ်ချင် ဟုတ် မှာပေါ့။ လေဒီ နံပါတ် (၂) ကတော့ လယ်သာဂျာကင်၊ ကတ္တီပါဘောင်းဘီနဲ့၊ နံပါတ် (၃) က အသားရောင် ဝတ်စုံနဲ့၊ နံပါတ် (၄) နဲ့ (၅)ကတော့ အရောင် တောက်တောက် ဆွယ်တာကိုယ်စီနဲ့၊ လေဒီ (၁) သီချင်းဆိုလို့ ပြီးသွားပြီ။ လေ ဒီ (၃) က မိုက်ကိုယူပြီး လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က နာမည်ကြီးခဲ့တဲ့ ဆီကို မက်ဆူဒါရဲ့ သီချင်းတစ်ပုဒ်ကို စဆိုနေပြီ။

“ခန်းဂျီး၊ ဒါ ဘာနေရာကြီးတုံးကွ၊ ခုနက သူပြောတော့ အထဲမှာ ဖာတွေ အများကြီးဆို”

ဖရန့်ခ်က ဒီလိုမေးတယ်။ မေးလည်း မေးသင့်တာကိုး။ ကျွန်တော် သူ့ကို ရှင်းပြတယ်။ ဂျပန်မှာ လောလောဆယ် ဖြစ်နေတဲ့ အနေအထားက ကြေးတမ်းစားနဲ့ အပျော်တမ်း ကြားစော်တွေ သိပ်များလာတယ် ဆိုတာကိုပေါ့။ သူ နားလည်လိမ့်မယ်လို့ မမျှော်လင့်ပါဘူး။ လေဒီ (၁) နဲ့ (၃) ဟာ ကျွန်တော်နဲ့ ဖရန့်ခ်ကို ပြုံးရင်း ကြည့်နေကြတယ်။ သူတို့နှစ်ယောက် ကြေးစားနဲ့

အပျော်တမ်းကြား ဘယ်အဆင့်မှာရှိလဲ ဆိုတာ ကျွန်တော်လည်း မခွဲတတ်ပါဘူး။ ဆိုင်ထဲမှာ စားပွဲ ခြောက်ခုံ ခုနစ်ခုံလောက် ရှိမယ်။ နံရံတွေကတော့ လိမ္မော်ရောင် ညစ်တစ်တစ်၊ ဘာဒီဇိုင်းမှန်း သေချာမသိဘူး။ နံရံ ဒီဇိုင်းက ကျွန်တော်တို့ဟာ ဥရောပရဲတိုက်ကြီးတွေရဲ့ တည်ကြည်ခံ့ညားမှုကို တုပဖို့ ကြိုးစားပေမယ့် ဘတ်ဂျက်အခြေအနေအရ ဒီလိုပဲ ဖြစ်သွားတယ် ခင်ဗျလို့ ပြောနေသလိုပဲ။ နံရံမှာ ချိတ်ထားတဲ့ ပန်းချီတွေကလည်း မြို့ပေါက်စလေးက ပန်းချီပြခန်းထဲ ချိတ်ထားတဲ့ ပုံမျိုးတွေ။ စားပွဲပေါ်က မီနူးကို ထောင့်လေးတွေမှာ ပန်းပွင့်ပုံလေးတွေ ဖော်ထားတယ်။ လက်ရေး ဒီဇိုင်းနဲ့ အလှဆင်ထားတယ်။ ယာကီဆိုဘ အရသာနဲ့ ရာမန် ခေါက်ဆွဲအရသာကို မြည်းစမ်းကြည့်ပါ၊ အသင့်စားအထုပ် မဟုတ်ပါ ဒါမျိုးပေါ့။ မီးဖိုခန်း (ပြောသာ ပြောရတယ်၊ လက်ဆေးကန် တစ်ခုနဲ့ မိုက်ကရိုဝေ့ဗ် တစ်ခုပဲ ရှိတာ) ဘေးမှာတော့ မန်နေဂျာလိုလို ဝတ်စုံပြည့်နဲ့ သက်လတ်ပိုင်း အမျိုးသားတစ်ယောက်ရယ်၊ နှာခေါင်းနဲ့ နှုတ်ခမ်းတွေမှာ အပေါက်မျိုးစုံဖောက်ပြီး အလှဆင်ထားတဲ့ လူငယ် စားပွဲထိုး တစ်ယောက်ရယ် ရပ်နေကြတယ်။ အစိုးရဝန်ထမ်းလို ပုံစံမျိုး အသက်လေးဆယ်လောက် ဧည့်သည် ယောကျ်ားတစ်ယောက်လည်း ရှိတယ်။

“သူတို့ထဲက ဘယ်သူက ဖာတုန်းဟ- ငါဒီည ကဲမယ်လို့ မင်းကို ပြောထားတယ်နော်၊ နိုရီကိုက ဒီကလပ်ထဲ ဖာတွေ အများကြီးလို့ ပြောခဲ့တာနော်”

အင်း-သူတို့ ငါးယောက်ထဲက ဘယ်သူက ဖရန့်ခ်နဲ့အတူ ဒိတ်ပြီး အိပ်လောက်သလဲ ဆိုတာ ကျွန်တော် ဆုံးဖြတ်ရတော့မယ်။ အားလုံးဟာ ကြေးစားနဲ့ အပျော်တမ်းသမား နယ်နိမိတ် စည်းပေါ်ရှိတဲ့သူချည်းပဲလို့ ကျွန်တော် ထင်တယ်။ ငွေပေးရင်ရောင်းမယ့် ပုံစံမျိုး ထွက်သလို၊ ရိုးသားတဲ့ ရုံးစာရေးမလေးတွေလား ဆိုတာလည်း ဝေခွဲမရခဲ့ဘူး။ အေးလေ၊ ဒီလိုနေရာမျိုးကို ဂုဏ်သရေရှိအမျိုးသမီးတစ်ယောက် အနေနဲ့တော့ ရောက်လာစရာအကြောင်း ရှိပါ့မလား။ ဒါနဲ့ ဒီတိုင်းပြည်မှာ အလွန် အင်မတန် ဂုဏ်သရေရှိလှတဲ့ အမျိုးသမီး ဆိုတာကော ရှိလို့လား။

နိုရီကို ပေးခဲ့တဲ့ စာရွက်က ပုံစံစာရွက်မျိုး။ ထိပ်ဆုံးက လေးထောင့်ကွက်ထဲမှာ ကိုယ်ကြိုက်တဲ့ ကောင်မလေးနံပါတ်ကို ရွေးပြီး ရေးထည့်၊ ပြီးရင် နောက်ထပ် လေးထောင့်ကွက် လေးကွက်ထဲမှာ ခင်ဗျား နာမည်၊ အသက်၊

အလုပ်အကိုင်၊ ဘယ်ပါတီသွားလေ့ရှိ ဆိုတာ ရေးထည့်ရမယ်။ ဒိတ်ပြီးရင် ဘာလုပ်ချင်သလဲ ဆိုတာကတော့ အဒိတ်ခံရတဲ့ စော်က ရွေးပေးရမယ်တဲ့။ အောက်မှာ အဖြေလေးမျိုး ပါတယ်။

(၁) ကျွန်မ ရှင် ဘယ်သွားသွား ပျော်ပျော်ကြီး လိုက်ဖို့ အဆင်သင့်ပါပဲ။

(၂) အပြင်သွားပြီး သောက်ကြစို့။

(၃) ဒီမှာပဲ တစ်ခုခုသောက်ရင်း အခြေအနေ ကြည့်ဦးစို့။

(၄) ဆောရီး။

အဲဒီ စာရွက်ပိုင်းလေးတွေကို ဖြည့်ပြီးရင် ကိုယ်ရွေးထားတဲ့ စော်ဆီ စာရွက်လေးပေး၊ သူက အဖြေပြန်ပေးလိမ့်မတဲ့။ ဖရန့်ခ်က လေဒီ (၁)ကို ရွေးတယ်။ ကျွန်တော်က သူ့အတွက် ပုံစံဖြည့်ပေးလိုက်တယ်။

နာမည်- ဖရန့်ခ် မာဆိုရူးအီဒါ

အသက်- ၃၅

အလုပ်အကိုင်- သွင်းကုန်လုပ်ငန်း ကုမ္ပဏီ ဥက္ကဋ္ဌ

ဘယ်ပါတီတွေ သွားလေ့ရှိ- မန်ဟက်တန်က နိုက်ကလပ်တွေ။

ဒိတ်မယ့်အဖော်နဲ့ ဘာလုပ်ချင်- ရိုမန်းတစ်ဖြစ်ပြီး ဆက်ဆီလည်း ဖြစ်မယ့် ညနေခင်းကို အတူတကွ ခံစားချင်။

ကျွန်တော့်အတွက်တော့ တစ်ယောက်မှ မရွေးချင်ပါဘူး။ ဒါပေမဲ့ ဒီထဲဝင်လာတဲ့ ပုရိသတိုင်း မရွေးမဖြစ် ရွေးကို ရွေးရမယ် ဆိုတဲ့ စနစ်အရ ပြီးပြီးရော လေဒီ (၂) ကို ရွေးလိုက်တယ်။ ကဲ... တစ်ယောက် ယန်းနှစ်ထောင်နဲ့ နှစ်ယောက်စာ ကောင်တာမှာ ငွေရှင်းရမတဲ့။ ဖရန့်ခ်က သူ့ရဲ့ မြွေရေခွံအတုပိုက်ဆံအိတ်ထဲက ယန်းတစ်သောင်းတန် ထုတ်ပေးလိုက်တယ်။ နိုရီကိုက လေဒီ (၁) နဲ့ (၂) ကို စာရွက်တွေ ပေးလိုက်တယ်။ သူတို့က ကျွန်တော်နဲ့ ဖရန့်ခ်ကို စူးစူးရဲရဲကြည့်ရင်း အတန်းတင်စာမေးပွဲကြီး ဖြေသလို သဘောထားပြီး စာရွက်တွေကို ဖြည့်နေတယ်။

နိုရီကိုက ကျွန်တော်တို့ကို ထားခဲ့ပြီး လမ်းပေါ် ပြန်သွားတော့မယ် အလုပ် ဖရန့်ခ်က တားတယ်။

“ခဏလေး နေပါဦး”

“ဘာတုံးဟာ”

နိုရီကိုက သက်ပြင်းချပြီး ဆောင့်ကြီးအောင့်ကြီး ပြန်ထိုင်ချလိုက်တယ်။ ဘာသာပြန်ပေးနေရင်း စိတ်ထဲ လေးလာခဲ့တယ်။

“ငါ မင်းကို ကျေးဇူးတင်လို့ပါ”

“မတင်ပါနဲ့၊ ဒါ ကျွန်မ အလုပ်ပဲ”

“ကျေးဇူးတင်တဲ့အနေနဲ့ မင်း စိတ်ဝင်စားလောက်တဲ့ တစ်ခုခု ငါ ပြချင်တယ်။ ခဏလေးပါ၊ တစ်မိနစ်ထက် ပိုမကြာဘူး၊ ငါ့ လက်ညှိုးနှစ်ခုကို ကြည့်နေစမ်း၊ ဒါက စိတ်စွမ်းအားနဲ့ ဆိုင်တာကွ”

ဖရန့်ခ်ဟာ သူ့ လက်ဖဝါးနှစ်ဖက်ကို လက်အုပ်ချီသလို ပူးလိုက်တယ်။

“ခု... ငါ့ ဘယ်လက်ညှိုးနဲ့ ညာလက်ညှိုးဟာ အရှည်အတူတူပဲ တွေ့တယ်နော်၊ ဒါ လူတိုင်း ဒီလိုပဲ မဟုတ်လား၊ ကြည့်နေ စက္ကန့်သုံးဆယ်အတွင်း ငါ့ ညာလက်ညှိုးဟာ ဘယ်လက်ညှိုးထက် ပိုရှည်လာလိမ့်မယ်၊ ကဲ... လာပြီ”

ဖရန့်ခ်ဟာ သူ့လက်ညှိုးနှစ်ချောင်းပဲ ဆန့်၊ ကျန်တဲ့လက်ချောင်းတွေကို ကွေးပြီး သေနတ်နဲ့ ချိန်ထားတဲ့ ပုံစံမျိုး လုပ်လိုက်တယ်။ နိုရီကိုနဲ့ ကျွန်တော် နှစ်ယောက်ကြား အလယ်ကို ချိန်ထားတယ်။

“သေချာကြည့်နော်၊ ငါ့ ညာဘက်လက်ညှိုးဟာ တဖြည်းဖြည်း ပိုရှည်လာပြီ၊ ဂျက်နဲ့ ပဲပင်လိုမျိုးပေါ့၊ ခု တဖြည်းဖြည်း ရှည်နေပြီ၊ ဒါပေမဲ့ မင်းတို့ သေချာမကြည့်ရင် မြင်မယ် မဟုတ်ဘူး”

ကျွန်တော်က ဖရန့်ခ်ရဲ့ ညာဘက်မှာ၊ နိုရီကိုကတော့ ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင်မှာ။ ဖရန့်ခ်ဟာ ဂျာကင်နဲ့ ဆွယ်တာလက်တွေကို ဆွဲတင်လိုက်တဲ့အတွက် သူ့ ဘယ်ဘက်လက်ကောက်ဝတ်နဲ့ ညာဘက်လက်ဖမိုးကို ကျွန်တော် အနီးကပ် မြင်နေရတယ်။ သူ့ ဘယ်ဘက် လက်ကောက်ဝတ်အတွင်းသားဟာ အမွေးသိပ်မရှိဘူး။ နေပါဦး၊ သူဟာ လက်ကောက်ဝတ်နေရာ

မှာ ဖောင်ဒေးရှင်းမိတ်ကပ်တွေ ဖို့ထားသလိုပဲ။ ဘာပါလိမ့်။ သူ ဘာကိုများ ဖုံးကွယ်ထားတာလဲ။ ဖရန့်ခ်က နိုရီကိုကို ဂျက်နဲ့ပဲပင် ပုံပြင်ကို ပြောပြနေတယ်။ ကျွန်တော် ပြီးစလွယ် ဘာသာပြန်ပြနေရင်းက သူ့ဘယ်ဘက် လက်ကောက်ဝတ်ကို စူးစိုက်ကြည့်နေမိတယ်။ မိတ်ကပ်အောက်မှာ ကျွန်တော် အရေးအကြောင်းလေးတွေ မြင်နေတယ်။ စစချင်းတော့ တက်တူးများလားလို့ ပေါ့၊ အရေပြားကို ယောင်လာအောင်ဆွဲပြီး အထဲကို မင်ရည်သွင်းထားတာများလား လို့၊ မဟုတ်ဘူး။ ခု အဲဒါတွေ ဘာမှန်း သိလာတဲ့အခါ တစ်ကိုယ်လုံးက အမွေးအမှင်တွေ ထောင်ထ သွားတယ်။ ကြက်သီးထလိုက်တာများ အကြာကြီး။ အဲဒါ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ လက်ကောက်ဝတ်ကို လှီးထားတဲ့ အမာရွတ်တွေပဲ။ ဘယ်ဘက် လက်ကောက်ဝတ်မှာ အမာရွတ် သုံးခုရှိတဲ့ ကောင်မလေးတစ်ယောက်ကို ကျွန်တော် မြင်ဖူးတယ်။ ဖရန့်ခ်ဟာတွေကတော့ ယုံဖို့တောင် ခက်လိမ့်မယ်။ အမာရွတ် ဒါဇင်ပေါင်းများစွာ၊ ရေကြည့်လို့တောင် မရဘူး၊ နှစ်စင်တီမီတာလောက်ပဲ ကျယ်တဲ့ နေရာလေးမှာ အမာရွတ်တွေဟာ တစ်ခုပေါ် တစ်ခုထပ်ပြီး ထပ်ထပ် ကြမ်းနေတာ။ ဒီလက်ကောက်ဝတ်ကို ဘယ်နှကြိမ်လောက်များ လှီးလိုက်၊ အမာရွတ် ပေါ်လာလိုက်၊ ထပ်လှီးလိုက် လုပ်ထားသလဲ မသိ ဒါကို တွေးမိရုံနဲ့တင် တုန်တက်သွားတယ်။

“ခန်းဂျီး၊ မင်း ဘာတွေကြည့်နေတာလဲ”

ဖရန့်ခ်အသံကြောင့် ကျွန်တော် လန့်သွားတယ်။ ကျွန်တော် သူ့ကို ကြည့်လိုက်တယ်။

“ကိစ္စမရှိဘူးကွ၊ မင်း ဘာသာသာ ပြန်ပေး”

နိုရီကို တစ်ခုခုဖြစ်နေပြီ။ သူ့ အကြည့်တွေဟာ မငြိမ်ဘူး။ ကျီးကန်းတောင်းမှောက်ပဲ၊ နဖူးပေါ်မှာ သွေးပြန်ကြောကြီး တစ်ချောင်း ထင်းလာတယ်။ သွေးခုန်နေတာကိုတောင် မြင်နေရတယ်။

“မင်း အားလုံးကို မေ့သွားလိမ့်မယ်၊ နားလည်လား၊ လမ်းပေါ် ပြန်ရောက်တာနဲ့ ဒီမှာ ဖြစ်ခဲ့သမျှ အားလုံးကို မင်း မေ့သွားပြီ”

ကျွန်တော် သစ္စာရှိရှိနဲ့ ဒါကို ဘာသာပြန် မပေးနိုင်ဘူး။ ဒါကြောင့် လမ်းပေါ်ရောက်တာနဲ့ မင်း ဒီထဲက ကိစ္စအားလုံးကို တစ်ခုမကျန် သတိရနေလိမ့်မယ်လို့ သူပြောချင်တာနဲ့ ပြောင်းပြန်ပြောလိုက်တယ်။

“ခန်းဂျီး၊ မင်း ငါ့လက်ညှိုးတွေကို ကြည့်မနေဘူး”

ဖရန့်ခ်က ကျွန်တော့်ကို ပြောတယ်။ ပြီးတော့ သူ နိုရီကို့ ပခုံးလေးကို အသာညှစ်ပြီး မင့်ကို ငါချစ်ပါတယ်ကွယ်လို့ ပြောလိုက်တဲ့အခါ ခုနက အသိစိတ်ကင်းမဲ့သလို ဖြစ်နေတဲ့ နိုရီကို့ မျက်လုံးတွေဟာ အသက်ပြန်ဝင်လာတယ်။ နိုရီကိုဟာ ယဉ်ကျေးစွာ နှုတ်ဆက်ပြီး ကလပ်ထဲကနေ ပြန်ထွက်သွားခဲ့တယ်။

ဖရန့်ခ်က ကျွန်တော့်ကို သွားဖြဲပြီး ကြည့်နေတယ်။

“ကဲ... ပြောစမ်းပါဦး၊ မင်းဘာကို ကြည့်နေတာလဲ”

နိုရီကို မြင်ကွင်းထဲက ပျောက်သွားပြီ။ ဘာမှ မကြည့်ပါဘူးလို့ ကျွန်တော် ပြောလိုက်တယ်။ တည်ငြိမ်အောင် ကြိုးစားပြောပေမယ့် ကျွန်တော် ကြောက်နေတာ သိသာလွန်းတယ်။ စိတ်နယ်လွန်ကိစ္စတွေကို ကျွန်တော် မုန်းတယ်။ လူတစ်ယောက်ကို စိတ်လွတ်သွားအောင် ပြုစားနိုင်တယ် ဆိုတာ တကယ်ရှိပါလား ဆိုတာ ခုတော့ ပထမဆုံးအကြိမ်အဖြစ် မြင်ခဲ့ရပြီ။

“ကျွန်တော် နိုရီကို့ကို ကြည့်နေတာ၊ ဒါမျိုး တစ်ခါမှ မမြင်ဖူးဘူး”

ကျွန်တော့်အသံတွေဟာ သိသိသာသာ တုန်နေတယ်။ ဖရန့်ခ်က ဖြဲခြောက်လို့ မဟုတ်ဘူး၊ ခုလိုမျိုး တစ်စုံတစ်ယောက်ကို လုပ်နိုင်တာ အံ့သြလွန်းလို့၊ အဲဒီ အင်္ဂလိပ် စကားအသုံးအနှုန်းကို ကျွန်တော် မသိဘူး။

“အိပ်မွေ့ချတာကွ”

ဟောဗျာ၊ ဖရန့်ခ်ရဲ့ လေယူလေသိမ်းဟာ သိသိသာသာ ပြောင်းသွားတယ်။ ကြားနေကျ အမေရိကန် အသံထွက် မဟုတ်ဘဲ ဗြိတိသျှ လေသံမျိုး ဖြစ်လာခဲ့တယ်။ အဲဒီလို လေသံမျိုးနဲ့ သူပြောတာ တစ်ခါမှ မကြားဖူးဘူး။

“ကျွန်တော် နားမလည်ဘူး ဖရန့်ခ်”

“ဘာကို နားမလည်တာလဲ”

“ခင်ဗျား ဒါမျိုးလုပ်နိုင်ရင် ဘာဖြစ်လို့များ ငွေပေးပြီး လိင်ဆက်ဆံချင်နေတာလဲ၊ ခင်ဗျား ကြိုက်တဲ့ မိန်းမတိုင်းကို ဒီလို လုပ်လို့ ရနေတာပဲ”

“အဲဒီလောက် မလွယ်ဘူးကွ”

ဖရန့်ခ်က ကျွန်တော့်ကို ပညာရပ်တစ်ခု သင်ပေးနေသလိုမျိုး စိတ်ရှည်လက်ရှည် ရှင်းပြနေတယ်။

“ရာသီဥတု သိပ်အေးတဲ့ အပြင်မှာဆို လုပ်လို့မရဘူး၊ အညှို့ခံရသူက အာရုံမစိုက်ရင်လည်း မရဘူး၊ အာရုံစိုက်လို့ ညှို့လို့ရပြီပဲ ထား၊ ဇွန်ဘီလို ကြောင်ကြောင်ကြီး ဖြစ်နေတဲ့ မိန်းမနဲ့ ဆက်ဆံရတာ ဘယ်လိုလုပ် အရသာရှိမှာတုံးဟ- ငါတော့ ဖာပဲ ကြိုက်တယ်”

စားပွဲထိုးက စာရွက်လေးတွေ ပြန်လာပေးတယ်။ လေဒီ (၁) နဲ့ (၂) ဟာ ဒီမှာပဲ တစ်ခုခုသောက်ရင်း အခြေအနေကြည့်ဦးစို့ ဆိုတဲ့ အကွက်ကို တညီတညွတ် အမှန်ခြစ်ထားကြတယ်။ စားပွဲပြောင်းရင် နောက်ထပ် စားပွဲခရယ် သူတို့သောက်လို့ ကျသမျှရယ်ကို ရှင်းရမယ်လို့ စားပွဲထိုးက ဆိုတယ်။ ဖရန့်ခ်က အေးကွာ၊ ရွေးစရာမှ မရှိပဲတဲ့။ ဒါကြောင့် လေးယောက်စားပွဲကို ကျွန်တော်တို့ ပြောင်းခဲ့ကြတယ်။ ကျွန်တော် ဖရန့်ခ်ကို မေးလိုက်တယ်။

အမည်သညာ ခေါ်စရာတွေအရ လေဒီ (၁) က မာကီ၊ လေဒီ (၂) က ယူကို တဲ့။ မာကီက သူဟာ ဒီမှာ ထိုင်လေ့မရှိဘူးတဲ့၊ ရော့ပုန်းဂီက ထိပ်တန်းကလပ်မှာ သူ အလုပ်လုပ်တာ၊ ဒီညတော့ အနားရလို့ ဒီကို အပျော်သဘောလာတာတဲ့။ ဟိုမှာက တစ်ညထိုင်ရင် ယန်း ခြောက်သောင်း ခုနစ်သောင်း ရတာတဲ့။ ထိုင်ရုံပဲတဲ့။ ကျွန်တော်တို့ အထင်ကြီးမလားလို့ အတင်းအဓမ္မ ပြောနေရှာတယ်။ သူ့ပါးစပ်ဟလိုက်တာနဲ့ အလကားး ဖြီးနေတာဆိုတာ ကျွန်တော် သိတာပေါ့။ သူ့ရုပ် သူ့ရည်၊ သူ့ဖက်ရှင် သူ့အဆင့်နဲ့ ရော့ပုန်းဂီ ထိပ်တန်းကလပ်တခြားစီ၊ အိပ်မက်မက်ရုံပဲ ရမယ်။ ဖြစ်ချင် ဆုတောင်းပေါ့။

ယူကို က လာလာချေသေး၊ အားကျမခံ သူက ကောလိပ်ကျောင်းသူလေးတဲ့။ ကျောင်းက သူငယ်ချင်းတွေနဲ့ ပါတီသွားရင်း အပြန်လမ်းမှာ မြားနတ်မောင်ကလပ် ဆိုတာ ဘာမှန်းမသိလို့ ဝင်ကြည့်တာတဲ့။ ဟဟဟ... ဒီအရွယ်က ကောလိပ်ကျောင်းသူတဲ့။ ဘယ်လိုဖြစ်လို့ ဒီအလိမ်အညာတွေကို သောက်ရှက်မရှိ လျှောက်ပြောနေကြတာလည်း မသိ။ သူတို့ဘဝတွေဟာ ဒီပေါ် မူတည်နေသလိုကို အပြင်းအထန် အသေအချာ လိမ်နေညာနေကြတာ။ ပြီးတော့ အင်္ဂလိပ်လိုကျ တစ်လုံးမှ မတတ်ဘူးတဲ့။ အင်္ဂလိပ်လို တစ်လုံးမှ မတတ်တဲ့

ကောလိပ်ကျောင်းသူ ဆိုတာ ဒီကမ္ဘာပေါ် ရှိတယ်ပေါ့လေ။ စိတ်ထဲ ဖြစ်တာ တွေပါ၊ မမေးပါဘူး။ အလကားနေရင်း လေကုန်မခံချင်ပါဘူး။ ဖရန့်ခ်ကတော့ သြော... နိုး အင်္ဂလိပ်လား ဟင်းဟင်း လို့ ပြောလိုက်တယ်။ ဒီလိုပဲ ပြောလိုက်တာပေမယ့် ယူကိုဟာ မျက်လွှာလေးချသွားပြီး ကောလိပ်ကျောင်းဆိုတာ တကယ်တော့ အသက်မွေးမှု သင်တန်းကျောင်းပါတဲ့။ အဲဒါတော့ အမှန်ဖြစ်လောက်တယ်။ စားပွဲထိုးလာတော့ ယူကိုက အူလောင်လက်ဖက်ရည်၊ မာကီက ဝီစကီနဲ့ရေ အသီးသီး မှာတော်မူကြတယ်။

“ဒီလိုနေရာမျိုးမှာ ဂီစကီ ကောင်းကောင်း ဘယ်တော့မှ မရဘူး”

တဲ့။ မာကီက ဝီစကီကို တစ်ကျိုက်ကျိုက်ပြီး ပြောလိုက်တယ်။ သူက ထိပ်တန်းကလပ်မှာ ထိပ်တန်းဝီစကီကိုပဲ အမြဲ သောက်နေသလိုလို ပေါ့လေ။ ပြီးတော့ တစ်ကမ္ဘာလုံးမှာ ဂျပန်စကားတစ်မျိုးပဲ ရှိသလိုလို ဂျပန်လိုချည်း ပြောနေပြီးတော့။

“ရှင် ဘာသောက်လေ့ရှိလဲ”

ယူကိုက ဖရန့်ခ်ကို ကျွန်တော်က တစ်ဆင့် မေးတယ်။ ဖရန့်ခ်က ဘာဘွန်းတဲ့ ပြန်ဖြေတယ်။ ကျွန်တော့်အတွက်တော့ ဒါ သတင်းအချက်အလက် အသစ်ပဲ။

သောကတွေ ခဏဖယ်ပြီး သူတို့ကြားမှာ ဘာသာပြန်ပေးတာကိုပဲ အာရုံစိုက်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဖရန့်ခ်ရဲ့ လက်ကောက်ဝတ်က အမာရွတ်ရယ် နိုရီကိုရဲ့ သိစိတ်မဲ့ ငေးငေးရီရီ မျက်ဝန်းတွေရယ်ကို အာရုံထဲက ဖျောက်မရဘူး။ ဖရန့်ခ်က အင်္ဂျီလက်တွေကို ပြန်ဆွဲချပြီးပြီ။ ခုတော့ ဆွယ်တာနက် အောက်မှာ သူ့လက်ကောက်ဝတ်က ရောက်သွားခဲ့ပြီ။ နိုရီကိုကတော့ ခုနက ဝင်လာတုန်းကနဲ့ ပြန်ထွက်သွားတာ မတူတော့တာ သေချာတယ်။

“အိုး... ဘ-ဘွန် သောက်တယ်လား၊ အမေရိကန်တွေက ဘာသောက်လေ့ ရှိတာလဲ၊ တာကီနဲ့ ဂျက်၊ ဘလန်တန်၊ ဒါတွေ သောက်ကြတာ မဟုတ်လား”

ဒါက သူ ဘယ်လောက် ဗဟုသုတရှိတယ် ဆိုတာကို ပြောပြတာမျိုးပါ။ သူ ဘာဘွန်းလို့ ပြောလိုက်တာကို ဖရန့်ခ်က သိပုံမရဘူး။ ဂျပန်လို ဘာဘွန်း ဆို

တဲ့ အသံထွက်က ခက်တယ်။ ကျွန်တော် အလုပ်စလုပ်လုပ်ချင်းတုန်းက ဒီစကား ကျွန်တော်ပြောတော့ အမေရိကန်တွေ နားမလည်ဘူး။ တစ်ယောက်က ကျွန်တော် မာလ်ဘိုရိုလို့ ပြောနေတယ် ထင်သေးတာ။ ဖရန့်ခ်က ပြောတယ်။

“မင်း ခုနက ပြောတာတွေက နိုင်ငံခြားကို ပို့တဲ့ အရက်တွေကွ၊ ဘာဘွန်းက တောင်ပိုင်းအရက်၊ အင်မတန်ကောင်းတာ၊ အမေရိကန်တွေက သူတို့ အတွက်ပဲ ထားတယ်၊ နိုင်ငံခြားပို့လေ့ မရှိဘူး၊ ဂျေ ဒစ်ကင်း ကန်တာကီ ဝီစကီ ဟာ အကောင်းဆုံး ဥပမာပဲ၊ သက်တမ်း ၁၈ နှစ်ရှိတဲ့ ဒစ်ကင်းဟာ အကောင်းဆုံး ကော့ညက်လို အရသာမျိုးပဲ၊ သိတဲ့အတိုင်း လူတွေဟာ တောင်ပိုင်းနဲ့ ပတ်သက်ရင် အထင်မကြီးကြဘူး၊ ဒါပေမဲ့ တောင်ပိုင်းမှာ ကောင်းတာတွေ အများကြီးရယ်”

တောင်ပိုင်းဆိုတာ သူတို့ ဘာမှန်းမသိပါဘူး။ အမေရိကန် ပြည်တွင်းစစ် ဆိုတာလည်း တစ်ခါမှ ကြားဖူးပုံ မပေါ်ဘူး။ ဖရန့်ခ်က ပြည်တွင်းစစ်နဲ့ တောင်ပိုင်းဆိုတာ ဘာမှန်းမသိတဲ့ လူတွေကို ဘာဘွန်း တံဆိပ်အမျိုးမျိုး အကြောင်း ပြောနေတယ်။ ဒါပေမဲ့ မာကီကတော့ ရှက်ပုံ မပေါ်ပါဘူး၊ ဒါတွေ ဘယ်သူက များ ဂရုစိုက်လို့တုံးလို့တောင် ပြောလိုက်သေးတယ်။

ကျွန်တော် နာရီကို ကြည့်နဲ့အတူရှိတာ မိနစ် ငါးဆယ်လောက်ရှိပြီ၊ ဇွန့် ဆီ ဖုန်းမခေါ်ရသေးဘူး။ ဒီထဲမှာ မိုဘိုင်းဖုန်းပြောလို့ အဆင်ပြေလားလို့ ယူကို့ကို မေးမိတယ်။ သူက ကျွန်မ ဘယ်လိုလုပ်သိမှာတုံး တဲ့။ ဒီကလပ်က ကလပ်မယ်မှ မဟုတ်တာ မစ္စတာလို့ ဟန်ဆောင်ပြောနေတာပေါ့လေ။ မာကီကတော့ ရပါတယ်၊ လူတိုင်းလည်း ပြောနေတာပဲ၊ ကျွန်မလည်း ပြောတာပဲတဲ့။ သေချာပါတယ်၊ သူက ဒီက ကလပ်မယ်ပဲ၊ ကြေးစားဖြစ်လုနီးနီး ဒါမှမဟုတ် ကြေးစားပေါ့။ ဖရန့်ခ်နဲ့ ကျွန်တော်က ဘေးချင်းယှဉ်ရက်ထိုင်ပြီး လေဒီမ နှစ်ကောင်က ကျွန်တော်တို့ မျက်နှာချင်းဆိုင်မှာ စားပွဲခြားပြီး ထိုင်နေကြတာလေ။ ပရိဘောဂတွေအကြောင်း သေချာမသိပေမယ့် ဒီစားပွဲ၊ ဒီဆိုဖာတွေဟာ ဈေးကြီးတဲ့ အကောင်းစားယောင် ဆောင်ထားတဲ့ အပေါစားတွေ ဆိုတာတော့ ကျွန်တော် သိတယ်။ ကျွန်တော်တို့ရှေ့က ကိုယ့်ကိုယ်ကိုယ် ဆရာကြီးစတိုင်လ် ဖမ်းနေတဲ့ ဟာမနှစ်ကောင် အတိုင်းပဲ၊ ဘုန်းကြီးရှူးနဲ့ လေ့လူးတော့ လိုက်ပါ့ကွာလို့ ကျွန်တော် စိတ်ထဲ ဖြစ်မိတယ်။ မာကီက လူးဝစ်ဗောက်တန် ပိုက်ဆံအိတ်နဲ့ ဗျ။ သူနဲ့ နည်းနည်းမှ မလိုက်ပါဘူး။ ဒါပေမဲ့ သူ့ကို ကျွန်တော် နားလည်ပါ

တယ်။ အပြစ်မတင်ပါဘူး။ ဒီနိုင်ငံက ဟာမတွေအားလုံး ဗောက်တန်တို့၊ ရှနယ်တို့၊ ပရာဒါတို့လို ဘရန်းပစ္စည်းတွေကို ရူးကြတာချည်းပါပဲ။

ဆိုဖာက ကျဉ်းရတဲ့အထဲ လက်တင်ခုံတွေက နေရာယူထားသေးတယ်။ နှစ်ယောက်ထိုင်ဖို့ အဆင်ကို မပြေဘူး။ ကျွန်တော့် ပေါင်တွေဟာ ဖရန့်ခ်ရဲ့ ပေါင်နဲ့ ထိနေတယ်။ ဂျာကင်အိတ်ထဲက ဖုန်းကို ထုတ်တော့ တံတောင်ဟာ ဖရန့်ရဲ့ ကိုယ်ကို ထိမိတယ်။

“မင်း ကောင်မလေးဆီ ဖုန်းဆက်မလို့လား”

ဖရန့်ခ်က ကျွန်တော့်ကို မေးလိုက်ချိန်မှာ ယူကိုက ဘောလ်ပင်နဲ့ တစ်ရှူး စာရွက်လေးကို ပေးပြီး နာမည် နာမည် နာမည် လို့ ဖရန့်ခ်ကို မေးတယ်။ ဖရန့်ခ်က သိမှတ်မဲ့စွာနဲ့ပဲ စာရွက်ပေါ်မှာ ဖရန့်ခ် ဆိုပြီး ရေးချလိုက်တယ်။ ပြီးတော့ ခန်းဂျီးရေ၊ ငါ့ မျိုးရိုးနာမည်က ဘာလဲကွာလို့ ကျွန်တော့် ကို ပြုံးပြီး မေးနေချိန်မှာပဲ ဇွန်က ဖုန်းကိုင်လိုက်တယ်။

“ခန်းဂျီး၊ အဆင်ပြေရဲ့လားဟင်”

“အင်း”

ဒီအချိန်မှာပဲ ဖရန့်ခ်က ငါလည်း ပြောဦးမယ် ဆိုပြီး ကျွန်တော့် လက်ထဲက မိုဘိုင်းဖုန်းကို ဖျတ်ခနဲ လှမ်းဆွဲတယ်။ ကျွန်တော် လက်ကို မြှောက်လိုက်ပေမယ့် ဖရန့်ခ်ဟာ ဗိုက်ဆာနေတဲ့ ဂေါ်ရီလာတစ်ကောင် ငှက်ပျောသီး လှမ်းဆွဲသလိုကို အားရှိပါးရှိ ဆွဲတာ။ ကျွန်တော် ဖုန်းကို အတင်းဆုပ်ထားတယ်။

“မင်းမေရိုးလား၊ မင်း ဘာလုပ်တာလဲ”

လို့ ပြောမိတော့မလို့ပဲ။ ဖျတ်ခနဲ သတိဝင်လာတဲ့အတွက် ကျွန်တော် ခုံပေါ် ပြန်ထိုင်ချလိုက်တယ်။ ခွေးတစ်ကောင်သာဆိုရင် အမြီးကုပ်ပြီး ပက်လက်လှန်ပေးလိုက်တဲ့ သဘောပေါ့။ ဖရန့်ခ်ဟာ ကျွန်တော့် လက်ချောင်းတွေကို ချိုးဖဲ့မတတ် ဖြေပြီး ဖုန်းကို အတင်းလုနေတယ်။ ကောင်မလေးတွေက အိုး... လုပ်နဲ့လေ ဆိုပြီး အော်တယ်။ ကျွန်တော်တို့ ကစားနေတယ် ထင်လို့လား မသိ။ ဒါ လူမြင်ကွင်းထဲမှာ လူရှေ့ သူရှေ့မှာ လုပ်နေတာနော်။ ဒါတောင် သူ အားစိုက်ပြီး လုပ်တာ မဟုတ်ဘူး။ တကယ်လို့သာ အားထည့်ခဲ့မယ်ဆိုရင်။

“ဟိုင်း... ငါ့နာမည် ဖရန့်ခ်ပါ”

သူဟာ အတင်း အော်ပြောနေတယ်။ စပီကာတွေက ထွက်နေတဲ့ အူလ်ဖူးလ်ရဲ့ သီချင်းသံကို လွှမ်းသွားလောက်အောင်ကို သူ့အသံက ကျယ်တယ်။ ဒါပေမဲ့ ရင်းရင်းနှီးနှီး လေသံနဲ့ ပြောနေတာ။ အမေရိကန် ရုပ်ရှင်တွေထဲက စူပါအရောင်းသမား လေသံမျိုးပေါ့။

“မင်းက ခန်းဂျီး ကောင်မလေးမဟုတ်လား၊ မင်းနာမည် ဘယ်သူပါလိမ့်”

ဇွန်ဟာ အင်္ဂလိပ်စကား နားမလည်သယောင် ဟန်ဆောင်တတ်ပါစေ လို့ ကျွန်တော် ကျိတ်ပြီး ဆုတောင်းနေမိတယ်။

“ဘာတဲ့၊ ဆောရီးကွာ၊ သိပ်မကြားရဘူး၊ အသံတွေက”

“ဟေ့... ဖရန့်ခ်”

ဇွန်က အင်္ဂလိပ်လို မတတ်ဘူးလို့ ကျွန်တော် ပြောမလို့ပဲ။ ဖရန့်ခ်ဟာ ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်ပြီး-

“တိတ်စမ်း၊ ငါဒီမှာ ပြောနေတယ်”

လို့ မာန်ဖိလိုက်တယ်။ ကျွန်တော် အင်မတန်ကြောက်တဲ့ သူ့ မျက်နှာဖုံး မျက်နှာကြီး ခဏ ပေါ်လာတယ်။ ဒီတစ်ခေါက်က ကြောက်စရာ အကောင်းဆုံးပဲ။ မာကီက မသိလိုက်ဘူး။ ယူကိုကတော့ ဒီမျက်နှာကြီးကို မြင်သွားပြီး သူ့အပြုံးတွေ ပြေကျသွားတယ်။ အသက်မွေးဝမ်းကျောင်း သင်တန်းသူ၊ အင်္ဂလိပ်စာ နတ္ထိဆိုတဲ့ ကောင်မတောင် ဒီမျက်နှာကြီးဟာ တစ်ခုခုတော့ မှားနေတယ်ဆိုတာကို သိပုံပဲ။ ယူကို့ မျက်နှာဟာ ဟီးခနဲ ငိုချလိုက်မလို ဖြစ်သွားတယ်။ ကျွန်တော် ဖရန့်ခ်အကြောင်း သိသလောက် ပြောရမယ်ဆိုရင် သူဟာ ဒေါသထွက်လာလေလေ တည်ငြိမ်အေးဆေးလေပဲ။ ဒေါသက ထွက်သည်ထက် ထွက်လာရင် မျက်လုံးတွေမှာပဲ ဒီဟာကို မြင်ရတော့တာ။ ခုလို ဆူညံ ပေါက်ကွဲတာမျိုးက သူ့ပုံစံ မဟုတ်ဘူး။ တမင် လုပ်နေသလားတော့ မသိ။

“ဘာတုံးဟ၊ နာမည်မေးတာဟေ့၊ နာမည် နာမည် နာမည်”

ဖရန့်ခ်ဟာ ဖုန်းထဲကို ကျိုးအော်ထည့်နေတယ်။ ဇွန်ဟာ သူပြောတာ နားမလည်ချင်ယောင် ကောင်းကောင်းဆောင်နိုင်ပုံပဲ။

“ခန်းဂျီး၊ မင်းကောင်မလေးနာမည်က ဘာလဲ”

ကျွန်တော့်ဘက် လှည့်လာပြီ။ ဒီ မအေပေးကို ဇွန့်နာမည် မပြောပြဘူး။

“သူက နိုင်ငံခြားသားနဲ့ စကားမပြောဖူးတော့ စိတ်ရှုပ်နေတာ နေပါလိမ့်မယ်”

စိတ်ထွေနေတာလို့ပြောချင်တာ၊ စကားလုံး အသုံးအနှုန်းက ရုတ်တရက် စဉ်းစားလို့ မရဘူး။

“ဘာစိတ်ရှုပ်စရာလိုလဲ၊ ငါက ဒီတိုင်းပဲ နှုတ်ဆက်တာကို၊ မင်းနဲ့ ငါနဲ့က လမ်းညွှန်နဲ့ ဖောက်သည်အဆင့် မကဘူးလေ၊ ငါတို့က”

ကာရာအိုကေ သီချင်းသံဟာ အကျယ်ကြီး ထွက်လာတယ်။ အစိုးရဝန်ထမ်းရုပ်နဲ့ လူဟာ သီချင်းစဆိုပြီ။ ဖုန်းပြောဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဖရန့်ခ်က လက်ဖဝါးတွေဖြန့်၊ ပခုံးတွေ တွန့်ပြပြီး မိုဘိုင်းဖုန်း ကျွန်တော့်ကို ပြန်ပေးတယ်။

“ပြန်ခေါ်မယ်နော်၊ စိတ်မပူနဲ့”

လို့ ဇွန့်ကို ပြောရင်း ဖုန်းပိတ်လိုက်တယ်။ သူတို့ ဘာလို့ အသံမတိုးကြတာလဲ၊ အသံက သေလုအောင် ကျယ်နေတယ်”

ဖရန့်ခ်က မေးလိုက်တယ်။ သူ့လို တစ်လောကလုံး တုန်သွားအောင် အသံကျယ်ကြီးနဲ့ ပြောတတ်တဲ့လူက ခုလို ပြောတယ်ဆိုတာ ရယ်စရာလည်းကောင်း၊ စိတ်ညစ်စရာလည်း ကောင်းတာပေါ့။ ပြည့်တန်ဆာမက လိင်အကြမ်းဖက်ခံရတယ် လို့ ပြောနေသလို ဖြစ်နေတယ်။ ဒါပေမဲ့ သူပြောတာ မှန်တယ်။ ကာရာအိုကေသံက နားမခံနိုင်လောက်အောင်ပဲ။ အစိုးရဝန်ထမ်းရုပ်နဲ့ လူဟာ မီစု-ချီရု လို့ ဂျပန်မှာ လူသိများတဲ့ မစ္စတာချေးဒရန်း ဂီတအဖွဲ့က နောက်ဆုံးထွက်ထားတဲ့ သီချင်းတစ်ပိုဒ်ကို အော်ဆိုရင်း တစ်ဆိုင်လုံးကို နှိပ်စက်နေတယ်။ ကောင်မလေးတွေက လက်ခုပ်ကိုယ်စီ ဝိုင်းတီးပေးနေကြတယ်။ သူဟာ ကောင်မလေးတွေ စိတ်ဝင်စားအောင် ဒီသီချင်းကို တမင်ရွေးထားတာ သေချာတယ်။ မစ္စတာချေးဒရန်း သီချင်းကို အာပြဲနဲ့ အော်ဆိုရုံနဲ့ ကောင်မလေးတွေကြား စတားမဖြစ်နိုင်ဘူးဆိုတာ သူ့ကို တစ်ယောက်မှ မပြောကြဘူးလား မသိ။ သူဟာ ရှိသမျှအားအင် အကုန်ထည့်ပြီး လည်ပင်းက သွေးကြောတွေ ထောင်ထလာအောင် သီချင်းကို အော်ဆိုနေတယ်။ ဖရန့်ခ်က

သီချင်းသံ သိပ်ကျယ်လွန်းလို့ စကားပြောဖို့ မဖြစ်နိုင်ဘူး ဆိုတာကို ခြေဟန်လက်ဟန် ပြတယ်။ ကျွန်တော်ကတော့ ဇွန့်အတွက်ရော၊ လမ်းပေါ် ရောက်နေတဲ့ နိုရီကို အတွက်ရော၊ ကျွန်တော့်ကိုယ် ကျွန်တော် အတွက်ရော စိတ်ပူမိနေတယ်။ ဖရန့်ခ်ကို ကြောက်တယ်။ မယုံဘူး။ ခုလောလောဆယ်တော့ ကျွန်တော် မကြိုက်တဲ့ သီချင်းကို နားမခံသာအောင် ဖွင့်နေတာကို တစ်ယောက်ယောက်က ရပ်ပေးလိုက်ဖို့ကို လိုလားနေတယ်။ ဒီတိုင်းပြည်မှာက သူများအတွက် ဘယ်တော့မှ မစဉ်းစားဘူး၊ ကိုယ်လုပ်လိုက်တဲ့ကိစ္စ သူတစ်ပါး အတွက် ဘယ်လောက် အနှောင့်အယှက် ဖြစ်မလဲ ဆိုတာ မတွေးဘူး။ အမြင့် သံတွေကို မျက်ခွက်ကြီး ရှုံ့မဲ့ပြီး အတင်းအော်ဆိုနေတဲ့ ဒီလူကို ကြည့်ရတာ ဆိုး လိုက်တာ။ ဒါ သူ ဆိုလို့ရတဲ့ သီချင်းမျိုး မဟုတ်ဘူး။ အောက်က ကောင်မလေး တွေ သမ်းနေတာကိုလည်း သူ မသိဘူး။ သူ စောက်သုံးမကျတာကို မသိတာ ဒီဆိုင်ထဲမှာ သူတစ်ယောက်ပဲ ရှိလိမ့်မယ် ထင်တယ်။ အဲဒီအခိုက်အတန့်မှာ ကျွန်တော်ဟာ တင်းလွန်းလို့ ဒီလိုလူမျိုးကို သတ်ပစ်သင့်တယ်လို့ ထင်စပြုလာ တယ်။ အဲဒီအချိန်မှာပဲ ဖရန့်ခ်ဟာ ကျွန်တော့်ကို ကြည့်ပြီး ကျွန်တော့် အတွေး ကို သိနေသလိုမျိုးနဲ့ မှန်လိုက်လေ ဆိုတဲ့ အဓိပ္ပာယ်မျိုး ခေါင်းညိတ်ပြတယ်ဗျာ။ ကျွန်တော် တကယ်ပဲ ဆတ်ခနဲ တုန်သွားပါတယ်။ ဖရန့်ခ်ကတော့ ခုနက ဖရန့် ခ်လို့ ရေးထားတဲ့ စာရွက်ပေါ်မှာ ဖရန့်ခ် နောက်ကနေ ဒီနီးရိုးလို့ ဆက်ရေးလိုက် ပြီး ကျွန်တော့်ကို မော့ကြည့်တယ်။ ငါ မင်း တွေးနေတာ သိပါတယ်၊ ဒီကောင် ဘာဖြစ်နေတာလဲ၊ သတ်ပစ်လိုက် ရမလားလို့ မေးနေသလိုပဲဗျာ။ သူ ကျွန် တော့်စိတ်ကို တကယ်ပဲ ဖတ်တတ်နေသလား။ တကယ်ပဲလား။

“ဟော... ဘာသာပြန်ပေးစမ်း”

လို့ ဖရန့်ခ်က ကျွန်တော့်နားနား ကပ်ပြီး အော်ပြောတယ်။ ဖရန့်ခ်ရဲ့ မျိုးရိုးနာမည်ကို ဒီနီးရိုးလို့ ပြောလိုက်တဲ့အခါ ရောဘတ်ဒီနီးရိုး ကို အသေအလဲ ကြိုက်တယ်ဆိုတဲ့ ယူကိုဟာ လက်ဖက်ရည်တွေ ကိုယ်ပေါ် မှောက်ကျမတတ် ဖြစ်သွားတယ်။

“ခန်းကျိုး နားထောင်စမ်း၊ ဒီကောင်မလေးတွေဟာ ဘာအင်္ဂလိပ်စာမှ မတတ်ဘူး၊ ရောဘတ် ဒီနီးရိုး ဆိုတာ နီရိုး အိမ်တော်က ရောဘတ် လို့ အဓိပ္ပာယ်ရကြောင်း ငါ သူတို့ကို ပြောချင်တယ်”

ဖရန့်ခ်ဟာ သီချင်း သံပြိုင်ပိုဒ်တွေ ကြားကနေ ဒီစကားတွေကို အမြန် ပြောနေတယ်။ ကျွန်တော့် သွေးခုန်နှုန်းတွေ မြန်လာပြန်ပြီ။ သူ ပြောတာကို သီချင်းဆုံးမှပဲ ဘာသာပြန်ပြနိုင်မယ်လို့ ကျွန်တော် ပြောလိုက်တယ်။ တစ်ခုခု တော့ ဆိုးဆိုးရွားရွားကြီး ဖြစ်တော့မယ်ဆိုတဲ့ ကြောက်စရာ ခံစားချက်ကြီးတစ် ခု ဝင်နေခဲ့ပြီ။ ဖရန့်ခ်ဟာ ပြောင်းလဲသွားပြီ။ အေးဆေးသွားပြီ။ တည်ငြိမ်သွား ပြီ။ ပုံစံရော၊ ကိုယ်ရည်ကိုယ်သွေးရော၊ အသံပါ ပြောင်းသွားပြီ။ သူဟာ နိုရီကိုနဲ့ ကျွန်တော့်ကို အိပ်မွေ့ချပြခဲ့ပြီးပြီ။ နိုရီကိုကို အားလုံးမေ့သွားအောင် လုပ်ပြီး လမ်းပေါ် ပြန်လွှတ်ပြပြီးပြီ။ ကျွန်တော့်ဖုန်းကို အတင်းလုပြီး ဇွန့်ကို ဖုန်းပြော ပြီးပြီ။ ခု ကျွန်တော့်အတွေးတွေကို သူ တယ်လီပသီနည်းနဲ့ သိနေသလို လုပ်နေ ပြန်ပြီ။ ဒီနေရာမှာ ဘာတွေ ဖြစ်နေတာလဲ။ ဘာတွေ ဖြစ်နေတာလဲဗျာ။

နောက်ဆုံးတော့ သီချင်းဆုံးသွားတယ်။ ကောင်မလေးတွေဆီက လက်ခုပ်သံ လျော့ရိလျော့ရဲနဲ့အတူ အစိုးရဝန်ထမ်းရုပ်နဲ့ စောက်ကောင်ဟာ လက်နှစ်ချောင်း ထောင်ပြီး ယေးခနဲ အော်လိုက်တယ်။ ကျွန်တော် သူ့ကို မရှိ သလို သဘောထားပြီး မကြည့်မိအောင် ကြိုးစားတယ်။ ဒီနီးရိုး ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းပြတဲ့အခါ ယူကိုက လက်ကိုင်ပဝါကို ငုံကြည့်ပြီး ကောင်း လိုက်တာလို့ ပြောတယ်။ မာကီကတော့ ဟင့်ဟင့်လို့ မရယ်ချင့်ရယ်ချင် ရယ် လိုက်ပြီး နာမည်သာ တူတာ၊ ကျန်တာ ဘာမှမတူဘူး၊ နာမည်က လွဲလို့ပေါ့လို့ ပြောလိုက်တယ်။

ကာဘူကီ-ချိုမှာ တွေ့ရတဲ့ မိန်းကလေးတွေထဲမှာ မာကီ့လို အမျိုးအစား က အောက်တန်းတကာ့ အောက်တန်းအကျဆုံးလို့ ဆိုရမယ်။ ဘာမှလည်း မသိ၊ သိချင်ယောင်ဆောင်၊ ဆွဲဆောင်မှုက မရှိ၊ ထုံက ထုံ၊ ထိုင်းက ထိုင်း၊ ဟန် က လုပ်သေး ဆိုတဲ့ အစားမျိုး၊ ကိုယ်တိုင်က စောက်ဆင့် တစ်စက်မှ မရှိဘဲ သူများကို ကဲ့ရဲ့ချင်၊ လက်ညှိုးထိုးချင်တဲ့ ဟာမျိုး။

“သူ ဘာပြောတာလဲ”

မထူးပါဘူး။ မာကီ ပြောတဲ့အတိုင်း ပြန်ပြောပြလိုက်တယ်။

“အိုး... ဒါဆို ငါနဲ့ ရောဘတ်ဒီနီးရိုးကြား ဘာတွေ ကွာခြားနေသလဲ”

မာကီက မရယ်ချင့်ရယ်ချင် တဟင့်ဟင့် ရယ်ရင်း-

“အို... အစစအရာရာ ကွာတာပေါ့”

လို့ ပြောလိုက်တယ်။

ဒုက္ခပါပဲ။ စောက်ကောင်မ စောက်ပါးစပ် ပိတ်ထားလို့ ပြောရမလား၊ သွားကြစို့ ဖရန့်ခ်ရာလို့ ခေါ်ထုတ်ရမလား၊ အိမ်သာ သွားချင်ယောင်ဆောင်ပြီး ပြေးရမလား။ အချိန်တိုလေးအတွင်း အတွေးတွေ ယောက်ယက်ခတ်လွန်းလို့ ဘာကို စဉ်းစားရမှန်းတောင် မသိဘူး။ ဆိုဖာက ကျဉ်းလွန်းတာလည်း ပါတယ်။ ကျဉ်းလွန်းတော့ ဖရန့်ခ်ရဲ့ ပေါင်ကြီးက ကျွန်တော့် ပေါင်ကို ဖိထားတယ်။ ထွက်ပြေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ခန္ဓာကိုယ်က ကျဉ်းကျပ်တော့ စိတ်ကလည်း ကျဉ်းကျပ်လာတာပေါ့။ ကာရာအိုကေ ဆိုနေတဲ့ လူတို့၊ မာကီတို့ကို ဂရုစိုက်နေရမယ့်အချိန် မဟုတ်ပေမယ့် ကိုယ်ရှောင်လွဲချင်တဲ့ ကိစ္စတစ်ခုကို ရှောင်လွဲဖို့ ကြိုးစားတဲ့အခါ အရေးမပါတဲ့ အသေးအမွှားလေးတွေကို ဂရုစိုက်မိနေသလိုမျိုးပေါ့။ ကိုယ့်ကိုယ်ကိုယ် ရထားကြိတ်ခံပြီး သတ်သေဖို့ ရထားအလာကို စောင့်နေတဲ့လူဟာ အိမ်က ထွက်လာတုန်း အိမ်တံခါး သော့ခတ်ခဲ့ရဲ့လား ဆိုတာကို စိတ်ရောက်ပြီး စွဲလမ်းမိသလိုမျိုးပေါ့။ ခုလည်း ကျွန်တော်ဟာ ဘာမှ အရေးမပါတဲ့ သောက်ကောင်မ စောက်ကြွားမ မာကီကို မဲနေမိတယ်။

ဘာတုံး မင်း ဘာကို ဆိုလိုတာတုံး။

“အို... အကုန်ကွာတယ်၊ အားလုံးပဲ”

သူက ယူကို ကို ကြည့်ရင်း အတည်ပြုချက် ယူသလိုမျိုး မဟုတ်ဘူးလား လို့ မေးလိုက်တယ်။ ယူကိုကတော့ ဟင်... မသိပါဘူးဟယ်လို့ မယုတ်မလွန် ဖြေတယ်။

“တကယ်ကွာတာလေ၊ မျက်နှာကျ၊ စတိုင်၊ ခန္ဓာကိုယ် အားလုံးပဲလေ”

ဟင့် ဟင့်။

“မင်းတို့ တကယ် ဒီနီးရိုးကို အပြင်မှာ မြင်ဖူးကြလား”

ဖရန့်ခ်က သူ့ကို အသာအယာ မေးလိုက်တယ်။

“ဒီနီးရိုးက နယူးယောက်မှာ စားသောက်ဆိုင်ကြီးတစ်ခု ပိုင်တယ်၊ ငါ အဲဒီမှာ သူ့ကို နှစ်ခါ-သုံးခါ တွေ့ဖူးတယ်။ သူက နင်တို့ ထင်သလို အရပ်မမြင့်

ဘူး၊ သူလိုကိုယ်လိုပဲ၊ ဂျက် နီကိုလ်ဆင်ဟာ အနောက်ဘက်ကမ်းရိုးတန်းမှာ နေပြီး အပြင်မှာလည်း ရုပ်ရှင်လေနဲ့ ပြောတယ်ဆိုပေမယ့် ဒီနီးရိုးကတော့ တကယ့် သာမန်လူလိုပဲ၊ အင်မတန် ကြီးမြတ်တဲ့ သရုပ်ဆောင်ဆိုတာ အဲ့ဒီလိုမျိုးကွ၊ ရုပ်ရှင်ထဲမှာ အားထည့်သရုပ်ဆောင်ပေမယ့် အပြင်မှာ လူလိုပဲနေတယ်”

ဒါပြောပြလို့ ဘာထူးမှာလဲ။ ဒါပေမဲ့ ဘာသာပြန်ပြနေတုန်းမှာပဲ စားပွဲထိုးရောက်လာတယ်။ ယာကီ ဆိုဘ ခေါက်ဆွဲကြော် နှစ်ပွဲနဲ့ အာလူးကြော် တစ်ပွဲ လာချတယ်။ ငါတို့ မမှာထားဘူးလို့ ကျွန်တော် ပြောနေတုန်းပဲ တို့မှာတာလို့ မာကီက ဝင်ပြောရင်း ခေါက်ဆွဲကြော် ပန်းကန်ကို ဆွဲယူလိုက်တယ်။ ယူလည်း စားလေတဲ့ ယူကိုကို လောကွတ်လုပ်လိုက်သေးတယ်။

“ခန်းဂျီး၊ ငါပြောတာ သူတို့ကို ဘာသာပြန်ပြပြီးပြီလား”

ကောင်မနှစ်ကောင် စားစရာကို ဟပ်ထိုးဆွဲနေတုန်း ဖရန့်ခ်က ငေးကြည့်ရင်း မေးတယ်။ ပြန်ပြပြီးပြီလို့ ကျွန်တော် ပြောလိုက်တယ်။ ငါတို့ ဒီမှာ ဘာလာလုပ်နေကြတာတုံး တဲ့ သူ မေးတယ်။

“ဒီဟာမတွေ ခေါက်ဆွဲစားတာကို လာကြည့်တာလား၊ ငါ အလုပ်လုပ်ချင်တယ်လို့ မင်းကို ပြောတယ်လေ၊ နို့ရီကိုကလည်း ဒီမှာ ဖာတွေချည်းပဲဆို၊ ဒီကောင်မ နှစ်ကောင်က ဖာ မဟုတ်ဘူးလားကွာ

ကဲ ကွာ။ ကျွန်တော် သူမေးတဲ့အတိုင်း တဲ့ ပြန်ပေးလိုက်တယ်။

“စောက်ရူးပဲ”

မာကီက ပါးစပ်ထဲ ခေါက်ဆွဲအပြည့်နဲ့ ပြောလိုက်တယ်။ ပြီးတော့ ယူကို့ ဘက် လှည့်ပြီး ဟုတ်တယ် မဟုတ်လားလို့ အတည်ပြုချက် ယူပြန်တယ်။

“ဒါက ဒီလိုနေရာမျိုးရဲ့ ပြဿနာပဲလေ၊ ဒီလိုနေရာမျိုးမှာ ဒီလိုလူမျိုးတွေ ရှိမှာပေါ့၊ ကျွန်မ ပြောတာ နားလည်တယ် မဟုတ်လား”

ယူကိုက ကျွန်တော့်ကို ကြည့်ရင်း-

“ဒါပေမဲ့ သူ အဲဒီလို ထင်တာကို နားလည်နိုင်ပါတယ်လေ”

လို့ ပြောတယ်။

“အရူးမထစမ်းနဲ့”

မာကီ က ခပ်ဆတ်ဆတ် ဝင်ပြောတယ်။

“ငါတို့က ငါတို့ကို ခေါ်ပါလို့ သူ့ကို ပြောနေလို့လား”

ဒီစကားကို ခြေဟန်လက်ဟန် အပြည့်နဲ့ အကဲပါပါ ပြောလိုက်တော့ ဆော့စ်တွေထည့်ထားတဲ့ ခေါက်ဆွဲတွေ သူ့အဝတ်ပေါ် ဘတ်ခနဲ ပြုတ်ကျပါ လေရော။

“စောက်တလွဲပဲဟယ်”

မာကီဟာ ဆတ်ဆတ်ခါသွားပြီး လက်ကိုင်ပဝါကို ရေဆွတ်ပြီး သူ့ ဝတ်စုံ ဖြူမှာ စွန်းသွားတာကို ပွတ်တယ်။ “ဟွဲ့... စားပွဲထိုး၊ မျက်နှာသုတ်ပဝါ တစ်ခု ယူခဲ့စမ်း” လို့ အကျယ်ကြီး အော်တယ်။ ကာရာအိုကေက နောက်ခံတီးလုံးသံ ကိုတောင် သူ့အသံက လွှမ်းသွားတယ်။ ဘယ်လောက် ပွတ်ပွတ် အစွန်း ကတော့ မကျွတ်ဘူး။ မာကီက ပုပု၊ မျက်နှာဝိုင်းဝိုင်း၊ အသားအရေ ခပ်ကြမ်း ကြမ်း မိန်းမပါ။ ဒီလိုမိန်းမမျိုးကို ပိုက်ဆံပေးပြီး ဆက်ဆံမယ့် ယောကျ်ားကော ရှိရဲ့လား ဆိုတာ စဉ်းစားစရာ။ အို... ဒီနေ့ခေတ် ယောကျ်ားတွေဟာ ပိုက်ဆံ ပေး ဆက်ဆံရတဲ့ မိန်းမတွေကို နှစ်သက်တတ်ကြတာပါပဲ။ သိပ်ကြီး စုတ်ပြတ် မနေရင်ပေါ့။ ဒါကြောင့်လည်း မာကီလို ကောင်မမျိုးတွေ ဒီမှာ အများကြီး ရှိနေ တာပေါ့။ ကို

ဖရန့်ခ်က မာကီ့ဝတ်စုံပေါ်က အစွန်းကွက်ကို ပြုံးကြည့်ရင်း-

“ကြည့်စမ်း၊ အတော်လှတယ်ဟ”

လို့ ပြောလိုက်တယ်။ ကျွန်တော်လည်း မထူးဇာတ်ခင်းပြီး သူပြောတဲ့ အတိုင်း ဘာသာပြန်ပေးလိုက်တယ်။

“ဘာလာပြောနေတာလဲ၊ ဒီကောင်က ဘာသိလို့လဲ”

မာကီက ဒေါသထွက်ထွက်နဲ့ စွတ်အော်ရင်း အစွန်းကွက်ကို ပဝါနဲ့ ထပ် ကာထပ်ကာ သုတ်နေတယ်။ ယူကိုကတော့ မာကီ့ကို သနားနေသလိုပဲ။

“အဲဒါ ဂျန်ကို ရှီမာဒါ ဝတ်စုံ မဟုတ်လား”

လို့ မေးလိုက်တယ်။

“ဟုတ်တယ်လေ”

မာကီက ဖရန့်ခ်နဲ့ ကျွန်တော့်ကို ပေစောင်းစောင်း ကြည့်ရင်း-

“ကွာလတီအကြောင်း သိတဲ့လူတစ်ယောက် ရှိပေလို့ တော်သေးတာပေါ့၊ တို့က ကွာလတီ အမြင့်ဆုံးနေရာမှာပဲ အလုပ်လုပ်တာ၊ တို့ ပထမဆုံးလုပ်တဲ့ အချိန်ပိုင်းအလုပ်က လူချမ်းသာတွေပဲ တတ်နိုင်တဲ့ အကောင်းဆုံး အစားအသောက်တွေ ရောင်းတဲ့ ဆေကျို-ဂါကူအင် စျေးမှာလေ၊ ပင်လယ်စာ ဆာရှီမီ ငါးခုပါတဲ့ တစ်ထုပ်ကို ယန်းနှစ်ထောင်၊ ဖူဂျီတောင်နားက လက်လုပ်တို့ ဟူး တစ်ခုကို ယန်းငါးရာ”

မာကီဟာ ဖရန့်ခ်နဲ့ ကျွန်တော့်ကို လျစ်လျူရှုပြီး ကမ္ဘာပေါ်မှာ သူပြောတာကို နားလည်တတ်တာ ယူကို တစ်ယောက်ပဲ ရှိတဲ့ ပုံစံမျိုး ပြောနေတယ်။ ယူကိုကတော့ ယာကီ ဆိုဘ ခေါက်ဆွဲကြော်ကို ပလုတ်ပလောင်း စားရင်း ခေါင်းညိတ်ပြနေတယ်။ မစ္စတာ ချေးဒရန်းကောင်က လေဒီ (၅) ကို ရွေးလိုက်တဲ့အတွက် လေဒီ (၄) ဟာ ဆိုင်ထဲက ထွက်သွားပြီ။ လေဒီ (၄) နဲ့ (၅) ဟာ ဆွယ်တာနဲ့ စကတ်ကို ရိုးရိုးဝတ်ထားပေမယ့်လို့ သူတို့နှစ်ယောက်သာ တကယ့် ကြေးတန်းစား ပြည့်တန်ဆာဆိုတာ ခုတော့ သေချာသိပါပြီ။ မစ္စတာ ချေးဒရန်းကောင်ဟာ ဒီဘက်မှာ ကျွမ်းကျင်ပဲ။ လေဒီ (၃) က တစ်ယောက်တည်း ကျန်ရစ်တယ်။ သူက သီချင်းစာအုပ်ကို လှန်ရင်း မိုက်ကို ကိုင်ထားတယ်။ သူက ခပ်ငယ်ငယ်ပဲ။ တစ်ဆိုင်လုံးက ကောင်မတွေထဲ သူ အလှဆုံးပဲ။ ခု ဆယ်နာရီ ကျော်ပဲ ရှိသေးတယ်။ ကြည့်ရတာ သူဟာ သန်းခေါင်လောက်ကနေ မနက် ငါးနာရီလောက်ထိ အလုပ်လုပ်ရတဲ့ ကလပ်တစ်ခုခုက ကလပ်မယ်ပဲ ဖြစ်လိမ့်မယ်။ ခု ဒီနေရာက သူ့အတွက် ရထားဘူတာက နားနေခန်းလို ဖြစ်နေတာထင်တယ်။ အင်း... ဂျပန်မှာက ကာဘူကီ-ချို အပါအဝင် မီးနီရပ်ကွက် အားလုံးမှာ မိန်းမတစ်ယောက်နဲ့ အတူအိပ်ဖို့သက်သက် လာကြတဲ့ ဧည့်သည်က နည်းသည်ထက် နည်းလာတယ်လို့ ဆိုတယ်။ ဟီဂါရှိ- အိုကူဘိုက လမ်းတစ်ခုမှာဆိုရင် ဘိုးတော်ကြီးတွေဟာ အထက်တန်း ကျောင်းသူလေးတွေနဲ့ စကားပြောဖို့-စကားပြောဖို့ သက်သက်နော်- တန်းစီစောင့်ရတယ် ဆိုပဲ။ ကျောင်းသူတွေဟာ ကော်ဖီဆိုင်မှာ ထိုင်၊ ဘိုးတော်ကြီးတွေနဲ့ သရိုးသရီ စကားတွေပြောရင်း တစ်နာရီကို ယန်းထောင်ချီ ရကြသတဲ့။ လေဒီ (၁) ဟာ တစ်ဘဝလုံး ကွာလတီ

အမြင့်ဆုံးတွေနဲ့ချည်း ထိတွေ့ရတယ် ဆိုတော့ သူ အဲဒီလိုဟာမျိုးက စတာ နေ မှာပေါ့။ တို့ဟူးတစ်တုံး ယန်းငါးရာ၊ ဆာရီမီ တစ်ထုပ် ယန်းနှစ်ထောင်ဆိုတာ တစ်လောကလုံးမှာ အကောင်းဆုံးလို့ သူ ရိုးသားစွာ ထင်မြင်နေပုံပဲ။ သူနဲ့ သူ ဝတ်စားထားတဲ့ ဂျန်ကို ရှီမာဒါ ဝတ်စုံဟာ တစ်စက်မှ မလိုက်ဘူးဆိုတာ သူ့ကို ပြောမယ့်လူလည်း မရှိဘူး ထင်ပါတယ်။ တကယ်လို့ ပြောတဲ့လူ ရှိရင်လည်း သူ အဲဒီလူနား ကပ်မှာ မဟုတ်တာ သေချာတယ်။

တစ်ခါက တီဗွီမှာ စိတ်ပညာရှင် တစ်ယောက် ပြောတာ ကြားဖူးတယ်။ အသက်ရှင်သန်ဖို့အတွက် လူတွေဟာ သူတို့ကိုယ်သူတို့ တန်ဖိုး တစ်ခုခုရှိတယ် လို့ ထင်နေဖို့ လိုသတဲ့။ ဒါ ဟုတ်လောက်တယ် ထင်တယ်။ ဘာတန်ဖိုးမှ မရှိ၊ ဘာမှ သုံးမရဘူး ဆိုရင် ဘာအတွက် အသက်ဆက်ရှင်နေမလဲနော်။ မန်နေဂျာ ဆိုတဲ့ ငနဲကို တစ်ချက်ကြည့်လိုက်တယ်။ ကောင်တာမှာ ရပ်ရင်း ဂဏန်းပေါင်း စက်နဲ့ အလုပ်များနေတယ်။ ဒီလုပ်ငန်းမျိုးမှာ အမြဲတွေ့ရတတ်တဲ့ လူမျိုးပေါ့။ သူ့မျက်နှာကို ကြည့်၊ သူ့ဘဝဟာ ဘာအဓိပ္ပာယ်ရှိလဲ၊ ဘာတန်ဖိုးရှိလဲလို့ ကိုယ့် ကိုယ်ကိုယ် ပြန်မေးတာမျိုး သူ ဘယ်တော့မှ မလုပ်ဘူး။ မီးနီကလပ် အားလုံး က ဒီမန်နေဂျာတွေမှာ တူတာတစ်ချက် ရှိတယ်။ သူတို့ ခန္ဓာကိုယ်ထဲက တစ်စုံတစ်ရာ ပျောက်ဆုံးနေသလိုပဲ။ ဒီအကြောင်း ဇွန်နဲ့ တစ်ခါ ပြောဖူးတယ်။ သေချာတော့ မပြောတတ်ဘူး။ သူတို့ ပျောက်ဆုံးနေတာ မျှော်လင့်ချက်လား၊ ဂုဏ်သိက္ခာလား၊ ကိုယ့်ကိုယ်ကိုယ် အမြဲ ကာလရှည်ကြာ လိမ်လည်ထားရတာ လား၊ ခံစားချက် မရှိတော့တာလား၊ ဇွန်လည်း သေချာတော့ သိပုံမပေါ်ပါဘူး။ သူတို့ မျက်နှာတွေကို သတိထားကြည့်ရင် ဘာခံစားချက်၊ ဘာမျှော်လင့်ချက်ကို မှ မတွေ့ရဘူး။ ဒီကိစ္စပြောပြီး သုံးပတ်လောက်ကြာတော့ မြောက်ကိုရီးယား သတင်းတစ်ပုဒ်ကို ကြည့်ရတယ်။ ငတ်ပြတ်နေကြတဲ့ ကလေးတွေရဲ့ ဓာတ်ပုံ တွေ ပြတယ်။ အရိုးပေါ် အရေတင်နေပြီး သေအံ့ဆဲဆဲ ကလေးတွေရဲ့ မျက်နှာ ဟာ ခုနက လိင်လုပ်ငန်း မန်နေဂျာတွေရဲ့ မျက်နှာအတိုင်းပါပဲလား။

မန်နေဂျာနားမှာ ကောင်တာကို မှီပြီး ရပ်နေတဲ့ စားပွဲထိုးလေးကတော့ ဒီ လိုမဟုတ်ဘူး။ လိင်လုပ်ငန်းမှာ နှစ်ချို့ပြီး မိန်းမတွေကို မမြင်ချင်အဆုံး ဆိုတဲ့ လူတွေဟာ နားတွေ ပါးတွေ နှာခေါင်းတွေ ဖောက်လေ့ မရှိဘူး။ ကြည့်ရတာ ဒီ ကောင်လေးဟာ တီးဝိုင်းတစ်ခုခုက ဖြစ်မယ်။ အကြွေးတင်နေလို့ ယာယီ အလုပ်ဝင်လုပ်တာ ဖြစ်မယ်။ ဂီတ အလုပ်လုပ်မယ် ဆိုတဲ့ လူငယ်တွေလည်း ကာဘူကီ-ချိုမှာ လက်ညိုးထိုးမလွဲ ကြံုရာကျပန်း ဝင်လုပ်နေကြတာပဲကိုး။

လေဒီ (၃) ဟာ သီချင်း စဆိုပြီ။ အင်မတန် အထီးကျန်နေတဲ့အကြောင်း သီချင်းပါ။ ဒါပေမဲ့ စားပွဲထိုးက ကြည့်လည်း မကြည့်ဘူး၊ တစ်ယောက်ယောက် သီချင်းဆိုနေတယ် ဆိုတာတောင် သူ သတိထားမိပုံ မပေါ်ဘူး။ မစ္စတာ ချေးဒရန်းကောင်ကတော့ လေဒီ (၅) နဲ့ အော်ကြီးဟစ်ကျယ် စျေးညှိနေကြတယ်။ လေဒီ (၅) ဟာ အသက် သုံးဆယ်ကျော်လောက် ရှိပြီ။ အခန်းက နွေးလွန်းတော့ ချွေးတွေပြန် မိတ်ကပ်တွေ ပျက်သွားတော့မှ သူ့လည်ပင်းနဲ့ မျက်လုံးမှာ အရေပြားတွေ တွန့်နေပြီ ဆိုတာကို ကျွန်တော် သတိထားမိတယ်။ မစ္စတာချေးဒရန်း ငနဲက သူ့ကို ကစားနေတယ်။

“မင်းကြည့်ရတာ တယ်လီဖုန်းဆက်ပြီး ချိန်းလို့ရတဲ့ ကလပ်မှာ လုပ်တဲ့ မိန်းမပါကွာ၊ ငါလောင်းရဲတယ်” တဲ့။

ကြည့်ရတာ လေဒီ (၅) ဟာ ငွေသိပ်လိုနေပုံပဲ။ မစ္စတာချေးဒရန်း ဘာပြောပြော စျေးမတည့်မှာစိုးလို့ နင်ပဲငဆ ပြန်မပြောရဲဘူး။ လက်တွေကို ဒူးပေါ်တင်ပြီး ခေါင်းလေး ယမ်းလို့ နေရှာတယ်။ သဘောကောင်းတဲ့ ဧည့်သည် တစ်ယောက်လောက် ဝင်လာပြီး စျေးကောင်းကောင်းနဲ့ သူ့ကို ခေါ်သွားပါစေလို့ ဆုတောင်းနေရှာတယ် ထင်ပါရဲ့။ ကျွန်တော် ဒီလိုနေရာမျိုးမှာ ဒီလောက် ကြာကြာနေပြီး ခုလို လူတွေကို အသေးစိတ် လိုက်မကြည့်ဖူးပါဘူး။ မာကီက သူ့ဝတ်စုံကို သုတ်နေတုန်း ယူကိုက ခေါက်ဆွဲကြော်ကို လက်စသတ်ပြီးပြီ။ မာကီ ဘာပြောတာလဲ ဆိုတာ ဘာသာပြန်ပြဖို့ ဖရန့်ခ်က ပြောတယ်။ ကျွန်တော် လည်း စက်ရုပ်လို မသိတစ်ဝက်၊ သိတစ်ဝက်နဲ့ ပြန်ပြလိုက်တယ်။ မာကီက ဆက်ပြောနေတယ်။

“စျေးမှာ မလုပ်တော့တဲ့အခါ တို့ အလုပ်မလုပ်သေးဘဲ ခဏနားတယ်၊ ပြီးတော့ နိုက်ကလပ်ပေါ့၊ ဒါပေမဲ့ ဘယ်တော့မှ အောက်တန်းစား နေရာမျိုးမှာ မလုပ်ဘူးလို့ တို့ ကိုယ့်ကိုယ်ကိုယ် ကတိပေးထားတယ်၊ အောက်တန်းစား နေရာမျိုးမှာ အောက်တန်းစားလူမျိုးပဲ လာမှာပေါ့ ဟုတ်ဘူးလား”

“ခဏနေစမ်းပါဦး”

ဖရန့်ခ်က ကြားဖြတ်ပြောလိုက်တယ်။

“ဘာလဲ”

မာကီက ခပ်ဆတ်ဆတ် မေးတယ်။ သူ့ မျက်နှာပေးကတော့ သောက်ပါးစပ် ပိတ်ထားစမ်း ဖက်တီးကောင် လို့ ဖရန့်ခ်ကို မထီတရီ ပြောနေတယ်။

“မင်း ဘာလို့ ဒီကိုလာတာလဲ၊ ဒီလာပြီး ဘာလုပ်ဖို့လဲ၊ ငါ ဒါကို နားမလည်ဘူး”

“စကားပြောဖို့ပေါ့၊ ဒီည ရော့ပုန်းဂီးက တို့ အလုပ်လုပ်တဲ့ ထိပ်တန်းကလပ်က နားရက်ရတယ်၊ ပုံမှန်ဆို ရှင်ဂျူကု မလာပါဘူး၊ တစ်ခါတလေတော့ တို့ လူတွေနဲ့ စကားပြောချင်လို့ လာတယ်၊ လူတွေက တို့ဇာတ်လမ်းတွေကို နားထောင်ချင်တယ်လေ၊ တို့ဇာတ်လမ်းတွေကို သူတို့ တစ်ခါမှ မကြားဖူးဘူးလေ၊ တို့ အမေရိကသွားရင် ဖြစ်ဖြစ်၊ တခြား ဘယ်သွားသွား လေယာဉ်ရိုးရိုးတန်းက ဘယ်တော့မှ မစီးဘူး ဆိုတာမျိုးပေါ့၊ သိတယ်မဟုတ်လား”

ယူကို ကို ပုဏ္ဏားတိုင်လုပ်ပြန်တယ်။ ယူကိုက အွန်းအွန် လို့ ပြောပြီး သံယောင်လိုက် ခေါင်းညိတ်တယ်။ တချို့က အဲဒီလိုပဲ မဟုတ်လားလို့ ပြောရင်း နာရီကို ကြည့်တယ်။ ပါတီကအပြန် မြားနတ်မောင်ကလပ် ခဏဝင်၊ ခုတော့ ပြန်ချိန်တန်ပြီ ဆိုတဲ့ အချိုးမျိုးပေါ့။ ဒါပေမဲ့ သူက မာကီလောက် မရိုင်းဘူး။ ကျွန်တော်တို့ ကျွေးထားတဲ့ ခေါက်ဆွဲကြော်လေးတော့ သူ အားနာတတ်သေးတယ်။ ဖရန့်ခ်နဲ့ ကျွန်တော် မာကီ့ကို တင်းနေပြီ ဆိုတာလည်း သူ မသိဘူး။ တစ်လုံးစ နှစ်လုံးစ စကားဝင် ထောက်နေတယ်။ ယူကိုက ပိန်ပိန်ဖျော့ဖျော့ ကျန်းမာရေးမကောင်းတဲ့ ရုပ်မျိုးပါ။ ဆံပင်ရှည်ရှည် ပျော့ပျော့ ဖြောင့်ဖြောင့်တွေက တစ်ချိန်လုံး ကော်လာပေါ် ဝဲကျနေလို့ လက်သည်းညှပ်မထားတဲ့ သူ့ လက်တွေနဲ့ သပ်သပ်တင်နေတယ်။ သူ မာကီ ပြောတာကို စိတ်မဝင်စားပေမယ့် အင်း လိုက်နေတယ်။ သူက တကယ့်သာမန်ပါပဲ။ အထီးကျန်မှုနဲ့ နေသားကျနေတဲ့ သာမန်မိန်းမတစ်ယောက်ပေါ့။

“လူဆိုတာ သူ့အိုးနဲ့သူ့ဆန် တန်ရုံဖြစ်တာပဲတဲ့၊ တို့ဆီ အမြဲလာနေကျ ဧည့်သည်တစ်ယောက်က ပြောတာ၊ မှန်တယ်နော်၊ သူက တီဗွီစတေရှင်က ကြီးကြီးမာစတာ တစ်ယောက်လေ၊ ဒီလိုနေရာမျိုး သူ ဘယ်တော့မှ မလာဘူး၊ သူ့ဘဝမှာ ပထမတန်းကလွဲလို့ ဘာမှ မစီးဘူး၊ ဂျပန်အဲလိုင်းက လွဲလို့ပေါ့တဲ့၊ ဂျပန်အဲလိုင်းက ပထမတန်း စူပါထိုင်ခုံ မရှိဘူးတဲ့၊ ဒါကြောင့် ဂျပန်အဲလိုင်းပဲ ရှိတဲ့နေရာဆို သူ ကျည်ဆန်ရထား အထူးတန်း တွဲစီမံးနဲ့ သွားတယ်တဲ့၊ တို့ ဆိုလိုတာက ကမ္ဘာပေါ်မှာ ဒီလို ကွာလတီသမားတွေ အများကြီးပဲလေ၊ အထူးတန်း

ပထမတန်းမှာ မစီးဘူးဘဲ ပထမတန်းရဲ့အရသာကို ဘယ်သိလိမ့်မလဲ၊ လေယာဉ် နောက်ကျလို့ ညအိပ်စောင့်ရမယ်ဆိုရင် ရိုးရိုးတန်းသမားတွေကို နာရီတာ လေဆိပ်နားက ရိုးရိုးဟိုတယ်မှာ ထားပေမယ့် ပထမတန်းသမားကို တော့ ဒစ်စနေလန်း ဟေလ်တန်မှာ ထားတယ်လေ၊ ဒစ်စနေလန်း ဟေလ်တန် နော်၊ သိရဲ့လား၊ အဲဒီမှာ နေချင်တာ တို့အိပ်မက်ပဲ၊ အားလုံးလည်း အဲဒီလိုပဲ မဟုတ်လားဟယ် နော်”

ယူကိုက ပြီးပြီးရော အွန်း လို့ ပြောတယ်။ သောက်ကောင်မ ပြောသမျှ သူပြောနေတုန်းမှာပဲ ဖရန့်ခ် နားနားကပ်ပြီး အချိန်နဲ့တစ်ပြေးညီ ကျွန်တော် ဘာသာပြန်ပေးလိုက်တယ်။ အဲဒီလို လုပ်နေကျ မရှိပေမယ့် ခု မာကီ ပြောတာ ကိုတော့ အခက်အခဲမရှိ ပြန်နိုင်တယ်။ ဂျပန်အားလုံးဟာ ဟေလ်တန်မှာ တည်းခိုဖို့ အိပ်မက်ရှိကြတယ်လို့ ဘာသာပြန်ပေးလိုက်တယ်။

ဖရန့်ခ်က မာကို့ကို ခပ်တိုးတိုး ပျော့ပျော့ပျောင်းပျောင်း ပြောလိုက် တယ်။

“ဟေလ်တန်က မင်း ထင်သလို အဆင့်မြင့်ဟိုတယ် မဟုတ်ဘူးကွ”

မှားနေတာကို ပြင်ပေးနေသလို ထင်ရပေမယ့် ကျွန်တော် ထင်တာတော့ ဖရန့်ခ်ဟာ ဒီကောင်မကို ပညာပြနေတာနေမယ်။ ဘာသာပြန်ပေးမယ်ကွာ။

“မင်း ဘာမှ သေချာမသိပါဘူး၊ နယူးယောက် ဟေလ်တန် ဆိုပါစို့။ ဟိုတယ် အခန်းလေးရာလောက်ဆို အကောင်းဆုံး ဝန်ဆောင်မှုအတွက် ဂိတ် ကုန်ပဲလို့ ပြောကြပေမယ့် နယူးယောက် ဟေလ်တန်မှာ အခန်းတစ်ထောင် ကျော် ရှိတယ်၊ ဒါကြောင့် တကယ်ချမ်းသာတဲ့ လူတွေက ပလာဇာ အသဲလိန်း လို၊ ရစ်ဇ် ကာလ်တန်လို၊ ဝက်စ်ဘူရီလို ဟိုတယ်မျိုးမှာပဲ နေကြတယ်၊ ဟေလ် တန် ဆိုတာ တောသားတွေနဲ့ ဂျပန်တွေပဲ နေချင်တာ”

အချိန်နဲ့တစ်ပြေးညီ ဘာသာပြန်ပေးလိုက်တဲ့အခါ မာကို့ မျက်ခွက်ဟာ ရဲ ခနဲ နီသွားတယ်။ သူဟာ တောသားလို့ အပြောခံချင်ပုံ မပေါ်ဘူး။ တကယ် တော့ သူ တောက တက်လာတာ သေချာတယ်။ ယူကိုကတော့ အမေရိကားမှာ အမေရိကန်တွေပဲ သိတဲ့ကိစ္စတွေ ရှိမယ် ထင်တယ်နော်လို့ အသာအယာ ဝင် ပြောတယ်။ မာကို့ နှုတ်ခမ်းဟာ ရှေ့ကို တစ်တောင်လောက် စူထွက်လာတယ်။ ခု ဒီလူ ဘယ်မှာနေသလဲလို့ ကျွန်တော့်ကို မေးတယ်။ ကျွန်တော်က မပြောနိုင်

ဘူးလို့ ဖြေတယ်။ ဖရန့်ခ်က ဘာပြောတာလဲတဲ့။ ဘာသာပြန်ပြလိုက်တော့ ဖရန့်ခ်က ဟေလ်တန်မှာ နေတယ်လေလို့ ဖြေတယ်။ ယူကိုက ဟီးဟီး ရယ်တယ်။ မာကီကတော့ ဘာမှ ပြန်မပြောဘဲ သူပြောချင်တာ ဇွတ်ပြောနေတယ်။ တိုကျို ရဲ့ အကောင်းဆုံးသော ဟိုတယ်များး ဦကာပေါ့၊ ပတ်ခ်ဟေးရက် ဘယ်လောက် ကျယ်ကြောင်း၊ အီဘီစု ဥယျာဉ်ဟိုတယ်က သူ့အခန်းဟာ ဘယ်လောက် ကောင်းကြောင်း၊ ဘလာ ဘလာ ဘလာ ဘာဘာညာညာပေါ့။ အဲဒီဟိုတယ်တွေကို သူဟာ ဆရာဝန်တွေ၊ ရှေ့နေတွေ၊ တီဗွီ မီဒီယာပိုင်ရှင်တွေနဲ့ချည်း သွားခဲ့တာဆိုပဲ။ သူပြောမှပဲ သူဟာ ဖာ ဆိုတာ သက်သေပြပြီးသား ဖြစ်တော့တယ်။ ဒါကြောင့် ဖရန့်ခ်ဟာ အူမြူးလာတယ်။ သူ မြည်တွန်နေတုန်း ကျွန်တော်တို့ ဒီမှာ တစ်နာရီကျော်နေပြီ ဆိုတာ သတိထားမိတဲ့အတွက် စားပွဲထိုးကို တစ်နာရီစာ ဘေလ် ယူလာခိုင်းလိုက်တယ်။ ဟာ- ယန်းလေးသောင်းနီးနီးပါလား။

“ဟ... ဒါက ဘာလဲ”

ကျွန်တော် မေးလိုက်တယ်။ စားပွဲထိုးရဲ့ ကွင်းလေးဖောက်စွပ်ထားတဲ့ နှုတ်ခမ်းက လှုပ်လာတယ်။

“နိုရီကို ပြောတာ ဒီစျေး မဟုတ်ပါဘူး”

ကျွန်တော် အတတ်နိုင်ဆုံး တည်ငြိမ်အောင် ပြောလိုက်တယ်။

“နိုရီကိုက ဘယ်သူလဲ”

စားပွဲထိုးက မန်နေဂျာဘက်ကို လှည့်ကြည့်ရင်း မေးတယ်။ မန်နေဂျာက လှည့်ကြည့်ပြီး ဘာပြဿနာများ ရှိလို့လဲလို့ အသံနက်နက်နဲ့ မေးတယ်။ ဘာတွေ ဘယ်လောက်ကျတာတုံးလို့ မေးလိုက်တယ်။ ဘေလ်ထဲမှာ ပါတယ်လေတဲ့။

မူလစားပွဲ- ယန်း ၂၀၀၀

စားပွဲပြောင်း- ယန်း ၄၀၀၀ (တစ်နာရီကျော်သွားတဲ့အတွက် နှစ်ဆ)

ယာကီဆိုဘ တစ်ပွဲ- ယန်း ၁၂၀၀၊ နှစ်ပွဲ ယန်း ၂၄၀၀

အာလူးကြော်- ယန်း ၁၂၀၀

အူလောင်တီး- ယန်း ၁၅၀၀

ဝီစကီ- ယန်း ၁၂၀၀

ဘီယာ- ယန်း ၁၅၀၀

ကျန်တာက အခွန်နဲ့ ဝန်ဆောင်ခ တဲ့။

“တစ်နာရီပြည့်တော့ မင်း ဘာလို့ လာမပြောတာလဲ”

ဖရန့်ခ်က ဘေလ်ကို ကြည့်ရင်း မင်းတို့ဟာက ရူးတာပဲလို့ အော်တယ်။ သူ ဂျပန်လို မဖတ်တတ်ပေမယ့် ဂဏန်းတွေက အင်္ဂလိပ်လိုလေ-

“ငါ ဝီစကီ နှစ်ခွက်၊ ခန်းဂျီး... မင်းက ဘီယာတစ်လုံးပဲ သောက်တာ မဟုတ်လား”

မန်နေဂျာက ဒီကလပ်ဟာ နာရီနဲ့ ယူတဲ့စနစ်ကို ကျင့်သုံးကြောင်း၊ ဝန်ထမ်းနည်းတဲ့အတွက် ဧည့်သည်တစ်ယောက်ချင်းစီကို အချိန် ဘယ်လောက် ကြာသွားပြီ ဆိုတာ လိုက်မပြောနိုင်ကြောင်း၊ ဒါကို နားလည်မယ်လို့ မျှော်လင့်ကြောင်း၊ ဝန်ဆောင်ခကလည်း အများသတ်မှတ်ထားတဲ့ စနစ်အတိုင်း ယူတာ ဖြစ်ကြောင်း၊ ဒါကို မကျေနပ်ရင် ရုံးသွားဖြေရှင်းနိုင်ကြောင်း အသုဘက ငိုချင်းသည် လေသံနဲ့ ရှင်းပြနေတယ်။ ဖရန့်ခ်ကို ကျွန်တော် ပြောလိုက်တယ်။ ဖရန့်ခ်က ခေါင်းညိတ်ပြီး အော... အော... ဒါက ဒီလို နွာတဲ့နေရာမျိုးကိုး လို့ ပြောတယ်။

“ဒီခေါ်လာတာ ကျွန်တော်လေ၊ ကျွန်တော့် အမှားလည်း ပါတယ်၊ ခင်ဗျား ကျသင့်ငွေတစ်ဝက်ကို ကျွန်တော့် ညကြေးထဲက ဖြတ်ဗျာ”

အချိန်ကို ကြည့်ဖို့က ကျွန်တော့် တာဝန်လေ၊ အဲဒါ ဟုတ်တယ်။

“ကိစ္စမရှိပါဘူး၊ ခုထိ ကျသလောက်ကို ပေးတာပေါ့”

ခုထိ တဲ့လား။ ဖရန့်ခ်ဟာ သူ့ ပိုက်ဆံအိတ်ထဲက ယန်း တစ်သောင်းတန် လေးရွက်ကို မန်နေဂျာကို ထုတ်ပေးလိုက်တယ်။ သူ ထုတ်ပေးလိုက်တဲ့ ပိုက်ဆံ တွေဟာ ကျွန်တော် မြင်ဖူးသမျှထဲမှာ အစုတ်ဆုံး၊ အညစ်ပတ်ဆုံး ပိုက်ဆံတွေ ပဲ။ မန်နေဂျာဟာ မျက်နှာကြီး ရှုံ့မဲ့ပြီး ပိုက်ဆံကို လက်ညှိုး လက်မနဲ့ ညှပ်ယူ တယ်။ ပိုက်ဆံတွေက ပေကျံ ညစ်ပတ်နေတာပဲ၊ သူတောင်းစား ပိုက်ဆံကျနေ တာပဲ။ အဲ... အဲ... အင်း... ရှင်ဂျုကု ဗဟိုပန်းခြံနားက အိမ်ခြေရာခြေမဲ့တွေ

ဟာ အိတ်တွေထဲ ပိုက်ဆံတွေကို ထည့်ဝှက်ထားတယ်လို့ ကြားဖူးတယ်။ ပိုက်ဆံ ညစ်ညစ်စုတ်စုတ်တွေ။

ကျွန်တော်တို့အားလုံး ပိုက်ဆံတွေကို ငေးကြည့်နေမိကြတယ်။ ဒီလောက် စုတ်ချာတဲ့ ပိုက်ဆံတွေကို ဘယ်သူမှ မမြင်ဖူးကြဘူး ထင်ပါရဲ့။

“ကဲ... ငါတို့ ခုထိ ကျသလောက် ပေးပြီးပြီ”

ဖရန့်ခ်က ပြောလိုက်တယ်။

“ခုထိ ဆိုတာ ဘာလဲဗျ”

ဖရန့်ခ်က သူ ဆက်နေချင်သေးတယ်တဲ့။ ဖရန့်ခ်ရဲ့ မျက်နှာပေးရယ်၊ လေသံရယ်၊ မယုံနိုင်လောက်အောင် စုတ်ပြတ် နွမ်းရိပေကျံနေတဲ့ ပိုက်ဆံတွေရယ်ကြောင့် မန်နေဂျာဟာ ပြဿနာအနံ့ကို ရှူမိတယ် ထင်တယ်။ ခု အနေအထားမှာတော့ ဧည့်သည်တွေဟာ ပတ်စာခွာ ဖျာသိမ်းကြတာပဲလို့ ပြောတယ်။ လွယ်လွယ် ဘာသာပြန်ရရင်တော့ ကျေးဇူးပြုပြီး သွားကြပါတော့ ခင်ဗျာလို့ ဆိုလိုတာပဲ။

“ဖရန့်ခ်ရေ သွားကြစို့၊ ဒီက စနစ်အရတော့ ကျွန်တော်တို့ သွားရတော့မယ်”

သူ့ပခုံးကို အသာကိုင်လိုက်တယ်။ အလို- ပခုံးကြွက်သားတွေဟာ အကြိမ်ကြိမ် ထုထားတဲ့ သံခဲလို မာတင်းနေပါ့လား။ သူ့ပခုံးကို ထိလိုက်တဲ့ လက်ချောင်းလေးတွေက တစ်ဆင့် စိမ့်ကျဉ်မှုဟာ ကျွန်တော့် ခန္ဓာကိုယ်ထဲ စီးဝင်ပြီး ကျောရိုးတစ်လျှောက် အောက်ကို ဆင်းသွားတယ်။

“အိုကေလေ၊ ဒါဆိုလည်း သွားတာပေါ့၊ ခဏလေး၊ ခုနက ပေးလိုက်တဲ့ ပိုက်ဆံတွေက မြောင်းထဲ ကျထားလို့ ညစ်ပတ်နေတယ်၊ ခရက်ဒစ်ကတ်နဲ့ ပေးလို့ရမလား”

ပိုက်ဆံအိတ်ကို သူ ပြန်ကိုင်လိုက်တယ်။ ခရက်ဒစ်ကတ်ဆိုတဲ့ အသံကြားတော့ မန်နေဂျာက နည်းနည်းမြူးသွားတယ်။

“ခန်းဂျီး၊ ကတ် သုံးလို့ရလား မေးစမ်းပါ”

ခရက်ဒစ်ကတ် သုံးလို့ရပါတယ်လို့ မန်နေဂျာက ဖြေတယ်။

“ကျုပ်မှာ အင်မတန် ရှားတဲ့ အမေရိကန် အိပ်စ်ပရက်စ်ကတ် တစ်ကတ် ရှိတယ်။ လာကြ လာကြ၊ ဟိုကောင်မလေးတွေလည်း လာ၊ ဒီကတ်ကို ကြည့်ကြ၊ သေချာကုန်းပြီး ကြည့်၊ သေချာကြည့်၊ ဒီ စစ်သူရဲကောင်းမျက်နှာကို သေချာကြည့်၊ အလင်းထဲမှာ ဟောသလို လှည့်ကြည့်ရင်း ဟော... သူ ပြုံးပြနေပြီ၊ ဟော... မပြုံးတော့ပြန်ဘူး၊ တွေ့လား၊ ကြည့်... ကြည့်...”

မန်နေဂျာရယ်၊ စားပွဲထိုးရယ်၊ မာကီရယ်၊ ယူကိုရယ်ဟာ ခရက်ဒစ်ကတ်ကို ဝိုင်းအုံပြီး ကပ်ကြည့်ကြတယ်။ ကျွန်တော် သိတယ်။ ဖရန့်ခ် တစ်ခုခု လုပ်နေပြီ။ အခန်းထဲက လေထုဟာ ကျွန်တော့် အရေပြားကို တစစ်စစ် ဆူးနဲ့ ထိုးသလိုလို ဖြစ်လာတယ်၊ အသက်ရှူရ ကျပ်လာတယ်။ ကျွန်တော်ပဲ ဖရန့်ခ်ရဲ့ ခရက်ဒစ်ကတ်ကို ကြည့်မနေတာ၊ ကျွန်တော် မန်နေဂျာနဲ့ စားပွဲထိုး မျက်နှာကို ကြည့်နေမိတယ်။ စက္ကန့်ပိုင်းအတွင်း သူတို့ မျက်နှာတွေ အမူအရာ ပြောင်းလာတယ်။ မျက်လုံးတွေပေါ့။

အိပ်မွေ့ချခံရတဲ့အခါမှာ မရဏကမ္ဘာကို ယာယီ ရောက်သွားတတ်တယ်လို့ စာတစ်အုပ်ထဲ ဖတ်ဖူးတယ်။ ဟုတ်၊ မဟုတ်တော့ မသိဘူး။ ခု သိသာတာတော့ အမှန်ပဲ။ အမေရိကန် အိတ်စ်ပရက်စ်ကတ်ကို ကြည့်နေတဲ့ မန်နေဂျာရဲ့ မျက်လုံးသူငယ်အိမ်တွေဟာ ကျယ်သည်ထက် ကျယ်လာတယ်။ ခဏနေတော့ သူ့မေးရိုးနဲ့ ပါးပြင်က ကြွက်သားတွေဟာ တဆတ်ဆတ် တုန်လာတယ်။ သွားချင်းရိုက်နေတဲ့ အသံကို ကြားနေရတယ်။ လည်ပင်းက သွေးကြောကြီးတွေ ထောင်ထလာတယ်။ ဒါဟာ အကြောက်တရားနဲ့ ရင်ဆိုင်ရတဲ့ အခြေအနေမှာ လူသားရဲ့ တုံ့ပြန်မှုလိုမျိုးပဲ။ ဒါပေမဲ့ အဲဒါ စက္ကန့်ပိုင်းလောက်ပဲ ကြာတယ်။ ခဏနေတော့ လည်ပင်းသွေးကြောတွေ မှိန်သွားပြီး မျက်နှာအရောင်အသွေးကလည်း ဖျတ်ခနဲ မှောင်သွားသလိုပဲ။

ဖရန့်ခ်က ကျွန်တော့်ကို ညင်ညင်သာသာလေး ပြောလိုက်တဲ့ အသံကို ကြားရတယ်။

“ခန်းကျီး အပြင်သွားပြီး မင်းကောင်မလေးဆီ ဖုန်းဆက်နေလိုက်”

“ဟင်”

ကျွန်တော် မကြားဘူး ထင်လို့လား မသိ၊ သူက ခုနက စကားကိုပဲ တစ်လုံးချင်း ထပ်ပြောတယ်။

“အပြင်ကို သွား၊ မင်း ကောင်မလေးဆီ ဖုန်းခေါ်”

ဖရန့်ခ်ရဲ့မျက်နှာဟာ အင်မတန် ခက်ခဲတဲ့ အလုပ်ကို အောင်မြင်ပြီးမြောက်လို့ ဘီယာအေးအေးနဲ့ ဂုဏ်ပြုအပန်းဖြေရတော့မယ့် မျက်နှာပေးမျိုးဖြစ်လာတယ်။ မန်နေဂျာရယ်၊ စားပွဲထိုးရယ်၊ မာကီရယ်၊ ယူကိုရယ်ကတော့ နေရာတင် ရေခဲရိုက်ထားသလို မလှုပ်နိုင်ဘူး။ မျက်လုံးတွေဟာ ဝိုင်းဝိုင်းလည်လို့၊ ကြွက်သားတွေဟာ တောင့်နေတာလား၊ ပျော့နေတာလားတောင် ဝေခွဲမရဘူး။ အဲဒီအချိန်မှာ လေဒီ (၃) က သီချင်းဆိုနေတုန်း၊ မစ္စတာချေးဒရန်းက လေဒီ (၅) နဲ့ ဈေးညှိနေတုန်း၊ ဒီဘက်စားပွဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာကို သူတို့ သတိမထားမိကြဘူး။

“ဖရန့်ခ်၊ ဒါ မမိုက်ဘူးနော်”

ကျွန်တော် ထင်တာက သူ အားလုံးကို အိပ်မွေ့ချ၊ ပိုက်ဆံပြန်ယူပြီး ထွက်လာမယ်လို့ပေါ့။

“အဲဒီလိုလုပ်ရင် ကျွန်တော် ကာဘူကီ-ချို မှာ နောက်တစ်ခါ ဘယ်လို မျက်နှာပြမလဲဗျာ”

“အဲဒီလို မလုပ်ပါဘူး ခန်းဂျီး၊ မင်း အပြင်သာ သွားနေပါ၊ ငါ ကိုင်တွယ်ပါရစေ”

ဒါမှမဟုတ် မင်းကိုပါ ငါ သတ်ပေးရမှာလားလို့ သူ့မျက်လုံးတွေက ပြောနေတာကို ကျွန်တော် ခု သေချာသိပါပြီ။ ကျွန်တော့် ကျောရိုးတွေဟာ ရေခဲရိုက်ခံထားရသလို ထုံကျဉ် အေးစက်နေတယ်။ ကျွန်တော် ဘာလုပ်မှန်း ကိုယ့်ကိုယ် ကိုယ် မသိလိုက်ခင် ထရပ်ပြီးသား ဖြစ်နေတော့မှ ကျွန်တော်လည်း အိပ်မွေ့ချခံလိုက်ရပြီလား လို့ တွေးမိတယ်။ မန်နေဂျာနဲ့ စားပွဲထိုးကြားကနေ ကျွန်တော် တိုးထွက်လိုက်တယ်။ စားပွဲထိုး ညာလက်ကို တံတောင်နဲ့ တိုက်မိတယ်။ သူ့လက်ဟာ ဘာခံစားချက်မှ မရှိတဲ့ပုံပဲ။ စားပွဲက ထွက်လာတော့ မာကီနဲ့ ယူကိုကို လှည့်ကြည့်မိတယ်။ အလို... ဆီးဆော စီးနေသလို သူတို့ ရှေ့နောက် တွန်းထိုးလှုပ်ယမ်း နေကြပါလား။

ဓာတ်လှေကားဘက် လျှောက်လာရင်း မိုဘိုင်းဖုန်းကို အဖုံးဖွင့်လိုက်တယ်။ ဇွန်ဟာ ကျွန်တော့်အခန်းမှာ ရောက်နေလောက်ပြီ။ ကျွန်တော် သူ့ဆီ

ဖုန်းမခေါ်နိုင်ဘူး၊ အဲဒီနားမှာ ချီတုံချတုံနဲ့ အတော်ကြာသွားတယ်။ နောက်ဆုံးတော့ ကလပ်ဘက် ပြန်သွားပြီး မှန်တံခါးအတွင်းဘက်ကို ချောင်းကြည့်မိတယ်။ အရိပ်သဏ္ဌာန်တွေ ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားနေတယ်။ ဟာ... အရိပ်တစ်ခု ကျွန်တော့်ဘက် လျှောက်လာပြီ။ ဓာတ်လှေကားဘက် ပြန်ပြေးဖို့ ဟန်ပြင်ပေမယ့် သိပ်နောက်ကျသွားပြီ။

“ကောင်းပြီ ခန်းကျီး၊ လာလေ ဝင်ခဲ့လေ”

မဝင်ချင်ပါဘူး။ ဒါပေမဲ့ ဖရန့်ခ် မျက်လုံးတွေက ကျွန်တော့်ခန္ဓာကိုယ်ထဲမှာလီစုပ်စက်တွေလို ဖောက်ဝင်သွားတယ်။ ကျွန်တော် မလှုပ်နိုင်တော့ဘူး။ ကျောက်တုံး၊ ကျောက်ခဲ ဘဝကို အသွင်ပြောင်းသွားသလိုပဲ၊ ဆံပင်ဖျားကနေ ခြေသည်းကြားထိ လှုပ်လို့မရဘူး။ ဖရန့်ခ်က ကျွန်တော့်ကို ပခုံးကကိုင်ပြီး အထဲကို တရွတ်တိုက် ဆွဲခေါ်တယ်။ တံခါးဝမှာ ကျွန်တော် ဟန်ချက်ပျက်ပြီး ဟပ်ထိုးလဲတော့မလို ဖြစ်တော့ သူက ကျွန်တော့်တစ်ကိုယ်လုံးကို ညာလက်ကလေးနဲ့ အသာလေး ဖမ်းထားတယ်။ ကျွန်တော့်ကို ခရီးဆောင်သေတ္တာတစ်လုံးလို သူသယ်သွားပြီး ကြမ်းပေါ် အသာချ၊ တံခါးဘက်ပြန်သွားပြီး အပြင်က စတီးသံပန်းတံခါးကို ဝုန်းခနဲ ဆွဲပိတ်လိုက်တယ်။

ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တော့ ခြေထောက်နှစ်စုံကို တွေ့ရတယ်။ ယောကျ်ားခြေထောက်နဲ့ မိန်းမခြေထောက် တစ်စုံစီ။ မိန်းမက မာကီဆိုတာ ချက်ချင်းသိတယ်။ သူ့ ဒေါက်မြင့်ဖိနပ်အနီနဲ့ ဇာစတော့ကင်း ခြေစွပ်ဖြူတွေကို မှတ်မိတာကိုး။ ညို့သကျည်း နေရာလောက်ကနေ နီညိုရောင် အရောင်တောက်တောက် စိုစိုစွတ်စွတ် စီးကြောင်း တစ်ခုဟာ ကပ်ပါးပိုး တစ်ကောင်လို ဖြည်းဖြည်းမှန်မှန် အောက်ကို စီးကျနေတယ်။ မာကီ ရပ်နေတဲ့ နေရာနဲ့ မျက်နှာချင်းဆိုင် စားပွဲမှာတော့ လေဒီ (၅) ရယ်၊ မစ္စတာချေးဒရန်းရယ်၊ လေဒီ (၃) ရယ်ဟာ မာကီကို ပါးစပ်အဟောင်းသားနဲ့ ပြူးပြီး ကြည့်နေကြတယ်။ တစ်ယောက်မှ အသံမထွက်နိုင်ကြဘူး။ သူတို့ ဘာကိုကြည့်နေလဲ ဆိုတာကို ကျွန်တော် ကြည့်လိုက်တဲ့အခါမတော့ အစာအိမ်ထဲက ရှိသမျှ အရာတွေ လည်ချောင်းဝကို ခုန်ထွက်လာတော့တယ်။ စစချင်းတော့ မာကီ့ မေးစေ့အောက်မှာ နောက်ထပ် ပါးစပ်တစ်ပေါက် ပွင့်နေတယ်လို့ထင်မိသေးတယ်။ အဲဒီ ပြုံးသလို ပွင့်နေတဲ့ ဒုတိယ ပါးစပ်ပေါက်ကနေ ကတ္တရာစေးလို ချွဲချွဲမည်းမည်း အရည်တွေ စိမ့်ထွက်နေတယ်။ မာကီ့ လည်ပင်းကို ဟိုဘက်နားရွက်က

နေ ဒီဘက်နားရွက်ထိ ဝိုက်ပြီး လှီးထားတာကိုး။ သူ့ခေါင်းဟာ အချိန်မရွေး ပြုတ်ကျသွားတော့မလိုပဲ။ ဒါပေမဲ့ မာကီဟာ သူ့ခြေထောက်ပေါ် သူ ရပ်နိုင်သေးသလို အသက်လည်း ရှင်နေသေးတာ အံ့သြစရာပဲ။ သူ့မျက်လုံးတွေဟာ ဒေါင်ချာစိုင်းအောင် လည်နေပြီး လည်ချောင်းကနေ အမြုပ်ထနေတဲ့ သွေးတွေ တပွက်ပွက် ကျနေချိန်မှာ နှုတ်ခမ်းတွေဟာ တစ်ခုခု ပြောနေသလို တဆတ်ဆတ် တုန်နေတယ်။ ဘေးနားက ယောကျ်ားက မန်နေဂျာပဲ။ တကယ်တော့ မန်နေဂျာနဲ့ မာကီဟာ လဲမသွားအောင် အချင်းချင်း မှီတွယ်ထားသလို ပုံစံမျိုး၊ မန်နေဂျာက... အမယ်လေး... မန်နေဂျာ့ မျက်နှာက ကျောကုန်းဘက် လှည့်နေတာပဲ။ လည်လိမ်ချိုးထားတာ။ ဟောင်းလောင်းပွင့်နေတဲ့ ပါးစပ်က လက်ပြင်ရိုးပေါ်မှာ တွဲရရွဲခိုနေတယ်။ မာကီရဲ့ ဒေါက်မြင့်ဖိနပ်တွေနားမှာတော့ ယူကိုနဲ့ စားပွဲထိုးဟာ ကြမ်းပြင်ပေါ် ပုံလဲနေတယ်။ ဆာရှီမီဓားလိုမျိုး ဓားပါးပါး ရှည်ရှည်လေးဟာ ယူကိုရဲ့ ကျောပြင်မှာတစ်ဆုံး စိုက်ဝင်နေတယ်။ စားပွဲထိုးကတော့ မန်နေဂျာလို လည်လိမ်ချိုး ခံထားရတယ်။

လေဒီ (၃)၊ မစ္စတာ ချေးဒရန်း နဲ့ လေဒီ (၅) တို့ဟာ ဆိုဖာပေါ် ထိုင်မြဲ၊ သူတို့ အိပ်မွေ့ချခံထားရတာလား၊ သတိလစ်နေတာလား၊ အကြောက်လွန်ပြီး မလှုပ်နိုင်တာလား ဆိုတာ ကျွန်တော် မသိဘူး။ တလိမ့်လိမ့် တက်လာတဲ့ အန်ချင်စိတ်ကို ဇွတ်မှိတ်မျိုချရင်း အစာအိမ်ထဲက တက်လာတဲ့ အက်ဆစ် ဒီရေကြောင့် ရင်ဘတ်၊ လည်ချောင်းနဲ့ နားထင်တွေ ပူထူ ထုံကျဉ်ကုန်တယ်။ ကျွန်တော် စဉ်းလည်း မစဉ်းစားနိုင်ဘူး၊ စကားလည်း မပြောနိုင်ဘူး၊ ဒါ တကယ် ဖြစ်နေတာ မဟုတ်ဘူး၊ နိုးဖို့ခက်နေတဲ့ ခြောက်အိပ်မက်ဆိုး မက်နေတာပါလို့ ကိုယ့်ကိုယ်ကိုယ် အသံတိတ် ပြောမိတယ်။ ကျွန်တော့်မြင်ကွင်းထဲ ဖရန့်ခ် ဝင်လာတယ်။ ယူကို့ ခန္ဓာကိုယ်ကနေ ဆွဲနုတ်လိုက်ပုံရတဲ့ ဓားကို ကိုင်ပြီး လေဒီ (၃) ဆီ သူ လျှောက်လာတယ်။ လေဒီ (၃)ဟာ မေ့နေတာလည်း မဟုတ်ဘူး၊ အိပ်မွေ့ချခံထားရတာလည်း မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖရန့်ခ် ချဉ်းကပ်လာတာကို သူ တုံ့ပြန်လို့ပဲ၊ ဒါပေမဲ့ အင်မတန် နုံချာတဲ့နည်းနဲ့ တုံ့ပြန်တာ။ သူ့ညာလက်ဟာ ဆိုဖာပေါ်ချထားတဲ့ မိုက်ကို ဆုပ်ထားတုန်းပဲ၊ သူဟာ ရှေ့တိုးနောက်ငင် ယိမ်းယိုင်ပြီး ကြောင်ပေါက်စလေး တစ်ကောင် ကစားဖို့ စိတ်လှုပ်ရှားနေသလို လုပ်နေတယ်။ မိုက်က ဖွင့်ထားတဲ့အတွက် ဆိုဖာနဲ့ အဝတ်နဲ့ ပွတ်တိုက်နေတဲ့အသံဟာ တဂျိုဂျိုနဲ့ စိတ်ချောက်ချားစရာ ကောင်းလောက်အောင် တစ်ခန်းလုံး ညံနေတယ်။ သူ ထွက်ပြေးဖို့ ကြိုးစားပုံပါပဲ။

ဒါပေမဲ့ စိတ်နဲ့ခန္ဓာ ဆက်စပ်မှု ပြတ်တောက်နေပုံပဲ။ လက်မောင်းတွေ၊ ခြေထောက်တွေဟာ တဆတ်ဆတ် တုန်နေတယ်။ ဦးနှောက်ကနေပြီး သူ့ကြွက်သားတွေနဲ့ ဆက်သွယ်ထားတဲ့ နှဗ်ကြောတွေဟာ ရှော့ခ်ရိုက်လိုက်သလို ဖြစ်နေပြီး သူ့ခန္ဓာကိုယ် လှုပ်ရှားမှုတွေဟာ အာရုံသိ ထိန်းချုပ်မှုအောက်မှာ မရှိဘူး ဖြစ်နေတယ်။ ကျွန်တော်လည်း သူ့လိုပါပဲ။ ကျွန်တော့် အမြင်အာရုံနဲ့ အကြားအာရုံတွေဟာ ရောထွေးနေတယ်။ လေဒီ (၃) ဆိုနေတဲ့ အာမူရိုသီချင်းသံစဉ်ဟာ ဖွင့်ထားတုန်းပဲ၊ ဒါပေမဲ့ အဲဒါကို ကျွန်တော့် နားတွေက တကယ် ကြားနေတာလား၊ ကြားယောင်နေတာလား ဆိုတာ မသေချာဘူး။ ဖရန့်ခ် သူ့ရှေ့တည့်တည့်မှာ ရပ်လိုက်ချိန်မှာတော့ လေဒီ (၃) ဟာ သူ့ရဲ့အသားရောင် စကတ်အောက်ကနေ ဆီးတွေ ဒလဟော ထွက်ကျလာတော့တယ်။ ကြမ်းပေါ် တဖြန်းဖြန်း ကျနေတဲ့ ဆီးတွေထဲ သူ့ခန္ဓာကိုယ်ရဲ့ အားအင်တွေ အကုန် စီးထွက်သွားသလိုမျိုး သူ့ပခုံးဟာ အောက်တွဲကျသွားတယ်။ ခြေထောက်တွေ ပျော့ကျသွားတယ်။ ဖရန့်ခ်က သူ့ဆံပင်ကို ဆွဲပြီး သူ့ရင်အုံထဲ ဓားပါးလေး လှစ်ခနဲ ထိုးသွင်းလိုက်တဲ့အခါ သူ့မျက်နှာပေါ်မှာ အပြုံးလဲ့လဲ့လေး တစ်ခုပေါ်လာတယ်။ မြက်ခင်းပေါ်ကနေ ပုရွက်ပုံ တစ်ကောင် ပုံထွက်သွားသလိုပဲ သူ့ရဲ့ ပြုံးယောင် သန်းနေတဲ့ မျက်နှာနဲ့အတူ တစ်ခုခု ထာဝရ ပျောက်ဆုံးသွားခဲ့တာ သေချာပါတယ်လေ။

အဲဒီအချိန်မှာ လေဒီ (၅) ဟာ ငယ်သံပါအောင် ထအော်တယ်။ လေဒီ (၃) သူ့ရှေ့တင် အသတ်ခံရတဲ့အတွက် အော်တာမျိုး မဟုတ်ဘူး။ တစ်ယောက်ယောက်က ကက်ဆက်ကို အသံပိတ်ထားရာကနေ အသံထွက်တဲ့ ခလုတ်ကို နှိပ်မိလိုက်သလိုမျိုး။ ဖရန့်ခ်ဟာ လေဒီ (၃) ရဲ့ ရင်အုံမှာ စိုက်ထားတဲ့ ဓားကို ဆွဲနုတ်လိုက်တယ်။ ပြီးတော့ လေဒီ (၃) လက်ထဲက မိုက်ကို ဆွဲဖြုတ်တယ်။ ဒါပေမဲ့ မရဘူး။ လက်ချောင်းတွေ ဖြူနေတဲ့ထိ အတင်းဆုပ်ထားတဲ့အတွက် ဖြုတ်မရဘူး။ ဖရန့်ခ်ဟာ လေဒီ (၃) ကို ဆံပင်ဆွဲ ခေါင်းမော့လိုက်ပြီး သူ့လက်ညှိုးကို လေဒီ (၃) မျက်လုံးထဲ စွပ်ခနဲ ထိုးထည့်လိုက်တယ်။ ဖောက်ခနဲ အသံတစ်သံကို ကျွန်တော် ကြားလိုက်ရပြီး ချက်ချင်းပဲ မိုက်ဟာ သူ့လက်ထဲက လွတ်ကျသွားတယ်။ သူ့မျက်လုံးထဲကနေ ထွက်ကျလာတဲ့ ဟာတွေကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ အနီစက်လေးတွေ ရောနေတဲ့ ခပ်ပျစ်ပျစ် အရည်ကြည်တွေ၊ ဖရန့်ခ်ဟာ မိုက်ကိုကိုင်ပြီး အော်နေတဲ့ လေဒီ (၅) ပါးစပ်နားတော့ပေးလိုက်တယ်။ အသံကုန်အော်နေတာကို မိုက်တော့ပေးတော့ ထွက်လာ

တဲ့အသံဟာ မခံမရပ်နိုင်လောက်အောင် ကျယ်လောင်တယ်။ ဒါပေမဲ့ ထူး ထူးဆန်းဆန်း သီချင်းသံလိုလည်း ဖြစ်နေခဲ့တယ်။ ဖရန့်ခ်ဟာ လေဒီ (၅) ရဲ့ လည်မျိုကို လက်ညှိုးထိုးပြရင်း ကျွန်တော့်ကို ကြည့်နေတယ်။ ကျွန်တော် လည်း ကြည့်လိုက်မိတယ်။ အသံကုန်အော်နေတဲ့ လေဒီ(၅)ရဲ့ အသံကြိုးတွေ လှုပ်ရှားနေတာကို သူ့လည်ပင်းမှာ မြင်မိသလိုပဲ။ ရယ်ဒီပဲလား ဒီမှာ စောင့် ကြည့်ထား ဆိုတဲ့ မျက်နှာပေးမျိုးနဲ့ ဖရန့်ခ်ဟာ လေဒီ (၅) ရဲ့ လည်မျိုထဲကို ဓား နဲ့ ခပ်နက်နက် လှီးချလိုက်တယ်။ အော်နေတဲ့ အသံဟာ ရွှိခနဲ၊ တစ်ချက်မြည် ပြီး ဖျတ်ခနဲ ပျောက်သွားခဲ့တယ်။

ဖရန့်ခ်ဟာ တစ်ချက်တစ်ချက် အနှေးပြကွက်လို တစ်ချက်တစ်ချက် ရှေ့ ကို အမြန်ရစ်လိုက်သလို ပုံသဏ္ဌာန် အမျိုးမျိုးနဲ့ လှုပ်ရှားနေတယ်လို့ ထင်ရ တယ်။ တစ်ခါတလေ သူ လှုပ်ရှားနေတယ်တောင် မထင်ရဘူး၊ ယူကို့ ကျောက ဓားကို နုတ်ယူလိုက်တာ ကျတော့လည်း လျှပ်ပြက်သလို မြန်တယ်။ စိတ် ချောက်ချားလွန်ပြီး ရှော့ခ်ရနေတဲ့ အချိန်မျိုးမှာ အာရုံခံစားမှုနဲ့ တုံ့ပြန်မှုတွေ ပုံသဏ္ဌာန် ပျက်ယွင်းလွယ်လှတာဟာ အံ့အားသင့်စရာပါပဲ။ မစ္စတာ ချေးဒရန်း ဟာ သူ့ဘေးက မိန်းမ လည်လှီးခံလိုက်ရတာကို ခေါက်ဆွဲဘူး ကြော်ငြာ ကြည့် နေရသလို ရုပ်မျိုးနဲ့ ကြည့်နေခဲ့တယ်။ သူ့မျက်နှာကတော့ မျှော်လင့်ချက်မှန် သမျှ ပျက်သုဉ်းသွားတဲ့ ပုံမျိုးပါပဲ။ ပြေးဖို့လွှားဖို့၊ တိုက်ဖို့ခိုက်ဖို့ လိုအပ်ပြီဆိုရင် ခန္ဓာကိုယ်ဟာ စွမ်းအင်ကိုပေးတဲ့ အက်ဒရီနလင် စတဲ့ ဟိုမုန်းမျိုးတွေ ထွက်ပြီး သွေးခုန်နှုန်း နှလုံးခုန်နှုန်းကို မြန်စေ၊ တိုက်ခိုက်ဖို့ ဒါမှမဟုတ် ပြေးဖို့ အသင့် အနေအထားကို ဖြစ်စေတယ်လို့ ကျွန်တော် တစ်ခါက ဖတ်ဖူးတယ်။ ဦးနှောက် နဲ့ ခန္ဓာကိုယ်က ပုံမှန်အနေအထား ရောက်ပေမယ့် ထွက်လာတဲ့ ဟိုမုန်းတွေက အလျှံပယ် ဖြစ်နေသေးရင် လူဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ စိတ်နဲ့ ခန္ဓာ မကပ်သလို ဖြစ်တတ်သတဲ့။ အဲဒါဟာ ကျွန်တော်အပါအဝင် ဒီအခန်းထဲ က လူတွေအားလုံး ဖြစ်နေတဲ့ အခြေအနေပဲ။ ကျွန်တော့် အိတ်ထောင်ထဲက မျက်ရည်ယို ဆေးဘူးကို သတိရတယ်။ ဒါနဲ့ ဖရန့်ခ်ကို တားရမလား၊ အမယ် လေး ဒီအကြံရတာနဲ့တင် မခံနိုင်အောင် ဖြစ်နေပြီ။ အိမ်သာထဲပြေးပြီး ဒီဘူးကို လွှင့်ပစ်လိုက်ချင်တယ်။ ဒီဆေးဘူးဟာ ဖရန့်ခ်လို လူကို ဘာများ ဒုက္ခပေးနိုင်မ တဲ့တုံး၊ ကျွန်တော် အသတ်ခံရမှာ သေချာတယ်။ လေဒီ (၃) ရင်ဝကို ဓားဝင် သွားသလို၊ လေဒီ (၅) ရဲ့ လည်ချောင်း ကားဘောနက် ဖွင့်သလို ပွင့်ထွက်သွား သလိုမျိုး ကျွန်တော့် ခန္ဓာကိုယ် အပိုင်းပိုင်း ပြတ်သွားလိမ့်မယ်။ ဒီအတွေး

ကြောင့် တစ်ကိုယ်လုံးက ရှိသမျှ နာဗ်ကြောတွေ အေးခဲသွားတယ်။ တကယ် တော့လည်း လူတွေဟာ ကိုယ် ဘာလုပ်နေမှန်း မမြင်ရရင် ဘာမှ လုပ်လို့မရဘူး ပဲ။ ပုံမှန်ဆို ကျွန်တော်တို့ဟာ ဒါကို သတိမထားမိကြဘူး။ တစ်ခုခု လုပ်တော့ မယ်ဆိုရင် မလုပ်ခင် ကိုယ် ဒါလုပ်နေတဲ့ ပုံရိပ်ကို အရင်ဆုံး မြင်ယောင်တတ် ကြတာကိုး။ ဒါကို ဖရန့်ခ်က ဖျက်ဆီးပစ်လိုက်တယ်။ ကျွန်တော်တို့ တစ်ခုခု လုပ်မယ့် လမ်းကြောင်းကို ကျွန်တော်တို့ မမြင်နိုင်အောင် သူ ဖျက်ဆီးပစ် တယ်။ ဒီတိုင်းပြည်မှာ၊ ဒီကမ္ဘာမှာ လူဘယ်နယောက်များ လူတစ်ယောက်ရဲ့ လည်ပင်းကို အရှင်လတ်လတ် လှီးလိုက်တာကို စိမ်ပြေနပြေ ထိုင်ကြည့်ဖူးလို့ လဲ။ ဒါဟာ ရက်စက်လိုက်တာ၊ သနားစရာ ကောင်းလိုက်တာ၊ ကြောက်စရာ ကောင်းလိုက်တာ၊ သိပ်နာမှာပဲ ဆိုတာတွေထက်ကို ပိုတယ်။ လေဒီ (၅) ရဲ့ လည်မျိုကို ဖရန့်ခ် အနက်ကြီး လှီးချလိုက်တာပဲ၊ ဒါပေမဲ့ သွေးက နည်းနည်းပဲ ထွက်တယ်။ အထဲမှာ နီရဲရဲ အချောင်းလေးက တလှုပ်လှုပ်နဲ့၊ အသံအိုး အသံကြိုး ဆိုတာများလား မသိဘူး။ လူတွေဟာ ဒါကို တစ်ခါမှ မမြင်ဖူးပေမယ့် ကိုယ့်ခန္ဓာကိုယ်ထဲက အရာဆိုတော့ မြင်လိုက်ရင် အာရုံသိနဲ့ သိတယ် ထင်ပါ ရဲ့။ အဲဒါကို မြင်လိုက်ရလို့ ကြောက်စိတ်နဲ့ တစ်ကိုယ်လုံး ပျော့သွားချိန်မှာ ကျွန် တော့်ဟာကျွန်တော် ရှေ့ဆက် ဘာလုပ်မယ် ဆိုတာကို မြင်နိုင်စွမ်း မရှိတော့ ဘူးလေ။

လေဒီ (၅) ရဲ့ လည်ချောင်း ဟက်တက်ကွဲ ဒဏ်ရာကနေ သွေးတွေ လျှံ ကျ စိမ့်ကျ လာတဲ့အခါမတော့ သွေးဟာ ရဲရဲနီမနေတော့ဘဲ ဆာရှီမီ စားရင် တွဲ စားတဲ့ ပဲပိစပ်ဆော့စ်လို မည်းညစ်ညစ် ဖြစ်နေခဲ့ပြီ။ ကျွန်တော် လုံးဝ မလှုပ်နိုင် ပါဘူး၊ အကြောသေသလို ဖြစ်နေတယ်၊ တစ်ကိုယ်လုံး ထုံကျဉ်နေတယ်။ ဖရန့် ခ်ဟာ ကျွန်တော့်မျက်နှာကို ဓားနဲ့ လာလှီးရင်တောင် တစ်ဖက်ကို လှည့်နိုင် မယ် မထင်ပါဘူး။ ဒီကလပ်မှာ ပြတင်းပေါက် မရှိဘူး၊ အပြင်လောကနဲ့ အဆက်အသွယ် လုံးဝ ပြတ်နေတယ်။ မရဏကမ္ဘာမှာ ဒူးမြုပ်လုနီးပါး ဖြစ်နေခဲ့ ပြီလို့ ခံစားနေရတယ်။ အပြင်လောကမှာတော့ လူတွေဟာ လိင်ဆန္ဒကို ရောင်း တဲ့လူက ရောင်း၊ ဝယ်တဲ့လူက ဝယ်နေကြတယ်။ လမ်းထောင့်တွေမှာ ကောင်မလေးတွေဟာ မီနီစကတ်လေးတွေ ဝတ်၊ အအေးဒဏ်ကြောင့် ကြက်သီးတွေ ထနေတဲ့ ခြေထောက်ပိုင်ရှင် ကောင်မလေးတွေဟာ ရယ်မော ပျော်ရွှင် တေးသီချင်တဲ့ ငမူးများ အထီးကျန်ဝေဒနာအတွက် အငှားခန္ဓာဝယ် များ ဝယ်မလားဆိုပြီး စောင့်နေကြတယ်။ နီယွန်မီးအလင်းရောင် အောက်မှာ

တော့ ရွှေကြိုတွေဟာ မောင်မူး၊ ကိုမူး၊ ဦးမူးများကို နတ်ပြည် ရောက်သွားစေရ မယ်လို့ အာမခံတယ်ဆိုပြီး တစာစာအော်လို့၊ ခု အဲဒီမြင်ကွင်းတွေဟာ ထာဝရ ပျောက်ကွယ်သွားတော့မှာလား။

ဖရန့်ခ်က မစ္စတာချေးဒရန်းကို ဆံပင်က ဆွဲပြီး လေဒီ (၅) ဘက်ကို မျက်နှာလှည့်ပေးလိုက်တယ်။ လေဒီ (၅) ရဲ့ ခေါင်းဟာ နောက်ကို လန်ကျနေ တဲ့ အတွက် လည်ပင်းက ဟက်တက်ကွဲ ဒဏ်ရာကြီးဟာ ပိုဟနေသလို လည်ပင်းအရေပြားဟာလည်း တင်းပြီး ချောမွေ့နေတယ်။ မစ္စတာချေးဒရန်းကို ဖရန့်ခ်က ဆံပင်ဆွဲထားပြီး ဒီမြင်ကွင်းကို တစိမ့်စိမ့် ကြည့်စေတယ်။ မစ္စတာ ချေးဒရန်းဟာ ဒါကိုကြည့်ရင်း မျက်နှာက ပြုံးလာတယ်။ ခဏနေတော့ သူ တ ဟားဟား ရယ်ပါလေရော။ ငလျင်လှုပ်၊ တိုင်ဖွန်းအကြီးအကျယ် တိုက်ခံရပြီး အသက်ရှင် ကျန်ရစ်သူတွေ စိတ်ရူးပေါက်ပြီး တခိခိရယ်နေတာကို တီဗွီကနေ ချောက်ချောက်ချားချား မြင်နေရသလိုပါပဲ။

“မင်း ဒါကို ရယ်စရာလို့ ထင်နေတာလား”

ဖရန့်ခ်က မေးလိုက်တယ်။ မစ္စတာချေးဒရန်းက ဘယ်နားလည်ပါ့မလဲ။ သူက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ဟားဟားဟားဟား လို့ ရယ်လိုက်ပြန် တယ်။ ဖရန့်ခ်က သူ့ဆံပင်ကို ဆွဲထားတုန်းမှာပဲ သူဟာ စီးကရက်သောက်ဖို့ ဆုံးဖြတ်လိုက်ပုံပဲ။ စားပွဲပေါ်က သူ့ ဆဲဗင်းစတား စီးကရက်ဘူးထဲက တစ်လိပ် ထုတ်လိုက်တယ်။ စီးကရက်ကို သူ့နှုတ်ခမ်းမှာ တပ်လိုက်တာကို ဖရန့်ခ်က စိတ်ဝင်တစား ကြည့်နေတယ်။ မစ္စတာချေးဒရန်းဟာ ဆေးလိပ် သောက်လိုက် ရင်ဖြင့် သူ နည်းနည်း တည်ငြိမ်လာလိမ့်မယ်လို့ ယူဆပုံပဲ။ ဘောင်းဘီအိတ်ထဲ မှာ မီးခြစ်လိုက်စမ်းနေတယ်။ ဖရန့်ခ်က လေဒီ (၅) ဘေးက ဆိုဖာပေါ်က မီးခြစ်ကို ယူပြီး ဖျောက်ခနဲ ခြစ်လိုက်တယ်။ ထောင်ပြပြီး ဒါရှာနေတာလား ဆို တဲ့ သဘောမျိုး ပြလိုက်တယ်။ မစ္စတာချေးဒရန်းက ခေါင်းညိတ်ပြီး ပြုံးလိုက် တယ် ဆိုရင်ပဲ ဖရန့်ခ်ဟာ မီးတောက်ကို မြှင့်လိုက်ပြီး မစ္စတာ ချေးဒရန်းရဲ့ မျက်လုံး၊ နဖူးနဲ့ ဆံပင်တွေကို မီးနဲ့ တို့လိုက်တော့တယ်။ အရေပြားကို မီးလောင်တဲ့ အနံ့က ထောင်းခနဲ ထလာတယ်။ မစ္စတာချေးဒရန်းဟာ မီးတောက်ကနေ ရုန်းထွက်ဖို့ ကြိုးစားပေမယ့် ဖရန့်ခ်က သူ့ဆံပင်ကို ဆောင့် ဆွဲထားလို့ မရုန်းနိုင်ဘူး။ မီးနဲ့ ခဏလေး လွတ်တဲ့အချိန်မှာ သူ့နှုတ်ခမ်းတွေ ပြုံး လာပြီး ဖရန့်ခ်အပေါ် ကျေးဇူးကြွေးတင်နေသလို ခေါင်းတဆတ်ဆတ် ညိတ်ပြ

နေပြန်တယ်။ ဖရန့်ခ်က သူ့နှာခေါင်းတွေ၊ နှုတ်ခမ်းတွေကို မီးနဲ့တိုပြန်တယ်။ ဒီတစ်ခါတော့ သူ အတော်ရုန်းတယ်။ သူဟာ ဖရန့်ခ်ရဲ့ ဗိုက်နဲ့ ရင်ဘတ်တွေကို တစ်နှစ်သားကလေးလိုမျိုး လက်သီးဆုပ်ကလေးနဲ့ မမြင်မကမ်း လှမ်းထိုးနေတယ်။

“လုပ်စမ်း၊ ရုန်းစမ်း၊ ချစမ်း”

လို့ ဖရန့်ခ်က အားပေးရင်း သူ့မျက်နှာကို မီးကင်နေတယ်။ ခဏနေတော့ ဖရန့်ခ်ဟာ အကျယ်ကြီး သမ်းလိုက်တယ်။ သူ့မျက်နှာဟာ ကြက်ဥကွဲသွားသလို ပါးစပ်ကို အကျယ်ကြီး ဟပြီး ဝါးခနဲ သမ်းလိုက်တာ။ မယုံနိုင်လောက်အောင်ပါပဲ။ နောက်ဆုံးတော့ မစ္စတာချေးဒရန်း အော်ပါပြီ။ သူ့အော်သံဟာ ရေဒီယို လိုင်းမမိသလို ပေါ်လိုက် ပျောက်လိုက် ဖြစ်နေတယ်။ ဖရန့်ခ်ဟာ ကျွန်တော် လူမျက်နှာ မီးလောင်တာကို မမြင်ဖူးလို့ ကြည့်ပါစေဆိုပြီး စေတနာထား ပြနေသလိုမျိုး သေချာလှည့်ပြတယ်။ လိမ္မော်ရောင် မီးတောက်တွေ ဟိုလူ့ နှာခေါင်းဝကနေ ထွက်နေတယ်။ ကာရာအိုကေစက်က အာမူရိုသီချင်း ဆုံးသွားပြီး တာကာကို အိုကာမူရာရဲ့ တေးသွား ထွက်လာတယ်။ မစ္စတာချေးဒရန်းဟာ အံ့သြဖွယ် ကောင်းလောက်အောင်ကို ဂီတစည်းချက်နဲ့ အညီ ကနေသလို ခြေတွေ လက်တွေ လှုပ်လာတယ်။ ဖရန့်ခ်က ဟေး... ခန်းဂျီ ဒီမှာ ကြည့်လိုက်စမ်းဆိုတဲ့ အဓိပ္ပာယ်မျိုး ကျွန်တော့်ကို တစ်ချက်ကြည့်တယ်။ မစ္စတာချေးဒရန်းရဲ့ နှာခေါင်းနားက အသားတွေဟာ ဖယောင်းအရည်ပျော်သလို ပျော်ကျပြီး အဆီတွေဟာ စုလာခဲ့တယ်။ နားထင်နဲ့ နဖူးမှာတော့ ချွေးသီးကြီးတွေ ပေါက်ပေါက်ကျနေတယ်။ သူ့နှာခေါင်းထိပ်ဟာ မည်းလာပြီး မျက်နှာက ခရမ်းရောင် သန်းလာတယ်။ ခဏနေတော့ ဂျွတ်ခနဲ နှာခေါင်းရိုးကျိုးသံကို ကြားလိုက်ရတယ်။ သူ့လက်တွေ အောက်ကို ဘုတ်ခနဲ ကျသွားပြီး သူ့အော်သံ တိတ်သွားတယ်။ တာကာကို အိုကာမူရာရဲ့ သီချင်းသံနောက်မှာ အသံတစ်သံကို ကြားရတယ်။ သေချာနားထောင်တော့ မစ္စတာချေးဒရန်းရဲ့ ငိုညည်းသံ ဖြစ်နေတယ်။ ဖရန့်ခ်ဟာ မစ္စတာချေးဒရန်းရဲ့ ခေါင်းကြီးကို မျိုချတော့မတတ် အနီးကပ်ကြည့်လိုက်ပြီး နောက်တစ်ခါ ဝါးခနဲ သမ်းလိုက်ပြန်တယ်။

မျက်နှာတစ်ခုလုံး မီးမြှိုက်ခံထားရပေမယ့် မစ္စတာချေးဒရန်းဟာ သတိမလစ်သွားဘူး။ သူ့ခေါင်းက လေဒီ (၅) ရဲ့ စကတ်ပေါ်ကို စိုက်ကျနေတယ်။ လေဒီ (၅) ရဲ့ လည်ပင်း ဟက်တက်ကွဲ ဒဏ်ရာက သွေးတွေ စိမ့်ထွက်နေတုန်းပဲ။ ဖ

ရန့်ခ်က သူ့စကတ်ကို လှန်လိုက်တဲ့အခါ လေဒီ (၅) ရဲ့ ခေါင်းဟာ နောက်ကို လန်ကျလာလိုက်တာ ကျွန်တော် သူ့ နှာခေါင်းဝလေးကိုပဲ မြင်ရတော့တဲ့ အထိ ပဲ။ လူတစ်ယောက်ရဲ့ ခေါင်းကို အဲဒီလောက်ထိ လှန်ချလို့ ရတယ်ဆိုတာ ကျွန်တော် တစ်ခါမှ မတွေးခဲ့ဖူးဘူး။ လည်ပင်းက ခေးဒဏ်ရာဟာ ခုဆို အထဲမှာ နီညိုရောင် အရည်အပြည့်ထည့်ထားတဲ့ ပန်းအိုးအဝကို ကြည့်နေရသလိုပဲ။ အံ့ သြစရာကတော့ သွေးဟာ ငေါက်ခနဲ ပန်းမထွက်ဘဲ စိမ့်ပြီးပဲ ထွက်နေတယ်။ မစ္စတာချေးဒရန်းဟာ သူ့ရဲ့ ပြတ်ကျ မည်းနက်နေတဲ့ နှာခေါင်းကို ညာလက်နဲ့ အုပ်ပြီး ရှိုက်နေတယ်။ မျက်နှာကနေ မျက်ရည်တွေ၊ ချွေးတွေနဲ့ အရည်တွေဟာ လက်ကြားထဲကနေ စိမ့်ကျနေတယ်။ ဖရန့်ခ်ဟာ လေဒီ (၅) ရဲ့ ခြေထောက် တွေကို ကားလိုက်တယ်။ အတွင်းခံနဲ့ စတော့ကင်တွေ ပေါ်အောင် စကတ်ကို လှန်လိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို လက်ယမ်းပြပြီး ဟေ့ ... ခန်းဂျီး၊ ဒီ နားလာစမ်းတဲ့။ ကျွန်တော် ကြမ်းပြင်ပေါ်မှာ ယက်ကန်ယက်ကန် ဖြစ်နေ တယ်။ ဘယ်လိုမှကို ထလို့ မရဘူး။ ဖရန့်ခ်ဟာ မစ္စတာချေးဒရန်းရဲ့ ဆံပင်ကို လွှတ်လိုက်ပြီး ကျွန်တော့် ဂျာကင်ကော်လာကို ဆုပ်၊ ကြမ်းပေါ်ကနေ လေဒီ (၅) ရဲ့ ခြေထောက်နားထိ တရွတ်တိုက် ဆွဲလာတယ်။ လေဒီ (၅) ဟာ တစ် ကိုယ်လုံး ဟိုနေရာ ဒီနေရာကနေ ဆိုးဆိုးဆတ်ဆတ် လှုပ်နေတယ်။ ကြည့်ရ တာ လေဒီ (၅) ဟာ အသက်ရှင်နေတုန်းလား။ သူ့ပေါင်ရင်းနဲ့ တင်ပါးဆုံ ထိစပ် နေတဲ့ နေရာက ကြွက်သားတွေက တဆတ်ဆတ် တုန်နေတယ်။ သူ့ မ အင်္ကျီဇာတ် လှုပ်ရှားမှုကြောင့် ဆီးခုံမွေးတွေဟာ ခါယမ်းလို့နေတယ်။ အင်္ကျီဇာတ် ကနေ အသက်ရှူနေသလိုပါပဲ။

“ခန်းဂျီး၊ ဟိုကောင့်ကို ဒီကောင်မနဲ့ ဆက်ဆံဖို့ ပြောလိုက်စမ်း”

ဖရန့်ခ်က ကျွန်တော့်နားနားမှာ ကပ်ပြီး ပြောတယ်။ ကျွန်တော် ခေါင်း ယမ်းလိုက်တယ်။ ကျွန်တော် စကားပြောနိုင်ပါ့မလား မသေချာပါဘူး။

“ပြောစမ်း”

ဖရန့်ခ်က အော်လိုက်တယ်။

အကြောက်တရားနဲ့အတူ အန်ချင်စိတ်က တလိပ်လိပ် တက်လာတယ်။ ဖရန့်ခ်က ညာဘက်လက်မှာ ဓားကို ကိုင်ပြီး ကျွန်တော့် မျက်စိရှေ့ကို ထောင်ပြ တယ်။ ကျွန်တော့် နားထင်တွေဟာ အထိအတွေ့ကို မသိရတော့ဘူး။ ပျို့ချင်

စိတ်က လည်ချောင်းထဲကတစ်ဆင့် သွားကြားထဲထိ ရောက်လာတယ်။ မျက်စိအကြည့်က တဆတ်ဆတ် တုန်နေတဲ့ လေဒီ (၅) ရဲ့ အတွင်းသားတွေဆီ ရောက်သွားတဲ့အခါ ကာပူချီနိုအရောင် အနှံဖတ်တွေ ဝေါခနဲ ကျွန်တော့်ပါးစပ်ထဲကနေ ထွက်သွားတော့တယ်။ အန်လိုက်တဲ့အခါ ဒေါသက ထောင်းခနဲ ထလာတယ်။ ဖရန့်ခ်ကို ဒေါသထွက်တာရယ်လို့ မဟုတ်ဘူး။ ဒီအတိုင်း တည်ရှိနေတဲ့ အကောင်အထည်မဲ့ ဒြပ်မဲ့ ဒေါသလို့ပဲ ပြောရမယ်။

နိုးလို့ ကျွန်တော် ပြောဖို့ ကြိုးစားပေမယ့် ပါးစပ်ထဲက အနှံဖတ်တွေပဲ ထွက်ကျလာတယ်။ ပါးစပ်ထဲမှာ တူးခါး ချဉ်စုတ်နေတာပဲ။ ဖရန့်ခ်က ကျွန်တော့်ကို အူမြူးနေသလိုမျိုး ငုံ့ကြည့်ရင်း-

“ကဲ နေလို့ကောင်းသွားပြီ မဟုတ်လား ခန်းဂျီး၊ ဒါဖြင့် မင်း... ဒီကောင်မကို ချကွာ”

“သွား၊ လုပ်ပစ်လိုက်” လို့ သူက ပြောတယ်။

လေဒီ (၅) ရဲ့ မအင်္ဂါကို ဓားဦးချွန်နဲ့ ညွှန်ရင်း ပြောတာ။ ကျွန်တော် ထွီခနဲ တံတွေးထွေးလိုက်မိတယ်။ လုပ်မိလုပ်ရာ လုပ်တာပါပဲ။ ဒါပေမဲ့ တံထွေးထွေးလိုက်တဲ့အခါ ကျွန်တော့် နှာဗဟို့၊ ကြွက်သားတွေဟာ စုစည်းဆက်စပ်သွားတယ်လို့ ထင်မိတယ်။ ဆားကစ် ပြန်စီးသွားတဲ့ သဘောလား မသိဘူး။ စိတ်ဆန္ဒကို ပြန်ရလာတာလား၊ တင်းမာမှုတွေ လျော့သွားတာလား တစ်ခုခုပဲ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ထိန်းချုပ်လို့ မရဘဲ ဘာမှ လုပ်လို့မရဘူး ဆိုတာကို ကျွန်တော် သေချာပေါက် သိသွားခဲ့တယ်။ ကျွန်တော့် အသံကို ပြန်စုစည်းနေပြီဆိုတာ ကျွန်တော် ခံစားမိတယ်။

“နို့”

ကျွန်တော် အော်ပြောလိုက်တယ်။ အသံထွက်လာချိန်မှာ လျှာပေါ်က အနှံဖတ်အရသာ ချဉ်စုတ်စုတ်ကို ရတယ်။ နိုးလို့ ပြောလိုက်ချိန်မှာ အန် နဲ့ အို ဆိုတဲ့ စကားလုံးတွေကို မျက်စိထဲမှာ မြင်ယောင်လာတယ်။ ကျွန်တော် ထပ်ပြောတယ်။

“နို့”

ကျွန်တော့်စိတ်ဆန္ဒကို ဒီ ဂိုင်ဂျင်ကို ဖော်ပြနိုင်ပြီလို့ ခံစားမိတယ်။ တစ်ခုခုကို တစ်ယောက်ယောက်ကို ဖွင့်ချဖို့ဆိုတာ ရိုးရိုးတန်းတန်း တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်ပြောဆိုတာနဲ့ အတိအကျ ထပ်တူမကျဘူး။ ဒါကို ခု အချိန်မတိုင်ခင်ထိ ကျွန်တော် သဘောမပေါက်ခဲ့ဘူး။ ခုနက လေဒီ (၃) ဟာ မိုက်ခရိုဖုန်းကို ကိုင်ပြီး ကလေးလေး ဒေါသထွက်သလို ဆိုဖာနဲ့ ပွတ်နေတာ၊ လေဒီ (၅) ဟာ လည်လှီးမခံရခင် တအားကျုံးအော်ရင်း သီချင်းဆိုသလို ဖြစ်လာတာတွေဟာ မိန်းမတွေအနေနဲ့ တစ်ခုခုကို ဖော်ပြဖို့ ကြိုးစားတဲ့ စိတ်ဆန္ဒတွေလို့ ထင်လာမိတယ်။ ဒါပေမဲ့ သူတို့ ကြိုးစားမှုတွေဟာ အဟောသိကံ ဖြစ်ခဲ့ရတယ်။ အဲဒီလို ကျပန်း အချက်ပြမှုမျိုးနဲ့ လူတစ်ယောက်ကို ဆက်သွယ်လို့ မရနိုင်ဘူး။ ဖရန့်ခ် ရောက်မလာခင်တုန်းက ဒီကလပ်ဟာ ဂျပန်ကိုယ်စားပြု သင်္ကေတလိုပဲ၊ ကိုယ့်ဟာကိုယ် အလုံပိတ်၊ ပြင်ပကမ္ဘာနဲ့ ဆက်သွယ်လိုစိတ် မရှိဘဲ၊ ကိုယ့်အချင်းချင်းပဲ အား အီး အု အဲ အို နဲ့ ဆက်သွယ် ပြောဆိုနေကြတယ်ပေါ့။ အဲဒီလို လူ့အဖွဲ့အစည်းတွေဟာ မိုးထဲလေထဲ အရေးပေါ်အခြေအနေမှာ ဆက်သွယ် ပြောဆိုနိုင်စွမ်း မရှိရင် အသတ်ခံရပြီး ဘဝဆုံးတတ်တယ် ထင်ပါရဲ့။

“ဘာ... နိုး၊ ဟုတ်လား”

ဖရန့်ခ်ဟာ ကျွန်တော် နိုးလို့ ပြောလိုက်လို့ သူ့နားသူ မယုံနိုင်တဲ့ပုံမျိုး သောက်ပို အိုဗာအိုက်တင်တွေ လုပ်နေတယ်။ မျက်နှာကြက်ကို မော့ကြည့်၊ လက်တွေကို ဆန့်တန်း၊ ခေါင်းတွေကို ခါယမ်းနဲ့ လုပ်ပြနေလိုက်တာ။ ကျွန်တော် ဘာလို့ နိုးမိမှန်း မသိဘူး။ အင်းလေ၊ သူက အမေရိကန်ပဲ။ အမေရိကန်တွေဟာ စပိန်တွေလိုပဲ ဌာနေအင်ဒီးယန်းတွေ သန်းနဲ့ချီ သတ်ခဲ့တာပဲ။ အဲဒါဟာ ရက်စက်တတ်တဲ့ မိစ္ဆာစိတ်ကြောင့် ဆိုတာထက် ဒီကောင်တွေ မရှိ၊ နားအေးတာပဲ ဆိုတဲ့ လျစ်လျူရှုစိတ်ကြောင့် ဖြစ်ဖို့ ပိုများတယ်။ တစ်ခါတလေမှာ လျစ်လျူရှုစိတ်ဟာ မိစ္ဆာစိတ်ထက် ပိုပြီး ကိုင်တွယ်ရ ခက်တတ်တယ်ကိုး။

“မင်း ဘာပြောလိုက်တာလဲ ခန်းဂျီး၊ နိုး ဟုတ်လား၊ ငါ နားကြားများ လွဲတာလား၊ မင်း ခုနက ပြောလိုက်တာ နိုး ဟုတ်လား”

ဖရန့်ခ်ဟာ ကျွန်တော့် မျက်နှာရှေ့မှာ ဓားတယမ်းယမ်း လုပ်ပြနေတယ်။ ကျွန်တော်က သူ့ခြေထောက်နားမှာ ကြမ်းကို ဒူးထောက် လက်ထောက်ရင်းပေါ့။ လေးဖက်ထောက်နေချိန်မှာ စိတ်ထဲကို စကားလုံးတွေဟာ

လေးဖက်ထောက် ဝင်လာတတ်တာပေါ့။ ကိုယ်ဟန်အနေအထား ပြောင်းချင်ပေမယ့် မျက်နှာကို ခားနဲ့ တေ့ခံထားရတဲ့အတွက် ဘယ်ပြောင်းနိုင်မလဲ။

“နို့”

လေးဖက်ထောက်လျက်ပဲ အော်ထည့်လိုက်တယ်။ ဖရန့်ခ် မျက်နှာပေါ်က အပြုံး ပျောက်သွားပြီး မျက်မှောင်ကြုတ်လာတယ်။

“ခန်းဂျီး၊ မင်း နားမလည်ဘူးနော်”

သူက လေဒီ (၅) ရဲ့ ယောနိရှိရာကို ခားဦးချန်နဲ့ ညွှန်ပြပြန်တယ်။ သူပြောသလို မလုပ်ရင်တော့ ခားက ကျွန်တော့်ခန္ဓာကိုယ် တစ်နေရာရာကို စွပ်ခနဲ ဝင်လာမယ့်သဘော။ ကျွန်တော်တော့ ကိစ္စပြီးပြီလို့ တွေးထားလိုက်တယ်။

“မင်း နားမလည်တာက သေခါနီး၊ ဒါမှမဟုတ် သေပြီးစ မိန်းမတစ်ယောက်ကို ဆက်ဆံရတာ ဘယ်လောက် အရသာရှိတယ် ဆိုတာပဲကွ၊ ဒါ မင်း တစ်သက်မှ တစ်ခါ ရနိုင်တဲ့ အတွေ့အကြုံနော်၊ ဦးနှောက် သေသွားပြီမို့ သူတို့ မရုန်းနိုင်ဘူး၊ ဒါပေမဲ့ သူတို့ပစ္စည်းက ရှင်သန်နေသေးတယ်ကွ”

သူ စကားပြောနေပုံက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကျက်ထားတဲ့ ဇာတ်ညွှန်းစာသားတွေကို အည့်စားသရုပ်ဆောင် တစ်ယောက်က ပြန်နွေးပြီး ရွတ်ပြနေသလိုပဲ။ နေဦး... လေဒီ (၅) ရဲ့ ဆီးခုံမွေးတွေကြားမှာ ကြိုးဖြူဖြူလေး ထွက်နေသလိုပဲ။ သြော်... ဒါ တန်ပွန်ဂမ်းထုပ်က ကြိုးပဲ ဆိုတာ ကျွန်တော် သိလိုက်တယ်။ အဲဒီပစ္စည်းကို တစ်ခါမှ သေသေချာချာ မမြင်ဖူးပါဘူး။ အင်းလေ ခုတော့လည်း သူ ဒါ မလိုတော့ပါဘူး။ လေဒီ (၅) ဟာ အသားဖြူတယ်၊ ခု သူ့ပစ္စည်းနားက အသားအရေဟာ ပန်းရောင်ပုပ်ပုပ် အရောင်သန်းနေတယ်။

“ခန်းဂျီး၊ မင်း ငါ့ကို စိတ်ပျက်အောင် လုပ်တာပဲ”

ဖရန့်ခ်ဟာ သူ့ခားကို မစ္စတာချေးဒရန်းရဲ့ ညာဘက် နားရွက်ပေါ် တင်ပြီး ဇွိခနဲ အောက်ကို လှီးချလိုက်တယ်။ မစ္စတာချေးဒရန်းဟာ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ထိုင်နေတဲ့အတွက် လှီးချလိုက်တဲ့အခါ ညာဘက်နားရွက် အပြင် ညာဘက်လက်မပါ ပြတ်ကျသွားခဲ့တယ်။ သူ့မှာ အားအင်လက်ကျန် ဆိုလို့ မရှိ

တော့တဲ့အတွက် မစ္စတာချေးဒရန်းဆီက အသံ သိပ်မထွက်လာနိုင်တော့ပါဘူး။ ဖရန့်ခ်က သက်ပြင်းချလိုက်ပြီး ကြည့်ရတာ ပျင်းနေသလိုမျိုး မစ္စတာချေးဒရန်းကို ဘယ်ဘက်နားရွက်ပါ ဖြတ်ချလိုက်တယ်။ နားရွက်တွေဟာ ကြမ်းပေါ်ကို ငါးဆုပ်ကြော်လို ပြုတ်ကျသွားတယ်။ ကြမ်းပေါ်မှာ ဆံပင်စတွေ ပြာတွေနဲ့ အတူ ရောရောထွေးထွေးနဲ့။

“ကောင်းပြီ ခန်းဂျီး၊ မင်း ဒီကောင်မကို မဆက်ဆံချင်လည်း။ရတယ်၊ အဲဒီ နားရွက်ကို သူ့ပစ္စည်းထဲ ထိုးထည့်၊ ကပ်ထားကွာ၊ မင်း ဒါတော့ လုပ်နိုင်တယ် မဟုတ်လား”

ဖရန့်ခ်ဟာ သူ မဟုတ်သလို တိုးတိုးလေး ပြောနေပြန်တယ်။

“မင်း အရင်တုန်းက ယောနိမှာ နားရွက်ကပ်ဖူးလားကွ”

လာမေးနေသေးတယ်။ ကျွန်တော် ပြန်မဖြေဘူး။ သူက ကြမ်းပေါ်မှာ ဖုန်တွေ ပေနေတဲ့ နားရွက်ပြတ်ကို လိပ်ပြီး လေဒီ (၅) ရဲ့ အင်္ကျီထဲ ထိုးထည့်မလို့ လုပ်နေတယ်။ တန်ပွန်ဂွမ်းထုပ် ခံထားတာကို သူ မသိဘူး။ အတင်း ထိုးထည့်ဖို့ ဟန်ပြင်နေတယ်။

“ဟေး ဖရန့်ခ်၊ သူ တန်ပွန်ထည့်ထားတယ်၊ ရာသီလာနေတယ် ထင်တယ်”

လို့ ကျွန်တော် ပြောလိုက်တယ်။ ခု စကားကောင်းကောင်း ပြောနိုင်ပြီ။

ဖရန့်က ကျွန်တော့်ကို ကြည့်တယ်။ သေချာကြည့်တယ်။ ခေါင်းညိတ် ပြတယ်။ ပြီးတော့ ကြိုးစကို ကိုင်ပြီး ဆွဲထုတ်လိုက်တယ်။ အထဲက စလင်ဒါပုံ ပန်းရောင် ဂွမ်းတောင့်လေးနဲ့အတူ သွေးတွေ ပျစ်ခနဲ စီးကျလာတယ်။ သွေးတွေဟာ သူ့ပေါင်ကြားထဲကတစ်ဆင့် ဆိုဖာပေါ် ကျလာတယ်။ ဖရန့်ခ်ဟာ အဲဒီ သွေးကွက်ကို ငေါင်ငေါင်ကြီး အိပ်မွေ့ချခံထားရသလို ရပ်ကြည့်နေတယ်။ သူ အဲဒီလို လုပ်နေချိန်မှာ မစ္စတာချေးဒရန်းက အိုးခနဲ ထအော်တယ်။ ဝုန်းခနဲ ထရပ်တယ်။ သူ ထွက်ပြေးဖို့ ကြိုးစားတာ မဟုတ်ဘူး။ ခုမှ သူ့နှာခေါင်းနဲ့ နားရွက်က နာတာကို သတိပြုမိလို့ ဖြစ်မယ်။ ဖရန့်ခ်က သူနဲ့ မျက်နှာချင်းဆိုင် လိုက်တယ်။ ညာဘက်က တန်ပွန်၊ ဘယ်ဘက်က နားရွက်ပြတ်ကို ကိုင်ထားပြီး ဖရန့်ခ်ဟာ မစ္စတာချေးဒရန်းကို ချစ်သူကို ထွေးပွေ့သလို လည်ပင်းကို အသာကိုင်

ပြီး ဂျုတ်ခနဲ ချိုးချလိုက်တယ်။ သစ်ကိုင်းခြောက် ကျိုးသလို အသံမျိုး ကြားလိုက်ရပြီး မစ္စတာချေးဒရန်းဟာ ဆိုဖာပေါ် ခွေကျသွားတယ်။ ဖရန့်ခ်က တန်ပွန်ကို လွှတ်ချ၊ ဓားကို ကောက်ကိုင်လိုက်တယ်။ သူ့ပုံစံကြည့်ရတာ ကစား ရတာကို ပင်ပန်းငြီးငွေ့သွားတဲ့ ကလေးလေးတစ်ယောက်လိုပဲ။ ကျွန်တော့် မိဘိုင်းဖုန်း အသံမြည်လာတဲ့အခါ ဓားဦးချွန်က ကျွန်တော့်လည်ပင်းကို ထောက်ထားတယ်။ ခလုတ်စိမ်းလေးကို နှိပ်ဖို့ ကျွန်တော် ကြိုးစားတုန်း ဖရန့်ခ်ဟာ ချီတုံချတုံနဲ့ ဓားဦးချွန်ကို လည်ပင်းနားတိုးပြီး ထောက်ထားလိုက်တယ်။

“ဇွန်လား ခန်းဂျီးပါ၊ ခု ဖရန့်ခ်နဲ့အတူ ကာဘူကီ-ချို မှာ ရှိနေတယ်”

ကျွန်တော် အင်္ဂလိပ်လို ပြောတယ်။ အကျယ်ကြီး ပြောတယ်။ ဖရန့်ခ်ဟာ ဓားကို တစ်စင်တီမီတာလောက် ဆုတ်လိုက်တယ်။ ကျွန်တော် အသံကို ပို ကျယ်လိုက်တယ်။

“နောက်တစ်နာရီလောက်မှာ ဖုန်းထပ်ခေါ်၊ ပြန်မဖြေရင် ရဲကို ဖုန်းဆက်”

ဖုန်းမပိတ်ခင် “ခန်းဂျီး ခဏလေး ခဏလေး တစ်မိနစ်လောက်” လို့ အော်ပြောနေတဲ့ ဇွန့်အသံကို ကြားလိုက်တယ်။ ဒါပေမဲ့ ကျွန်တော့်မှာ တစ်မိနစ် အချိန်မရှိတော့ပါဘူး။ ဓားဦးချွန်က လည်မျိုထဲ တိုးဝင်လာခဲ့ပြီ။

※

ခုနက မိန်းမ လေးယောက်ကို ဆက်တိုက် ထိုးသတ်ခဲ့တဲ့ ဓားကို ကျွန်တော် အနီးကပ် ကြည့်နေရပြီ။ အကျယ် နှစ်စင်တီမီတာလောက်၊ အလျားက မီတာ နှစ်ဆယ်လောက်ရှိမယ့် ဓား၊ ဓားဟာ အားပြည့်အင်ပြည့် ကြီးထွားနေတဲ့ ကျွန်တော့် ပစ္စည်းထက် ပိုရှည်တယ်လို့ အဲဒီတုန်းက စဉ်းစားနေမိတာကို သတိရ တယ်။ ခုလို သေရေးရှင်ရေး အချိန်မှာ ဒီလောက် ရူးနှမ်းတဲ့ အတွေးကြီး ဘာ ကြောင့်များ တွေးမိတာလဲဆိုတာ မပြောပြတတ်ပါဘူး။ ဓားရဲ့ အနှောင့်နေရာ မှာ ငါးအကြေးခွံ ထိုးဖန်များလို့ ငါးအခွံတွေ ကပ်နေသလိုပဲ။ ကြည့်ရတာ ငါး ဖမ်းသမားသုံးတဲ့ ဓားများလား။ ဓားလက်ကိုင်ကတော့ ဆင်စွယ်ရောင်မျိုးပဲ၊ လက်ကိုင်လို့ ကောင်းအောင် အဖုကလေးတွေ နေရာတကျ လုပ်ထားတယ်။ ဖ ရန့်ခ်ရဲ့ လက်ချောင်းတွေနဲ့ လက်တွေမှာ သွေးပေတာ သိပ်မတွေ့ရဘူး၊ မတွေ့ ဆို သွေးတစ်စက်တောင် ပေမနေဘူး။ တန်ပွန်ရော၊ နားရွက်ပြတ်ရော ကိုင် ထားတာတောင် သွေးမပေတာ အတော်ထူးဆန်းတယ်။ သူ့ကိုယ်သူ သွေးတွေ

လူးပြီး ပေကျံမနေအောင် အင်မတန် ဂရုစိုက်ပုံပဲ။ အင်း... ခုမှ ပြန်စဉ်းစား ကြည့်တော့ ဟုတ်တယ်။ သူ့အဝတ်အစားတွေ၊ မျက်နှာတွေမှာ သွေးပေနေတာ၊ သွေးစက်တွေ စဉ်နေတာမျိုး မရှိဘူး။ သွေးတွေ ငေါက်ခနဲ ပန်းထွက်မလာစေဘဲ လည်ပင်းကို လှီးတဲ့ ပညာမှာတော့ ဖရန့်ခ်ဟာ ဆရာတစ်ဆူ ဖြစ်လိမ့်မယ်။ လေဒီ (၅)ရဲ့ လည်ချောင်းကို လှီးလိုက်ပုံများ ရုပ်ရှင်တွေထဲကလို သွေးသံတရဲရဲ မဟုတ်ဘူး။ ဓားထိပ်ချွန်လေးနဲ့ အသာလေး ဝိုက်လှီးလိုက်သလိုပဲ။ ဖရန့်ခ်ဟာ တစ်စုံတစ်ခုကို မပီမသ ရေရွတ်နေတယ်။ ကျွန်တော် မျက်လုံးတွေ မှိတ်ထားလိုက်တယ်။ ခုတော့...။

နှာခေါင်းထဲမှာ သွေးညှီနံ့တွေ ရလာတယ်။ ခုမှ စရလာသလိုပဲ။ အနံ့တွေဟာ ပြင်းထန်လွန်းလို့ အသက်ရှူရတောင် ခက်လာတယ်။ သံဆိုင်မှာ သံကြွပ်နံ့ ပြင်းပြင်းရနေသလိုပဲ။ အဖေနဲ့ ဂိုဒေါင်လိုက်သွားတုန်း ဧရာမစက်ကြီးတွေ တန်းစီထားတဲ့ မြင်ကွင်းကို ပြန်မြင်ယောင်လာတယ်။ အမှေ့မျက်နှာကိုလည်း မြင်ယောင်လာတယ်။ ကျွန်တော် သေပြီလို့ ကြားလိုက်ရတဲ့အခါ ဖြစ်သွားမယ့် အမှေ့မျက်နှာကို မြင်ယောင်ပြီး မျက်ရည်က ဝေ့ခနဲ၊ ဒါပေမဲ့ ကျွန်တော် ငိုပြနေလို့ မဖြစ်ဘူး။ ဒီကမ္ဘာလောကမှာ သူတစ်ပါး မျက်ရည်ကျတာကို မြင်ချင်ရုံသက်သက်နဲ့ လူသတ်တတ်တဲ့ မိစ္ဆာစိတ်ပိုင်ရှင် ခွေးသားတွေ ရှိတယ်။ ဖရန့်ခ်ကတော့ အဲဒီလိုမျိုး မဟုတ်လောက်ဘူး။ အဲဒါ သက်သက်ကြောင့် ဟုတ်မယ် မထင်ဘူး။ ဒါကြောင့် သူ မျက်စိနောက်အောင် ကျွန်တော် မလုပ်ဝံ့ဘူး၊ မျက်လုံးတွေကို မှိတ်၊ ကြွက်သားတစ်မျှင်တောင် မလှုပ်ဝံ့ဘဲ ငြိမ်ငြိမ်လေး နေလိုက်တယ်။ ဟော... ကျွန်တော့်ပခုံးကို ဖတ်ခနဲ ပုတ်လိုက်တာကို ခံစားမိတယ်။

“ကောင်းပြီ ခန်းကျီး၊ ငါတို့ သွားကြစို့”

ဖရန့်ခ်က ကျွန်တော့် နားနားကပ်ပြီး တိုးတိုးလေး ပြောတယ်။ အင်မတန် ကျေနပ်နှစ်သက်ပြီး နောက်တစ်နေရာကို ပျော်ပျော်ကြီး ဆက်သွားတော့မယ့် လေသံမျိုး။ အဲဒီအချိန်မှာပဲ ကျွန်တော် အတွေးတစ်ခု ဝင်လာတယ်။ ဒါ ကျွန်တော့်စိတ်ထဲက ထင်မိယောင်မှားဖြစ်ပြီး ခြောက်အိပ်မက်လို ဖြစ်နေတာ၊ မျက်စိဖွင့်ကြည့်လိုက်ရင် ဘာမှ တကယ်မဖြစ်ဘူးဆိုတာ တွေ့ရလိမ့်မယ်။ မာကီဟာ ထိပ်တန်းကလပ်တွေနဲ့ ထိပ်တန်းအရက်တွေအကြောင်း အာနေဆဲ၊ မစ္စတာချေးဒရန်းက လေဒီ (၅) ကို ညှဉ်နေဆဲ၊ လေဒီ (၃)က အာမူရိ သီချင်းကို ဆိုနေဆဲ၊ စားပွဲထိုးရဲ့ နှုတ်ခမ်းက ကွင်းကလေးက စကားပြောလိုက်တိုင်း တ

လှုပ်လှုပ် ဖြစ်နေဆဲ၊ မန်နေဂျာက တိတ္ထိရုပ်တုလို မျက်နှာသေနဲ့ ရပ်နေဆဲ၊ ဖရန့်ခ်အသံကို ကြားလိုက်ရတယ်။ ခန်းဂျီး၊ ထတော့၊ သွားကြရအောင်၊ ကျွန်တော် သူ့မျက်နှာကို မမြင်ရအောင် တစ်ဖက်ကို လှည့်ပြီး မျက်လုံးတွေကို ဖွင့်လိုက်တယ်။ အိပ်မက် မဟုတ်ဘူးပဲ။ ကျွန်တော့်ရှေ့တည့်တည့်မှာ လည်ပင်းဟပြဲကြီးနဲ့ လေဒီ (၅)၊ ဇက်ကျိုးပြီး မျက်နှာက ကျောဘက်ရောက်နေတဲ့ မစ္စတာချေးဒရန်းတို့က နေရာမှာ ရှိနေဆဲပဲလေ။

❑

# (၃)

ဖရန့်ခ်က ဆိုင်ရှေ့က ဆွဲပိတ်ထားတဲ့ စတီးသံပန်းတံခါးကို ဆွဲဖွင့်ပြီး ကျွန်တော်တို့ နှစ်ယောက် ထွက်သာရုံ ဟလိုက်တယ်။ ထွက်ပြီးတော့ သံပန်းတံခါးကို ပြန်ဆွဲချတယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်ပြီး မေးတယ်။

“မင်း ကြောက်သွားသလား” တဲ့။

မက်ဂျစ်မောင်တိန်မှာ ရိုလာကိုစတာ စီးပြီးခါစ ကစားကွင်းထဲက ထွက်လာတုန်း မေးနေတဲ့ လေသံမျိုးပဲ။ ကျွန်တော့်အဖြေက-

“နည်းနည်းပေါ့” တဲ့။ အဲဒီလို ဖြေမိတာကို ကျွန်တော်ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် မယုံနိုင်ဘူး။ ကျွန်တော့် ကိုယ်ခန္ဓာရယ်၊ အာရုံကြော နှဖ်ကြော စနစ်တွေရယ်ဟာ ပုံမှန်အခြေအနေ ရောက်အောင် သူတို့ဘာသာ သူတို့ ကြိုးစားနေတယ်။ သူတို့က ထားလိုက်ပါတော့လို့ အလိုရှိတယ် ဆိုရင်လည်း သဘောပေါ့၊ ပြီးခဲ့တာ ပြီးခဲ့တာပဲလေ။ ဖရန့်ခ်လက်ထဲမှာ ခုနက ဓားပါး မတွေ့တော့ဘူး။ ခြေသလုံးမှာ ကပ်ထားတဲ့ ဓားအိတ်ထဲများ ထိုးထည့်လိုက်သလား။ ကျွန်တော် ဒါကို မြင်ခဲ့သလား။ မသိတော့ပါဘူး။ မှတ်ဉာဏ်တွေက ဝေဝါးလွန်းနေတယ်။ အိပ်မက်လေလား ဝိုးတဝါးပါပဲ။

“ကဲ... ဘာလုပ်ကြမလဲ”

ဖရန့်ခ်က ကျွန်တော့် ပခုံးကို သိုင်းဖက်ရင်း လမ်းပေါ် ဦးတည်လိုက်တယ်။ ကျွန်တော် သူ့လက်ကို ခါချ၊ ဟောဒီမှာ လူသတ်သမားဗျို့လို့ အော်ပြီး ပြေးထွက်လိုက်ရမှာ၊ ဒါပေမဲ့ ကျွန်တော် မလုပ်ခဲ့ဘူး။ မလုပ်နိုင်ဘူး။ နှဖ်ကြောတွေဟာ ဘောလုံးလို လုံးခဲ ခွေခေါက်ပြီး အကြောက်တရားကို ခုခံနေတုန်းပဲလား မသိ။ ကျွန်တော့် ဒူးခေါင်းနဲ့ တင်ပါးဆုံတွေဟာ တစ်နေကုန် အိပ်ရာထဲလဲပြီး ထလာတဲ့လူလို ထုံနာနာကြီး ဖြစ်နေတယ်။ သွေးခုန်နှုန်းက အားပျော့နေတယ်။ အမြင်တွေက ဝါးနေတယ်။ မြင်နေကျ လိုင်ကလပ်တွေက မှိတ်တုတ်မှိတ်တုတ် နီယွန်မီးတွေဟာ မျက်လုံးကို ဓားနဲ့ထိုးသလို နာစေအောင့်စေတယ်။ ကျွန်တော် နှိုရီကိုကို ရှာနေမိတယ်။ သူ ဘယ်လိုများ နေပါလိမ့်။ ကျွန်တော်နဲ့ ဖရန့်ခ်ကို သူ စတင်တွေ့ခဲ့တာတွေနဲ့ ကလပ်ထဲ ဘာတွေ

ဖြစ်ကျန်ခဲ့တယ် ဆိုတာကို သူ မှတ်မိစေဦးတော့၊ နို့ရီကိုဟာ ရဲကို သတင်းပေးမလား၊ ထွက်ပြေးမလားဆို ထွက်ပြေးမယ့် အစားမျိုး။ ပြီးတော့ သူက ရဲတွေ၊ စောင့်ကြည့်တာ ခံနေရတုန်းလား မသိ။ ဒီကလပ်တွေမှာ သူ တရားဝင် အလုပ်လုပ်ခွင့် မရှိဘူး။

“ခန်းဂျီးရေ”

ဖရန့်ခ်က လမ်းထောင့်နားက ရဲစခန်းလေးကို လက်ညှိုးထိုးပြတယ်။

“မင်း အဲဒီသွားပြီး ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ရဲတွေကို ပြောပြလိုက်ပါလား”

သူ တစ်ခွန်းပြောလိုက်တိုင်း ကျွန်တော် သိမ့်ခနဲ တုန်တုန်သွားတယ်။ ခု တစ်ကိုယ်လုံး တုန်လာပြန်ပြီ။

“ခန်းဂျီးရေ၊ မင်း သိတဲ့အတိုင်းပဲ၊ ငါ မင်းကို အလိမ်အညာတွေချည်း ပြောခဲ့တာကွ၊ ငါ့ကို မင်း စိတ်တိုမယ်ဆိုလည်း မတတ်နိုင်ဘူးကွာ၊ ငါ့ဦးနှောက်က ကောင်းကောင်း အလုပ်မလုပ်ဘူးကွ၊ ငါ့မှတ်ဉာဏ်တွေဟာ ရောထွေးနေတယ်။ မှတ်ဉာဏ်မှ မဟုတ်ပါဘူးလေ၊ ငါ့ကိုယ်ငါလည်း သေချာမသိဘူး၊ ငါထင်တာတော့ ငါ့ခန္ဓာကိုယ်ထဲမှာ ငါပေါင်းများစွာ ရှိနေတယ် ထင်တာပဲ၊ ဖရန့်ခ်ဆိုတာ တစ်ယောက်တည်း မဟုတ်ဘူးကွ၊ ဒါပေမဲ့ အဲဒီငါတွေက တစုတစည်းတည်း ရှိမနေဘူး၊ ငါတွေအားလုံးကို စုစည်းဆက်စပ်လို့ မရဘူး၊ ဒါပေမဲ့ ခုလတ်တလော ရှိနေတဲ့ ငါကတော့ တကယ့် ငါအစစ်ဆိုတာ သေချာပါတယ်ကွာ။ မင်းကတော့ ယုံမှာ မဟုတ်ပါဘူးလေ၊ ခုနက ကလပ်ထဲက ငါက ဘယ်သူလဲဆိုတာ ငါ သေချာမသိဘူး၊ ဒီလူ ငါ့ကို အကြောင်းပြချက်တွေ လျှောက်ပေးနေပြီလို့ မင်း ထင်မှာပဲ၊ ဒါပေမဲ့လို့ ခုနက ဟာတွေ လုပ်ခဲ့တာ ငါ မဟုတ်ဘူး၊ ငါနဲ့ တစ်ပုံစံတည်း တူတဲ့လူလို့ ငါ ရိုးသားစွာပဲ ခံစားနေရပါတယ်၊ အဲဒီ တခြားငါဟာ ခုလိုလုပ်တာ ပထမဆုံးအကြိမ် မဟုတ်ဘူး၊ ဒါမျိုး ထပ်မဖြစ်အောင် အခု ငါက ကြိုးစားတယ်၊ ငါကြိုးစားတဲ့ ဗျူဟာကတော့ ဒေါသမထွက်စေဖို့ပဲ၊ ဒါတွေအားလုံးဟာ ငါ မနေ့က မင်းကို ပြောပြတဲ့ ငါ့ဦးနှောက်ကို ခွဲစိတ်ပြီးနောက်ပိုင်း ဖြစ်လာတာတွေပဲ၊ ဆရာဝန်ပြောတာက ငါ့ကို ရဲတွေက လာပို့တာတဲ့၊ ရဲတွေ၊ ငါက အဲဒီမတိုင်ခင် အဖမ်းခံထားရတာ၊ အပြစ်ဒဏ် ကျခံနေရတာ၊ စိတ္တဇ

ဆေးရုံမှာပေါ့၊ ဒါပေမဲ့ ငါ့ကို ဘုရားသခင်ကရော လူ့အဖွဲ့အစည်းကပါ ပြစ်ဒဏ် ပေါင်းစုံ ပေးခဲ့ပြီးသားပါလေ”

ဖရန့်ခ်ဟာ ရဲစခန်းလေးကို စူးစိုက်ကြည့်ရင်း ဒီစကားတွေကို ပြောနေခဲ့တယ်။ ကျွန်တော်တို့က အဆောက်အအုံ နှစ်ခုကြား နံရံတစ်ခုကို မှီရင်း ရပ်နေကြတယ်။ ရဲစခန်းကလေးက နီယွန်မီးတွေ တဖျပ်ဖျပ်လင်းနေတဲ့ ဆေးဆိုင်နားမှာ၊ ဒီကနေ မီတာနှစ်ဆယ်လောက်ပဲ ဝေးမယ်။ ကြည့်လိုက်တာနဲ့ကို ရဲစခန်းလေးဆိုတာ သိသာတယ်။ ဒီဟာလေးဟာ မြင်နေကျ ဖုန်းရုံသာသာ ရဲစခန်းလေးတွေထက် သိသိသာသာ ပိုကြီးတယ်။ ဟိုတယ်အသေးစား တစ်ခုရဲ့ ဝင်ပေါက်လောက် ရှိမယ်။ ရဲတွေ အထဲကို ဝင်လိုက် ထွက်လိုက်၊ ကျည်ကာအင်္ကျီ ဝတ်ထားတဲ့ စုံထောက်တစ်ယောက်လည်း တွေ့တယ်။ ဒီစခန်းလေးရဲ့ ပြတင်းပေါက်တွေက ကျည်ကာမှန်တွေ တပ်ထားတယ်လို့ ပြောသံကြားဖူးတယ်။ ကာဘူကီ-ချို အတွက် အထူးရဲကင်းစခန်းပေါ့။

“ငါ့ဟာငါပဲ ဖာတစ်ယောက် ရှာပါတော့မယ်ကွာ”

ဖရန့်ခ်ဟာ မျက်နှာချင်းဆိုင်က အဆောက်အအုံတွေရဲ့ အရိပ်တွေထဲ ဟိုနားတစ်ယောက် ဒီနားတစ်ယောက် ရပ်နေတဲ့ အမျိုးသမီးတွေကို ကြည့်ရင်း ပြောလိုက်တယ်။

“ငါ့ရဲ့ နောက်ဆုံး လိင်ဆက်ဆံမှုပေါ့ကွာ” လို့ ပြောရင်း မျက်နှာကို ခပ်မဲ့မဲ့ကြီးလုပ်ရင်း ပြုံးနေတယ်။ သူ့အပြုံးက အထီးကျန်လိုက်တာဗျာ။

မြွေရေခွံတု ပိုက်ဆံအိတ်ကို သူ ထုတ်တယ်။ အထဲက ယန်းတစ်သောင်းတန်တွေ အထပ်လိုက် ထုတ်တယ်။ ကျွန်တော့်ကို ကမ်းပေးတယ်။ ၁၀ ရွက် ၁၂ ရွက်လောက် ရှိမယ်။ ကျွန်တော် ရေကြည့်မနေဘဲ အိတ်ထဲ။ထည့်ထားလိုက်တယ်။

“ငါ့အတွက် ယန်းလေးသောင်း ချန်ထားတယ်၊ ဒါဆို လောက်တယ် မဟုတ်လား” ကျွန်တော်နဲ့ လမ်းပျောက်မယ် တစ်ယောက်ဆီ အကြည့်ကို စုန်ဆန်ခတ်နေရင်း သူ မေးတယ်။

“လောက်မှာပါ၊ စော်ခေါ်တာက ယန်းသုံးသောင်း၊ ဟိုတယ်အခန်းခနဲ့ဆို အတော်လောက်ပါပဲ”

ဖရန့်ခ်ဟာ စိုက်စိုက်စိုက်စိုက်နဲ့ လမ်းတစ်ဖက်ခြမ်းကို ကူးသွားတယ်။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘဲ သူ့နောက်ကို လိုက်သွားမိတယ်။ ကျွန်တော် ခင်ဗျားအတွက် ဘာသာပြန်ပေးမယ်လေလို့ သူ့ကို ပြောမိတယ်။ ဖရန့်ခ်က မင်း ခုထိ နားမလည်သေးဘူးကိုး လို့ ပြောတယ်။

“ခန်းဂျီးရေ၊ မင်း နားမလည်သေးဘူးကိုးကွာ၊ ငါဟာ မင့်ဧည့်သည် မဟုတ်တော့ဘူးကွ၊ သွားပါ၊ မင်း လွတ်လပ်သွားပြီ၊ သွားပြီး ရဲကို အကြောင်းကြားလိုက်၊ ငါဟာ လူသတ်သမား ရာဇဝတ်သားလို့ သွားပြောချေကွာ၊ ငါ ပင်ပန်းနေပြီ ခန်းဂျီး၊ ငါ အရမ်းပင်ပန်းနေပြီ၊ စိတ်သက်သာရာ၊ ငြိမ်းချမ်းရာ ရမလားလို့ ငါ ဂျပန်ကို လာခဲ့မိတယ်။ ငြိမ်းချမ်းမှုကို ငါ ဒီမှာပဲ ရှာတွေ့နိုင်မယ်လို့ ထင်လို့ပေါ့ကွာ၊ ဒါပေမဲ့ ဒီမှာလည်း ဆိုးဆိုးရွားရွားတွေ လုပ်မိပြန်ပြီ။ ခန်းဂျီးရေ၊ ငါ့ကြမ္မာကို မင်းလက် အပ်ထားမယ်ကွာ၊ မင်းဟာ ငါ့ရဲ့ တစ်ဦးတည်းသော မိတ်ဆွေပါပဲ၊ မင်းကတော့ ငါ့ကို မိတ်ဆွေလို့ သတ်မှတ်ချင်စိတ် ရှိချင်မှ ရှိမယ်ပေါ့ကွာ”

ငြိမ်းချမ်းမှုဆိုတဲ့ စကားလုံး သူ့နှုတ်ခမ်းဖျားက ထွက်ကျလာခဲ့တာ တကယ်ပဲ။ အဲဒီ စကားလုံးနောက်ကွယ်က သူ့သောကတွေ၊ နာကျင်မှုတွေ၊ အပူအပင်တွေကို ကျွန်တော် ခံစားမိတယ်။ ရူးတယ်ပဲပြောပြော ကျွန်တော် သူ့ကို ယုံနေမိတယ်။ ကြည့်ရတာ ကျွန်တော့် ဦးနှောက်ဟာ ကောင်းကောင်း အလုပ်မလုပ်နိုင်သေးဘူး ထင်ပါတယ်။

“မင်း သဘောပေါက်ပြီနော်”

“ဟုတ်ကဲ့ပါ”

ဖရန့်ခ်ဟာ သူ ခုနက ကြည့်နေတဲ့ လမ်းပျော်မယ်ဆီ ရှေးရှုပြီး သွားနေတယ်။ ဒီလမ်းထဲက ဟာမတွေက ဖာလုပ်ငန်းကို အုံနဲ့ကျင်းနဲ့လုပ်တဲ့ ကိုရီးယားနဲ့ တရုတ်ကလပ်တွေမှာ အကြောင်းအမျိုးမျိုးကြောင့် အလုပ်မလုပ်နိုင်လို့ တစ်ကိုယ်တော် ကြဲနေတဲ့ဟာတွေ၊ တချို့ဆို မယုံနိုင်လောက်အောင် အိုလွန်းနေပြီ၊ ဒါပေမဲ့ အားလုံးဟာ ယာကူဇာရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိတယ်။ ဗီဇာအတွက်ရော အလုပ်လုပ်ဖို့ အတွက်ရောပေါ့။ တချို့က တောင်အမေရိကနဲ့ ဗဟိုအမေရိက က လာတယ်။ ကိုလံဘီယာတို့၊ ပီရူးတို့ကပေါ့။ ဖရန့်ခ် ဦးတည်သွားနေတဲ့ မိန်းမက အဲဒီလို နေရာမျိုးကလာတဲ့ ပုံမျိုးပဲ၊ သူတို့ ဆက်သွယ်

ပြောဆိုလို့ ရတဲ့ပုံပါပဲ၊ ဖရန့်ခ် စပိန်လို တစ်လုံးစ နှစ်လုံးစ ပြောနေတာကို ဒီက နေ ကြားနေရတယ်။ ဟိုမိန်းမက သူ့ကို ရှက်စနိုးနဲ့ ပြုံးကြည့်နေတယ်။ သူ့လို မိန်းမမျိုးဟာ... အင်း။

သူ့လို မိန်းမမျိုးဟာ ပြည့်တန်ဆာဘဝရောက်တာ ဘာကြောင့်လဲ ဆိုတော့ တခြားနည်းနဲ့ ငွေကို ရှာလို့ မရလို့ပဲ။ ဒါဖြင့် အလျော်အစားနဲ့ ဒိတ်လုပ်နေတဲ့အထက်တန်းကျောင်းသူတွေ၊ မြားနတ်မောင်ကလပ်က အမျိုးသမီးတွေကကော ငွေကြောင့် မဟုတ်ဘူးလားလို့ မေးစရာရှိတယ်။ ဂျပန်မိန်းကလေးတွေ ခန္ဓာကိုယ် ရောင်းစားတယ် ဆိုတာက ငွေကြောင့်ထက် အထီးကျန်မှု ဇကစာဖြစ်မှုကနေ ထွက်ပေါက်တစ်ခုအဖြစ် လုပ်ကြတာက ပိုများတယ်။ ဒါဟာ ကျွန်တော့်အတွက်တော့ သဘာဝမကျသလိုပါပဲ။ တရုတ်ပြည်မကြီးက မိန်းမပျိုတွေဆိုရင် ဒီကိုလာဖို့ လေယာဉ်လက်မှတ်ခအတွက် ဆွေမျိုးတွေ အကုန်စုခံပြီး လာကြရတယ်။ သူတို့ ရည်မှန်းချက်က ရှင်းတယ်။ ငွေရှာဖို့ပဲ။ ဂျပန်အမျိုးသမီးတွေကတော့ ဒီလိုမဟုတ်ဘူးလေ၊ ပိုဆိုးတာက ဒါကို ကာယကံရှင်တွေက အပြစ်လို့ မထင်ကြဘူးလေ။ အလျော်အစားနဲ့ ဒိတ်လုပ်တာဟာ သူတစ်ပါးကို အပြစ်ပုံချချင်လို့ ဆိုပြီး ပါရဂူတွေက ဆွေးနွေးကြပေမယ့် ဂျပန်မလေးတွေကတော့ ဒါ သူတို့အပြစ် မဟုတ်ဘူး၊ သူတို့ ဘာမှမသိဘူးလို့ ဘူးခံငြင်းတာပဲ။ ဒီလောက် အေးနေချိန်မှာ ဖရန့်ခ် စျေးညှိနေတဲ့ လက်တင်အမေရိကန်မဟာ ကုတ်အင်္ကျီတောင် ဝတ်မထားဘူး၊ စတော့ကင်းလည်း ဝတ်မထားဘူး၊ ခေါင်းမှာ စကတ်ပဝါ တစ်ထည်ပဲ စည်းထားတယ်။ ကမ်းခြေသွားရင် ကိုင်တဲ့ အိတ်မျိုး ဗီနိုင်းတိုတီ အိတ်ကို ကိုင်ထားတယ်။ သူဟာ သူ့မှာရှိတဲ့ တစ်ခုတည်းသော စျေးကွက်တင် ရောင်းလို့ရတဲ့ အရာကို ရိုးရိုးသားသား ရောင်းနေတာပဲ၊ ဒါလည်း သူ့မိသားစု ရှင်သန်ဖို့အတွက်ပဲ၊ မကောင်းဘူး ဆိုပေမယ့် သဘာဝ မကျတာမျိုး မဟုတ်ဘူး။

ကျွန်တော့်ခန္ဓာကိုယ်ဟာ အာရုံခံစားမှု တချို့ ပြန်ရလာပြီ။ တစ်ကိုယ်လုံး အေးစက်ပြီး အအေးဒဏ်ကို တူးတူးခါးခါး ခံစားနေရပြီ။ ဒီဇင်ဘာ ကုန်ခါနီး ဆောင်းလေဟာ အရေပြားကို ဆိတ်ဆွနေတယ်။ ဒါပေမဲ့ ဒီခံစားချက် အာရုံကပဲ ကျွန်တော်နဲ့ အပြင်လောကကြားက ခြားထားတဲ့ တံတိုင်းကြီးကို ပြိုစေတဲ့အတွက် ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတယ်။ အပြည့်အဝ ပြန်ကောင်းတာ မဟုတ်ပေမယ့် ဖရန့်ခ်နဲ့ ဟိုမိန်းမ ရပ်စကားပြောနေကြတာကို ကြည့်ရင်း ကာဘူကီ-ချို ကို အထပ်ထပ် လွှမ်းခြုံထားတဲ့ အမှောင်အာရုံ ခြုံလွှာတွေထဲက

တစ်လွှာ ကွာကျသွားပြီး အမြင်အာရုံကို အာရုံစိုက်လို့ ရလာတယ်။ ဖရန့်ခ်က ကျွန်တော့်ကို ရဲသွားတိုင်ချေတဲ့။ မှတ်ဉာဏ်တွေ ပကတိအခြေအနေ မရှိပေမယ့် သူ အဲဒီလို ပြောတယ်ဆိုတာတော့ သေချာပါတယ်။ ဒါဖြင့် သူ ဘာဖြစ်လို့ ဒီလိုပြောရတာလဲ။ ကျွန်တော်ဟာ ခုထိ အချစ်ဟိုတယ်တစ်ခုနဲ့ အပျော်မယ် ကလပ်တစ်ခု ကြားက လမ်းဘေးနံရံကို မှီပြီး ရပ်နေတုန်းပဲ။ အေးလွန်းတာရယ်၊ မနက်ဖြန်ဆို နှစ်သစ်ကူးအကြိုနေ့ ဖြစ်တာရယ်ကြောင့် လမ်းပေါ်မှာ ပြောစမှတ်ပြုလောက်အောင် လူနည်းနေတယ်။ ရွှေကြိုတွေကအစ သိပ်မတက်ကြွကြဘူး။ ရသာထူးတဲ့ ရာမာန်ခေါက်ဆွဲ အစပ်ကြောင့် နာမည်ကျော်လှပြီး နွေဆို လူတွေ တန်းစီစားရတဲ့ ခေါက်ဆွဲဆိုင်လည်း ခု ပိတ်ထားတယ်။ ဆိုင်ရဲ့ မှန်နံရံနောက်နောက်ရှေ့မှာ ခွေးပိန်တစ်ကောင် ခွေနေတယ်။ ဆူရှီဘား တစ်ခုကတော့ သံပန်းတံခါးကို တစ်ဝက်ဖွင့်ထားပြီး အလုပ်သင် စားဖိုမှူးလို့ ထင်ရတဲ့ တစ်ယောက်ဟာ လမ်းဘေးမှာ တဝေါဝေါ အန်နေတယ်။ အချစ်ဟိုတယ်က တဖျပ်ဖျပ် နီယွန်မီးရောင်တွေက ပါကင်မှာ ထိုးထားတဲ့ တစ်စီးတည်းသော မာစီးဒီးကားရဲ့ ပြောင်လက်နေတဲ့ ခန္ဓာကိုယ်ပေါ်ကို ပန်းရောင်၊ အဝါရောင် ဒဏ်ရာတွေ တဖျပ်ဖျပ် ထိုးခွဲပေးနေသလိုပဲ။

အအေးဒဏ်ကို ခံစားလို့ ရလာပြီးတဲ့အခါ ကျွန်တော် မတရား ရေငတ်နေတာကို သတိပြုမိလာတယ်။ လမ်းတစ်ဖက်ကူးပြီး စက်ထဲက ဂျာဗားလက်ဖက်ရည် တစ်ဘူး ဝယ်လိုက်တယ်။ ဒီနေရာကနေ ဆေးဆိုင်နဲ့ ရဲစခန်းလေးကို ကောင်းကောင်း မြင်ရတယ်။ ဖရန့်ခ်နဲ့ ဟိုမိန်းမကတော့ အချစ်ဟိုတယ် တစ်ခုရဲ့ အဝင်ဝမှာ။ ရဲစခန်းဆီ ပြေးသွားပြီး ဖြစ်သမျှအားလုံးကို တိုင်လိုက်ရင် ဘယ့်နယ်လဲ။ အဲဒီလို တကယ် လုပ်နိုင်လိမ့်မယ်လို့ မထင်ဘူး၊ ဘာကြောင့်မှန်းတော့ မသိ။ ဖျတ်ခနဲ ကြည့်လိုက်တော့ ဖရန့်ခ်နဲ့ လက်တင်အမေရိကန်မ ကျွန်တော့် မြင်ကွင်းထဲမှာ မရှိတော့ဘူး။

ဖရန့်ခ် မြင်ကွင်းထဲကနေ ပျောက်သွားတော့ ကျွန်တော် စိတ်မသက်မသာ ဖြစ်မိတယ်။ သူ့ကို လိုက်ရှာဖို့တောင် စိတ်ကူးမိသေးတယ်။ နေစမ်းပါဦး၊ သူက စောက်လူသတ်သမားပဲ။ ရဲစခန်းလေးဟာ ကျွန်တော်နဲ့ မီတာသုံးဆယ်တောင် မဝေးဘူး၊ ကျည်ကာပြတင်းနားကို စက္ကန့်နှစ်ဆယ်အတွင်း ကျွန်တော် ရောက်နိုင်တယ်။ ခပ်သွက်သွက်သွားရင် ဒီထက် ပိုမြန်မယ်။ ကျွန်တော် ခေါင်းထဲမှာ ကိုယ့်အသံကိုယ် ပြန်ကြားနေရတယ်။

မင်း ဘာစောင့်နေတာလဲ၊ ဒီကောင်ဟာ ယုတ်မာပက်စက်တဲ့ လူသတ်သမား၊ တွေ့သမျှ အကုန်သတ်တဲ့ မိစ္ဆာ၊

မိစ္ဆာတဲ့လား၊

အင်းလေ... မဟုတ်လို့လား။

ဒါဖြင့် ကျွန်တော် ဘာကို စောင့်နေတာလဲ။

ရဲစခန်းလေးရှိတဲ့ ဘက်ကို ခြေနှစ်လှမ်း လှမ်းလိုက်တယ်။

တစ်ခါတုန်းက အမှတ်မထင် ဖတ်ခဲ့ဖူးတဲ့ ဆောင်းပါးကို သတိရလာပြန်တယ်။ အင်္ဂလန်က ကောင်မလေးတစ်ယောက်၊ သူ့ကို ပြန်ပေးဆွဲသွားတဲ့ လူကို သံယောဇဉ်တွယ်လွန်းလို့ ကယ်ဆယ်တာ ခံရပြီးတဲ့အခါ ပြန်ပေးသမားကို သူ့အဖေ၊ အမေထက် ပိုချစ်တယ်လို့ မီဒီယာတွေကို ပြောသတဲ့။ ဆွီဒင် ဘဏ် ဝန်ထမ်းကောင်မလေး တစ်ယောက်လည်း ဘဏ်ခားပြတိုက်ပြီး သူ့ကို ပြန်ပေးဆွဲသွားသူကို ချစ်သွားသတဲ့။ ဒီဆောင်းပါးက ဘာကို ပြောသလဲဆိုရင် ခင်ဗျား ရဲ့ သေခြင်း၊ ရှင်ခြင်းကို လူဆိုးတစ်ယောက်က ထိန်းချုပ် ဆုံးဖြတ်တာကို ခံရတဲ့ အဲဒီလို အခြေအနေမျိုးမှာ သူ့အပေါ် အလွန်တွယ်ငြိတဲ့ ခံစားချက်မျိုး ပေါ်တတ်ပြီး ဒါဟာ အချစ်နဲ့ အင်မတန် တူလှတယ်လို့တော့ မဟုတ်ဘူးတဲ့။ ဖရန့်ခ်ဟာ ကျွန်တော့်ကို နာကျင်အောင် မလုပ်ခဲ့ပါဘူး။ ဆံပင်က၊ ကော်လာကနေ ကြမ်းပေါ် တရွတ်တိုက် ဆွဲခဲ့တယ် ဆိုပေမယ့် ကျွန်တော့်လည်ပင်းကို ချိုးတာ၊ နားရွက်ကို ဖြတ်တာမျိုး မလုပ်ဘူးလေ။ ဒါပေမဲ့ ဒါက ရဲမတိုင်ဖို့ အကြောင်းပြချက်တော့ မဟုတ်သေးဘူး။ လူသတ်မှုကို သိသိကြီးနဲ့ မျက်စိမှိတ်နေတာတော့ မဖြစ်သင့်ဘူး။ နောက်ထပ် ခြေလှမ်းသုံးလှမ်း လှမ်းပြီး ရပ်သွားပြန်တယ်။ ကျွန်တော် ရပ်ဖို့ ဆုံးဖြတ်တာ မဟုတ်ဘူး။ ခြေထောက်တွေက သူ့အလိုလို ရပ်သွားတာ။ ခြေထောက်တွေက ရဲဆီ သွားချင်ပုံ မပေါ်ဘူး။ ဂျာဗား လက်ဖက်ရည်ကို အကုန်သောက်လိုက်တယ်။

ဖရန့်ခ် အဖမ်းခံရတာ မင်းအတွက် ဘာများ ပြဿနာရှိလို့လဲ။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မေးမိတယ်။

အဖြေက ကျယ်ကျယ်လောင်လောင်နဲ့ ရှင်းရှင်းလင်းလင်းပဲ ချက်ချင်းတုံ့ပြန်တယ်။

မရှိပါဘူး၊ ငါ့အတွက် ဘာပြဿနာမှ မရှိဘူး။

နေစမ်းပါဦး၊ အဲဒါ ဘယ်သူ့အသံလဲ။ လက်ဖက်ရည်ဘူးကို နှုတ်ခမ်းမှာ တေ့ပြီး မော့မိပြန်တယ်။ ကုန်နေပြီ။ တစ်စက်တောင် မကျန်တော့ဘူး။ ဒါကို သတိမထားမိဘဲ နှစ်ခါ သုံးခါ ဘူးလွတ်ကြီးကို မော့နေမိတယ်။ မိုဘိုင်းဖုန်းကို ထုတ်တယ်။ စိတ်အာရုံမှာ ဇွန့်မျက်နှာလေး ပေါ်လာတယ်။ နေဦး၊ ခု ဇွန့်ဆီ ဆက်ရမှာ မဟုတ်ဘူး။ ယိုကိုယာမစံ ကို ဆက်ရမလား။ ဆက်ပြီး ဘာပြောရမ လဲ။

ယိုကိုယာမစံရေ၊ ဟိုဂိုင်ဂျင်က လူသတ်သမားဗျ၊ ခု ကျွန်တော် ရဲသွား တိုင်တော့မယ်၊ တိုင်သင့်လားဗျာ၊ တိုင်သင့်တာပေါ့နော၊ ဟုတ်လား။

လမ်းတစ်လျှောက် ကျီးကန်းတောင်းမှောက် ကြည့်မိတယ်။ ဖရန့်ခ်ကို မ တွေ့ဘူး၊ လုံးဝမတွေ့ဘူး၊ ဒါပေမဲ့ ဒီနေရာကြီး တစ်ခုလုံးရဲ့ မြင်ကွင်းဟာ ကျွန် တော့်အတွက် စိမ်းလွန်းနေတယ်။ အမြဲရောက်နေကျ ကာဘူကီ-ချို ရဲ့ ကူယာ ကူရှိလမ်းပဲ၊ ဒါပေမဲ့ နိုင်ငံခြားတိုင်းပြည်တစ်ခုက တစ်ခါမှ မရောက်ဖူးတဲ့ လမ်း တစ်လမ်းထဲ ရောက်နေသလို ဖြစ်နေတယ်။ အိပ်မက်ထဲမှာ လမ်းပျောက်နေ သလိုပဲ။ ဒါ ရှော့ခ်ရနေလို့၊ ပြန်မကောင်းသေးလို့ လို့ ကျွန်တော် ကိုယ့်ကိုယ် ကိုယ် ပြောမိတယ်။ ဟော... ယူနီဖောင်းနဲ့ ရဲတစ်ယောက် ထွက်လာပြီ၊ စက်ဘီးပေါ် တက်ပြီ၊ ကျွန်တော့်ဘက်ကို နင်းလာပြီ။

သူဟာ စက်ဘီးပေါ်ကနေ ကျွန်တော့်ကို ကြည့်နေတယ်။ ဒီ စကြဝဠာ တစ်ခုလုံးမှာ လူပ်ရှားသက်ဝင်နေတာ ဆိုလို့ သူ့ တစ်ယောက်ပဲ ရှိတယ်လို့ ကျွန်တော့်စိတ်ထဲ ထင်နေမိတယ်။ ကျွန်တော့် ခြေထောက်တွေ လူပ်မရတော့ ပြန်ဘူး။ သွေးမလျှောက်တော့ဘဲ အောက်ပိုင်းတစ်ခုလုံး ထုံကျဉ်ပြီး ကျွန်တော့် ခြေထောက်တွေ မဟုတ်တော့သလိုပဲ။ ခါးအောက်ပိုင်းက စပြီးပေါ့။ ရာသီဥတု အေးလို့ မဟုတ်ဘူး၊ လက်ဖက်ရည်ဘူးကို နှုတ်ခမ်းမှာ တေ့မိပြန်တယ်။ လျှာက သတ္တုအရသာကို ခံစားမိတယ်။ မြားနတ်မောင်ကလပ်က သွေးစိမ်းနံ့တွေကို သတိရပြန်တယ်။ ရုတ်တရက် မိုက်ခနဲ မူးလာတယ်။ ရဲက အနားရောက်လာပြီ သတိမထားလိုက်မိခင်မှာ ကျွန်တော် မိုဘိုင်းဖုန်းကို နားနားကပ်လိုက်တယ် ဖုန်းပြောချင်ယောင် ဆောင်နေတာပေါ့။ ကျွန်တော်ရှိတဲ့ ညာဘက်ကို ချိုးမလာ ဘဲ ရဲဟာ ဘယ်ဘက်ကို ချိုးပြီး အချစ်ဟိုတယ် လမ်းကြားဘက် ဆက်နင်းသွား တယ်။ သူ့ကျောကို ငေးရင်း ဖုန်းကို နားနားကပ်ထားမိတယ်။ စက်ဘီးဟာ

မြင်ကွင်းထဲက ပျောက်သွားတယ်။ ရဲတစ်ယောက် စက်ဘီးစီးလာတဲ့ မြင်ကွင်းကို ခုမှ ပထမဆုံးအကြိမ် မြင်ဖူးတာလားဆိုတာ ကိုယ့်ကိုယ်ကိုယ် မသေချာဘူး။ နားရွက်နာလာတော့မှ နားရွက်ကို ဖုန်းနဲ့အတင်း ဖိကပ်ထားမိမှန်း သတိထားမိတယ်။ ဖုန်းက ညာဘက်၊ လက်ဖက်ရည်ဘူးလွတ်က ဘယ်ဘက်နဲ့ ကိုင်ထားတာ။ လက်ဖဝါးက ချွေးစေးတွေနဲ့ စိုနေလို့ လက်ဖက်ရည်ဘူးရော ဖုန်းပါ စိုစိစိ ဖြစ်နေတယ်။ ကျွန်တော် ချွေးစေးပြန်နေတာကို လုံးဝ သတိမထားမိဘူး။ ချွေးပေါက်တွေကနေ ခုနက သောက်လိုက်တဲ့ လက်ဖက်ရည်တွေ စိမ့်ထွက်လာတာများလား လို့ ထင်နေမိတယ်။ တော်ပြီ၊ ငါ ဒီ ရဲညစ်ပတ်တွေကို မတိုင်ဘူး၊ အမှုမဖွင့်ဘူး၊ အမယ်လေး၊ ဒီလို တွေးမိတဲ့အခါ စိတ်သက်သာရာ ရသွားလိုက်တာ မပြောပါနဲ့တော့။

ရဲသွားတိုင်မိရင် စောက်ကျိုးနည်းမှာ။ တကယ် စောက်ကျိုးနည်းမှာလို့ ကျွန်တော် ရေရွတ်နေတာကို ပြန်ကြားနေရတယ်။ ရဲဟာ ကျွန်တော့်ကို နာရီပေါင်းများစွာ၊ မဟုတ်သေးဘူး၊ ရက်ပေါင်းများစွာ အခန်းပိတ်ပြီး စုံစမ်းစစ်ဆေးနေတော့မှာ။ ကျွန်တော့်မှာ လုပ်ငန်းလိုင်စင် မရှိဘဲ တိုးဂိုက်လုပ်နေတာကို သိသွားမယ်။ ယိုကိုယာမစံလည်း ကွိုင်တက်မယ်။ ပြီးတော့ အဲဒီကိစ္စ မီဒီယာတွေက ဇာတ်လမ်းလုပ်ရေးရင်း ကျွန်တော့်အမေဆီ ရောက်မယ်။ အမေရင်ကွဲပက်လက် ဖြစ်မယ်။ အလုပ်မလုပ်ရရုံတင် မကဘူး၊ ကျွန်တော့်ကို သူတို့ မျက်စိဒေါက်ထောက် ကြည့်နေတော့မှာ။ သူတို့ လုပ်ပုံလုပ်နည်းတွေကို ကျွန်တော် သိတယ်။ ကျွန်တော် သွားတိုင်ရင် ကျွန်တော့်ကို ကြံရာပါဆိုပြီး သူတို့ စွပ်စွဲမှာ။ အမေ ဒုက္ခရောက်လိမ့်မယ်။ လေဒီ (၃) ရဲ့ ပုံရိပ် အာရုံမှာ ဖျတ်ခနဲ ထင်လာတယ်။ လေဒီ (၃) ရော၊ မစ္စတာချေးဒရန်းရော၊ တခြားလူတွေမှာရော မိသားစုကိုယ်စီ ရှိကြမှာပဲ။ သူတို့ရဲ့ နောက်ဆုံးအချိန်တွေနဲ့ အသက်ဇီဝဓာတ် ကင်းမဲ့နေတဲ့ အလောင်းတွေကို ကျွန်တော် မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရတယ်။ ပုံရိပ်တွေဟာ အာရုံထဲမှာ ဖျတ်ခနဲ ဖျတ်ခနဲ ထင်လာတယ်။ ဒါပေမဲ့ ဒေါသထွက်တာ၊ ခံပြင်းတာ၊ ကြောက်တာ စတဲ့ ခံစားချက်တွေ ပါမလာဘူး။ မစ္စတာချေးဒရန်းရဲ့ လည်ပင်းရိုး ကျိုးသွားတဲ့ အသံကို ကျွန်တော် ကြားခဲ့တယ်။ ဒါပေမဲ့ ကြားတယ်ဆိုတာပဲ သိတယ်။ သူတို့ကို သနားတာ၊ ဖြစ်ပျက်ခဲ့တာကို ကြောက်တာ၊ ကရုဏာသက်တာ၊ ကိုယ်ချင်းစာတာ စတဲ့ ခံစားချက်တွေ အားလုံး ဘာမှ ပေါ်မလာခဲ့ဘူး။ နှာဗ်ကြောတွေ ခဲနေတာ အရည်ပျော်မလာသေးဘူး ထင်တယ်။

ဖရန့်ခ်နဲ့ နှစ်ညပဲ အတူရှိခဲ့တာပေမယ့် ခုနက ကလပ်က လူတွေနဲ့တော့ ခုမှ ဆုံဖူးတာ။ ဒါကြောင့် သေသူတွေကို မသနားဘဲ ဖရန့်ခ်ကို သနားနေတာ ဆိုရင်တော့ မဟုတ်သေးဘူး။ ဖရန့်ခ်ကို ကျွန်တော် သနားစရာ ဘာအကြောင်းမှ မရှိဘူး။ သူ အဖမ်းခံရလို့ ကျွန်တော် စိတ်ဆင်းရဲစရာ အကြောင်းလည်း မရှိဘူး။ သူ အသတ်ခံရလည်း ဘာမှ မဖြစ်ဘူး။ ဒါပေမဲ့ ဟိုကလပ်က ဟာတွေက လူနဲ့မတူ၊ စက်ရုပ်တွေနဲ့ တူနေတာ။ လေဒီ (၂) ယူကိုက ဒီကို ဘာလို့လာလဲဆိုတော့ တစ်ယောက်တည်း အထီးကျန်နေလို့ လာတယ်လို့ ဖြေတယ်လေ။ အထီးကျန်ရင် တခြားဟာ တစ်ခုခု လုပ်ပါ့လား။ ဘာလုပ်ရမှန်း မသိတော့ မြားနတ်မောင်ကလပ် လာပြီး တစ်ယောက်ယောက်နဲ့ အကြည်ဆိုက်မလားလို့ ကြိုးစားတယ်။ လေဒီ (၃) လည်း ဒီအတိုင်းပဲ။ ဘာလုပ်ရမှန်း မသိလို့ ဒီမှာလာပြီး အာမူရိသီချင်း လာဆိုနေတယ်။ မစ္စတာ ချေးဒရန်းကတော့ လေဒီ (၅)ကို စျေးဆစ်ချင်တာပဲ သိတယ်။ စပ်ဖြဲဖြဲ လုပ်ရင်း မင်းက တယ်လီဖုန်းဆက် ချိန်းရတဲ့ ကလပ်ကလားလို့ ဗြောင်စော်ကားနေတာ။ မန်နေဂျာကတော့ ကာဘူကီ-ချို ရဲ့ မြင်နေကျ ဝါရင့်လိင်စီးပွားရေး လောကသား ပဲ။ သူ့ကောင်မလေး တခြားယောကျ်ားနဲ့ ချိန်းနေရင်တောင် အူတိုတာ၊ တင်းတာ မဖြစ်နိုင်လောက်အောင် ထုံသွားတဲ့ ကျင့်သားရလူ။ စားပွဲထိုးကတော့ ဂီတ အနုပညာသမား ပုံစံပါ။ ဒါပေမဲ့ ဂီတအကြောင်း နကန်းတစ်လုံးမသိဘဲ ပျော်ချင်လို့၊ အပေါင်းအသင်း လိုချင်လို့ တီးဝိုင်းတစ်ခုခုမှာ ဝင်လိုက်တာလည်း ဖြစ်နိုင်တယ်။ ဒီလူတွေ အားလုံးဟာ ပရိဂရမ်သွင်းထားတဲ့ စက်ရုပ်တွေလိုပဲ။ အသွေးအသားနဲ့ ဖွဲ့စည်းမထားဘဲ လွှစာမှုန့်တွေ၊ ဗီနိုင်းစတွေနဲ့ အဆာသွတ်ထားတဲ့ ဟောင်းလောင်းလူတွေ၊ လည်ပင်းက ဓားဒဏ်ရာကနေ သွေးပုပ်တွေ စီးကျနေတာကို တွေ့ပေမယ့် ဒါလည်း တကယ်ဟုတ်တယ်လို့ မခံစားရဘူး။ လေဒီ (၅) လည်ပင်းက စီးကျလာတာတွေကို ပဲပိစပ် ဆော့စ်တွေလို့ တွေးခဲ့မိတာ သတိရသေးတယ်။ လေဒီ (၁) မာကီ ဆိုလည်း ထိပ်တန်းကလပ်က ထိပ်တန်း အပျော်မယ် အဆင့်ကနေ နည်းနည်းမှ မဆင်းဘူး။ သူက အဲဒီလို လူမျိုးလို့ စွဲစွဲမြဲမြဲ တစ်သမတ်တည်း ယုံကြည်သူပေါ့။

ဒီလူတွေနဲ့ ကျွန်တော် ဘာထူးလို့လဲ၊ ကျွန်တော်တို့အားလုံး လူ့အမှိုက်တွေပဲ မဟုတ်လား။ ဘာမှ မကွာပါဘူး။ ဒါကြောင့် ကျွန်တော် သူတို့ကို နားလည်တာပေါ့။ ရဲစခန်းလေးရဲ့ မျက်စောင်းထိုးလောက်က အပျော်မယ်ကလပ် ရှေ့မှာ ငွေရောင်ဝတ်စုံ၊ နက်တိုင်နီနဲ့ ဧည့်ကြိုကောင်လေး တစ်

ယောက် ရပ်နေတယ်။ အန္တေးဓာတ်ရအောင် လက်ဝါးချင်းပွတ်ရင်း လာသမျှလူတွေကို ကလပ်ထဲဝင်ဖို့ ခေါ်နေတယ်။ ကလပ်ကနီယွန်မီးကြောင့် သူ့မျက်နှာဟာ လိမ္မော်ရောင်၊ ခရမ်းရောင် အမျိုးမျိုး ပြောင်းနေတယ်။ လမ်းပေါ် လူအသွားအလာ မရှိတဲ့အခါ သူက နောက်ဆုတ်ရင်း သမ်းနေတယ်။ ခုနကလည်း လမ်းပေါ်က ကြောင်တစ်ကောင်ကို သူ ပွတ်သပ်ချော့မြူနေတာ တွေ့လိုက်သေးတယ်။ ကျွန်တော့်အလုပ်က နိုင်ငံခြားသားတွေကို ခုနစ်လွှာကပွဲ၊ အပျော်မယ်ကလပ်၊ အဖော်အချွတ်ကလပ်၊ ချောင်းကြည့်ရှိုး စတာတွေ လိုက်ပို့ပြီး မိန်းမတွေနဲ့ ချိတ်ပေးဖို့ပဲ။ ဒါကိုပဲ ဧည့်လမ်းညွှန်လို့ ခပ်တည်တည် နာမည်တပ်ထားတာ။ ဧည့်ကြိုကောင်လေးနဲ့ ကျွန်တော်နဲ့ ဘာမှမကွာဘူး။ ဘာမှ ဂုဏ်ယူစရာလည်း မရှိဘူး။ နိုင်ငံခြားသားတွေနဲ့ နှစ်နှစ်ကျော် အလုပ်လုပ်ပြီးတဲ့နောက် ကျွန်တော် သိလာတာ တစ်ခုတော့ ရှိတယ်။ လူတွေရဲ့ အပြောအဆို ဆက်ဆံရေးဟာ လူတစ်ယောက်ကို ကောင်းတယ်၊ မကောင်းဘူး ဆုံးဖြတ်တဲ့ အချက်ပဲ။ ခုနက ကလပ်ထဲမှာဆို အားလုံး တစ်ယောက်နဲ့ တစ်ယောက် လှည့်ပတ်လိမ်ညာနေကြတာ။ ကာဘူကီ-ချိုက ကလပ်တွေကတော့ ဒီလိုချည်းပါပဲလို့ ပြောချင်ပြောမှာပေါ့၊ ကျွန်တော် ဆိုလိုတာက ဒါမဟုတ်ဘူး။ တရုတ်ကလပ်၊ ကိုရီးယားကလပ်က မိန်းမတွေ လိမ်တယ် ညာတယ်ဆိုတာ မုန့်ဖိုးများများ ရဖို့၊ အိမ် မြန်မြန်ပြန်ရဖို့၊ မိသားစုအတွက် ပိုက်ဆံများများ ရှာဖို့ပဲ။ လက်တင်အမေရိကန် ဖာတွေလည်း ဒီအတိုင်းပဲ။ ဌာနေမှာ ကျန်ခဲ့တဲ့ မိသားစုအတွက် ဒီမှာ သူတို့ ခန္ဓာကိုယ်ကို ရောင်းနေကြတယ်။ သူတို့က ရှင်းတယ်၊ ပြတ်တယ်၊ ဘာလိုချင်လဲဆိုတာ သေချာသိကြတယ်။ ပဲမများဘူး၊ အီးညောင့် အီးညောင့် မလုပ်ဘူး၊ တို့က သိပ်အထီးကျန်လို့လေ ဘာညာ လျှောက်မဖောဘူး။ ခင်ဗျားသားသမီးကို မြားနတ်မောင်ကလပ် ဆိုတာ ဒါပဲလို့ မပြချင်ဘူး မဟုတ်လား၊ ဘယ်ပြချင်ပါ့မလဲ။ အဲဒီက အသက်မွေးဝမ်းကျောင်းတွေက ဂုဏ်သိက္ခာမှ မရှိတာ။ ဘာလို့လာကြလဲ၊ တခြားလုပ်စရာ မရှိလို့၊ အထီးကျန်လို့၊ မန်နေဂျာနဲ့ စားပွဲထိုးလည်း အတူတူပဲ၊ ဒီလူတွေဟာ အသက်ရှင်သန် နေတုန်းမှာကို ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ်ကို နားမလည်ဘဲ အလိုအလျောက် ဒီကိုရောက်၊ စက်ရုပ်တွေလို နိစ္စဓူဝ လည်ပတ်လုပ်ကိုင် နေကြသူတွေပဲ။

အဲဒီဟာတွေအတွက် ကျွန်တော်က ရဲနဲ့ နပန်းလုံးရမတဲ့လား။ ဒါပေမဲ့ ခြေလှမ်းတွေက ရဲစခန်းဆီ ဦးတည်လျှောက်နေပြန်တယ်။ ကျွန်တော့် တစ်စိတ်တစ်ပိုင်းက ရှောင်လွှဲမရတဲ့ ကိစ္စတွေကို ဒူးထောက် လက်မြှောက်ခဲ့ရပုံပဲ။

ကျွန်တော် ဖရန့်ခ်ကို အချစ်ဟိုတယ်တွေပေါ် တက်မရှာနိုင်ဘူး၊ အခန်းပြန်ပြီး ဇွန်ရေ၊ ကိုယ်တော့ လူသတ်မှုကို အနီးကပ် မြင်ခဲ့ရတယ်ကွာလို့လဲ မပြောနိုင်ပြန်ဘူး။ ဒါကြောင့် ရဲကို သွားပြောပြလိုက်တာကပဲ တစ်ခုတည်းသော နည်းလမ်းလေလားပေါ့။ သို့သော် နှစ်လှမ်း သုံးလှမ်း လှမ်းပြီးချိန်မှာ ကြောက်စရာ ခံစားချက်ကြီးတစ်ခု ဝင်လာခဲ့တယ်။ ခန္ဓာကိုယ်က ကျွန်တော့်ကို အချက်ပြနေတယ်။ အန္တရာယ် သတိပေး အချက်ပြမှု။

အဲဒီအချက်ပြမှုဟာ ကျွန်တော့် ခြေထောက်တွေက လာတာလား၊ အတွင်းကလီစာတွေထဲက လာတာလား၊ မသိဘူး၊ တစ်ခုခု မှားနေတာ၊ ရှော့ခ် ကြောင့်လား၊ ကိုယ့်ကိုယ်ကိုယ် အရူးလုပ်နေမိတာလား၊ ဘာမှန်းကို မသိပါဘူး။ ခုနက နံရံနား ပြန်သွားမှီနေလိုက်တယ်။ ခု ဖြစ်နေတာတွေကနေ တအားကုန် ထွက်ပြေး လွတ်မြောက်ချင်စိတ်ကြောင့် ကိုယ်ကို ရှေ့ကို ကိုင်းထားတယ်။ ဖရန့်ခ်ဟာ ဘာဖြစ်လို့ ရုတ်တရက်ထပြီး ဒီလူတွေကို ခုတ်ထစ်သတ်ဖြတ် ပစ်လိုက်ရတာလဲ ဆိုတာကို ကျွန်တော် နားမလည်ဘူး၊ ဘယ်တော့မှလည်း နားလည်လာစရာ အကြောင်းမရှိဘူး၊ ဒါကြောင့် သူ ကျွန်တော့်ကို မသတ်ဘဲ ထားတာမျှားလား၊ နောက် တစ်နာရီနေလို့မှ ကိုယ်ဖုန်းမခေါ်ရင် ရဲကို အကြောင်းကြားလို့ ကျွန်တော် ဇွန့်ကို အင်္ဂလိပ်လို ပြောခဲ့တာ ဖရန့်ခ်ကြားသားပဲ၊ ခုအချိန် ဘယ်လောက် ရှိသွားပြီလဲ။ နာရီကို ကြည့်လိုက်တယ်။ သန်းခေါင်ကျော်ခါစ နာရီမှာ သွေးစလေးတွေ စွန်းနေတယ်၊ တချို့ဆို ခြောက်တောင် မခြောက်သေးဘူး။ ဖရန့်ခ်ဟာ ကျွန်တော့်ကို မသတ်တာ ဇွန်ကြောင့်လား၊ ဇွန်က ရဲကို အကြောင်းကြားလိုက်မှာ စိုးလို့လား။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဒီမေးခွန်းတွေ မေးနေတုန်းမှာ အကြောက်တရားဟာ ကိုယ်ပေါ်ကို တွားတက်လာခဲ့ပြန်တယ်။ သိစိတ်က မဖုံးကွယ်ချင် ပေမယ့် မသိလိုက်ဘဲ ဖုံးကွယ်ထားတဲ့ တစ်စုံတစ်ရာရဲ့ ချောက်နှုတ်ခမ်းဖျားမှာ ရပ်မိနေသလို ခံစားရတယ်။ ကျွန်တော့်စိတ်ဟာ အမှန်တကယ် ကြောက်ဖွယ်ကောင်းတဲ့ တစ်စုံတစ်ရာကို မှတ်မိဖို့ ငြင်းဆန်နေတယ်။ အကြောက်တရားဟာ ခြေဖဝါးက ချွေးပေါက်တွေကတစ်ဆင့် စိမ့်ဝင်လာပြီး နားထင်တွေကို တဒိန်းဒိန်း ထုနေခဲ့ပြီ။ အလွန်အကြူး ကြောက်နေလို့ ရှင်းရှင်းလင်းလင်းလည်း မစဉ်းစားနိုင်ဘူး။ ဦးနှောက်က စဉ်းစားတဲ့ အလုပ်ကို လုပ်ဖို့ ခါးခါးသီးသီး ငြင်းဆန်နေတယ်။

စဉ်းစားစမ်း။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အမိန့်ပေးလိုက်တယ်။

စဉ်းစားစမ်းဆိုတော့ ဖရန့်ခ် မျက်ခွက်ကြီးနဲ့ သူ့အသံကြီး စိတ်အာရုံမှာ ဘွားခနဲ ပေါ်လာတယ်။ ကျွန်တော့် အစာအိမ်ကို ဒီမျက်နှာ၊ ဒီအသံတွေ လာ ဆောင့်တယ်။ ရုတ်တရက် ဝေါ့ခနဲ အန်ချလိုက်တယ်။ ဂျာဗားလက်ဖက်ရည် ဟာ လည်ချောင်းဝက တစ်ဆင့် ပါးစပ်ထဲက ပြန်ထွက်လာတယ်။ ဖရန့်ခ် အကြီးအကျယ် သတ်ဖြတ်နေချိန်မှာ ကျွန်တော် အကြောက်လွန်၊ တစ်ကိုယ် လုံး အကြောသေသလို ဖြစ်ပြီး လှုပ်ရှားလို့မရ ဖြစ်နေတုန်း ကြမ်းပေါ် တံတွေး ဆောင့်ထွေးချလိုက်တာ နည်းနည်းခံသာသွားပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်လို့ ရလာတာ သတိရတယ်။ လက်ဖက်ရည်နဲ့ တံတွေးတွေကို ကျွန်တော် ထွေးချ လိုက်တယ်။

ဟုတ်မှာပါ၊ ဇွန်ကြောင့်ပဲ ဖရန့်ခ် ကျွန်တော့်ကို မသတ်တာ နေမယ်၊ တခြား ဘာအကြောင်းမှ မရှိဘူး။ ကျွန်တော့်ကို တခြားလူတွေနဲ့မတူ ကွဲပြားစွာ သူ မြင်လို့ ခင်လို့ ဆိုတာ နည်းနည်းမှ မယုံဘူး။ တကယ်လို့ ခင်တယ်ဆို ရင်တောင် သတ်ဖို့ ချီတုံချတုံ ဖြစ်လောက်အောင်တော့ မဟုတ်လောက်ဘူး။ ဇွန် ဖုန်းခေါ်တော့ ဓားပါးလေးဟာ ကျွန်တော့် လည်မျိုနား ကပ်နေပြီ။ ခုနက သူ ဘာပြောခဲ့သလဲ။ ရဲစခန်းကိုသွား ခန်းကျီး၊ ငါ့ကံကြမ္မာကို မင်းလက်ထဲ ထည့် ပေးလိုက်ပြီတဲ့။ အလကားး လိမ်နေတာ။ အဲဒီလို တွေးပြီး မကြောခင်မှာပဲ လည်ကုပ်က အမွေးတွေ ထောင်ထလာတယ်။ လှည့်ကြည့်လိုက်တော့ ဖရန့်ခ်။ သူတစ်ယောက်တည်း။ ဟိုမိန်းမ မပါဘူး။

ဖရန့်ခ်ဟာ ကျွန်တော့် နောက်တည့်တည့်မှာ ရပ်နေတယ်။ ကျွန်တော်နဲ့ ရဲစခန်းကြား၊ ကျွန်တော့်မြင်ကွင်းကို လုံးဝကွယ်ထားပြီး ကျွန်တော့်ကို မျိုချ တော့မလို အနားကပ်ပြီး ကပ်ပြီး ရပ်နေတာ။ ဘယ်လို တန်ခိုးပြာဋ္ဌိဟာကြောင့် လည်း မသိပေမယ့် ကျွန်တော် အဲဒီအချိန်မှာ သိစိတ်ဝင်လာပြီး ယိုင်လဲမသွား ဘဲ မတ်မတ် ရပ်နေနိုင်တယ်။ ဖရန့်ခ်ဟာ နဂိုရှိတာထက် အဆပေါင်းများစွာ ကြီးထွားနေသလိုပဲ။

သူ ကျွန်တော့်ကို မိုးပြီး ကြည့်နေတယ်။ သူ ဖိချလိုက်ရင် သူ့ခန္ဓာကိုယ် အလေးချိန်ကြောင့် ကျွန်တော်ဟာ ကြမ်းပိုးတစ်ကောင်လို ကြေမွ ပြားချပ်သွား

မလား မသိ။ သူ ကျွန်တော့်တစ်ကိုယ်လုံး မျိုချလိုက်တော့မလား။ ကျွန်တော် ဟာ အဆပေါင်းများစွာ သေးကျုံ့သွားသလိုပဲ။

“မင်း ဘာလုပ်နေတာတုံး ခန်းကျီး”

သူ့အသံဟာ သိပ်မကျယ်လှဘူး၊ ဒါပေမဲ့ ကျွန်တော့်ကို ဖိနပ်တွေ ကျွတ် ထွက်သွားအောင် ဆွဲမလိုက်သလိုပဲ။ ဟို အချစ်ဟိုတယ်ထဲ လက်တင်အမေရိ ကန်မနဲ့ တူတူ သူ ဝင်သွားတယ် မဟုတ်လား။ ကားတစ်စီး မောင်းလာခဲ့တယ်။ ရှေ့မီးကြီးအလင်းရောင်က ဖရန့်ခ် စကားပြောနေတုန်း သူ့မျက်နှာပေါ် ကျ တယ်။ သူ့ပါးစပ်ထဲမှာ ဘာလဲ မသိ၊ တစ်ခုခု ရှိနေတယ်။

“မင်း ဘာလို့ ရဲစခန်း မသွားတာလဲ”

သူက ထပ်မေးတယ်။

သူ တစ်ခုခုကို လျှာနဲ့ လှိမ့်နေတယ်။

“ခင်ဗျား ပီကေဝါးနေတာလား”

ဘာလို့ သူ့ကို ဒီလိုမေးမိတာလဲလို့ လာမမေးနဲ့၊ ကျွန်တော် သူ့မေးခွန်းကို ဖြေလည်း မဖြေချင်ဘူး။ လျစ်လျူလည်း ရှုမထားရဲဘူး။ ခုက သူနဲ့ ကျွန်တော် စကားပြောနေတာလည်း မဟုတ်ဘူး။ စကားလက်ဆုံ ကျနိုင်လောက်အောင် လည်း ကျွန်တော့်မှာ စိတ်ခွန်အား မရှိဘူး။ ခုက မီးဖိုပေါ်က လက်ကို ဆတ်ခနဲ ရုပ်လိုက်သလို အလိုလျောက် ကျင့်သားရ တုံ့ပြန်မှုပဲ။ စဉ်းစားနေတာ မရှိ၊ သူ့ ပါးစပ်ထဲက တစ်ခုခု မြင်မိလို့ အလိုလို စကားသံ ထွက်သွားတာ။

“အိုး... ဒါလား”

သူ့ကို ကျွန်တော်က သတိပေးလို့ ကျေနပ်တဲ့ ပုံမျိုးနဲ့ ဖရန့်ခ်ဟာ သူ့ ပါးစပ်ထဲက ဟာကို လက်ဖဝါးပေါ်တင်ပြီး ကျွန်တော့်ကို ပြတယ်။ ဆင်စွယ်နဲ့ လုပ်ထားတဲ့ လက်စွပ်လိုလိုပဲ။ မြွေတစ်ကောင်က နေကို မျိုနေတဲ့ ပုံလိုလို မြင် မိတာပဲ။

“ခုနကမိန်းမ ငါ့ကို ပေးလိုက်တာ၊ သူက ပီရူးက၊ အင်္ဂလိပ်လို နည်းနည်း ပဲ ပြောတတ်တယ်၊ သူပြောတာတော့ ဒီပစ္စည်းကို သူတို့ ရှေး အင်ကာခေတ် အပျက်အစီးတွေကြား ပင်လယ်ထဲက ရတာတဲ့။ အဲဒါကို ဘာခေါ်ပါလိမ့်၊

သန္ဘာကျောက်ခက်လား၊ ထုံးဓာတ်များတဲ့ ကျောက်ခက်တွေနဲ့ လုပ်ထားတာ၊ ကယ်လ်ဆီယမ် အများကြီး ပါတာပေါ့။ မေယန်တို့၊ တိုလ်တက်တို့၊ အက်ဇ်တက်ခ်တို့ လူမျိုးစုတွေဟာ ဘာလို့ လူသားစားကြသလဲ ဆိုရင် သူတို့ အစားအသောက်ထဲ ကယ်လ်ဆီယမ် မပါလို့ဘဲ။

ဒါပေမဲ့ အင်ကာတွေကတော့ လူသား မစားကြဘူး၊ သူတို့မှာ သားရဲတိရစ္ဆာန်တွေ အများကြီးရှိလို့ မဟုတ်ဘူး၊ သူတို့မှာ ဒီကယ်လ်ဆီယမ် ကြွယ်ဝတဲ့ သန္ဘာကျောက်ခက်တွေ ရှိလို့ပဲ။ ကယ်လ်ဆီယမ်ဟာ လူကို တည်ငြိမ်စေတယ်၊ အပန်းပြေစေတယ် ဆိုတာ မင်း သိလား။ ဒီမိန်းမဟာ ငါ့ကို တကယ် နားလည်တာပဲ။ သူ ငါ့ကို ဒါလေး ပေးသွားတယ်။ ဒါကို ငါစုပ်လိုက်တော့ ငါ တကယ်ကို ငြိမ်းချမ်းသွားတယ်ကွာ”

ဖရန့်ခ်ဟာ အားရပါးရ ပြုံးနေတယ်။ သူက အဲဒီပစ္စည်းကို ကျွန်တော့် မျက်စိရှေ့မှာ လာထောင်ပြနေတယ်။

“ဖရန့်၊ အဲဒါ တကယ်ပဲ သူ ပေးလိုက်တာလား၊ ခင်ဗျား သူ့ကို သတ်ပြီး ယူလာတာ များလား”

ကျွန်တော် အဲဒီလို ပြောပြီးမှ အကြီးအကျယ် လန့်သွားတယ်။ ကျွန်တော် မဟုတ်ဘဲ တခြားတစ်ယောက်ယောက်က ဒီမေးခွန်းကို မေးနေသလိုပဲ။ ကျွန်တော်နဲ့ ဖရန့်ခ် နှစ်ယောက်သား လိုဏ်ဂူထဲ ရောက်နေသလို အသံဟာ လိုဏ်ပြီး ထွက်လာတယ်။ နှလုံးက ပရမ်းပတာ ခုန်လွန်းလို့ စည်းချက်တောင် မကိုက်တော့ဘူး ထင်တယ်။ ကျွန်တော် မေးချင်း တဂတ်ဂတ် ရိုက်နေလား မသိ။

“ငါ သူ့ကို မသတ်ပါဘူး”

ဖရန့်ခ်က လမ်းဘက် လှမ်းကြည့်လိုက်တယ်။ ခုနက မိန်းမဟာ သူ နဂို ရပ်နေတဲ့ နေရာမှာ ပြန်ရောက်နေပြီ။ ဖရန့်ခ်က လက်လှမ်းပြလိုက်တယ်။ သူက ပြန်ပြတယ်။

“ခင်ဗျားတို့ ဘယ်ရောက်သွားတာလဲ၊ ကျွန်တော် ခင်ဗျားတို့ နှစ်ယောက်လုံးကို မတွေ့ဘူး”

ကျွန်တော့် ပါးစပ်ဟာ သူ့အလိုလို လှုပ်ပြီး ဒီစကားသံတွေ ထွက်နေသလိုပဲ။

ဖရန့်ခ်က ပြောတယ်။ သူတို့ ဟိုတယ်အဝမှာ ရပ်ပြီး ခဏ စကားပြောတယ်။ ပြီးတော့ သူက အဆောက်အအုံတွေ နောက်က ပတ်လာပြီး ကျွန်တော့်ကို စောင့်ကြည့်နေတာတဲ့။

“ဩော်... အဲဒီလိုလား”

ကျွန်တော် သူ့ကို ပြုံးပြလိုက်တယ်။

“ကျွန်တော်က ခင်ဗျားတို့နှစ်ယောက် ဟိုတယ်ထဲ ဝင်သွားတယ် ထင်နေတာ”

ဒါဟာ တစ်ခုခုကို ပြောမယ်လို့ ဆုံးဖြတ်ပြီး ပြောလိုက်တာမျိုး မဟုတ်ပါဘူး။ စကားလုံးတွေ ရွှေး၊ စီပြီး ဝါကျအဖြစ် နှုတ်က ထွက်တာမျိုး မဟုတ်။ ကျွန်တော့် ခန္ဓာကိုယ်ကို တခြားတစ်ယောက်ယောက်ကို အင်္ဂါးချလိုက်ပြီး အဲဒီတစ်ယောက်ယောက်က ကျွန်တော့်ကိုယ်စား ပြောပေးနေသလိုပဲ။ ကျွန်တော် ပုံမှန်မဟုတ်ဘူးလား။ သူ ကျွန်တော့်ကို တစ်ခုခု လုပ်ထားပြန်ပြီလား။

“ဖရန့်ခ်၊ ခင်ဗျား ကျွန်တော့်ကို အိပ်မွေ့ချထားတာလား

“မချပါဘူး”

သူက ကျွန်တော့်ကို ကြောင်တောင်တောင် ကြည့်နေတယ်။

ကျွန်တော် စိတ်လွတ်သွားမှာကို တကယ်ပဲ ကြောက်မိတယ်။ ဦးနှောက် လှုပ်ရှားမှု ဘာမှမရှိဘဲ စကားပြောချင်စိတ် တစိုးတစိမ့ မရှိဘဲ ပါးစပ်က စကားလုံးတွေ အလိုအလျောက် ထွက်ကျနေတယ်။ မေးချင်းရိုက်နေတာဟာ ပို ဆိုးလာတယ်။ သွားခြင်း ရိုက်နေသံ တဂတ်ဂတ်ကို အတိုင်းသား ကြားနေရတယ်။

“မင်း နေကောင်းရဲ့လား ခန်းဂျီး”

ဖရန့်ခ်က ကျွန်တော့် မျက်နှာကို ကြည့်နေတယ်။

“မင်းမျက်လုံးတွေက ရယ်ချင်စရာကြီး၊ မင်းတစ်ကိုယ်လုံးလည်း တုန်လို့၊ မင်း နေမကောင်းဘူးလား ခန်းကျီး၊ ငါလေ၊ ဖရန့်ခ်လေ၊ ငါဘယ်သူလဲ သိရဲ့လား”

ကျွန်တော် ရယ်ချလိုက်မိတယ်။ ပြီးတော့ ကျွန်တော် အသံစူးစူးနဲ့ ပြောမိတယ်။ အဲဒါ ကျွန်တော့်အသံ မဟုတ်ဘူး၊ စူးနေတာပဲ။

“ဖရန့်ခ်၊ ခင်ဗျား အသံက ရယ်၊ ရယ်ချင်စရာကြီး”

အဲဒီ စကားလုံးတွေဟာ ခေါင်းထဲမှာ ပဲ့တင်ထပ်နေတယ်။ ကျွန်တော် ရယ်တာကို ရပ်မရဘူး။ ငါတော့ လုံးဝ ရူးသွားပြီလို့ ကျွန်တော် တွေးမိတယ်။ ကျွန်တော့် ဦးနှောက်ဟာ ဝရုန်းသုန်းကားဖြစ်ပြီး ဦးနှောက် အပိုင်းတစ်ပိုင်းစီဟာ အထိန်းအကွပ်မဲ့စွာနဲ့ လုပ်ငန်းတစ်ခုစီ လုပ်ချင်ရာ လုပ်နေကြတယ် ထင်တယ်။ ဦးနှောက် အစိတ်အပိုင်းတစ်ခုက စကားလုံးတွေကို အပြင်းအထန် ရှာနေတယ်။ ဒါပေမဲ့ စကားလုံးတွေဟာ ကျပန်းသဘောမျိုး ပေါ်လာပြီး နှုတ်ကနေ အလိုအလျောက် ထွက်ကျကုန်တယ်။ စကားပြောတဲ့ လုပ်ငန်းတစ်ခုပဲ အလုပ်လုပ်တဲ့အတွက် ဒီလုပ်ငန်းကနေပဲ အားလုံးကို လွှမ်းမိုးသွားတာမျိုးလေလား။ ခုနေ လမ်းပေါ် ခွေးတစ်ကောင် ဖြတ်သွားတာ မြင်ရင် အိုး... ဟိုမှာ ကြည့်စမ်း၊ ခွေးတစ်ကောင်လို့ ပြောဖြစ်မယ် ထင်တယ်။ ပြီးတာနဲ့ ကလေးဘဝကို သတိရလာပြီး ဖရန့်ခ်ကို ပြောမယ်။ ဖရန့်ခ်ရေ၊ ကျွန်တော် ငယ်ငယ်တုန်းက ခွေးတစ်ကောင် ပိုင်ခဲ့ဖူးတယ်။

“ခင်ဗျား ကျွန်တော့်ကို သတ်မလို့လား”

ကျွန်တော် သူ့ကို မေးလိုက်တယ်။ ကလေးလိုပဲ စိတ်ထဲ ဖျတ်ခနဲ ပေါ်လာတဲ့ ပထမဆုံး အတွေးဟာ စကားလုံးအဖြစ် ပြောင်းပြီး စကားသံအဖြစ် နှုတ်က ထွက်ကျလာတယ်။ ဒါပေမဲ့ အဲဒီလို မေးလိုက်ချိန်မှာပဲ မေးချင်းရိုက်နေတာ ရပ်သွားတာကို ခံစားမိလို့ အံ့သြနေမိတယ်။

“ငါ သတ်မလို့ပဲ၊ ဒါပေမဲ့ ဒါကို ဆန့်ကျင်ဖို့ ဆုံးဖြတ်လိုက်တယ်”

ဖရန့်ခ်ရဲ့ ဒီစကားသံကို ကြားလိုက်ရတဲ့အခါ မျက်လုံးထဲက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်။ ဖရန့်ခ် ဒါကို မမြင်စေချင်လို့ ကျွန်တော် ခေါင်းငုံ့ထားလိုက်တယ်။ ကျွန်တော့် မျက်ရည်တွေဟာ ခြောက်သွေ့နေတဲ့

ပလက်ဖောင်းပေါ် ဖောက်ခနဲ ဖောက်ခနဲ ကျသွားလိမ့်မယ်လို့ ကျွန်တော် ထင်မိတယ်။ အဲဒါ အကြောက်တရား သက်သက်ပါပဲ။ အကြောက်တရားက ကျွန်တော့် စိတ်ကို လှည့်စားနေတာ။ ဖရန့်ခ် ဘွားခနဲ ပေါ်လာချိန်မှာ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အထိန်းအကွပ် မဲ့သွားတယ်။ ခုနက ဖြစ်တာအားလုံးဟာ အကြောက်တရားကြောင့်ပဲ။ သိပ်ကို အားကောင်း ပြင်းထန်လွန်းတဲ့အတွက် ကျွန်တော် ဒါကို ဘာမှန်း မသိလိုက်တာ။ အကြောက်တရားဟာ ကျွန်တော့် တစ်ကိုယ်လုံးနဲ့ ဦးနှောက်ထဲ ပြည့်လျှံသွားတဲ့အခါ အာခေါင်ခြစ် အော်တဲ့အစား ကျွန်တော့် ပြောဆိုလှုပ်ရှားမှုတွေဟာ ထိန်းချုပ်မရ ဖြစ်လာခဲ့တာ။ ဖရန့်ခ်က ကျွန်တော့်ကို သတ်မလို့ လုပ်ပြီးမှ မသတ်တော့ဘူးလို့ ပြောလိုက်တဲ့အခါ ဒါလိမ်တာ ဖြစ်စေဦးတော့၊ တစ်ကိုယ်လုံး လျှံတက်နေတဲ့ အကြောက်တရားဟာ တစ်ခဏတော့ နည်းနည်း အင်အားလျော့သွားတယ်။ တကယ်လား၊ တကယ်ပဲ မသတ်တော့ဘူးလားဟင် လို့ မေးချင်လိုက်တာ။ ဒါပေမဲ့ မမေးလိုက်ပါဘူး။ သူဟာ ခုတစ်မျိုး၊ တော်ကြာတစ်မျိုး လူစားဆိုတာကို ကျွန်တော် ကိုယ့်ကိုယ် ကိုယ် သတိပေးနေတယ်။ ရဲစခန်းလေးက ဖရန့်ခ် နောက်ကျောမှာ။ ကျွန်တော် အဲဒီကို ပြေးဝင်ဖို့ ကြိုးစားရင် ခြေနှစ်လှမ်းတောင် မလှမ်းရသေးခင် သူ ကျွန်တော့်ကို ဖမ်းဆွဲလိုက်မယ် ဆိုတာကို သိနေတယ်။ မစ္စတာချေးဒရန်းဟာ အရှင်လတ်လတ် လည်လိမ် ချိုးခံရတာ။ ပြီးတော့ ကျွန်တော့်ဒူးတွေ တုန်ပြီး ဒူးနှစ်ဖက် တဂွက်ဂွက် ရိုက်နေတယ်။ ပြေးချင်တာတောင် မပြေးနိုင်ဘူး။

ဖရန့်ခ်ဟာ ကျွန်တော့် လည်ပင်းကို သိုင်းဖက်လိုက်တယ်။ ကျွန်တော်တို့ အဲဒီနေရာက ထွက်လာခဲ့ကြတယ်။ သူ့ကြည့်ရတာ ကျွန်တော့်ကို သယ်သွားသလိုပါပဲ။ လက်တင်အမေရိကန် ကြက်မကို သူ တစ်ချက်ကြည့်တယ်။ ဟိုက လက်ယမ်းပြပြန်တယ်။

“သူက သိပ်ကောင်းတဲ့ အမျိုးသမီးပဲ”

ဖရန့်ခ်က မိတ်ဟောင်းဆွေဟောင်းကို ချီးကျူးသလို ပြောနေတယ်။ ကျွန်တော်တို့ မှန်တွေအပြည့် ကာထားတဲ့ ရဲစခန်းလေးကို ကျော်၊ ဆေးဆိုင်ရဲ့ မီးရောင်တွေကြားကနေ လျှောက်လာကြတယ် ဆိုတာ သိတယ်။ ဆေးဆိုင် အဝင်ဝမှာ ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ် အပြင်အဆင်တွေ ဖြစ်တဲ့ ထင်းရှူးခက်နဲ့ ဝါး၊ ဂျပန်မြက်ဖျာနဲ့ အဝတ်အစားတွေကို ချိတ်ဆွဲ ဆင်မြန်းထားတယ်။ တစ်လောကလုံးမှာ စောက်သုံးမကျဆုံးတွေ စုထားတဲ့ အထိမ်းအမှတ် အဆင်

အယင်တွေလို့ ကျွန်တော့် မျက်စိထဲတော့ မြင်တာပဲ။ အထဲမှာ ရဲသုံးယောက် အင်္ဂေ့ထောင်းထောင်း ထနေတဲ့ လက်ဖက်ရည်ခွက် ကိုယ်စီနဲ့ စကားပြော ရယ်မောနေကြတယ်။ ခုပဲ လောလောလတ်လတ် အစုလိုက်အပြုံလိုက် လူသတ်လာတဲ့ လူသတ်သမားဟာ နင်တို့ရှေ့က ဖြတ်လျှောက်နေတာကို မသိဘူးလားဟဲ့၊ မတွေ့ဘူးလားဟဲ့။ ဒီရဲတွေ ဘာမှ မသိပါဘူး။ သိသင့်သိထိုက်တာတွေကိုတောင် သိမှာ မဟုတ်ဘူး။ ဖရန့်ခ် ထွက်လာတဲ့အခါ မြားနတ်မောင်ကလပ်ရဲ့ ရှေ့စတီး တံခါးကြီးကို ဆွဲပိတ်ချခဲ့တာကိုး။ ဒါကို ဘယ်သူမှတောင် နှစ်ခါ ပြန်စဉ်းစားနေမယ် မထင်ဘူး။ တကယ်လို့ နိုရီကိုဟာ အိပ်မွေ့ချရာက ပြန်သတိရလာလို့ ကလပ်ထဲ ပြန်ဝင်မယ် ဆိုရင်တောင် တံခါးပိတ်ထားတာ မြင်ပြီး အကြောင်းတစ်ခုခုကြောင့် ဆိုင်စောစော ပိတ်တယ်လို့ပဲ ထင်မှာ။ အထဲမှာ အလောင်းတွေ အပြည့်ရှိနေတာကို ဘယ်သူမှ သံသယ ဝင်လိမ့်မယ် မထင်။ တစ်ယောက်ယောက် သတင်းပို့တဲ့အချိန်ကျ သုံးလေးရက် ကြာသွားခဲ့ပြီ ဖြစ်မယ်။ ဖရန့်ခ်က ရဲစခန်းလေးကို စပ်ဖြဲဖြဲ မျက်နှာနဲ့ ကြည့်ပြီး မင်း ရဲမတိုင်ဘူးလားလို့ ထပ်မေးနေသေးတယ်။ မတိုင်ဘူးလို့ ပြောလိုက်တော့ ဟာဟာ လို့ မထီတရီလုပ်ရင်း ခုနက သူ့ပါးစပ်ထဲက ထုတ်ထားတဲ့ ပူရှိန်းချိုချဉ်ကို ပြန်ငုံနေတယ်။ ရုတ်တရက် အရာရာဟာ အလွန့်အလွန် ထူးဆန်းလာတယ်။ စကြဝဠာဟာ ထက်ခြမ်းကွဲပြီး အချိန်တွေဟာ ကမောက်ကမ ဖြစ်ကုန်သလိုပဲ။ မြားနတ်မောင်ကလပ် လူသတ်မှုဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တုန်းက ဖြစ်ခဲ့ပြီး ကျွန်တော် ကလွဲလို့ အားလုံးက ဒီကိစ္စကို မေ့လျော့သွားသလိုပဲ။

“ရဲမတိုင်တာ မင်း ငါ့ကို သူငယ်ချင်းအဖြစ် သဘောထားလို့လား”

ဖရန့်ခ်က နောက်မှာကျန်ခဲ့တဲ့ ရဲစခန်းလေးကို နှစ်ခါလောက် သမင်လည်ပြန်ကြည့်ရင်း ကျွန်တော့်ကို ဆို့ဆို့နင့်နင့် လေသံနဲ့ မေးနေတယ်။

“ဟုတ်လား ခန်းဂျီး၊ ဒါကြောင့် မင်း မတိုင်ခဲ့တာလား”

“မဟုတ်ပါဘူး၊ အဲဒီကို မသွားချင်တာ၊ ဘာလို့မှန်းတော့ မသိဘူး”

ကျွန်တော် အမှန်အတိုင်းပဲ ပြောလိုက်တယ်။

“ရာဇဝတ်မှုတစ်ခုကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရရင် ရဲကို သတင်းပို့ရမှာက နိုင်ငံသားတိုင်းရဲ့ တာဝန် မဟုတ်လား၊ မင်း အဲဒီလိုလုပ်ရင် ငါ မင်းကို သတ်ပစ်မယ် ထင်လို့လား”

“မဟုတ်ပါဘူး ခင်ဗျားတို့ ဟိုတယ်ထဲ ဝင်သွားကြပြီ ထင်တာ၊ ခင်ဗျား ကျွန်တော့်ကို စောင့်ကြည့်နေမှန်း ကျွန်တော် မသိဘူး”

“အိုး... ငါတို့ တစ်ယောက်ကို တစ်ယောက် သတိရမနေတာ ကောင်း တာပေါ့”

သတိရရမတဲ့လား။ ခင်ဗျား ဘယ်မှ မသွားဘဲ ဒီမှာပဲ ရှိနေပြီးတော့ ဘယ်လိုလုပ် သတိရရမှာတုံး။

“ငါက မင်းကို စမ်းသပ်တာပါ ခန်းဂျီးရ၊ မင်း ငါ့ကို သူငယ်ချင်းလို သဘောထားလား၊ မထားဘူးလား ဆိုတာကိုပေါ့၊ ဒါကြောင့် ရဲစခန်းနားမှာ တစ်ယောက်တည်း ထားခဲ့ပြီး ငါ မင်းကို စောင့်ကြည့်နေတာ၊ တကယ်လို့ မင်း ရဲစခန်းထဲ ဝင်ဖို့ ပြင်နေရင် ငါ မင်းကို သတ်ဖို့ပဲ၊ ငါ့အနေနဲ့တော့ မိတ်ဆွေ သူငယ်ချင်းတစ်ယောက်ကို ဘယ်တော့မှ ရဲမတိုင်သင့်ဘူး၊ တိုင်ရင်လည်း တိုင် တဲ့လူဟာ သေခြင်းတရားနဲ့ ထိုက်တန်တယ်လို့ သတ်မှတ်တယ်၊ မင်းကော ဘယ်လိုမြင်လဲ”

ကျွန်တော် မသိပါဘူး၊ တကယ် မသိတာပါလို့ ပြောတော့မလို့ အလုပ်မှာ ပဲ ဖုန်းက မြည်လာတယ်။ ထရပ်ကားတစ်စီး ဖြတ်သွားလို့ လမ်းပေါ်မှာ အသံ တွေ ဆူညံနေတယ်။ ကျွန်တော် နံရံတစ်ခုမှာမှီ၊ ဖုန်းကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး အဖုံးဖွင့်လိုက်တယ်။ ဇွန် ဆက်တာပဲ။

“ခန်းဂျီးလား”

“အင်း... ဟုတ်တယ်”

“သူ အဆင်ပြေရဲ့လား”

“ပြေပါတယ်”

“စောစောဆက်မလို့ပဲ၊ ခုနက အိမ်ပြန်နေလို့ ဆောရီးပါ”

“အင်း... ရပါတယ်၊ မပူနဲ့

“ခု... ဖရန့်ခ်နဲ့ပဲလား”

“ဟုတ်တယ်၊ ကာဘူကီ-ချို မှာပဲ၊ ဇွန် အိမ်ပြန်လိုက်တာ ကောင်းပါ တယ်”

“သူများက စိတ်ပူနေတာ၊ ခုနက ဖုန်းခေါ်တုန်းက ရဲနဲ့ ပတ်သက်လို့ တစ်ခုခု အင်္ဂလိပ်လို ပြောလိုက်ပြီး သူများ ဘာမှ မပြောရသေးခင် ဖုန်းချသွား တာလေ၊ အဲဒီမတိုင်ခင် သူ ခေါ်တုန်းကလည်း ဖရန့်ခ်က အတင်း ဝင်ပြောတာ လေ၊ အဲဒါ ဘာတွေ ဖြစ်နေတာလဲ- ဖရန့်ခ်က မူးနေတာလား”

“ဟုတ်တယ်၊ မူးနေတာ”

“ခုနက ဖုန်းမကိုင်ရင် ရဲကိုတိုင်လို့ သူပြောတာ ကြားမိသလိုပဲ၊ ဒါပေမဲ့ ရဲ ကို သူများက ဘာပြောရမှာလဲ၊ ဖရန့်ခ် လို့ခေါ်တဲ့ ဂိုင်ဂျင်တစ်ယောက် ရှိတယ်၊ ကျွန်မ ရည်းစားက သူနဲ့အတူ ရှိနေတာ၊ သူ့ကြည့်ရတာ အန္တရာယ် ပေးမယ့်ပုံပဲ၊ အဲဒီလိုပြောရင် ရဲတွေက ကျွန်မ ပြောတာကို အရေးတယူ လုပ်ပါ့မလား”

“မှန်တယ်၊ သူတို့ အရေးလုပ်မှာ မဟုတ်ဘူး”

“ခန်းဂျီး”

“အင်း”

“သူ တကယ် အိုကေရဲ့လား”

“အိုကေပါတယ်”

ဇွန်က ခဏငြိမ်သွားတယ်။ ပြီးမှ-

“ခန်းဂျီး၊ သူ အသံတွေ တုန်နေတယ်” တဲ့။

ဖရန့်ခ်က ကျွန်တော် ဖုန်းပြောနေတာကို ခံစားချက် မရှိတဲ့ နွားမျက်နှာနဲ့ ကြည့်နေတယ်။

“သူများ ပြန်ခေါ်မယ်လေ၊ ဒါမှမဟုတ် သူများဖုန်းကို ခေါ်၊ စောင့်နေ မယ်”

လို့ ဇွန်က ပြောတယ်။

“အိုကေ” ကျွန်တော် ဖုန်းကို ပိတ်လိုက်တယ်။ ကျွန်တော့် အသံတွေ တကယ်ပဲ တုန်နေတာလား၊ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်ပြီလို့ ထင်နေတာ။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်နေမှန်း မသိဘူး၊ တစ်ယောက်ယောက်က ခုလို ကျွန်တော့်ကို ပြောပြဖို့လိုတယ်။ ကျွန်တော်နဲ့ ယှဉ်ရင် အင်မတန် တည်ငြိမ်အေးဆေးပြီး ကျွန်တော် ယုံကြည်ရမယ့်လူ တစ်ယောက်ယောက် လိုတယ်။ သူတို့က ကျွန်တော့်ကို ထူးဆန်းနေလား၊ ပုံမှန်ပဲလားဆိုတာ အကဲဖြတ်ပေးနိုင်ရင် ကောင်းတယ်။ ခု ဇွန်နဲ့ ဖုန်းခဏာ ပြောလိုက်ရတော့ ဒီ မြားနတ်မောင်ကလပ်ထဲ မဝင်ခင် မူလခန်းဂျီး ဘဝဟာ ဘယ်လိုဆိုတဲ့ ပုံရိပ်တစ်ခုကို လှစ်ခနဲ ပြလိုက်နိုင်တယ်။ ဖုန်းကို ပိတ်ပြီး ဖရန့်ခ်ဘက် လှည့်လိုက်တဲ့ အခါမတော့ ခုနက တွားတက်လာခဲ့တဲ့ တွင်းထဲ ပြန်ပြုတ်ကျသွားသလိုပဲ၊ နေသာတဲ့ ပြင်ပကမ္ဘာကို တစ်မိနစ်လောက် ခဏမြင်လိုက်ရပြီး တိုက်ပိတ်ထားတဲ့ ထောင်ခန်းထဲ ခုပြန်ရောက်သွားပြီ။

“သူက မင်းတိုက်ခန်းမှာလား”

လမ်းဆက်လျှောက်လာတဲ့အခါ ဖရန့်ခ်က မေးလာတယ်။ မဟုတ်ဘူး၊ သူ အိမ်ပြန်သွားပြီလို့ ဖြေလိုက်တော့ ဟမ် တဲ့။ သူ့လေသံက စိတ်သက်သာရာ ရသွားတာလား၊ စိတ်အလိုမကျ ဖြစ်သွားတာလား တစ်ခုခုပဲ။ ဖရန့်ခ်နဲ့ ဆက်ဆံရင် အဆိုးဆုံးကို တွေးထားတာက မှန်လိမ့်မယ်၊ အမှန်နဲ့ နီးစပ်တယ်။ ခုတော့ သူ ကျွန်တော့်အခန်းကို သိတယ် ဆိုတာရယ်၊ ကျွန်တော့် အခန်းတံခါးမှာ လူ့အရေပြားစလေး လာကပ်ထားတာ သူပဲ ဆိုတာရယ်ကို သေချာ သိပါပြီ။ ဇွန့်အိမ်က တာကိုင်းဒိုးမှာ၊ သူ ဇွန့်အိမ်လိပ်စာကို ဘယ်လိုမှ မသိနိုင်တဲ့အတွက် ဇွန့်ကို သူ ရှာမတွေ့လောက်ဘူးလို့ ကျွန်တော် တွေးနေတယ်။

ဖရန့်ခ်က ဆက်ပြောတယ်။

“အဲဒီ ပီရူးမဟာ ဂျပန်ရောက်နေတာ သုံးနှစ်ရှိပြီ၊ လူပေါင်း ငါးရာနီးပါးနဲ့ သူ ဆက်ဆံဖူးတယ်၊ လေးရာ့ငါးဆယ်လောက်က ဂျပန်တွေ၊ ကျန်တာက အီရန်နဲ့ တရုတ်တွေတဲ့ကွ၊ သူက ကက်သလစ်ဘာသာဝင်၊ ဒီတိုင်းပြည်မှာတော့ ယေရှုသခင်ရဲ့ တန်ခိုးတော်တွေ ပျက်ပြယ်နေတယ်လို့ သူထင်တယ်၊ သူပြောတာကို ငါ နားလည်တယ်။ ငါ မပြောပြတတ်ပေမယ့် နားလည်တယ်၊ မနှစ်က ဒီအချိန်လောက်မှာတော့ သူ ကယ်တင်ခြင်း ခံရတာကို သက်သေရခဲ့သတဲ့။

နက်ဖြန်ည ဂျပန်တစ်နိုင်ငံလုံး ကယ်တင်ခြင်း ခေါင်းလောင်းတွေ တီးကြမယ် ဆို”

ပထမတော့ သူ ဘာပြောနေမှန်း ကျွန်တော် မသိဘူး။ ခေါင်းလောင်းတဲ့ လား၊ ဩော်... ရိုးရာ ဆုတောင်း ခေါင်းလောင်းကြီးတွေ ထိုးတာကို ပြောတာ။

“သူ အတော် ဆိုးဆိုးဝါးဝါးတွေ ခံစားခဲ့ရတယ် ပြောတယ်၊ အရိုက်ခံရ တာ၊ အနိုင်ကျင့်ခံရတာမျိုး ဆိုလိုတာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီနိုင်ငံမှာ နေရတာ အခက်ခဲဆုံး ကိစ္စကတော့ အုပ်စုဖွဲ့ ဖိအားပေးခံရတာပဲတဲ့။ ဒီက လူတွေဟာ တစ်ကိုယ်ရေ ပုဂ္ဂလိက လွတ်လပ်ခွင့်ဆိုတာ နားကို မလည်တာ၊ ဂျပန်တွေဟာ မင်းကို အုပ်စုတွေနဲ့ ဝိုင်းရံထားမယ်၊ မင့် နောက်ကျောမှာ မင်းအကြောင်း ပွစိ ထနေအောင် အတင်းပြောမယ်၊ ဘာမှ သေချာ စဉ်းစားမနေဘဲနဲ့ပေါ့၊ မင့်ကျော ပေါ် ဖိအားတွေ များသည်ထက်များ၊ လေးသည်ထက် လေးလာအောင် အုပ်စု လိုက် ဝိုင်းတင်ပေးနေကြတယ်လို့ သူတို့ မစဉ်းစားဘူး၊ စောဒက သွားတက်လို့ လည်း မရဘူး၊ မင်း ဘာပြောနေမှန်းတောင် သူတို့ မသိဘူး၊ သူတို့ သိလျက်နဲ့ ပြောနေတာဆိုရင် ပြန်လည်တိုက်ခိုက်လို့ ရတယ်၊ ဒါပေမဲ့ အဲဒီလို မဟုတ်ဘူး၊ ဒါကိုက အမျိုးသားရေးလက္ခဏာလို အမြစ်တွယ်ပြီး တစ်နိုင်ငံလုံး ကျင့်သုံးနေ တာ ဆိုတဲ့အခါကျတော့ သူလည်း ဘာလုပ်ရမှန်း မသိဘူး၊ သူ ဂျပန်ရောက်ပြီး ခြောက်လကျော်အကြာ၊ ဂျပန်စကား နည်းနည်းတတ်လာချိန်မှာ ကိစ္စတစ်ခု ဖြစ်ခဲ့သတဲ့၊ သူ တစ်နေ့မှာ စက်ရုံလေးတွေ၊ ဂိုဒေါင်တွေ ဝိုင်းရံထားတဲ့ မြေလွတ် တစ်နေရာကို ဖြတ်လာရင်း ချာတိတ်တွေ ဘောလုံးကစားနေတာကို တွေ့တယ်၊ ဘောလုံးဟာ ပီရူးမှာ လူကြိုက်များတဲ့ အားကစားကိုး၊ ပီရူး မြို့တော် လီမာရဲ့ ဆင်ခြေဖုံးရပ်ကွက် တစ်ခုမှာ သူ ကြီးပြင်းခဲ့တာ၊ ပီရူးမှာ တော့ အချို့ရည်ဘူးလွတ်တွေ၊ သတင်းစာစက္ကူတွေကို လုံးပြီး ဘောလုံးအမှတ် နဲ့ ကစားကြရတယ်၊ ဘောလုံးဖိုး မတတ်နိုင်ဘူးကိုး၊ ဒါကြောင့် တကယ့် ဘောလုံးအစစ်နဲ့ ဟန်ကျပန်ကျ ကစားနေတဲ့ ဂျပန်ကလေးတွေကို သူ ကြည့် ရင်း ပျော်လာသတဲ့။ အတိတ်က ပျော်စရာတွေကိုလည်း သတိရလာသတဲ့၊ အဲဒီ အချိန်မှာ ဘောလုံးဟာ သူ့ခြေထောက်နား လိမ့်လာတယ်။ ဒါနဲ့ သူ ချာတိတ် တွေဆီ ဘောလုံးကို ပြန်ကန်ထုတ်လိုက်တာမှာ ကြိုးသိုင်း ညှပ်ဖိနပ်စီးထား တော့ ဘောလုံးဟာ ထိချက်လွဲပြီး စက်ရုံအညစ်အကြေးတွေနဲ့ ပြည့်ပြီး အနံ့ဆိုး တဲ့ မြောင်းထဲ ကျသွားသတဲ့။ သူ ဘောလုံးကို ပြန်ဆယ်ပြီး ချာတိတ်တွေကို ပြန်ပေး၊ တောင်းပန်ပြီး ထွက်သွားမလို့ လုပ်တော့ နေဦးလို့ ပြောသတဲ့၊

ချာတိတ်တွေက သူ့ကို ပတ်လည်ဝိုင်းထားပြီး ဘောလုံးအသစ် ပြန်ဝယ်ပေးဖို့ တောင်းဆိုတယ်၊ ဘောလုံးက နံစော်ညစ်ပတ်နေလို့ ဆက်ကစားလို့ မရတော့ဘူးတဲ့၊ သူ့အဖို့တော့ သူသူကိုယ်ကိုယ် ဆင်းရဲမွဲတေတဲ့ နေရာက လာတဲ့လူမို့ လျော်ပေးရမယ်ဆိုတာ ကြားတောင် မကြားဖူးဘူး။ ဒီလိုနဲ့ စကားအချေအတင် ဖြစ်ကြပြီး ကလေးတွေရှေ့ မျက်ရည်တောက်တောက် ကျခဲ့ရသတဲ့။ ဒီတိုင်းပြည်ကို ခန္ဓာကိုယ်ရောင်းစားဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာကြတဲ့ မိန်းမတွေကို ဘယ်သူမှ လိုလိုလားလား ကြိုဆိုမှာ မဟုတ်ဘူးဆိုတာ သူ သိပါတယ်။ သူ့ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံမယ်ဆိုလည်း သူ နားလည်နိုင်တယ်။ ဒါပေမဲ့ ဘောလုံး ညစ်ပတ်သွားလို့ အသစ်တစ်လုံး ပြန်ဝယ်ပေးလို့ တောင်းဆိုတာကိုတော့ သူ နားမလည်နိုင်ဘူး၊ သူ့မိသားစုမှာ လူ ၁၆ ယောက် ရှိတယ်။ အဲဒီလူတွေအတွက် ပီရူးမှာ တိုက်ခန်းလေးတစ်ခန်း ငှားပေးနိုင်ဖို့ သူ ဂျပန်ကို အလုပ်လာလုပ်တာ၊ ငွေ လုံလုံလောက်လောက် မစုမိမချင်း သူ မပြန်နိုင်ဘူး၊ ဒါပေမဲ့ ဒီနှုန်းအတိုင်းဆို သူ ရည်ရွယ်ထားသလောက် စုနိုင်ဖို့ ဘယ်တော့မှ ဖြစ်နိုင်မှာ မဟုတ်ဘူး၊ ဒါ သူ့ဘဝမှာ ပထမဆုံးအကြိမ် နိုင်ငံရပ်ခြားကို ရောက်ဖူးခြင်းပဲ၊ ဒါဟာ နိုင်ငံခြားမို့ ကွဲပြားခြားနားတဲ့ ဘုရားသခင် ရှိလိမ့်မယ်၊ သူ့ ကက်သလစ် ဘုရားသခင်ဟာ ဒီနေရာ ဒီဒေသမှာ တန်ခိုးစွမ်းအားတွေ မရှိတော့ဘူးလို့ သူ ထင်နေခဲ့တာပေါ့”

စကားတပြောပြောနဲ့ပဲ ဆီဘူ ရှင်ဂျူကု ဘူတာ အနောက်ဘက် ထွက်ပေါက်ကို ဖြတ်၊ မိုးမျှော်တိုက်တွေကို ကျော်ပြီး ရိုးရိုးဂီးဘက် ဦးတည်လာခဲ့ကြတယ်။ ခု ဘေးတစ်ဖက်တစ်ချက် သစ်သား အဆောက်အအုံ သေးသေးလေးတွေပဲ တန်းစီရှိနေတဲ့ လမ်းကျဉ်းလေး တစ်ခုထဲ ရောက်လာပြီ။ ဒီနေရာ တစ်ဝိုက် ဘာဟိုတယ်မှ မရှိတာ သေချာတယ်။ လမ်းက မမှောင်မည်းနေတာပဲ၊ အဆောက်အအုံတွေက ကျပ်ညပ်ပြွတ်သိပ်နေလို့ အနောက်ရှင်ဂျူကုက မိုးမျှော်တိုက်တွေကို မမြင်ရဘူး။ အပေါ်တည့်တည့် မော့ကြည့်မှ ကောင်းကင်ဟာ နက်ပြာရောင် စက္ကူတစ်ချပ်လို အပြားလိုက် တည်ရှိနေတာ တွေ့ရတယ်။ ဖရန့်ခ်က ရှေ့က ဦးဆောင်ပြီး သွားနေတယ်။ လမ်းလျှောက်နေရတာ စိတ်ငြိမ်စေသလိုပဲ။ ပီရူးဖာမရဲ့ ဇာတ်လမ်းဟာ ရင်ထဲထိစေတာ အမှန်ပဲ။ ဖရန့်ခ်ကို ခံစားချက်အပြည့်နဲ့ စကားပြောတာ ခု ပထမဆုံးအကြိမ် တွေ့ဖူးတာပဲ။

သူ ကျွန်တော့်ကို မသတ်တာ တကယ်ပဲ ဇွန်ကြောင့်လား၊ ခုတော့ ဇွန်ကြောင့် မဟုတ်နိုင်ဘူးလို့ ကျွန်တော် တွေးမိနေပြီ။ ဇွန်က ဖရန့်ခ်ဟာ ဖရန့်ခ်ဆို

တာရယ် အမေရိကန်ဆိုတာရယ်ပဲ သိတာ။ ဖရန့်ခ် ဆိုတဲ့ နာမည်ကလည်း သူ့နာမည် မဟုတ်တာ သေချာပါတယ်။ တိုကျိုမှာတင် ဖရန့်ခ်ပေါင်း ရာချီ ရှိလိမ့်မယ်ထင်တယ်။ ခုနက ဇွန်ပြောသလိုပဲ ရဲသွားတိုင်လည်း ရဲက သူ့စကားကို အရေးတယူလုပ်မှာ မဟုတ်ပါဘူး။ ရဲတွေမှာ ဖရန့်ခ်ရဲ့ ဓာတ်ပုံလည်း မရှိ၊ သူ့နိုင်ငံကူးလက်မှတ် နံပါတ်လည်း ဘယ်သူမှ မသိ၊ တကယ် အမေရိကန်ဟုတ်ရဲ့လား ဆိုတာတောင် မသိဘူးကိုး။ မြားနတ်မောင်ကလပ်မှာ သူ ရှိနေခဲ့တယ် ဆိုတာကို အထဲမှာ သေနေတဲ့ လူခုနစ်ယောက်ရယ်၊ ကျွန်တော်ရယ်၊ နို့ရီကိုရယ်ပဲ သိတာ။ နို့ရီကိုကတော့ ရဲဆီ ဘယ်တော့မှ မသွားဘူး ဆိုတာ ရာနှုန်းပြည့် သေချာတယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ ကျွန်တော့်ကို သူ ခုည သတ်ပြီး နက်ဖြန် နာရီတာလေဆိပ်ကနေ အိမ်ပြန်သွားမှာကို တားဆီးစရာ ဘာနည်းလမ်းမှ မရှိဘူး။ သူ ကျွန်တော့်ကို သတ်ချင်ရင် အချိန်မရွေး သတ်နိုင်တယ်။ ဒါပေမဲ့ သူ မသတ်ခဲ့ဘူး။ စကားပဲ ဆက်ပြောနေတယ်။

“သူက ပြောတယ်ကွ၊ ဂျပန်တွေဟာ သူတို့ရဲ့ နတ်ဘုရားတွေနဲ့ ပတ်သက်ပြီး သေသေချာချာ လေးလေးနက်နက် စဉ်းစားကြည့်ကြဖို့ လိုတယ်တဲ့၊ သူ မှန်တယ်”

※

တိုကျိုမြို့လယ်ကောင်၊ ကာဘူကီ-ချိုကနေ ဆယ့်ငါးမိနစ်လောက်ပဲ လမ်းလျှောက်စရာလိုတဲ့ လမ်းကလေးတစ်လမ်းဟာ ရှေး သစ်သား အဆောက်အအုံတွေချည်း ရှိနေပြီး အိုမင်းဟောင်းနွမ်း မှောင်မည်းညစ်နွမ်း နေလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။ အဆောက်အအုံတွေထဲမှာ ဆာမူရိုင်းရုပ်ရှင်တွေထဲ မြင်လေ့ရှိတဲ့ တစ်ထပ်သစ်သား အိမ်အိုလေးတွေတောင် ပါတယ်။ တကယ့် သေးသေးလေးတွေ၊ လျှောတံခါးလေးတွေနဲ့၊ အိမ်ရှေ့ပန်းခြံ။ သေးသေးလေးတွေလည်း ပါတယ်။ တချို့ပန်းခြံလေးတွေမှာ သွပ်လိုင်းပတ်ထားတဲ့ ရေကန် ပေါက်စလေးတွေ ရှိတယ်။ ကန်ထဲမှာတော့ ရွှေငါးတွေ၊ ဂဏာန်းတွေ မရှိပါဘူး။ ရေမှော်တွေပဲ ရှိတယ်။ အဲဒီ အိမ်ပေါက်စလေးတွေရဲ့ ခေါင်မိုးပေါ် ကျော်ကြည့်ရင်တော့ ရှင်ဂျူကု နယူးစီးတီးစင်တာရဲ့ မိုးမျှော်တိုက်ကြီးတွေကို မြင်နိုင်လိမ့်မယ်။ ဖရန့်ခ်ဟာ ခပ်မှန်မှန် လျှောက်နေတယ်။ သူ ဘယ်သွားမယ်ဆိုတာ သူ သေချာသိပုံပဲ။ ဒီလမ်းလေးဟာ ခပ်သေးသေး ကား

တစ်စီး မောင်းနှိုင်လောက်အောင်တောင် ကျယ်ရဲ့လား မသိဘူး။ သူကတော့ ပီရူးမအကြောင်း ဆက်ပြောနေတယ်။

“ဒါနဲ့ သူ ဒီတိုင်းပြည်ရဲ့ နတ်ဘုရားတွေအကြောင်း သိချင်လာတယ်။ ဒါနဲ့ ပတ်သက်လို့ စပိန်လို ရေးထားတဲ့ စာအုပ်စာတမ်း မရှိဘူး၊ အင်္ဂလိပ်စာက သူ မတတ်ဘူး၊ ဒါကြောင့် သူ ဖောက်သည်တွေကို မေးသတဲ့။ ဒါပေမဲ့ ဂျပန် ဖောက်သည်တွေဟာ ဒီအကြောင်းနဲ့ ပတ်သက်လို့ ဘာဆိုဘာမှ မသိကြဘူးတဲ့။ ဒီလူတွေဟာ ဒုက္ခတစ်စုံတစ်ရာ ရောက်လာရင် ကူမဲ့ ကယ်မဲ့ ဘုရား မရှိဘူးလား၊ ဒါနဲ့ပတ်သက်လို့ ဘာမှ မလုပ်ကြဘူးလားလို့ တွေးရင်း သူ အံ့သြနေတယ်။ နှစ်သစ်ကူး ခေါင်းလောင်းထိုးတဲ့အကြောင်း သူ့ကို ပြောပြတာက ဒီမှာ နေတာ အနှစ်သုံးဆယ်ကျော်ပြီဖြစ်တဲ့ လက်ဘန္ဓန် ဂျာနယ်လစ် တစ်ယောက်။ သူက ပြောပြတာက ဂျပန်မှာ ခရစ်တော်တွေ၊ မိုဟာမက်တွေ၊ အနောက်တိုင်းသားတွေ စိတ်ကူးပုံဖော်ထားတဲ့ ဘုရားသခင်တွေ ဘာတစ်ခုမှ မရှိဘူး၊ ဧရာမ ကျောက်တုံးကြီးတွေ၊ ကြိုးတွေ သိုင်းထားတဲ့ သစ်ပင်ကြီးတွေကို နတ်ဘုရား အမှတ်နဲ့ ကန်တော့ကြ၊ ဘိုးဘေးတွေရဲ့ ဝိညာဉ်တွေကို ကန်တော့ကြတယ်တဲ့၊ ပြီးတော့ ဂျာနယ်လစ်က ဆက်ပြောတယ်။ ဂျပန်တွေဟာ သမိုင်းတစ်လျှောက် ဘယ်တုန်းကမှ သူတို့မြေကို နိုင်ငံခြားသားက ဝင်သိမ်းတာ၊ သတ်ဖြတ်ခံရတာ၊ ဒုက္ခသည်အဖြစ် ထွက်ပြေးရတာမျိုး မရှိခဲ့ဖူးတဲ့။ ဒုတိယကမ္ဘာစစ်တုန်းကတောင် တကယ့်စစ်မြေပြင်ဟာ တရုတ်နဲ့ အရှေ့တောင် အာရှမှာ၊ ပစိဖိတ် ကျွန်းစုတွေနဲ့၊ အိုကီနာဝါမှာ ဖြစ်ခဲ့တာ၊ ဂျပန်ကျွန်းမကြီး၊ ကတော့ လေယာဉ်နဲ့ ဗုံးကြဲတာကိုသာ ခံရတာ။ ဒါကြောင့် ဂျပန် ပြည်သူတွေဟာ ကျူးကျော်ဝင် ရောက်လာပြီး သူတို့ကို သတ်ဖြတ် မုဒိမ်းကျင့်ပြီး ဘာသာစကားအသစ်တစ်ခု အတင်းပြောခိုင်းတဲ့ နိုင်ငံခြားသား ရန်သူတွေနဲ့ တစ်ခါမှ နဖူးတွေ့ ဒူးတွေ့ မတွေ့ခဲ့ရဘူး၊ ဒါမျိုးက ဥရောပနဲ့ ကမ္ဘာသစ်လို့ ခေါ်တဲ့ အမေရိကမှာ သမိုင်းတစ်လျှောက် အမြဲတွေ့ခဲ့ရတာမျိုးလေ၊ ဒီတိုင်းပြည်က လူတွေမှာတော့ ဒါမျိုးမရှိတဲ့အတွက် ပြင်ပကမ္ဘာက လူတွေနဲ့ ဘယ်လို ဆက်ဆံရမယ်ဆိုတာ မသိကြဘူး၊ ဒါကြောင့်လည်း ဂျပန်တွေဟာ ကိုယ့်တစ်ဘို့ပဲ ကြည့်ပြီး အမြင်ကျဉ်းနေကြတာလို့ လက်ဘန္ဓန် ဂျာနယ်လစ်က ပြောသတဲ့။ အမေရိကန်ကလွဲလို့ ဂျပန်ကို ဘယ်သူမှ မထိခဲ့ကြဘူး။ ဒါပေမဲ့ ဒီတိုင်းပြည်မှာ ကောင်းကွက်ကလေးတွေလည်း ရှိသေးတယ်လို့ ပြောရင်း လက်ဘန္ဓန် ဂျာနယ်လစ်ဟာ သူ့ကို နှစ်သစ်ကူး ခေါင်းလောင်းတွေအကြောင်း ပြောပြသတဲ့။ ပြည်ပကျူးကျော်စစ်ကို

ဘယ်တုန်းကမှ မခံခဲ့ရတဲ့အတွက် တခြား တိုင်းပြည်တွေမှာ ရှာမတွေ့နိုင်တဲ့ ရိုးရာဓလေ့နဲ့ သိမ်မွေ့မှုတွေကို ဒီမှာ တွေ့ရတယ်။ နှစ်သစ်ကူး အကြိုညမှာ ဘုရားကျောင်းတွေက ခေါင်းလောင်းတွေ တီးကြတဲ့ ဓလေ့ဟာ နှစ်ပေါင်း ထောင်ချီကြာခဲ့ပြီ မဟုတ်လား၊ ခေါင်းလောင်းကို အကြိမ် အရေအတွက်နဲ့ တီးတယ်ဆို တစ်ရာနဲ့ ဘယ်နှကြိမ်ဆိုလည်း ငါမေ့သွားပြီ၊ မင်း သိလား ခန်းဂျီး”

ဖရန့်ခ်ဟာ နှစ်ကူးခေါင်းလောင်း ဂျိုရာ-နို-ကာနဲ့ အကြောင်း ပြောနေတာပဲ။ တစ်ရာ့ရှစ်ကြိမ် ထိုးရတယ်လို့ ကျွန်တော် ပြောလိုက်တယ်။

“ဟုတ်တယ် ဟုတ်တယ်၊ တစ်ရာ့ရှစ်ကြိမ်”

ကျွန်တော်တို့ တစ်ဖက်ပိတ် လမ်းကျဉ်းလေးရဲ့ အဆုံးကို ရောက်လာတယ်။ အဆောက်အအုံနှစ်ခု ကြားက ကွက်လပ်ကျဉ်းကလေးထဲကို ဖရန့်ခ် ဝင်သွားတယ်။ ကျွန်တော် လိုက်ဝင်သွားတယ်။ ဒီနေရာကို ဘယ် မီးအလင်းရောင်မှ မရောက်ဘူး။ ကျဉ်းလွန်းလို့ တရွေ့ရွေ့ ဝင်ရတယ်။ အဲဒီ လမ်းမြောင်ကလေးဟာ အဆောက်အအုံပျက်ကြီး တစ်ခုဆီ ဦးတည်တယ်။ ကြည့်ရတာ အိမ်ခြံမြေစွေးကွက်ပျက်တော့ ဖြိုဖျက်နေရာက ဒီအတိုင်းထားခဲ့တဲ့ဟာကြီး ထင်တယ်။ အဝင်လမ်းကလည်း တောထနေတယ်။ အဆောက်အအုံထဲကို ဒူးထောက်ပြီး တွားသွားဝင်ရတယ်။ ရွံ့နံ့တွေ၊ အညစ်အကြေးနံ့တွေ ထောင်းထောင်းထလို့။

“မနှစ်ကတော့ သူ အဲဒီ ခေါင်းလောင်းထိုးသံတွေကို သွားနားထောင်သတဲ့၊ တကယ့်ကို ကြည်နူးဖွယ် အားတက်ဖွယ်ပါပဲတဲ့၊ တခြား ကမ္ဘာတစ်ခုကို ရောက်သွားသလိုပဲလို့ ပြောတယ်။ ခေါင်းလောင်းသံ တစ်ရာ့ရှစ်ချက်ဟာ သူ့ရင်ထဲက မကောင်းတဲ့ အညစ်အကြေးတွေ အားလုံးကို ဆေးကြောသန့်စင် ပေးခဲ့တယ်တဲ့”

အထဲရောက်တော့ ဖရန့်ခ်ဟာ ကြမ်းပြင်ပေါ်မှာ ချထားတဲ့ မီးချောင်းကို ထွန်းလိုက်တယ်။ အောက်ကနေ ပင့်တက်လာတဲ့ အလင်းရောင်အောက်မှာ သူ့မျက်နှာဟာ အရိပ်ပြဇာတ်ထဲက ချောက်ချားစရာ တစ္ဆေရုပ်သေးရုပ်လိုပဲ။ ဒီအဆောက်အအုံဟာ တစ်ခါက ဆေးခန်းတစ်ခု ဖြစ်ခဲ့မယ် ထင်တယ်။ ထောင့်တစ်ထောင့်မှာ ဆေးပစ္စည်းတွေ၊ ကုလားထိုင်ကျိုးတွေ စုပုံထားတယ်။ သစ်မာကြမ်းခင်းပေါ်မှာတော့ ဖျာတစ်ချပ် ခင်းထားတယ်။ ဖရန့်ခ်က ဖျာပေါ် ထိုင်ချလိုက်ပြီး ကျွန်တော့်ကို သူ့နား ဝင်ထိုင်ဖို့ မျက်ရိပ်ပြတယ်။

“ခန်းဂျီးရေ၊ အဲဒီ ခေါင်းလောင်းသံတွေဟာ တကယ်ပဲ စိတ်ထဲက မကောင်းတဲ့ အညစ်အကြေးတွေကို ဆေးကြောပေးနိုင်သလား၊ မင်း ငါ့ကို အဲဒီ ခေါင်းလောင်းသံတွေ နားထောင်လို့ရတဲ့ နေရာကို ခေါ်သွားပေးနိုင်မလား”

“ရတယ်လေ”

လို့ ကျွန်တော် ပြောလိုက်တယ်။ အင်း... ဒါက သူ ကျွန်တော့်ကို မသတ်သေးတဲ့ အကြောင်းရင်းပဲလို့ တွေးနေမိတယ်။

“တကယ်လား၊ ကျေးဇူးပါကွာ၊ အဲဒီ ခေါင်းလောင်းတွေဟာ ဘယ်လိုများ စိတ်အညစ်အကြေးကို သန့်စင်ပေးတာတုံး၊ ပီရူးမက ပြောပြပေမယ့် ငါ ဒါကို ဂျပန်တစ်ယောက်ဆီက ကြားချင်တာ”

“ဖရန့်ခ်၊ ဒီည ကျွန်တော့်ကို ဒီမှာ နေခွင့်ပြုမယ်လား”

မဟုတ်လည်း သူ ကျွန်တော့်ကို ပြန်လွှတ်မှာမှ မဟုတ်ဘဲလေ။

“ဒုတိယထပ်မှာ ခုတင်တွေ ရှိတယ်၊ မင်း အဲဒီမှာ အိပ်လို့ရပါတယ်၊ ငါကတော့ ဒီဖျာနဲ့ဆို အဆင်ပြေတယ်၊ မင်းလည်း ပင်ပန်းမှာပေါ့၊ ဒီနေ့ ကိစ္စတွေ အတော်ဖြစ်ခဲ့တာကိုး၊ ဒါပေမဲ့ ခေါင်းလောင်းအကြောင်း ငါ သိချင်သေးတယ်၊ မင်း အဆင်ပြေမယ် ဆိုရင်ပေါ့”

“ရပါတယ်”

ကျွန်တော် လှည့်ပတ်ကြည့်တယ်။ ဘာလှေကားမှ မတွေ့ဘူး။

“အပေါ်ကို ဘယ်လို တက်ရမှာလဲ”

“ဟိုမှာတွေ့လား

ဖရန့်ခ်က အခန်းထောင့် တစ်နေရာကို လက်ညှိုးထိုးပြတယ်။ စတီးဗီရို ကြီးတစ်လုံး လည်နေတယ်။ စတီးဗီရိုပေါ်မှာတော့ ရေခဲသေတ္တာ တစ်လုံး ရှိတယ်။ ရေခဲသေတ္တာပေါ်က မျက်နှာကြက်မှာတော့ တာတာမီ မြက်ဖျာ တစ်ဝက်စာလောက် ကျယ်မယ့် အပေါက်တစ်ပေါက်၊ ကြည့်ရတာ အဲဒါ လှေကားရှိခဲ့တဲ့ နေရာဖြစ်မယ်။

“အဲဒီ ရေခဲသေတ္တာပေါ် တက်ပြီး အပေါက်ကနေ တွယ်တက်ရမှာ”

ဖရန့်ခ်က ပြောလိုက်တယ်။

“အပေါ်မှာ ဟိုတယ်အတိုင်းပဲကွ၊ ခုတင်တွေ အများကြီး”

လို့ ပြုံးပြုံးကြီး ပြောတယ်။

အေးပေါ့လေ၊ ကျွန်တော် တက်သွားပြီးရင် သူက ရေခဲသေတ္တာကို နေရာ ရွှေ့လိုက်ရုံပဲ၊ ဒါဆို ကျွန်တော့်ကို သူ စောင့်ကြည့်နေစရာ မလိုတော့ဘူး။ ခုန်ချဖို့ဆိုတာလည်း အတော်သတ္တိရှိမှ ဖြစ်မယ်။ ကြမ်းပြင်မှာက မှန်ကွဲစတွေချည်းပဲ၊ ခုန်ချရင် အသံထွက်၊ မှန်ကွဲရှာ၊ အခန့်မသင့်ရင် ခြေကျိုးမှာ။

“ဒါ ဆေးရုံဖြစ်မယ်ကွ”

ကျွန်တော် အခန်းကို လှည့်ပတ်ကြည့်နေတုန်း ဖရန့်ခ်က ပြောတယ်။

“ငါလည်း လမ်းလျှောက်ရင်း ဒီနေရာကို တွေ့လာတာ၊ ပုန်းဖို့ကတော့ အကောင်းဆုံးပဲ၊ မင်း ဘယ်လိုထင်တုံး၊ ရေတော့ မရဘူး၊ ဒါပေမဲ့ မီးရတယ်၊ ဆိုတော့ ကော်ဖီဖျော်စက်ထဲ ရေနည်းနည်းထည့်၊ ပြီးရင် အဲဒီရေနဲ့ မျက်နှာသစ်ကိုယ်လက်သန့်စင်၊ အိမ်မှာ နေရသလိုပါပဲကွာ”

ဒီလိုအဆောက်အအုံပျက်ဆိုတာ ရေရော၊ မီးရော၊ ဂက်စ်ရော အကုန် ဖြတ်ထားမှာ သေချာတယ်။ သူ မီးကို တစ်နေရာရာက ခိုးသွယ်ထားတာပဲ၊ ဒီလောက်ကတော့ သူ့အတွက် ကလေးကစားသလိုပဲလေ။

“ခေါင်းလောင်းကို ဘာဖြစ်လို့ တစ်ရာ့ရှစ်ကြိမ် ထိုးကြတာလဲ၊ လက်ဘန့်နိုင်ကောင်က ဒါကို ရှင်းပြခဲ့ပေမယ့် သူ မမှတ်မိတော့ဘူးလို့ ပီရူး သူက ပြောတယ်။ ဘာပဲပြောပြော ခေါင်းလောင်းကိစ္စ အပြီးမှာ သူဟာ ဂျပန်အကြောင်းလေ့လာခဲ့တယ်။ သူဟာ ဒီနေရာအကြောင်းကို ငါ ကြံဖူးသမျှ လူတွေအားလုံးထက် ပိုသိတယ်။ ဟိုကလပ်က ကောင်မတွေဆို သူတို့ တိုင်းပြည်အကြောင်း သူတို့ ဘာတစ်ခုမှ မသိဘူး၊ ဘာတစ်ခုမှ မသိရုံမက ဘာမှလည်း စိတ်မဝင်စားဘူး၊ သူတို့ ဂရုစိုက်တာက တန်ဖိုးကြီးအရက်၊ အဝတ်အစား၊ လက်ကိုင်အိတ်၊ ဟိုတယ်၊ ဒါတွေပဲ၊ တိုင်းပြည်သမိုင်းကြောင်းနဲ့ ပတ်သက်လို့ ဘာတစ်ခုမှ မသိဘူးဆိုတာ ငါ့ကို အံ့သြစေတယ်”

သူတို့မှာ သိချင်စိတ်ရှိဦးတော့၊ ဒါကို သင်ကြားဖို့ အခွင့်အရေးမှ မရှိတော့ဘဲလို့ ကျွန်တော် စိတ်ထဲက ပြောနေမိတယ်။ လေဒီ(၅)ရဲ့ လည်ပင်းကို ဖရန့်ခ်

လိုးနေတဲ့ မြင်ကွင်း ပြန်မြင်လာပြန်တယ်။ ခုနက ကျွန်တော့် နောက်ကျောက နေ ဘွားခနဲ သူ ပေါ်လာတုန်းကလို စိမ့်ကြောက်လာပြန်တယ်။ အင်အားတွေ ဟာ ခြေထောက်တွေကနေ အပြင် စိမ့်ထွက်၊ နှာခေါင်းထဲ မှိုန့်တွေ ရပြီး တစ် ကိုယ်လုံး သုတ်ဆေးနံ့တွေ လှိုင်လာသလိုပဲ။ ဒါပေမဲ့ လေဒီ(၅)ရဲ့ ဟက်တက်ကွဲ နေတဲ့ လည်ပင်းပုံက အာရုံထဲ ပေါ်မလာဘူး။ ပေါ်လာတော့မယ်လို့ ထင်နေပြီး ရုတ်တရက် မြင်ကွင်းက အမှောင်ကျသွားသလိုပဲ။ ယုံကြည်ဖို့ ခက်ခဲပေမယ့် ခုနက အစုလိုက် အပြုံလိုက် အသတ်ခံထားရတဲ့ မြင်ကွင်းကြီး တစ်ခုလုံးကို ကျွန်တော် မေ့ပျောက်စပြုလာတယ်။ မစ္စတာချေးဒရန်းရဲ့ နားရွက် ပြတ်ကျ သွားတာကို ပုံဖော်ကြည့်ဖို့ ကြိုးစားပေမယ့် အာရုံမှာ ပေါ်မလာဘူး။ သူ့နားရွက် လိုးခံရတယ်ဆိုတာ အချက်အလက်အရ ကျွန်တော် သိပေမယ့် ပုံရိပ်က ပေါ်မ လာဘူး။ တစ်ခါတလေ သူငယ်ချင်းဟောင်း တစ်ယောက်နဲ့ ပတ်သက်လို့ အကုန်မှတ်မိတယ်၊ သူ့အပြုအမူ အကျင့်စရိုက် ဝါသနာ အသေးစိတ်ကအစ သိ တယ်။ ဒါပေမဲ့ သူ့မျက်နှာကို ပုံဖော်လို့မရဘူး ဆိုသလိုမျိုး၊ ဒါမှမဟုတ် အရမ်း ကြောက်ဖို့ကောင်းတဲ့ အိပ်မက်ဆိုးကနေ လန့်နိုးလာပြီး အိပ်မက်က ဘာမှန်း စဉ်းစားလို့ မရတာမျိုး။ ဘာဖြစ်လို့ ဒီလိုဖြစ်မှန်း မသိပေမယ့် ခု ဒီလိုဖြစ်နေတာ အမှန်ပဲ။

“အဲဒီလို။ဖြစ်နေချိန်မှာ ဒီ ပီရူးဖာမက ဂျပန်သမိုင်းနဲ့ ပတ်သက်တဲ့ ထူးခြားထင်ရှားသော အရာအားလုံးကို သိနေခဲ့တယ်။ ဥပမာအားဖြင့် လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာတုန်းက ဂျပန်တွေဟာ ဆန်စိုက်ပျိုးတာကိုသာ အာရုံစိုက်ခဲ့ကြတယ်၊ ပင်လယ်ရေကြောင်း ခရီးကနေ ပါရှားက သတ္တုတွေ တိုင် ကို ဒရမ်တွေ စသည်ဖြင့် ကုန်သွယ်ပစ္စည်းတွေ စဝင်လာတဲ့ အချိန်အထိ ဂျပန် ဟာ စိုက်ပျိုးရေးအခြေပြု ဘဝတွေ မပြောင်းလဲသေးဘူး။ ဒါပေမဲ့ ပေါ်တူဂီက ရိုင်ဖယ်တွေ စတင် ဝင်ရောက်လာချိန်မတော့ အရာအားလုံး ပြောင်းလဲသွားခဲ့ တယ်၊ ဂျပန်တွေဟာ အဲဒီအချိန်ကစလို့ အုပ်စုတစ်စုနဲ့ တစ်စု စစ်ခင်းကြတော့ တယ်၊ အစကတော့ ဓားတိုက်ပွဲလောက်ပဲ ရှိခဲ့တာတဲ့ ငါ ဒါကို ရုပ်ရှင်တွေထဲ မြင်ဖူးပါတယ်၊ ဘဲလေးကနေသလို ဓားတွေနဲ့ တိုက်ကြတာလေ၊ သေနတ် တိုက်ပွဲဟာ တစ်နှစ်ထက် တစ်နှစ် ပိုပြင်းထန်လာတယ်၊ လက်နက်အင်အား ကောင်းလာတဲ့ ဂျပန်ဟာ ကိုယ့်အချင်းချင်း တိုက်ရတာ အားမရဘဲ တခြား တိုင်းပြည်တွေကိုပါ စတင် ကျူးကျော်လာခဲ့တယ်၊ နိုင်ငံခြားသားနဲ့ အဆက် အဆံ နည်းခဲ့တဲ့အတွက် သူများတိုင်းပြည်ကို ကျူးကျော်ပြီးရင် အဲဒီက

တိုင်းသူပြည်သားတွေကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ မသိခဲ့ကြဘူး။ ဒါကြောင့် အကျူးကျော်ခံရတဲ့ အိမ်နီးချင်း တိုင်းပြည်က တိုင်းသူပြည်သားတွေဟာ ဂျပန်ကို သိပ်မုန်းခဲ့ကြတယ်၊ ဒီလိုနဲ့ အဏုမြူဗုံးကျတဲ့ထိ စစ်ပွဲတွေ ဆက်လက် ဖြစ်ပွားခဲ့တယ်၊ အဲဒီနောက်ပိုင်းမှာတော့ ဂျပန်ဟာ တွေးခေါ်ပုံကို ပြောင်းလဲ၊ စစ်ပွဲကို စွန့်လွှတ်၊ လျှပ်စစ်ပစ္စည်းတွေဘက် ဦးလှည့် တီထွင်ထုတ်လုပ်ရင်း စီးပွားရေး စူပါပါဝါကြီး ဖြစ်လာခဲ့တယ်။ တိုင်းပြည်ရဲ့ စိုက်လိုက်မတ်တတ် လျှောက်ရမယ့်လမ်းကို ထင်ထင်ရှားရှား တွေ့ခဲ့ကြတယ်။ ဂျပန်တွေ စစ်ရှုံးခဲ့တာ မှန်တယ်၊ ဒါပေမဲ့ စစ်ရဲ့ ဒဏ်ရာဒဏ်ချက်ကို ခံရတာက တရုတ်နဲ့ အရှေ့တောင်အာရှ။ ဒါကြောင့်မို့ ဂျပန်ဟာ စစ်ရှုံးတယ်လို့ မခေါ်နိုင်ဘဲ စစ်နိုင်တယ်လို့တောင် ထင်စရာ ဖြစ်လာတယ်။ ဒါပေမဲ့ နှစ်သစ်ကူး ခေါင်းလောင်း တစ်ရာ့ရှစ်ကြိမ် ထိုးတာကတော့ ဘာအတွက်လဲဆိုတာ ငါ့ကို ပြောပြစမ်းပါ ခန်းဂျီးရာ၊ အဲဒါကိုတော့ ဟိုမိန်းမက သေချာမသိဘူးကွ”

အင်း ဖရန့်ခ်ဟာ ကျွန်တော့်ကို စမ်းသပ်နေပြန်ပြီလို့ ထင်မိတယ်။ နှစ်သစ်ကူး ခေါင်းလောင်းနဲ့ ပတ်သက်လို့ သူ့ရဲ့ ဧည့်လမ်းညွှန် ဖြစ်နိုင်တဲ့ ဗဟုသုတ ကျွန်တော့်မှာ ရှိ၊ မရှိကိုပေါ့၊ တကယ်လို့ ကျွန်တော် စမ်းသပ်ချက်ကို ကျရှုံးခဲ့ရင် ဘာဖြစ်မလဲ။

ကျွန်တော် စပြောတယ်။

“ဗုဒ္ဓဘာသာမှာ...”

နေဦး၊ ရှင်တို့ဘာသာမှာလား၊ အို... ဗုဒ္ဓဘာသာနဲ့ ရှင်တို့ရဲ့ ကွာခြားချက်ကို ဖရန့်ခ်က သိမှာမို့လို့လား။ ဒီအတိုင်းပဲ ပြောမယ်။

“ဗုဒ္ဓဘာသာမှာ ခုနက ခင်ဗျားပြောနေတဲ့ မကောင်းသော စိတ်ရိုင်း စိတ်မိုက် ဆိုတာကို ဘွန်နိုလို့ ခေါ်တယ်။ ဘွန်နိုနော်။ အန် နှစ်လုံးနဲ့ စာလုံး ပေါင်းတာ၊ ဘွန်နိုရဲ့ တကယ့်အဓိပ္ပာယ်ကတော့ စိတ်ရိုင်း စိတ်မိုက် ဆိုတာထက် အများကြီး ပိုလေးနက်တယ်”

ဖရန့်ခ်က ဒီစကားလုံးကို မှင်တက် အံ့သြစွာ နားထောင်ရင်း ပါးစပ်က ဘွန်နို၊ ဘွန်နိုနဲ့ တတွတ်တွတ် ရွတ်နေတယ်။ အင်း... သူက သက်ပြင်းရှည်ကြီး ချလိုက်ရင်း-

“အံ့လောက်စရာ စကားလုံးပါပဲ၊ ဒီစကားလုံးကို ရေရွတ်လိုက်ရုံနဲ့တင် ငါ့ခန္ဓာကိုယ်ထဲက တစ်စုံတစ်ရာဟာ အရည်ပျော်ထွက်သွားပြီး စောင်နွေးနွေးနဲ့ ထွေးပွေ့ထားတာ ခံလိုက်ရသလိုပဲ၊ ဒီ ဘွန်နီရဲ့ အဓိပ္ပာယ် အစစ်အမှန်က ဘာလဲ ခန်းဂျီး”

“ကျွန်တော် ထင်တာတော့ ဒုက္ခလို့ ဘာသာပြန်ရမယ် ထင်တယ်။ တကယ်တော့ ဒီထက် ပိုရှုပ်ထွေးပါတယ်၊ ခင်ဗျား ဦးဆုံး သိထားဖို့ကတော့ ဒါဟာ သက်ရှိအားလုံး ခံစားကြရတဲ့ ဟာမျိုးပါပဲ”

ကျွန်တော် ဒါတွေ ပြောနေမိတာကို ပြန်ကြားနေရတာကိုက အံ့သြစရာ၊ ဒါတွေကို ကျွန်တော် သိတယ်ဆိုတာ ကျွန်တော် ကိုယ်ကိုယ်တိုင် မသိဘူး။ ဘယ်သူက သင်ပေးထားတာလဲ၊ ဘယ်နေရာမှာ ဖတ်ထားတာလဲ ဆိုတာလည်း မမှတ်မိဘူး။ ဘွန်နီ ဆိုတဲ့ စကားလုံးကို နောက်ဆုံး ဘယ်တုန်းက ကြားဖူးခဲ့တာလဲ ဆိုတာလည်း မပြောတတ်ဘူး။ ဒါပေမဲ့ ဒါ ဘာအဓိပ္ပာယ်ရှိသလဲ ဆိုတာရယ်၊ အကြမ်းဖျင်း အင်္ဂလိပ်လို ဘယ်လို ဘာသာပြန်ရမလဲ ဆိုတာရယ်ကို ကျွန်တော် သိနေတယ်။ သက်ရှိအားလုံး ခံစားနေရတဲ့ အရာလို့ ကျွန်တော် ပြောလိုက်တဲ့အခါမတော့ ခင်ဗျားတို့ ယုံချင်ယုံ၊ မယုံချင်နေ၊ ဖရန့်ခ်ဟာ စဉ်ပါတော့တယ်။

“ခန်းဂျီး၊ ငါ့ကို ထပ်ပြောပြစမ်းပါကွာ”

သူက အသံတွေ တုန်နေတယ်။ ရှိုက်သံနှောရင်း ပြောနေတယ်။ ကျွန်တော်လည်း ဒီသတင်းအချက်အလက်တွေ ကျွန်တော့်ခေါင်းထဲ ဘယ်တုန်းက ရောက်နေသလဲ ဆိုတာကို အံ့သြနေမိတယ်။ ဟတ်ဒစ်ထဲမှာ အိပ်ပျော်နေတဲ့ ဒေတာတွေကို ဆော့ဖ်ဝဲတစ်ခုနဲ့ တပ်လှန့် နှိုးဆော်ပြီး ထွက်လာစေသလိုပဲ။

“နောက် စကားတစ်လုံးကတော့ မာဒူ တဲ့၊ အဓိပ္ပာယ်ကတော့ လမ်းပျောက်ခြင်းပေါ့”

သူ ဒီစကားလုံးကို ထပ်ကာ ထပ်ကာ ရွတ်နေတယ်။ ရှေးဂျပန် စကားလုံးတွေဟာ နိုင်ငံခြားသားတွေ ရေရွတ်လိုက်တဲ့အခါ ပိုပြီး ဆန်းကြယ် ပဟေဠိဆန်လာတာကို တွေ့ရတယ်။

“မာဒူ ဆိုတာ ဘွန်နို ဘာလဲ ဆိုတာကို ဖော်ပြတဲ့ အရိုးရှင်းဆုံး ကြိယာ စကားလုံးပဲ၊ ဒုက္ခဟာ လမ်းပျောက်စေတယ်ပေါ့၊ ဒုက္ခဆိုတာ လူတစ်ယောက် မွေးကတည်းက ပါလာတာ၊ ဘွန်နို ခြောက်မျိုး၊ တစ်ခါတလေ ဆယ်မျိုးရှိတယ် လို့ ပြောတယ်။ အဓိကမျိုးရင်းကတော့ နှစ်မျိုးပဲ ရှိသတဲ့။ ခရစ်ယာန်မှာ ရှိတဲ့ သေလောက်တဲ့အပြစ် ခုနစ်ပါး ဆိုတာနဲ့လည်း ခပ်ဆင်ဆင်တူပေမယ့် ကွာခြား ချက်ကတော့ လူတိုင်းဟာ ဒုက္ခနဲ့ ဖက်ပြီး မွေးဖွားလာကြတာပဲ၊ ဒုက္ခဟာ ကျွန်တော်တို့ရဲ့ ကိုယ်တွင်းကလီစာတွေလို မွေးရာပါပဲ၊ ဘွန်နို ခြောက်ပါးတို့၊ ဘွန်နို ဆယ်ပါးတို့ ဆိုတာကတော့ သိပ်ခက်တယ်၊ ကျွန်တော်လည်း အင်္ဂလိပ် လို ပြန်မပြတတ်ဘူး”

ဖရန့်ခ်က ခေါင်းညိတ်ပြီး သူ နားလည်ပါတယ်လို့ ပြောတယ်။

“အေးပါ၊ ဒီလိုခက်ခဲတဲ့ ကိစ္စတွေ၊ နက်နဲတဲ့ စကားလုံးတွေကို အင်္ဂလိပ် ဘာသာလို ရိုးရှင်းတဲ့ စကားလုံးတွေအဖြစ် ပြောင်းဖို့ ခက်ခဲတာ သိပါတယ်”

“ဘွန်နို နှစ်မျိုးက အကြမ်းဖျင်းပြောရင်တော့ တစ်မျိုးက အတွေးက လာပြီး တစ်မျိုးက ခံစားချက်က လာတယ်။ အတွေးက လာတဲ့ ဘွန်နိုဟာ တခြား တစ်ယောက်ယောက်က အမှန်အတိုင်း ထောက်ပြတတ်ရင် ပျောက်သွားတတ် ပေမယ့် ခံစားချက်က လာတဲ့ ဘွန်နိုကတော့ ခက်ခဲတယ်၊ ဘွန်နိုတွေကို ဆေးကြောသန့်စင်ဖို့အတွက် အင်မတန် ပြင်းပြင်းထန်ထန် လေ့ကျင့်ရတယ်၊ ဗုဒ္ဓဘာသာဝင်တွေမှာ အစာမစားဘဲ၊ ရေခဲနေတဲ့ကန်ထဲ တုံးလုံးရေကူးရင်း၊ ဆောင်းရာသီ ရေတံခွန်အောက်မှာ မတ်တတ်ရပ်ရင်း၊ တင်ပျဉ်ခွေထိုင်ရင်း နေ ကြတာကို မြင်ဖူးလား”

ဖရန့်ခ်က မှတ်တမ်းရုပ်ရှင်တွေထဲ သူ မြင်ဖူးတယ်လို့ ဖြေတယ်။

“ဒါပေမဲ့ ဗုဒ္ဓဘာသာမှာ ဒါနဲ့ ပတ်သက်လို့ ညှင်သာနူးညံ့ ချိုသာတဲ့ အရာ တွေလည်း အများကြီး ရှိတယ်၊ နှစ်သစ်ကူး ခေါင်းလောင်းထိုးတာ လိုမျိုးပေါ့၊ နားဆင်သူတွေ ဒုက္ခတစ်ရာ့ရှစ်မျိုး ငြိမ်းစေဖို့ ခေါင်းလောင်း တစ်ရာ့ရှစ်ချက် ထိုးရတယ်ပေါ့ဗျာ”

ဒါဆို ဒီခေါင်းလောင်းသံကို နားဆင်ဖို့ အကောင်းဆုံး နေရာက ဘယ် နေရာလဲလို့ ဖရန့်ခ်က မေးတယ်။ သူ မေးလိုက်တဲ့ အချိန်မှာပဲ ဒီကိစ္စတွေကို ကျွန်တော် ဘယ်ကနေ သိလာခဲ့တယ် ဆိုတာကို ပြန်မှတ်မိလာတယ်။

ခရစ္စမတ်တုန်းက ဒိတ်လုပ်ဖို့ ပျက်ကွက်လို့ ဇွန်က ကျွန်တော့်ကို ရေလည်တင်းနေတဲ့ အချိန်တုန်းက ကျွန်တော် နှစ်သစ်ကူး အကြိုညမှာ ဒိတ်လုပ်ဖို့ သူ့ကို ကတိပေးခဲ့တယ်။ အဲဒီည ဘာလုပ်ကြမလဲဆိုတာ တိုင်ပင်ရင်း မြို့တော် လမ်းညွှန်စာအုပ်တွေ အများကြီး ဝယ်လိုက်ကြတယ်။ အဲဒီထဲက တစ်ခုကတော့ ဂျိုရာ-နို-ကာနဲ့ ရိုးရာဓလေ့ကို တန်ဖိုးထားတတ်ဖို့ လေ့လာစို့ ဆိုတဲ့ လမ်းညွှန်ပါပဲ၊ ကျွန်တော် ဒါကို ဇွန်နဲ့အတူ ဖတ်ခဲ့တာ။

“ပီရူးမ ပြောတာတော့ လူသိပ်ကျပ်တယ် တဲ့။ ဆိုလိုတာက သူ ခေါင်းလောင်းသံ သွားနားထောင်တဲ့ နေရာက လူသိပ်များတဲ့အတွက် တိတ်ဆိတ် ငြိမ်သက်တဲ့ နေရာကနေ ခေါင်းလောင်းသံကို နားထောင်ချင်လိုက်တာတဲ့၊ ခန်းဂျီး၊ အဲဒီလိုနေရာမျိုး မင်း သိသလား၊ ငါ လူများတာကို မကြိုက်ဘူး”

မေဂျီ ဘုရားကျောင်းက ပရိသတ် ထောင်ပေါင်းများစွာကြားက ဖရန့်ခ်နဲ့ ကျွန်တော် မြင်ကွင်းဟာ ကျွန်တော့်အတွက်လည်း မစွံပါဘူး။ ကောင်းတဲ့နေရာ ကျွန်တော် သိတယ်လို့ ပြောလိုက်တယ်။

“အဲဒါက တံတားတစ်ခုပဲ”

ဖရန့်ခ်က ကျွန်တော့်ကို နားမလည်သလို ကြည့်နေတယ်။

“တံတားတစ်ခု ဟုတ်လား”

ကျွန်တော်နဲ့ ဇွန်ဟာ အဲဒီနေရာကနေ ခေါင်းလောင်းထိုးသံကို နားထောင်မယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။ အဲဒါ ဆူမီဒါ မြစ်ပေါ်က တံတားတစ်စင်းပဲ၊ နာမည်တော့ ကျွန်တော် မမှတ်မိဘူး။ နာရီ ကြည့်လိုက်တယ်။ ဒီဇင်ဘာ (၃၁) မနက် သုံးနာရီ၊ ဇွန် ခုထိ ကျွန်တော့်ကို စောင့်နေဦးမလား ဆိုတာ တွေးမိလာတယ်။

“ခန်းဂျီး၊ တံတားတစ်ခု ဆိုတာ ဘာလဲ၊ ငါ နားမလည်ဘူး”

ရှင်ဂျကုတစ်ဝိုက်မှာ ဘုရားကျောင်း များများစားစား မရှိဘူးလို့ ကျွန်တော် သူ့ကို ပြောပြတယ်။

“မြို့လယ်က ရှိတာမာချီ ရပ်ကွက်မှာတော့ ဘုရားကျောင်းတွေ ပိုရှိတယ်။ ဒါပေမဲ့ ခုနက ခင်ဗျား ပီရူးမ ပြောသလိုပဲ လူပေါင်း ထောင်ချီ သောင်းချီ

သွားကြတဲ့အတွက် အဲဒီနေရာတွေဟာ ဘယ်လိုမှ တိတ်ဆိတ်ငြိမ်သက်စရာ အကြောင်း မရှိဘူး။ ဒါပေမဲ့ အဲဒီတံတားပေါ်က နားထောင်ရင်တော့ ခေါင်းလောင်းသံတွေ လိုဏ်တက်လာတာကို သေချာကြားရမယ်။ အဲဒီအရသာဟာ အံ့မခန်းပဲလို့ ပြောကြတယ်”

ပုံမှန်အားဖြင့် ဘာခံစားမှုကိုမှ မတွေ့ရတဲ့ ဖရန့်ခ်ရဲ့ မျက်လုံးတွေဟာ လှုပ်ရှားလာတယ်။ အထဲမှာ မီးရောင်ကလေး တစ်ခု မြင်လာရသလိုပဲ။

“အဲဒါ ငါသွားချင်တဲ့ နေရာမျိုး၊ ငါ့ကို အဲ့ဒီကို ခေါ်သွားပါ၊ ကျေးဇူးပြုပြီး ခေါ်သွားပါ”

ဖရန့်ခ်ရဲ့ မေးအောက်မှာ တဆတ်ဆတ် တုန်နေတာကို ကျွန်တော် ထင်ထင်ရှားရှား မြင်နေရတယ်။

ကျွန်တော့် ကောင်မလေးက တံတားနာမည်ကို သိတယ်လို့ ပြောလိုက်ပြီး ကျွန်တော် ဖုန်းကို ထုတ်ပြီး ဂွန့်ဆီ ခေါ်တယ်။ ဖုန်းနံပါတ်ကို နှိပ်နေတုန်းမှာပဲ ဒီနေရာဟာ ဘယ်လောက်အေးတယ် ဆိုတာကို ပထမဆုံးအကြိမ် ခံစားမိလာတယ်။ လက်ချောင်းထိပ်တွေဟာ ထုံကျဉ်နေတဲ့အတွက် တယ်လီဖုန်းခလုတ်တွေကို အကြိမ်ပေါင်းများစွာ မှားနှိပ်မိတယ်။

“ခန်းကျီးလား”

ဇွန်ဟာ ပထမဆုံး ဖုန်းမြည်သံမှာတင် ဖုန်းကိုင်တယ်။ သူ ခွေခွေလေး ထိုင်ပြီး ပူပင်သောက အပြည့်နဲ့ ကျွန်တော် ဖုန်းခေါ်တာကို ထိုင်စောင့်နေတဲ့ ပုံရိပ်ကို မြင်ယောင်လာတယ်။

“ဟုတ်တယ်၊ ကိုယ်ပါ”

အသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ပြောပေမယ့် အအေးဒဏ် ကြောင့်လား၊ စိတ်တင်းကျပ်လွန်းလို့လား မသိ၊ အသံတွေ တုန်လာပြန်တယ်။ ဒါပေမဲ့ ခု ကျွန်တော် အသံတုန်နေတာကို သိတယ်။

“ဘယ်ရောက်နေတာလဲ၊ အခန်းပြန်ရောက်ပြီလား”

“မဟုတ်ဘူး၊ ဖရန့်ခ်နဲ့ပဲ”

“ဘယ်မှာလဲ”

“သူ့ဟိုတယ်မှာ”

“ဟေလ်တန်လား”

“မဟုတ်ဘူး၊ ဟိုတယ်အသေးလေးပဲ၊ နာမည်တော့ သေချာမသိဘူး၊ ကောင်းပါတယ်”

ကျွန်တော်အကြံတစ်ခု ရထားတယ်။ အကြံကောင်း ဟုတ်၊ မဟုတ်တော့ မသိဘူး။ အေးကလည်း အေး၊ အိပ်ကလည်း အိပ်ချင်၊ စိတ်ရောလူပါ ချုံးချုံးကျ နေတော့ အကြံကောင်းမဟုတ်ဘဲ အလွန်ဆိုးတဲ့ အကြံလည်း ဖြစ်ချင် ဖြစ်မယ်။ ဒါပေမဲ့ ဒါပဲ စဉ်းစားလို့ရတယ်။ ဖုန်းပြောတဲ့ အပေါက်လေးဟာ ကျွန်တော့် ထွက်သက်လေကြောင့် စိုထိုင်းလာတယ်။ ဖရန့်ခ်က ကျွန်တော့်ကို ငေးနေ တယ်။ ကြမ်းပေါ်က ပင့်ထိုးထားတဲ့ မီးချောင်းအလင်းနဲ့ သူ့မျက်နှာဟာ ပြာနှမ်းနှမ်းကြီးဖြစ်ပြီး ပုံသဏ္ဌာန် ပျက်ယွင်းနေတာ ထင်ရှားလွန်းတယ်။ အနည်းဆုံးတော့ တံတားကို မခေါ်သွားရသေးခင် သူ ကျွန်တော့်ကို သတ်မှာ မဟုတ်ဘူးလို့ တွေးမိတယ်။

“ဇွန်ရေ၊ ဒီညမှာ ကိုယ်နဲ့ ဖရန့်ခ် ဂျိုရာ-နို-ကာနဲ့ သွားနားထောင်ကြမလို့၊ ကိုယ် သူ့ကို လမ်းညွှန်လုပ်ပေးရမယ်”

“ဟား... ဟာသပဲ”

“မဟုတ်ဘူး၊ အဲဒါ ဆုံးဖြတ်ပြီးသွားပြီ”

“အိုး...”

သူ ဒေါပွနေပြီ။ ကျွန်တော် ကတိဖျက်ပြန်ပြီကိုး။ ဒါပေမဲ့ အဲဒီတံတားမှာ ဌန် ရှိနေဖို့ လိုတယ်။ ကျွန်တော့် အစီအစဉ်ကတော့ ဌန်ဟာ ကျွန်တော်တို့ကို စောင့်ကြည့်နေဖို့ပဲ။ ဖရန့်ခ်ကို ဖမ်းဖို့ အစီအစဉ်တွေ ချလာစေချင်ရင်တော့ မြားနတ်မောင်ကလပ်မှာ ဘာဖြစ်ခဲ့တယ် ဆိုတာကို နည်းနည်းဖြစ်ဖြစ် ရှင်းပြဖို့ လိုမယ်။ အကုန်လုံး ပြောပြလိုက်ရင် သူ ဂေါက်သွားလိမ့်မယ်၊ တကယ်လို့ ဌန် ကျွန်တော့်ကို ယုံတယ် ဆိုဦးတော့၊ အဲဒီမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေနဲ့ မြင်ကွင်းပုံရိပ်တွေကို ကျွန်တော့်အာရုံမှာ ပြန်ပြီး ပုံဖော်လို့ မရတော့ဘူး။ ရဲက ကျွန်တော့်ကို မပြီးနိုင် မစီးနိုင် စစ်ဆေးနေမှာ၊ ဧည့်လမ်းညွှန်အဖြစ် ဆက်လုပ်စားလို့ မရတော့မှာကို ကျွန်တော် မလိုလားဘူး။ ဌန်ရေ၊ သူက တကယ့် လူသတ်သမား၊ ရဲစခန်းကို သွား၊ ရဲတွေ ခေါ်လာခဲ့လို့ ကျွန်တော် မပြောနိုင်တာ သေချာတယ်။ အဲဒါဟာ ပြဿနာကို ဖိတ်ခေါ်တာပဲ။

“အဲဒီ တံတားနာမည်က ဘာတဲ့လဲ”

“ဘာတံတားလဲ၊ ဘာတွေ လာပြောနေတာလဲ”

သူ တင်းနေတာ သေချာပါတယ်။ ခရစ္စမတ်ဒိတ်ကို အလုပ်ကြောင့် ဖျက်လိုက်ရတုန်းက သူ ဒေါပွတယ်၊ ဘဲထားတယ်ဆိုတာ ခရစ္စမတ်မှာ အတူတူ လည်ချင်လို့ ဆိုပြီး ပြောတယ်။ အထက်တန်းကျောင်းသူတွေ အတွက် ခရစ္စမတ်ဟာ သိပ်အရေးကြီးသတဲ့။ ဆိုလိုတာကတော့ ဌန်တို့တစ်တွေအဖို့ ဘဲဆိုတာ သိပ်အလိုအပ်ကြီး မဟုတ်ဘူး။ ဘဲတွေဟာ ပြဿနာကောင်တွေလို့ ပြောလေ့ရှိကြတယ်။ တကယ်တော့ ပြီးခဲ့တဲ့နွေတုန်းက ဌန်ဟာ ကျွန်တော့် ထက်စာရင် သူ့သူငယ်ချင်းတွေနဲ့ အချိန်ကုန်ဆုံးစေတာ များတယ်။ ဒါပေမဲ့ ခရစ္စမတ်ကတော့ မတူဘူးတဲ့။ တစ်နှစ်မှ တစ်ရက်ဖြစ်လို့ ဘဲနဲ့ပဲ အတူတူ ကုန်ဆုံးချင်သတဲ့။ ခု နှစ်သစ်ကူး အကြိုညမှာတောင် ကျွန်တော် ဖရန့်ခ်နဲ့ အတူ ရှိနေမယ် ပြောတော့ သူ တင်းတာ ဘယ်ဆန်းမလဲ။

“မဂ္ဂင်းထဲမှာပါတဲ့ တံတားလေ၊ ဆူမီဒါ မြစ်ပေါ်က တံတားလေ၊ ခေါင်းလောင်းသံတွေကို ကြားရတဲ့ တံတားကွာ၊ နာမည် ဘာပါလိမ့်”

“သိဘူး”

သိဘူး ဆိုတာ ကိုယ့်ဟာကိုယ် ရှာ မသာရဲ့ လို့ ဘာသာပြန်ရမယ့်ဟာ မျိုး။

“ဇွန်၊ ဒါအရေးကြီးတယ်၊ ကိုယ် ဇွန့်ကို စိတ်မပူစေချင်ဘူး ဒါပေမဲ့ ဘယ်လို ပြောရမလဲ၊ ကိုယ့်ဘဝက အဲဒီအပေါ် မူတည်နေတယ်”

ကျွန်တော် ဇွန့်ဘက်က မပီမသ စကားလုံးတွေကို ကြားနေရတယ်။ ခဏာ ကိုင်ထားဦးလို့ ပြောလိုက်တယ်။ ဖရန့်ခ်က ကျွန်တော့်ကို နွားမျက်နှာနဲ့ ကြည့် နေပြန်ပြီ။

“ဇွန်... စိတ်ကို ငြိမ်ငြိမ်ထားနော်၊ အိုကေ၊ ခု ကိုယ်ပြောမှာကို သေချာ နားထောင်၊ ဒါ ဟာသလုပ်နေတာ မဟုတ်ဘူး၊ လုပ်ကြံ ပြောနေတာလည်း မဟုတ်ဘူး၊ ကိုယ်ပြောနေတုန်း ဖြတ်မမေးနဲ့၊ ရှင်းပြဖို့ အချိန်မရှိဘူး၊ ဇွန် နားလည်လား”

“အင်း”

သူ့အသံက တိမ်တိမ်လေးရယ်၊ လေသံလေးနဲ့ ဖြေရှာတယ်။

“ပထမဆုံး တံတားနာမည်ကို ဇွန် မှတ်မိလား ပြော”

“ကာချီဒိုကီ တံတား”

သူ မမေ့ဘူးဆိုတာ ကျွန်တော် သိတယ်။ သူ ဆက်ပြောတယ်။

“ဆူကီဂျီနားက ငါးစေ့း အထွက်နားတင်၊ ဆူကူဒါ တံတားရဲ့ အောက် ဘက်ကပ်ရက်”

ဇွန့်အသံမှာ စိတ်တင်းကျပ်မှုတွေ အတိုင်းသား ပါလာတယ်။

“ဒီည ဇွန် အဲဒီကို လာခဲ့ပါ၊ ဒါပေမဲ့ ကိုယ်တို့နား မကပ်နဲ့၊ ကိုယ်နဲ့ ဖရန့်ခ် ကို မျက်စိဒေါက်ထောက် ကြည့်နေပေးပါ”

“မျက်စိဒေါက်ထောက် ကြည့်ရမယ်၊ သူ ဘာပြောတာလဲ ဟင်”

အားလုံးကို ရှင်းပြဖို့ လမ်း မရှိဘူး၊ အရေးကြီးတာပဲ ပြောရမယ်။

“ဒီည ဆယ်နာရီမှာ ဖရန့်ခ်နဲ့ ကိုယ် ကာချီဒိုကီ တံတားခြေရင်း ငါးဈေး ဘက် အခြမ်းမှာ ရှိနေမယ်။ ဆယ်နာရီနော်၊ ရလား”

“ခဏလေး ခန်းဂျီး”

“ဘာလဲ”

“တံတားခြေရင်း ဆိုတာ ဘာလဲ”

“တံတား စစချင်း နေရာကို ပြောတာကွာ”

“ရပြီ၊ ရပြီ”

“ကိုယ်နဲ့ ဖရန့်ခ်ကို စောင့်ကြည့်နေနော်၊ ဒါပေမဲ့ လူလုံးမပြနဲ့၊ ကိုယ်တို့ကို မြင်ရင်လည်း မသိချင်ယောင်ဆောင်နေ၊ ဘာလုပ်လုပ် ကိုယ်တို့နား မလာနဲ့၊ စကားလည်း လာမပြောနဲ့၊ နားလည်လား”

“အဝေးကနေ မသိမသာ ကြည့်နေပေါ့၊ အဲဒီလိုလား”

“ဟုတ်တယ်၊ နောက်ဆုံး ခေါင်းလောင်းသံကြားပြီးလို့ ဖရန့်ခ်နဲ့ ကိုယ် လူချင်းခွဲကြတဲ့အခါ ကိုယ် ဇွန်နဲ့အတူ အိမ်ပြန်မယ်၊ ဖရန့်ခ်က ကိုယ့်ကို တားခဲ့ရင်၊ ဒါမှမဟုတ် ကိုယ်နဲ့ သူ ရုန်းရင်းဆန်ခတ် ဖြစ်နေပြီဆိုရင် ရဲတစ်ယောက်ခေါ်ပြီး ကိုယ့်ကို ကူညီပါ၊ အိုကေလား၊ အဲဒီနားမှာ ရဲတွေ အများကြီး ချထားလိမ့်မယ်၊ နောက်ဆုံး ခေါင်းလောင်းသံ ကြားပြီးရင် ကိုယ် ဖရန့်ခ်နဲ့ လူချင်း ခွဲရလိမ့်မယ်၊ တကယ်လို့ ဖရန့်ခ်က တစ်ခုခု ဆွဲထုတ်လိုက်ရင်၊ အသံကုန် အော်ပါ၊ ရဲကို ချက်ချင်းခေါ်ပါ၊ ကိုယ်ပြောတာကို တိတိကျကျ လုပ်နော်၊ ကိုယ့်ဟာကိုယ် ထင် ရာလျှောက်မလုပ်နဲ့၊ ဒါ သိပ်အရေးကြီးတယ်၊ ရဲ တစ်ယောက်မဟုတ် နှစ် ယောက် များနိုင်သမျှ များအောင်သာ ခေါ်၊ သဘောပေါက်လား”

“သဘောပေါက်ပါတယ်”

“အိုကေ၊ ကိုယ် သွားရတော့မယ်၊ ဒါဆို ဒီည တွေ့မယ်”

“ခဏလေး၊ တစ်ခုလောက် မေးချင်တယ်”

“ဘာလဲ”

“ဒါဆို ဖရန့်ခ်ဟာ တကယ်လူဆိုးပေါ့နော်”

“ဟုတ်တယ်၊ သိပ်ဆိုးတယ်”

ကျွန်တော် ပြောပြီးပြီးချင်း ဖုန်းကို ပိတ်လိုက်တယ်။

တံတားနာမည် ကျွန်တော် သိပြီလို့ ဖရန့်ခ်ကို ပြောလိုက်တယ်။ ဒါပေမဲ့ ခေါင်းလောင်းသံ နားထောင်ပြီးရင် ကျွန်တော့်ကို သွားခွင့်ပြုဖို့ ပြောလိုက်တယ်။ ဒါကို အရမ်း တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်နိုင်တဲ့အတွက် ကိုယ့်ကိုယ် ကိုယ် အံ့သြမိတယ်။ ကျွန်တော် လုပ်နိုင်သမျှ အားလုံး လုပ်ပြီးပြီလို့ ခံစားမိတယ်။ ဇွန်ကို စောင့်ကြည့်ပေးဖို့ ပြောပြီးတဲ့အခါ ဒီထက် ပိုကောင်းအောင် ထပ်မလုပ်နိုင်တော့ဘူး ဆိုတာ သိလိုက်တယ်။

“ပထမဆုံး ပြောချင်တာကတော့ ကျွန်တော် ရဲတွေကို မကြိုက်ဘူး၊ ကျွန်တော် ရဲသွားတိုင်တာနဲ့ ခုလုပ်နေတဲ့ အလုပ် ဆက်လုပ်လို့ ရတော့မှ မဟုတ်ဘူး၊ နောက်တစ်ခုက ခင်ဗျားနာမည်၊ မျိုးရိုးနာမည်လည်း ကျွန်တော် မသိဘူး ဆိုတော့ ကျွန်တော် ရဲသွားတိုင်ရင် ဘာကို ပြောရမှာလဲ ဖရန့်ခ်၊ ကျွန်တော့်မှာ ရဲကို ပြောစရာ ဘာမှမရှိဘူး၊ ဒါကြောင့် ခေါင်းလောင်းသံ နားထောင်ပြီးရင် ကျွန်တော့်ကို လွှတ်ပေးပါ၊ အိုကေလား”

“အေးပါ၊ ငါ အစကတည်းက အဲဒီလို စီစဉ်ထားပြီးသားပါ၊ မင်း ကောင်မလေးကို တစ်ခုခု လုပ်ခိုင်းစရာ မလိုပါဘူး၊ မင်းကို ငါ့ သူငယ်ချင်းလို့ သတ်မှတ်ထားသမျှ ကာလပတ်လုံး မင်း ထိခိုက်အောင် ငါ မလုပ်ပါဘူး”

ကျွန်တော် ဖရန့်ခ်ကို ကြည့်ပြီး စဉ်းစားနေမိတယ်။ ဒီလူနဲ့ စတွေ့ချိန်ကစလို့ ခုချိန်ထိ နာရီသုံးဆယ်လောက်ပဲ ကြာသေးတာ။ ခု သူ့လေသံဟာ ဟိုတယ်ကဖေးဆိုင်မှာ စတွေ့ခါစကလို ပြန်ဖြစ်သွားခဲ့ပြီ။ ဒါပေမဲ့ သူ့ကို ယုံစားစရာ ဘာအကြောင်းမှ မရှိဘူး။ သူ့သူငယ်ချင်းလို့ သတ်မှတ်တယ် ဆိုတာနဲ့ သူ ကျွန်တော့်ကို မသတ်ဘူးလို့ ဆိုလိုတာမှ မဟုတ်ဘဲလေ။

“အိပ်ချင်နေသလား ခန်းဂျီး”

ကျွန်တော် ခေါင်းယမ်း ပြလိုက်တယ်။ ခုနကတော့ ကြမ်းပေါ်က မှန်ကွဲစတွေပေါ်ပဲဖြစ်ဖြစ် ခဏလောက်တော့ ကျောဆန့်လိုက်ချင်စိတ်တွေ ပြင်းထန်

လွန်း နေခဲ့တယ်။ ခု ဇွန်နဲ့ စကားပြောပြီးတော့ အိပ်ချင်စိတ်တွေ ပျောက်သွား တယ်။ ဖရန့်ခ် ကြည့်ရတာ တစ်ခုခုပြောဖို့အရေး ချီတုံချတုံ ဖြစ်နေသလိုပဲ။ သူ ပါးစပ်ပြင်လိုက်၊ တွန့်သွားလိုက်နဲ့ ဖြစ်နေတယ်။ နောက်ဆုံးတော့ သူဟာ ရေခဲသေတ္တာထဲက အီဗီယန် ရေသန့်ဘူးကို သွားယူပြီး တစ်ငုံ သောက်လိုက် တယ်။ ကျွန်တော့်ကိုလည်း ဘာသောက်မလဲ မေးတယ်။ ကိုလာ သောက်ချင် တယ်လို့ ပြောလိုက်တယ်။ ရေခဲသေတ္တာက ခေတ်ဟောင်းပုံစံ ခပ်သေးသေးပါ ပဲ၊ ဒါပေမဲ့ အထဲမှာ အချိုရည်နဲ့ ဘီယာမျိုးစုံ ရှိနေတာ တွေ့ရတယ်။

“ငါ မင်းကို ပြောပြချင်တာ ရှိတယ် ခန်းကျီး၊ ဇာတ်လမ်းက ရှည်လည်း ရှည်တယ်၊ ဆန်းလည်း ဆန်းတယ်၊ မင်း စိတ်မရှိဘူး ဆိုရင်တော့ နားထောင်စေ ချင်တယ်”

ဖရန့်ခ်က ညောင်နာနာအသံနဲ့ ပြောနေတယ်။ ကျွန်တော် နားထောင်နေ ပါတယ်လို့ ပြောလိုက်တယ်။ ဒါနဲ့ပဲ သူ စပြောတယ်။

“ငါက အရှေ့ဘက် ကမ်းရိုးတမ်းက မြို့သေးသေးလေး တစ်မြို့မှာ ကြီးပြင်းခဲ့တာ၊ အမေရိကန် ခေတ်ဟောင်းရုပ်ရှင်တွေမှာ ပါတတ်တဲ့ မြို့သေး သေးတာတာလေးပေါ့၊ ခြံသေးသေးလေးထဲက အိမ်ရှေ့ ဝရန်တာလေးမှာ အဘွားကြီးတွေ လှုပ်ကုလားထိုင်နဲ့ ထိုင်နေတတ်တဲ့ မြို့မျိုးလေး၊ နာမည်ပြော လည်း မင်းသိမှာ မဟုတ်ဘူး”

ဒီအဆောက်အအုံပျက်ကြီးထဲ ရောက်လာကတည်းက ဖရန့်ခ်ရဲ့ လေသံနဲ့ မျက်နှာဟာ ပြေလျော့ပြီး သက်သောင့်သက်သာ ရှိနေခဲ့တယ်။ ဒါ ဘယ်လို နေရာမျိုးပါလိမ့်။ ဘေးက အသံဗလံတွေလည်း ဘာမှ မကြားရဘူး။ ကြမ်းပေါ် က မီးချောင်းတစ်ချောင်းနဲ့ ရေခဲသေတ္တာက အသံတိုးတိုးပဲ ကြားနေရတယ်။ ပြတင်းပေါက်တွေ၊ နံရံတွေကို ဗီနိုင်းစတွေနဲ့ ကာထားတယ်။ အဝတ်စတွေနဲ့ ကာထားတယ်။ ဒါပေမဲ့ အပူပေးစနစ် ဘာမှမရှိတော့ ခဲမတတ် အေးတယ်။ ကျွန်တော့် ထွက်သက်လေက အခိုးအငွေ့တွေ ဖြစ်နေတယ်။ ဖရန့်ခ်ကတော့ အေးဆေးပဲ။

“ငါ ခုနစ်နှစ်သားမှာ ငါတို့ အဲဒီကို ပြောင်းခဲ့ကြတယ်၊ ဘာလို့ ပြောင်းတာ လဲ ဆိုတော့ အရင်မြို့မှာ ငါ လူနှစ်ယောက် သတ်ခဲ့လို့ပဲ”

လူသတ်ခဲ့တယ် ဆိုတဲ့ စကားလုံးအကြားမှာ ကျွန်တော် နားရွက်တွေ ထောင်သွားတယ်။ သူ့အသက်က ဘယ်လောက်။

“ငါ ခုနစ်နှစ်သား”

ဖရန့်က ရေသန့်ကို မော့သောက်ရင်း ခပ်တိုးတိုး ခပ်ဖြည်းဖြည်း ဖြေတယ်။ အောင်မယ်လေး၊ ခုနစ်နှစ်သားတဲ့လား။ ဒါ ဖရန့်ခ်ရဲ့ နောက်ထပ် အလိမ်အညာ စကားလို့ မျှော်လင့်နေပေမယ့် ခုနစ်နှစ်သားဆိုတဲ့ စကားက ကျွန်တော့်ရင်ထဲ စူးခနဲ ဝင်သွားတယ်။

“ငါ မွေးတဲ့မြို့က လူဦးရေ ရှစ်ထောင်လောက် ရှိတယ်ကွ၊ သမိုင်းဝင် ဆိပ်ကမ်းမြို့လေးပေါ့၊ အမေရိကမှာ စတုတ္ထမြောက် သက်တမ်း အရင့်ဆုံး ဂေါက်ကွင်း ရှိတယ်လို့ ပြောကြတယ်။ ပြိုင်ပွဲဘာညာတော့ မလုပ်ပါဘူး ဒါပေမဲ့ နယူးယောက်၊ ဝါရှင်တန်ဒီစီက လူတွေဟာ အဲဒီကွင်းမှာ ကစားဖို့သက်သက် လေယာဉ်စီးပြီး လာတတ်ကြတယ်၊ လေဆိပ်ရှိတဲ့ ပေါ့ထ်လန်းနဲ့ အဲဒီမြို့က သိပ်မဝေးဘူး၊ ကနေဒါကနေ ကားမောင်းလာရင်လည်း ခဏပဲ။ ကနေဒါနဲ့ ကပ်နေတယ်ပေါ့၊ ကနေဒါ အဲဒီဘက် အပိုင်းက လူတွေက ပြင်သစ်စကား ပြောတယ်။ ဒါကြောင့် တကယ့် နိုင်ငံခြားတိုင်းပြည်ပဲ၊ ကလေးပဲ ရှိသေးတဲ့ ငါ့အတွက် ဒါက ကြက်သီးထစရာပဲ၊ အစက ရထားအသွားအလာ ရှိခဲ့တယ်၊ ဒီမြို့သေးသေးလေးအတွက် မလိုအပ်လို့ ငါ မမွေးခင်ကတည်းက အသွားအလာ မရှိတော့ပေမယ့် လမ်းတွေကတော့ ရှိနေတုန်းပဲ၊ ငါ အဲဒီ ရထားလမ်းတွေကို ချစ်တယ်၊ ရထားလမ်းတစ်လျှောက် လျှောက်ရင်း ဆော့နေတတ်တယ်၊ အဲဒီ ရထားလမ်းတွေဟာ ကမ္ဘာအဆုံးထိ ပေါက်တယ်လို့ ငါ ထင်နေတတ်တယ်၊ ဘာလို့လဲဆိုတော့ ဘယ်လောက်ဝေးဝေး လျှောက်လျှောက် သံလမ်းက ဆုံးတယ် မရှိဘူးကိုး၊ ဒီလမ်းတစ်လျှောက် သွားရင် တစ်ကမ္ဘာလုံးကို မြင်ရမယ်လို့ ရိုးရိုးသားသား ယုံကြည်ခဲ့တာပေါ့၊ ဒါပေမဲ့ ငါ ငယ်ငယ်ကတည်းက အမြဲတမ်း လမ်းပျောက်လေ့ ရှိတယ်။ မင်း ငယ်ငယ်တုန်းက လမ်းပျောက်ဖူးသလား ခန်းကျီး”

ခေါင်းခါ ပြလိုက်တယ်။

“ဟာသပဲ၊ ကလေးတိုင်း လမ်းပျောက်ဖူးတယ်ကွ”

ကျွန်တော် ကလေးပေါက်စဘဝက အဖေ ပြောခဲ့တာကို အမှတ်ရလာတယ်။ သူ ကျွန်တော့်ကို ခဏခဏ ပြောလေ့ရှိတာက တစ်ယောက်တည်း ကစားနေရင် လမ်းပျောက်တတ်တယ်တဲ့၊ တခြားသူတွေနဲ့အတူ ကစားပါတဲ့၊ အပြင်မှာ တစ်ယောက်တည်း မကစားပါနဲ့တဲ့။ လူဆိုးတွေ ရောက်လာပြီး မင်းကို လာဖမ်းသွားလိမ့်မယ်တဲ့။

ကျွန်တော့်အဖေအကြောင်း သတိရနေတုန်းမှာပဲ ဖရန့်ခ်ဆီက ဒက်ဒီ ဆိုတဲ့ စကားသံကို ကြားလိုက်ရတယ်။

“ဒက်ဒီက ပြောလေ့ရှိတယ်ကွ၊ ငါဟာ လမ်းပျောက်ဖို့ လမ်းလျှောက်တတ် လာသလိုပဲတဲ့၊ ငါ လမ်းလျှောက်တတ်ပြီ ဆိုတာနဲ့ လျှောက်သွားရင်း လမ်းပျောက်တော့တာပဲလေ”

အသက်ခုနစ်နှစ်မှာ သူ လူစသတ်တယ်လို့ ပြောတော့ သူ့ကို မိဘမဲ့လို့ ကျွန်တော် ထင်ထားခဲ့တာ။ တစ်ခါက မိဘမဲ့ကောင်လေး တစ်ယောက်ဟာ သူ့အဘွားရဲ့ လူအိုရုံမှာ ကြီးပြင်းပြီး ကွင်းဆက်လူသတ်သမား ဖြစ်လာတာကို ကျွန်တော် ဖတ်ခဲ့ဖူးတယ်။

“ခင်ဗျားအဖေက ခု ရှိသေးလား”

“ဒက်ဒီလား”

ဖရန့်ခ်က ပြုံးတယ်။

“သူ တစ်နေရာရာမှာ ရှိလိမ့်ဦးမယ်လို့ ငါ ထင်တယ်”

ကြမ်းပြင်ကို စိုက်ကြည့်ရင်း သူ ဖြေတယ်။

“လမ်းပျောက်တာကို ငါ သေသေချာချာ ရှင်းရှင်းလင်းလင်းကို မှတ်မိနေတယ်၊ အခြေအနေတွေ အချိန်အခါတွေ ပြောင်းချင် ပြောင်းမယ်၊ ဒါပေမဲ့ ငါ လမ်းပျောက်ပြီလို့ သိလိုက်တဲ့အချိန်ဟာ အမြဲအတူတူပဲ။ အမြဲတမ်း လမ်းပျောက်တတ်တဲ့ ကလေးဆိုတာ မရှိဘူး မဟုတ်လား။ လုံးဝ မရင်းနှီးတဲ့ ပတ်ဝန်းကျင် တစ်ခုဆီ ရောက်နေပြီဆိုတာ တွေ့လိုက်ရတဲ့ အချိန်မှာ မင်း လမ်းပျောက်နေပြီ ဆိုတာ သိပြီလေ။ ကိုယ်မြင်နေကျ ရင်းနှီးနေတဲ့ အိမ်တွေ၊ ပန်းခြံတွေ၊ လမ်းတွေကို ဖြတ်လျှောက်လာပြီး အကွေ့လေးတစ်ခုကို ကွေ့လိုက်ချိန်မှာ မြင်ကွင်းဟာ ရုတ်တရက် ပြောင်းလဲသွားတယ်။ ချက်ချင်းပဲ လမ်း

ပျောက်သွားတယ်၊ အဲဒီလို လမ်းပျောက်ပြီဆိုရင် တအားကြောက်တာ။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ဒါကို ကြိုက်သလိုလိုလည်း ဖြစ်နေသေးတယ်။ တစ်ယောက်ယောက် နောက်ကို လိုက်ရင်းနဲ့လည်း အကြိမ်ပေါင်းများစွာ လမ်း ပျောက်ဖူးတယ်၊ အပြင်ဘက်မှာ လမ်းလျှောက်တတ်ခါစ အရွယ်ကတည်းက ပေါ့၊ သုံးနှစ်သားလောက်မှာ ထင်တယ်၊ များသောအားဖြင့် ငါ မီးသတ် ဘင်ခရာ တီးဝိုင်းနောက် လိုက်တာများတယ်။ ငါတို့မြို့က မီးသတ်ဘင်ခရာ တီးဝိုင်းဟာ ပြိုင်ပွဲတွေမှာ နိုင်လေ့ရှိတယ် ဆိုတော့ သူတို့ အချိန်တိုင်း လေ့ကျင့်နေကြ တယ်၊ သူတို့နောက်ကို ငါ အမြဲလိုက်တာပေါ့၊ ဒါပေမဲ့ သုံးနှစ်သားက ဘယ်လို လုပ် လမ်းမြန်မြန်လျှောက်နိုင်မှာလဲ၊ ဒီလိုနဲ့ပဲ ပြတ်ကျန်ခဲ့တယ်။ ဘင်ခရာ တပ်ဖွဲ့ကြီး ဝေးသွားတာကို ကြည့်ရင်း ကမ္ဘာကြီးဟာ ငါ့ကို နောက်မှာ ချန် ထားခဲ့သလို ခံစားရင်း ဘေးဘီကို ကြည့်မိတဲ့အခါ လမ်းပျောက်နေတာကို တွေ့ ပါလေရော၊ တစ်နေ့တော့ အဲ့ဒီလို ဖြစ်နေချိန်၊ ငါ့ မာမားက စတိုးဆိုင်ကနေ အိမ်အပြန် ငါ့ကို လမ်းပေါ်မှာ ယောင်လည်လည်နဲ့ ရပ်နေတာ တွေ့ရော”

မာမားဆိုတဲ့ စကားလုံးဟာ ဒက်ဒီ ဆိုတဲ့ စကားလုံးလိုပဲ သူ့နှုတ်က ရှောရှောရှူရှူ ထွက်ကျလာခဲ့တယ်။ အဲဒီ မာမားကော သက်ရှိထင်ရှား ရှိနေ သေးလား၊ မမေးလိုက်ဘူး။ မမေးနဲ့လို့ တစ်ခုခုက ကျွန်တော့်ကို တားထား တယ်။

“အဲဒီတုန်းက ငါ ဘယ်လိုခံစားရတယ် ဆိုတာ ခုထိ သေချာ မှတ်မိတယ်၊ ဒါပေမဲ့ ဘယ်လို ပြောပြရမလဲ။ ငါ လမ်းပျောက်တိုင်း ဖြစ်နေကျ ပုံစံပါပဲ။ ငါက ငါ့အိမ်နားတစ်ဝိုက်ကိုပဲ သိတာကိုး။ ဒါ ငါသိတဲ့ကမ္ဘာပေါ့၊ အဲဒါက တီပုံသဏ္ဌာန် ကွ၊ ငါ့အိမ်ရှေ့က ဖြတ်သွားတဲ့လမ်းဟာ လမ်းလေးတစ်ခုနဲ့ သွားဆုံတယ်။ အဲဒီ လမ်းကလေးက တဖြည်းဖြည်း ကျဉ်းသွားပြီး အဝေးမှာ ဘာမှမရှိတော့ဘဲ ဆုံး သွားတယ်။ ဒါ ငါ့ကမ္ဘာ၊ ငါ့နယ်နိမိတ်၊ ဒါကို ငါ မှတ်မိတယ်၊ ငါ့ကမ္ဘာအစွန်းကို ရော နယ်ခြားမျဉ်းတွေကိုပါ သိတယ်၊ ဘယ်ဘက်မှာ အိမ်နီးချင်းအိမ်ရဲ့ စာတိုက်ပုံးအပြာလေး၊ ညာဘက်မှာ ပန်းတွေ ပွင့်နေတဲ့ ဒေါ့ဝုဒ် သစ်ပင်တစ် ပင်၊ ရှေ့တည့်တည့်မှာ ပန်းခြံထဲက စတီးထိုင်ခုံ၊ ဒါ ငါ့နယ်နိမိတ်ပဲ၊ ဒါတွေ အပြင်ကို ထွက်သွားမိတိုင်း ငါဟာ ငါ့ကမ္ဘာ အပြင်ဘက်ကို ရောက်သွားပြီး လမ်းပျောက်တော့တာပဲ၊ ဘယ်လောက် ကြိုးစား ကြိုးစား ငါ့ကမ္ဘာဟာ အဲဒီ နယ်နိမိတ်ထက် ပိုကျယ်မလာဘူး၊ ဒီနယ်နိမိတ် အပြင်ဟာ ငါ့အဖို့တော့ အလယ်ခေတ်က လူတွေ နက်လှတဲ့ သစ်တောကြီးထဲ ရောက်သွားသလိုပဲ၊ ငါ

လမ်းပျောက်နေတာကို မာမားတွေ့တဲ့နေ့က နွေစခါစ တိမ်ထူတဲ့ နေ့တစ်နေ့၊ အရှေ့ဘက်ကမ်းရိုးတန်း အဲဒီဘက်တွေဟာ တိမ်တအား ထူသလို စိုထိုင်းဆက လည်း တအားများတယ်၊ တစ်ခါတလေ နေလုံးကို မမြင်ရဘူး၊ မှုန်မှိုင်းနေတာပဲ၊ လေကလည်း တအားတိုက်၊ အေးလည်း တအားအေးတယ်။ လူတော်တော်များ များ အဲဒီအချိန်ဆို ပန်းနာရင်ကျပ် ထကြတယ်၊ ချောင်းတဟွပ်ဟွပ်နဲ့ လူတွေ အများကြီးပေါ့။ အဲဒီနေ့မှာ ငါဟာ စာတိုက်ပုံးပြာ နယ်နိမိတ်ရဲ့ အပြင်ကို ထွက် သွားမိတယ်။ ကလေးဘဝမှာ လမ်းပျောက်တယ်ဆိုတာ ဒါလေးများ ဆိုတာမျိုး မဟုတ်ဘူး။ အင်မတန်ဆိုးတဲ့ အခြေအနေ၊ သိပ်ကြောက်စရာ ကောင်းတယ်၊ ငါ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေတယ်၊ ဘေးနားက မြူတွေထဲ ငါ့ ခန္ဓာကိုယ် တစ်ခုလုံး ပျော်ဝင်ပြီး ငါလည်း မြူဖြစ်သွားတော့မယ်လို့ ထင်နေ တယ်၊ ဒါကြောင့် အော်တာပေါ့၊ ကလေးလေးတစ်ယောက် လမ်းပေါ် အော်နေ ငိုနေတာကို ဘယ်လူကြီးကမှ အရေးမလုပ်ဘူး မဟုတ်လား၊ အဲဒီနေ့က ငါ အရမ်းလည်း ကြောက်၊ အရမ်းလည်း စိတ်လှုပ်ရှားပြီး အော်နေ ငိုနေချိန်မှာ ငါ့ မာမား ရောက်လာတယ်။ ငါ့ကိုဖက်ပြီး အမယ်လေး... ငါ့ကလေးလေးပါလား လို့ ပြောတယ်။ ငါ မျက်ရည်တွေ ကျနေတယ်၊ သူ့ကိုတွေ့လို့ ပျော်ပြီး စိတ်သက်သာရာရနေတာ မဟုတ်ဘူး ငါ ကြောက်နေတာ၊ ဘာကို ကြောက် တာလဲ သိလား၊ မာမားဟာ ငါ မသိတဲ့ ကမ္ဘာထဲမှာ ဘွားခနဲ ပေါ်လာတဲ့အတွက် ဒါ ငါ့မာမား မဟုတ်ဘူး၊ တခြား လူတစ်ယောက်ယောက်ပဲ ဖြစ်ရမယ်ဆိုတဲ့ အတွေး စိတ်ထဲ ဖြစ်လာလို့ကွ၊ ငါတွေးတာက ငါ့ကမ္ဘာထဲကို ငါ လမ်းရှာပြီး ပြန် ရမယ်ပေါ့၊ ရုတ်တရက် မာမား ရောက်လာပြီး လာဖက်တော့ ငါ အတင်းရုန်းပြီး ထွက်ပြေးဖို့ လုပ်တယ်။ ငါ မာမားကို ဒီအမည်မသိ ကမ္ဘာမှာ တွေ့ရမှာ မဟုတ် ဘူး၊ တကယ့်ကမ္ဘာကို ရောက်မှ တွေ့ရမှာ၊ ဒါကြောင့် ဒါဟာ ငါ့မာမားအစစ် မဟုတ်ဘူး၊ မာမား အယောင်ဆောင်ထားတဲ့ တခြားတစ်ယောက်ပေါ့ကွာ၊ ဒါ ကြောင့် သူ ငါ့ကို လွှတ်မပေးဘဲ အတင်းဖက်ထားတဲ့အခါ ငါ သူ့ လက်ကောက်ဝတ်ကို မေးရိုးတွေ ထုံသွားတဲ့အထိ အတင်းကိုက်ပစ်လိုက် တယ်။ ငါ့မှာ ရွေးချယ်စရာ မရှိဘူး၊ ဘာလုပ်ရမှန်းလည်း မသိဘူး၊ မာမားဟာ အလန့်တကြား အော်တယ်၊ ငါထင်တာတော့ သွေးကြောတစ်ခုခုကို ကိုက်မိ တယ် ထင်တာပဲ၊ ပါးစပ်ထဲကို သွေးတွေ ဒလဟော ဝင်လာတယ်။ ငါက အတင်းကိုက်ထားတော့ အသက်ရှူလို့ မရဘူး၊ ဒါကြောင့် သွေးတွေကို ကလေး နို့စို့သလို မျိုချပစ်လိုက်တယ်၊ မမျိုချရင် ငါ အသက်ရှူလို့ မရတော့မှာကို

ကြောက်နေတယ်၊ မင်း တစ်ယောက်ယောက်ရဲ့ သွေးကို သောက်ဖူးသလား ခန်းကျိုး”

အော်ဂလီဆန်လွန်းလို့ ကျွန်တော် စကားမပြန်နိုင်ပါဘူး။နှစ်နှစ်ကျော် ဧည့်လမ်းညွှန်အဖြစ်၊ ဘာသာပြန်သူအဖြစ် ဆောင်ရွက်ပြီးတဲ့အခါ အင်္ဂလိပ် စကားလုံးတွေကို ကျွန်တော် ဘယ်လို ဘာသာပြန်သလဲ ဆိုတာကို သတိထားမိလာတယ်။ အင်္ဂလိပ် စကားလုံးတွေဟာ ကျွန်တော့် ဦးနှောက်ထဲမှာ ဂျပန် စကားလုံးအဖြစ် ပြောင်း၊ ပြီးတော့ ဒါနဲ့ ပတ်သက်တဲ့ ပုံရိပ်တွေပေါ်လာ၊ ဥပမာ တစ်ယောက်ယောက်က အင်္ဂလိပ်လို သွေးလို့ ပြောလိုက်တဲ့အခါ ကျွန်တော့် စိတ်ထဲမှာ ဒါကို ဂျပန်စကားလုံး ချီလို့ ပြောင်းပြီး သွေးမြင်ကွင်းကို မြင်ယောင်လာတယ်။ ဒါပေမဲ့ သောက်ခြင်းဆိုတဲ့ ကြိယာနဲ့ သွေးဆိုတဲ့ နမ်ကို ဖရန့်ခ် ပြောလိုက်တဲ့အခါတော့ တစ်ခါတည်းပဲ ဒါကို တန်းမြင်ယောင် လာခဲ့တယ်။ သူပြောနေတဲ့ လေသံကလည်း ရင်သိမ့်တုန် သရဲရုပ်ရှင်တွေမှာ နောက်ခံစကား ပြောနေသလို ကြောက်စရာ တစ်ခုခုနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့ဖို့ အဆင်သင့် ဖြစ်နေကြပြီလား၊ ပူနွေး နီရဲနေတဲ့ သွေးကို မင်း ဘယ်တုန်းက နောက်ဆုံး အရသာခံခဲ့တာလဲ၊ ဘွား ဟားဟားဟား... ဆိုတာမျိုး မဟုတ်ဘူး။ မင်း မြင်းစီးဖူးသလား လို့ လွယ်လင့်တကူ မေးလိုက်သလို လေသံမျိုး။ မင်း သွေးသောက်ဖူးသလား တဲ့လေ၊ ကျွန်တော် ကြမ်းပြင်ကို စိုက်ကြည့်ရင်း ခေါင်းယမ်း ပြလိုက်တယ်။

“ငါ့အတွက်တော့ ငါ့မာမားသွေးကို သောက်မိတာဟာ ဘဝမှာ ပထမဆုံးပဲကွ”

ဖရန့်ခ်က ခပ်တိုးတိုးပြောတယ်။

“သွေးဆိုတာ အရသာ ခါးတာ ချိုတာ စသည်ဖြင့် ဘာမှ မရှိလှတဲ့ အတွက် သွေးအရသာကို စွဲလမ်းတယ် ဆိုတာ မဟုတ်ပါဘူး”

ကျွန်တော် ဒူးနှစ်ဖက်ကို လက်နဲ့ပိုက်၊ မေးစေ့ကို ဒူးပေါ် မှေးတင်ထားရင်း သူပြောတာကို ခေါင်းလိုက်ညိတ်နေတယ်။ မီးချောင်းက အောက်က ပင့်ထိုးထားတဲ့အတွက် ကြမ်းပြင်နဲ့ ဖျာဟာ အမှောင်ထုထဲ ရောက်နေတယ်။ ဒီ မီးအလင်းရောင်နဲ့ အသားကျလာတဲ့အတွက် မှောင်ထဲက အရာတွေကို မြင်လာတယ်။ ကြမ်းပေါ်မှာ ဖုန်တွေနဲ့ ပိုးကောင်တွေ ရှိနေတာပဲ။ ဘာအမျိုးအစားမှန်းမသိတဲ့ ပိုးကောင်တွေ။ ဟိုနားဒီနားမှာ လျှောက်သွားနေကြတယ်။ ဖရန့်ခ်ဟာ

သူ့သားကောင်တွေကို ဒီအဆောက်အအုံထဲမှာ သတ်ခဲ့သေးသလား၊ တခြားမှာပဲ သတ်သလား၊ ပြီးမှ ဒီယူလာပြီး အပိုင်းပိုင်း ဖြတ်တာလား၊ မြားနတ်မောင်ကလပ်မှာ သူသုံးတဲ့ ဓားကလည်း ဒီက ယူလာတာ ဖြစ်မယ်။

“ငါ မာမားကို ကိုက်ခဲ့ပြီး နောက်ပိုင်းမှာတော့ ငါ့မိဘတွေဟာ ငါ့ကို ကလေးစိတ်ကုထုံးပညာရှင်ဆီ ခေါ်သွားကြတယ်၊ သူက စမ်းသပ်လေ့လာပြီးတော့ ဘာကောက်ချက်ချသလဲ ဆိုရင် ငါဟာ မွေးကင်းစကတည်းက ကယ်လ်ဆီယမ် ချို့တဲ့တဲ့အတွက် စိတ်ခံစားမှုတွေ မငြိမ်ဘူးတဲ့၊ ငယ်ငယ်ကတည်းက ပြုစုစောင့်ရှောက်မှုကိုလည်း သေချာ မရဘူးတဲ့၊ ငါ့အစ်ကိုတွေ အမြဲ ကြည့်နေတဲ့ အမှောင်ရုပ်ရှင်တွေကလဲ ငါ့အပေါ် ဆိုးကျိုးသက်ရောက်စေသတဲ့။ အမှောင်ရုပ်ရှင်ဆိုတဲ့ စကားလုံးကို ခုခေတ်မှာ မသုံးကြတော့ဘူး။ ငါ့ထက် အသက်အများကြီးကြီးတဲ့ ငါ့အစ်ကိုနှစ်ယောက်ဟာ အမေရိကန် ကလေး ၉၉% လိုပဲ သရဲကားဆို သိပ်ကြိုက်တယ်။ ငါ လူနှစ်ယောက်ကို သတ်ပြီးချိန်မှာ ရဲတွေက ငါတို့အိမ်မှာ သရဲကား ပိုစတာတွေ၊ ရော်ဘာမျက်နှာဖုံးတွေ အများကြီး တွေ့ခဲ့တယ်၊ ဒါနဲ့ပဲ မီဒီယာတွေက ဒီကလေးဟာ သရဲကား၊ လူသတ်ကားတွေ အကြည့်လွန်ပြီး ခုလိုဖြစ်တာလို့ ကောက်ချက်ချလိုက်တယ်။ သူတို့မှာ ကလေးလေး လူသတ်တာအတွက် အကြောင်းပြချက် လိုနေတာကိုး၊ ဒါကြောင့် သရဲကား၊ လူသတ်ကားကို အပြစ်ဖို့လိုက်တာပေါ့၊ ဒါပေမဲ့လို့ ကလေးတစ်ယောက်လမ်းပျောက်တာမှာ အကြောင်းပြချက် မရှိသလိုဘဲ ကလေးတယောက် လူသတ်တာမှာလည်း တကယ်တော့ အကြောင်းပြချက် မရှိပါဘူး၊ မိဘတွေက လုံလောက်တဲ့ ဂရုစိုက်မှု မပေးလို့ ဆိုတာလည်း အကြောင်းပြချက် မဟုတ်ပါဘူး၊ ဒီဖြစ်စဉ်ရဲ့ အဆင့်တစ်ဆင့်လောက် ပါပဲ”

ခု မနက်လေးနာရီ ထိုးတော့မယ်။ အအေးဒဏ်က ပြင်းသည်ထက် ပြင်းလာတယ်။ ဖရန့်ခ်ကတော့ သတိပြုမိပုံ မပေါ်ဘူး။ ကျွန်တော်က အပေါ်ဝတ်ကုတ်အထူကြီးအောက်မှာ ခိုက်ခိုက်တုန်နေချိန် သူက ဆွယ်တာပါးလေး၊ ကော်ဒျူရွိုင်း ဂျာကင်လေးနဲ့ပဲ။ ဖရန့်ခ်နဲ့ နှစ်ည အပြင်ထွက်တုန်း သူ ချမ်းနေတာကို တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ ကျွန်တော် လက်ဖဝါးအချင်းချင်း ပွတ်နေတာကို မြင်တော့ ချမ်းနေသလားလို့ သူ မေးတယ်။ ကျွန်တော် ခေါင်းညိတ်ပြတယ်။ သူက ဂျာကင်ကို ချွတ်ပြီး ကျွန်တော့်ကို လာခြုံပေးတော့ အတော်အံ့သြသွားတယ်။ နေပါစေ၊ ခင်ဗျား ဝတ်ပါလို့ ပြောပေမယ့် သူက ရတယ်တဲ့၊ သူ မချမ်းဘူးတဲ့၊ သူ့ဆွယ်တာလက်ကို ပင့်တင်ပြီး လက်ကောက်ဝတ်ကို ပြတော့တာပဲ၊ မြားနတ်

မောင်ကလပ်ထဲ တွေ့ခဲ့သလိုပဲ သူ့ လက်ကောက်ဝတ် နှစ်ဖက်စလုံးမှာ လှီးထားတဲ့ အမာရွတ်တွေ ပွစာကျဲနေတယ်။ အမာရွတ်တွေက မအေးတတ်ဘူးလား၊ အအေးဒဏ် မခံစားရဘူးလားလို့ ကျွန်တော် တွေးနေမိတယ်။

“ပထမဆုံးအကြိမ် သွေးသောက်ဖူး ပြီးတဲ့နောက်မှာ နောက်တစ်ကြိမ် တစ်ယောက်ယောက်ရဲ့ သွေးကို သောက်ဦးမှပဲ ဆိုတဲ့ အစွဲအလမ်းတစ်ခု ငါ့မှာ ဖြစ်လာခဲ့တယ်။ သွေးအရသာကို ကြိုက်လို့ မဟုတ်ဘူး၊ အဲဒီ လုပ်ရပ်ရဲ့ ခြောက်လှန့်မှုကို အမြဲခံနေရလို့ပါ၊ ဒါဟာ အင်မတန် ပြင်းထန်ပြီး ပုံမှန်မဟုတ်တဲ့ ကိစ္စဆိုပေမယ့် တွေးကြည့်လို့ ရတယ်၊ စိတ်ကူးလို့ ရတယ်၊ သက်ရှိသတ္တဝါထဲမှာ စိတ်ကူးခြင်းရဲ့ စွမ်းပကား ရှိတာဆိုလို့ လူသားပဲ ရှိတယ်။ ဒါကြောင့်လည်း ငါတို့ အသက်ရှင် နေထိုင်လို့ရတာ။ ကိုယ်ကာယအားဖြင့် လူသားတွေဟာ တိရစ္ဆာန်ကြီးတွေကို မယှဉ်နိုင်ဘူး။ အန္တရာယ်ကို ရင်ဆိုင်ဖို့ တုံ့ပြန်ဖို့ အတွက် လူသား လုပ်ဆောင်ချက်တွေ အားလုံးဟာ စိတ်ကူးစွမ်းအားကနေ ဖြစ်တည်လာခဲ့တာ။ ငါတို့ ဘိုးဘွားတွေဟာ ကြောက်ဖွယ်ကိစ္စ မှန်သမျှကို စိတ်ကူးပြီး တကယ်ဖြစ်မလာအောင် ကာကွယ်ဖို့ ကြိုးစားခဲ့ကြတယ်။ ခုခေတ် လူသားတွေမှာလည်း ဒီလို စွမ်းရည်မျိုး ရှိပါသေးတယ်။ ဒီစွမ်းရည်ကို အကောင်းဘက်မှာ သုံးနိုင်သူတွေဟာ အနုပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ ဖြစ်လာကြတယ်။ အဆိုးဘက်မှာ သုံးတဲ့အခါမတော့ အကြောက်တရား၊ အမုန်းတရား၊ ချောက်ချားစရာတွေ ဖြစ်လာပြီး ပျက်စီးဆုံးရှုံးမှုကို ဦးတည်တယ်။ ကလေးတွေက တိရစ္ဆာန်လေးတွေ၊ အင်းဆက်ကလေးတွေ၊ အရုပ်ကလေးတွေကို သတ်ဖြတ် ထုရိုက်၊ တစ်စစီ လုပ်ပစ်တဲ့အခါ အတော်ရက်စက်တဲ့ ဟာကလေး၊ ငယ်ငယ်ကတည်းက ဇနဲ့ လာတာ ဘာညာ လူတွေ ပြောတတ်ကြတယ်၊ ဒါပေမဲ့ ကလေးတွေဟာ ဒီလိုလုပ်ရတာကို ပျော်လို့ လုပ်ကြတာ မဟုတ်ဘူး၊ သူတို့ရဲ့ စိတ်ကူးစွမ်းအားထဲက ချောက်ချားဖွယ် အာရုံဟာ တကယ့်ကမ္ဘာထဲမှာ ပွင့်ထွက်လာတာ။ အင်းဆက်တွေကို တစ်စစီ ဆွဲဖြုတ်တယ် ဆိုတဲ့ အတွေးဒဏ်ကို မခံစားနိုင်တဲ့အဆုံး တကယ် လက်တွေ့ လုပ်လိုက်ခြင်းအားဖြင့် ကဲ... ထင်သလောက် မဆိုးပါဘူးလို့ စိတ်သက်သာရာ ရှာနေကြတာ၊ ငါ့ကိစ္စမှာလည်း တစ်ယောက်ယောက်ရဲ့ သွေးကို သောက်ဦးမှပဲ ဆိုတဲ့ စိတ်ကူးရဲ့ ဖိစီးနှိပ်စက်မှုကို ငါ မခံနိုင်ခဲ့ဘူး။ ဒါကြောင့် ငါ လေးနှစ်သားလောက်မှာ စပြီး ငါ့ လက်ကောက်ဝတ်တွေကို လှီးခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် နာကျင်အောင် လုပ်မိတာ အဲဒါ ပထမဆုံးအကြိမ်ပေါ့။ အားလုံး လန့်ဖျပ်သွားကြတယ်။ ငါ့ကို

သရဲကား၊ လူသတ်ကားတွေ မပြမိဖို့ တင်းတင်းကျပ်ကျပ် စီမံကြတယ်၊ ငါ အဲဒါတွေကို သဘောကျပါတယ်၊ ဒါပေမဲ့ ငါ့ အစ်ကိုတွေလို စွဲလမ်းနေတာမျိုးထိ မဟုတ်ဘူး။ အခြေခံအားဖြင့်တော့ သရဲကား၊ လူသတ်ကား ကြိုက်တဲ့ လူတွေဟာ ဘဝကို ငြီးငွေ့နေသူတွေ၊ ပျင်းနေသူတွေပါ၊ သူတို့မှာ ဆွေးဖို့ တစ်ခုခု လိုတယ်၊ သူတို့ အင်မတန်ကြိမ်းတဲ့ သရဲကား၊ လူသတ်ကား တစ်ခုကို ကြည့်ပြီးတဲ့ အခါ ရုပ်ရှင်ပြီးသွားတာနဲ့ ဟား... ဒါ တကယ်မဟုတ်ဘူး၊ ငါ ဘာမှ မဖြစ်ဘူး၊ ကမ္ဘာလောကကြီးလည်း ပိုနေမြဲ ကျားနေမြဲပဲ ဆိုတဲ့ အရသာကို ရကြတယ်။ ဒါဟာ ငါတို့ သရဲကားကို နှစ်သက်ရတဲ့ အကြောင်းရင်းပဲ၊ သူက ရှောခ်အက်ပ် ဇောဘားလိုပဲ၊ ငါတို့ စိတ်ကူးပုံရိပ်ထဲက ခြောက်ချားစရာတွေကို ဖြေလျှော့ပေးနိုင်တယ်။ မင်း ကွင်းဆက်လူသတ်သမား တို့၊ အစုလိုက်အပြုံလိုက် လူသတ်သမားတို့အကြောင်း သတင်းတွေ ကြည့်ဖူးမှာပေါ့၊ သရဲကားကြည့်ပြီး အဲဒီလို လိုက်လုပ်မယ်လို့ တွေးရင် သတင်းကြည့်ပြီးလည်း ဒီလို လိုက်လုပ်ဖို့ တွေးနိုင်တာပဲ မဟုတ်လား၊ အသက်လေးနှစ်ကနေ ခြောက်နှစ်ကြားမှာ ငါ့ လက်ကောက်ဝတ်တွေကို အကြိမ်တစ်ဒါဇင်ထက် မနည်း လှီးခဲ့ဖူးတယ်။ မင်း အခု ခံစားနေရတဲ့ အအေးဒဏ်ဆိုတာ သွေးတွေ ခန္ဓာကိုယ်ထဲက ဒလဟော ထွက်သွားချိန်မှာ ခံစားရတဲ့ အအေးဒဏ်နဲ့ ယှဉ်ရင် ပမ္မားပါကွာ။ နောက်ဆုံး ငါ့ မိဘတွေဟာ ငါ့ကို စောင့်ကြည့်ဖို့ စောက်ရုပ်ဆိုးတဲ့ မိန်းမကြီးတစ်ယောက်ကို ငှားထားတယ်။ တစ်ခါတော့ ငါ ကိုယ့်လည်ပင်းကိုယ် မားနဲ့ လှီးမလို့ လုပ်နေတာကို သူ မိသွားပြီး ငါ့ကို သေမတတ် ရိုက်တယ်။ ဆောင်းတွင်း တစ်ညနေမှာတော့ သူ ရေချိုးခန်းထဲ ရောက်နေတုန်း ငါ ငါ့အစ်ကိုရဲ့ အမဲလိုက်ဓားကြီးကို ခါးကြားထိုး၊ မာမား မနက်က ဖုတ်ထားတဲ့ ပြင်သစ် ထောပတ်ကိတ် နည်းနည်းကို အိတ်ထဲထည့်ပြီး အိမ်က ထွက်လာလိုက်တာ မပျောက်တာ ကြာပြီဖြစ်တဲ့ လမ်းပျောက်ခြင်းအမှုနဲ့ တိုးတော့တာပဲ၊ ငါ လမ်းကို ဆန်တက်သွားခဲ့တယ်၊ သံလမ်းတွေ တွေ့တော့ ငယ်ငယ်က သံလမ်းပေါ် တက်လျှောက်တာ သတိရလာတယ်။ ပင်လယ်ခရုခွံ အကျိုးအကြေလေးတွေ၊ သံချေးတက်နေတဲ့ သံလမ်း၊ ဝင်လုဆဲဆဲ နေလုံးတွေကို ကြည့်ရင်း ငါ တောင်ကုန်းလေးပေါ် တက်လာခဲ့တယ်၊ အရင်ကလည်း တောင်ကုန်းပေါ် အကြိမ်ပေါင်းများစွာ တက်ဖူးတယ်၊ ဒါပေမဲ့ လမ်းတစ်ဝက်လောက် အထိပဲ၊ လမ်းက တဖြည်းဖြည်း ကျဉ်းလာတယ်။ ငါကတော့ လမ်းပျောက်ပြီးသား ဖြစ်နေပြီ ဆိုတာ သိတယ်။ ဒါပေမဲ့ နောက်ပြန်လှည့်မကြည့်ဘူး၊ နောက်ပြန် လှည့်ကြည့်လိုက်ရင် အရာအားလုံး ပျောက်ဆုံးပြီး ငါ့ကမ္ဘာနဲ့ ခုရောက်နေတဲ့ တခြားကမ္ဘာ၊ကမ္ဘာနှစ်ခုထဲက တစ်ခုခု

ပျောက်ဆုံးသွားမှာကို သေမလောက် ကြောက်နေခဲ့တယ်၊ ဒါကြောင့် နောက်ပြန်လှည့်မကြည့်ဘဲ ရှေ့ကိုပဲ ဆက်တိုးလာတယ်။ ခေါင်းကြီးက လေးလွန်းလို့ ဘောင်းဘီထဲကနေ ထွက်မကျအောင် အတော် ထိန်းထားရတယ်။ ခေါင်းကို လက်နဲ့ကိုင်ပြီး သံချေးတက်နေတဲ့ သံလမ်းတစ်လျှောက် လျှောက်လာလိုက်တာ ရုတ်တရက် သံလမ်း ဆုံးသွားတာ တွေ့လိုက်ရတယ်၊ ဒါကို တွေ့တော့ ငါ့တစ်ကိုယ်လုံး သွက်သွက်ခါသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီသံလမ်းတွေ ဘယ်တော့မှ မဆုံးဘူးလို့ ငါ အမြဲ တွေးထားတာကိုး။ သံလမ်းဆုံးသွားတဲ့ နေရာကို အကြာကြီး ရပ်ကြည့်နေမိတယ်။ ဒါ ကမ္ဘာရဲ့ အဆုံးလားလို့ ပေါ့။ အဲဒီကျမှ သတိထားမိတာက ငါဟာ တောင်ကုန်းထိပ်ကို ရောက်နေခဲ့ပြီ။ ရှေ့မှာ ရေကန်လေး တစ်ကန်၊ နောက်ပြန် လှည့်ကြည့်တော့ ဟိုးအောက်မှာ ငါတစ်မြို့လုံးကို အရုပ်မြို့လေးလို စီးမြင်နေရတယ်။ ဒီလိုမြင်ကွင်းမျိုး တစ်ခါမှ မမြင်ဖူးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ တောင်ကုန်းထိပ်ကို တစ်ခါမှ မရောက်ဖူးလို့ပဲ၊ ခုတော့ အားလုံးကို စီးမြင်ရပြီ။ အိမ်တွေ၊ ဘုရားကျောင်းတွေ၊ ပန်းခြံတွေ၊ ဆိပ်ကမ်း၊ စက်ရုံ၊ ဂိုဒေါင်၊ ကရိန်းကြီးတွေ အားလုံးပေါ့၊ ဒါတွေရဲ့ အလွန်မှာ တော့ မှိုင်းတိုင်းတိုင်း ပင်လယ်ပြင်ကြီး၊ လေထဲမှာ ဆားနံ့ကို ငါ ရနေခဲ့တယ်၊ ငါ့နောက်မှာတော့ နေလုံးကြီးဟာ မိုးကုပ်စက်ဝိုင်းပေါ် ဘောလုံးကြီးလို မေးတင်ထားတယ်။ ငါ အဲဒီအချိန်မှာ ကြောက်လည်း ကြောက်၊ ချောက်လည်း ခြောက်ချားသလို အင်အားတွေလည်း တိုးလာတယ်။ တစ်ကမ္ဘာလုံး ငါ့ခြေဖဝါးအောက် ရောက်နေပြီး ငါဟာ တစ်လောကလုံးနဲ့ အဆက်ဖြတ်ထားသလိုမျိုး၊ ဘုရားသခင်ဆီက ဗျာဒိတ်တော်ရသူလိုမျိုး။ တောင်ကုန်းထိပ်မှာ ကျောက်မီးသွေး တွင်းဟောင်း ရှိတယ်။ ရေကန် ရှိတယ်၊ ရေကန်ထဲမှာ ကွီဘတ်ဘက်ကနေ ပုံလာတာလား မသိနိုင်တဲ့ ငန်းတစ်ဒါဇင်လောက် ရှိတယ်။ ငါ ရေကန်နားကို သွား၊ အိတ်ထဲက ပြင်သစ်ထောပတ်ကိတ်ကို ထုတ်၊ အစလေးတွေ ဖဲ့ပြီး ငန်းတွေကို ပစ်ကျွေးနေမိတယ်။ ငန်းက ကိတ်မုန့်စားတတ်သလား ငါ မသိဘူး၊ ဒါပေမဲ့ သူတို့ တစ်အုပ်စုလုံး ငါ့ဆီ ကူးလာကြတယ်။ ငါ့နားရောက်လို့ ငါ ကိုင်ဖို့ ကြိုးစားရင်တော့ သူတို့ ရှောင်သွားကြတယ်။ လူလိုပေါ့၊ ရုတ်တရက် အနားကပ်လာရင် ရန်သူပဲဆိုပြီး ပြေးတတ်သလိုပေါ့၊ ဒါပေမဲ့ ငန်းပျိုး၊ တစ်ကောင်ကတော့ မပြေးဘူး၊ သူများထက် ရဲတင်းတယ်၊ သူ့ လည်တိုင် ဖြူဖြူဟာ ကျနေကြောင့် လိမ္မော်ရောင်သန်းပြီး တဖျပ်ဖျပ် လက်နေတာ တွေ့တဲ့အခါ ငါ့နှလုံးဟာ ဆောင့်ခုန်ပြီး သွားကြားထဲက ထွက်ကျမတတ် ဖြစ်လာတယ်။ နေဦး နေဦး နေဦးလို့ ငါ ကိုယ့်ကိုယ်ကိုယ် ပြောနေမိတယ်။ ငန်းက ငါ့

နားမှာ ကူးနေတယ်။ ငါ သူ့လည်ပင်းရှည်ရှည်ကို ထိလို့ ကိုင်လို့ ရလောက်တဲ့ နေရာအထိ ကပ်လာတယ်။ ငါ ဒီအတိုင်း ထိုင်နေတယ်။ လုံးဝ မလှုပ်ဘူး၊ ပြီးမှ ငါ ခေါင်းကို အသာလေး ထုတ်တယ်။ ခေါင်အိမ်ထဲက ဖြည်းဖြည်းချင်း ဆွဲထုတ်တယ်၊ ခေါင်က ထက်လည်း ထက်၊ လေးလည်း အလေးကြီးပဲ၊ ဒါက အားလုံးကို မှန်ကန်အောင် လုပ်ပေးနိုင်လိမ့်မယ်လို့ ငါ တွေးနေတယ်၊ တစ်လောကလုံးနဲ့ အဆက်ဖြတ်ခြင်း ခံရတယ်ဆိုတဲ့ ခံစားချက်၊ တစ်ကမ္ဘာလုံးက ငါ့ခြေဖဝါး အောက်မှာ ဆိုတဲ့ ခံစားချက်၊ အဲဒီ ခံစားချက်နှစ်ခုဟာ လုံးထွေးပြီး ငါ့ခန္ဓာကိုယ်ထဲကို တစ်စုတစည်းတည်း ဝင်လာခဲ့တယ်။ ငန်းဟာ ငါနဲ့ သုံးလေးလက်မ အကွာထိ ရောက်လာပြီ။ ခေါင်းကို မြှောက်လိုက်တယ်။ ခေါင်သွားကို ပခုံးပေါ် တင်ထားပြီး ငန်းရဲ့လည်ပင်းကို တစ်ချက်တည်း ရိုသမျှအား အကုန်သုံးပြီး ခေါင်းနဲ့ ယမ်းထည့်လိုက်တယ်။ ငန်းလည်ပင်းမှာ အရိုးရှိသလား ဆိုတာ ငါ မသိဘူး၊ ဒါပေမဲ့ ရွှတ်ခနဲ အသံတော့ ကြားလိုက်တယ်။ ခေါင်သွားဟာ ငန်းလည်ပင်းကို တိခနဲ ပြတ်စေပြီး သွေးတွေ ပန်းထွက်လာတယ်။ မာမားသွေးလို မဟုတ်ဘူး၊ ဒီသွေးက ချိုတယ်၊ အရသာ ရှိတယ်။ ပြင်သစ် ထောပတ်ကိတ်ကြောင့်လားတော့ မသိဘူး၊ ငါ အငမ်းမရ သောက်ပစ်လိုက်တယ်။ ၄က်တစ်ကောင်မှာ ဒီလောက် သွေးရှိမယ်တောင် ထင်မထားဘူး၊ ဒီငန်းကို ငါ လည်လှီးတာ ဘယ်သူမှ မမြင်ဘူး။ ဘာလို့လဲဆိုတော့ မိုင်းတွင်းဟာ ရာဇဝတ်မှုကျူးလွန်ရာ နေရာလို့ သတ်မှတ်ထားလို့ ဘယ်သူမှ မလာကြဘူးလေ”

ဖရန့်ခ်က စကားပြောတာကို ရပ်၊ ခေါင်းကို ငုံ့ပြီး မျက်လုံးတွေကို လက်နဲ့ အုပ်ထားတယ်။ သူ ငိုနေတာလားလို့ ထင်မိပေမယ့် မဟုတ်ဘူး။ မျက်လုံးတွေ နာလို့လို့ သူ ပြောတယ်။

“ငါ မအိပ်ဘူးလေ၊ မအိပ်တာ ကြာရင် မျက်လုံးတွေက ပင်ပန်းလာတယ်။ ကျန်တဲ့ ခန္ဓာကိုယ်ကတော့ ဘာမှမဖြစ်ဘူး၊ မျက်လုံးတွေကတော့ နာတယ်ကွာ”

မအိပ်တာ ဘယ်လောက်ကြာပြီလဲလို့ မေးတော့ နာရီ ၁၂၀ လောက် ရှိပြီတဲ့။ ဒါဆို ငါးရက်ပေါ့။ ဆေးတွေ ဘာတွေများ သုံးထားလား မသိ။ ဆေးသုံးထားရင် ရက်နဲ့ချီ မအိပ်ဘဲ နေနိုင်တယ် ပြောကြတယ်။ ကျွန်တော် မေးကြည့်တော့ သူက ခေါင်းခါပြတယ်။ သူ စကားဆက်ပြန်တယ်။

“နောက်ပိုင်းတော့ ငါ့ ဇာတိမြို့မှာပဲ လူနှစ်ယောက်ကို သတ်ပြီးလို့ ရဲတွေ ငါ့ကို စစ်ဆေးပြီးချိန်မှာတော့ ငါ ရူးနေတယ်လို့ သူတို့ ဆုံးဖြတ်ကြပြီး စစ်တပ်က အုပ်ချုပ်တဲ့ စိတ္တဇဆေးရုံတစ်ခုကို ပို့လိုက်ကြတယ်။ တကယ်တော့ တောင်ကုန်းထိပ် ရေကန်မှာ ငန်းကို လည်လှီး၊ ငန်းသွေးသောက်ပြီး ပြန်လာချိန်က စလို့ တစ်ကမ္ဘာလုံး ငါ့ခြေဖဝါးအောက်မှာ ဆိုတဲ့ စွမ်းအားရှင်စိတ်နဲ့ တစ်လောကလုံးနဲ့ အဆက်ဖြတ်ထားတာ ခံရတဲ့ ငါ ဆိုတဲ့ ချောက်ချားစိတ်တို့ဟာ အတူတကွ ထွေးရောယှက်တင် ဖြစ်ပြီး ငါ့ကိုယ်ထဲ ဝင်သွားခဲ့ပြီးပါပြီ။ သူတို့ ငါ့လည်ချောင်းထဲ ပလတ်စတစ်ပိုက်ကြီး ထိုးထည့်ပြီး အဲဒီပိုက်ကနေ အစာရည်သွင်းကြတယ်၊ အဲဒါဟာ လည်ချောင်းကင်ဆာ ဖြစ်နေတဲ့ လူတွေကို အစာကျွေးနည်းလို့ ငါထင်တယ်၊ မျိုမချနိုင်တဲ့ လူတွေ အတွက်ပေါ့၊ အဲဒီလို အစာရည်တွေ၊ ဆေးတွေ အများကြီး ကျွေးရင်း ဆေးရဲ့ ဘေးထွက်ဆိုးကျိုးကြောင့်လား မသိ၊ ငါဟာ ဝသည်ထက်ဝ လာတယ်၊ ငါ့မျက်နှာဟာ လမင်းကြီးလို ဖြစ်လာတယ်၊ ခန္ဓာကိုယ်ကလည်း ငါ့ခန္ဓာကိုယ် မဟုတ်တော့သလိုမျိုးပဲ၊ ဌက်မွေးတွေ သွတ်ထားတဲ့လူ၊ အရည်တွေ ပြည့်နေတဲ့ အရည်သွင်းလူသားပေါ့၊ အဲဒီလိုနဲ့ နှစ်ပေါင်းများစွာ ကြာတဲ့အထိ ငါဟာ ငါမဟုတ်ဆိုတဲ့ ခံစားချက်ကတော့ ရှိနေတာပဲ၊ အဲဒီအချိန်ကစလို့ ငါဟာ ငါမဟုတ်ဘူးလို့ စဉ်းစားတော့တာပဲ၊ တကယ့်ငါ ဆိုတာ ရှိကောရှိရဲ့လားဆိုတာ မသေချာပါဘူး။ ကိုယ့်ကိုယ် ကိုယ် ဓားနဲ့ တစ်လွှာချင်း လှီးပြီး ရှာကြည့်လည်း တကယ့် ငါ ဆိုတာကို ရှာတွေ့မှာ မဟုတ်ပါဘူး၊ အသွေးတွေ၊ အသားတွေ၊ အရိုးတွေပဲ တွေ့မှာပေါ့၊ တစ်နှစ်လောက် ကြာတော့ ဆေးရုံက ဆင်းခွင့်ရတယ်၊ လူလည်း ဝက်လို ဖြစ်လာတာပဲ၊ ငါ့မိသားစုက ခုနက ငါပြောတဲ့ ဗာဂျီးနီးယားပြည်နယ်ထဲက မြို့လေးကို ပြောင်းသွား ခဲ့ပြီ။ သူတို့ ငါ့ကို လာခေါ်တယ်။ အဲဒီအချိန်ကစလို့ ဒက်ဒီနဲ့ ငါ့အစ်ကိုတွေဟာ ငါ့ကို စကားတစ်လုံးစ နှစ်လုံးစထက် ပိုမပြောတော့ဘူး၊ ဆယ်နှစ်လောက်ကြာတော့ ငါ ထောင်ထဲ ရောက်နေတုန်း အစ်ကိုအကြီးဆုံး လာတယ်။ အဲဒီတုန်းက အခြေအနေကို သူ ပြန်ပြောပြတယ်။ သူ ပြောတာကတော့ သူတို့ဟာ ငါ့ကို ဘယ်လို ဆက်ဆံရမှန်း မသိဘူးတဲ့။ လူသတ်ထားလို့ မဟုတ်ဘူး၊ ဝလွန်းအားကြီးပြီး သူစိမ်းတစ်ယောက်လို ပုံသဏ္ဌာန် ပြောင်းလဲသွားလို့တဲ့၊ အဲဒီအချိန်ကစလို့ သိပ်မအိပ်တော့ဘူး၊ နည်းနည်းပါးပါး မှေးတာလောက် ရှိတယ်။ စိတ္တဇဆေးရုံကို လေးကြိမ်မြောက် ရောက်တဲ့အခါမတော့ သူတို့ ငါ့ဦးနှောက်အစိတ်အပိုင်းကို ဖြတ်တောက်ကြတယ်။ အဲဒီတုန်းက ငါ ၁၅နှစ်၊ ခွဲစိတ်မှုမှာ ငါ့ခေါင်းခွံကို အပေါက်ဖောက်ပြီး ဦးနှောက်အဖြူသားထဲကို ရေခဲခွဲ

စူးလို အရာတစ်ခု ထည့်ကြတယ်၊ လူကို ငြိမ်သက်အေးဆေးစေတဲ့ နာဗ်ကြော တွေကို လှုံ့ဆော်ပေးတာလို့ ပြောတာပဲ၊ အမေရိကန်တွေဟာ သူများ ဦးနှောက် ကို ခွဲစိတ်ရတာ ဝါသနာပါတယ်၊ ဒါကြောင့် ဦးနှောက်ခွဲစိတ်ပညာမှာ သူတို့ ရှေ့တန်း ရောက်နေကြတယ်။ ငါ အဲဒီအချိန်မှာ မှော်နက်ပညာဆိုတာ တတ်နေ ပြီ။ ဆေးရုံမှာရော၊ လူငယ်သင်တန်းကျောင်းတွေမှာပါ ငါ လူပေါင်းစုံနဲ့ တွေ့ခဲ့ တယ်၊ လည်ပင်းကို သွေးတွေ ပန်းထွက်မလာအောင် ဘယ်လိုလှီးရမယ် ဆိုတဲ့ နည်းတွေ၊ အာခီးလီးစ်ဖနောင့်ကြောကို ဖောက်ခနဲ အသံမြည်အောင် ဘယ်လို ခုတ်ရမယ်ဆိုတဲ့ နည်းတွေ အကုန်သိနေပြီ၊ အိပ်မွေ့ချပညာ ဆိုတာလည်း ငါ တတ်နေပြီ၊ ငါ့အတွက် လွယ်လွန်းလို့ ယုံတောင် မယုံနိုင်ခဲ့ဘူး။ ငါဟာ လူတွေ ကို သတ်လိုက်မှ ငါ့ဆန္ဒတွေ ပြည့်ဝတယ်လို့ ပြောနေတာ မဟုတ်ဘူး၊ ဒါပေမဲ့ လို့ လူသတ်နေချိန်မှာ ငါ့စိတ်အာရုံဟာ ကြည်လင်ပြတ်သားပြီး ဘဝအပေါ် အာရုံစူးစိုက်မှု အပြည့်အဝနဲ့ ရှိတယ် ဆိုတာတော့ အမှန်ပဲ၊ ဒါပေမဲ့... မင်း စိတ္တဇဆေးရုံ ရောက်ဖူးလား ခန်းဂျီး”

သူ ပြောနေတာတွေက စိတ်ဆင်းရဲစရာ၊ တုန်လှုပ်စရာ၊ ရွံစရာတွေပါ။ သူ ပြောတာတွေ အဓိပ္ပာယ် မရှိဘူး ဆိုပေမယ့် ကျွန်တော့် ဦးနှောက်ထဲတော့ ရောက်သွားခဲ့တာပဲ။ သာယာနာပျော်ဖွယ် ကောင်းလှတဲ့ ဂီတသံစဉ် တေးသွား တစ်ခုဟာ နားထဲကထက် ချွေးပေါက်တွေကနေ အလိုလို စိမ့်ဝင်သွားသလိုပဲ။ ကျွန်တော် လက်မြောက်လိုက်ပြီ။ သူ့ဇာတ်လမ်းကို ဘာမှမပြောဘဲ နားထောင် နေတယ်။ ဒါကြောင့် စိတ္တဇဆေးရုံ ရောက်ဖူးသလား မေးတာကို ရေးကြီးခွင်ကျယ် လုပ်မနေတော့ဘူး။ နိုးလို့ပဲ ပြန်ဖြေလိုက်တယ်။ သူပြောတာ နားထောင်နေရင်း ဖရန့်ခ်ဟာ ရေးနေတာလား၊ မရူးဘူးလား ဆိုတာကို မတွေး တော့ဘူး။ ဟိုးရှေးရှေးတုန်းက လူသားတွေဟာ အချင်းချင်း သတ်ဖြတ် စား သောက်ခဲ့စဉ်အခါက... အစချီတဲ့ ရှေးဟောင်းပုံပြင် တစ်ပုဒ်ကို နားထောင် နေရသလိုပဲ၊ ဘယ်ဟာက မှန်ပြီး ဘယ်ဟာက မှားတယ် ဆိုတာကို ကျွန်တော် သိမြင်ခွဲခြားနိုင်ရဲ့လား ဆိုတာ မသေချာဘူး။ ဘယ်လို ခံစားချက်ကြီးမှန်း မသိ ပေမဲ့ ကျွန်တော် တစ်ခါမှ မခံစားဖူးတဲ့ လွတ်မြောက်မှုလို ခံစားချက်တစ်မျိုး ရ နေတာကို သိတယ်။ နိစ္စမူဝ နေ့စဉ်ဘဝတွေကနေ လွတ်မြောက်မှု၊ ငါနဲ့ ငါ မဟုတ် ဆိုတဲ့ စည်းခြားနယ်နမိတ်ဟာ အရည်ပျော်ကျသွားပြီး ကျွန်တော်ဟာ ရွံ့တစ်တုံးလို ဖြစ်လို့သွား။

ကျွန်တော် တစ်ခါမှ မရောက်ဖူးတဲ့ မသွားဖူးတဲ့ တစ်နေရာရာကို သွားနေခဲ့ရပြီ။

“စိတ္တဇဆေးရုံဆိုတာ စိတ်ဝင်စားစရာ နေရာပါပဲ၊ အဲဒီမှာ သူတို့ ကြောင်တွေကို စမ်းသပ်တာကို ငါ ဘယ်တော့မှ မမေ့ဘူး၊ သူတို့ဟာ ကြမ်းပေါ်မှာ ခလုတ်တစ်ခုပါတဲ့ လှောင်အိမ်ထဲ ကြောင်ကို ထည့်ထားတယ်၊ ကြောင်က အဲဒီ ခလုတ်ပေါ် တက်နင်းမိတိုင်း အစာစားရတယ်၊ ကြာတော့ ကြောင်က အစာစား ချင်တိုင်း ခလုတ်ကို နှိပ်တတ်လာတယ်၊ အဲဒီလို နှိပ်တတ်လာတော့ ကြောင်ကို လှောင်အိမ်ထဲက ထုတ်၊ အစာမကျွေးဘဲထားပြီး လှောင်အိမ်ထဲ ပြန်ထည့်တယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ ခလုတ်ပေါ် နင်းမိရင် ကြောင်က ဓာတ်လိုက်တယ်၊ သေလောက်အောင် လိုက်တာမဟုတ်ဘူး၊ ဓာတ်လိုက်တယ် ဆိုရုံလိုက်တာ၊ အဲဒီလိုနဲ့ ကြောင်ဟာ ဟန်ချက်ပျက်လာတယ်၊ ကြောင်လာတယ်၊ ရူးလာတယ်၊ နောက်ဆုံး အစာစားချင်စိတ်ပါ ပျောက်ပြီး အစာကျွေးလည်း မစားတော့ဘဲ အစာငတ်ပြီး သေရောတဲ့၊ ငါ့ကို အဲဒီအကြောင်း ပြောပြသူက စိတ်ပညာ စမ်းသပ်ချက် စပါယ်ရှယ်လစ် တစ်ယောက်ပဲ၊ စိတ်ပိုင်းဆိုင်ရာ စမ်းသပ်ချက်တွေအကြောင်း မင်း ဘာသိလဲ ခန်းဂျီး၊ ငါဟာ စမ်းသပ်မှုပေါင်း ရာနဲ့ချီပြီး အလုပ်ခံခဲ့ရတယ်၊ အဲဒီထဲမှာ အကျော်ကြားဆုံးကတော့ မင်နီဆိုတာ ကိုယ်ရည်ကိုယ်သွေး အဆင့်များ စမ်းသပ်ချက်ပဲ၊ ငါဟာ စမ်းသပ်မှုတွေမှာ ပါရပေါင်း များလွန်းလို့ မေးခွန်းအားလုံးကို မှတ်မိနေတယ်၊ ဆယ်ကျော်သက်ဘဝ ရောက်တော့ ဒီစမ်းသပ်ချက်တွေကို ငါဟာ စမ်းသပ်တဲ့ လူတွေထက်တောင် ပို ကျွမ်းကျင်လာခဲ့တယ်။ ငါ မင်းကို တစ်ခုစမ်းပြရမလား”

သူပြောပြတဲ့ ကြောင်စမ်းသပ်ချက် အကြောင်းဟာ ကျွန်တော့်ကို တကယ်ပဲ ထိစေခဲ့တယ်။ ပထမဆုံးအနေနဲ့ ကြောင်ဟာ တစ်စုံတစ်ရာကို သင်ယူရပြီး ဒါကို တတ်သွားတဲ့အခါ အစာစားရတဲ့အတွက် သူ့အတွက် ပျော်စရာ ဖြစ်ခဲ့မှာပေါ့။ နောက်ပိုင်းကျ အစာအငတ်ခံထားပြီး သူ တတ်မြောက်ထားတဲ့ အရာအတွက် နာကျင်မှုကို ခံစားစေပြန်သတဲ့။ သဘာဝအားဖြင့်တော့ ကြောင်ဟာ ဘာတွေဖြစ်နေတာလဲ ဆိုတာကို ဘယ်လိုလုပ် နားလည်နိုင်ရှာပါ့မလဲ။ ကျွန်တော် ကလေးဘဝတုန်းက အဲဒီလို အတွေ့အကြုံမျိုး နိစ္စမူဝ ကြုံခဲ့ဖူးတယ်လို့ ပြောရမယ်။ အဖေ့အသုဘလို ကိစ္စကြီးကို ဆိုလိုတာ မဟုတ်ဘူး၊ နေ့စဉ် ကြုံတွေ့နေရတဲ့ ကလေးဘဝဟာ ခုနက ကြောင်လိုပဲ၊ ကိစ္စတွေ ဘယ်လို ဖြစ်သင့်တယ်ဆိုတဲ့ ကလေးအတွေးအတိုင်း လူကြီးတွေရဲ့ ကမ္ဘာကို

ပြောင်းလဲလို့ မရဘူး၊ ဒါကြောင့် ကြောင်လိုမျိုး ဘယ်ခလုတ်ကိုနှိပ်ရင် ဘာဖြစ်တယ်ဆိုတာ ကလေးတွေဟာ ဖြည်းဖြည်းချင်း သင်ယူရတယ်။ ဒါပေမဲ့ ကလေးဘဝမှာ ခလုတ်မှန် နှိပ်မိပေမယ့် မိဘနဲ့ တခြားလူကြီးတွေက ဘယ်လို တုံ့ပြန်မယ်ဆိုတာကို မပြောနိုင်ပါဘူး။ အမြဲ ပြောင်းလဲနေတာပဲ၊ အထူးသဖြင့် ဒီတိုင်းပြည်မှာ ပိုလို့တောင် ခန့်မှန်းလို့ မရသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်ဟာက ဘယ်သူ့အတွက် ဘယ်လောက် အရေးကြီးတယ် ဆိုတာကို ဆုံးဖြတ်ဖို့ ဘာစံစနစ်မှ ရှိမနေလို့ပဲ။ လူကြီးတွေဟာ ပိုက်ဆံအတွက်ရယ် ပိုက်ဆံနဲ့ တန်ဖိုးသင့်ထားတဲ့ လူသုံးကုန်ပစ္စည်းတွေ အတွက်ရယ် ဘဝကို ရှင်သန်နေထိုင်ကြတာ။ မီဒီယာတွေဖြစ်တဲ့ တီဗွီ၊ သတင်းစာ၊ မဂ္ဂဇင်း၊ ရေဒီယို တွေမှာလည်း လူကြီးတွေဟာ သူတို့ တကယ် လိုချင်တပ်မက်တာဟာ ငွေနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေပဲ ဆိုတာကို ပေါ်ပေါ်တင်တင် ကြော်ငြာတာတွေနဲ့ ပြည့်လို့ပဲ။ နိုင်ငံရေးသမား အစ၊ ဗျူရိုကရက် အလယ်၊ လမ်းဘေးဆိုင်မှာ အပေါဆုံး ဆာကေး သောက်နေတဲ့ အောက်ခြေရုံးဝန်ထမ်းအဆုံး အားလုံး ငွေဟာ ငါ့ဘဝ ဆိုတဲ့ ဒဿနနဲ့ အသက်ရှင် နေထိုင်ကြတယ်။ ပြသကြတယ်။ အပေါ်ယံ လူကြားကောင်းအောင် ငွေဟာ အရာရာမဟုတ်ဘူးလို့ ကယောင်ကတမ်းနဲ့ ကယောက်ကယက် ထထ ပြောတတ်ပေမယ့် သူတို့ဘဝရဲ့ တကယ့်လိုအင်ဟာ ဘာလဲဆိုတာ သူတို့ အပြုအမူကို ထိုင်ကြည့်နေရုံနဲ့ အသာလေး သိနိုင်တယ်။ အပတ်စဉ်ထုတ် စာစောင်တွေမှာ သက်လတ်ပိုင်းအရွယ် ဆောင်းပါးရှင် ပုရိသတွေက အထက်တန်း ကျောင်းသူလေးတွေ အလျော်အစားနဲ့ ဒိတ်လုပ်တာကို ပယ်ပယ်နယ်နယ် စကားကြီး စကားကျယ်နဲ့ ဝေဖန်ရှုတ်ချကြပြီး အဲဒီစာစောင်မှာပဲ စျေးနှုန်းအားဖြင့် ပေးရတာတန်တဲ့ လိင်နှိုးဆော် အနှိပ်ခန်း၊ ဆပ်ပြာကမ္ဘာ အနှိပ်ခန်းတွေကို ညွှန်းထား မွမ်းထားကြသေးတယ်။ နိုင်ငံရေးသမားနဲ့ ဗျူရိုကရက်တွေရဲ့ အကျင့်ပျက်ခြစားမှုကို ဆန့်ကျင်ကြဖို့ ဖင်ဖြဲအော်နေတဲ့ မီဒီယာထဲမှာပဲ စတော့စျေးကွက် ပစ်မလွဲ လမ်းညွှန်နဲ့ အိမ်ခြံမြေ အကွက်ကောင်းဆိုတာတွေကို မြိန်ရေရှက်ရေ ပြောနေကြပြန်သေးတယ်။

အောင်မြင်ကျော်ကြား ဘဝများဆိုပြီး လူချမ်းသာတွေရဲ့ အိမ်တွေကို ဓာတ်ပုံတွေရိုက်ပြ၊ တန်ဖိုးကြီး ဒီဇိုင်နာ ဝတ်စုံတွေနဲ့ လက်ဝတ်ရတနာ အဆင်တန်ဆာတွေ ဝတ်ပြီး ကြောင်တောင်တောင်နဲ့ ရပ်ပြ ထိုင်ပြ ထပြ ကော့ပြ ကားပြ။ အဲဒါမျိုးတွေကို နေ့နေ့ညည တစ်နှစ်ကို ၃၆၅ ရက် ထုတ်လွှင့်နေတဲ့ တိုင်းပြည်က ကလေးတွေဟာ ခုနက ကြောင်လို အစာခလုတ်နဲ့ ဓာတ်လိုက်

ခလုတ်ကြား ဝေခွဲမရတဲ့ အဖြစ်သနစ်တွေ ရှိနေဦးမှာ အသေအချာပဲ။ ဒါပေမဲ့လို့ အဲဒီလို စဉ်းစားနေတုန်းမှာပဲ ခေါင်းဖြူ မျက်မှေး မအေဘေးကြီးတွေ ဘွားခနဲ ပေါ်လာပြီး မင်းတို့ လူငယ်တွေဟာ ပျက်စီး ပုပ်သိုးနေကြပြီ၊ မင်းတို့ဘဝဟာ လိုတရနေချိန်မှာ မင်းတို့က ဘာတွေများ ညည်းတွားနေကြတာလဲ၊ ငါတို့ မျိုးဆက်တွေ အာလူးစား၊ ခါးချည့်အောင် အလုပ်လုပ်ပြီး ထမ်းတင်ခဲ့လို့ တိုင်းပြည်ဟာ ခုလို တင့်တောင့်တင့်တယ် ဖြစ်လာတာကွလို့ အော်ကြ ဟစ်ကြ လိမ့်မယ်။ ဟုတ်တယ်၊ အဲဒီ မအေပေးကြီးတွေလိုမျိုး ဘဝကို မကုန်ဆုံးချင်တာ တော့ အမှန်ပဲ။ ခင်ဗျားပြောတဲ့ ပုံစံမျိုး ကျွန်တော်တို့ နေထိုင်ကြတာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုသာနေရင် ခင်ဗျားတို့လိုမျိုး ငွေသာအရာရာ ဘဝနဲ့ ကြီးပြင်းလာလိမ့်မယ်။ ဒီအတွေးကို တွေးရတာတောင် မခံမရပ်နိုင် ဖြစ်ရတယ်။ ခင်ဗျားတို့အတွက်တော့ အဆင်ပြေမှာပေါ့၊ ခင်ဗျားတို့က မကြာခင် သေကြမှာကိုး၊ ကျွန်တော်တို့ကတော့ ဒီ ပုပ်ဟောင်နံစော်နေတဲ့ ငွေနောက်လိုက် တိုင်းပြည်မှာ နောက်ထပ် အနှစ်ငါးဆယ် ခြောက်ဆယ် နေကြရဦးမှာ။

“ခန်းဂျီး ဘာဖြစ်လို့လဲ”

ဖရန့်ခ်က ကျွန်တော့်ကို ငေးကြည့်နေတယ်။

“ဘာမှ မဖြစ်ပါဘူး” လို့ ကျွန်တော် ပြောလိုက်တယ်။ သူက ရေသန့် တစ်ငုံသောက်ပြီး ပြုံးလိုက်တယ်။ မင်းကြည့်ရတာ ဒေါပွနေသလိုပဲ တဲ့။ မဟုတ်ပါဘူး၊ ကြောင်ကို စမ်းသပ်တဲ့ အကြောင်းက စိတ်ဝင်စားစရာ ကောင်းလို့ပါလို့ ပြန်ပြောရင်း ကိုလာကို တစ်ငုံငုံလိုက်တယ်။ ကိုလာဘူးဟာ အေးစက်နေတာပဲ။ ဗူးကို ကျွန်တော့်ဘေး ကြမ်းပြင်ပေါ် ချထားလိုက်တယ်။ ကျက်သရေ အင်မတန် တုံးတဲ့နေရာပဲလို့ တွေးလိုက်မိတယ်။ တကယ့်ကို လူသူကင်းမဲ့ပြီး အေးစက်လွန်းနေတော့ တခြားကမ္ဘာတစ်ခုကို ရောက်နေသလိုပဲ။ ဒါဟာ လူသတ်ရင် ဘာမှ မဖြစ်တဲ့ ကမ္ဘာများလား။ စစ်ပွဲကာလတုန်းကတော့ လူသတ်သမားတွေ အားလုံး သူရဲကောင်းဖြစ်ခဲ့တာပဲ မဟုတ်လား။ ရုတ်တရက် ချက်ချင်း ကာဘူကီ-ချိုက ရဲစခန်းလေးထဲ ဘာလို့ ချက်ချင်း ဝင်မသွားနိုင်ရတာလဲ ဆိုတာကို သတိရလာတယ်။ မြားနတ်မောင်ကလပ်က အသတ်ခံရသူတွေကို ခုနက ကြောင်ထည့်တဲ့ လှောင်အိမ်ထဲ ထည့်လိုက်မယ်ဆိုရင် ကြောင်လိုပဲ ခလုတ်နှိပ်လိုက် ဓာတ်လိုက်လိုက်နဲ့ ဘာမှ မခုခံနိုင်ပဲ အစာငတ်ရေငတ်နဲ့ သေ

သွားကြမှာ။ ဖရန့်ခ်ကို ကြည့်ရင်း ကျွန်တော် တွေးမိလာတာက ကဲ... ဒီမှာ ခုခံနိုင်တဲ့ တစ်ယောက်တော့ တွေ့ပြီရယ်လို့ပေါ့။ ပထမတော့ ခလုတ်နှိပ်ရင် အစာလေးကျွေး နောက်တော့ ဘာမှ မလုပ်ရပါဘဲနဲ့ ခလုတ်နှိပ်ရင် ဓာတ်လိုက် အောင်လုပ်ပြီး အပြစ်ပေးတတ်တဲ့ ကမ္ဘာမှာ လျှောင်အိမ်ကို ဆောင့်ကန် ရုန်းထွက်တတ်တဲ့ လူပေါ့။ ဖရန့်ခ်။ ဖရန့်ခ်ဟာ သူ့ဘဝကို နောက်ပြန် လှည့်မကြည့်စတမ်း လျှောက်လှမ်းပြီး ဘယ်တော့မှ လျှောင်ချိုင့်ထဲ ခွေမနေတတ်တဲ့ လူမျိုးပဲလို့ ကျွန်တော် ထင်စပြုလာတယ်။

“ကဲ... စမ်းသပ်ချက်လေး တစ်ခုလောက် လုပ်ကြည့်ကြတာပေါ့”

ဖရန့်ခ်က သူ အလွတ်ရနေတဲ့ မေးခွန်းတွေကို ကျွန်တော့်ကို မေးနေတယ်။ တကယ်တော့ မေးခွန်းရယ်လို့ မဟုတ်ပါဘူး။ ပေးထားချက်တစ်ခုပေါ်မှာ မှန်တယ်၊ မှားတယ် ဖြေပေးရတာမျိုးပါ။ ကျွန်တော်က ဘာမှမစဉ်းစားဘဲ ချက်ချင်းဖြေရတယ်။ ပေးထားချက်တွေက စုံလို့ပဲ။ ပန်းအကြောင်း ဖွဲ့ဆိုထားတဲ့ ကဗျာတွေကို ကြိုက်တယ်၊ ကျွန်တော့်လိင်အင်္ဂါက ထူးထူးဆန်းဆန်းပုံသဏ္ဌာန်ရှိတယ်၊ ကျွန်တော်ချစ်တဲ့ တစ်ယောက်ယောက်ကို ထိခိုက်နာကျင်အောင် လုပ်ရတာ ကျွန်တော့်အတွက် အကြီးကျယ်ဆုံး ပီတိဖြာမှုပဲ၊ နာရီဝက်လောက် အချိန်အတွင်းမှာ မေးခွန်း နှစ်ရာကျော် သူ ဆက်တိုက်မေးတယ်။

“စိတ်ဝင်စားစရာပဲ၊ မဟုတ်ဘူးလား”

မေးပြီးတဲ့အခါ ဖရန့်ခ်က ပြုံးစိစိနဲ့ ကျွန်တော့်ကို ပြောတယ်။

“ဒီမေးခွန်းတွေက ကိုယ့်ဘာသာကိုယ် ပြန်စုစည်းထားတာ၊ ငါ ပြောတဲ့အတိုင်း ငါ့ကို စမ်းသပ်ချက်ပေါင်း ရာချီ စမ်းသပ်ခဲ့ကြတဲ့အတွက် ငါဟာ စိတ်ပညာစမ်းသပ်မှုနဲ့ ပတ်သက်လို့ ကမ္ဘာ့အကျွမ်းကျင်ဆုံး ပုဂ္ဂိုလ်တွေထဲက တစ်ယောက်လို့တောင် ပြောနိုင်တယ်”

“စမ်းသပ်ချက်တွေအရ ကျွန်တော့်မှာ တစ်ခုခု မှားနေတာမျိုး ရှိလား”

“မပူပါနဲ့ ခန်းဂျီး၊ မင်းက ပုံမှန်ပါပဲ၊ စိတ်ရှုပ်ထွေးမှုတွေ ရှေ့နောက် မညီတာတွေ ရှိပေမယ့် ဒါက ပုံမှန်ပဲ၊ ကြိုက်ခြင်း မကြိုက်ခြင်းအပေါ် အင်မတန် ဇီဇာကြောင်တဲ့ လူတွေကတော့ ပြဿနာရှိတယ်လို့ ပြောလို့ရတယ်၊ လူတိုင်းမှာ စိတ်ရှုပ်တာ ဝေခွဲမရတာ ရှိတယ်၊ ဒါပုံမှန်ပဲ”

ဒါဆို ခင်ဗျားကကောလို့ မေးလိုက်မိတယ်။ သူလည်း ပုံမှန်ပဲတဲ့။ ကျွန်တော် ဒါနဲ့ ပတ်သက်လို့ ဘာမှ မခံစားရဘူး။ ဒီမေးခွန်းတွေအရ သူဟာလည်း ပုံမှန်ဖြစ်နိုင်တာပဲ။

တံခါးမှာ လူ့အရေပြားစလေး အကပ်ခံရချိန်က စလို့ ဒီနေ့တစ်နေ့လုံး စိတ်ကူးကြည့်လို့တောင် မရတဲ့ အဖြစ်အပျက်တွေ ဆက်တိုက်ဖြစ်ခဲ့တယ်။ ကျွန်တော် ခြေကုန်လက်ပန်းကျနေပြီ ဆိုတာ သိပေမယ့် အိပ်ဖို့ ခက်နေတယ်။ အအေးဓာတ် လွန်ကဲပြီး စွန့်ပစ်အဆောက်အအုံထဲက ဆေးပစ္စည်းတွေကြားမှာ လူသတ်သမားနဲ့အတူ ထိုင်နေရတဲ့အတွက်လည်း ပါတာပေါ့။ စိတ်အခြေအနေကလည်း ယိမ်းယိုင်နေတာ သေချာတယ်။ ဖရန့်ခ်က စိတ်ညှို့လိုက်လို့၊ မှော်နက်ပညာနဲ့ ပြုစားလိုက်လို့ ဒါမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့် စိတ်နဲ့ခန္ဓာကို ကိုယ်နဲ့ အကျွမ်းတဝင်မရှိတဲ့ နေရာဒေသတစ်ခုကို ဆွဲခေါ်သွားသလို ခံစားရတာကို ငြင်းမရဘူး၊ ဘယ်သူမှ မရောက်ဖူးတဲ့ ဒေသတစ်ခု တိုင်းပြည်တစ်ခုက ဧည့်လမ်းညွှန်တစ်ယောက် ပြောပြတဲ့ ပုံပြင်တွေကို နားထောင်နေရသလိုပဲ။

“မင်း ပင်ပန်းနေရောပေါ့၊ ငါ မင်းကို မပြောရသေးတာတွေ အများကြီး ရှိသေးပေမယ့် တော်လောက်ပြီ၊ ဒီည ခေါင်းလောင်းထိုးသံ သွားနားထောင်ရဦးမယ် မဟုတ်လား”

“ကျွန်တော် အိပ်ပျော်နိုင်မယ် မထင်ပါဘူးဗျာ”

“ဘာဖြစ်လို့လဲ၊ ငါ သတ်မှာ စိုးလို့လား”

“မဟုတ်ပါဘူး၊ ကျွန်တော့် အာရုံကြောတွေက ဆတ်ဆတ်ထိမခံ ဖြစ်နေတာပါ”

“မင်း တစ်ခုခုစားသင့်တယ်”

ကျွန်တော် မဆာဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ ဖရန့်ခ်က တစ်ခုခု အစာရှိမှ အိပ်ပျော်မှာလို့ ပြောပြီး ကော်ဖီဖျော်တဲ့ အိုးထဲကို ရေသန့်တွေ လောင်းထည့်၊ ပြီးတော့ စက္ကူပုံးတစ်ခုထဲကနေ အသင့်စား ရာမန်ခေါက်ဆွဲ နှစ်ဘူး ထုတ်လိုက်တယ်။ အဲဒီ အသင့်စား အစားအသောက်တွေပဲ အမြဲစားနေတာလား လို့ မေးတော့ သူက သွားဖြဲပြပြီး ဟုတ်တယ်လို့ ဖြေတယ်။

“ငါက အစားအသောက် ဇီဇာကြောင်တဲ့လူ မဟုတ်ဘူးလေ”

“အဲဒါ တစ်ခုခုများ အကြောင်းရှိလို့လား”

ကော်ဖီဖျော်တဲ့အိုးမှာ ရေနွေးဆူလို့ အငွေ့တလူလူ တက်လာနေတာကို ကြည့်ရင်း ကျွန်တော် မေးလိုက်တယ်။

“ကျွန်တော် ဆိုလိုတာက လူတိုင်းဟာ အစားအသောက် ကောင်းကောင်း ကြိုက်ကြတာပဲ မဟုတ်လား”

“ခန်းဂျီးရေ၊ စိတ္တဇဆေးရုံမှာ သူတို့တွေ ငါ့လည်ချောင်းထဲကို ပိုက်ကြီး ထည့်ပြီး ဘာအရသာမှမရှိတဲ့ အရည်တွေ နှစ်ရှည်လများ လောင်းထည့်ပြီးချိန် က စလို့ အရသာရှိတဲ့ အစားအသောက်ဆိုတာကို ငါ မသိတော့ပါဘူးကွာ။ သူများက ကောင်းလှချည်ရဲ့ဆိုတဲ့ အစားအသောက်ကို စားလိုက်တဲ့အခါ တစ်ခုခု ငါ့ခန္ဓာကိုယ်ထဲက ထွက်သွားသလို ခံစားရတယ်၊ ခန္ဓာကိုယ်ထဲက အရေးကြီးတဲ့ တစ်ခုခု ထွက်ခွာသွားသလိုပဲကွ”

“ဘာထွက်သွားတာလဲဟင်”

“ငါယုံကြည်တဲ့ အလုပ်၊ ငါ့ရဲ့ ကံကြမ္မာဖြစ်တဲ့ လူတွေကို သတ်ခြင်းပေါ့”

ခေါက်ဆွဲတွေ အဆင်သင့် ဖြစ်တဲ့အခါ ဖရန့်ခ်က ကျွန်တော့်ကို ပလတ်စတစ် ခက်ရင်းတစ်ခု လက်ကမ်းတယ်။ ကျွန်တော် ခေါက်ဆွဲအနံ့ကို ရေမြုပ်တစ်ခုလို စုပ်ယူလိုက်တယ်။ ပါးစပ်ထဲ အပြည့်ထည့် ပလုတ်ပလောင်း စားနေရင်း ခေါင်းလောင်းသံ တစ်ရာ့ရှစ်ချက် နာကြားပြီး နောက်ပိုင်းမှာကော လူတွေကို ဆက်သတ်ဦးမှာလားလို့ မေးလိုက်တယ်။ သူက ပခုံးတွန့်ပြတယ်။

“ဒီကိစ္စမှာတော့ ငါ့အတွက် ရွေးချယ်စရာ သိပ်မရှိဘူး၊ လူသတ်တာဟာ ငါ့ဘဝကို ဆက်လက်ရှင်သန်ဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ အရာလေ၊ ငါ့ လက်ကောက်ဝတ်ကို လှီးတာ၊ ငန်းလည်ပင်းကို ဖြတ်တာ၊ ငန်းသွေးကို သောက်တာ၊ လူတွေကို သတ်တာ အားလုံးဟာ ငါ့ကို အခြေခံအားဖြင့် မောင်း နှင်နေတဲ့ အရာတစ်ခုတည်းပဲ၊ မင်း ခန္ဓာကိုယ်နဲ့ ဦးနှောက်ကို တက်ကြွနေ အောင် မလုပ်ထားဘူးဆိုရင် မင်းက ကလေးသူငယ် ဖြစ်စေဦးတော့ အိုမင်း ရင့်ရော်ခြင်းဟာ မင်းဆီ ဝင်လာလိမ့်မယ်၊ ဦးနှောက် သွေးလည်ပတ်မှုဟာ နှေး လာလိမ့်မယ်၊ နည်းလာလိမ့်မယ်၊ လျှောင်အိမ်ထဲက ကြောင်ဟာ အစာစားခြင်း နဲ့ ပတ်သက်လို့ စွန့်လွှတ်လိုက်တဲ့အခါ သူ့ဦးနှောက်ကို သွေးဟာ ရောက်တယ်

ဆိုရုံလေး ရောက်တော့တယ်။ အဲဒါ စိတ်ဖိစီးမှုပဲ၊ လူတွေဟာ စုပေါင်း အမဲလိုက်တဲ့ ကာလကနေ ပေါ့ပ်သီချင်းနဲ့ ကားပြိုင်ပွဲတွေထိ အမျိုးစုံ တက်ကြွလှုပ်ရှားခဲ့လို့ ဦးနှောက်ဟာ သိမ်မသွားခဲ့တာ၊ ဒါပေမဲ့ အိုမင်းရင့်ရော်ခြင်းကို တားဆီးနိုင်တဲ့ နည်းလမ်းရယ်လို့ မည်မည်ရရ မတွေ့ကြသေးဘူးလေ၊ ကလေးတွေဟာ ပိုပြီး အန္တရာယ်ရှိတယ်၊ သူတို့မှာ ရွေးစရာ သိပ်မရှိဘူးလေ၊ နောက်ပိုင်း ငါ့လိုလူမျိုးတွေ မင်း အတွေ့များ လာလိမ့်မယ်လို့ ငါထင်တယ်၊ စောင့်ကြည့်နေပါ ခန်းဂျီး”

ဖရန့်ခ်ဟာ ခေါက်ဆွဲကို ခက်ရင်းနဲ့ ထိုးကော်ပြီး မေးစေ့နားမှာ ကိုင်ထားရင်း ပြောနေလိုက်တာ စားဖို့ မေ့နေသလား ထင်ရတယ်။ ခေါက်ဆွဲက အရည်တစက်စက်ဟာ ဖုန်တသောသောနဲ့ ကြမ်းပြင်ပေါ် တတောက်တောက် ကျနေတယ်။ အင်္ဂေတထောင်းထောင်း ထနေတာတွေ ရပ်သွားပေမယ့် သူကတော့ စကားဆက်ပြောနေတုန်းပဲ။ စားသောက်နေတယ် ဆိုတာကို သူ မေ့သွားပုံပဲ။ အာရုံစူးစိုက်မှုဆိုတဲ့ စကားလုံးဟာ ဒီနေရာမှာ ဖော်ပြဖို့ မသင့်တော်ဘူး၊ အာရုံစူးစိုက်တာ မဟုတ်ဘူး၊ သူဟာ တစ်ခုခု ပူးဝင်ခံနေရသလိုမျိုး၊ စကားပြောတာကို ရပ်လိုက်ရင် သူ့အသက်ဟာ ဒီနေရာမှာတင် ကုန်ဆုံးသွားတော့မလိုမျိုး။ သူဟာ ခေါက်ဆွဲ တစ်မျှင်တောင် မစားရသေးဘူး။ ခက်ရင်းနဲ့ လိပ်ယူထားတဲ့ ခေါက်ဆွဲတွေဟာ အရောင်ပြောင်းလာခဲ့တယ်။ သူ စကားပြောတာကို ကြည့်ရင်း၊ အရောင်ပြောင်းလာတဲ့ ခေါက်ဆွဲကို ကြည့်ရင်း သူ တစ်ကိုယ်တော် မနားတမ်းပြောနေတာ ခဏတုံ့သွားချိန်မှာ ခေါက်ဆွဲစားဖို့ ကျွန်တော် မေးငေါ့ပြလိုက်တယ်။ သူ ခေါက်ဆွဲကို အံ့သြသလို တစ်ချက် ကြည့်လိုက်ပြီး ပါးစပ်ထဲ ထည့်လိုက်တယ်။ ဘာကြောင့်များ ဒီစားသောက်တဲ့ အလုပ်ကို ဇာချဲ့ပြီး လုပ်နေရတာလဲလို့ သူပြောနေသလိုပဲ။

သူ ဆက်ပြောပြီ။

“ငါ ၁၂ နှစ်သားမှာ လူသုံးယောက် ဆက်တိုက်သတ်ခဲ့တယ်၊ အားလုံးဟာ ဝရန်တာမှာ လှုပ်ကုလားထိုင်နဲ့ ထိုင်နေကြတဲ့ လူအိုကြီးတွေပဲ၊ လူဘယ်လို သတ်ခဲ့တယ်ဆိုတဲ့ အကြောင်းတွေကို တိပ်ခွေနဲ့ အသံသွင်းပြီး ရေဒီယိုစတေရှင်ကို ပို့လိုက်တယ်၊ အဲဒီမှာ ငါသဘောကျတဲ့ ဒီဂျေတစ်ကောင် ရှိတယ်၊ ငါ သူ့ကို သိစေချင်တာ၊ အားလုံးပြောနေကြတဲ့ လူသတ်သမားဟာ ငါပဲ ဆိုတာကိုပေါ့၊ ငါ့အသံကို ဖျက်ဖို့ အမျိုးမျိုး ကြိုးစားခဲ့ရတယ်၊ ပါးစပ်ထဲ ဂွမ်းတွေထည့်၊ သွား

ကြားထဲ ခဲတံကိုက်၊ နှုတ်ခမ်းတွေကို တိပ်နဲ့ကပ် အမျိုးမျိုး လုပ်ပြီးမှ အဖေရဲ့ တိပ်ရီကော်ဒါ အဟောင်းကြီးနဲ့ အသံသွင်းလိုက်တာ နာရီ နှစ်ဆယ်ကျော် ကြာတယ်။ ဒါပေမဲ့ အဲဒါ သိပ်ပျော်စရာကောင်းတယ်။ နောက်ဆုံးမှာတော့ အက်ဖ်ဘီအိုင်ဟာ အသံခွဲခြမ်းစိတ်ဖြာ စနစ်နဲ့ ဒါဟာ ငါ့အသံပဲ၊ လူသတ်မှုတွေဟာ ငါ ကျူးလွန်ခဲ့တာပဲ ဆိုတာကို သံသယမရှိ သက်သေပြနိုင်ခဲ့တယ်၊ ဒီတိပ်ခွေ ပို့ခဲ့မိတာကို အတော်ကြာ နောင်တရနေခဲ့တယ်၊ ဒါပေမဲ့ နှစ်တွေကြာလာတဲ့အခါ အဲဒီတိပ်ခွေလုပ်တုန်းက ခံစားရတဲ့ ပျော်ရွှင်မှုတွေကို ပြန်သတိရလာခဲ့တယ်၊ ခန္ဓာကိုယ်ပြင်ပက အရာတွေနဲ့ ထိတွေ့လို့ရလာပြီး ကိုယ့်ခန္ဓာကိုယ် ပြန်ရတဲ့ ခံစားမှုမျိုး ဖြစ်လာတယ်၊ ခု ခေါင်းလောင်းသံကို နားထောင်ချင်တယ် ဆိုတာလည်း ငါ့ရဲ့ စိတ်ရိုင်းတွေ၊ ထားပါတော့ ဘွန်နီတွေ ဆေးကြောသန့်စင်လိုက် ပြီးတဲ့အခါ ငါ့ခန္ဓာကိုယ်နဲ့ ငါ အံဝင်ခွင်ကျ ပြန်ဖြစ်မလားလို့ပါကွာ”

ကျွန်တော် ရာမန်ခေါက်ဆွဲ ကုန်တဲ့အခါမတော့ အိပ်ငိုက်လာတယ်။ မျက်လုံးတွေကို ကျွန်တော် ပွတ်နေတာ တွေ့ရတော့ ဖရန့်ခ်က ဖျာပေါ်မှာ အိပ်လေတဲ့။ ဒုတိယထပ်ကို တွယ်တက်ဖို့ဆိုတာ မလွယ်ဘူးလို့ သူပြောတယ်။ ကျွန်တော် ဖျာပေါ် လှဲချလိုက်တယ်၊ ဖရန့်ခ်က ဆက်စားနေတုန်းပဲ။ မီးချောင်းအလင်းရောင်က မျက်စိစူးလို့ ကျွန်တော် လက်နဲ့ မျက်စိကို ကာထားလိုက်တယ်။ သူ မြင်ပုံပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ မီးပိတ်လိုက်တာကိုး။ တသိမ့်သိမ့် အိပ်ချင်စိတ်တွေ တက်လာပေမယ့် အအေးဒဏ်ကလည်း စူးရဲနေတာပဲ။ ရာမန်ခေါက်ဆွဲ စားလိုက်တုန်းက ရခဲ့တဲ့ အနွေးဓာတ်လေးဟာ ခုတော့ အတိတ်က မှတ်ဉာဏ်လို ဖြစ်သွားခဲ့ပြီ။ အအေးဓာတ်ဟာ ကြမ်းပြင်ပေါ်ကနေ ဖျာပေါ် တွားတက်လာသလိုပဲ။ ကျွန်တော် တုန်လာတယ်။ ဖရန့်ခ် ထသွားတဲ့အသံ ကြားရတယ်။ ခဏနေတော့ သူ ကျွန်တော့်ကို တစ်ခုခု လာခြုံပေးတယ်။ ခပ်ပါးပါး ခပ်ကြွပ်ကြွပ် အရာတစ်ခုပဲ စောင်လားတော့ မသိဘူး။ လှုပ်လိုက်တိုင်း တကြွပ်ကြွပ် အသံထွက်နေတယ်။ ဖရန့်ခ်ကတော့ မည်းမည်းမှောင်နေတဲ့ ကြားကပဲ ဆက်စားနေတယ်။ အိပ်မပျော်ခင် ဒါတွေအားလုံးပြီးရင် သူ ကျွန်တော့်ကို သတ်မှာလား ဆိုတဲ့ အတွေးဝင်လာပြီး စိမ့်ခနဲ ကြောက်သွားသေးတယ်။ ဒါပေမဲ့ ခေါင်းလောင်းသံ မကြားခင် သူ ဘာမှလုပ်မှာ မဟုတ်ဘူး ဆိုတဲ့အသိ ဝင်လာတယ်။ မွေ့ခနဲ အိပ်ပျော်မသွားခင် အပြင်ဘက် တစ်နေရာရာက ငှက်ဆိုးထိုးသံတစ်ချက် ကြားလိုက်ရသလိုပဲ။

※

သတင်းစာစက္ကူဟောင်းပုံကြီးထဲက ကျွန်တော် နိုးထလာခဲ့တယ်။ ဖရန့်ခ် အသံကို ကြားလိုက်ရတယ်။

“ငါတို့ ဒီကို ပြန်မလာတော့ဘူး၊ ဒါကြောင့် မင်းပစ္စည်းတွေ မကျန်စေနဲ့”

အလို... ဖရန့်ခ်ဟာ ပွဲတက် တက်ဆီးဒိုး ဝတ်စုံကို ဟန်ကျပန်ကျ ဝတ်နေပါ့လား။ သူ ကျွန်တော် နိုးလာတာကို စောင့်နေတာတဲ့။

“ဒီမှာ မှန်မရှိဘူးကွ၊ ငါစည်းထားတဲ့ ဘိုးတိုင် ဖြောင့်ရဲ့လားလို့ တစ်ချက် ကြည့်စမ်းပါ”

သူက အစင်းအစင်းတွေပါတဲ့ ဘောင်းဘီ၊ အရောင်တောက်တောက် ရှပ်၊ လိပ်ပြာတောင် ဘိုးတိုင်လည်စည်း၊ အပေါ်ဝတ် ကုတ်နဲ့ အကျအနပဲ၊ ဖြောင့်တယ် မိုက်တယ် လို့ ပြောလိုက်တော့ သူက ပြုံးပြီး ရှပ်ကြယ်သီးတွေ တပ်နေတယ်။ မှောင်ကုပ်ကုပ် အဆောက်အအုံပျက်ထဲမှာ ပွဲတက် တက်ဆီးဒိုး ဝတ်စုံဝတ်နေတဲ့ ဖရန့်ခ်ကို မြင်ရတဲ့အတွက် ကျွန်တော် အိပ်မက်မက်နေတာ မဟုတ်ဘူးဆိုတာ သိလာတယ်။ ဒီဝတ်စုံကို ဝယ်လာတာလားလို့ မေးလိုက်တယ်။

“အေးကွ၊ တစ်ခုခု ပွဲကြီးလမ်းကြီးဆို တက်ဆီးဒိုးက မိုက်တယ်လေ၊ ဝတ်ချင်စရာ မဟုတ်လား”

※

အဆောက်အအုံပျက်ထဲက ထွက်လာကြတဲ့အခါ ညနေ လေးနာရီပဲ ရှိသေးတယ်။ ကာချီဒိုကီ တံတားမှာ ဘယ်လောက် လူများမယ်ဆိုတာ ကျွန်တော် မသိဘူး။ ဇွန် မြင်နိုင်လောက်တဲ့ နေရာမှာ ရှိနေဖို့ လိုတယ်။

လမ်းကြားထဲက ထွက်လာတဲ့အခါ ဂျပန် ရောက်ကတည်းက ဒီမှာ နေနေတာလားလို့ ကျွန်တော် သူ့ကို မေးလိုက်တယ်။ ဟိုတယ်မှာ ခဏနေပြီး စိတ်မသက်သာတာနဲ့ လိုက်ရှာရင်း ဒါကို တွေ့တာတဲ့။ ညက မှောင်လွန်းလို့ သတိအန္တရာယ်ရှိသည်၊ အဆိပ်ရှိသော စွန့်ပစ်ပစ္စည်းများ ရှိသည်၊ မဝင်ပါနှင့် ဆိုတဲ့ ဆိုင်းဘုတ်တွေကို ကျွန်တော် မမြင်ခဲ့ဘူး။ ကျွန်တော် ဆိုင်းဘုတ်ကို ဖတ်မလို့ ရပ်လိုက်တဲ့အခါ ဖရန့်ခ်က ပေါ်လီကလိုရီနိတ်တက် ဘိုင် ဖီနိုင်း (ပီစီဘီ) လို့ ပြောလိုက်တယ်။

“ဒီမှာ အစက ပီစီဘီ သုံးပြီး စက္ကူလုပ်တဲ့ စက်ရုံတစ်ခု ရှိခဲ့ဖူးတယ်၊ ပီစီဘီဟာ ကျန်းမာရေးအတွက် အန္တရာယ်ကြီးတယ်လို့ သိပြီးနောက်ပိုင်း ဒီ နေရာတစ်ခုလုံးကို အာဏာပိုင်တွေက ပိတ်ပစ်လိုက်တယ်။ တကယ်တော့ ပီစီဘီကို လောင်ကျွမ်းမှု မဖြစ်မချင်း အထဲက အဆိပ်မာတ်ဖြစ်တဲ့ ဒိုင်အိုဆင်က ထွက်မလာဘူး၊ ဒါကို မသိတော့ ဒီရပ်ကွက် တစ်ခုလုံးကို နှင်လွှတ်လိုက်တာပဲ၊ ဒီထက် ကောင်းတဲ့ ပုန်းစရာနေရာ မရှိတော့ဘူး”

သူ ဒါတွေ ဘယ်ကသိလဲဆိုတော့ အင်္ဂလိပ်စကားကို ဗြိတိသျှလေသံနဲ့ ပြောတတ်တဲ့ အိမ်ခြေမဲ့တစ်ယောက်ဆီက သိခဲ့တာတဲ့၊ မီးရှို့သတ်ခံရတဲ့ အိမ်ခြေမဲ့လားလို့ မမေးတော့ပါဘူး။

ဖရန့်ခ်ဟာ တက်ဆီးဒိုး ဝတ်စုံပေါ်ကနေ အနီရောင် မာဖလာကို ပတ်တယ်။ ခပ်သေးသေး ဒက်ဖယ်လ်အိတ်ကလေး တစ်လုံး ဆွဲလာတယ်။ ကျွန်တော်တို့ ရိုးရိုးဂီး ဘူတာနား ရောက်လာပြီ။ မြင်သမျှလူ အားလုံးက ကျွန်တော်တို့ကို နှစ်သစ်ကူးအကြိုညေ ပါတီအတွက် ချီတက်နေကြတယ်လို့ပဲ ထင်ကြမှာပဲ။

ဘူတာရုံရှေ့က ဆိုဘ ဆိုင်ကို ကျွန်တော် ဖရန့်ခ်ကို ခေါ်လာလိုက်တယ်။ နှစ်သစ်ကူးအကြိုညမှာ ဆိုဘ ခေါက်ဆွဲ စားရတာဟာ ရိုးရာဓလေ့ပဲလို့ ပြောလိုက်တယ်။ ကျွန်တော် ဆာလှပြီ၊ ကျွန်တော်က ဟာရင်း ဆိုဘ အရည်ဖျော်မှာတယ်၊ ဖရန့်ခ်က ဇာရု ဆိုဘ ခေါက်ဆွဲအေး မှာတယ်။ စားပွဲတွေမှာတော့ ကောလိပ်ကျောင်းသားတွေ စားသောက် စကားပြောနေကြတယ်။ ဘယ်သူမှ ကျွန်တော်တို့ကို အရေးမလုပ်ပါဘူး၊ ဖရန့်ခ်ရဲ့ တက်ဆီးဒိုးဟာ အပေါစားလား၊ သူ့မာဖလာကလည်း ကက်ရှ်မီးယား မာဖလာ မဟုတ်ဘဲ အတုလား ဆိုတာ သိစရာ မလိုပါဘူး။ ကျွန်တော့်ဝတ်စုံကတော့ တွန့်ကြေ နွမ်းလျနေတာပဲ၊ မအိပ်ခင်တုန်းကလို သန့်သန့်ရှင်းရှင်း ဘယ်ဟုတ်ပါ့မလဲ။ သေချာကြည့်ရင် ကျွန်တော်တို့ဟာ သံသယဖြစ်စရာတွေ ဆိုတာ မြင်နိုင်မှာ ဖြစ်ပေမယ့် ကျောင်းသားတွေက ကျွန်တော်တို့ကို ဘယ်သူမှ ဂရုမစိုက်ဘူး။ ဖရန့်ခ်ဟာ ဒီလောက်များတဲ့ လူသတ်မှုတွေအတွက် တစ်ခါမှ အဖမ်းမခံရဘဲ ဘယ်လို စီမံနိုင်သလဲ ဆိုတာကို ခု ကျွန်တော် သဘောပေါက်စ ပြုလာပါပြီ။ ခုချိန်ကာလမှာတော့ ဘယ်သူကမှ တစိမ်းတစ်ရံဆံဆိုပီး ဂရုစိုက်နေမှာ မဟုတ်ဘူး။ အမေရိ

ကန်မှာလည်း ဒီလိုပဲ နေမယ်၊ ကျွန်တော်ထင်တာ ဟုတ်လားလို့ ဖရန့်ခ်ကို မေးကြည့်တယ်။ အနည်းဆုံးတော့ မြို့ကြီးတွေမှာ ဒီအတိုင်းပဲလို့ သူ ဖြေတယ်။

ဒီစားသောက်ဆိုင်မှာ ခက်ရင်း မရှိဘူး။ ဖရန့်ခ် စားသောက်တဲ့ နည်းလမ်းအတွက် တူတွေက ဘယ်လိုလုပ် မြန်ဆန်အောင် လုပ်ပေးနိုင်ပါ့မလဲ။ သူ့ခေါက်ဆွဲတွေဟာ ခြောက်သွေ့ ပွထပြီး အားလုံးကုန်အောင်စားဖို့ တစ်နာရီကျော် ကြာတယ်။ သူ စားပြီးချိန်မှာ မှောင်စပျိုးနေပြီ။ စားသောက်ဆိုင်လေးက လူများပြီး ဝန်ထမ်းနည်းတော့ စားသောက်ပြီးချိန်မှာ ပိုင်ရှင် အဘိုးကြီးကို ကျွန်တော် သွားတောင်းပန်တယ်။ သူက ရယ်ပြီး ဂိုင်ဂျင်ဟာ ဂိုင်ဂျင်ပဲလေကွယ် လို့ ပြောရှာတယ်။ ခေါက်ဆွဲဆိုင်မှာ ဖရန့်ခ်လို လူမျိုးနဲ့ ဘာမှမဖြစ်သလို၊ သာမန်စားသုံးသူတွေလို ထိုင်စားနေရတာ တကယ်တစ်မျိုးကြီးပဲ။ မနေ့ညကတင် အစုလိုက်အပြုံလိုက် လူသတ်မှုကြီးကို အနီးကပ် တွေ့ခဲ့ပြီး ဒီနေ့ ဘာမှမဖြစ်သလို ထိုင်စားသောက်နေရတဲ့အတွက် လူသတ်မှုဟာ တကယ် မဟုတ်ခဲ့သလိုပဲ။ ဒါပေမဲ့ နားရွက်တွေ ပြတ်ကျ၊ လည်ပင်းဟက်တက်ပွင့်သွားတဲ့ မြင်ကွင်းတွေကို မေ့လို့ရရိုးလား၊ ကျွန်တော်နဲ့ ဖရန့်ခ် နှစ်ယောက်တည်းကို အမြွေးပါးတစ်ခုနဲ့ ရစ်ပတ်နှောင်ဖွဲ့ ထားသလိုလို၊ တကယ့်အရှိတရားကနေ ဝုန်းခနဲ အက်ကွဲကြောင်းကြီး ပေါ်လာပြီး ကျွန်တော်တို့ နှစ်ယောက်တည်း အောက်ပြုတ်ကျ သွားသလိုလို။

ဖရန့်ခ် ဆိုဘကို စားနေတုန်း ကျွန်တော် သူများ ထားခဲ့တဲ့ ညနေခင်းသတင်းစာကို တစ်လက်မ မကျန် ဖတ်လိုက်တယ်။ မြားနတ်မောင်ကလပ် လူသတ်မှု ဆိုတာ ဘယ်နေရာမှ ဖော်ပြမထားဘူး။ စိတ်သက်သာရာ ရသွားတယ်။ အံ့တော့ မအံ့သြပါဘူး။ သံပန်းတံခါး ပိတ်ထားတာမြင်ရင် ပိတ်ရက်အနားယူဖို့ ဆိုင်ပိတ်တယ်လို့ပဲ ထင်ကြမယ်။ မန်နေဂျာရဲ့ မိသားစုတောင် တစ်ခုခုကိစ္စရှိလို့ပဲ နေမှာဆိုပြီး ရဲကို ချက်ချင်း အကြောင်းကြားမှာ မဟုတ်ဘူး။ အလောင်းတွေကို ရက်တော်တော်ကြာတဲ့အထိ ရှာတွေ့မှာ မဟုတ်ဘူး။ လူသေအလောင်း တစ်လောင်းဟာ ဘယ်လောက်ကြာရင် ပုပ်သိုးတဲ့ အခြေအနေရောက်လဲ မသိဘူး။ ဒီဇင်ဘာအအေးဓာတ်က ပုပ်တာကို နှောင့်နှေးစေမလား။

ဖရန့်ခ်ဟာ ခေါက်ဆွဲကို တူနဲ့ ခက်ခက်ခဲခဲ ညှပ်ရင်း ဘာဖြစ်လို့ နှစ်သစ်ကူးအကြိုညမှာ ဒါကို စားကြရတာလဲလို့ မေးနေတယ်။ ဂျူခေါက်ဆွဲ အရှည်ကြီးတွေဟာ အသက်ရှည်တဲ့ ဘဝကို သင်္ကေတပြုတဲ့အနေနဲ့ စားကြတာလို့

ရှင်းပြလိုက်တယ်။ စစချင်း ခေါက်ဆွဲသားက ချော်ထွက်နေတော့ ညှပ်မရဘူး၊ နောက်ပိုင်း ပွလာတဲ့အခါ ညှပ်ဖို့လွယ်လာတယ်။ အရသာတော့ လျော့သွားတာပေါ့။ ဖရန့်ခ်အကြောင်း ဘာမှမသိတဲ့ လူကတော့ သူ ကကျိုးကကြောင်နဲ့ တူကိုကိုင်ပြီး ခေါက်ဆွဲကို ညှပ်နေတာကို ကြည့်ရင်း ရယ်ချင်မြူးချင် ဖြစ်နေမှာပဲ။ ကျွန်တော်ကတော့ ရယ်လည်း မရယ်ချင် မြူးလည်း မမြူးပါဘူး။

“ဒါဆို ဒီ ဆိုဘကို စားရင် မသေတော့ဘူးလို့ ရှေးခေတ် ဂျပန်တွေက ထင်ကြတာလား ”

သူ ဒါကို တကယ့် အလေးအနက် မေးနေတယ် ဆိုတာ ကျွန်တော်သိတယ်။

“မသေဘူးလို့ ထင်တာ မဟုတ်ပါဘူး။ အသက်ရှည်မယ်လို့ ထင်တာပါ”

လို့ ရှင်းပြလိုက်တော့ ဖရန့်ခ်က ပခုံးတွန့်ရင်း ခေါင်းယမ်းနေတယ်။ သူ တစ်ခုခုတော့ သိသွားတယ်ဆိုတာ ကျွန်တော် သိတယ်။ အသက်ရှည်တယ် ဆိုတာ မသေတာနဲ့ အတူတူပဲလို့ ထင်စရာပဲ။ ဒါပေမဲ့ ဒီတိုင်းပြည်မှာတော့ အသက်ရှည်တယ် ဆိုတာနဲ့ သေခြင်းကို ရွှေ့ဆိုင်းထားတယ် ဆိုတာဟာ ကွဲပြားတယ်။ ဘယ်လိုဖြစ်ဖြစ် အဲဒီ အသက်ရှည်ရှည် နေချင်တဲ့ ဂျပန်ကြီးတွေဟာ ဖရန့်ခ်လို အပြင်လူတစ်ယောက် ဝုန်းခနဲ ဝင်လာပြီး သူတို့အသက်တွေကို နုတ်ယူသွားနိုင်တယ် ဆိုတဲ့ ဖြစ်တန်စွမ်းကို ဘယ်စဉ်းစားထားပါ့မလဲ။

ခု ဖရန့်ခ်ဟာ အေးပြီး ပွနေတဲ့ ဆိုဘ ခေါက်ဆွဲကို တူနဲ့ ဖြတ်ချနေခဲ့ပြီလေ။

※

ယာမာနိုတီ ရထားလိုင်းကို ယော့ဆူယ အထိ စီးခဲ့ကြတယ်။ ပြီးတော့ မြေအောက်ထပ်ဆင်း၊ ဂင်ဇာထိ စီး၊ ဂင်ဇာဘူတာဟာ လူတွေ ကျပ်ခဲနေတာပဲ။ လူအုပ်ကြီးအလယ်မှာ တရွွေ့ရွွေ့ တိုးနေရတာကို ဖရန့်ခ်ဟာ ပျော်ပုံမရဘူး။ လူအုပ်ကြီးကို မကြိုက်ဘူးလားလို့ မေးတော့ သူက ကြောက်တာကွလို့ ဖြေရှာတယ်။

“လူတွေ အများကြီး တစ်နေရာတည်းကို ဦးတည် စုပြုံ တိုးဝှေ့နေတာဟာ ငါ့ကို တကယ် ကြောက်လန့်စေတယ်ကွ၊ အမြဲတမ်း အဲသလို ဖြစ်တယ်၊

အမြဲတမ်း တစ်ယောက်တည်း နေတာကို ကြိုက်တယ်လို့ ငါ မပြောပါဘူး။ ဒါပေမဲ့ တစ်ကိုယ်ရေ ပုဂ္ဂလိက လွတ်လပ်ခွင့်နဲ့ ပတ်သက်ရင် ငါ့မှာ သည်းခံနိုင်စွမ်း နည်းပါးတယ် ထင်တယ်”

ငါးဈေးနားက ဆူကီဂျီ ရပ်ကွက် လမ်းတစ်လမ်းထဲ ဝင်လာတဲ့အထိ ညနေခင်းအချိန်ပဲ ရှိသေးတယ်။ လူသွားလမ်း ပလက်ဖောင်းကလေးကနေ လှမ်းကြည့်လိုက်ရင် ဟွန်ဂန်-ဂျီ ဘုရားကျောင်းကို လှမ်းမြင်နေရတယ်။ ဖရန့်ခ်ကတော့ ဘုရားကျောင်းဟာ အစွန်လာမ် ဗလီနဲ့ တူတယ်လို့ ပြောတယ်။ ဖရန့်ခ်ဟာ သူ့ရဲ့ ဒက်ဖယ်လ် အိတ်ထဲက မိုးကာ မီးခိုးရောင်ကို ထုတ်ပြီး အိတ်ကို ဘူတာက အခပေးပြီး ပစ္စည်းသိမ်းတဲ့ ဗီရိုခန်းလေးထဲ ထည့်ခဲ့တယ်။ ခု အဲဒီ မိုးကာကို သူ ဝတ်ထားတယ်။ ဖြိတိသျှတွေ ဝတ်လေ့ရှိတဲ့ အရောင်မှိုင်းမှိုင်း မိုးကာမို့ ဒါဝတ်လိုက်တဲ့အခါ ဖရန့်ခ်ဟာ လူကြားထဲမှာ သူလိုကိုယ်လို ဖြစ်သွားတယ်။ ကာချီဒိုကို တံတားကို ဦးတည်နေတဲ့ လမ်းဟာ ကျယ်တယ်။ ဒါပေမဲ့ လမ်းမှာ ထွန်းထားတဲ့ မီးတွေက အရောင်မှိန်မှိန်လေးတွေ၊ ဈေးဆိုင်စားသောက်ဆိုင်တွေလည်း ကျိုးတိုးကျဲတဲပဲ။ ကားလည်း သိပ်မရှိလှဘူး။ ကျွန်တော် ဒီနေရာကို တစ်ခါမှ မရောက်ဖူးဘူး။ ဒီနေရာဟာ ရှီဘူယာတို့၊ ရှင်ဂျူကုတို့နဲ့ အင်မတန် ကွာခြားတဲ့ နေရာမျိုး။ ဖိတ်ဖိတ်တောက်နေတဲ့ ခေတ်ပေါ် စတိုးဆိုင်တွေနဲ့ သိပ်မဝေးလှတဲ့ ဒီနေရာမှာ အမိုးမလုံတလုံနဲ့ သစ်သားကုန်စုံဆိုင်လေးတွေ ရှိနေကြတယ်။ ငါးခြောက် လက်ကားဆိုင်တွေ တန်းစီနေတဲ့ လမ်းကျဉ်းလေးတွေရဲ့ ဟိုမှာဘက်မှာ မိုးထိတိုက်တွေ အစီအရီ။

ခေတ်ဟောင်းပုံစံ အမိုးခုံးတွေနဲ့ စတီးနဲ့ကျောက် အဓိကထားသုံးတည်ဆောက်ထားတဲ့ တံတားဟာ မြင်ကွင်းထဲ ပေါ်လာတယ်။ မီးရောင်စုံထိန်ညီးလို့ပဲ။ လှလိုက်တဲ့ တံတားလို့ ဖရန့်ခ်က ခပ်တိုးတိုးပြောတယ်။ တံတားရဲ့ ဘယ်ဘက်၊ မြစ်ကမ်းနဖူးမှာတော့ ဆူမီဒါ မြစ်ကမ်း အပန်းဖြေနေရာဆိုပြီး ပန်းခြံသေးသေးလေးတစ်ခု လုပ်ထားတယ်။ ပန်းခြံဝင်ပေါက်နားမှာ လေးထောင့်စပ်စပ် ကျောက်တုံး ဘောင်ကြီးတစ်ခု ရှိတယ်။ ရေပန်းလေးတစ်ခု တွဲလျက်ပေါ့။ ရာသီဥတုကြောင့်လား၊ အချိန်လွန်သွားလို့လား မသိ၊ ရေတော့ ထွက်မနေဘူး။ နှစ်သစ်ကူးခေါင်းလောင်းတွေ ထိုးဖို့အချိန် လိုသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ အဲဒီပန်းခြံထဲ လျှောက်လာပြီး ခုံတန်းလျားလေး တစ်ခုမှာ ထိုင်လိုက်ကြတယ်။ တံတားကို အသေအချာ မြင်ရတဲ့ နေရာပေါ့။ ဒီနေရာဟာ ဇွန့်အနေနဲ့ ထိုင်ကြည့်ဖို့ အကောင်းဆုံးနေရာပဲလို့ ကျွန်တော် တွေးနေ

တယ်။ တံတားပေါ်မှာ မီတာနည်းနည်းစီခြားပြီး မီးတိုင်လေးတွေ စိုက်ထား တယ်။ မီးရောင်ဝါဝါလေးတွေဟာ မြစ်ရေ မည်းနက်နက်ပေါ်မှာ ရောင်ပြန်ဟပ် လှိုင်းစီးနေကြတယ်။ ဆေးရုံပျက်ရဲ့ ကြမ်းပေါ်က ဖြူဖြဖြဲ မီးချောင်းအလင်းကို တစ်ညလုံး မြင်ခဲ့ရပြီးတဲ့နောက် ဆိုဘ ဆိုင်၊ ရထားနဲ့ ဒီမီးတိုင်လေးတွေကို ပြန် မြင်ရတာဟာ ကျွန်တော့်အဖို့တော့ ပျောက်ဆုံးသွားတဲ့ မိတ်ဆွေဟောင်းတွေ ကို ပြန်တွေ့ရသလိုပါပဲ။ ကျွန်တော်တို့နဲ့ မနီးမဝေး ရေစပ်နားမှာ ပြည်နယ်တွေ က ရောက်လာကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ လို့ ထင်ရတဲ့ အုပ်စုတစ်စု ဟာ မီးပုံလေးကို ဝိုင်းဖွဲ့ထိုင်ပြီး သောက်နေကြတယ်။ ပထမတော့ မီးပုံမှာ သူ တို့ စားစရာတစ်ခုခု ကင်နေပုံပဲ။ ဒါပေမဲ့ ရဲနှစ်ယောက် ရောက်လာပြီး မီးမဖိုဖို့ ပြောတယ်ထင်တယ်။ အဲဒီလူတွေကလည်း မဆိုင်းမတွ လိုက်နာပါတယ်။ ည ပိုင်း ရောက်လာတဲ့ အခါမတော့ ခိုတွေ အုပ်စုလိုက် ပျံလာကြတယ်။ ရေပေါ်မှာ ပေါ်နေတဲ့ ဖြူဖြူလေးတွေကတော့ ပင်လယ်စင်ရော်တွေလို့ ထင်တယ်။ ခေါင်းလောင်းထိုးသံ ကြားရဖို့ အကြာကြီး စောင့်ရလိမ့်ဦးမယ်လို့ ကျွန်တော် ဖ ရန့်ခ်ကို ပြောလိုက်တယ်။ သူက ဘိုးတိုင်ကို အနေအထားပြင်ရင်း စောင့်ရတာ အသားကျနေပါပြီလို့ ပြန်ပြောတယ်။

ညရောက်လာခဲ့ပြီ။ မြစ်ပြင်ပေါ်ကနေ ဖြတ်လာတဲ့ လေတစ်ချက် သုတ် လိုက်တယ်။ ပြီးခဲ့တဲ့ နှစ်ညကထက်စာရင် လေဟာ နွေးနေတယ်လို့ ပြောလို့ရ တယ်။ ဖရန့်ခ်က ရဲတွေနဲ့ ဟိုလူတွေ ဖြစ်နေပုံကို စောင့်ကြည့်နေတယ်။ ရဲတွေ က မီးမဖိုဖို့သာပြောတာ၊ ဝိုင်းဖွဲ့မသောက်ပါနဲ့လို့ မတားဘူး။ မီးငြိမ်းလိုက်တဲ့ အခါ ရဲတွေဟာ ဟိုလူတွေနဲ့ ဝိုင်းဖွဲ့ထိုင်ရင်း စကားကောင်းနေကြပုံပဲ။ ခင်ဗျား က ဘယ်ဇာတိလဲ၊ နှစ်သစ်ကူးမှာ အိမ်မပြန်ဘူးလား အစရှိသဖြင့် နေမှာပေါ့။ ဒီ လူတွေ ကြည့်ရတာ မြောက်ပိုင်းသားတွေ ဖြစ်လိမ့်မယ်။ သူတို့ ပြောနေတဲ့ အသံကို ကြားရတယ်။ ဒီနေ့ ရထားလက်မှတ်တွေ မရတော့ဘူးတဲ့။ ဒါကြောင့် တစ်ညလုံး အချိန်ဖြုန်းပြီး နက်ဖြန် မနက်မှာ အိမ်ပြန်ကြမှာတဲ့။

ပန်းခြံထဲမှာရော၊ တံတားပေါ်မှာပါ လူတွေ များလာခဲ့ပြီ။ များသောအားဖြင့်တော့ လူငယ်စုံတွဲတွေ၊ လူငယ်အုပ်စုတွေပါပဲ။ တချို့ အတွဲ တွေက ဓာတ်ပူးလေးတွေထဲက ကော်ဖီငှဲ့ သောက်၊ ဆန်းဒဝ့စ်ချစား။ တချို့ ကတော့ ဝေခဲမန်းကက်ဆက် နားကြပ်ကို တစ်ယောက်တစ်ဖက်တပ်ပြီး သီချင်း အတူတူနားထောင်။ တချို့က လှေတွေ၊ ဘုတ်တွေ ဖြတ်သွားတိုင်း လက်ပြန္နတ်ဆက်။ အသီးသီးအသက ပျော်စရာကို ရှာနေကြ။ ဒီလူတွေဟာ ဇွန်

နဲ့ ကျွန်တော် ဖတ်ကြတဲ့ မဂ္ဂဇင်းကို ဖတ်မိလို့ ရောက်လာကြတာပဲ ဆိုတာ ကျွန်တော် မှန်းဆမိတယ်။ ဒါနဲ့ ဇွန် ရောက်မလာသေးပါလားကွယ်။ ဖရန့်ခ်ဆီကို ဦးတည်ပြီး လျှောက်လာကြတယ်။

ရဲတွေဟာ ကျွန်တော်နဲ့ မြားနတ်မောင်ကလပ်က လူသေအလောင်းတွေ အကြောင်း ဘယ်သူမှ မသိတဲ့အတွက် ကျွန်တော်တို့ကို ဖမ်းဖို့ လာတာမဟုတ်ဘူး ဆိုတာ သေချာတယ်။ ဒါပေမဲ့လို့ အဓိကရုဏ်း နှိမ်နင်းရေးသုံး လက်ကိုင်တုတ် တစ်ယောက် တစ်ချောင်း ကိုင်ပြီး ယူနီဖောင်းကိုယ်စီနဲ့ လျှောက်လာတဲ့ ရဲနှစ်ယောက်ကို မြင်ရလို့ ဝမ်းမြောက်ဝမ်းသာ မရှိတာတော့ အမှန်ပဲ။ ဖရန့်ခ်ရဲ့ မျက်နှာကတော့ ဘာမှ မပြောင်းလဲဘူး။

“ကွန်းဘမ်ဝ”

အသက်ပိုကြီးပုံရတဲ့ ရဲဟာ ကျွန်တော်တို့ကို နှုတ်ဆက်တယ်။

“ကောင်းသော ညနေခင်းပါ”

ကျွန်တော်လည်း ပြန်နှုတ်ဆက်လိုက်တယ်။ ကျွန်တော့်ဘေးမှာ ထိုင်နေတဲ့ ဖရန့်ခ်က ခေါင်းကြီးကို ငုံ့ရင်း ဂျပန် ဦးညွှတ်သလို ညွှတ်ဖို့ ကြိုးစားနေတယ်။ ဒါ ယဉ်ကျေးလှတဲ့ အပြုအမူပါ၊ ငါဟာ အပြင်လူဖြစ်ပေမယ့် မင်းတို့ရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို လေးစားပါတယ်လို့ အမူအရာနဲ့ ပြောတာပေါ့။

“ဂိုင်ဂျင်စံ ဒဲဆု နဲ့၊ ဂျိုရာ-နို-ကာနဲ့ ဒဲဆူကာ”

“ဆိုး ဒဲဆု”

သူက နိုင်ငံခြားသား ဟုတ်ပါတယ်။ ကျွန်တော်တို့ နှစ်သစ်ကူး ခေါင်းလောင်းထိုးသံကို နားထောင်ဖို့ လာကြတာပါ။

ရဲက ဆက်ရှင်းပြတယ်။ ဒီည ဒီနေရာမှာ ဇရာမလူအုပ်ကြီး ရောက်လာမယ်လို့တော့ မထင်ဘူးတဲ့။ ဒါပေမဲ့ ခါးပိုက်နှိုက်တို့၊ သူခိုးတို့ကို သတိထားပါတဲ့။ ကျွန်တော် ဖရန့်ခ်ကို ဘာသာပြန်ပြလိုက်တယ်။ ဖရန့်ခ်က ခေါင်းကြီး တလှုပ်လှုပ်လုပ်ရင်း အရိုဂတို ဂိုဇိုင်းမတ်စု လို့ ပြောလိုက်တယ်။ ရဲနှစ်ယောက်က ပြုံးပြုံးကြီး ထွက်သွားကြတယ်။

လေတစ်ချက် သုတ်လိုက်တယ်။ ပြီးခဲ့တဲ့ နှစ်ညကထက်စာရင် လေဟာ နွေးနေတယ်လို့ ပြောလို့ရတယ်။ ဖရန့်ခ်က ရဲတွေနဲ့ ဟိုလူတွေ ဖြစ်နေပုံကို စောင့်ကြည့်နေတယ်။ ရဲတွေက မီးမဖိုဖို့သာ ပြောတာ၊ ဝိုင်းဖွဲ့ မသောက်ပါနဲ့လို့ မတားဘူး။

လူတွေတဖွဖွဲ့ ထပ်ရောက်လာတယ်။ ဒါကြောင့် ကျွန်တော်တို့ တံတားပေါ်တက်ပြီး နေရာကောင်းတစ်ခု ဦးနှိုင်ဖို့ လုပ်ရတယ်။ တံတားခြေရင်းမှာ ဂျပ်စက္ကူတွေပေါ် ထိုင်နေတဲ့ အိမ်ခြေရာခြေမဲ့ တစ်ယောက်ကို တွေ့တယ်။ သူ့ ပိုင်ဆိုင်မှုမှန်သမျှကို ကလေးထည့်တဲ့ လက်တွန်းလှည်းလေးတစ်ခုထဲ ထည့်ထားတယ်။ သူ့ဆီက အနံ့ဆိုးတွေ ဒီနားထိ ပျံ့လွင့်လာတယ်။ ကျွန်တော်တို့ သူ့ကို ရှောင်ကွင်းပြီး တံတားလက်ရန်းနားက ကပ်ပြီး တက်လာခဲ့တယ်။ နေရာယူပြီးတဲ့အခါ မြစ်ရယ်၊ ပန်းခြံလေးရယ်ကို ငေးရင်း ခေါင်းလောင်းသံကို စောင့်နေကြတယ်။

ဖရန့်ခ်က တွေတွေငေးငေးနဲ့ ပြောတယ်။

“ငါ စဉ်းစားနေတာက အဲဒီ အိမ်ခြေရာခြေမဲ့နဲ့ ငါနဲ့ ဆိုရင် ဘယ်သူ့ကို လူ့အဖွဲ့အစည်းရဲ့ အမှိုက်သရိုက်လို့ သတ်မှတ်မလဲပေါ့လေ”

လူတစ်ဦးတစ်ယောက်က လူ့အဖွဲ့အစည်းရဲ့ အမှိုက်သရိုက် ဖြစ်နိုင်တယ်လို့ ခင်ဗျားက တကယ်ပဲ တွေးတယ်လားလို့ ကျွန်တော် သူ့ကို မေးလိုက်တယ်။

“ဖြစ်နိုင်တာပေါ့”

ဖရန့်ခ်က အိမ်ခြေရာခြေမဲ့ကို စိုက်ကြည့်နေတုန်းပဲ။

“ငါက သူ့ထက် ပိုပြီး လူ့အမှိုက်ဖြစ်တာ သေချာတယ်၊ ငါက ဗိုင်းရပ်စ်လိုပဲကွ၊ ဗိုင်းရပ်စ်တွေထဲမှာ အနည်းစုကပဲ လူကို ရောဂါဖြစ်စေတယ် ဆိုတာ မင်း သိလား၊ ဗိုင်းရပ်စ် ဘယ်နှစ်မျိုးလောက် ရှိသလဲ ဆိုတာ ဘယ်သူမှ မသိဘူး။ ဒါပေမဲ့လို့ ဗိုင်းရပ်စ်ရဲ့ တကယ့် အခန်းကဏ္ဍဟာ မျိုးရိုးဗီဇမှာ မူကွဲတွေ ဖြစ်စေပြီး ကွဲပြားခြားနားတဲ့ သက်ရှိမျိုးတွေကို ဖြစ်စေတာကွ၊ ဒါနဲ့ ပတ်သက်လို့ ငါ စာအုပ်တွေ အများကြီး ဖတ်ခဲ့တယ်။ အိပ်စရာ သိပ်မလိုတဲ့ လူတစ်ယောက်မှာ စာဖတ်ဖို့ အချိန်တွေ အများကြီး ရှိတယ်လေ၊ ငါ ဒါတွေ ဖတ်ပြီး သိလာရတာကတော့ ဗိုင်းရပ်စ်ကြောင့်သာ မဟုတ်ရင် ဒီဂြိုဟ်ပေါ်မှာ လူသားဆိုတာ

ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ ဗိုင်းရပ်စ်တွေဟာ ဒီအန်အေထဲ ဝင်ပြီး မျိုးရိုးဗီဇကုတ်ကို ပြောင်းလဲပစ်နိုင်တာ မင်း သိလား၊ အိတ်ခ်ျအိုင်ဗွီ ဗိုင်းရပ်စ် ဟာ ခု။သေမင်းတမန်ဆိုပြီး သေမတတ် ကြောက်နေကြပေမယ့် နောင်တစ်ချိန် မှာ လူသားမျိုးဆက် ဆက်လက် ဗီဇပြောင်းလဲ ရှင်သန်နိုင်အောင် မျိုးရိုးဗီဇကုဒ် ပြောင်းလဲခြင်း ကနဦးအဆင့်ကို လုပ်ပေးနေတာလားဆိုတာ ဘယ်သူသိနိုင်မ လဲ၊ ငါကတော့ လူသတ်မှုတွေ ဆက်တိုက်ကျူးလွန်၊ လူတွေကို စောက်ကျိုး နည်း ကြောက်အောင်လုပ်၊ အရာရာကို သူတို့ ပြန်စဉ်းစား သုံးသပ်ဖြစ်အောင် တွန်းပို့ခဲ့တယ် ဆိုတော့ ငါက ဗိုင်းရပ်စ် ဝါရင့်လိုမျိုးပေါ့၊ ဒီကမ္ဘာလောကမှာ လူသားမျိုးစိတ် ရှင်သန်နိုင်ဖို့ ငါဟာ အဓိကအခန်းကဏ္ဍက ပါတယ်လို့ ထင် တယ်။ ဒါပေမဲ့ အဲဒီလူကို လူတွေက နှစ်သက်ကြသလား”

ဖရန့်ခ်ဟာ အိမ်ခြေရာခြေမဲ့ကို အကြည့်မလွဲဘူး။ တံတားပေါ်မှာ လူတွေ များလာပေမယ့် သူ့နားတော့ ဘယ်သူမှ မကပ်ကြတဲ့အတွက် သူ့အတွက်က နေရာအကျယ်ကြီးရယ်။ ဖရန့်ခ်က ဆက်ပြောတယ်။

“သူ့လိုလူမျိုးတွေဟာ ဘဝကို လက်မြှောက်အရှုံးပေးတာတော့ မဟုတ် ဘူးကွ၊ လူတွေနဲ့ ပေါင်းသင်းဆက်ဆံခြင်း ဆိုတာကို လက်မြှောက် အရှုံးပေး လိုက်တာ။ ဆင်းရဲတဲ့ တိုင်းပြည်တွေမှာ ဒုက္ခသည်တွေ ရှိနိုင်တယ်၊ စစ်ဘေး ရှောင်တွေ ရှိနိုင်တယ်၊ ဒါပေမဲ့ အိမ်ခြေရာခြေမဲ့ကတော့ ရှားတယ်။ ငါတို့ လူ့အဖွဲ့အစည်းမှာ အိမ်ခြေရာခြေမဲ့ ဆိုတာ အလွယ်ဆုံး ဘဝပဲ။ လူ့အဖွဲ့အစည်းကို စွန့်လွှတ်လိုက်ရင်၊ လူ့အဖွဲ့အစည်းရဲ့ စည်းအပြင်က လူအ ဖြစ် နေရုံပေါ့၊ အားလုံးကို အဆက်ဖြတ်ပြီး တောထဲ သွားနေစရာ မလိုဘူး မဟုတ်လား၊ ဒါပေမဲ့ အန္တရာယ်အချို့တော့ ရှိတာပေါ့၊ ငါလည်း အဲသလို ကောင် တွေကို အန္တရာယ်ပြုဖူးလှပြီ။ ဒါပေမဲ့ လူတွေက ဒီလိုဟာမျိုးတွေကို ရာဇဝတ်မှု ကျူးလွန်မယ်လို့ မထင်ဘူး၊ အန္တရာယ်မပေးမယ့် လူတွေလို့ သဘောထားတယ်၊ ကြိုက်ကြတယ်၊ ဒါပေမဲ့ ဒီလူတွေဟာ လူ့အဖွဲ့အစည်း ဆုတ်ယုတ်မှုရဲ့ သင်္ကေတပဲ၊ ငါကတော့ သူတို့ကို ဒီလိုပဲ ခေါ်ချင်တယ်။ ငါ သူ့တို့ကို ဘဝ နိဂုံးချုပ်ပေးတယ်၊ ငါ့တစ်သက်လုံး စိုက်လိုက်မတ်တတ် လုပ်တဲ့ အလုပ်ပေါ့”

ဖရန့်ခ်ဟာ ကျွန်တော် သူ ပြောတာကို တစ်လုံးမကျန် နားလည်စေဖို့ ဖြည်းဖြည်းချင်း ပြောနေတယ်။ သူ့စကားတွေဟာ သဘောကျစရာ ကောင်း တယ်။ သူ ဒီလိုပြောတိုင်း သူပြောတာကို တွန်းလှန်နိုင်ဖို့ ခဲယဉ်းပေမယ့် ကျွန်

တော့် တစ်စိတ်တစ်ပိုင်းကတော့ သူပြောတာကို လက်မခံနိုင်ဘူး။ ခြေတွေ လက်တွေ၊ ခေါင်းတွေ တစ်စစီ လှီးဖြတ်ခံရတဲ့ အထက်တန်း ကျောင်းသူလေး ကရော လူ့အဖွဲ့အစည်း ဆုတ်ယုတ် ပျက်သုဉ်းမှုရဲ့ သင်္ကေတပဲလားလို့ မေး လိုက်ချင်တာ။ ဒါပေမဲ့ မေးဖို့ အားမရှိပါဘူး။

ဖရန့်ခ်ဟာ ပန်းခြံလေးဘက် လှည့်လိုက်တယ်။ ဟာ... ဟိုမှာ ရောက် နေပါပြီဗျာ တဲ့။ အလို- အမယ်လေး။

ဇွန်ဟာ ပန်းခြံထဲက ခုံတန်းလေးမှာ ထိုင်နေပြီ။ ကျွန်တော်တို့ ဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်၊ အကြည့်ပြန်လွှဲလိုက်၊ သူ့ခေါင်းကို ငုံ့ပြီး ခြေထောက်တွေကို ငုံ့ကြည့်လိုက်နဲ့ ဂဏာမငြိမ်ဘူး။ ဘာလုပ်ရမှန်းမသိ ဖြစ်နေ တာနေမယ်။ ဒီကိုလာပြီး ကျွန်တော်တို့ကို စောင့်ကြည့်နေဖို့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်ပြီး ပြောခဲ့မိ၊ စီစဉ်ခဲ့မိတာကို ခု ကျွန်တော် အကြီးအကျယ် နောင်တရနေမိတယ်။ ဖရန့်ခ်က ဇွန့်ကို သိနေတာကိုး။ ဒါကို ကျွန်တော် အစ ကတည်းက သိထားသင့်တာပေါ့။ သူ ကျွန်တော့် တိုက်ခန်းကို ရှာနိုင်၊ အခန်း တံခါးမှာ လူ့အရေပြားစလေး လာကပ်ထားနိုင်ရင် ဇွန့်ကို သိနေဖို့ဆိုတာ ဘယ်လောက်များ ခက်လို့လဲ။ ဇွန့်လို အပြစ်ကင်းစင်လှတဲ့ ကလေးသာသာ လေးကို ဒီမိစ္ဆာကောင်ကြီးနဲ့ နီးနီးနားနားနေရာထိ ရောက်လာခွင့် မပေးသင့် ဘူး။ ဇွန့်ကို ကြည့်နေရင်း ကျွန်တော် ရင်ထဲ ဆို့နေတယ်။ ဒီကိစ္စကို ကိုယ့် ဘာသာကိုယ် ဖြေရှင်းရမှာလေ။ ဘယ်လိုဖြစ်နေနေ ကိုယ့်ဘာသာကိုယ် ဖြေ ရှင်းရမှာ။ ဇွန့်ကို ဆွဲထည့်ရမှာ မဟုတ်ဘူး။ ကျွန်တော် ရဲတွေကို ကျီးကန်း တောင်းမှောက် ရှာတယ်။ ကျွန်တော် ဇွန့်ကို ကာကွယ်ရမယ်။ အဲဒီအချိန်မှာ စိတ်ထဲ ဒီအတွေးတစ်ခုပဲရှိလို့ ကျွန်တော့် ခံစားမှုတွေဟာ ဖရန့်ခ်နဲ့ လုံးဝ ပြတ် တောက်သွားခဲ့တယ်။ ကျိန်စာဆိုးတစ်ခုကနေ ရုတ်တရက် လွတ်သွားသလိုပဲ။ ခုနက ဖရန့်ခ်ပြောခဲ့ပြီး ကျွန်တော် လက်မခံနိုင်ခဲ့တဲ့ စကားက ဘာပါလိမ့်။ စဉ်းစား မရတော့ဘူး။ ဘယ်သူကများ သူ့ကို တရားစီရင်ဖို့ တရားသူကြီး၊ ဂျူရီလူကြီးအဖြစ် ခန့်ထားလို့လဲ။ လူ့လောကရဲ့ ဆုတ်ယုတ်မှုသင်္ကေတ ဆိုတာ ရှိစေဦးတော့၊ ဒါဟာ အိမ်ခြေရာခြေမဲ့တွေပဲ ဆိုတာ သူက ဘာ အထောက်အထားနဲ့ ပြောတာလဲ။

“ငါ သိတယ် ခန်းကျီး”

နှလုံးခုန်ရပ်သွားသလိုပဲ။ သူ သိတယ် ဆိုပါလား။ ဘာကိုများ... ။

“တစ်ခါတလေ လူတွေ ဘာစဉ်းစားနေလဲ ဆိုတာကို ငါသိနေတယ်။ အမြဲတမ်းတော့ မဟုတ်ပါဘူး။ တစ်ချိန်လုံး သိနေခဲ့ရင်လည်း ငါ သွက်သွက်ခါ သွားမှာပေါ့၊ ဒါပေမဲ့ လူသတ်နေတဲ့ အချိန်မှာတော့ ငါ့ အာရုံခံစားမှု အားလုံး ဟာ ပွင့်ထွက်ပြီး ဓားသွားလို ထက်မြက်နေတတ်တယ်။ အဲဒီထဲကို လုံးဝ နစ်မြုပ်နေတယ်လို့ ပြောချင်ပြော၊ လူသတ်အာရုံဟာ တည်လွန်းလို့ လူတွေ ထုတ်လွှတ်တဲ့ အချက်ပြ သင်္ကေတလေးတွေကိုတောင် ငါသိနေတယ်။ သူတို့ ဦးနှောက်ထဲ သွေးလည်ပတ်မှုကနေ ထွက်ပေါ်လာတဲ့ မသိစိတ် အချက်ပြ သင်္ကေတလေးတွေ၊ ဦးနှောက်သွေးလည်ပတ်မှု အားနည်းခြင်းဟာ လူ့လောက ဆုတ်ယုတ်ခြင်းရဲ့ သင်္ကေတတစ်ခုပဲ။ အဲဒီလိုဖြစ်တဲ့ လူတွေဆီကနေ ကျုပ်ကို ကျေးဇူးပြုပြီး သတ်ပေးပါ ဆိုတဲ့ အချက်ပြတာကို ငါသိတယ်၊ ခန်းဂျီးရေ၊ မင်း ဟာ ငါ့အတွက် ဂျပန်မှာသာမက တစ်လောကလုံးမှာပါ တစ်ဦးတည်းသော မိတ်ဆွေစစ်ပါကွာ၊ ကဲ မင်း ကောင်မလေးဆီ သွားတော့၊ ငါ့ကို ဒီခေါ်လာတဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ ငါ မင်းကို ဒီထက်ပိုပြီး ဆွဲမထားတော့ဘူး၊ ခေါင်းလောင်းသံကို ငါ့တစ်ယောက်တည်း တစ်နေရာရာမှာ သွားနားထောင် တော့မယ်ကွာ”

ဖရန့်ခ်ဟာ ဇွန့်ဆီ မေးငေါ့ပြပြီး ကျွန်တော့်ကို ပြောနေတယ်။ ကျွန်တော် သူ့နားက ထွက်သွားဖို့ ဟန်ပြင်လိုက်တဲ့အခါ သူက ကျွန်တော့် ပခုံးပေါ် လက်တင်ရင်း-

“ငါ ဒါလေး ပေးမလို့ မေ့တော့မလို့”

လို့ ပြောပြီး စာအိတ်တစ်အိတ် ကမ်းပေးတယ်။

“ဒါ ငါ့လက်ဆောင်ပါ၊ ငါ့အတွက် ပိုက်ဆံ ပစ္စည်းဥစ္စာ အရာအားလုံးထက် ပိုပြီး တန်ဖိုးရှိတဲ့ အရာပါ၊ ငါ မင်းကို ယူစေချင်တယ်”

ကျွန်တော် စာအိတ်ကို လှမ်းယူလိုက်တဲ့အခါ သူက ဆက်ပြောတယ်။

“ငါတို့ နှစ်ယောက် အတူတူလုပ်ဖို့ ငါ မျှော်လင့်ထားတဲ့ ကိစ္စတစ်ခုပဲ ကျန်ပါတော့တယ်။ ငါ မင်းနဲ့အတူ မီဆိုဟင်းချို သောက်ကြည့်ချင်တာပါ၊ ဒါပေမဲ့ ခုတော့ နောက်ကျသွားပြီ။ ငါတို့ ဘယ်တော့မှ ထပ်မတွေ့တော့ဘူး ကွာ”

“ဘယ်လို၊ မီဆိုဟင်းချို၊ ဟုတ်လား”

“ဟုတ်တယ်၊ ငါ မီဆို ဟင်းချိုကို တကယ် စိတ်ဝင်စားတာ၊ ဟိုးတစ်ခါ တုန်းက... ကြာခဲ့ပါပြီ... ကိုလိုရာဒိုက ဆူရှီဘား သေးသေးလေး တစ်ခုမှာ ငါ မီဆိုဟင်းချို မှာခဲ့ဖူးတယ်။ ငါ မျှော်လင့်ထားသလို မဟုတ်ဘူး၊ အနံ့ရော၊ အရောင်ရော၊ ပါဝင်ပစ္စည်းတွေရော၊ ဒါကြောင့် ငါမစားခဲ့ဘူး၊ ဒါပေမဲ့ မီဆိုဟင်းချိုဟာ ငါ့ စပ်စုချင်စိတ်တွေကို ဆွပေးခဲ့တယ်။ အရောင်က ရယ်ချင်စရာ နောက်ကျိကျိ ညိုတိုတို၊ အနံ့က လူ့ချွေးနံ့မျိုး၊ ဒါပေမဲ့ အရမ်းကို အနုစိတ်ပြီး အသေးစိတ် ချက်ပြုတ်တည်ခင်း ထားသလိုပဲ၊ ဒီတိုင်းပြည်ကို ငါ ရောက်လာခဲ့တဲ့အခါ လူတွေ နေ့တိုင်း ဒီဟင်းချိုကို ဘာဖြစ်လို့ စားသောက်နေကြလဲ ဆိုတာ စူးစမ်းချင်စိတ်လည်း ပါတာပေါ့ ၊ ငါတို့နှစ်ယောက် မီဆိုဟင်းချို အတူတူ မစားဖြစ်တာတော့ စိတ်သိပ်မကောင်းလှဘူးပေါ့ကွာ”

သူ အမေရိကန် ပြန်တော့မှာလားလို့ မေးလိုက်တယ်။ ချက်ချင်း မပြန်သေးပါဘူးတဲ့။ ဒါဆိုလည်း တစ်ချိန်ချိန် မီဆိုဟင်းချို အတူတူ စားသောက်လို့ ရသေးတာပေါ့၊ ဂျပန်စားသောက်ဆိုင်တိုင်းမှာ၊ စတိုးဆိုင်တိုင်းမှာ မီဆိုဟင်းချို ရနိုင်တယ်လေလို့ ပြောတဲ့အခါ ရပါတယ်လို့ ပြုံးပြီး ပြောတယ်။ သူ့မျက်နှာကြီး တစ်ခုလုံး တွန့်တက်သွားတဲ့ သူ့ရဲ့ မူပိုင်အပြုံးနဲ့ပေါ့။

“ခု ငါ မီဆိုဟင်းချို သောက်ဖို့ မလိုတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ ဒီရောက်နေပြီ၊ ဟင်းချိုထဲမှာပေါ့၊ ကိုလိုရာဒိုမှာ မှာသောက်ခဲ့တဲ့ ဟင်းချိုထဲမှာ ဟင်းသီးဟင်းရွက်လေးတွေနဲ့ တခြားဟာတွေ အမည်စုံ ပါတယ်၊ အဲဒီတုန်းကတော့ မီဆိုဟင်းချိုဆိုတာ စားစရာသောက်စရာ တစ်ခုလောက်ပဲ၊ ခုတော့ ငါကိုယ်တိုင် မီဆိုဟင်းချိုထဲ ရောက်နေပြီ၊ ဟင်းသီးဟင်းရွက် အမည်လေးတွေလိုပေါ့၊ ပန်းကန်လုံးထဲ ပေါလောမျောနေခဲ့ပြီလေ၊ ဒါ ငါ့အတွက် ကောင်းပါတယ်ကွာ”

ဖရန့်ခ်နဲ့ကျွန်တော် လက်ဆွဲနှုတ်ဆက်ကြတယ်။ ကျွန်တော် ဇွန် ထိုင်နေတဲ့ ပန်းခြံဘက် လှည့်ပြီး လျှောက်လိုက်တယ်။ တစ်ကိုယ်လုံး တင်းကျပ် မာခဲနေတာပဲ။ ဇွန်ဟာ ဖရန့်ခ်ကို ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်နဲ့ စိတ်ရှုပ်နေရှာတယ်။ နှစ်သစ်ကူး ခေါင်းလောင်းသံတွေက ခုထိ မကြားရသေးဘူး။ သူ့ကို ပြောထားတဲ့ ဇာတ်ညွှန်းအတိုင်း မဟုတ်တော့ဘဲ ရုတ်တရက် ပြောင်းလဲသွားတဲ့အတွက် သူ ဘာလုပ်ရမှန်း မသိဘူး။ သူက တံတားကို လက်ညှိုးထိုးပြ

တယ်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ ဖရန့်ခ် မရှိတော့ဘူး။ ဖရန့်ခ် ဘယ် ရောက်သွားလဲဆိုတာ သူလည်း မသိဘူးဆိုတဲ့သဘော ဇွန်က ခေါင်းလေးခါပြ တယ်။

မီးတိုင်တစ်ခုအောက်မှာ စာအိတ်ကို ကျွန်တော် ဖောက်လိုက်တယ်။ စာအိတ်ကို ဖရန့်ခ်နဲ့ ကျွန်တော် အတူရိုက်ခဲ့တဲ့ စတစ်ကာ ဓာတ်ပုံ ခုနစ်ခုနဲ့ တန်းစီ ပိတ်ထားတာ။ အဲဒီတုန်းက ဘာဆိုဘာမှ မသိသေးတဲ့ ကျွန်တော်က စိတ်ညစ်နေတဲ့ရုပ်နဲ့၊ ကျွန်တော်နဲ့ ပါးချင်းအပ်ထားတဲ့ ဖရန့်က အမျိုးအမည် ခွဲခြားခြင်းငှာ မစွမ်းသာတဲ့ မျက်နှာပေးနဲ့။ စာအိတ်ထဲမှာတော့ ပေကျံညစ်ပတ် ပြီး မီးခိုးရောင်သန်းနေတဲ့ ငှက်တောင်မွေးလေး တစ်ခု။

“အဲဒါ ဘာလဲဟင်”

ဇွန်က ကျွန်တော့်ကို မှီနွဲ့ရင်း မေးလိုက်တယ်။

“ငန်းတစ်ကောင်ရဲ့ ငှက်တောင်မွေးပါ”

လို့ ကျွန်တော် ဖြေလိုက်မိတယ်။

❑

**စာစရက်။ ။ ၁၂၊ ၄၊ ၂၀၁၉**

**စာပြီးရက်။ ။ ၃၀၊ ၄၊ ၂၀၁၉**